

www.burmeseclassic.com
မှု ခင်း ရဲ တပ် ဖွဲ့ (စီအိုင်ဒီ) မှ ထုတ် ဝေ သည်
ဖြစ်ရပ်မှန်
မဂ္ဂဇင်း
No.132
OCTOBER
2013
Cover Story
အနန္တဂိုဏ်းဝင်ကျေးငှားရှင်ဆရာမကို
ရက်စက်စွာသတ်ခဲ့သောလူသတ်မှု
စုံထောက်စံထူး
နှင့်
ခေတ်သစ်ဒေဝဒတ် ဖြစ်ရပ်မှန်
(ဇာတ်သိမ်းပိုင်း)
www.burmeseclassic.com

www.burmeseclassic.com

စုံထောက် မဂ္ဂဇင်း

No 132 OCTOBER 2013

တာဝန်ခံအယ်ဒီတာ
**မောင်သစ်နွယ်**
အယ်ဒီတာ
**စုံထောက်မောင်ရေချဲ**
**ဝေးနေ**
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
**မင်းထက်နိုင်**
**ဝင်းထွန်း**


### စုံထောက်ကဗျာ

နန္ဒာမိုးကြယ်၊ ဝေးနေ၊ မျိုးထွဋ်ငြိမ်း၊ လမင်းသစ္စာ

### စုံထောက်ရင်ခုန်သံ

လင်းဝေမျှး(မြင်းခြံ)၊ အောင်သွေးလက်(မြစ်ခြေ)၊ ကြယ်လင်းအိမ်၊ လဝင်း၊ အံ့မင်းညို(တောင်တွင်း)၊
ထွန်းထွန်း(သာယာဝတီ)၊ နွေဦးကို၊ အရင်လူ(တွံတေး)

### စုံထောက်ပွင့်သစ်

ချစ်လူ(တက္ကသိုလ်)၊ နေချိုသွေး၊ ကိုစွာ(ဖန်ခါးမြေ)၊ ခေတ်ဆန်းကို၊ ခက်ဆစ်လင်း(ပြည်)

### ကာတွန်း

မောင်မောင်ညွှက်၊ သိန်းထွန်း၊ မောင်တင်ယု၊
ပေါက်ကျိုင်း၊ လုံးကြီးတင်၊ သာဒင်၊ ကိုငယ်၊ M အောင်ရှိန်

### စုံထောက်သုတ

၂၅။ လှမိုး(ပညာရေး)
ဂန္ထဝင်မှုခင်းများ
၂၉။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)
ဥပဒေစုံထောက်
၃၂။ ထွန်းအောင်လှိုင်
ဥပဒေဗဟုသုတပျိုးခင်း
၄၆။ စုံထောက်မောင်ရေချဲ
စုံထောက်သတင်းလွှာ
၄၇။ မောင်ဉာဏ်စိန်
တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေ

### စုံထောက်ဒိုင်ယာရီ

၁၃၁။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ

### Cover Story

၃၄။ စုံထောက်မောင်ရေချဲ
စုံထောက်စံထူးနှင့်
ခေတ်သစ်ဒေဝဒတ်(ဇာတ်သိမ်းပိုင်း)

### အတိုဆုံးစုံထောက်ဝတ္ထု

၁၀၀။ သက်ဝေနှင်း(အောင်လံ)၊ ငယ်လေးမောင်(သပြေရုံ)၊
လှိုင်းမွှန်ဦး၊ ရဲနွယ်မောင်(သုံးဆယ်)၊
ဆလိုင်းနွေ(မင်းတပ်)၊ ဂမ္ဘီရအောင်ခေတ်မင်းခိုင်(မုဒုံ)






www.burmeseclassic.com

www.burmeseclassic.com

နာယကက မှုခင်းရဲတပ်ဖွဲ့မှူး ကြီးကြပ်သူ ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး အကြံပေး ဒါရိုက်တာမောင်ယဉ်ကျော်



# မင်းမဟာကျော်ခေါင်

## သံမဏိဂဠုန်နှင့် အရေးတော်ပုံနိဒါန်း

ရသဝတ္ထု


၅၁။ သိဏ်းသန်းအောင်(မြင်း[illegible])
ကိလေသာ၏ သားကောင်များ

၆၁။ ဇေယျမင်းသျှင်
လားရာ

BURMESE CLASSIC .com

၇၁။ ခြူးရဲသန့်
ကျေးလက်စုံထောက်မောင်တောကျော်နှင့်သစ်သူခိုးအမှု

၇၈။ မင်းဏီလူ
ကျွန်ုပ်နှင့်မုဆိုးယင်း

၈၄။ နေမင်းသူရိန်
ဝိညာဉ်သတင်းပေး

၉၃။ မင်းမဟာကျော်ခေါင်
သံမဏိဂဠုန်နှင့် အရေးတော်ပုံနိဒါန်း

၁၀၂။ မြသိန်း
တယ်လီဖုန်းနံပါတ်သဲလွန်စ

၁၀၇။ မင်းစွမ်းပြည့်
စိတ်ကျိုးသူကြီးရယ်

၁၂၅။ မြမြလှိုင်
ပြောပြပေးပါ

၁၄၇။ မောင်မြင့်မား(ဘိုကလေး)
မုဆိုးလက်က တောခွေးလေး

၁၅၃။ သက်မှူးကိုကို(ကျိုက်လတ်)
ကြက်ခြေခတ်ထားသောပန်း

၁၆၂။ နေစိုးသော်
ဥပါဒါန်လား နိမိတ်လား

၁၈၀။ လှရှိန်အောင်
အရောက်ပို့သူများ


ဘာသာပြန်ဝတ္ထု


၁၁၄။ ဘနှင်း
တစ်သက်တာအပြေးသမား


www.burmeseclassic.com

www.burmeseclassic.com

# 2013 OCTOBER



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်




ထုတ်ဝေသူ
ရဲအုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)
မှုခင်းတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးညွန့်ဝေ(မြ-၈၅၄၂၅)၊
ပြုံးပန်းတစ်ရာအော့ဖ်ဆက်


အုပ်ရေ - ၅၀၀၊
တန်ဖိုး - ၁၂၀၀ ကျပ်






www.burmeseclassic.com

www.burmeseclassic.com

## မကျော့ဥဒါန်း

နဖူးက အမာရွတ်မြင်
နာကျင်ပေါ့ သည်းဆတ်ဆတ်။

လက်သည်ရှင် မင်းမဟော်ကိုလ
တွေးတိုင်းနော် ဒေါသပွားတယ်
ပုဏ္ဏားကေးဝဋ်။ ။

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆုံးဆိပ်ကမ်း

တိမ်တွေရဲ့ လောကဓံက အချင်းချင်းတွန်းတိုက်မှုလား
ငါတို့ရဲ့ လောကဓံက နေပူမိုးရွာ
ပလက်ဖောင်းပေါ် ချော်မလဲအောင် သတိနဲ့လျှောက်
ခါးမျက်မျက် ဒူးနာနာ
ဘ၀က လူတောတိုးတမ်း ကစားတယ် ။

အခြေအနေအချိန်အခါနဲ့
လိုက်လျောညီထွေ ဖွင့်ပိတ်ရမယ့်အပြုံးများ
လူတိုင်းအပေါ်ထားတဲ့ ယဉ်ကျေးစိတ်
ငါးမျှားချိတ်တွေ လာလာဟပ်တယ် ။

ဘယ်ခရီးမှာ ပန်းတွေပွင့်ခဲ့သလဲ
ချယ်ရီလမ်းကလေး အိပ်မက်ထဲတံခါးပိတ်
ရန်ကုန်ဟာ ငါ့ရဲ့နောက်ဆုံးဆိပ်ကမ်း
အပန်းပြေ မြစ်ပြင်လေ တဟူးဟူး ။

လူဖြစ်လာရင် ဒုက္ခက ရင်ဘတ်ကပ်ပါလာပြီးသား
ဒီမှာ စကားပြောချိန်ဆင်းရဲ
သတင်းစာတစ်စောင်ဝယ်ပြီးဖတ်ဖို့မေ့နေပုံ
စုန်လိုက်ဆန်လိုက်
''မေမေရေ ။ ဖေဖေ ကုန်ကုန်က ပြန်လာပြီ''တဲ့
ညနေခင်းလေး မှောင်ရီပုခက်လွှဲ
လိမ္မော်သီးလေး ကိုင်မြှောက်ပြေးသွားတဲ့ သားလေးကို
အိပ်ရာမဝင်ခင်
ယုန်ကလေး နှာစေးတဲ့ပုံပြင်ပြောပြရဦးမယ် ။ ။




ထေးနေ

www.burmeseclassic.com

www.burmeseclassic.com





## မှုဒိုံ

မြစ်တစ်စင်းမှ မဖြတ်သန်းပေမယ့်
ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့နီးတယ်
ဂလိုဘယ်လိုက်ဇေးရှင်းအရ
စီးပွားရေးနဲ့ တွဲပါလာမယ့်
အပျော်လွန်ယဉ်ကျေးမှုတွေကို တားဆီးဖို့
အဆင်သင့်မဖြစ်သေးဘူး
စီးပွားရေးအခွင့်အလမ်းတွေ
မြို့ခေါင်မိုးပေါ် ဖြတ်ကျော်သွားမှာ
သေချာသလောက်ရှိလည်း
သမိုင်းထဲမှာ ဂန္ထဝင်ရက်ကန်းခတ်သံရှိတယ်
အသက်ရှူသံထဲမှာ ဇော်ဘာတောအုပ်ရှိတယ်
အဖေက ဒီမိုကရေစီစောင့်မျှော်ရင်း
ရေဒီယိုတစ်လုံးနဲ့ ခေါင်းချသွားတဲ့မြို့
ဒီနေ့အထိ ရွှေ့ပြောင်းလုပ်သားတွေ
မြို့ကို ကျောခိုင်းသွားလို့ကောင်းနေတုန်း
မြို့ကလေးကတော့
ဝယ်လက်မရှိပေမယ့်
ကိုယ့်ခေါ်ဈေးနဲ့ကိုယ် အေးဆေးပဲ။ ။

မျိုးထွဋ်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com




# တန်ဖိုးနည်းအကြောင်းအရာများ

လိုက်လာမလားလို့ ကိုယ်ယောင်ပြကြည့်တယ်
ဒီမုဆိုးက သမင်ပစ်ဖို့မဟုတ်ဘူး
သူလာရှာတာက ဖွတ် ပဒတ်။

ချောကလက်ကို ငါးမျှားချိတ်မှာတပ် ဘယ်လိုငါးက ဟပ်ပါ့မလဲ
ဒီမှာက သူ့အရပ်နဲ့ သူ့ဇာတ်။

အပေါ်စားကိုကျ
သဘောထားချိုပြပြီး
တန်ဖိုးကြီးကြီးကိုတော့ ရန်ငြိုးအသီးသီးနဲ့တုံ့ပြန်
ဒါ သရုပ်မှန်ဆိုလည်း ငုံ့ခံရုံကလွဲလို့။

ကဗျာဆရာပါကွဲ့
အနာအဆာတော့ မကင်းခဲ့ဘူး
ဒါပေမဲ့ တစ်ခါတစ်ခါ မင်းဘာ ငါဘာ
ချိန်ခွင်လျှာကြည့်ချင်ပေမယ့်
အိမ်အဝင်မှာရှိနေမယ့် ဖြူစင်လိပ်ပြာ
အပူအပင်အမောနဲ့ ပြန်လာလည်း
ယှဉ်လျှောခနဲ ပြေကာသွားတော့
အမေပြောတဲ့တရားလေး မွေးမြူတယ်။ ။




လမင်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက် စာအုပ်စင်






ချမ်းသာဒဏ်ခံနိုင်ကြပါစေနှင့် အခြားနိုင်ငံရေးဆောင်းပါးများ


## ဘိုကြီး

စာရေးဆရာ ဆရာဘိုကြီး၏ ချမ်းသာဒဏ်ခံနိုင်ကြပါစေနှင့် အခြားနိုင်ငံရေးဆောင်းပါးများစာအုပ်သည် ပေါ်ပြူလာဂျာနယ်တွင် ဖော်ပြပြီးသော စင်တင်ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

ဆောင်းပါးတိုင်းသည် နိုင်ငံရေးအတွေးအခေါ်များတွင် အခြေခံထား၍ စီးပွားရေး၊ လူမှုပြုပြင်ပြောင်းလဲရေး၊ ပတ်ဝန်းကျင်တွင် ပြုပြင်စရာရှိသော အကြောင်းအရာများကို ရဲရဲဝံ့ဝံ့ထောက်ပြဝေဖန်ထားသော အကြောင်းအရာများဖြစ်သည်။ ဆရာချစ်စံဝင်းနှင့် ဆရာဟိန်းလတ်၏ အမှာစာနှင့်အတူ ဆောင်းပါးပေါင်း ၂၃ ပုဒ် ပါဝင်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချီသည်။

## နတ်တလင်းဦးအုန်းမောင်

မင်းသားကြီး ဦးကျောက်လုံး(ကုန်းဘောင်ခေတ်)၏ ဆေးနည်းများ




ဆရာနတ်တလင်းဆရာဦးအုန်းမောင်၏ ပဌမအကြိမ်ထုတ်ဝေလိုက်သောစာအုပ်ဖြစ်သည်။ စာအုပ်ထဲတွင် ကာယအား၊ ဉာဏအား၊ သဘာဝအား၊ မည်သည့်အားမဆို လိုသောအားကို ဖြည့်ပေးမည့် ဆေးစွမ်းကောင်းများနှင့် ရှေးဘုရင်များလက်ထက်က လက်စွဲသုံးဆောင်ခဲ့သည့် ကိုယ်ခန္ဓာ၏ ချို့တဲ့သမျှအင်အားကို အသစ်ပြန်လည်ရရှိစေမည့် တိုင်းရင်းမြန်မာဆေးစွမ်းကောင်းများဖြစ်သည်။

ဤစာအုပ်လက်ဝယ်ရှိရုံမျှဖြင့် အဖိုးမဖြတ်နိုင်သော မြန်မာ့ရှီးရာတိုင်းရင်းဆေးစွမ်းကောင်းများ၏ ဖော်စပ်အသုံးပြုပုံများကို အသေးစိတ် သိရှိရမည်ဖြစ်သဖြင့် သမားတော်တစ်ယောက်၏ အနီးကပ်စောင့်ရှောက်အကြံပေးပုံမျိုးကို ရရှိနိုင်မည်ဖြစ်ပေသည်။

ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချီသည်။



www.burmeseclassic.com



သပြေ(ကိုရီးယား)စီစဉ်သော

## ရှုက်နဝေသောသပြေ သပြေစုစည်းမှု ဝတ္ထုတိုများ

ဤစာအုပ်တွင် နိုင်ငံသိစာရေးဆရာများနှင့် ကလောင်သစ်များ၏ လက်ရာများကို ပန်းချီမင်းထက်နိုင်၏ သရုပ်ဖော်ပန်းချီပုံများဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

ကလေးလူငယ်ဗဟိုပြုစာပေထွန်းကားရေးနှင့် ကလောင်သစ်များစင်တင်ပေးရေးအတွက် ရောင်းချရသမျှငွေကို လှူဒါန်းသွားမည်ဟု ဆိုသည်။ သပြေ(ကိုရီးယား)စီစဉ်၍ ဉာဏ်မီးအိမ်စာပေမှ ဖြန့်ချိတော့မည် ဖြစ်သည်။

---



## ဘုန်းဇော်မိုး(ဥသာ) (စိတ်အာဟာရ အတွေးအမြင်)

### စာတိုက်ပုံးထဲက ကျွန်တော့်ရဲ့နှလုံးသား

ဆရာဘုန်းဇော်မိုး(ဥသာ)က သူ၏စာအုပ်တွင် ကျွန်တော်၏ဘဝနှင့်ရင်းနှီးခဲ့ရသော အနုပညာဖြင့် ဤစာတိုက်ပုံးထဲက ကျွန်တော့်နှလုံးသားစာစုကလေးသည် အောင်မြင်မှုပန်းတိုင်ခရီးကို ချီတက်နေကြတဲ့ နုသစ်စပွင့်ဦးကလေးများအတွက် တစ်စုံတစ်ရာအထောက်အကူဖြစ်စေရန် နှလုံးသွေးဖြင့်ရေးခဲ့ကြောင်း ဝန်ခံထားပါသည်။ ဆရာ၏ အတွေးအခေါ်နှင့်ဆိုင်သည့် ဒဿနစာတမ်းကလေးကို စာပေတင် ပြမှုပုံစံသစ်ဖြင့် တင်ပြထားသည်။ အနုပညာဝါသနာရှင်များလေ့လာသင့်သော စာပေအမျိုးအစားဖြစ်သည်။ သင်းစာပေမှ ထုတ်ဝေဖြန့်ချိသည်။

---




နောင်ရိုးဖြစ်တည်သော

## အိမ်မဲမြို့နယ်မဂ္ဂင်း

မောင်ခင်မင်(ဓနုဖြူ)၊ အောင်စိုးဦး၊ မင်းမြတ်သူရ၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မောင်သာချို၊ ဒေါက်တာတိုးလှ၊ ဦးမြင့်စိုး(ပညာရေးသုတေသန)၊ နန္ဒာမိုးကြယ်၊ ဘသက်ဆွေ၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြတ်သင်း၊ ဗညားဦး(အိမ်မဲ)၊ ပုသိမ်အောင်သန်းဦး၊ သုကိုကို (ကျုံမငေး)၊ မောင်သဲနီ၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)နှင့် မြို့နယ်ရှိစာရေးဆရာများဖြစ်ကြသော မောင်မောင်ကြီး(အိမ်မဲ)၊ မြင့်မြတ်ကျော်ခေါင်၊ တင်အောင်မိုး(အိမ်မဲ)၊ ထက်ဝေ၊ ရေမြင့်(အိမ်မဲ)တို့နှင့်အတူ မြို့နယ်ရှိ စာပေဝါသနာရှင်များ ပါဝင်ရေးသားကြပါသည်။ အိမ်မဲမြို့နယ်၏ သိကောင်းစရာများ၊ မှတ်သားစရာများ၊ သမိုင်းကြောင်းများနှင့် သုတရသစုံလင်စွာ မှတ်တမ်းဓာတ်ပုံများနှင့် ဝေဝေဆာဆာတင်ဆက်ထားပြီး ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ မြို့နယ်စာရေးဆရာအသင်းမှ ဖြန့်ချိလိုက်ပါသည်။

---



## ဉာဏ်စမ်း PUZZLE | ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)

ဆရာ ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)၏ ဂဏန်းသင်္ချာဉာဏ်စမ်းပုစ္ဆာများနှင့် တွက်နည်းအဖြေများဖြစ်သည်။ သင်္ချာဝါသနာရှင်များအတွက် တန်ဖိုးမဖြတ်နိုင်အောင်ပင် လေ့ကျင့်ရမည့် အခြေခံတွက်နည်းများ၊ အဖြေများဖြင့် ရှင်းလင်းဖော်ပြထားသော အတတ်ပညာပိုင်းဆိုင်ရာ ရှားပါးစာအုပ်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟေမန်

# နိုင်ငံတကာစုံထောက်



## ကျောင်းသားနှင့်အတူနေခဲ့သည့်ဆရာမ တရားစွဲခံရ

အမေရိကန်ပြည်ထောင်စု၊ နယူးယော့ခ်ရှိ ဘရွတ်လင်မြို့တွင် သားဖြစ်သူနှင့်အတူ အိပ်စက်ခဲ့သည့် ဆရာမတစ်ဦးကို ဥပဒေကြောင်းအရ လျော်ကြေးအဖြစ် ဒေါ်လာ ၁၀ သန်းရလိုကြောင်း တရားစွဲသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

အသက်(၁၆)နှစ်အရွယ် ကျောင်းသားလူငယ်ကို ဖြားယောင်းသိမ်းသွင်းကာ အတူအိပ်စက်ခဲ့သည့် ဆရာမအားကျောင်းသား၏မိခင်က ဆရာမကြောင့်ကလေးဘဝ ပျက်ဆီးခဲ့ရသဖြင့် နစ်နာကြေး ဒေါ်လာ ၁၀ သန်းတောင်းခြင်းဖြစ်ကြောင်း ရုံးတော်သို့ ဦးတိုက်လျှောက်ထားခဲ့သည်။

'ဆရာမသည် အသက်(၃၅)နှစ်အရွယ်ရှိပြီး ကျောင်းသားကို မူးယစ်ဆေးဝါးများဖြင့် သိမ်းသွင်းစည်းရုံးကြောင်း ထွက်ဆိုချက်များအရ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com




## လေယာဉ်ပျက်ကျမှုကြောင့် အသက်မသေခဲ့သော်လည်း အရေးပေါ်ကားကြိတ်မိ၍ သေဆုံးရသူ ကျောင်းသူလေး



အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့ရှိ လေဆိပ်တွင် ဇူလိုင်လ ၆ ရက်နေ့က လေယာဉ်တစ်စီးပျက်ကျမှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ကျောင်းသူတစ်ဦးသည် အသက်ရှင်လျက်ကျန်နေခဲ့သော်လည်း အရေးပေါ်ယာဉ်တစ်စီး၏ ဖြတ်ကြိတ်မှုကြောင့် သေဆုံးသွားခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သူမ၏ ရုပ်အလောင်းကို ခွဲစိတ်စစ်ဆေးသောအခါ သူမသည် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ခြင်း မဟုတ်ဘဲ အရေးပေါ်ယာဉ်တစ်စီး၏ မတော်တဆဖြတ်ကြိတ်မှုကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဝန်ခံပြောကြားခဲ့သည်။

## သားငယ်ကို ကတ်ကြေးနှင့် အချက်ပေါင်းများစွာထိုးတဲ့ မိခင်



တရုတ်ပြည်တွင် အသက် ၈ လ သားအရွယ်ကလေးငယ်ကို နို့တိုက်ကျွေးနေစဉ် မိခင်၏နို့ကို ကလေးငယ်က ကိုက်ခဲ့သည့်အတွက် အနီးတွင်ရှိသော ကတ်ကြေးနှင့် အချက်ပေါင်း ၉၀ ကျော်ထိုးခဲ့မှု ဖြစ်ပွားခဲ့သည်။

မိခင်ဖြစ်သူမှာ စိတ်ရောဂါဝေဒနာခံစားနေရသူဖြစ်ပြီး အမှိုက်ကောက်ကာ အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။ ကလေးငယ်၏ ကတ်ကြေးဒဏ်ရာများကို အချက်ပေါင်း ၁၀၀ ကျော် ချုပ်ခဲ့ရသည်။

အခင်းဖြစ်သည့်နေ့က ဦးလေးဖြစ်သူက အပြင်မှပြန်လာရာ သွေးအိုင်ထဲတွင်လဲနေသော ကလေးငယ်ကို တွေ့သောအခါ နီးရာဆေးရုံသို့ အမြန်ပို့ဆောင်ကုသခဲ့ရသည်။ ယခုအခါ ကလေးငယ်မှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## နိုက်ကလပ်တွင် ပြဿနာရှာပြန်သော Justin Bieber

ကနေဒါပေါ့ပ်အဆိုတော် Justin Bieber သည် Social Night Club အတွင်း၌ သူ့ကို ဓာတ်ပုံရိုက်သည်ဟု ဆိုကာ Ohio DJ နှင့် အချင်းများခဲ့သည်။

ထိုကလပ်တွင် DJ အလုပ်လုပ်ကိုင်နေသော Ohio DJ ကို ရိုင်းစိုင်းစွာ ဆဲရေးတိုင်းထွာပြီး မျက်နှာကိုပါ တံတွေးနှင့် ထွေးသည်ဟု ဆိုသည်။ အဆိုပါကလပ်သည် အသက်(၂၁)နှစ်အထက် လူငယ်များသာ ဝင်ခွင့်ရှိသော်လည်း အသက်(၁၉)နှစ်သာ ရှိသေးသည့် ဘီဘာသည် တရားမဝင်လာရောက်ကာ ယခုကဲ့သို့ ပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘီဘာသည် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်ကို ဆဲရေးခဲ့သလို လူသွားလမ်းပေါ်ရှိ အမှိုက်ပုံးတစ်ခုကို အပေါ့သွားနေသည့် ဓာတ်ပုံကြောင့်လည်း နာမည်ပျက်လျက်ရှိသည်။

## တရုတ်နိုင်ငံတွင် အဆိပ်အတောက်ဖြစ်စေသော ပဲပင်ပေါက်ရောင်းချသူများအား ဖမ်းဆီးရမိ

တရုတ်နိုင်ငံ၊ ဟောနန်ပြည်နယ်၊ ဆန်မန်ရှာမြို့တွင် အဆိပ်အတောက်ဖြစ်စေသော ပဲပင်ပေါက်တန်ချိန် ၅၆၀ တန်ကို စိုက်ပျိုးရောင်းချခဲ့သည့် လူရှစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ပဲပင်ပေါက်များကို ကျောင်း၊ စက်ရုံနှင့် ဟိုတယ်ရှိ စားသောက်ဆိုင်များသို့ ၂၀၁၁ ခုနှစ်ကတည်းက ရောင်းချခဲ့ပြီး ၎င်းပဲပင်ပေါက်များကို စိုက်ပျိုးရာတွင် အပင်ကြီးထွားစေရန် ဟော်မုန်းနှင့် အရောင်ချွတ်ဆေးများ အသုံးပြုခဲ့ကြောင်း သိရသည်။ ပဲပင်ပေါက်ရောင်းချရာတွင်လည်း စားသုံးသူများ အန္တရာယ်ကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်များမပါဘဲ ရောင်းချခဲ့သည်။

## အသေခံဗုံးခွဲသမားထံမှ ဖောက်ခွဲရေးပစ္စည်းများကို ဗုံးရှင်းလင်းရေးသမားတစ်ဦးက အသက်စွန့်၍ ဖယ်ရှားနိုင်ခဲ့



အာဖဂန်နစ္စတန်နိုင်ငံ၊ ဂျာလာလာဘတ်မြို့တွင် အသေခံဗုံးခွဲရန်ကြံစည်ခဲ့သည့် စစ်သွေးကြွတစ်ဦးထံမှ ဖောက်ခွဲရေးပစ္စည်းများကိုဖယ်ရှားရန်အတွက် ဗုံးရှင်းလင်းရေးကျွမ်းကျင်သူ တစ်ဦးက အသက်စွန့်၍ အောင်မြင်စွာဖယ်ရှားနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ပက်ရှဝါမြို့၌ လွှတ်တော်အမတ်များလိုက်ပါလာသည့် ယာဉ်တန်းအား ဖောက်ခွဲမှုပြုလုပ်ပြီးနောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တန်းအား ဖောက်ခွဲမှုဖြစ်စဉ်၌ ကလေးငယ်လေးဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် (၁၇)ဦးသေဆုံးခဲ့ပြီး ၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဆောင်းဟောမန်



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





# မြင်းခြံ

သူက
ခရီးသွားဧည့်သည်တွေကို
တမာရနံ့ ထနောင်းရနံ့နဲ့
ဧည့်ဝတ်ကျေပွန်စွာ ခရီးဦးကြိုဆို
စွန်းလွန်း ပြောင်းပြာ ချောင်းနှစ်စင်းနဲ့
ကခုန်မြူးထူးပျော်ပါး
နေဝင်ဆည်းဆာချိန်ရောက်တိုင်း
ဆေးလိပ်မီးခိုးတွေ တလူလူလွင့်ထုတ်
နွေမိုးဆောင်း ဥတုသုံးပါးကို
မြိုးခြံချွေတာစွာလည်ပတ်ခွင့်ပေးရင်း
မြစ်မင်းရောဝတီကတော့
ဒီမြို့လေးမှာ
စိတ်ကြိုက်စီးဆင်းခွင့်မရရှာဘူး။ ။

**လင်းဝေမျိုး(မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com




# အိမ်ထောင်ရေး

အပွေးမြင် အပင်သိတယ်လည်းဆိုသေး
အနံ့ခံပြီးပြန်တော့
ဇဝေဇဝါ။

အရိပ်ပြ အကောင်မြင်သတဲ့
အသားဝါးနေရင်းသော်မှ
ဘာသတ္တဝါမှန်း မဝေခွဲတတ်သေးဘူး။

မှဆိုးစိုင်သင်တယ်ဆိုတိုင်း
တစ်တောဝင် တစ်တောင်တက်
ကိုယ်ငဲ့စရာလေးများ ဝမ်းရေးခက်နေရင်
သူတစ်ပါးအသက်ကို
မြားဦး ရွယ်မိတဲ့အား။ ။



**အောင်သွေးလက်(မြစ်ခြေ)**



www.burmeseclassic.com

www.burmeseclassic.com



## အဝေးကိုပဲ ငေးနေမိတယ်




မနက်ဖြန်တွေဟာ မဖောက်ရသေးတဲ့
စုဘူးတစ်လုံးလို
ဘယ်နတ်ဘုရားတို့ သိနိုင်မှာလဲကွယ်
အဆင်ပြေပါတယ်ဆိုတဲ့
စကားလုံးကို လျှာဖျားမှာ တံဆိပ်ကပ်
မိုးလင်းခဲ့ မိုးချုပ်ခဲ့
သူတို့နားလည်ထားတဲ့တန်ဖိုး အသုံးဝင်မှုတဲ့
ဆုတောင်းလိုက်ရတာအမော
ဘုရားစင်ပေါ်က ဆီမီးခွက်လေးလို
ဘဝကို ဖြူဖြူစင်စင် အလင်းပေးနိုင်ဖို့
စက်မှုလွန်ခေတ်နှောင်းပိုင်းမှာ သံမှိုတစ်ချောင်းနဲ့
ခေါင်းငိုက်စိုက်နေတဲ့ လူငယ်တစ်ယောက်ကို
ချန်ရစ်ခဲ့ပါတော့နော်
နောက်ဆုံး ဘာတွေပဲဖြစ်ဖြစ်ပေါ့
မငိုကြေး ..မရယ်ကြေး
စောင့်လို့နေမယ်
မိုးထဲရေထဲ ငါတစ်ယောက်တည်း။ ။

**ကြယ်လင်းအိမ်**



www.burmeseclassic.com



## မနေ့ကကိစ္စ

မနေ့က ကိစ္စ
မနေ့က ကိစ္စဟာ
ဒီနေ့ထိ တငွေ့ငွေ့။

မနေ့က ကိစ္စ
မနေ့က ကိစ္စဟာ
ကျေအေးလွှာလောက်နဲ့
မကျေအေး။

မနေ့က ကိစ္စ
မနေ့က ကိစ္စဟာ
'မနေ့က ကိစ္စ၊ မနေ့က ကိစ္စ' လို့
ပန်ကာတစ်ခုလို တဝီဝီ။ ။

**လဝင်း**



www.burmeseclassic.com

www.burmeseclassic.com




## လွယ်အိတ်ကလေး

ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
ဆီးဖြူထနောင်း ရှား မန်ကျည်းနဲ့ တမာရနံ့ သင်းသင်းမွှေးတဲ့
ပန်ခါးမြေလည်း ရှိခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ခက် ဆိုတဲ့အတိုင်း
ကျွန်တော်နဲ့ သူ့အကြောင်း လူသိနည်းတဲ့ ဓာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
ကဗျာဆန်ဆန်လှတဲ့ မနှင်းဝေအတွက် ဂစ်တာသံတွေ တလွင်လွင်နဲ့
အပြာရောင်ဆောင်းညတွေလည်း ရှိခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
သူ့ရဲ့ ဘယ်ဘက်ပါးပေါ်မှာ ပွင့်နေတဲ့ မှဲ့စိမ်းစိမ်းလေးကို
မြတ်မြတ်နိုးနိုးကြည့်တတ်တဲ့ ကောင်လေးတစ်ယောက်ရှိခဲ့ဖူးတယ်။



ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
စွယ်တော် ဂျပ်ဆင် ခုံပြာတန်းတွေနဲ့ ရင်ခုန်သံကဗျာတွေလည်း
ရှိခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
ကျောင်းပိတ်လို့အိမ်ပြန် အချိန်မှန်အလွမ်းတွေကို ရင်မဆိုင်ရဲတဲ့
နှလုံးသားတစ်စုံလည်း ရှိခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ …
အနီရောင်လွယ်အိတ်ကလေးထဲမှာ
ရင်နဲ့မမျှတဲ့ အလွမ်းတွေ
သူ့ရဲ့ရယ်သံတွေကို လွမ်းတတ်တဲ့ အလွမ်းတွေ
ဘာနဲ့ရောရော ပေါ့မသွားတဲ့ အလွမ်းတွေ
အလွမ်းတွေ … အလွမ်းတွေ
အဖိတ်အစင်များလှတဲ့ အလွမ်းတွေ လူတွေမသိအောင် တိတ်တိတ်လေး
သိမ်းဆည်းခဲ့ဖူးတဲ့ မျက်မှန်လေးတစ်လက်လည်း ရှိခဲ့ဖူးတယ်။ ။

အုံ့မင်းညို(တောင်တွင်း)



www.burmeseclassic.com

www.burmeseclassic.com



# အဝေးကြည့်...အနီးကြည့်

ကျားရဲ
'ခုန်'
အုပ်မအုပ် ...

သမင်
'တုန်'
လှုပ်မလှုပ် ...



သရုပ်အနှစ်
ပြည့်မပြည့်
ကျွန်ုပ်စစ်ကြည့်
နောက်ဆုံးတော့
'အရုပ်'ဖြစ်၏ ...။ ॥

ထွန်းထွန်း(သာယာဝတီ)



www.burmeseclassic.com

www.burmeseclassic.com



# ရင်ဝေးကြယ်

ကျွန်တော်က ကြယ်လေးကို မြင်နေရတယ်
ကြယ်လေးက ကျွန်တော့်ကို ငုံ့ကြည့်ဖြစ်ရဲ့လား
ကျွန်တော်ဟာ ကောင်းကင်လည်းမဟုတ်
လတစ်စင်းလည်းမဖြစ်ခဲ့ပါဘူး။

ကြယ်လေးကို လွမ်းတဲ့စိတ်နဲ့ နေ့ရက်တွေ အိုမင်းလာခဲ့
ကြယ်လေးကို မျှော်ငေးရင်းနဲ့ ဘဝကို ရောင့်ရဲစေခဲ့
ကျွန်တော့်မှာ ကြယ်ကြွေဆုတောင်းတွေ မရှိခဲ့ပါဘူး။

ကြယ်ရောင်သာနေတဲ့ ညခင်းတွေနဲ့ ကျေနပ်နေခဲ့
ကြယ်ရောင်ဖြာအလင်းတွေနဲ့ အလွမ်းဖြေခဲ့
ချစ်သူတွေက ကြယ်တွေခူးပြီး လက်ဆောင်ပေးခဲ့ကြရင်
ကျွန်တော့်ကြယ်လေး ချန်ထားခဲ့ဖို့ တောင်းပန်ချင်တယ်။

ကျွန်တော့်နဲ့ ကြယ်လေးအတွက် နားလည်ခံစားမှုတစ်ခုတည်းနဲ့
အာဟာရမြောက် အသက်ရှင်ခွင့်ရပါ့မလား
ကျွန်တော့်မြေပြင်က
ကြယ်ငွေ့လှုံ့ရင်း မော့ကြည့်မိတိုင်း
ကြယ်လေးက
သူ့ဘာသာဗေဒနဲ့သူ စကြဝဠာထဲပျော်လို့ ‥။ ။

နွေဦးကို





www.burmeseclassic.com

www.burmeseclassic.com



## မာယာများတဲ့ မြို့ဝင်ကြေး

ည ...က ..
စနစ်တကျ နေရာယူ
အတူတူလမ်းလျှောက်နေတဲ့ ကြောင်နှစ်ကောင်
တစ်ကောင်နဲ့တစ်ကောင် ရန်ဆောင်လို့
သွေးဆာနေတဲ့
ကျားရဲတစ်ကောင်ရဲ့ မျက်ဝန်းတွေလို
မာကျူရီမီးရောင်တွေထက် အရောင်လက် ...။

တစ်လမ်းဝင် တစ်လမ်းထွက်
ဟိုဘက်ရပ်ကွက်မှာ မီးကပျက်
သပ်သပ်ရပ်ရပ်
ပေကပ်ကပ်ရပ်တည်နေတဲ့ တဲငယ်ထဲမှာ
ကျွန်တော်မသိတဲ့လူတစ်စု
တစ်ခုခု ပြောနေသံကြားတယ်
ဒါပေမဲ့ ..မပီဝိုးတဝါး ..။

ထူးထူးခြားခြား
နာရီတွေ ရန်ဖြစ်နေတယ်
တစ်ယောက်က ..နေ့
တစ်ယောက်က ..ည
သူတို့တွေ စကားများနေကြတယ် ..။

အသွင်မတူတဲ့ ကမ္ဘာတစ်ဖက်စီမှာ
ဘဝနှစ်ခုက ထပ်တူမကျ
ဘာကြောင့်ဆို
သူတို့သတ်မှတ်ထားတယ်
အဆင့်အတန်းဆိုတဲ့
ဆိုင်းဘုတ်အောက်မှာပေါ့ ..။ ။



အရင်လူ(တွံတေး)



www.burmeseclassic.com

www.burmeseclassic.com





# လူမိုး

(ပညာရေး)

## နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ

လန်ဒန်မြို့၊ ၁၉၄၆ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့။

မြူနှင့်ကန့်လန့်ကာသည့် လန်ဒန်မြို့တော်တစ်ခွင်ကို သိပ်သည်းစွာရစ်ပတ်လျက်ရှိနေသည်။ မြင်မြင်သမျှအရာခပ်သိမ်းတို့သည် စိတ်မချမ်းမြေ့ဖွယ်ရာအသွင်ကိုသာ ဆောင်နေသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစ နှစ်သစ်ကူးကာလသည် လန်ဒန်မြို့သူမြို့သားများအဖို့ ပျော်စရာလုံးဝမရှိဘဲ စိတ်ပျက်ညည်းငွေ့စရာဖြစ်နေသည်။ မျှော်လေတိုင်း ဆီးနှင်းတွေ တဖွားဖွားကျနေသည်။ ရေတွေခဲနေသဖြင့် မျက်နှာသစ်စရာရေကိုပင် မနည်းရှာနေရသည်။ လျှပ်စစ်ဓာတ်အားအပြည့်အဝမပေးနိုင်သဖြင့် မြို့သူမြို့သားများအဖို့ အအေးဒဏ်ကို အသည်းခိုက်အောင်ခံနေရသဖြင့် စောင်အထပ်ထပ်ခြုံကာ အိပ်ရာထဲတွင် ကွေးနေကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကဆိုလျှင် ယခုလိုနှစ်သစ်ကူးပွဲတော်ရက်မျိုးတွင် လန်ဒန်မြို့တော်တစ်ခွင်အသံဗလံတွေသောသောညံနေသည်။ အအေးဒဏ်ကို လုံးဝဂရုမစိုက်။ လမ်းများပေါ်တွင် လူတွေတိုးမပေါက်အောင်စည်ကားလှသည်။

ယနေ့တွင်မူ လမ်းတကာတွင် လမ်းသွားလမ်းလာကင်းရှင်းပြီး ခြောက်ကပ်လျက်ရှိနေသည်။ အရေးကိစ္စရှိသဖြင့် သုတ်သီးသုတ်ပြာဖြင့် တစ်ယောက်စနှစ်ယောက်စ လျှောက်သွားနေကြသူများမှာလည်း မျက်နှာများပေါ်တွင် ပျော်ရွှင်မှုအရိပ်အယောင်မတွေ့ရ။ သူတို့အဝတ်အစားများမှာလည်း ညှိုးနွမ်းနေသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေသည့် ၅ နှစ်တာကာလတွင် အဝတ်အစားသစ်မဝယ်နိုင်။

မှန်သည် ...။

လန်ဒန်မြို့တော်သည် ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ကို ခါးစီး၍ ခံခဲ့ကြရသည်။ ဗုံးဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံကြီးအချို့မှာ မြို



www.burmeseclassic.com

www.burmeseclassic.com



ပြင်နိုင်ခြင်းမရှိသေးသဖြင့် သံယက်မကြီးများ ထိုးထိုးထောင်ထောင်နှင့် ဖြစ်နေသည်။ အုတ်ပုံကြီးများကို မျက်စိတစ်ဆုံး မြင်နေရသည်။ မီးလောင်ထားသဖြင့် မည်းနေသော သစ်ပင်များမှာ မြင်မဆုံး။ တစ်ချိန်သောအခါက နေမဝင်သောအင်ပါယာကြီးကို ပိုင်ဆိုင်ခဲ့ကြသော မင်းနေပြည်တော်လန်ဒန်မြို့တော်သည် ဒုတိယကမ္ဘာစစ်ကြီးတွင်လည်း အပြတ်အသတ် အနိုင်ရခဲ့သော နိုင်ငံတစ်နိုင်ငံ၏ မြို့တော်ဖြစ်သည်။ ထိုစစ်ကြီးကာလတွင် ဗြိတိသျှလူမျိုးတို့၏ ရဲရင့်ပြောင်မြောက်သော သတ္တိစွမ်းဆောင်ချက်များကို နိုင်ငံတကာက ချီးမွမ်းထောပနာပြုခဲ့ရ၏။

ဤအောင်ပွဲ၏ တန်ဖိုးကား ကြီးမားလှသည်။ လန်ဒန်မြို့တော်မှာ မြို့ပျက်ကြီးဖြစ်ခဲ့ရပြီး နိုင်ငံတော်၏ စီးပွားရေးယိုင်လဲခဲ့ရသည်။ ကုန်ပစ္စည်းမှန်သမျှ ရာရှင်စနစ်ဖြင့်သာ ရောင်းချရသည်။ ကမ္ဘာ့မီဒီယာသမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော လန်ဒန်တိုင်းမ်သတင်းစာ၊ ဒေးလီတယ်လီဂရပ်(ဖ်)သတင်းစာ၊ ဒေးလီအိတ်(စ်)ပရက်စ်သတင်းစာ၊ ဒေးလီမိုင်ရာသတင်းစာကြီးများပင် စာမျက်နှာများကို လျှော့ထုတ်နေကြရ၏။

မှန်ပါသည် ..။

ဒုတိယကမ္ဘာကြီးသည် ရှုံးသူလည်းရှုံး၍ စစ်နိုင်နိုင်ငံများသည်လည်း အရှုံးပေါ်ခဲ့သည့် စစ်မီးကြီးဖြစ်၏။ နှစ်ဆန်းတစ်ရက်နေ့ထုတ် ဒေးလီတယ်(လ်)ဂရပ်(ဖ်)သတင်းစာကြီး၏ မျက်နှာဖုံးတွင် စာလုံးကြီးဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကြောင့် လန်ဒန်မြို့တော်သူမြို့တော်သားများမှာ တအံ့တသြဖြစ်ခဲ့ရတော့သည်။ ခါတိုင်းထုတ်ဝေသော ဒေးလီတယ်လီဂရပ်(ဖ်)သတင်းစာကြီး၏ မျက်နှာဖုံးတွင်မူ နိုင်ငံတော်၏ ဘဏ္ဍာငွေပြောင်တလင်းခါခဲ့ရပြီး စစ်စရိတ်စစ်ကြွေးများလည်းပင်းခိုက်ခဲ့သဖြင့် စက်ရုံ၊ အလုပ်ရုံများ တစ်ရုံပြီး တစ်ရုံ ပိတ်သည့်သတင်းများသာဖော်ပြခဲ့သည်။

ယနေ့ထုတ်သတင်းစာ မျက်နှာဖုံးတွင်မူ ဝိတိုရိယခေတ် ၁၈၆၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့က အသက်လေးနှစ်အရွယ် ဖရန်စစ်ဆာဗိုင်လီကင်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သူတရားခံ အသက် ၈၅ နှစ်အရွယ်ရှိ မစ်ကွန်စတင်းကင် နှလုံးရောဂါဝေဒနာဖြင့် သူ့နေအိမ်တွင်ကွယ်လွန်သည့် သတင်းကို ဓာတ်ပုံများနှင့်တစ်ကွ ဝေဝေဆာဆာ ဖော်ပြထားခဲ့သောကြောင့် ဖြစ်ပါသည်။ ဤမှုခင်းကြီးသည် တစ်ချိန်က အင်္ဂလန်နိုင်ငံတွင် ဟိုးဟိုးကျော်ခဲ့သော မှုခင်းကြီးတစ်မှုဖြစ်ခဲ့ပြီး ဝိတိုရိယခေတ် အင်္ဂလန်နိုင်ငံ မှုခင်းသမိုင်းတွင်လည်း လူအများစိတ်ဝင်စားခဲ့သည့် မှုခင်းဖြစ်သည်။ မှုခင်းသုတေသီများနှင့် မှုခင်းဝတ္ထုရေးသားကြသူ စာရေးဆရာများအတွင်း၌လည်းကောင်း၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ဝင်များအတွင်းတွင်လည်းကောင်း အငြင်းပွားခဲ့ရသည့် လူသတ်မှုကြီးဖြစ်ပါသည်။ မှတ်တမ်းအရ ဤဖြစ်ရပ်မှန် မှုခင်းကြီးကို အခြေခံ၍ ဖြစ်ရပ်မှန်မှုခင်းကြီးကို အခြေခံ၍ ဖြစ်ရပ်မှန်မှုခင်းစာအုပ်ပေါင်း ၂၂ အုပ်ထုတ်ဝေခဲ့ရသည်ဟုဆိုသည်။

ထိုစဉ်က ဘုရင်မကြီး ဝိတိုရိယကိုယ်တိုင် စိတ်မချမ်းမြေ့ခဲ့ရသော မှုခင်းတစ်မှုဖြစ်သည်ဟု မှတ်တမ်းများအရ သိရ၏။ ပြည်သူအများက ထူးထူးခြားခြားစိတ်ဝင်စားသော မှုခင်းဖြစ်ခဲ့ရကား ထိုစဉ်က စောင်ရေအများဆုံးထုတ်ဝေရသော သတင်းစာကြီးများဖြစ်သော လန်ဒန်ရုပ်စုံသတင်းစာ၊ ဒေးလီတယ်လီဂရပ်(ဖ်)သတင်းစာနှင့် ဩဇာတိက္ကမအကြီးမားဆုံးဖြစ်သော လန်ဒန်တိုင်းမ်သတင်းစာကြီးများ၏ အယ်ဒီတာများထံသို့ ပြည်သူအများက မည်သူသည် တရားခံအစစ်အမှန်ဖြစ်နိုင်သည်ဟု စာများပေးပို့ အကြံပေးခဲ့ကြ၏။ သတင်းစာကြီးများကလည်း မိမိတို့အစီအစဉ်ဖြင့် ယင်းလူသတ်မှု၏ တရားခံကို စုံစမ်းထောက်လှမ်းခဲ့ကြသည်ဟုသိရ၏။

အင်္ဂလန်နိုင်ငံ ပါလီမန်အတွင်းမှာပင် လွှတ်တော်ကိုယ်စားလှယ်များ အငြင်းပွားခဲ့ရသော ဂန္ထဝင်မှုခင်းကြီးဖြစ်၏။ မှုခင်းကြီး၏ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ခရစ်နှစ် ၁၈၆၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ညတွင် မဆင်ဘဲနှင့်ရွာချလာသော မိုးသည် တဝေါဝေါမြည်သံပေး၍ လျှပ်စီးတဝင်းဝင်း တဂျိမ်းဂျိမ်းမြည်နေသော မိုးချုန်းသံများပေးကာ ရွာချလာခဲ့သည်။ အင်္ဂလန်နိုင်ငံ၊ ဝဲယ်(လ်)ရှိုင်းယားပြည်နယ်၊ ရုတ်(ဒ်)မြို့ကလေးမှာ သည်းသည်းမည်းမည်းရွာနေသော မိုးသီးမိုးပေါက်များကြားတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ရုတ်(ဒ်)မြို့ကလေးဟု ဆိုရသော်လည်း ကျေးရွာသာသာရှိသော မြို့ကလေးတစ်မြို့သာဖြစ်သည်။ ညနေခင်းကပင် သည်းသည်းမည်းမည်းရွာလာသော်မိုးသည် ညအချိန်ရောက်လာသည့်အထိ



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်လေနှင့်အတူ တဝေါဝေါရွာချနေသဖြင့် ရှုတ်(ဒ်)မြို့ကလေးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ဤမြို့ကလေးသည် လန်ဒန်မြို့တော်နှင့် ဝဲလ်ရှိုင်းယားပြည်နယ်သွားအဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး မြို့သူမြို့သားများမှာ တောင်သူလယ်သမားများနှင့် တိရစ္ဆာန်မွေးမြူရေးသမားများသာ ဖြစ်ကြသည်။ ခေတ်အဆက်ဆက် ရှုတ်(ဒ်)မြို့သူမြို့သားများမှာ ကြောင့်ကြကင်းစွာနေထိုင်ကြပြီး ဒုစရိုက်ရာဇဝတ်မှုဆိုသည်ကို ကြားပင်မကြားဘူးဟု ဤမြို့ကလေးမှ သက်ကြီးရွယ်အိုများက ပြောလေ့ပြောထရှိကြသည်။ ဤမြို့ကလေး၏ အုပ်ချုပ်ရေးမှူးနှင့် တစ်ဦးတည်းသော ရဲသားကြီးတို့မှာ နေ့တိုင်း စစ်တုရင်ကစားခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်ဟု ဆိုသည်။

ဤမြို့ကလေး၏ အထူးထင်ရှားသော အဆောက်အအုံမှာ တောင်ပူစာလေးပေါ်ရှိ ဘုရားရှိခိုးကျောင်းနှင့် မြို့ဆင်ခြေဖုံးရှိ မြေပိုင်ရှင်ကြီး မစ္စတာဆင်ဖြူရယ်ကင်နေထိုင်သော ယာတောစံအိမ်ကြီးဖြစ်သည်။ မစ္စတာကင်မိသားစုသည် ရှုတ်(ဒ်)မြို့ကလေးပတ်ဝန်းကျင်ရှိ ယာတောများ၊ ဥယျာဉ်များ၊ လယ်တောများ အစဉ်အဆက်ပိုင်ဆိုင်ခဲ့ကြသည်ဟု ဆိုသည်။ သူတို့မိသားစုပိုင်ဆိုင်သော ယာတောစံအိမ်ကြီးမှာ ဝိတိုရိယခေတ်ဦးက ဆောက်လေ့ရှိသော သုံးထပ်တိုက်ကြီးဖြစ်ပြီး အတော်အသင့်ကျယ်ဝန်းသော ခြံကြီးအတွင်း တည်ဆောက်ထား၏။ မြင့်မားသော အုတ်တံတိုင်းကြီးလည်း ကာရံထားသဖြင့် ရှုတ်(ဒ်)မြို့ကလေးမှ မြို့သူမြို့သားအများကမူ မစ္စတာကင်၏ရဲတိုက်ကြီးဟု ကင်ပွန်းတပ်ထားကြသည်။

မစ္စတာကင်၏ ဖခင်ဖြစ်သူမှာ ဩစတြေးလျတိုက်တွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ခဲ့ရာမှ ချမ်းသာကြွယ်ဝလာသည်ဟု ဆိုကြ၏။ အချို့ကမူ မစ္စတာကင်၏ ဖခင်ဖြစ်သူသည် ဩစတြေးလျတွင် ရွှေတွင်းတွေ့ရာမှ ချမ်းသာလာသည်ဟုလည်း ရှုတ်(ဒ်)မြို့ကလေးမှ လူကြီးများ၏ ပါးစပ်ဂေဇက်အရ သိကြရ၏။ မည်သို့ပင်ဖြစ်စေကာမူ မစ္စတာကင်တို့မိသားစုသည် ဘိုးစဉ်ဘောင်ဆက်ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသည်။ မစ္စတာကင်ကိုယ်တိုင် စက်ရုံအလုပ်သမားကြီးကြပ်ရေးအင်စပက်တော်အဖြစ် အလုပ်လုပ်ခဲ့ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစားယူ၍ ဤယာတောစံအိမ်တွင် နေထိုင်ခဲ့သည်။

မစ္စတာကင်မှာ အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း ကျန်းမာဖျတ်လတ်သူ အပေါင်းအသင်းဆန့်သူ လူမှုရေးလုပ်ငန်းတာဝန်ထမ်းဆောင်ရန် ဝါသနာပါသူတစ်ဦးဖြစ်ရာ ဤမြို့ကလေး၏ ဘာသာရေး၊ လူမှုရေး၊ အသင်းအဖွဲ့များတွင် ရှေ့တန်းမှ ပါဝင်ခဲ့ရသူဖြစ်၏။ လွန်ခဲ့သော ၆ နှစ်ခန့်က ပထမအိမ်ထောင် ကွယ်လွန်ခဲ့သည်ဟု ဆိုသည်။ ပထမအိမ်ထောင်မှမွေးဖွားခဲ့သော သမီးနှစ်ယောက်နှင့်သားတစ်ယောက်ရှိခဲ့ပြီး လက်ရှိဒုတိယအိမ်ထောင်နှင့်မူ သမီးနှစ်ယောက်နှင့် ၅ နှစ်သားအရွယ်တစ်ယောက်ရှိခဲ့၏။ ဒုတိယမစ္စကင်မှာ အသက် ၄၀ မျှသာရှိသဖြင့် မစ္စတာကင်ထက်အသက် ၂၀ ခန့် ငယ်သည်။ သို့ဖြစ်၍ မစ္စတာကင်မိသားစုမှာ အတော်အသင့်ကြီးမားသည်ဟု ဆိုနိုင်သည်။

မစ္စတာကင်၏ ဒုတိယဇနီးဖြစ်သူမှာ စည်းစနစ်ကြီးသူတစ်ဦးဖြစ်ရကား ပထမအိမ်ထောင်မှ မွေးဖွားခဲ့သော အသက် ၂၁ နှစ်အရွယ်ရှိ သမီးကြီး ကွန်စတင်းကင့်နှင့် ဆက်ဆံရေးအဆင်မပြေခဲ့ကြ။ သူတို့မိသားစုတွင် အိမ်စေအမျိုးသမီးနှစ်ဦးနှင့် ဥယျာဉ်မှူးတာဝန်နှင့် မြင်းရထားမောင်းတာဝန်ကို ပူးတွဲတာဝန်ထမ်းဆောင်ရသူတစ်ဦးလည်းရှိရကား မစ္စတာကင်၏ အိမ်တော်မှာ ထာဝစဉ်ကလေးသံ၊ လူကြီးသံများနှင့် ဆူညံလျက်ရှိ၏။

ဒုတိယမစ္စကင်ဖြစ်သူ၏ အသက်လေးနှစ်အရွယ် ဖရန်စစ်စဗိုင်လီကင်အား စောင့်ရှောက်ထိန်းသိမ်းရန် ငှားရမ်းထားသော အယ်(လ်)ဇဘက်ဂူးနှင့်လည်း ဒုတိယမစ္စကင်၏ဆက်ဆံရေးအဆင်မပြေလှပေ။ ဤသည်တို့ကား ဝိတိုရိယခေတ်တွင် ဟိုးဟိုးကျော်ခဲ့ရသည့် ရာဇဝတ်မှုကြီးဖြစ်ပွားမည့် ယာတောစံအိမ်ကြီး၏ အခြေအနေအရပ်ရပ်ဖြစ်သည်။

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ၁၈၆၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ညတွင်မူ သည်းသည်းမည်းမည်း ရွာချလိုက်ပြီး မိုးသက်လေကလည်း တဝီဝီအော်မြည်တိုက်ခတ်လျက်ရှိနေသည်။ အပြင်တွင် ပိန်းပိတ်အောင် မှောင်ကြီးနေသဖြင့် ကလေးသံများ၊ လူကြီးများ၏ ရယ်မောသံ၊ စကားပြောသံများ ထာဝစဉ်ဆူညံနေသော မစ္စတာကင်၏ စံအိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး လူကြီးများ၊ ကလေးများ စောစောစီးစီးအိပ်



www.burmeseclassic.com

www.burmeseclassic.com



ရာဝင်ခဲ့ကြသည်။ အသက် ၅ နှစ်အရွယ် သားငယ်ကလေး ဖရန်စစ်နှင့် ကလေးငယ် အယ်(လ်)ဇဘက်ဂူးတို့သည်လည်း စံအိမ်တော်ကြီး၏တတိယထပ်အိပ်ခန်းတွင် အိပ်စက်ခဲ့ကြ၏။

ဇွန်လ ၃၀ ရက်နေ့ နံနက်ခင်းတွင်မူ အသက် ငါးနှစ်အရွယ်သားငယ် ဖရန်စစ်အား သူ့ခုတင်တွင် မတွေ့ရ။ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့သည်။ မစ္စတာကင်မိသားစုသည် စံအိမ်တော်ကြီးနှင့် စံအိမ်ဝန်းအတွင်း အနှံ့အပြားရှာဖွေခဲ့ကြသော်လည်း သားငယ် ဖရန်စစ်၏ အရိပ်အရောင်ကိုမျှမတွေ့ရတော့။ သို့ဖြစ်၍ မြို့ကလေး၏ အုပ်ချုပ်ရေးမှူးနှင့် ရဲသားဖြစ်သူအား သတင်းပေးပို့ခဲ့ရာမှ ထိုသတင်းသည် ရုတ်(ဒ်)မြို့ကလေးတစ်မြို့လုံး ပျံ့နှံ့သွားခဲ့ပြီး မြို့သူမြို့သားများ၊ ဘာသာရေးအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ဝင်များသည် မြို့ကလေးမှ တာဝန်ရှိသူများနှင့်အတူ မစ္စတာကင်၏ စံအိမ်တော်ဝန်းကျင်နှင့် မြို့ကလေးပတ်ဝန်းကျင်ယာတောများသို့ သွားရောက်၍ ပိုက်စိတ်တိုက်ရှာဖွေခဲ့ကြရာ မစ္စတာကင်စံအိမ်တော်ကြီးအနီးရှိ ချုံတစ်ချုံအောက်တွင် သေဆုံးနေသော ဖရန်စစ်၏အလောင်းအား တွေ့ရှိခဲ့ကြတော့၏။

သက်ဆိုင်ရာတာဝန်ရှိသူများ၏ အစီအစဉ်အရ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ စုံထောက်အင်စပက်တော်ကြီး ဝှစ်ချာနှင့် တာဝန်ရှိသူများရောက်ရှိလာခဲ့ပြီး သေဆုံးသူဖရန်စစ်၏ အလောင်းအား စစ်ဆေးကြည့်ရှုကြ၏။ လူသတ်သမား(သို့မဟုတ်)လူသတ်သမားများသည် ကလေးငယ်အား ခေါင်းအုံး (သို့မဟုတ်) အဝတ်ဖြင့်ဖုံးဖိ၍ သတ်ခဲ့သည်ဟု တွေ့ရှိရသည်။ ရဲနှင့်စုံထောက်တို့သည် စနစ်တကျ သဲလွန်စရှာခြင်း၊ ပတ်ဝန်းကျင်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

ပတ်ဝန်းကျင်လေ့လာချက်များအရ ထိုစံအိမ်ကြီး၏ တံခါးများပွင့်နေခြင်း (သို့မဟုတ်)တံခါးများအား ဖျက်ဆီးထားခြင်းစသော သက်သေမကင်းဖွယ် တစ်စုံတစ်ရာမှ တွေ့ရခြင်းမရှိ။ ထို့ပြင် လူသတ်သမားသည် အဘယ်ကြောင့် အပြစ်ကင်းစင်သော လေးနှစ်အရွယ်ကလေးကိုသတ်ခဲ့သနည်း။ ဤမှုခင်းကျူးလွန်ရခြင်း၏ ရည်ရွယ်ချက်ကို တိတိကျကျမသိရ။ သို့ဖြစ်၍ သေဆုံးသူကလေးငယ်၏ မိခင်နှင့်ဆက်ဆံရေးအဆင်မပြေသူ မစ္စတာကင်၏ ပထမအိမ်ထောင်မှ ဖွားမြင်သူ အသက် ၂၁ နှစ်အရွယ်ရှိ ကွန်စတင့်ကင်အား ခေတ္တဖမ်းဆီး၍ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ခဲ့သော်လည်း လူသတ်မှုနှင့်ပတ်သက်သည့် ခိုင်မာသောသက်သေအထောက်အထားမရှိသဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ထို့နောက် ရဲနှင့်စုံထောက်တို့သည် သေဆုံးသူ၏ကလေးထိန်း အယ်(လ်)ဇဘက်ဂူအား ခေါ်ယူစစ်ဆေးခဲ့သော်လည်း ဤလူသတ်မှုနှင့်ပတ်သက်၍ သက်သေမကင်းဖွယ်အထောက်အထားမတွေ့ရ။ သို့ဖြစ်၍ ဤလူသတ်မှုမှ တရားခံထောက်လှမ်း၍မရသော မဖြေရှင်းနိုင်သေးသော Unsolved မှုခင်းအဖြစ်သတ်မှတ်ခဲ့ရသည်။

မိထွေးဖြစ်သူနှင့် အဆင်မပြေဖြစ်ခဲ့ရသော ကွင်စတင့်ကင်သည် ပြင်သစ်နိုင်ငံ ပါရီသို့ ထွက်ခွာသွားခဲ့ပြီး ပါရီမြို့တော်ရှိ စိန့်မေရီသီလရှင်ကျောင်းတွင် သီလရှင်အဖြစ် ကူးပြောင်း၍ ခရစ်တော်၏ အဆုံးအမအတိုင်း နေထိုင်သည်။ ၁၈၆၅ ခုနှစ်တွင်မူ သီလရှင်ကွန်စတင်ကင့်သည် သိက္ခာတော်ရ ခရစ်ယာန်ဘုန်းတော်ကြီး အာသာဝက်(ဂ်)နာထံတွင် သူကျူးလွန်ခဲ့သည့်အပြစ်ကို ဝန်ခံခဲ့သည်။ သူ၏ ဝန်ခံချက်အရ ကွန်စတင်ကင်းသည် ၁၈၆၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ညက သူ၏ အဖေတူအမေကွဲမောင်ဖြစ်သူ ဖရန်စစ်အား သတ်ခဲ့သူဟု သိရတော့၏။

ကွန်စတင်ကင့်သည် ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှ သူ့ဇာတိ၊ အင်္ဂလန်နိုင်ငံ ဝဲယ်(လ်)ရှိုင်းယားပြည်နယ်၊ ရုတ်(ဒ်)မြို့ကလေးသို့ပြန်လာခဲ့ပြီး ရဲနှင့်စုံထောက်များထံတွင် သူကျူးလွန်ခဲ့သော လူသတ်မှုအတွက် ဖြောင့်ချက်ပေးခဲ့သဖြင့် ရဲတို့က မစ်ကွန်စတင်ကင့်အား လန်ဒန်ရာဇဝတ်မှုတရားရုံးတော်၌ တရားစွဲဆိုခဲ့၏။ တရားရုံးတော်ကြီးက တရားဥပဒေနှင့်အညီ စစ်ဆေးခဲ့ပြီး သေဒဏ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သို့သော် သက်ဆိုင်ရာသို့ အယူခံတင်သွင်းခဲ့ရာမှ တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲပေးခဲ့ရာ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ထောင်မှလွတ်ငြိမ်းသာခွင့်ရခဲ့ပြီး ၁၉၄၄၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လန်ဒန်မြို့ဟောင်းစတပ်ရပ်ကွက်နေအိမ်၌ နှလုံးရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့ရသည်ဟု ဆိုကြပါကြောင်း။။

လှမိုး(ပညာရေး)

ကျမ်းကိုး


The Murder At Road Hill House by K-Summerscall



www.burmeseclassic.com

www.burmeseclassic.com







အပ်ပုန်းဆိုတာကတော့
ခွင့်ပြုချက်မရဘဲ
ဆေးထိုးအပ်ကိုင်တာကို
ဆိုလိုခြင်းဖြစ်ပါတယ်။
မြို့ပေါ်ကလူတွေကတော့
ဒီဝေါဟာရကို သိချင်မှသိမယ်။
တူမောင်မေးတဲ့ ဥပဒေက
ယစ်မျိုးဥပဒေဖြစ်ပါတယ်။
ဒီကနေ့အထိ တည်ဆဲဥပဒေ ဖြစ်ပါတယ်။
သက်ဆိုင်တဲ့ပုဒ်မတွေကတော့
ပုဒ်မ(၁၃)(၃၃) (၄၆)တို့
ဖြစ်ပါတယ်...

# ဥပဒေစုံထောက်

ဦးအာကာ (တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com



ဆရာခင်ဗျား

တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေအသစ်ပေါ်လာပြီလို့ ပြောနေသံကြားရပါတယ်။ ကျွန်တော်တို့ စာပေသမားတွေအနေနဲ့ သိထားသင့်တယ်လို့ ယူဆပါတယ်။ ဥပဒေစုံထောက်အခန်းကနေပြီး ရေးသားပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စာပေလှုငယ်တစ်ဦး

(ပုဇွန်တောင်မြို့နယ်)

## စာပေလုလင်ငယ်တစ်ဦးသို့

စာပေသမားတစ်ယောက်အနေနဲ့ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေကို သိထားသင့်ပါတယ်။ သတင်းစာသမား၊ ဂျာနယ်သမား၊ မဂ္ဂဇင်းသမားတွေက ပိုပြီးတော့တောင်သိထားသင့်ပါတယ်။ စာနယ်ဇင်းသမားတွေအနေနဲ့ တာဝန်ထမ်းဆောင်ရင်း မကြာခဏ ဒီဥပဒေနဲ့ တိုက်မိခိုက်မိ ဖြစ်တတ်ပါတယ်။ ဒါကြောင့်မို့ ကျေညက်အောင် ဒီဥပဒေကို လေ့လာထားသင့်ပါတယ်။

တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေအဟောင်းကတော့ ၁၉၆၂ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ဥပဒေအသစ်ပေါ်လာတော့ အဲဒီဥပဒေအဟောင်းကို ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ "တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ"အသစ်အား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ၃၀–၇–၂၀၁၃ ရက်နေ့ထုတ် သတင်းစာများမှာ ပါရှိပြီးဖြစ်ပါတယ်။ အခန်း(၆)ခန်း၊ ပုဒ်မ(၁၅)ခုဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ အဲဒီဥပဒေအရ ကျူးလွန်သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသော နေ့မှစပြီး တစ်နှစ်အတွင်း စွဲဆိုရမည်လို့ ကာလစည်းကမ်းချက်ကို ဖော်ပြထားပါတယ်။ လိုအပ်သော နည်းဥပဒေအမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကိုလည်း ဒီဥပဒေအရ ထုတ်ပြန်နိုင်တယ်လို့ ပုဒ်မ(၁၄)မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့ နည်းဥပဒေတို့၊ အမိန့်တို့၊ ညွှန်ကြားချက်တို့၊ လုပ်ထုံးလုပ်နည်းတို့သတ်မှတ်ပြီး ထွက်လာဦးမယ်လို့ မျှော်လင့်ရပါတယ်။

စာနယ်ဇင်းသမားတွေ ဝမ်းသာစရာအချက်က ကင်းလွတ်ချက်များဆိုပြီး ပုဒ်မ(၇)၊ (၈) (၉) တို့ကို ပြဋ္ဌာန်းပေးထားပါတယ်။

ပုဒ်မ(၇)မှာ ဆောင်ရွက်ဆဲ တရားစီရင်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ တခြားတစ်နည်းနည်းဖြင့် ဖြစ်စေ၊ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေရလို့ ဖော်ပြထားပါတယ်။

ပုဒ်မ(၈)မှာလည်း စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သောမှုခင်းတစ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာသုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရလို့ ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ(၉)မှာတော့ ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အောက်ဖော်ပြပါ အကြောင်းအရာများမှအပ အများပြည်သူဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေရလို့ ပါရှိပါတယ်။ အောက်ဖော်ပြပါ အကြောင်းအရာတွေဆိုတာကတော့–

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း။

(ခ) အများပြည်သူဆိုင်ရာ မူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ၊ တရားရုံးက အတိအလင်းတားမြစ်ပိတ်ပင်ထားသည့် တရားစီရင်



www.burmeseclassic.com

www.burmeseclassic.com



သော မှုခင်းတစ်ရပ်၏ သတင်းအချက်အလက်များနှင့် သရုပ်ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း။

(ဂ) တရားစီရင်သော မှုခင်းတစ်ရပ်တွင် အငြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့်လုပ်ငန်းတွင် စူးစမ်းရှာဖွေတွေ့ရှိချက် (သို့မဟုတ်)တီထွင်မှုစသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်)ဖြန့်ချိခြင်း။

အသေးစိတ်အချက်အလက်တွေကိုတော့ ဆောင်းပါးရေးပြီး သီးခြားဖော်ပြပါမယ်။

---

**ဆရာခင်ဗျား**

**အပ်ပုန်းတွေကို အရေးယူတဲ့ ဥပဒေဆိုတာ ရှိပါသေးသလားခင်ဗျာ။ ရှိသေးတယ်ဆိုရင် ပြစ်မှုအကြောင်း ပြစ်ဒဏ်အကြောင်းတွေကို သိချင်ပါတယ်။ ဥပဒေစုံထောက်အခန်းကနေ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ဆရာ။**

**ကျေးရွာသားတစ်ဦး**

**မွန်ပြည်နယ်**

---

**ကျေးရွာသားတစ်ဦးသို့**

အပ်ပုန်းတွေဆိုတာလည်း ကျေးရွာတွေမှာ အရှိများတာမို့ အပ်ပုန်းတွေအကြောင်းကို ကျေးရွာသားတစ်ဦးက စိတ်ဝင်စားတာ သဘာဝကျပါတယ်။

အပ်ပုန်းဆိုတာကတော့ ခွင့်ပြုချက်မရဘဲ ဆေးထိုးအပ်ကိုင်တာကို ဆိုလိုခြင်းဖြစ်ပါတယ်။ မြို့ပေါ်ကလူတွေကတော့ ဒီဝေါဟာရကို သိချင်မှသိမယ်။ တူမောင်မေးတဲ့ ဥပဒေက ယစ်မျိုးဥပဒေဖြစ်ပါတယ်။ ဒီကနေ့အထိ တည်ဆဲဥပဒေဖြစ်ပါတယ်။ သက်ဆိုင်တဲ့ ပုဒ်မတွေကတော့ ပုဒ်မ(၁၃)(၃၃)(၄၆)တို့ ဖြစ်ပါတယ်။

ပုဒ်မ(၁၃)မှာတော့ ဒီဥပဒေအရ ထုတ်ပေးတဲ့ လိုင်စင်ပါပြဋ္ဌာန်းချက်မှတပါး ထိုးဆေးထိုးရန် ကိရိယာတန်ဆာပလာကို ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း (သို့မဟုတ်) အသုံးပြုခြင်းတို့ကို မည်သူမျှမပြုလုပ်ရလို့ တားမြစ်ထားပါတယ်။

ပုဒ်မ(၃၃)ကျတော့ ပုဒ်မ(၁၃)ပါ တားမြစ်ချက်ကို ကျူးလွန်ဖောက်ဖျက်လျှင် မည်သူမဆို ဆေးထိုးပြွန် သို့မဟုတ် ထိုးဆေးထိုးရန် ကိရိယာတန်ဆာပလာကို ပြုလုပ်လျှင်၊ ရောင်းလျှင်၊ လက်ဝယ်ထားလျှင် သို့မဟုတ် အသုံးပြုလျှင် ထိုသူကို ၆ လအထိ ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်ထောင်အထိ ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးကို ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။



ပုဒ်မ(၄၆)မှာကျတော့ ကျူးလွန်ခဲ့ဖူးတဲ့ ပုဒ်မ(၃၃) အပါအဝင် ပြစ်မှုတို့ကို ထပ်မံကျူးလွန်ခဲ့လျှင် ပထမအကြိမ်ကျူးလွန်ခြင်းအတွက် ချမှတ်ရမည့် ပြစ်ဒဏ်၏ နှစ်ဆကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

ပုဒ်မ(၁၃)ကတော့ ပြစ်မှုအင်္ဂါရပ်ကို ဖော်ပြတဲ့ပုဒ်မဖြစ်ပြီး ပုဒ်မ(၃၃)ကတော့ ပြစ်ဒဏ်ကိုဖော်ပြတဲ့ ပုဒ်မဖြစ်ပါတယ်။ ပုဒ်မ(၄၆)ဟာလည်း ထပ်မံကျူးလွန်တဲ့သူတွေ ပြစ်ချက်ဟောင်းရှိသူတွေအတွက် ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်ကိုဖော်ပြတဲ့ ပုဒ်မဖြစ်ပါတယ်။

**ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)**



www.burmeseclassic.com

www.burmeseclassic.com





ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး စီးပွားရေးတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေပါသည်။ နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် အမေရိကန်၊ ဥရောပသမဂ္ဂများက စီးပွားရေးဖြေလျှော့မှုများ ပြုလုပ်ပေး၍ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ တဖွဲဖွဲဝင်ရောက်လာနေကြပါသည်။ ရင်းနှီးမြှုပ်နှံမှုများမှာ ၎င်းတို့ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိသည်ဟု ယုံကြည်မှသာ လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ပါသည်။

# ဥပဒေဗဟုသုတပျိုးခင်း

**ထွန်းအောင်လှိုင်**





www.burmeseclassic.com

www.burmeseclassic.com



တိကျပြတ်သားသည့် ဥပဒေများကို ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းရပါမည်။ ပြဋ္ဌာန်းထားသည့်ဥပဒေကို ဖောက်ဖျက်လျှင်မူ တရားစီရင်ရေးကဏ္ဍမှ ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်ရန် လိုအပ်ပေသည်။

သို့မှသာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများ၏ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်များသာမက ပုဂ္ဂလိကဘဏ်များလည်း အသီးသီး အလျှိုလျှိုပေါ်ပေါက်လာပါသည်။ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှာ ဆုငွေများလက်ခံခြင်း၊ ငွေချေးသူများကို အတိုးဖြင့် ပြန်ချေးခြင်း စသည့် နိုင်ငံဘဏ္ဍာကို ရှာဖွေပေးသည့် ကော်ပိုရေးရှင်းဖြစ်ပါသည်။ ငွေချေးငှားလိုသူများအတွက် ငွေပြန်မဆပ်နိုင်ပါက မိမိပိုင်ရွှေ့ပစ္စည်း၊ မရွှေ့ပစ္စည်းများကို ဘဏ်တွင် အပေါင်ထားကြရပါသည်။ ချေးငွေများ ပုံမှန်ပြန်မဆပ်နိုင်လျှင် ၎င်းတို့ အပေါင်ထားသည့် ရွှေ့ပစ္စည်း၊ မရွှေ့ပစ္စည်းများကို တရားမမှုဖွင့်ပြီး လေလံတင်ရောင်းချရပါသည်။ ထိုသို့ ဘဏ်တွင် အပေါင်ထား၍ ချေးသည်ကို ''အောင်ခြံပိန်'' ''အိမ်ခြံပေါင်''ဟု ဆိုကြပေသည်။ စီးပွားရေးရင်းနှီးမြှုပ်နှံရာတွင် ယုံကြည်မှုသည် အဓိကဖြစ်ပါသည်။ မိမိပိုင်ပစ္စည်းကို ပေါင်နှံပြီး ဘဏ်မှငွေချေးလျှင် ချေးငွေပြန်မဆပ်နိုင်လျှင် မိမိပိုင်ပစ္စည်းကို ချေးငွေအစား အာမခံထားသည့် ရွှေ့ပစ္စည်း(သို့)မရွှေ့ပစ္စည်းများကို ရိုးသားစွာ အပ်နှံရန် တာဝန်ရှိပါသည်။ ပုဂ္ဂလိက ချေးငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ချေးပြီး ၂၄-၈-၂၀၀၅ ရက်နေ့အထိ ချေးငွေအတိုးရင်းပေါင်း ၄၁၂၄၆၅၈၀/ ကို ပေးဆပ်ခြင်းမရှိခဲ့ပေ။ ဘဏ်လုပ်ထုံးလုပ်နည်းအရ ပေါင်နှံထားသည့်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် စက်ပစ္စည်းများကို အနိုင်ဒီကရီအရ ချေးငွေမလျော်နိုင်၍ ဇာရီပြုလုပ်သည့်အခါ ယင်းနေရာတွင် မရှိ၍ အများပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ အ. ပ. က(၃)အရ တရားစွဲဆိုခဲ့သည်။

ငွေချေးသူတရားခံမှာ ချေးငွေများကို ပြန်ဆပ်ရန်မရည်ရွယ်ဘဲ အပေါင်ဖြစ်ထားသည့် မြေနှင့်အဆောက်အအုံ၊ စက်ပစ္စည်းတို့ကို အလွဲသုံးစားပြုခြင်းသည် ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ပေသည်။ မူလအမှုစစ်တရားရုံးက အ. ပ. ကပုဒ်မ(၃)အရ ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခဲ့ပါသည်။

တရားရုံးချုပ်သို့ အယူခံတက်သည့်အခါ ဘဏ်တွင် အပေါင်ထားသည့်ပစ္စည်းသည် အပေါင်ပစ္စည်းမဟုတ်။ ဘဏ်တိုက်စိုးထံတွင် စီမံခန့်ခွဲခွင့်ကို အပ်နှံရခြင်းခံရသည်တွင် ယုံကြည်အပ်နှံမှုဖောက်ဖျက်ခြင်းဖြစ်၍ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ ထောင်ဒဏ် ၅ နှစ် ချမှတ်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံသူ စီးပွားရေးသမားများ သင်ခန်းစာယူဖွယ်ရာပင် ဖြစ်ပါသည်။ စီးပွားရှာရာတွင် သမ္မာအာဇီဝလုပ်ငန်းဖြင့်သာအသက်မွေးသင့်ပါသည်။ မသမာသောနည်းဖြင့် ရှာဖွေခြင်းမပြုသင့်ပါ။ ၎င်းတရားခံ၏ပြုမူမှုကြောင့် နိုင်ငံ့ဘဏ္ဍာသည် ဆုံးရှုံးပါသည်။ သင်ခန်းစာယူဖွယ်ရာပင် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သောအဖြစ်အပျက်မှာ ''ဦးကျော်မျိုးထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်''

၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၁

ကို ရည်ညွှန်းပါသည်။ ယခုကဲ့သို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ စီးပွားရေးရင်းနှီးမြှုပ်နှံချိန်တွင် စီးပွားရေးမသမာမှု၊ ဥပဒေပြင်ပ ကိုယ်ကျိုးစီးပွားရှာသူများ နမူနာယူဖွယ်ရာပင် ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးမှုရှိမှသာ နိုင်ငံတွင် ငြိမ်းချမ်းသာယာမှုရှိရုံမျှမက စီးပွားရေးလည်း တိုးတက်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဈေးကွက်စီးပွားရေးကျင့်သုံးသောကာလတွင် ဥပဒေနှင့်အညီ စီးပွားရေးပြုသင့်ကြောင်း တင်ပြအပ်ပါသည်။

ထွန်းအောင်လှိုင်



www.burmeseclassic.com

www.burmeseclassic.com

(ဇာတ်သိမ်းပိုင်း)



# စုံထောက် မောင်ရေခဲ

## စုံထောက်စံထူး နှင့်

# ခေတ်သစ်ဒေဝဒတ်

ဆရာအတင်မှား၍ ဖခင်အရင်းကို သတ်ခဲ့မိသော အဇာတသတ်နှင့်
ကျေးဇူးတော်ရှင်ဘုရားသခင်ကို အသက်သေစေရန်
ကြံစည်အားထုတ် ပြုလုပ်ခဲ့သော ဒေဝဒတ်တို့မှာ
ယခုအချိန်အထိ အဝီစိငရဲတွင် ရှိနေဆဲပင် ဖြစ်ပါ၏။
အန္တဂိုဏ်းဝင် ဆရာသခင်ကို ပြစ်မှားခဲ့သော တပည့်မိုက်၏ဖြစ်စဉ်ကိုလည်း•••



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


### အခန်း(၇)

''ကျွန်တော့်နာမည်က ဦးတင်ရွှေပါ၊ အလုပ်ကတော့ . . . . ဆိုက္ကားနင်းပါတယ်၊ ခရမ်းမြို့ဇာတိသားဖြစ်ပါတယ်''

ဦးတင်ရွှေ၏သမီး မချောစုဝင်းသည် သေဆုံးသူ ဆရာမဒေါ်မွှေးမွှေးခင်၏ အ. ထ. က(၂)မှ ကျောင်းသူတစ်ဦးဖြစ်၏။ အခင်းဖြစ်သည့်နေ့က ဦးတင်ရွှေသည် ဆိုက္ကားဖြင့် နေအိမ်မှ သမီးရှိရာကျောင်းသို့ ထွက်လာ၏။ ထိုနေ့(၁၁း၄၅)အချိန် ကျောင်းဆင်း၍ သမီးကိုဆိုက္ကားဖြင့် ကြိုလာ၏။ တစ်နေရာအရောက်တွင် ဆရာမဒေါ်မွှေးမွှေးခင် စီးနင်းလာသောစက်ဘီးသည် ဦးတင်ရွှေ၏ဆိုက္ကားကို ကျော်တက်သွား၏။ ထိုနေ့ နေ့လည် (၁၂)နာရီတွင် ဦးတင်ရွှေနှင့်သမီးတို့ နေအိမ်သို့ ပြန်ရောက်၏။ နေအိမ်တွင် သမီးကိုထားခဲ့ပြီး ဦးတင်ရွှေလည်း ဆိုက္ကားနင်းဖို့ ဂိတ်သို့ထွက်လာခဲ့သည်။

''ဦးတင်ရွှေကြီး . . ဆိုက္ကားအားလား''

ငှက်ကျောင်းလမ်းနှင့် (၁)လမ်းထိပ်အရောက် ဆိုင်ကယ်ပြင်ဆိုင်မှ ကိုဝင်းကျော်မှ ဆိုက္ကားကိုတား၍ အထက်ပါစကားဖြင့် မေး၏။ ဒီတော့ ဦးတင်ရွှေက–

''အားပါတယ် . . . မောင်ဝင်းကျော်ရဲ့၊ ဘယ်ပို့ပေးရမလဲ''

''သူ့ကို . . . မြေနီလမ်းမှာရှိတဲ့ ဆိုင်ကယ်စလစ်ဘိုးရိန်းဆိုင်ကို ပို့ပေးပါလား''

ကိုဝင်းကျော်နှင့်အတူ လက်ထဲတွင် စလစ်ဘိုးရိန်းကိုင်ထားသော အသက် ၂၅ နှစ်ခန့်ရှိ ဆံပင်ရှည်ရှည် (ဂုတ်ထောက်)၊ ခန္ဓာကိုယ် တောင့်တောင့်တင်းတင်း လူရွယ်တစ်ယောက်ကို တွေ့၏။ ထိုလူရွယ်ကို စက်ပစ္စည်းပြင်ဆိုင်သို့ ပို့ပေးရန် ကိုဝင်းကျော်မှ ပြောဆို၏။ ဦးတင်ရွှေလည်း ထိုလူရွယ်ကိုတင်ဆောင်ကာ ဆိုင်ကယ်စလစ်ဘိုးရိန်းဆိုင်သို့ထွက်လာ၏။ ဆိုင်အရောက်တွင် ထိုလူရွယ်က ဘိုးရိန်းဆရာအား ဆိုင်ကယ်စလစ်ဘိုးရိန်းကို အပ်၏။ ဘိုးရိန်းဆရာက နေ့လယ် ၂ နာရီမှ လာယူရန် ပြော၏။ ထို့ကြောင့် ထိုလူရွယ်နှင့် ဦးတင်ရွှေလည်း ဘိုးရိန်းဆိုင်မှ ပြန်ထွက်လာ၏။ ကျောက်တိုင်လမ်းရှိ အောင်စည်ဟိန်းလက်ဖက်ရည်ဆိုင်ရှေ့အရောက်–

''ဆိုက္ကားဆရာကြီး . . လက်ဖက်ရည်သောက်ကြရအောင်ဗျာ''

လူရွယ်၏တောင်းဆိုမှုကြောင့် ဦးတင်ရွှေက ဆိုက္ကားကိုအောင်စည်ဟိန်းလက်ဖက်ရည်ဆိုင်ရှေ့သို့ ထိုးရပ်ပေး၏။ လူရွယ်က ဦးတင်ရွှေကိုပါ လက်ဖက်ရည်သောက်ဖို့ ဖိတ်ခေါ်၏။ ထို့ကြောင့် ဦးတင်ရွှေနှင့် လူရွယ်တို့လည်း လက်ဖက်ရည်ဆိုင်အတွင်း တစ်ဝိုင်းတည်း အတူထိုင်ခဲ့ကြ၏။

''ငါ့တူက . . ခရမ်းမြို့ကပဲလား''

''မြို့ပေါ်ကတော့ မဟုတ်ဘူးဗျ၊ ရွှေဘိုစုရွာကပါ''

''နာမည်က ဘယ်လိုခေါ်သလဲ''

''ဇော်လွင်ဦးပါခင်ဗျ''

ခဏအကြာ လက်ဖက်ရည်ဆိုင်သို့ ဆိုင်ကယ် ခေါင်းနီ၊ ကိုယ်နက်တစ်စီးဖြင့် လူရွယ်တစ်ဦး ရောက်ရှိလာ၏။ ထိုလူရွယ်ကို ဇော်လွင်ဦးမှ ကွက်သစ်ဘက်သို့ ပို့ပေးရန် ပြောဆိုကာ သူမောင်းနှင်လာသောဆိုင်ကယ်ဖြင့် တင်ဆောင်ခေါ်ယူ၍ ကျောက်တိုင်လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်သွား၏။

''သူတို့နှစ်ယောက် . . . ဆိုင်ကထွက်သွားတာ ဘယ်အချိန်လောက်လို့ ဦးတင်ရွှေထင်သလဲ''

စုံထောက်စံထူး၏အမေးကို ဆိုက္ကားဆရာ ဦးတင်ရွှေက–

'''ကျွန်တော် . . . အိမ်ကထွက်လာတော့ နေ့လယ် ၁၂ နာရီ၊ ကိုဝင်းကျော်ဆိုင်နဲ့ ဘိုးရိန်းဆိုင် အသွားအပြန်ဆိုတော့ ၁၂ နာရီ မခွဲလောက်သေးဘူးလို့ထင်ပါတယ်''

ထိုနေ့က . . . ဦးတင်ရွှေသည် အောင်စည်ဟိန်းလက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုက္ကားထိုးထားစဉ် နေ့လယ် ၂ နာရီ အချိန်ခန့်က ဇော်လွင်ဦးနှင့် ထိုလူရွယ်တို့သည် ခေါင်းနီ၊ ကိုယ်နက်ဆိုင်ကယ်ဖြင့် အောင်စည်ဟိန်းလက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်လာခဲ့၏။ ဇော်လွင်ဦးမှာ လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆင်းကျန်ခဲ့ပြီး ဆိုင်ကယ်မောင်းသူမှာ ကျောက်တိုင်လမ်းအတိုင်း အနောက်ဘက်သို့ မောင်းနှင်ထွက်သွား၏။ ထိုနေ့ နေ့လယ် ၂ နာရီကျော်ခန့်တွင် ဇော်လွင်ဦးမှာ ဦးတင်ရွှေ၏ ဆိုက္ကားဖြင့် ဘိုးရိန်းဆိုင်သို့သွား၍


www.burmeseclassic.com

www.burmeseclassic.com



အခင်းဖြစ်ပွားရာ နေအိမ်



ဆိုင်ကယ်ဘိုးရိန်း စလစ်အားရွေးယူပြီး ကိုဝင်းကျော်ဆိုင်ကယ်ပြင်ဆိုင်သို့ ပို့ဆောင်ပေးခဲ့ရကြောင်း ဆိုက္ကားနင်းသူ ဦးတင်ရွှေမှ အမှုစစ်အရာရှိ စုံထောက်စံထူးသို့ ထွက်ဆိုပြသည်။

"ဦးတင်ရွှေက ... ဆရာမ ဒေါ်မွှေးမွှေးခင်ရဲ့နေအိမ်ကို သိလား"

စုံထောက်စံထူးက မေး၏။ ဒီတော့ ဦးတင်ရွှေက–

"ဟုတ်ကဲ့ ... သိပါတယ်၊ ကျွန်တော်နဲ့ တစ်ရပ်ကွက်ထဲနေပြီး ဆရာမက အောင်မင်္ဂလာလမ်းမှာ နေပါတယ်၊ ကျွန်တော်က အောင်တေဇလမ်းမှာပါ၊ ကျွန်တော်နေတဲ့လမ်းကနေ အနောက်ဘက်ထွက်လိုက်ရင် အောင်မင်္ဂလာလမ်းဆုံ၊ အောင်တေဇလမ်း ထိပ်တိုက်တည့်တည့်မှာ ဆရာမ ဒေါ်မွှေးမွှေးခင်တို့အိမ် ဖြစ်ပါတယ်"

အောင်စည်ပဟိန်းလက်ဖက်ရည်ဆိုင်သည် ကျောက်တိုင်လမ်းပေါ်တွင် ဖြစ်၏။ ထိုလက်ဖက်ရည်ဆိုင်မှ ကျောက်တိုင်လမ်းအတိုင်း အရှေ့ဘက်သို့သွားလျှင် အောင်မင်္ဂလာလမ်းမနှင့် သံတံတားလမ်းထိပ်။ ထိုမှတစ်ဆင့် အောင်မင်္ဂလာလမ်းမအတိုင်း တောင်ဘက်သို့သွားလျှင် အောင်မင်္ဂလာနှင့်မြေနီလမ်းထိပ်၊ အောင်မင်္ဂလာနှင့် အောင်တေဇလမ်းထိပ်၊ အောင်မင်္ဂလာနှင့် အောင်သစ္စာလမ်းဆုံတို့ ရှိသည်။ ဦးတင်ရွှေ၏ ထွက်ဆိုချက်တွင် အတူရှိနေသူ ဇော်လွင်ဦးနှင့် ခေါင်းနီကိုယ်နက် ဆိုင်ကယ်မောင်းသူတို့မှာ ကျောက်တိုင်လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်သွားသည်ဟု ဆို၏။ အချိန်အတော်အတန်ကြာသောအခါ ထိုလူရှယ်နှစ်ဦးမှာ အောင်စည်ပဟိန်းလက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာပြီး ဇော်လွင်ဦးမှ ဆင်းကျန်ကာ ဆိုင်ကယ်မောင်းသူ လူရှယ်မှာ ကျောက်တိုင်လမ်းအတိုင်း အနောက်ဘက်သို့ မောင်းထွက်သွားခဲ့သည်။ ဆိုင်ကယ်မောင်းသူ အောင်ကျော်ဖြိုး၏နေအိမ်မှာ ကျောက်တိုင်လမ်း၏အနောက်ဘက်ရှိ ဗိုလ်မြတ်ထွန်းလမ်းတွင် ဖြစ်၏။ ဤသည်မှာ အောင်ကျော်ဖြိုးနှင့် ဇော်လွင်ဦးတို့၏ သွားလာရာလမ်းကြောင်းနှင့် အချိန်အတိုင်းအတာပင် ဖြစ်ပါသည်။

"ဦးတင်ရွှေအနေနဲ့ .. အဲဒီနေ့က ဆိုင်ကယ်မောင်းတဲ့လူနဲ့ ဇော်လွင်ဦးတို့ကို နောက်ပိုင်း ဘယ်နေ့မှာ ထပ်တွေ့မိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခင်းဖြစ်ပြီးတစ်ပတ်ခန့်အကြာ မြို့နယ်ရဲတပ်ဖွဲ့မှ ဦးတင်ရွှေအား ခေါ်ယူခဲ့သည်။ ထိုနေ့က ဆိုင်ကယ်မောင်းသူနှင့် ဖော်လွင်ဦးတို့အား ဟုတ်၊ မဟုတ် ခေါ်ယူပြသ၏။ ဦးတင်ရွှေမှ ထိုနေ့က ဆိုင်ကယ်မောင်းသူ ဟုတ်မှန်ကြောင်းနှင့် ဖော်လွင်ဦးဖြစ်ကြောင်း အတည်ပြုပေးသည်။ ထူးခြားသည်မှာ ထိုစဉ်က တွေ့ရှိသော ဖော်လွင်ဦးသည် ဆံပင်ရှည်(ဂုတ်ထောက်)ဖြစ်သော်လည်း ယခုမူ ဆံပင်ကတုံးဖြစ်နေသည်ကို တွေ့မြင်ရကြောင်း ဦးတင်ရွှေမှ ဖွင့်ဆိုပြသည်။

ဦးတင်ရွှေ၏ ထွက်ဆိုချက်အရ အခင်းဖြစ်ချိန် ပတ်ဝန်းကျင်တွင် အောင်ကျော်ဖြိုးနှင့် ဖော်လွင်ဦးတို့မှာ ခေါင်းနီ ကိုယ်နက်ဆိုင်ကယ်တစ်စီးဖြင့် လှုပ်ရှားသွားလာလျက် ရှိနေလေတော့သည်။

+ + +

## အခန်း(၈)

"ဟုတ်ပါတယ် ..အဲဒီနေ့မနက်ပိုင်းမှာ ဖော်လွင်ဦးဟာ သူ့ကိုယ်ပိုင်ဆိုင်ကယ်အပြာရောင်နဲ့သူတစ်ယောက်ထဲပါ၊ နေ့လယ်ပိုင်းကျတော့ ...သူ့ဆိုင်ကယ်နဲ့မဟုတ်တော့ဘဲ ခေါင်းနီကိုယ်နက် ဆိုင်ကယ်မောင်းသူနဲ့ နှစ်ယောက်အတူ တွေ့ရပါတယ်"

လမ်းဘေးတွင် ကွမ်းယာရောင်းသော မောင်ဟိန်းလင်းထက်မှ မြင်တွေ့မှုကိုဖွင့်ဆိုသမှုပြုပါ၏။ ဟိန်းလင်းထက်သည် ဖော်လွင်ဦးကို ကောင်းစွာသိ၏။ ဖော်လွင်ဦး၏အစ်မ သင်းသင်းယုသည် ဟိန်းလင်းထက်၏ကွမ်းယာဆိုင်ရှေ့တွင် ကုန်စုံဆိုင်ဖွင့်ထား၏။ အကြောင်းအပေါင်းသင့်၍ ဟိန်းလင်းထက်က ဖော်လွင်ဦးကို သိရှိနေခြင်းပင် ဖြစ်သည်။

ဟိန်းလင်းထက်သည် မနက် ၆ နာရီမှ ည ၇ နာရီအထိ ကွမ်းယာရောင်းသောအလုပ်ကို လုပ်သည်။ ထိုနေ့ (၂၂-၆-၂၀၁၀)၊ မနက် ၈ နာရီခွဲအချိန်ခန့်တွင် ဖော်လွင်ဦးသည် ဆိုင်ကယ်အပြာရောင်စီး၍ ဟိန်းလင်းထက်ဆိုင်သို့ ရောက်ရှိလာ၏။ ထိုစဉ် ဟိန်းလင်းထက်မှ-

"စောစောစီးစီး ဘယ်သွားမလို့လဲ ကိုဖော်လွင်ဦး"

"ဆိုင်ကယ်မကောင်းလို့ လာပြတာပါ"

ဟုဆိုပြီး ဖော်လွင်ဦးမှ ဟိန်းလင်းထက်၏ကွမ်းယာဆိုင်တွင် ဝင်ထိုင်ကာ ဂျာနယ်တစ်စောင်ကို ဖတ်ရှုနေ၏။ ငါးမိနစ်ခန့်အကြာ ဖော်လွင်ဦးလည်း ဆိုင်ကယ်အပြာရောင်ကို မောင်းနှင်၍ ကွမ်းယာဆိုင်မှ ထွက်သွားခဲ့သည်။

ထိုနေ့ နေ့လယ် ၁၂ နာရီကျော်ခန့်တွင်ဖြစ်သည်။ ဖော်လွင်ဦးသည် သူ၏ဆိုင်ကယ်ဖြင့် မဟုတ်ဘဲ ခေါင်းနီကိုယ်နက် ဆိုင်ကယ်မောင်းသူတစ်ဦးနှင့်အတူ ဟိန်းလင်းထက် ကွမ်းယာဆိုင်သို့ ရောက်လာခဲ့၏။ ဟိန်းလင်းထက်မှ အကျိုးအကြောင်းမေးရာ ဖော်လွင်ဦးမှ ဆိုင်ကယ်ပြင်ဖို့ ငွေလို၍ အစ်မဖြစ်သူ မသင်းသင်းယုထံတွင် ငွေလာချေးကြောင်းပြော၏။ ထို့နောက် ကွမ်းတစ်ရာဖိုး ယာထားပေးရန်မှာပြီး ဖော်လွင်ဦးမှာ မသင်းသင်းယုနေအိမ်သို့ လျှောက်သွား၏။ ထိုစဉ် စီးလာသော ဆိုင်ကယ်နှင့် မောင်းနှင်သူမှာ ဟိန်းလင်းထက်၏ကွမ်းယာဆိုင်တွင် စောင့်ဆိုင်းနေ၏။ ခဏအကြာ ဖော်လွင်ဦးမှာ ကွမ်းယာဆိုင်သို့ပြန်ရောက်လာပြီး ကွမ်းယာဖိုးအတွက် ကျသင့်ငွေပေး၍ ခေါင်းနီကိုယ်နက်ဆိုင်ကယ်မောင်းသူနှင့်အတူလိုက်ပါသွားကြောင်း ကွမ်းယာရောင်းသူ မောင်ဟိန်းလင်းထက်မှ ထွက်ဆိုပြသည်။ ဟိန်းလင်းထက်၏စကားအဆုံးတွင် စုံထောက်စံထူးက-

"ဖော်လွင်ဦး ...သူ့အစ်မဆီ ငွေလာချေးတဲ့ အချိန်မှာ ညီလေး နေ့လယ်စာ စားပြီးပြီလား"

"မစားရသေးပါဘူး"

"ညီလေးက ...နေ့လယ်စာကို ဘယ်အချိန်မှာ စားတတ်သလဲ"

"အစောဆုံး နေ့လယ် ၁၂ နာရီနဲ့ နောက်အကျဆုံး မွန်းလွဲ ၁ နာရီအတွင်း စားတတ်ပါတယ်"

"အဲဒီနေ့က ဘယ်အချိန်လောက်မှာ နေ့လယ်စာ စားဖြစ်သလဲ"

+ + +

"အဲဒီနေ့က ...ကျွန်မ နေ့လယ်စာ မစားရသေးပါဘူး"

ကွမ်းယာသည် ဟိန်းလင်းထက်ကိုဖြတ်၍ ကုန်စုံသည် မသင်းသင်းယုသို့ ကူးကြည့်၏။ ထိုနေ့က မောင်ဝမ်းကွဲတော်စပ်သူ ဖော်လွင်ဦးရောက်ရှိလာကြောင်း သူရောက်ရှိလာချိန်တွင် သူမမှာ နေ့လယ်စာမစားရသေးကြောင်းကို အထက်ပါစကားဖြင့် စုံထောက်စံထူးသို့ ဖွင့်ဆိုပြသည်။

"ဖော်လွင်ဦးက ..ငါ့ညီမဆီ ဘာလာလုပ်တာလဲ"

စုံထောက်စံထူး၏အမေးကို မ



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းယုက–

"သူ့ဆိုင်ကယ်ပြင်ဖို့ ငွေလိုတာနဲ့ ငွေနှစ်သောင်း လာချေးတာပါ"

"သူတစ်ယောက်ထဲပဲလား ‥ အခြား ဘယ်သူပါသေးလဲ"

ထိုနေ့က မသင်းသင်းယု ဆိုင်သို့ ဇော်လွင်ဦးတစ်ဦးတည်းသာ ဝင်ရောက်လာ၏။ မောင်ဖြစ်သူ ဇော်လွင်ဦးနှင့် အတူ အဖော်တစ်ယောက်ပါ၏။ ထိုအဖော်မှာ သင်းသင်းယုဆိုင်ရှေ့ရှိ ကွမ်းယာဆိုင်တွင် ဆိုင်ကယ်ဖြင့်ရပ်စောင့်နေ၏။ ထိုအဖော်မှာ မည်သူမည်ဝါဖြစ်ကြောင်း မသိသော်လည်း အဖြူရောင်အကျီနှင့် ရှော့ပင်ဝတ်ထားသည်ကို မြင်၏။ ထိုနေ့က ဇော်လွင်ဦးလာချေးသော ငွေနှစ်သောင်းကို ချက်ချင်းပင် ထုတ်ပေးခဲ့၏။ ထို့နောက် ဇော်လွင်ဦးလည်း မိမိဆိုင်မှ တစ်ဘက်လမ်းနံဘေးရှိ ကွမ်းယာဆိုင်သို့ ထွက်သွား၏။ ကွမ်းယာဆိုင်အရောက်တွင် ဇော်လွင်ဦးလည်း ဆိုင်ကယ်ဖြင့်စောင့်နေသော အဖော်နှင့်အတူ ကွမ်းယာဆိုင်မှ ထွက်သွားသည်ကို မြင်တွေ့ရကြောင်း မသင်းသင်းယုမှ ထွက်ဆိုပြခဲ့လေသည်။

ဆိုက္ကားနင်းသူ ဦးတင်ရွှေ၊ ကွမ်းယာရောင်းသူ မောင်ဟိန်းလင်းထက်နှင့် ကုန်စုံသည် မသင်းသင်းယုတို့က အခင်းမဖြစ်မီအချိန်တွင် အောင်ကျော်ဖြိုးနှင့် ဇော်လွင်ဦးတို့အတူရှိနေကြကြောင်း ဖော်ညွှန်းနေကြပါ၏။ သက်သေမကင်းသူ အောင်ကျော်ဖြိုးကလည်း ဆရာမ ဒေါ်မွှေးမွှေးခင် သေဆုံးမှုကို လုံးဝမသိမမြင်ကြောင်း မိမိတစ်ဦးတည်းသာ သွားလာလှုပ်ရှားမှုရှိကြောင်း ဆိုပါ၏။ ထို့ကြောင့် သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်ကို သတ်သူမှာ …

\+ + +

အခန်း(၉)

"ကျွန်တော်နဲ့အောင်ကျော်ဖြိုးပါ"

ဟု ဇော်လွင်ဦးမှ ထွက်ဆိုပါ၏။ ထို့ကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူးက–

"မင်း … အဲဒီလိုလွယ်လွယ် ပြောလို့တော့ မရဘူးလေကွာ၊ အကျိုးအကြောင်း … အဆက်အစပ်နဲ့ အထောက်အထားရှိရှိ ပြောမှပေါ့"

ဟု ပြောဆို၏။ သို့ကြောင့် ဇော်လွင်ဦးသည် ဆရာမဒေါ်မွှေးမွှေးခင် သေဆုံးမှုတွင် ပါဝင်ပတ်သက်ခဲ့သော မိမိနှင့် အောင်ကျော်ဖြိုးတို့၏ ပြစ်မှုကျူးလွန်ခဲ့ပုံကို အောက်ပါအတိုင်း ဖွင့်ဆိုပြခဲ့ပါသည်။

ဇော်လွင်ဦးသည် ၂၀၀၄ ခုနှစ်၊ ၁၀ တန်းကျောင်းသားဘဝကတည်းက အောင်ကျော်ဖြိုးနှင့် ခင်မင်ရင်းနှီးခဲ့ကြ၏။ အခင်းဖြစ်သည့်နေ့ (၂၂–၆–၂၀၁၀)ရက် မနက် (၉)နာရီခန့်တွင် ဆိုင်ကယ်ပြင်ရန်အတွက် ရွှေဘိုစုရွာမှ ခရမ်းမြို့သို့ ရောက်ရှိခဲ့၏။ ခရမ်းမြို့အဝင် ကွက်သစ်ရပ်ရှိ ဟိန်းလင်းထက်(ခ) ကိုဟိန်း၏ ကွမ်းယာဆိုင်သို့ဝင်ကာ ကွမ်းစားရင်း စာအုပ်ထိုင်ဖတ်နေ၏။ ခဏအကြာ ကိုဟိန်းကွမ်းယာဆိုင်မှ ကိုဝင်းကျော်၏ ဆိုင်ကယ်ပြင်ဆိုင်သို့ ထွက်လာခဲ့၏။ ဆိုင်ကယ်ပြင်ဆိုင်မှ စလစ်ဘိုးရိန်းအသစ်လုပ်ရမည်ပြော၍ စလစ်ဘိုးရိန်းအား ဖြုတ်ယူပြီး ဦးတင်ရွှေဆိုသူ၏ ဆိုက္ကားဖြင့် ဘိုးရိန်းဆိုင်သို့ သွား၏။ ဘိုးရိန်းဆိုင်မှ နေ့လယ် ၂ နာရီမှ လာပြန်ယူရန် ချိန်း၏။ ထို့ကြောင့် ဦးတင်ရွှေ ဆိုက္ကားနှင့် ဘိုးရိန်းဆိုင်မှ အောင်စည်ဟိန်းလက်ဖက်ရည်ဆိုင်သို့သွား၍ ဆိုက္ကားနင်းသူ ဦးတင်ရွှေနှင့်အတူ လက်ဖက်ရည်သောက်နေ၏။



ပြစ်မှုကျူးလွန်ရာတွင်
အသုံးပြုခဲ့သည့်ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အောင်ကျော်ဖြိုးသည် ခေါင်းနီကိုယ်နက် ဆိုင်ကယ်ကိုမောင်းနှင်၍ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွား၏။ ဇော်လွင်ဦးမှ အောင်ကျော်ဖြိုးအား အော်ခေါ်ရာ အောင်ကျော်ဖြိုးသည် ဇော်လွင်ဦးရှိရာသို့ ရောက်လာ၏။ အောင်ကျော်ဖြိုးသည်အင်္ကျီအဖြူရောင် ဘောင်းဘီဒူးဖုံးကို ဝတ်ဆင်ထား၏။ ထိုစဉ် ဇော်လွင်ဦးက–

"ငါ့ဆိုင်ကယ်လာပြင်တာ ... ပိုက်ဆံမလောက်လို့ အစ်မဆီမှာ သွားချေးမလို့ မင်းလိုက်ပို့ပေးပါလား"

ဟု ပြော၏။ ထိုအခါ အောင်ကျော်ဖြိုးက–

"ဘယ်ကို ပို့ပေးရမလဲ"

"ကွက်သစ်ထဲက ... ဗဟိုထွန်းကုန်စုံဆိုင်ကို ပို့ပေးပါကွာ"

မိတ်ဆွေအပေါင်းအသင်းလည်းဖြစ် သွားရေးလာရေး အခက်တွေ့နေ၍ အောင်ကျော်ဖြိုးက ဇော်လွင်ဦးကို တင်ဆောင်ကာ ကွက်သစ်ရပ်သို့ မောင်းနှင်ခဲ့၏။ ဗဟိုထွန်းကုန်စုံဆိုင်ရှေ့အရောက်တွင် မျက်နှာချင်းဆိုင်ရှိ ကိုဟိန်း၏ ကွမ်းယာဆိုင်၌ ဆိုင်ကယ်ကိုရပ်၏။ ဆိုင်ကယ်နှင့်အတူ ကွမ်းယာဆိုင်တွင် အောင်ကျော်ဖြိုးမှ စောင့်ဆိုင်းနေပြီး ဇော်လွင်ဦးမှာ ကုန်စုံဆိုင်ရှိအစ်မဖြစ်သူ မသင်းသင်းယုထံသို့ ငွေချေးရန်ထွက်သွား၏။ နှစ်မိနစ် သုံးမိနစ်ခန့်အကြာ ဇော်လွင်ဦးသည် ကုန်စုံဆိုင်မှ အောင်ကျော်ဖြိုးရှိရာ ကွမ်းယာဆိုင်သို့ထွက်လာ၏။ ထို့နောက် အောင်ကျော်ဖြိုးနှင့် ဇော်လွင်ဦးတို့သည် ကွက်သစ်ရပ်ရှိ ကိုဟိန်းကွမ်းယာဆိုင်မှ ခရမ်းမြို့ထဲသို့ မောင်းနှင်ခဲ့ကြသည်။

"ငွေရမယ့် ဂွင်ရှိတယ်၊ မင်းလိုက်မှာလား"

ဆိုင်ကယ်မောင်းနှင်ရင်း အောင်ကျော်ဖြိုးမှ အဲဒီလိုဖွင့်ဆို၏။ ဒီတော့ ဇော်လွင်ဦးက–

"နေ့ခင်းကြောင်တောင်ကြီးကွာ၊ မင်းဟာက ... ဟုတ်ကော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ကွ ... လိုက်ခဲ့စမ်းပါ"

ဆိုင်ကယ်မောင်းနှင်သူ အောင်ကျော်ဖြိုးဦးတည်ရာသို့ ဇော်လွင်ဦးလည်း လိုက်ပါခဲ့၏။ ဆရာမ ဒေါ်မွှေးမွှေးခင်နေအိမ် ခြံဝင်းရှေ့အရောက် အောင်ကျော်ဖြိုးက ဆိုင်ကယ်ကို ခြံဝင်းတံခါးသို့ ဦးတည်လိုက်၏။ စေ့ရုံသာစေ့ထားသောဝင်းတံခါးကို ဇော်လွင်ဦးမှဆင်း၍ တွန်းဖွင့်ပေး၏။ အောင်ကျော်ဖြိုးမှ ဆိုင်ကယ်ကို ခြံဝင်းအတွင်း မောင်းဝင်၍ ဇော်လွင်ဦးက နောက်မှ လိုက်သွား၏။ အောင်ကျော်ဖြိုးက ဆိုင်ကယ်ကို အိမ်ဝင်ပေါက်တွင်ရပ်၏။ နေအိမ်အဝင်တွင် စက်ဘီးတစ်စီးရပ်ထားသည်ကို တွေ့၏။ သော့ခတ်မထားသော သံပန်းတံခါးကို အောင်ကျော်ဖြိုးက တွန်းဖွင့်၍ နေအိမ်ခေါင်းရင်းဘက်ခန်းသို့ဝင်သွား၏။ ဇော်လွင်ဦးမှာ အိမ်ပေါက်ဝတွင် ရပ်စောင့်နေ၏။ ထိုစဉ် နေအိမ်ခြေရင်းဘက်ခန်းမှ ဆရာမ ဒေါ်မွှေးမွှေးခင်ထွက်လာ၏။ အိမ်ပေါက်ဝ တွင်ရပ်နေသော လူစိမ်းဇော်လွင်ဦးကိုမြင်တွေ့သွားရာ ဆရာမဒေါ်မွှေးမွှေးခင်က–

"သူခိုး ... သူခိုး"

ဟု အော်၏။ ကြံရာမရဖြစ်နေသူ ဇော်လွင်ဦး စိုးရိမ်ကြီးစွာဖြင့် ဆရာမ ဒေါ်မွှေးမွှေးခင်အား ဝင်လုံး၍ ဝဲလက်ဖြင့် ဆရာမ၏ပါးစပ်ကိုပိတ်ပြီး ယာလက်ဖြင့် လည်ပင်းကိုသိုင်းဖက်ကာ ချုပ်ထားလိုက်၏။ ခဏအကြာ ဆရာမမှာ ဇော်လွင်ဦး၏လက်ပေါ်တွင် ပျော့ခွေကျသွား၏။ ထိုစဉ် အောင်ကျော်ဖြိုးမှာ တစ်ဖက်ခန်းမှပြန်ထွက်လာပြီး–

"ဆရာမ ဆရာမ .. ဆရာမ"

ဟု ခေါ်ကြည့်သော်လည်း ဆရာမထံမှ ဘာသံမှထွက်မလာ။ ထို့ကြောင့် ဇော်လွင်ဦးနှင့် အောင်ကျော်ဖြိုးတို့သည် ဆရာမကို မ,ချီ၍ နေအိမ်ခေါင်းရင်းဘက်အိပ်ခန်းအတွင်းသို့ သယ်ယူသွား၏။ ထိုအိပ်ခန်းအတွင်းရှိ ဆက်တီထိုင်ခုံပေါ်သို့ တင်ဆောင်ကာ တံခါးဝမှတွေ့ရသော စက်ဘီးချည်သည့် ရာဘာကြိုးအနီကို ယူ၏။ ထိုကြိုးဖြင့် ဆရာမလည်ပင်းကိုရစ်ပတ်ကာ ကြိုးစမှချိတ်နှစ်ဘက်ကို အနီးရှိ ပြတင်းတံခါးမှ သံတိုင်ဖြင့်ချိတ်ထားပြီး ဆွဲကြိုးချသည့် အသွင်သဏ္ဌာန်ကို ဖန်တီးခဲ့ကြ၏။ ထို့နောက် ဇော်လွင်ဦးမှာ အခင်းဖြစ်နေအိမ် ခြံဝင်းအတွင်းမှ ထွက်လာပြီး အောင်ကျော်ဖြိုးမှာ နေအိမ်အတွင်း ကျန်ရှိနေခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဇော်လွင်ဦးမှ ဝန်ခံထွက်ဆိုပြသည်။

"အဲဒီနေ့က ... ဆရာမဒေါ်မွှေးမွှေးခင်မှာ ဘယ်လိုဝတ်စုံဝတ်ထားလဲ၊ ကျောင်းဝတ်စုံလား အရပ်ဝတ်စုံလား"

ထိုမေးခွန်းကို ဇော်လွင်ဦးက–

"အင်္ကျီကတော့ .. အဖြူမဟုတ်ဘူး၊ လုံချည်ကတော့ ... ကျောင်းစိမ်းလုံချည်ပါ"

"မင်းတို့ ... အိမ်ထဲဝင်တော့



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ဘယ်အချိန်လောက်ရှိပြီလဲ''

''အတိအကျတော့ မသိဘူးဗျ၊ နေ့လယ် ၁၂ နာရီခွဲဝန်းကျင်လောက် ရှိမယ်ထင်ပါတယ်''

''မင်းနဲ့ . . . အောင်ကျော်ဖြိုးတို့ ဘယ်မှာဆုံဖြစ်ကြသလဲ''

ဇော်လွင်ဦးသည် အခင်းဖြစ်နေအိမ်မှ ခြေလျင်လျှောက်၍ထွက်လာစဉ် ရွှေထန်းကုန်းဆိုင်အနီး အရောက် နောက်မှ ဆိုင်ကယ်ဖြင့်ရောက်လာသော အောင်ကျော်ဖြိုးနှင့်ဆုံတွေ့၏။ ထို့နောက်ဆိုင်ကယ်ပေါ်တက်၍ အောင်ကျော်ဖြိုးနှင့်အတူ ထွက်လာ၏။ ထိုစဉ် အောင်ကျော်ဖြိုးမှ ဇော်လွင်ဦးအား ငွေထုပ်ဟုဆိုကာ အထုပ်တစ်ထုပ်ပေး၏။ ဆိုင်ကယ်ပေါ်တွင် ဇော်လွင်ဦးမှ အထုပ်ကိုဖွင့်ကြည့်ရာ ငွေငါးသိန်းပါရှိသည်ကို တွေ့၏။ အောင်စည်ဟိန်း လက်ဖက်ရည်ဆိုင်ရှေ့တွင် ဇော်လွင်ဦးမှ ဆင်းကျန်ခဲ့ပြီး အောင်ကျော်ဖြိုးမှာ ဆိုင်ကယ်ဖြင့် ပြန်သွားခဲ့သည်။ အောင်ကျော်ဖြိုးပေးသော ငွေ ၅ သိန်းကို ကောက်ရသည်ဟုဆိုကာ မိခင် ဒေါ်ခင်မာဝင်းအား ပေးအပ်ခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဇော်လွင်ဦးမှ ထွက်ဆိုပြသည်။ ဇော်လွင်ဦး၏စကားအဆုံးတွင် အမှုစစ်အရာရှိ စုံထောက်စံထူးက–

''ငွေငါးသိန်းပဲလား . . . တခြား လက်ဝတ်ရတနာပစ္စည်းတွေက ဘယ်ရောက်ကုန်ပြီလဲ''

\+ + +

### အခန်း(၁၀)

''အဲဒီ လက်ဝတ်ရတနာပစ္စည်းတွေကြောင့်ပဲ ဒီကလေးဟာ ကျွန်တော့်ဆေးရုံကို ရောက်လာခဲ့ပါတယ်''

ဟု ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးမှ ပြောဆိုပါ၏။ တရားခံ ဇော်လွင်ဦး ဆေးရုံရောက်ရှိလာပုံ အကြောင်းစုံကို စုံထောက်စံထူးမှ မေးမြန်းကြည့်ရာ ဒေါက်တာမြင့်စိုးမှ အောက်ပါအတိုင်း ဖွင့်ဆိုပြခဲ့ပါသည်။

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့ မနက်ပိုင်းတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးသည် ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများကို လိုက်လံကြည့်ရှုစစ်ဆေးနေ၏။ ထိုစဉ် ခရမ်းမြို့မှ ကျောင်းဆရာမကို သတ်မှုဖြင့် ဆေးရုံတက်ရောက်ကုသနေသော လူနာတရားခံဇော်လွင်ဦး ခုတင်သို့ရောက်၏။ လည်ပင်းတွင် ဒဏ်ရာရရှိထားသော လူနာတရားခံဇော်လွင်ဦးကို စမ်းသပ်ကြည့်ရှုရင်း ဒေါက်တာမြင့်စိုးက–

''မင်းက ဘာဖြစ်တာလဲ''


''ကျွန်တော်က . . . ကျောင်းဆရာမကို သတ်မှုနဲ့ အဖမ်းခံနေရတဲ့ အချုပ်သားတစ်ယောက်ပါ၊ အဲဒီအမှုမှာ ကျွန်တော်နဲ့အတူ ပြစ်မှုကျူးလွန်တဲ့ အောင်ကျော်ဖြိုးက ကျွန်တော့်ကို ငွေငါးသိန်းပေးပါတယ်''

ထို ငွေ ၅ သိန်းရရှိကြောင်းကိုလည်း မြို့နယ်ရဲစခန်းမှာ ဝန်ခံခဲ့ပါ၏။ ဒါကို ရဲက လက်ဝတ်ရတနာပစ္စည်းများကိုပါ ထုတ်ပေးရန်း တောင်းဆို၏။ မိမိကလည်း ငွေ ၅ သိန်းမှလွဲ၍ မည်သည့်ပစ္စည်းကိုမျှ မရကြောင်းပြော၏။ သို့သော်လည်း ရဲစခန်းမှ သက်သေခံပစ္စည်းများထုတ်ပေးရန်ကိုသာ ထပ်ခါတလဲလဲ စစ်မေးနေ၏။ ထို့ကြောင့် စိတ်ညစ်လာ၍ အချုပ်ခန်းရေအိမ်အတွင်းသွားကာ ရေအိမ်အတွင်း ခြင်ဆေးခွေထွန်းညှိသော သံဖြူပြားဖြင့် မိမိ၏ လည်ပင်းကို ထိုးဖြတ်ခဲ့၍ ဒဏ်ရာရရှိခဲ့ကြောင်း ပြောပြသည်။

''မင်း ပြောတာတွေဟာ အမှန်ပဲလား''


''ဟုတ်ပါတယ် . . . ဆရာကြီး ကျွန်တော် အမှန်အတိုင်းပြောတာပါ။

ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ကြိုး





www.burmeseclassic.com


သေဆုံးသူအား
တင်တွေ့ရှိရာ
ခင်ခုံ

အဲဒီဖြစ်စဉ်ကိုလည်း ကျွန်တော်ကိုယ်တိုင် တရားရုံးမှာ ဖြောင့်ချက်ပေးထားပါတယ်''

ဒေါက်တာမြင့်စိုးသည် တရားခံဇော်လွင်ဦး၏ပြောပြချက်ကို အနီးတွင် အတူရှိနေသော အထက်တန်းသူနာပြုဆရာမကြီးဒေါ်တင်သန်းအား စာဖြင့်ရေး၍ မှတ်တမ်းတင်စေပြီး ထိုစာတွင် ဒေါက်တာမြင့်စိုးကိုယ်တိုင် လက်မှတ်ရေးထိုးထားကြောင်း မြို့နယ်ဆရာဝန်ကြီးမှ အမှုစစ်အရာရှိ စုံထောက်စံထူးသို့ ရှင်းလင်းပြသည်။

''ကျွန်တော် ‥ တစ်ခုလောက် မေးပါရစေ ဆရာကြီး''

''ဟုတ်ကဲ့ မေးပါဗျ''

''တရားခံ ဇော်လွင်ဦးက ဆရာကြီးကို ပြောပြတဲ့အချိန် တရားခံရဲ့ အနီးပတ်ဝန်းကျင် မြင်နိုင် ကြားနိုင်တဲ့ နေရာမှာ ရဲ ဒါမှမဟုတ် ရဲနဲ့ပတ်သက်သူ တစ်ဦးတစ်ယောက် ရှိနေပါသလား ခင်ဗျ''

''ကျွန်တော်တို့ Round လုပ်တဲ့ အချိန် Ward ထဲမှာ လူနာနဲ့ ပြုစုကုသတဲ့ တာဝန်ရှိသူနာပြုကလွဲလို့ တခြားဘယ်သူ့ကိုမှ ပေးမဝင်ပါဘူး၊ အဲဒီလိုပါပဲ ‥‥ တရားခံက ကျွန်တော့်ကို ပြောပြတဲ့အချိန်မှာ ကျွန်တော်နဲ့ တာဝန်ကျ ဆရာဝန်၊ ဆရာမ၊ သူနာပြုကလွဲလို့ တခြား ဘယ်သူမှ မရှိကြပါဘူး''

ခြိမ်းခြောက်ခြင်း၊ ကတိကဝတ်ပြုခြင်း၊ စိုးရိမ်ကြောင့်ကျကင်းရှင်းမှုများဖြင့် အဖြစ်မှန်ကို ဖွင့်ဆိုပြခြင်းသည် သက်သေခံအထောက်အထား တစ်ခုပင်ဖြစ်ပါ၏။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက–

''ပြင်ပဒဏ်ရာ အနေအထားနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ ဘယ်လိုထင်မြင် ယူဆပါသလဲခင်ဗျ''

+ + +

အခန်း(၁၁)

''သေဆုံးသူ ‥‥ ဒေါ်မွှေးမွှေးခင်ရဲ့ ရုပ်အလောင်းကို အခင်းဖြစ်တဲ့နေ့ ညနေ့ညနေ ၅ နာရီ ၂၀ မိနစ်မှာ ကျွန်တော် စတင်ကြည့်ရှုပြီး ရင်ခွဲစစ်ဆေးခဲ့ပါတယ်၊ ပြင်ပဒဏ်ရာအနေနဲ့ သွေးထွက်သံယို ပေါက်ပြဲတာတွေ မရှိပါဘူး''

တရားခံဇော်လွင်ဦး၏ကဏ္ဍကို ရပ်၍ သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်၏ ပြင်ပဒဏ်ရာအနေအထားကို မေးမြန်းကြည့်၏။ ထို့ကြောင့် ရင်ခွဲစစ်ဆေးခဲ့သော မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးမှ သေဆုံးသူ၏ပြင်ပ


www.burmeseclassic.com

www.burmeseclassic.com



> အမှုစစ်အရာရှိ၏ အမေးက ပညာပါလှသလို ကျွမ်းကျင်သူဆေးပညာရှင်၏ မှုခင်းဆိုင်ရာဆေးပညာကလည်း တိကျလှပါ၏။ ဤသည်မှာ အမှုစစ်ဆေးသည့်လမ်းကြောင်းပေါ်မှ ပြစ်မှုအဝန်းအဝိုင်း၊ တစ်နည်းပြစ်မှုနယ်ပယ်ကို ကျဉ်းပြခြင်းဖြစ်ပါ၏။ သို့မှသာ အမှုစစ်အရာရှိ၏ စုံစမ်းစစ်မေးတွေ့ရှိချက်၊ ပြစ်မှုကျူးလွန်သူ၏ဝန်ခံချက်နှင့် ကျွမ်းကျင်သူ(ပါရဂူ)၏ ထင်မြင်ချက်တို့မှာ တစ်ထပ်တည်းကျပါ၏။ ဖြစ်စဉ်တစ်ခုအတွက် အဖြစ်မှန်ကို ထပ်တူညီမျှစွာ ပြုမူ၊ မြင်တွေ့ကြားသိ၊ ထင်မြင်ကြသူများ၏ စပ်ဆိုင်မှုအချင်းအရာများသည် နိုင်လုံသော အထောက်အထားများပင် ဖြစ်ပါပေသည်။

ဒဏ်ရာကို အထက်ပါအတိုင်း ဖွင့်ဆိုပြ၏။ ထို့နောက် ရင်ခွဲစစ်ဆေးတွေ့ရှိမှုကို သိလို၍ စုံထောက်စံထူးမှ မေးမြန်းကြည့်ရာ ဒေါက်တာမြင့်စိုးမှ အောက်ပါအတိုင်း ရှင်းလင်းပြခဲ့ပါသည်။

သေဆုံးသူ၏ဘယ်ဘက်လက်ဖဝါးသည် လက်သီးဆုပ်လျက် လက်သည်းပြာနေ၏။ ညာဘက်လက် တံတောင်ကွေးလျက် လက်သည်းပြာနေ၏။ ဦးခေါင်းပိုင်းတွင် နဖူးတပြင်လုံး အရောင်ပြောင်း၍ ညိုနေ၏။ မျက်လုံးနှစ်ဖက်ပိတ်လျက် မျက်ခွံနှစ်ခုလုံး ညိုမဲနေ၏။ လျှာထွက်လျက် လျှာကိုကိုက်ထားပြီး လျှာမှာညိုမဲနေ၏။ နှုတ်ခမ်းသားနှင့် နှာခေါင်းတို့မှာ ညိုမဲနေပြီး နှာခေါင်းမှ သွေးစသွေးနအနည်းငယ် ထွက်နေ၏။ ဘယ်ဘက် လည်ပင်းမှနေ၍ ကြိုးရာတစ်ပတ်၊ နောက်ထပ်ကြိုးရာတစ်ခုနှင့် ဘယ်ဘက်တွင် ကြိုးရာဆုံနေ၏။ ကြိုးရာနှစ်ခုလုံး လည်ပင်းရှေ့တွင် ပို၍ထင်ရှား၏။ လည်ပင်းနောက်ဘက်တွင် ရှေ့ကြိုးရာနှင့် တစ်တန်းတည်း ပတ်လည်ညိုမဲဒဏ်ရာရှိနေ၏။ ခန္ဓာကိုယ်အတွင်းရှိ ကလီဇာများမှာ ပုံမှန်အတိုင်းရှိနေကြောင်း ဒေါက်တာမြင့်စိုးမှ ဖွင့်ဆိုပြသည်။

"သေဆုံးသူရဲ့ အစာအိမ်နဲ့ပတ်သက်ပြီး အစာစားထားခြင်း အစာဟောင်းများရှိနေခြင်း ရှိ/မရှိ သိပါရစေဆရာ"

"သေဆုံးသူရဲ့ အစာအိမ်ထဲမှာ အစာဟောင်း၊ အစာသစ် လုံးဝမတွေ့ရပါဘူး"

ဤအဖြေကိုကြည့်လျှင် သေဆုံးသူသည် အစားအစာမစားမီ သေဆုံးရခြင်းဖြစ်ကြောင်း ထင်ရှားပါ၏။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက–

"သေဆုံးရခြင်းအကြောင်းရင်းကို ဆရာ ဘယ်လို ထင်မြင်ပါသလဲ"

"လည်ပင်းပေါ်က ... ကြိုးရာများကြောင့် အသက်ရှူလမ်းကြောင်းပိတ်ပြီး သေဆုံးရတာပါ"

"သူ့ကိုယ်သူ ကြိုးဆွဲချပြီး သတ်သေတာကောမဖြစ်နိုင်ဘူးလား ဆရာ"

"မဖြစ်နိုင်ဘူးဗျ ... ဘာဖြစ်လို့လဲဆိုတော့ လည်ပင်းရှေ့မှာ ထင်ထင်ရှားရှားရှိနေတဲ့ ကြိုးရာတွေဟာ တစ်စုံတစ်ဦးကြောင့်ဆိုတာ သိသာထင်ရှားပါတယ်၊ ကိုယ့်ကိုကိုယ် ဆွဲကြိုးချမယ်ဆိုရင် အဲဒီလောက် နှစ်ပတ် သုံးပတ်ပတ်နေစရာမလိုပါဘူး၊ ကွင်းလျှောကြိုးတစ်ပတ်တည်းနဲ့ ကိစ္စပြီးပါတယ်"

အမှုစစ်အရာရှိ၏ အမေးက ပညာပါလှသလို ကျွမ်းကျင်သူဆေးပညာရှင်၏မှုခင်းဆိုင်ရာ ဆေးပညာ (Forensic Medicine) ကလည်း တိကျလှပါ၏။ ဤသည်မှာ အမှုစစ်ဆေးသည့် လမ်းကြောင်း (Line of Investigation) ပေါ်မှ ပြစ်မှုအဝန်းအဝိုင်း၊ တစ်နည်း ပြစ်မှုနယ်ပယ် (Crime Scope)ကို ကျဉ်းပြခြင်းဖြစ်ပါ၏။ သို့မှသာ အမှုစစ်အရာရှိ၏ စုံစမ်းစစ်မေးတွေ့ရှိချက်၊ ပြစ်မှုကျူးလွန်သူ၏ဝန်ခံချက်နှင့် ကျွမ်းကျင်သူ(ပါရဂူ) (Expert Opinion) ၏ ထင်မြင်ချက်တို့မှာ တစ်ထပ်တည်း ကျပါ၏။ ဖြစ်စဉ်တစ်ခုအတွက် အဖြစ်မှန်ကို ထပ်တူညီမျှစွာ ပြုမူ၊ မြင်တွေ့ကြားသိ၊ ထင်မြင်ကြသူများ၏ စပ်ဆိုင်မှုအချင်းအရာ Relevant facts များ



www.burmeseclassic.com

www.burmeseclassic.com



သည် ခိုင်လုံသော အထောက်အထား များပင် ဖြစ်ပါပေသည်။ သေချာသည်ထက် သေချာအောင် သိရှိလို၍ စုံထောက်စံထူး၏အမေးက–

"ဆရာမ ဒေါ်မွေးမွေးခင်ရဲ့ သေဆုံးချိန်ကို ဆရာ ... ဘယ်လိုမှန်းဆပါသလဲ"

"ကျွန်တော် ... စတင်စစ်ဆေးချိန်ကနေ .. လွန်ခဲ့သော လေးနာရီလောက်မှာ သေဆုံးတယ်လို့ မှန်းဆရပါတယ်"

သေဆုံးသူ၏ ရုပ်အလောင်းကို ဒေါက်တာမြင့်စိုး စတင်စစ်ဆေးချိန်နှင့် သေဆုံးချိန်မှန်းဆမှုကို ခြားနားကြည့်ပါလျှင် ဆရာမ ဒေါ်မွေးမွေးခင်သည် အခင်းဖြစ်သည့်နေ့ နေ့လယ် ၁ နာရီဝန်းကျင်တွင် သေဆုံးကြောင်း မီးမောင်းထိုးပြလျက်ရှိပေသည်။

\+ + +

အခန်း(၁၂)

"အကြောင်းအချင်းအရာတစ်ခုမှာ အတူတကွ ပါဝင်တဲ့သူက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံတယ်၊ တရားရုံးမှာလည်း .. ဖြောင့်ချက်ပေးတယ်၊ ပြစ်မှုကျူးလွန်ရာမှ ... ရရှိခဲ့တဲ့ငွေအချို့ကိုလည်း အပ်တယ်၊ ပြစ်မှုကျူးလွန်ရာမှာ အသုံးပြုတဲ့ဆိုင်ကယ်နဲ့ စက်ဘီးတုတ်ကြိုးကိုလည်း ရရှိထားတယ်၊ ပြစ်မှုကျူးလွန်သူနှစ်ဦးရဲ့ သွားလာလှုပ်ရှားမှုကိုလည်း မြင်တွေ့သူများက အချိန်၊ အရောင်အသွေးနဲ့တကွ ထွက်ဆိုကြတယ်၊ ကျွမ်းကျင်သူဆေးပညာရှင်ကလည်း သေဆုံးသူရဲ့ဒဏ်ရာ အနေအထားနဲ့ ပြစ်မှုကျူးလွန်သူရဲ့ဝန်ခံချက်ကို မှတ်တမ်းပြုထားတယ်"

အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပေါ်ပေါက်မှုတို့ကို အမှုစစ်အရာရှိဖြစ်သူက ဥပဒေပညာရှင်သို့ အကြံဉာဏ်များတောင်းခံရပါ၏။ ဥပဒေပညာရှင်သည် အမှုတစ်ခုအတွက် လိုအပ်သည်ကို ထောက်ရှုပြပါ၏။ ထိုထောက်ကွက်ကို အမှုစစ်အရာရှိက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရပါ၏။ ယခုလည်း အမှုစစ်အရာရှိ စုံထောက်စံထူးမှ ဆရာမဒေါ်မွေးမွေးခင်အသတ်ခံရမှုကို ဥပဒေပညာရှင်သို့ တင်ပြ၏။ ထိုတင်ပြချက်အပေါ် ဥပဒေပညာရှင်မှ အထက်ပါစကားဖြင့် ဖွင့်ဆိုနေပါ၏။


"ဟုတ်ပါတယ် .. ဆရာ၊ အမှုနဲ့ပတ်သက်ပြီး ကျွန်တော့်ဘက်က ဘာများဆက်လုပ်ဖို့ လိုပါသေးလဲလို့"

စုံထောက်စံထူး၏ မေတ္တာရပ်ခံချက်ကို ဥပဒေပညာရှင်က–

"ခင်ဗျားဘက်က ကုန်စင်အောင် လုပ်ထားပြီးပြီပဲ၊ ကျွန်တော် ... ဖြည့်စွက်စရာ မရှိပါဘူး"

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ အဓိကကျတဲ့တရားခံက လုံးဝ ငြင်းနေပါတယ်"

"တရားခံဆိုတာ ငြင်းမှာပဲဗျ၊ ဒါသူ့အလုပ်လေ၊ သူ ကျူးလွန်တဲ့ပြစ်မှုအတွက် ကျွန်တော်တို့ဘက်က ခိုင်လုံတိကျတဲ့ ပေါ်ပေါက်မှုမျိုးရထားရင် သူငြင်းလည်း အပိုပါပဲ၊ အခု ... ကြည့်လေ၊ သူက ... တစ်ယောက်တည်း ဖင်ပိတ်ငြင်းနေတာ၊ သူနဲ့အတူပါတဲ့ ဝန်ခံသူရဲ့ထွက်ဆိုမှုကို မျက်မြင်တွေ့ရှိသူတွေက တိတိပပ ပြောဆိုပြနေတော့



တရားခံ အောင်ကျော်ပြုံး



တရားခံ ဇော်လွင်ဦး(ခ)ဇော်လွင်



www.burmeseclassic.com

www.burmeseclassic.com



အမှုအတွက် ၉၅ ရာခိုင်နှုန်း အောင်မြင်ပြီးမြောက်နေပြီပဲ ဆက်လုပ်ပါ''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဆရာ''

ဤသို့ဖြင့် စီအိုင်ဒီမှ အမှုစစ်အရာရှိ စုံထောက်စံထူးသည် ဆရာမ ဒေါ်မွေးမွေးခင် အသတ်ခံရမှုတွင် ပြစ်မှုကျူးလွန်သူ တရားခံ အောင်ကျော်ဖြိုး(ခ)အရှည်ကြီး (၂၂)နှစ်၊ ခရမ်းမြို့နှင့် တရားခံ ဇော်လွင်ဦး(ခ)ဇော်လွင် (၂၂)နှစ်၊ ရွှေဘိုစုကျေးရွာ၊ ခရမ်းမြို့နယ်နေသူတို့နှစ်ဦးအပေါ် ခရမ်းမြို့နယ်ရဲတပ်ဖွဲ့ စခန်း(ပ)၂၀၃/၂၀၁၀၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂/၃၉၂ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်တရားရုံးသို့ ခိုင်လုံသော အထောက်အထားများဖြင့် တရားစွဲဆို တင်ပို့ခဲ့သည်။

တောင်ပိုင်းခရိုင်တရားရုံးသည် အဆိုပါအမှုကို ပြစ်မှုကြီးအမှတ် ၄၄/၂၀၁၁ ဖြင့် လက်ခံစစ်ဆေးခဲ့၏။ တရားရုံး၏ စစ်မေးပေါ်ပေါက်မှုအရ တရားခံဇော်လွင်ဦး(ခ)ဇော်လွင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ) အရ သေဒဏ်နှင့် တရားခံအောင်ကျော်ဖြိုး(ခ)အရှည်ကြီးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၁၁၄ အရ သေဒဏ်ကျခံစေရန် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် အသီးသီး အမိန့်ချမှတ်ခဲ့ပါသည်။

အသိတရားဖြင့် သတိပွား၍ ဖြစ်စဉ်ကို သုံးသပ်ကြည့်စေချင်ပါသည်။ တရားခံအောင်ကျော်ဖြိုး(ခ)အရှည်ကြီးသည် သေဆုံးသူ ဆရာမ ဒေါ်မွေးမွေးခင်၏တပည့်ရင်းထက်ပိုကာ သားတပည့်တစ်ယောက် ဖြစ်ပါ၏။ မူလတန်းကျောင်းသားဘဝမှ အထက်တန်းကျောင်းသားဖြစ်သည်အထိ ဆရာမ၏ အရိပ်အာဝါသအောက်တွင် မှီခိုခဲ့ရပြီး ဆရာမနေအိမ်သို့ အတားမရှိ၊ တံခါးမရှိ ဝင်ထွက်သွားလာ နေထိုင်ခဲ့သူဖြစ်၏။ ဆရာမ ဒေါ်မွေးမွေးခင်အနေဖြင့် တပည့်ဖြစ်သူ အောင်ကျော်ဖြိုးအပေါ် ပညာလည်းပေး၊ စားစရာလည်းကျွေး၍ ငါးဖြာကျင့်ဝတ် ညီညွတ်စွာဖြင့် ပြုကျင့်ခဲ့သူဖြစ်ပါ၏။

''ဆရာ''ဆိုသည်မှာ ပါဠိဝေါဟာရ''ဆာယာ''မှ ဆင်းသက်လာသော စကားဖြစ်ပါ၏။ ''ဆာယာ''ဆိုသည်ကား ''အရိပ်အာဝါသ''၊ ''အရိပ်အရောင်''ဟု အဓိပ္ပာယ်ပြုပါ၏။ ထို့ကြောင့် ဆရာ ခေါ် ဆာယာသည် အရိပ်အာဝါသနှင့် အရိပ်အရောင်ပင် ဖြစ်ပါ၏။ ထို အရိပ်အာဝါသနှင့် အရိပ်အရောင်သည် မည်သူ့အတွက် ဖြစ်ပါသနည်း။ အရိပ်အောက်တွင် လာရောက်မှီခိုသော တပည့်များအတွက် ဖြစ်ပါ၏။ ဆရာသည် လာရောက်မှီခိုသူ တပည့်များအား အရိပ်အာဝါသပေးရုံတွင်မက တောက်ပြောင်အောင် အရောင်တင်ပေးသလို လမ်းမှန်အောင် အလင်းရောင်ကိုလည်းပေး၏။ ဆရာသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖြစ်သလို ပူဇော်ခံထိုက်သော ခင်ပွန်းကြီး(၁၀)ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါ၏။ ကျေးဇူးအနန္တ ကြီးမားလှသော ဆရာအား အသက်ဆုံးရှုံးသည်အထိ ပြစ်မှားခဲ့သော တပည့်သည် ကံကြီးထိုက်၍ ခင်ပွန်းကြီး(၁၀)ပါး ဘေးဒဏ်သင့်ခြင်းခံရပေဦးမည်။ ဆရာကိုသတ်သည့် တပည့်မိုက်သည် ပစ္စုပ္ပန်တွင် တရားဥပဒေမှပေးသောပြစ်ဒဏ်ကို မရှောင်မလွှဲ ခံစားရမှာဖြစ်၏။ နောင် အနာဂတ်သံသရာတွင် ခံစားရမည့် ဘေးဒုက္ခက ဘုရားရှင်ပွင့်တော်မူသော်လည်း အဝီစိမှလွတ်မြောက်နိုင်မည် မဟုတ်တော့ပါ။

ဆရာအတင်မှား၍ ဖခင်အရင်းကို သတ်ခဲ့မိသော အဇာတသတ်နှင့် ကျေးဇူးတော်ရှင်ဘုရားသခင်ကို အသက်သေစေရန် ကြံစည်အားထုတ် ပြုလုပ်ခဲ့သော ဒေဝဒတ်တို့မှာ ယခုအချိန်အထိ အဝီစိငရဲတွင် ရှိနေဆဲပင် ဖြစ်ပါ၏။ အနန္တဂိုဏ်းဝင် ဆရာသခင်ကို ပြစ်မှားခဲ့သော တပည့်မိုက်၏ဖြစ်စဉ်ကိုလည်း

**''စုံထောက်စံထူးနှင့်ခေတ်သစ်ဒေဝဒတ်''**

ဟူ၍သာ ...။

စုံထောက်မောင်ရေခဲ

ညွှန်းဖွဲ့

ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့သော မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)မှ

ထိုစဉ်က ဒုရဲမှူးကြီးစိုးနိုင်ဦး (ယခု-ရဲမှူးကြီး)၊

ဒုရဲမှူးကျော်ဝင်း(ယခု-ရဲမှူး)၊

ရဲအုပ်ဇော်လွင်ဦး၊ ဒုရဲအုပ်ဇော်ထွန်းဦး (ယခု-ရဲအုပ်)နှင့်

ဒုရဲအုပ်သန်းဇော်(ယခု-ရဲအုပ်)

တို့၏ ကိုယ်စား

အမှုစစ်အရာရှိစုံထောက်စံထူးဟု

အမည်တစ်ဦးတည်းဖြင့်

ကမ္ပည်းပြုထားပါသည်။ ဤသို့

ရေးသီညွှန်းဆိုနိုင်ရန်ကူညီပံ့ပိုးပေးသော

မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)အား

ကျေးဇူးတင်ရှိပါကြောင်း

မှတ်တမ်းပြုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




# စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ်(၁၆၈/၂၀၁၃) သင်တန်းဖွင့်ပွဲ




၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ မနက် ၈ နာရီအချိန်က မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)၊ အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲ၊ ရန်ကုန်ရှိ လေ့ကျင့်ရေးဌာနခွဲ၊ စုံထောက်သင်တန်းကျောင်းခန်းမတွင် စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၆၈/၂၀၁၃)သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦး၊ မှုခင်းသိပ္ပံနည်းပညာဌာနခွဲမှ ဌာနခွဲမှူး ဒုတိယရဲမှူးကြီးတင်အောင်ဝင်း၊ မှုခင်းသုတေသနဌာနခွဲမှ ဌာနခွဲမှူး ဒုတိယရဲမှူးကြီး အေးအေးကျော်(ဒေါ်)၊ လေ့




www.burmeseclassic.com

www.burmeseclassic.com







ကျင့်ရေးဌာနခွဲမှ ဒုတိယရဲမှူးကြီးမာမာ (ဒေါ်)နှင့် တပ်ဖွဲ့စုမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦးမှသင်တန်းဖွင့်မိန့်ခွန်းကိုမြွက်ကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ သင်တန်းတွင် ပြည်၊ တိုင်းဒေသကြီးများမှ ရဲအုပ်အဆင့်(အမျိုးသား)ရ၃ ဦးနှင့် ရဲအုပ်အဆင့်(အမျိုးသမီး)ရရ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ အရာရှိ ၁၅၀ ဦးတက်ရောက်လျက်ရှိသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး ရဲအုပ်များသည် ဒုတိယရဲမှူးရာထူးအဆင့်တိုးမြှင့်ဆိုထားသူများဖြစ်ကြပြီး စုံထောက်(အရာရှိ)သင်တန်းသို့ မတက်ရောက်ရသေးသူများဖြစ်၍ အထူးသင်တန်းပေးခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ ရက်သတ္တ(၁၂)ပတ်ဖြစ်ကြောင်း သတင်းရရှိပါသည်။


စုံထောက်မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com







## မောင်ဉာဏ်ဝိန်

# တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ်(၁၇/၂၀၁၃) ဖြစ်သော တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေသည် ၂၉-၇-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ပြဋ္ဌာန်းလိုက်ပြီးဖြစ်သည်။ အများပြည်သူများသိရှိနိုင်ရန် ၃၀-၇-၂၀၁၃ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဥပဒေကို အမှုသည်များ၊ ရှေ့နေများလည်း သိသင့်ကြသည်။ စာနယ်ဇင်းသမားများလည်း ဖတ်ရှုလေ့လာထားသင့်သည်။ သတင်းစာဆရာများ၊ ဂျာနယ်သမားများ၊ မဂ္ဂဇင်းများတွင် ရေးသားကြသူများအနေဖြင့် မိမိတို့၏ တာဝန်အရရေးသားရင်း ဤဥပဒေပါ မှုခင်းအချက်အလက်မျိုးဖြင့် ထိပ်တိုက်တိုးတတ်သည်။ မတော်တဆ ခလုတ်တိုက်မိတတ်ကြပေသည်။ ထို့ကြောင့် ကြိုတင်သိရှိထားခြင်း၊ လေ့လာထားခြင်းဖြင့် ဤဥပဒေဖြင့် အရေးယူခြင်းခံရမှုမျိုး မပေါ်ပေါက်စေရန် ဆင်ခြင်နိုင်ကြ၊ ရှောင်တိမ်းနိုင်ကြပေမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၀၇)အရ ဤဥပဒေကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ထိုသို့ ထုတ်ပြန်ကြေညာပြီးသည့်နေ့မှစ၍ အာဏာတည်ရမည်ဖြစ်သည်။ ဤဥပဒေတွင် အခန်း(၆)ခန်း၊ ပုဒ်မ(၁၆)ခု ပါရှိသည်ကို တွေ့ရပြီး ပုဒ်မ(၁၆)အရ The Contempt of Courts Act ကို ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

အခန်း(၁)မှာ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်တို့ပါရှိသော အခန်းဖြစ်သည်။ "တရားရုံး"ဆိုသော ဝေါဟာရ၊ "တရားရုံးများကို မထီမဲ့မြင်ပြုမှု" ဆိုသော ဝေါဟာရ၊ "တရားမဆိုင်ရာမထီမဲ့မြင်ပြုမှု" "ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု"ဟူသောဝေါဟာရ၊ တရားလွှတ်တော်ဆိုသော ဝေါဟာရများကို အဓိပ္ပာယ်ဖော်ပြထားသည်ကို တွေ့ရသည်။

**"တရားရုံးများကို မထီမဲ့မြင်ပြုမှု"** ဆိုသည်မှာ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကိုဆိုသည်ဟု ဖော်ပြထားသည်။

"တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု"ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီအမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သော ဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကို ဆိုသည်ဟု ပါရှိသည်။ **"ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု"** ဆိုသည်မှာ အောက်ပါအပြုအမူတစ်ခုခုအတွက်၊ အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့် ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်။

(၁) တရားရုံး၏ ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း (သို့မဟုတ်) သေးသိမ်ရန် ဖြစ်တန်စေခြင်း။

(၂) တရားစီရင်သော မှုခင်းကိစ္စတွင် ဖြောင့်မှန်စွာဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း၊ သို့မဟုတ် နှောင့်ယှက်ခြင်း။

(၃) မှန်ကန်လွတ်လပ်စွာတရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှုလျော့နည်းစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း။

(၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသောအချက်များကို တစ်စုံတစ်ရာအဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

အခန်း(၂)တွင် စီရင်ပိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်တို့ကို ပုဒ်မ(၃)(၄)(၅)(၆)တို့ဖြင့် ဖော်ပြထားပြီး အခန်း(၃) ပုဒ်မ(၇)(၈)(၉)တို့တွင် **"ကင်းလွတ်ချက်များ"** ကို ဖော်ပြထားသည်။ ကင်းလွတ်ချက်များမှာ စာနယ်ဇင်းသမားများ၊ ရှေ့နေများ၊ အမှုသည်များအနေဖြင့် သိသင့်သိထိုက်သော အချက်များဖြစ်သည်။

ပုဒ်မ(၇)တွင် ဆောင်ရွက်ဆဲ တရားစီရင်ရေးမှုခင်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျနိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ် ရေးသားဖော်ပြခြင်း၊ (သို့မဟုတ်) ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်) ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ(၈)တွင် စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သော မှုခင်းတစ်ရပ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာသုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကိုပုံနှိပ်ထုတ်ဝေခြင်း(သို့မဟုတ်)ဖြန့်ချိခြင်းသည် တရားရုံးကိုမထီမဲ့မြင်ပြုမှုမမြောက်စေရဟု ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com


ပုဒ်မ(၉)တွင်လည်း ဤဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ အောက်ဖော်ပြပါ အကြောင်းအရာများမှအပ အများပြည်သူဝင်ရောက်ခြင်းကို ဟန့်တားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း(သို့မဟုတ်)ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ အောက်ဖော်ပြပါ အကြောင်းအရာများဟူသည်မှာ အောက်ပါတို့ ဖြစ်ပေသည်။

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်) ဖြန့်ချိခြင်း။

(ခ) အများပြည်သူဆိုင်ရာမူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ၊ တရားရုံးက အတိအလင်းတားမြစ်ပိတ်ပင်ထားသည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ သတင်းအချက်အလက်များနှင့် သရုပ်ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း။

(ဂ) တရားစီရင်သော မှုခင်းတစ်ရပ်တွင် အငြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့်လုပ်ငန်းစဉ်၊ စူးစမ်းရှာဖွေတွေ့ရှိချက် (သို့မဟုတ်) တီထွင်မှု စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်း၊ (သို့မဟုတ်) ဖြန့်ချိခြင်း။

စာနယ်ဇင်းသမားများအနေဖြင့် ပုဒ်မ(၇)(၈)(၉)တို့တွင် ကင်းလွတ်ချက်များကို ပေးထားသော်လည်း ပုဒ်မ(၉)အောက်ရှိ (က)(ခ)(ဂ)ပါ အကြောင်းအရာများနှင့် မငြိစွန်းစေရန်ကိုမူ အထူးသတိပြုရန် လိုအပ်သည်ဟု ယူဆရပေသည်။

အခန်း(၄) ပုဒ်မ(၁၀)နှင့် (၁၁)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ဖော်ပြထားသည်။ ပုဒ်မ(၁၀)တွင် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုဖြင့် ပြစ်မှုထင်ရှားတွေ့ရှိလျှင် ထိုသူအား ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ(၁၁)တွင်လည်း တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်မျှဖြင့် လုံလောက်မှုမရှိဟု ထင်မြင်ပါက သုံးလထက်မပိုသော တရားမထောင်ဒဏ်ကို ချမှတ်နိုင်သည်ဟု ဖော်ပြထားပေသည်။

ပြစ်မှုနှစ်မျိုးလုံးတွင် အမြင့်ဆုံးပြစ်ဒဏ်ကို ဖော်ပြထားသော်လည်း အနိမ့်ဆုံးပြစ်ဒဏ်ကို ဖော်ပြထားခြင်းမရှိသဖြင့် တရားလွှတ်တော်၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ရန်အတွက် တရားလွှတ်တော်အား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားခြင်းဟု ယူဆရပေသည်။

အခန်း(၅)တွင် အယူခံဝင်ခွင့်ကို ပြဋ္ဌာန်းထားပြီး အခန်း(၆)မှာ အထွေထွေဖြစ်သည်။ အခန်း(၆)၊ ပုဒ်မ(၁၄)တွင် တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း အမှုကိုစွဲဆိုရမည်ဟု တရားစွဲဆိုရမည့်ကာလ စည်းကမ်းချက်ကို ဖော်ပြထားပေသည်။ သတ်မှတ်ထားသောကာလထက် ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။


ပုဒ်မ(၁၅)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သောနည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းထားရာ ဤဥပဒေနှင့်စပ်လျဉ်းပြီး နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ဆက်လက်၍ ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဉာဏ်စိန်


www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ရသ



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... အိမ်ရှေ့မှာဧည့်သည် တွေရောက်နေတယ်၊ လာတွေ့ပါဦး"

သားလေးနိုင်နိုင်၏ အော်ပြောလိုက်သံကြောင့် မီးဖိုခန်းထဲမှ ဒေါ်ခင်မေကြိုင်မှာ ဘယ်သူတွေများပါလိမ့်ဟူသောအတွေးဖြင့် အိမ်ရှေ့ခန်းဘက်သို့ ခပ်သုတ်သုတ်ထွက်လာလိုက်ရတော့၏။ အိမ်တံခါးပေါက်ဝဝယ်ရပ်ကွက်နယ်မြေမှူးနှင့် လူစိမ်းနှစ်ယောက်ကို တွေ့လိုက်ရသည်။

"အိမ်ထဲဝင်ထိုင်ကြပါဦးရှင် ... ရှေ့မှာ ရပ်စောင့်နေရတာ အားနာစရာကောင်းလိုက်တာ"

ဒေါ်ခင်မေကြိုင်က လူစိမ်းများအား အကဲခတ်ကြည့်ရင်း ဧည့်ဝတ်ပြုစကားပြောကြားလိုက်ရတော့သည်။ နယ်မြေမှူးဖြင့်ပါလာသူများအား သူမလုံးဝမသိ။ ထို့ကြောင့် သူမရင်ထဲ၌ စိုးရိမ်စိတ်များ မသိမသာကိန်းဝပ်လာသည်။

"ဒီက ဧည့်သည်တွေက ဒေါ်ခင်မေကြိုင်ရဲ့ခင်ပွန်း ဦးလှသန်းငွေနဲ့ တွေ့ချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ"

"ဩော် ... ဟုတ်ကဲ့၊ ကိုကိုက အဲလေ ကိုလှသန်းငွေက တောပစ်ထွက်သွားတာ ... တစ်ပတ်လောက်တောင်ရှိသွားပြီ၊ ရှင် ပြောစရာရှိတယ်ဆိုရင် ... ကျွန်မကို ပြောထားခဲ့လို့ရပါတယ်"

ပါလာသော လူစိမ်းနှစ်ယောက်က တစ်ဦးမျက်နှာကိုတစ်ဦးကြည့်လိုက်ကြသည်။ နောက်ပြီးမှ အားနာသောလေသံဖြင့်–

"ဩော် ... ဦးလှသန်းငွေက တောပစ်ထွက်သွားနေတာကိုး၊ သူမရှိရင်လည်း နေပါစေလေ၊ ကျွန်တော်က သူ့သူငယ်ချင်းမိတ်ဆွေ အောင်ကိုကိုပါ၊ ခရီးကြုံတာနဲ့ လာတွေ့တာပါ၊ သူပြန်လာရင်သာ ကျွန်တော် လာတွေ့တဲ့အကြောင်းလေး ပြောပြပေးပါနော်"

"ဟုတ်ကဲ့ရှင် ... ပြောပြလိုက်ပါ့မယ်၊ ဦးအောင်ကိုကိုက ခု .. ဘယ်မှာတည်းလဲမသိဘူး၊ အိမ်မှာတည်းမယ်ဆိုလည်း ရပါတယ်"

"ကျွန်တော် ... ဒီမှာ မတည်းတော့ဘူးခင်ဗျာ၊ ခရီးဆက်စရာရှိနေလို့ပါ၊ ကျေးဇူးတင်ပါတယ်နော်၊ လူချင်းမတွေ့ရတာကြာလို့ တွေ့ရုံသက်သက်ပါ၊ ကဲ ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ဧည့်သည်နှစ်ယောက်နှင့် နယ်မြေမှူးတို့ ပြန်လည်ထွက်ခွာသွားကြသည်။ ဒေါ်ခင်မေကြိုင်က ထိုအခါမှ အမျိုးအမည်မသိသော စိုးရိမ်စိတ်များ လွင့်ပါး ပျောက်ကွယ်သွားဘိအလား သက်မတစ်ချက် ချလိုက်မိတော့သည်။ သားလေးနိုင်နိုင်ကမူ သူတို့စကား ပြောကြားနေသည်ကို စိတ်ဝင်စားဟန်မပြ။ လူငယ်သဘာဝ ဆော့ကစားနေချေသည်လေ။ သားလေးနိုင်နိုင်အား ကြည့်၍ ဒေါ်ခင်မေကြိုင်မှာ စိုးရိမ်မှုနှင့် သောကတို့ ယှဉ်တွဲခံစားလိုက်ရသဖြင့် သူမဦးခေါင်းကို မသိမသာခါရမ်းရင်း မျက်ရည်များပင် လည်လာရတော့သည်။ တကယ်တော့ သားလေးနိုင်နိုင်မှာ ကျပ်ပြည့်သောကလေးတစ်ယောက်မဟုတ်။ ပညာတတ်တစ်ဦးဖြစ်အောင် မိဘနှစ်ပါးက ရည်မှန်းချက်ထားကြိုးစားခဲ့သော်ငြား၊ သားလေးနိုင်နိုင်ကား သေစာရှင်စာမှတစ်ပါး တိုးတက်ထူးချွန်နိုင်ဖွယ်ရာအကြောင်း မရှိပါလေတော့။ ဒေါ်ခင်မေကြိုင်တို့မှာ သည်သားတစ်ဦးတည်းသာ၊ နောက်ထပ်ရရှိခဲ့သော ရင်သွေးသမီးလေးမှာလည်း မီးတွင်းမှာ အသားဝါရောဂါဖြင့် ဆုံးပါးသွားခဲ့ရသည်လေ။

သို့အတွက် သားဖြစ်သူနိုင်နိုင်၏ ပညာရေးအား လင်မယားနှစ်ဦးက လျစ်လျူရှုထားခဲ့လိုက်ကြတော့၏။ ယခုဆိုလျှင်ပင် နိုင်နိုင်မှာ လူပျိုပေါက်အရွယ်သို့ပင် ရောက်ရှိနေချေပြီ။ တကယ်တမ်းဆိုလျှင် ဒေါ်ခင်မေကြိုင်ဟု ခင်ပွန်းသည်၏ ဂုဏ်ဒြပ်ကြောင့်သာ 'ဒေါ်'တပ်ခေါ်ရသော်လည်း သူမ၏အသက်မှာ လေးဆယ်ဝန်းကျင်မျှသာရယ်လေ၊ သစ်တောဝန်ထောက်ကတော်ဟူသောဂုဏ်အရှိန်အဝါ၊ ဝတ်စားဆင်ယင်မှုများနှင့် မူလရှိရင်းစွဲအလှအပတို့ ပူပေါင်းမိလေသောအခါ ကျက်သရေယှဉ်ဝင် အပျိုစင်တစ်ဦးပမာ လှဆဲပဆဲ နုပျိုဆဲ မခင်မေကြိုင်သာ ဖြစ်နေချေသည်တကား။

ဧည့်သည်များပြန်ထွက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါ်ခင်မကြေိုင်က ကားဂိုထောင်ဘက်သို့ လှမ်းကြည့်လိုက်၏။ ကားဂိုထောင်အတွင်းမှ သူမအားရင်းနှီးသောအပြုံးဖြင့် စောင့်ကြည့်နေသော ကားဒရိုင်ဘာအောင်သောင်းအား တွေ့မြင်လိုက်ရသည်။ ဒေါ်ခင်မကြေိုင်က အမ်ပီဖိုးလေးဖြင့် ဂိမ်းကစားနေသော နိုင်နိုင်အား တစ်ချက်မျှသာလှည့်ကြည့်လျက် ဒရိုင်ဘာအောင်သောင်းရှိရာ ကားဂိုဒေါင်ဘက်သို့ ခြေဦးလှည့်ခဲ့လေတော့သည်။

+ + +

(၂)

ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းမြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးခန်းတွင် ဖြစ်ပါလေ၏။ တာဝန်ကျရဲတပ်ဖွဲ့ဝင်တစ်ဦးက စခန်းမှူးဝင်းအောင်မြိုင်ထံသို့ လာရောက်သတင်းပို့လိုက်လေသည်။

"ဆရာ့ကို ... တွေ့ချင်လို့ဆိုပြီး ဧည့်သည်နှစ်ဦးရောက်နေတယ်ဆရာ၊ အဲဒါ ... ဆရာ့ဆီကို လွှတ်ပေးလိုက်ရမလားဆရာ"

"အေး ... ကောင်းပြီ၊ ငါ့ဆီ လွှတ်ပေးလိုက်ပါကွာ"

ခဏအကြာမှာပင် ရဲတပ်ဖွဲ့ဝင်တစ်ဦးက စခန်းမှူး ဝင်းအောင်မြိုင်ရှေ့သို့ လူနှစ်ယောက်အား ဦးဆောင်ခေါ်လာသည်။ နောက်ပြီးမှ အလေးပြုကာပြန်ထွက်သွားသည်။

"ထိုင်ကြပါခင်ဗျာ .. ကျွန်တော်ဘာများအကူအညီပေးရမလဲ"

ရောက်ရှိလာသူနှစ်ဦးအနက်မှ တစ်ဦးက ထိုင်ခုံတွင်ဝင်ထိုင်လိုက်ကြရင်း တစ်ဦးမှ စတင်စကားပြောလာသည်။

"ကျွန်တော်တို့လာတဲ့ကိစ္စက .. အမှုတိုင်ဖို့အတွက်လာခဲ့တာမဟုတ်ပါဘူးခင်ဗျာ၊ မသင်္ကာစရာအဖြစ်နဲ့သာလာပြီး သတင်းပို့အကြောင်းကြားချင်တာကြောင့် လာခဲ့ကြတာပဲ ဖြစ်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ပါ .. ခုလို ပြည်သူပြည်သားများအနေနဲ့ မှုခင်းနဲ့ပတ်သက်လို့ စိတ်ဝင်တစား လာရောက်အကြောင်းကြားတာကို ကျေးဇူးအထူးတင်ပါတယ်၊ ဩော် .. ဟော့ မြတ်နိုးရေ ဒီကအကြောင်းကြားသတင်းလာပို့တာကို မှတ်တမ်းတင်ရေးမှတ်ထားဖို့ လိုလိမ့်မယ်"

စခန်းမှူးစကားကြောင့် ဒုတပ်ကြပ်တစ်ယောက်ဝင်ရောက်လာသည်။ တိုင်တန်းချက်(သို့)အကြောင်းကြားချက်များကို မှတ်တမ်းတင်ရန် အဆင်သင့်နေရာယူထားလိုက်သည်။ သည့်နောက်တွင် ရောက်လာသူနှစ်ဦးအနက် တစ်ဦးက စတင်စကားပြောလာသည်။

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က သန်းလှဆွေပါ၊ ကျွန်တော်နေတဲ့ တစ်ဖက်ခြံမှာရှိတဲ့ ငှက်ပျောခြံထဲမှာ ခွေးတစ်ကောင် ယက်ထုတ်နေရာက ပုတ်အဲ့အဲ့အနံ့ရတာနဲ့ သင်္ကာမကင်းဖြစ်မိပြီး ... လာရောက်အသိပေး အကြောင်းကြားထားတာဟာ အကောင်းဆုံးလို့ မှတ်ယူပြီး လာပြောတာပါ"

"နေပါဦး ... ခင်ဗျားရဲ့တစ်ဖက်ခြံဆိုတာက ဘယ်သူ့ခြံကိုပြောတာလဲ၊ နောက်ပြီး ... ယက်ထုတ်တဲ့ခွေးဆိုတာက ... ခင်ဗျား မွေးထားတဲ့ခွေးလား"

"မဟုတ်ပါဘူး ... ဗိုလ်လေး၊ ခွေးက တစ်ဖက်ခြံကမွေးထားတဲ့ ခြံပိုင်ရှင် သစ်တောဝန်ထောက်ဟောင်းဦးလှသန်းငွေရဲ့ ခြံပါခင်ဗျာ"

စခန်းမှူးဝင်းအောင်မြိုင်ကစားပွဲအား လက်ဖြင့်ခေါက်ရင်း အတွေးနယ်ချဲ့လိုက်မိတော့သည်။ ပြီးတော့မှ–

"တစ်ဖက်ခြံထဲမှာ ခင်ဗျားအနေနဲ့ မသင်္ကာစရာအကြောင်းတွေများ ရှိနေသလား၊ ဒါမှမဟုတ် ရိုးရိုးသားသားလာရောက်အကြောင်းကြားတာလား"

"အို .. အို ဒီလိုမဟုတ်ပါဘူး၊ တစ်ဖက်ခြံမှာ သင်္ကာမကင်းဖြစ်စရာမရှိပါဘူး၊ ဒါပေမဲ့ .. မြေကြီးထဲက အပုတ်နံ့တစ်ခုခု ထွက်လာနေတာဆိုတော့ ခြံနီးနားချင်းအနေနဲ့ လာပြောဖို့တာဝန်ရှိနေတယ်လို့ ထင်ထားလို့ပါ"

စခန်းမှူးဝင်းအောင်မြိုင်အနေဖြင့် စဉ်းစားကြည့်တော့လည်း သူတို့ပြောခဲ့သည့်က သဘာဝကျသည်ဟုပင် ဆိုရမြိမ့်မည်ပင်။ တစ်ဖက်ခြံပိုင်ရှင်အား ပြောပြမည်ဆိုပါကလည်း ကျေနပ်လျှင်တော်ရဲ့၊ မကျေနပ်လျှင် ပြဿနာတက်မည်ကို စိုးရိမ်နေပုံရပါသည်။

"ကောင်းပြီလေ .. ကျွန်တော်တို့ ခုပဲလိုက်ကြည့်ပါ့မယ်၊ ဘာမှမဖြစ်တော့လည်း ကိစ္စတစ်ခုရှင်းသွားတာပေါ့လေ၊ ခုလို ... လာပြီးအကြောင်းကြားတာကို ကျေးဇူးတင်ပါတယ်"

+ + +

(၃)

ပထမဦးစွာ တစ်ဖက်အိမ်ကို မဝင်သေးဘဲ လာရောက်သတင်းပေးပို့သော ကိုသန်းလှဆွေအိမ်ဘက်မှ အကဲခတ်ကြည့်ကြရသည်။ ကိုသန်းလှဆွေပြောသလို ပုတ်အဲ့အဲ့အနံ့ဆိုးများထွက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကတော့ အသေအချာပင်။ တစ်ဘက်ခြံဝိုင်းမြေ၏ နောက်ပိုင်းတွင် စိုက်ထားသော ငှက်ပျောခြံထောင့်တစ်နေရာ၌ ခွေးယက်ထုတ်ထားသော ပွယောင်းယောင်းမြေအနေအထားကိုလည်း မြင်တွေ့နေကြရပြီမို့ တစ်ဖက်ခြံအတွင်းသို့ ဝင်ကြည့်ရန်သာရှိတော့သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် ကိုသန်းလှဆွေတို့ပါ ဦးလှသန်းငွေ ခြံဝိုင်းဆီသို့ လျှောက်လာခဲ့ကြတော့သည်။

"ကျွန်တော်တို့က ‥ အနီးစခန်းက ရဲတပ်ဖွဲ့ဝင်တွေပါ"

ခြံဝင်းတံခါးကို လာဖွင့်ပေးရင်း မျက်လုံးပြူးမျက်ဆံပြူးနှင့်ကြည့်နေသော အောင်သောင်းအား စခန်းမှူးဝင်းအောင်မြိုင်က ပြောလိုက်ခြင်းပင်ဖြစ် ပါသည်။

"ဩော် ... ဟုတ်ကဲ့၊ ဝင်ပါခင်ဗျာ ... ဘာကိစ္စနဲ့လာကြတယ်ဆိုတာ အမိန့်ရှိပါ၊ အထဲကိုဝင်ထိုင်ကြပါဦး"

ဒရိုင်ဘာအောင်သောင်းက ရှေ့မှဦးဆောင်လျက် အိမ်အတွင်းသို့ခေါ်သွားသည်။ တစ်ဖက်ခြံမှ ကိုသန်းလှဆွေနှင့်အတူ ရဲတပ်ဖွဲ့ဝင်များအား မြင်တွေ့လိုက်ရသဖြင့် အံ့အားသင့်နေပုံလည်းပေါ်သည်။ အိမ်အတွင်းဝင်ထိုင်လိုက်ကြသည့်ခဏ၌ အတွင်းဘက်မှ ဒေါ်ခင်မေကြိုင်ထွက်လာပြီး ရဲသားများအား တွေ့လိုက်ရသဖြင့် အထိတ်တလန့် ဖြစ်သွားပုံရပါလေ၏။

"လူကြီးမင်းတို့ ... ဘာကိစ္စနဲ့လာကြတယ်ဆိုတာ ... အမိန့်ရှိပါရှင်၊ ကျွန်မအတွက်တော့ လူကြီးမင်းတို့ရောက်လာတာနဲ့အတော်ပဲလို့ ပြောရမှာပဲရှင့် ... ကျွန်မကိုယ်တိုင် ရဲစခန်းကို သွားသင့် မသွားသင့် စဉ်းစားနေတာ"

ထိုစဉ် သားဖြစ်သူ နိုင်နိုင်ထွက်လာပြီး ရဲတပ်ဖွဲ့ဝင်များကို တွေ့လိုက်ရသဖြင့် ရှုတ်တရက် အိမ်ခန်းတွင်းသို့ ပြေးဝင်သွားတော့သည်။

"အဲဒီကလေးက ‥ ကျပ်မပြည့်ဘူးရှင် ‥ ဒါကြောင့် ... ရဲသားတွေကို မြင်တာနဲ့ အိမ်ခန်းထဲဝင်ပုန်းနေတာလေ"

"ဩော် ... ဩော် သနားစရာပဲနော်"

စခန်းမှူးဝင်းအောင်မြိုင်က စိတ်မကောင်းဟန်ဖြင့် မှတ်ချက်ချပြောဆိုလိုက်သည်။ ဒေါ်ခင်မေကြိုင်ကတော့ မျက်နှာပျက်သွားသည်။

"ဒီက ... ဒေါ်ခင်မေကြိုင်အနေနဲ့ကလည်း ကျွန်တော်တို့ရဲစခန်းကို လာစရာအကြောင်းရှိနေတယ်ဆိုတာ ကြားလို့ ဘာအကြောင်းများလဲဆိုတာ သိခွင့်ရှိရင် သိပါရစေလား၊ ဒါနဲ့ အစ်မကြီးရဲ့ အမျိုးသားလည်း ... မမြင်မိပါလား"

"အဲဒါကို ... ပြောပြချင်လို့ အရာရှိကြီးရယ် ‥ ကျွန်မခင်ပွန်းလေ သူတောလိုက်ထွက်သွားတာ ... နှစ်ပတ်လောက်တောင် ရှိသွားပြီ၊ ခါတိုင်းဆို သူတောထဲမှာ တစ်ပတ်ထက်ပိုမနေတတ်ဘူးရှင့် ... ခုတော့ ပြန်လာချိန် ပြန်မလာသေးတာမို့ ဇနီးတစ်ယောက်အနေနဲ့ စိုးရိမ်မိတာပေါ့နော်၊ ဒါ့ကြောင့် ရဲစခန်းကိုလာပြီး အကြောင်းကြား အကူညီတောင်းရင်ကောင်းမလားလို့ စိတ်ကူးနေတာကလား၊ ခုတော့ ... လူကြီးမင်းတို့ရောက်လာတာနဲ့ဆိုတော့ အခန့်သင့်ဖြစ်သွားတာပေါ့လေ၊ ဒါနဲ့ ... ရဲအရာရှိကြီးတို့ရောက်လာတာဟာ ကျွန်မခင်ပွန်းရဲ့မကောင်းသတင်းများကြောင့်တော့ မဟုတ်တန်ကောင်းပါဘူးနော်၊ ကျွန်မရင်ထဲ ... အတော်လေးကို အထိတ်တလန့်ဖြစ်သွားမိတာကလားရှင်၊ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေတော်"

ဒေါ်ခင်မေကြိုင်က အထိတ်တလန့်လေသံဖြင့်ပြောလိုက်ရင်း သူမ၏လက်နှစ်ဖက်ဖြင့်ရင်ဘတ်ဆီသို့ ဖိထားလိုက်တော့၏။ ဇနီးသည်တစ်ယောက်အနေဖြင့် အမှန်တကယ်ပင် စိုးရိမ်ကြောင့်ကျနေပုံပဲထင့်။

"အို ... အဲဒီလိုကြောင့် မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့လာရတဲ့ အကြောင်းရင်းက ဒေါ်ခင်မေကြိုင်ရဲ့ခင်ပွန်း ဦးလှသန်းငွေရဲ့ဘာသတင်းစကားကိုမှ ကြားလို့မဟုတ်ပါဘူး၊ သူ ... တောလိုက် ထွက်သွားတာကိုလည်း ကျွန်တော်တို့ ဘာမှ မသိခဲ့ပါဘူး၊ ဒါကြောင့် ... မဟုတ်ပါဘူးခင်ဗျာ၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ လာရတဲ့အကြောင်းရင်းက တခြား"

"တခြားဆိုလည်း ‥ ပြောပါရှင်၊ ကျွန်မရင်ထဲ ... ပူပန်သောကတွေ အများသားလား၊ ကိုကို ‥ အဲ ကိုလှသန်းငွေများ တစ်ခုခု"

"မဟုတ်ဘူးခင်ဗျ ‥ အစ်မကြီးထင်သလို တစ်ခုခုမဟုတ်ပါဘူး၊ ကျွန်တော်တို့ရောက်လာခဲ့တာက ... ဟိုဘက်ခြံက ဒီဦးသန်းလှဆွေ လာရောက်အကြောင်းကြားတဲ့ ကိစ္စတစ်ခုကြောင့်ပါ"

စခန်းမှူး၏စကားကြောင့် ဒေါ်ခင်မေကြိုင်မျက်လုံးများ ဝိုင်းစက်သွားသည်။ ဒရိုင်ဘာအောင်သောင်းဆိုသူ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ခပ်လှမ်းလှမ်းဝယ် ခပ်ကုပ်ကုပ်ထိုင်နေသည်။

"ဦးသန်းလှဆွေက ... ဘာတွေများ လာအကြောင်းကြားခဲ့လို့ပါလိမ့်၊ ကျွန်မတို့က ခြံချင်းကပ်နေပေမဲ့ ကင်းကင်းရှင်းရှင်း နေခဲ့ကြပါတယ်၊ သူနဲ့ ဘာပြဿနာမှလည်း မဖြစ်ခဲ့ကြပါဘူးရှင်"

ဒေါ်ခင်မေကြိုင်က အိမ်နီးချင်းပတ်သက်မှုမရှိကြောင်း သက်သေထူပြောချင်ဟန်တူပေသည်။ မိမိခင်ပွန်းသည်၏ အရှိန်အဝါအပေါ် အားပြုနေဟန်ပင်။

"ဟုတ်ပါတယ် ... ဦးသန်းလှဆွေအကြောင်းကြားတဲ့ကိစ္စမှာ အိမ်ဝိုင်းခြံချင်းအဖြစ်မျိုးမဟုတ်ပါဘူးလေ၊ ဒေါ်ခင်မေကြိုင်တို့ ငှက်ပျောခြံထဲမှာ မွေးထားတဲ့ခွေးက မြေကြီးကို ယက်ထုတ်ရာက ပုတ်အဲ့အဲ့အနံ့တွေထွက်လာတဲ့အကြောင်း ... လာပြောလို့ သံသယရှင်းသွားအောင် ကျွန်တော်တို့ လာကြည့်တာပါ"

"အို ... မဖြစ်နိုင်တာပဲရှင်၊ ကျွန်မတို့က ခြံကို အမြဲတမ်းသန့်ရှင်းအောင် လှည်းကျင်းထားတာ၊ တခြား .. မြောင်း ပုတ်ကထွက်တဲ့အနံ့ထင်ပါရဲ့"

မိမိခြံဝိုင်းအား ပုတ်ခတ်ပြောဆိုခြင်းအား မခံမရပ်နိုင်အောင် ဖြစ်သွားဘိသို့ ခါးခါးသီးသီးပင် ငြင်းဆိုနေချေသေးတော့သည်။

"ဟုတ်မှာပါလေ ... ဒေါ်ခင်မေကြိုင်တို့က ခြံကို သန့်သန့်ရှင်းရှင်းထားတတ်တာ၊ ခြံချင်းကပ်ရက်ဆိုတော့ သိထားပါတယ်၊ ဒါပေမဲ့ .. အသေအချာဘာရယ်လို့ အတတ်မသိပေမဲ့ အပုတ်နံ့က ဒေါ်ခင်မေကြိုင်တို့ မွေးထားတဲ့ခွေးယက်ထုတ်တဲ့နေရာက ထွက်နေတာတော့ ... အသေအချာပြောနိုင်ပါတယ်"

ဦးသန်းလှဆွေက သူ၏ယုံကြည်မှုနှင့် ဖြစ်ပေါ်နေခြင်းတို့အပေါ် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောဆိုလိုက်ပြန်သည်။ သည်မှာပင် ဒေါ်ခင်မေကြိုင်၏လေသံမှာ တစ်မျိုးပြောင်းလဲသွားပြန်သည်။

"အော် ... ကျွန်မသိပြီ .. သိပြီ ရှတ်တရက်ဆိုတော့ မတွေးလိုက်မိဘူးလေ၊ လွန်ခဲ့တဲ့တစ်ပတ်လောက်က အိမ်က ကြောင်ထီးကြီး အဆိပ်မိပြီးသေသွားလို့ ... မောင်အောင်သောင်းကိုယ်တိုင် ငှက်ပျောခြံထဲမှာ မြှုပ်ထားလိုက်မိတယ်လေ၊ ကျွန်မတို့က သားသမီးငယ်မရှိလေတော့ .. အိမ်မွေးတိရစ္ဆာန်ကို သားသမီးလို သံယောဇဉ်ဖြစ်ပြီး တခြားမပစ်ရက်လို့ ခြံထဲမှာပဲမြှုပ်ခိုင်းထားလိုက်တယ်လေ"

ဒေါ်ခင်မေကြိုင်လေသံက တစ်ခုခုအား အကာအကွယ်ပေးနေဘိသို့ပင်၊ ပြောဆိုလိုက်သည့်စကားလုံးများအား ပုတ်ထုတ်ပြောဆိုနေခြင်းသာ ဖြစ်နေသည်။ သူမခင်ပွန်း ဦးလှသန်းငွေ အိမ်ပြန်မလာခြင်းအပေါ် စိုးရိမ်ကြောင့်ကျစိတ်တွေ ပျောက်ကွယ်သွားဘိသို့ စိုးရိမ်ဟန်ပင်မဖြစ်တော့။ ပူပင်သောကဖြစ်ဟန်ကိုလည်း ကြုံတောင့်ကြုံခဲ တာဝန်ခံရဲတို့ အိမ်ပေါ်ရောက်မှ ခင်ပွန်းသည်အတွက် အပူရှပ်ဆင်ပြောနေသလိုမျိုးရယ်လေ။

"ထားပါတော့လေ ... တစ်ဖက်ခြံကလူတွေအနေနဲ့ကလည်း ဒီအပုတ်နံ့ကိုမခံနိုင်တာဆိုတော့ ... မြှုပ်ထားတဲ့ ကြောင်သေကိုပြန်ဖော်ပြီး တွင်းနက်နက်တူးမြှုပ်ပစ်ကြရမှာပေါ့လေ .. ကဲ ... လာသွားလုပ်စို့"

စခန်းမှူးက ပြဿနာတစ်ခုအား နူတ်ဖြင့် ဖြေရှင်းနေခြင်းထက် လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်ခြင်းသည်သာ အဖြေမှန်အားထုတ်ဖော်ရရှိလိမ့်မည်ဟု ရဲဝန်ထမ်းတစ်ဦး၏အတွေးမျိုးဖြင့် ပြောလိုက်ခြင်းပင် ဖြစ်ပါလေ၏။ သည်မှာပင်–

"အလကား ... ဒုက္ခရှာလို့ရှင်၊ ဒီကိစ္စကို ကျွန်မတို့တာဝန်ပဲထားလိုက်ပါ၊ ကဲ ... မောင်အောင်သောင်း ညီ့သည်တွေကို ကော်ဖီတိုက်ဖို့ပြင်လိုက်ပါဦး၊ နောက်ပြီးမှ ... ဟိုကြောင်သေကို တွင်းနက်နက်တူးပြီး ပြန်မြှုပ်လိုက်ဦးနော် .. မေ့မနေနဲ့ဦး"

"အို ... အမေကလည်းဗျာ၊ ရဲသားတွေက ကြည့်ချင်တယ်ဆိုလည်း ကြည့်ပစေပေါ့၊ တော်ကြာ ... သူတို့ကြည့်ချင်တာမကြည့်ရလို့ ရဲစခန်းခေါ်သွားရင်တော့ သားက မလိုက်ဘူးနော် ဒါပဲ"

နိုင်နိုင်က ပြောရင်း အခန်းထဲမှထွက်လာကာ နောက်ဖေးခြံထဲသို့ ဦးဆောင်ခေါ်သွားရန် ဟန်ပြင်လိုက်သည်တွင် မိခင်ဖြစ်သူက လက်ကိုဆွဲတားသော်လည်း မရလိုက်ပါချေ။ အားလုံးက နိုင်နိုင်နောက်မှ လိုက်ပါသွားကြသဖြင့် ဒေါ်ခင်မေကြိုင်နှင့် အောင်သောင်းတို့နှစ်ယောက် မျက်စိမျက်နှာ ပျက်သွားကြသည်ကို မည်သူမျှသတိမထားလိုက်မိပဲဖြစ်သွားသည်။ ငှက်ပျောခြံ၏နောက်နားကျကျဝယ် မြေပွယောင်း



www.burmeseclassic.com

www.burmeseclassic.com



ယောင်းနေရာတစ်ခုအား တွေ့လိုက်ကြရသည်။ ဦးဝင်းအောင်မြိုင်မှ ရဲတပ်သားတစ်ဦးကို အမိန့်ပေးပြောကြားလိုက်ပါလေ၏။

"ကဲ ... အဲဒီ မြေပွပွနေရာကို တူးဆွပြီး ဖော်ကြည့်လိုက်စမ်းကွာ၊ ဘာကောင်မြှုပ်ထားလဲဆိုတာ ထင်ထင်ရှားရှား သိရတာပေါ့"

ပြောလို့သာ ပြောနေရသည်။ မြေပွပွနေရာမှထွက်ပေါ်လာသည့် အနံ့က တူးဆွလိုက်သည်နှင့် တစ်ပြိုင်နက် မခံမရပ်နိုင်လောက်အောင် ထွက်ပေါ်လာသည်မို့ အားလုံးက ကိုယ့်နှာခေါင်းကို ပိတ်ထားမိလိုက်ကြလေတော့၏။ မြေက ဖို့မြေမို့ပဲထင့်။ ကြာကြာမတူးဖော်လိုက်ရ။ ခဏအကြာမှာပင် မြေတူးဆွဖော်ထုတ်လိုက်သည်နှင့် အဖြေက ထွက်ပေါ်လာတော့သည်။ မြေကြီးများအား ဖယ်ရှားထုတ်ဖော်ကြည့်လိုက်သည့် နောက်ဆုံးဝယ်

\+ + +

(၄)

"ကျွန်တော်တို့အနေနဲ့ .. အမှန်တရားကို ထုတ်ဖော်ဖြေရှင်းနိုင်ဖို့အတွက် ဒေါ်ခင်မကြိုင်ကို တိုက်တွန်းနှိုးဆော်ချင်ပါတယ်၊ ဒါမှသာ ... ဥပဒေဘောင်အတွင်းက ကျွန်တော်တို့ တက်အားသမျှ အကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

စခန်းမှူးဝင်းအောင်မြိုင်၏ ဖြေသိမ့်စကားပြောကြားလိုက်သည့်လေသံက ဒေါ်ခင်မကြိုင်အတွက် အုတ်တံတိုင်းကို ခေါင်းနှင့်ဝင်ဆောင့်လိုက်ရသည့်နှယ်ပင်။ မတတ်သာသည့်အဆုံးဝယ် မိန်းမသားတို့၏လက်နက်ဖြစ်သော မျက်ရည်စက်တို့ဖြင့်သာ ဝန်ခံသည့်အမှုအား ပြုခဲ့လေတော့သည်။

"ကျွန်မ ... ကျွန်မ မှားခဲ့မိပါတယ်ရှင်၊ ဒီကိစ္စနဲ့ပတ်သက်လို့ နောင်တတရားလည်း ရခဲ့ရပါပြီလေ၊ ကျွန်မအားလုံးကို ပြောဆိုဝန်ခံပါ့မယ်ရှင်"

ထိုစကားသံအဆုံးဝယ် စတင်လှုပ်ရှားလိုက်သူက အောင်သောင်း။ ဖြစ်လည်းဖြစ်ရမည်လေ။ ဒေါ်ခင်မကြိုင်က စကားပြောဆိုရင်း အောင်သောင်းဘက်သို့ လှည့်ကြည့်လိုက်သည်က အောင်သောင်းအတွက် အခက်တွေ့သွားစေခြင်းပင်ဖြစ်ပေလိမ့်မည်။ ဆိုရလျှင် အောင်သောင်းသည် ဤကိစ္စ၌ ကြံ့ရာပါ။ ကြည့်လေ ဒေါ်ခင်မကြိုင် စကားဆုံးသည်နှင့် ကားဒရိုင်ဘာဖြစ်သော အောင်သောင်းက မျက်စိမျက်နှာပျက်ပြီး မယောင်မလည်ဖြင့်ထွက်ခွာသွားရန် ဟန်ပြင်နေချေသည်ပဲလေ။

"ဟေ့ ... ရဲဘော် အဲဒီလူကို လပ်ထိပ်ခတ်လိုက်ပါ"

ဝင်းအောင်မြိုင်၏ပြတ်သားသော အမိန့်စကားကြောင့်ပင် တပ်ကြပ်ကြီးက အသင့်ပါလာသောလက်ထိပ်ဖြင့် ကျင်လည်စွာ လက်ထိပ်ခတ်လိုက်လေတော့၏။

"ဒါ ... ဒါ ဘာသဘောနဲ့လုပ်တာလဲဗျ၊ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

ဒရိုင်ဘာအောင်သောင်းက မခံချိမခံသာလေသံမျိုးဖြင့် တန်ပြန်မေးခွန်းထုတ်နေချေသေးတော့သည်။ ထိုအချိန်လေးမှာပင် ဒေါ်ခင်မကြိုင်က ချုံးပွဲချ၍ ငိုရှိုက်လိုက်လေတော့သည်။

"ခင်ဗျားမှာ ... အပြစ်ရှိ/ရှိ ဒေါ်ခင်မကြိုင်ရဲ့ ပြောပြမဲ့စကားလုံး

"ကျုပ်တို့အိမ်ဝိုင်းထဲကို လူသေအလောင်းမြှုပ်ထားတာ ဘယ်သူလဲ၊ သူ့ကိုသတ်မယ်၊ သူ့ကိုသတ်ပစ်မယ်၊ အဖေ့ကိုလည်း တိုင်ပြောမယ်၊ ဒီလူသေအလောင်းကြီးနဲ့ မနေရဲဘူး၊ သွားမယ် ငါသွားတော့မယ်"

www.burmeseclassic.com



တွေထဲက အဖြေထွက်လာမှာပါလေ၊ စိတ်ကို အေးအေးထားပါလားဗျာ''

ထိုစကားကြောင့် ဒေါ်ခင်မေကြိုင်က အောင်သောင်းမျက်နှာအား တစ်ချက်လှမ်းကြည့်လိုက်ပါလေ၏။ သူမအကြည့်က ရော့ရဲရဲနိုင်လှသည်ပဲထင့်။ ကားဒရိုင်ဘာအောင်သောင်းမှာ မထူးဇာတ်ဖွဲ့လိုက်ဘိသို့ ခေါင်းငိုက်စိုက်ကျသွားရင်း အသံလုံးဝထွက်မလာတော့ဘဲ ငြိမ်ကျသွားလေတော့သည်။ ထိုအခါမှ ရဲအရာရှိက ဆက်လက်ပြောကြားလိုက်ပြန်သည်။

''တူးဖော်တွေ့ရှိခဲ့တဲ့ ဦးလှသန်းငွေရဲ့ရုပ်အလောင်းက ... ခင်ဗျားတို့ပြောခဲ့တဲ့စကားရပ်တွေနဲ့ လုံးဝဆန့်ကျင်နေပြီး ဖြစ်ရပ်အမှန်ကို ထုတ်ဖော်ပြသနေတယ်ဆိုတာ သိခဲ့ကြရပါပြီ၊ ဦးသန်းလှငွေရဲ့ ပြောပြချက်အရ ဒီခြံဝိုင်းမိသားစုရဲ့အခြေအနေ ဦးလှသန်းငွေတို့ရဲ့မိသားစု အိမ်ထောင်ရေး ထွက်ပေါ်ပြောပြနေတဲ့ဒေါ်ခင်မေကြိုင်ရဲ့ စကားလုံးများဟာ အဖြစ်မှန်ကို အဖြေထုတ်ထားပြီး ဖြစ်နေပါတယ်''

ရဲအရာရှိစကားကြောင့် အားလုံးက ငြိမ်သက်သွားကြသည်။ ရုတ်တရက် လှုပ်ရှားသွားသူက သားဖြစ်သူနိုင်နိုင်ပင်ဖြစ်ပါလေ၏။

''ကျုပ်တို့ ... အိမ်ဝိုင်းထဲကို လူသေအလောင်းမြှုပ်ထားတာ ဘယ်သူလဲ၊ သူ့ကိုသတ်မယ်၊ သူ့ကိုသတ်ပစ်မယ်၊ အဖေ့ကိုလည်း တိုင်ပြောမယ်၊ ဒီလူသေအလောင်းကြီးနဲ့ မနေရဲဘူး၊ သွားမယ် ... ငါသွားတော့မယ်''

ပြောရင်းက သားဖြစ်သူနိုင်နိုင်မှာ ပြေးထွက်သွားတော့သည်။ ကျပ်မပြည့်သူကလေးမို့ ဘယ်သူကမျှ ဟန့်တားခြင်းမပြုတော့ဘဲ နေလိုက်ကြရတော့သည်။ သည့်နောက်တွင်မှ ရဲအရာရှိမှ ဆက်လက်ပြောလိုက်ပြန်သည်။

''အစ ... ပထမဖြစ်ပေါ်ခဲ့ရတဲ့ ကျွန်တော့်ရဲ့သံသယဖြစ်ပေါ်မှုအပေါ်မှာ ဒရိုင်ဘာကိုအောင်သောင်းရဲ့ လှုပ်ရှားမှုအပြုအမူလို့ပဲ ပြောပါရစေတော့နော်၊ ဒီပြဿနာထဲမှာ ခင်ဗျားမပါဝင်ခဲ့ရင် ရုတ်တရက်ချက်ချင်း ကိုယ်လွတ်ရုန်းထွက်ပြေးစရာအကြောင်း မရှိပါဘူး၊ နောက်တစ်ချက်သတိထားလိုက်မိတာကတော့ ဒေါ်ခင်မေကြိုင်ပြောနေချိန်မှာ သူ့မျက်လုံးတွေက ခင်ဗျားရဲ့ စိုးရိမ်စိတ်မျက်နှာပေါ်မှာ ကျရောက်နေတယ်ဆိုတာကို ကိုအောင်သောင်းမသိလို့သာဖြစ်ပါလိမ့်မယ်၊ ခုလို ... ခင်ဗျားကိုဖမ်းဆီးရတဲ့ကိစ္စက ဦးလှသန်းငွေရဲ့ရုပ်အလောင်းကို ငှက်ပျောခြံထဲက တူးဖော်တွေ့ရှိလိုက်ရတဲ့အချက်လည်း ပါဝင်နေပါတယ်''

ရဲအရာရှိလေသံက ပကတိတည်ငြိမ်အေးဆေးစွာ ထွက်ပေါ်လာခဲ့ခြင်းပင်ဖြစ်ပါလေ၏။

''ဒီဖြစ်ရပ်ကို ... ဖော်ထုတ်မရအောင် အစစအရာရာ ကြိုးစားအားထုတ်ခဲ့ကြပေမဲ့ 'မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိ'ဆိုတဲ့ဆောင်ပုဒ်ကို သက်သေခံထောက်ပြနေတာကတော့ အထင်အရှားပါပဲလေ၊ အခြေအနေအရပ်ရပ်က .. ဒီရာဇဝတ်မှုအပေါ်မှာ ဒေါ်ခင်မေကြိုင်နဲ့ ကိုအောင်သောင်းတို့ ပူးပေါင်းဆောင်ရွက် လုပ်ကြံခဲ့ကြတယ်ဆိုတာအထင်အရှားပြသနေပါတယ်လေ''

အောင်သောင်းမှာ ဘာတစ်ခွန်း





www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်မပြောနိုင်ပါလေတော့။ ဒေါ်ခင်မေကြိုင်၏ရှိုက်သံမစဲ လုပ်ရပ်အမိုက်အမဲတို့ကြောင့် နောင်တကြီးစွာရခဲ့သော ငိုကြွေးခြင်းက ထောက်ခံနေပါချေပြီကော၊ ဒေါ်ခင်မေကြိုင်က မိမိအမှားအား နောင်တကြီးစွာရလေဟန်ဖြင့် တည်ငြိမ်ပြတ်သားစွာ ထုတ်ဖော်ဝန်ခံချက်ကို ပြောဆိုခဲ့ပါတော့သည်။

"ကျွန်မ ... ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး အမှန်အတိုင်းထွက်ဆို ဝန်ခံသွားမှာပါ၊ တကယ်တမ်းမှာ ... ဇနီးတံပါကံ ဇနေတိ ဆိုသလိုပေါ့လေ၊ မိမိပြုလုပ်အပ်သော အကြောင်းတရားနဲ့အညီ အကျိုးတရားဆိုတာ ဖြစ်ပေါ်လာတတ်တယ်ဆိုတာ .. ခုတော့ .. ကျွန်မကိုယ်တွေ့ကြုံတွေ့ရပြီလို့ ပြောရမလိုပါပဲရှင်"

နောင်တတရား စကားများဖြင့် ပြောဆိုနေသော ဒေါ်ခင်မေကြိုင်၏ စကားလုံးများကို နားထောင်နေရင်း တူးဖော်၍ ရရှိခဲ့သော ဦးလှသန်းငွေ၏အမဲလိုက်နှစ်လုံးပြူးသေနတ်ဆီသို့ မျက်စိအကြည့်က ရောက်သွားခဲ့ရပြန်တော့သည်။

+ + +

(၅)

ဦးလှသန်းငွေ အငြိမ်းစားယူလိုက်သည်နှင့် မိသားစုလိုက်အနီးစခန်းရှိ ခြံဝိုင်းတစ်ဝိုင်းအား ဝယ်ယူလျက် အခြေချနေထိုင်ခဲ့ကြသည်။ ဦးလှသန်းငွေက ငယ်စဉ်ကပင် တောပစ်အမဲလိုက်ဝါသနာပါခဲ့သူ ဖြစ်သည်။ ထို့ကြောင့်ပင် သစ်တောဌာနသို့ အလုပ်လျှောက်လွှာတင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါလေ၏။ အောက်ခြေစာရေးဘဝမှ သစ်တောဝန်ထောက်ဖြစ်သည်အထိ လုပ်ကိုင်ခဲ့ရင်း ဒေါ်ခင်မေကြိုင်နှင့် အကြောင်းပါခဲ့သည်ဟု ဆိုရငြိမ့်မည်။ ဒေါ်ခင်မေကြိုင်မှာ သူမထက်အသက်ကြီးသော ဦးလှသန်းငွေအား သစ်တောဝန်ထောက်ဆိုသည့် ဂုဏ်ပကာသနအား မက်မောသဖြင့် လက်ထပ်ခဲ့ခြင်းလည်း ဖြစ်သည်။

သူတို့ရခါစတွင်တော့ အဆင်ပြေချောမွေ့သည်ဟုဆိုရသော်ငြား၊ အိမ်ထောင်သက်များလာသည်နှင့်မျှ ဦးလှသန်းငွေမှာ အိမ်ထောင်ရေးထက် သူဝါသနာသည့် တောပစ်ထွက်သည့် အလုပ်ကိုသာ တစိုက်မတ်မတ် လုပ်ခဲ့သည်လေ။ သူတို့အိမ်ထောင်ကျတော့ ဦးလှသန်းငွေမှာ အသက်လေးဆယ်နီးပါးပင် ရှိနေခဲ့ပေ့ါ။ ထိုစဉ်က ဒေါ်ခင်မေကြိုင်အသက်မှာ ဆယ့်ကိုးနှစ်သီသီစွန်းယုံရှိစပင် ဖြစ်ပါလေ၏။ ဤမျှအသက်ကွာဟနေယုံသာမက မိမိဝါသနာကိုသာ ဦးစားပေးတတ်သောကြောင့် သူတို့လင်မယားမှာ စိတ်ချင်းမတိုက်ဆိုင်မှုများ မကြာခဏ ဖြစ်ပေါ်လာတော့သည်။ သားတစ်ယောက်ထွန်းကားလာခဲ့ပြန်တော့လည်း သားမှာ လူတန်းစေ့ကျန်းမာရေးကောင်းသူမဟုတ်။ ကျပ်မပြည့်သူတစ်ဦးအဖြစ် မွေးဖွားလာခဲ့ခြင်းသာ။ နောက်တစ်သီးကျပြန်တော့လည်း မီးတွင်းထဲမှာပင် ဆုံးပါးသွားသည့်အတွက် သားရေး သမီးရေးကိုလည်း ဥပေက္ခာပြုထားလိုက်တော့သည်။

ဦးလှသန်းငွေ အငြိမ်းစားယူပင်စင်ယူလိုက်တော့ သူတို့တွင် ဂျစ်ကားလေးတစ်စီးသာ ဖြစ်ဖြစ်မြောက်မြောက်ကျန်ရစ်ခဲ့သည်။ ယခင်က ထိုဂျစ်ကားလေးအား ကိုယ်တိုင်မောင်းပေမဲ့ အသက်အရွယ်လည်းကြီးလာ၊ တောပစ်ထွက်ရာတွင်လည်း အဖော်သဟဲသဘောထားလျက် ယဉ်မောင်းသမားတစ်ယောက်ကို ငှားရမ်းထားလိုက်လေတော့၏။ ထိုဒရိုင်ဘာအငှားထားခဲ့လိုက်ခြင်းကပင် ဦးလှသန်းငွေ၏ကံကြမ္မာပြောင်းလဲစေခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုသို့မကြာခဏ တောပစ်ထွက်ခြင်းကြောင့် လင်ယောက်ျားတို့၏တာဝန်နှင့် ဝတ္တရားများ ပျက်ပြားချို့ယွင်းလာခဲ့ရတော့သည်။ လစ်ဟာလျက်ရှိသော ဝတ္တရားတို့အား တာဝန်သိသော ဒရိုင်ဘာအောင်သောင်းက ထမ်းဆောင်ခဲ့သည်မှာ ကြာပါပကောလား။

ပြောရလျှင် အသက်လေးဆယ်ဝန်းကျင်ဆိုသော်ငြား ကိုယ်ခန္ဓာဖွံ့ထွားမိန်းမသားတို့အလှများ မပျက်ပျယ်သေးသော ဒေါ်ခင်မေကြိုင်၏တဏှာကွန်ယက်တွင်းသို့ အောင်သောင်းသက်ဆင်းခဲ့ရတော့သည်သာ။ ကိလေသာတဏှာကွန်ယက်၏ အမိုက်မှောင်မှာ သောက်လေ သောက်လေ ငတ်မပြေသည့်ဆားငံရေပမာ ဆင်ကန်းတောတိုးမှောင်ရီပျိုးခဲ့ချေသည်သာတကား။ သူတို့၏ဖောက်ပြန်နေကြသည့်အခြေအနေပေါ် ရိပ်စားမိလာသော ဦးလှသန်းငွေက တောပစ်ထွက်လာသောနေ့တစ်နေ့တွင် သူတပည့်အောင်သောင်းအား–

"အိမ်မှာ ... နှစ်လုံးပြူးကျည်တွေ မေ့ကျန်ခဲ့ပြီ၊ အဲဒါ ... မင်းအိမ်ပြန်ပြီး သွားယူလိုက်ဦး၊ နောက်ပြီး အမြန်လဲပြန်လာခဲ့နော် ကြားလား"

ကြုံသည့်ကားကြုံဖြင့် အောင်



www.burmeseclassic.com

www.burmeseclassic.com



သောင်းအား အိမ်ပြန်လွှတ်လိုက်ပါလေ၏။ အောင်သောင်းအနေဖြင့်လည်း သဘောတွေ့မနောခွေ့ ဖြစ်သွားရသည်လေ။ သည်လို အခွင့်ရေးမျိုးက ရခဲလှပါဘိတောင်း။ မမကြိုင်နှင့်တစ်ညတာ ကောင်းကောင်းကြီး ချစ်စခန်းဖွင့်နိုင်တော့မည်ဆိုသောအတွေးက အောင်သောင်းအတွက် လက်ခမောင်းခတ်လိုက်ရပြီပေါ့။ အဖြစ်က သူထင်သလို မဟုတ်ပါချေ။ အခြေအနေအားလုံးကို ရိပ်စားမိနေပြီဖြစ်သော ဦးလှသန်းငွေက အောင်သောင်း တောထဲမှပြန်သွားပြီး နောက်မှ လိုက်သွားလေတော့၏။ တွေးထင်ထားသည့်အတိုင်းပင် ခင်မေကြိုင်နှင့် အောင်သောင်းတို့ မြောက်ဖာတ်ခင်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတော့သည်။ ဦးလှသန်းငွေမှာ ဒေါသလည်းဖြစ်၊ ရှက်လည်း ရှက်မိလေသောအခါ သူ့စိတ်ကိုသူ မထိန်းနိုင်ဘဲ ဖြစ်သွားရလေတော့၏။

"ဩော် . . . မင်းတို့က ငါ့ကွယ်ရာမှာ ဒီလိုပဲ ကြည်နူးနေကြတာပေါ့လေ၊ မင်းတို့အခြေအနေကို မသင်္ကာဖြစ်နေခဲ့တာ . . . ကြာပါပကောလား၊ ဒါကြောင့် . . တစ်ဖက်လှည့်ပြီး အောင်သောင်းကို တမင်ပြန်ခိုင်းပြီး ငါလိုက်ချောင်းခဲ့တာလေ . . ဟား . . ဟား . . ဟား မင်းတို့ . . . ခုတော့ ဘာပြောချင်ကြသေးလဲ၊ သစ္စာမဲ့တဲ့ မင်းတို့နှစ်ယောက်ကို လူ့ပြည်မှာမထားဘူး . . မထားဘူး သိလား"

မထင်မှတ်ဘဲ ခိုးထုတ်ခိုးထည်နှင့်မိလိုက်ရသည်မို့ သူတို့နှစ်ဦးစလုံး တုန်လှုပ်ချောက်ချားသွားကြသည်။ မတုန်လှုပ်ဘဲ နေမလား။ ဦးလှသန်းငွေလက်ထဲမှာ က အမဲပစ်သေနတ်ပြောင်းဝက သူတို့အား ထိုးချိန်ထားသည်ပဲလေ။ သူတို့နှစ်ဦးသား မည်သို့မျှ ဆင်ခြေပေး၍ မရနိုင်တော့သည်ကို သိလိုက်ရသော အောင်သောင်းက ရုတ်တရက် ဦးလှသန်းငွေထံသို့ သူ့တစ်ကိုယ်လုံးပစ်ဝင်လိုက်ကာ ပြန်လှန်တိုက်စစ်ဆင်လိုက်လေတော့၏။ အောင်သောင်း ခုန်ဝင်လိုက်သည့်အရှိန်ကြောင့် ဦးလှသန်းငွေလက်ထဲမှ အမဲပစ်နှစ်လုံးပြူးသေနတ်မှာ ခပ်လှမ်းလှမ်းဆီသို့ လွင့်စဉ်ကျသွားကာ နှစ်ဦးသား လုံးလားထွေးလားဖြင့် သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်နေကြတော့သည်။ အသက်အရွယ်ချင်းမမျှသည့် ဦးလှသန်းငွေမှာ အောင်သောင်းအောက်သို့ ရောက်သွားရတော့သည်။ သည်မှာပင် အောင်သောင်း လက်အတွင်းသို့ အမဲပစ်ထွက်စဉ် အသုံးပြုသည့် ဓားစူးက ရောက်လာသည်။ ထိုအမဲလိုက်ဓားအား ဒေါ်ခင်မေကြိုင်ကိုယ်တိုင်ထည့်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အောင်သောင်းက ဒေါ်ခင်မေကြိုင်အား လှမ်းကြည့်လိုက်ပါလေ၏။ သူ့အား အံကို တင်းတင်းကြိတ်ရင်း ခေါင်းညိတ်ပြလိုက်သည်ကို မြင်လိုက်ရသည်နှင့် တွေဝေစဉ်းစားမနေတော့ဘဲ ဦးလှသန်းငွေ၏ ရင်ဝသို့ ဆင့်ကဲဆင့်ကဲ ထိုးစိုက်ချလိုက်လေတော့၏။

\+ + +

(၆)

"ပြောရရင် . . . အဲဒီတုန်းက ကျွန်မတို့နှစ်ယောက်စလုံး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် . . ဖြစ်သွားရတော့တာကလား၊ သွေးပူတုန်းက လက်လွတ်စပယ် လုပ်ခဲ့မိကြပေမဲ့ အခြေအနေက . . . ဘယ်လိုမှပြုပြင်လို့ မရတော့တဲ့အဖြစ်ဆိုးရယ်လေ၊ နောက်သွေးအေးသွားတော့မှ နှစ်ယောက်သား ခေါင်းချင်းဆိုင် အဖြေရှာကြတယ်၊ အောင်သောင်းကို တောထဲကနေ အိမ်ပြန်ခိုင်းပြီး သူကိုယ်တိုင်က လူမသိ၊ သူမသိ တိတ်တဆိတ် အိမ်ကို ပြန်လာခဲ့တယ်ဆိုတဲ့အဖြေကို ရခဲ့ကြတယ်"

ဒေါ်ခင်မေကြိုင်က စခန်းမှူးဝင်း

---

**ကိလေသာအမိုက်များကြောင့်**
**တစ်ပါးသူ့ရင်ခွင်ဝယ် ပျော်ချင်လိုစိတ်က**
**အသိတရားများအားလုံးအား ဖုံးသွားခဲ့သည်သာ ဖြစ်ပါလေ၏။**
**ကျေးငှူးသစ္စာကိုမှမထောက်ထား**
**ကာမပိုင်မိန်းမသားတစ်ဦးအပေါ် ဖောက်ပြားခဲ့သည့်**
**အောင်သောင်းကဲ့သို့သော လူမိုက်မျိုးကိုမှ အပျော်ထားခဲ့ခြင်းမှာ**
**ငရဲသို့အဖော်ခေါ်သွားခြင်းနှင့်သာ တူနေပါချေသည်...**



www.burmeseclassic.com

www.burmeseclassic.com



အောင်မြိုင်အား ဖွင့်ဟဝန်ခံပြောဆိုရာမှ တစ်ချက်မျှရှိုက်ရင်း၊ စီးကျလာသော မျက်ရည်များကို သုတ်ပစ်နေလိုက်ပြန်သည်။ နောက်မှ သက်မတစ်ချက်ချလိုက်ရင်း–

"ပြောရရင် ... ကျွန်မခင်ပွန်းသည်နဲ့အောင်သောင်းတို့ တောပစ်ထွက်သွားတာကို အနီးနား ပတ်ဝန်းကျင်အားလုံးက ... သိထားကြတာကလားရှင်၊ သူက .. အမြဲလိုလို တောပစ်ထွက်တတ်တာပဲမဟုတ်လား၊ ခုကိစ္စမှာ အောင်သောင်း ပြန်လာတာကိုလည်း ဘယ်သူမှမသိသလို ကျွန်မခင်ပွန်း တောထဲမှာရှိနေတယ်ဆိုတာ လူတိုင်းက သိထားပြီးသားပဲမဟုတ်လား၊ ဒီအချက်နဲ့ပဲ သူ့အလောင်းကိုဘယ်သူမှမသိအောင် ငှက်ပျောခြံထဲမှာပဲ ညတွင်းချင်း အောင်သောင်းနဲ့အတူ မြေမြှုပ်ပစ်လိုက်ကြတယ် ဆိုပါတော့လေ၊ ညလည်းည စိုးရိမ်စိတ်ကလည်း ကြီးနေတာမို့ အလောင်းကို ဖြစ်သလိုမြှုပ်ထားခဲ့ကြတာမို့ ခုလို အိမ်က ခွေးက သူ့သခင်အနံ့ရပြီး မြေကြီးကိုယက်ထုတ်ရာက ခုလို ... ခုလို"

ဒေါ်ခင်မကြိုင်မှာ သူတို့အဖြစ်အပျက်များကို ပြန်လည်ဖွင့်ဟပြောဆိုရင်း တရားဥပဒေ၏ အပြစ်ဒဏ်ကျရောက်ခံရမည်ကို သဘောပေါက်နားလည်သွားဟန်ဖြင့် ချုံးပွဲချငိုက်လိုက်လေတော့၏။ နောက်မှ ရင်နာနာစကားတစ်လုံးအား ထုတ်ဖော်ပြောလိုက်လေ၏။

"ကျွန်မသားကတော့ ... ဒီကိစ္စကို ဘာမှမသိပါဘူးလေ၊ သူ့အဖေကိုယ်တိုင်က သားအပေါ်မှာ ဂရုမစိုက်တော့ သူကလည်း ခင်တွယ်မှုမရှိပါဘူး၊ စဉ်းစားကြည့်တော့ ကျွန်မတို့ဟာ .. အိမ်မှာ မွေးထားတဲ့ ခွေးလောက်မှ သစ္စာမရှိတဲ့လူတွေပါပဲလေ၊ ကံစီမံရာကိုသာ ခံကြရတော့မှာပေါ့"

"ဦးလှသန်းငွေ ပျောက်ဆုံးမှုနဲ့ မတ်သက်ပြီး ဒီအတိုင်းပတ်ဝန်းကျင်က နေကြလိမ့်မယ်လို့ ဒေါ်ခင်မကြိုင်တို့က ... အတွေးရောက်နေကြတယ် ထင်ပါရဲ့"

"မထင်မှတ်ပါဘူးရှင် ... အချိန်ဆွဲပြီးရက်အတော်ကြာမှ သဘာဝကျကျ လာရောက်အကြောင်းကြားတိုင်တန်းဖို့ စီစဉ်ထားခဲ့ကြတာ နောက်ရက်ကျ မောင်အောင်သောင်း တောထဲက ပြန်လာပြီး ကိုကိုတစ်ယောက်ထဲ တောထဲမှာနေခဲ့တယ်ဆိုတာ ... အများသိအောင် စကားပြောထားပြီး ရက်ကြာလာလို့ ကိုကိုပြန်မလာတော့မှာ ရဲစခန်းကို လာအကြောင်းကြား တိုင်တန်းရင် မောင်အောင်သောင်းအပေါ် သံသယလည်း ရှင်းသွားကြလိမ့်မယ်လို့ ထင်ထားကြတာကို၊ ခုတော့ ... ခွေးက အရှင်သခင်ရဲ့အနံ့ကိုရပြီး ဖော်ထုတ်လိုက်တဲ့အတွက် ... ခုလို .. ခုလို"

ဒေါ်ခင်မကြိုင်က စကားကို ဆက်မပြောနိုင်တော့ဘဲ ပြုလုပ်ခဲ့မိသည့်ရာဇဝတ်ပြစ်မှုအတွက် နောင်တကြီးစွာ ရသွားပုံရပါလေသည်။ စင်စစ်လူသားတို့၏ ကိလေသာအမိုက်မှောင်အား မောဟဖုံးလွှမ်းသွားသောအခါ မလုပ်သင့်သည့်အလုပ်တစ်ခုအား မိုက်မဲစွာ ပြုလုပ်ကျူးလွန်ခဲ့ကြသည့် ကိလေသာ၏သားကောင်များသဖွယ် နိဂုံးချုပ်ခဲ့ရချေသည်တကား။

မိမိလင်ယောက်ျားခင်ပွန်းအပေါ် ရမ္မက်ဆန္ဒတစ်ခုတည်းအတွက် လော်လီဖောက်ပြား ကိလေသာအမိုက်မှားကြောင့် တစ်ပါးသူရင်ခွင်ဝယ် ပျော်ချင်လိုစိတ်က အသိတရားများအားလုံးအား ဖုံးသွားခဲ့သည်သာ ဖြစ်ပါလေ၏။ တစ်ဖန် မိမိအလုပ်၏ ကျေးဇူးသစ္စာကိုမှမထောက်ထား ကာမပိုင်မိန်းမသားတစ်ဦးအပေါ် ဖောက်ပြားခဲ့သည့် အောင်သောင်းကဲ့သို့သော လူမိုက်မျိုးကိုမှ အပျော်ထားခဲ့ခြင်းမှာ ငရဲသို့အဖော်ခေါ်သွားခြင်းနှင့်သာ တူနေပါချေသည်။ ဆိုရလျှင် သူတို့နှစ်ဦး၏ပစ္စက္ခသာမက နောင်သံသရာဘဝတွင်လည်း ဒုက္ခဘုံနှင့် ကြုံတွေ့ရဦးမည်သာ မဟုတ်ပါလား။

လူသားအများ အသိတရားများဖြင့် အမှားအမှန် ဝေဖန်သုံးသပ်လျက် မိမိဘဝလမ်းကြောင်းကောင်းအောင် ကျင့်ကြံဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းလျက်–

သိဏ်းသန်းအောင်(မြင်းခြံ)

<u>ဝန်ခံချက်</u>

၁၉၉၉ ခုနှစ်က
အမှန်တကယ်
ဖြစ်ပျက်ခဲ့သော
မှုခင်းတစ်ပုဒ်အား
ဇာတ်အိမ်ဖွဲ့ရေးသားထားခြင်း
ဖြစ်ပါကြောင်းနှင့်
တိုက်ဆိုင်မှုရှိခဲ့ပါက
ခွင့်လွှတ်ပါရန်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဒီပြဿနာသည်လောက်ရှုပ်ထွေးမည်မထင်သောကြောင့် ကိုထွန်းလူမရှိလည်း ရပါတယ်ဟုထင်ကာ ကိုင်တွယ်ဖြေရှင်းမည်ဆိုသောစိတ်ကူးဖြင့် မှော်ဘီရာဇဝတ်အုပ် ကိုအုန်းမောင်၏ အကူအညီတောင်းခံမှုကို လက်ခံလိုက်မိခြင်းဖြစ်သည်။

အမှုဖြစ်စဉ်က သိပ်မရှုပ်ထွေးလှပါ။



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

မိမိပြုမိမှားသမျှ အကုသိုလ်တရားတို့သည် ဝန်တင်နွား၏နောက်သို့ လိုက်ပါရသောလှည်းဘီးသဖွယ် မိမိနှင့်အတူ ထက်ကြပ်မကွာလိုက်ပါတတ်၏ဟု သိမှတ်ခဲ့ဖူးပါသည်။ ယုံလည်းယုံကြည်ပါ၏။ ကိုယ့်အတွေ့၊ ကိုယ့်အကြုံ ကိုယ့်ဘဝလမ်းတစ်လျှောက်၌ တွေ့ကြုံဆုံမြင်ခဲ့ရသော ဖြစ်စဉ်ဖြစ်ရပ်တို့ကလည်းများပြားခဲ့ပြီဖြစ်လေရာ ကံနှင့်ကံ၏အကျိုးတရားကို ပြတ်သားကြံ့ခိုင်စွာ လက်ခံယုံကြည်နိုင်ခဲ့ပါ၏။

သို့တစေ

တူသောအကျိုးကို ဘဝမခြားဘဲ မျက်မှောက်ကာလတွင်ပင် သူပြုခဲ့သည့်ပုံဟန်အတိုင်း တသွေမလွဲ ပြန်လည်ရင်ဆိုင်ပေးဆပ်ခဲ့ရသော သည်ဖြစ်ရပ်ကိုမူ တိုက်ပဲတိုက်ဆိုင်လွန်းလှချည့်ဟု သြချလိုက်ချင်ပါ၏။ အကြောင်းသိသူတိုင်းက စုပ်တသပ်သပ်ဖြင့် သံဝေဂရခဲ့ကြပါ၏။

ဓမ္မကိုဘဝဖြင့် ရင်း၍ သက်သေပြခဲ့သူကား မောင်ချို။ မန္တလေးဗဟိုအကျဉ်းထောင်၊ ကြိုးတိုက်ခန်းအတွင်း ကသေဒဏ်ကျအကျဉ်းသား'မောင်ချို'။

ဘယ်လက်မောင်းတွင် 'နေမထူး' ညာလက်မောင်းတွင် 'သေမထူး'နှဖူးအလည်တည့်တည့်တွင် 'ဖြစ်ချင်တာဖြစ်၊ စိတ်မညစ်'ဟု ဆေးမင်ကြောင်မည်းမည်းကြီးကို ထင်းခနဲနေအောင် ပြူးပြူး ပြဲပြဲထိုးထားသည့် မောင်ချို။

ဘယ်သူနှင့်တွေ့တွေ့၊ တွေ့သမျှလူကို စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်ဆင်းရဲအောင် လုပ်လိုက်ရမှ ဘဝင်ကျသူ မောင်ချို။

လက်ရှိဘဝတွင် ယနေ့လား၊ နက်ဖြန်လား၊ ဘယ်နေ့သေရမလဲမသိ။ မကြာမတင်သေဖို့ကတော့ သေချာနေသည့်အချိန်မှာပင် မာန်၊ မာန၊ ဒေါသတို့ ကျိုးပဲ့ခွေပျောက်ကာ လားရာအနာဂတ်ဘဝဂတိသစ်အတွက် ကောင်းမှုတရားတို့ကို ကျင့်သုံးဆောက်တည်စေရေး အထပ်ထပ်အခါခါ ဖြောင်းဖျနားချပါသော်ငြား အနာဂတ်ကိုမယုံ၊ ပစ္စုပ္ပန်ယနေ့ကိုပဲ နေပျော်သလိုနေမည်ဟု ကြုံးပလျက် ပြဿနာရှာပဲရှာ တတ်လွန်းသော မောင်ချို။

ထိုမောင်ချိုအား ဘဝ၏အကွေ့တစ်ခုဝယ် အနီးကပ်အုပ်ချုပ်ခဲ့ရဖူးပါ၏။ နေ့တစ်နေ့၏ သုံးပုံနှစ်ပုံနီးပါးမျှအချိန်ပေးကာ ပိုးမွေးသလို မွေး၍စောင့်ကြပ်ထိန်းသိမ်းခဲ့ရဖူးပါ၏။

ထို့ကြောင့်လည်း မောင်ချိုအသက်ပေး၍ပြခဲ့သောတရားကို မျက်မှောက်ထင်ရှား ကြေကွဲစွာ မြင်တွေ့ခဲ့သံဝေဂပွားခဲ့ရပါသည်။

ကမ္မနှင့် ကမ္မဖလ။ ကံနှင့်ကံ၏အကျိုး။ ပြုသောကံနှင့်တူညီစွာ တုံ့ပြန်လေသောကံ၏အကျိုး။

[ ၂ ]

အလျဉ်းသင့်၍ 'သေဒဏ်ကျ အကျဉ်းသား'တစ်ဦးအား 'ပိုးမွေးသလို မွေး'ကာ ထိန်းသိမ်းစောင့်ရှောက်ရသော အကျဉ်းထောင်စည်းမျဉ်း စည်းကမ်းနှင့် သေဒဏ်ကျအကျဉ်းသားအား အကျဉ်းထောင်ဖူးတံခါးကြီး၌ လက်ခံလိုက်ချိန်မှစတင်ကာ သေဒဏ်စီရင်ပြီး၍ ယင်း၏သက်မဲ့ခန္ဓာကိုယ်ကို အကျဉ်းထောင်ဖူးတံခါးကြီးမှ သယ်ထုတ်သွားချိန်အထိ ကာလအတွင်း ကြိုးတိုက်တာဝန်ကျအရာရှိ၊ ထောင်ဝန်ထမ်းများနှင့် သေဒဏ်အကျဉ်းသားများ၏ တစ်ဦးနှင့်တစ်ဦး တွယ်တာခိုင်မြဲလှသော သံယောဇဉ်တရားတို့ကို ပြောပြချင်မိပါသည်။ သို့မှသာ မောင်ချို၏ ဆန်းကြယ်လှသော ကံတရားကို စာနာနားလည်နိုင်လိမ့်မည်ထင်ပါသည်။

လောကတွင် မည်သည့်လူသားမျှ မိမိအပေါ် သေဒဏ်အပြစ်စီရင်ခြင်းခံရလိမ့်မည်ဟု တွေးထင်ခဲ့ဖူးကြမည်မဟုတ်။ ကြောက်ရွံ့ကြပါလိမ့်မည်။ စွမ်းနိုင်သမျှ အသည်းအသန် တွန်းတိုးရုန်းကန် ခုခံကြပါလိမ့်မည်။ လုံးလုံးမတတ်သာတော့မှသာ ထိုအပြစ်ဒဏ်ချမှတ်ခြင်းကို နာခံကြရပါလိမ့်မည်။ အမှန်တကယ် သေမသွားသေးသည့်တိုင် တစ်နေ့မဟုတ် တစ်နေ့တော့ ထိုကြီးမိန့်အပြစ်ဒဏ်ကို ရင်ဆိုင်ရမည်မှာ သေချာသဖြင့် တရားခံတိုင်း သေဒဏ်အမိန့်ချမှတ်မည်ကို မိုးပြိုမတတ်ကြောက်

www.burmeseclassic.com



ရွံ့တတ်ကြပါသည်။ ထို့အတူပင် ထိုသေဒဏ်ကျခံရမည့် သေဒဏ်ကျအကျဉ်းသားထက်ပို၍ 'သေဒဏ်ကျအကျဉ်းသား' လက်ခံထိန်းသိမ်းရခြင်းကို လိုလိုလားလားမရှိ၊ နှစ်နှစ်မြို့မြို့မရှိသူများ ရှိနေပါသေးသည်။ တခြားသူများ ဟုတ်ပါရိုးလား၊ အကျဉ်းထောင်ဝန်ထမ်းများပင် ဖြစ်တော့မည်ပေါ့။

ကြည့်ပါ။ အကျဉ်းထောင်ဗူးတံခါးသို့ 'သေဒဏ်အကျဉ်းသား'လူသစ်တစ်ဦး ပို့အပ်လာသည့်သတင်းရသည်နှင့် တစ်ပြိုင်နက် ပုံမှန် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများအတိုင်း ငြိမ်သက်အေးဆေးစွာ လည်ပတ်လှုပ်ရှားနေသော ပုံစံကျ ထောင်လုပ်ငန်းများသည် ဖြုန်းစားကြီးပင် အပူတပြင်း အရေးကြီးအဆင့် ဖြစ်သွားရပါတော့၏။ အလျင်အမြန်၊ ချက်ချင်း၊ အပူတပြင်း၊ ဦးစားပေး၊ အရေးကြီး၊ အဓိကစသော ရှိရှိသမျှ ရေးကြီးသုတ်ပျာလုပ်ရမည့် ဝေါဟာရ စကားလုံးဟူသမျှ 'ဖောချင်းသောချင်း' သုံးကာ မြန်နိုင်သမျှမြန်၊ သွက်နိုင်သမျှ သွက်၍ ထောင်ရှိ လူကုန်တက်သုတ်ရိုက် အလုပ်များ ဗျာများကြရပါတော့၏။ 'သေဒဏ်ကျအကျဉ်းသား'၏ 'အပြစ်ပေးဝရမ်း'ကို တံခါးကြီးထောင်မှူးက စစ်ဆေးပြီးသည်နှင့် ထောင်ပိုင်ကြီးထံ တင်ပြ။ ထောင်ပိုင်ကြီးက သေသေချာချာ စစ်ဆေး။ လိုအပ်ပါက အကျဉ်းသားပို့အပ်သည့် ရဲအရာရှိကိုပါ ခေါ်၍ မေးမြန်းစစ်ဆေး။ ထောင်ပို့ ဝရမ်းပုံစံမှန်သလား။ သက်ဆိုင်သူ တရားသူကြီး လက်မှတ် ပြည့်စုံရဲ့လား။ တရားသူကြီး လက်မှတ်သည် တစ်နှစ်တစ်ကြိမ် ကြိုတင်ပေးပို့ထားသောသူ၏ လက်မှတ်နမူနာအတိုင်းမှန်ကန်ရဲ့လား။ အပြစ်ပေးတရားရုံး၊ အပြစ်ပေးတရားသူကြီးသည် 'သေဒဏ်ပြစ်ဒဏ်' ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာရှိရဲ့လား။ ဝရမ်းပါဖော်ပြချက်များ ပြည့်စုံမှန်ကန်ရဲ့လား။ ပြင်ဆင်ချက်တွေရှိသလား။ ရှိခဲ့ရင် တရားသူကြီးရဲ့လက်မှတ် အရှည်ရေးထိုးပြင်ဆင်ထားရဲ့လား။ သေဒဏ်ကျအကျဉ်းသား၏ပုံသဏ္ဌာန်ကို ဖော်ပြသည့် ရဲစက္ကူပါရဲ့လား။ ရဲစက္ကူပါ ပုံသဏ္ဌာန်အမှတ်အသားများနှင့် အကျဉ်းသားကို တိုက်ဆိုင်စစ်ဆေးသည့်အခါ ကွဲလွဲမှုရှိသလား ...လား။ ..လား။ လားပေါင်းများစွာ 'လားတွေထပ်'သီချင်းပြီးဆုံးပြီ။ ဝရမ်းပါအချက်များကို ဘဝင်ကျကျ လက်ခံလိုက်ပြီဆိုသည်နှင့် ထောင်ပိုင်ကြီးမှတ်ချက်ရေး၍ ထောင်မှူးကြီးကို ဝရမ်းအပ်လိုက်တော့၏။ ကျန်တာအားလုံးထောင်မှူးကြီး တာဝန်၊ ထောင်မှူးကြီးဆက်လုပ်။ ဟုတ်သည်လေ။ သေဒဏ်ကျအကျဉ်းသားဆိုတာ ထောင်မှူးကြီးကိုယ်တိုင်စစ်ဆေး၊ လက်ခံ၊ ကြီးကြပ်၊ အုပ်ချုပ်၊ ပြုစု၊ စောင့်ရှောက်၊ ထိန်းသိမ်းရသည့် 'ထောင်မှူးကြီးကိုယ်တိုင်ဆောင်ရွက်ရန်'သတ်မှတ်ထားသော အကျဉ်းသား မဟုတ်ပါလား။ အခြားသူကို မျက်နှာလွှဲ၍မရ။ လက်ဆင့်ကမ်း၍မရ။ လက်ပြောင်းလက်လွှဲ လုပ်ခွင့်မရှိ။ ကိုယ်တိုင်ဆောင်ရွက်စေ။

ထောင်မှူးကြီးက သေဒဏ်ကျအကျဉ်းသားနှင့် ထောင်ပို့ဝရမ်းကို ထပ်မံစစ်ဆေးရပြန်သည်။ သာမန်စစ်ဆေးရုံမျှမက သေဒဏ်အကျဉ်းသားနှင့်ပတ်သက်သမျှ အချက်အလက်များကို ၎င်း၏ မှတ်ဉာဏ်အတွင်းသို့ ကွန်ပျူတာအချက်အလက်များသွင်းသလို ဒလစပ်သွင်း၊ ဒလစပ်မှတ်နေရ၏။ (မမှတ်၍လည်းမဖြစ်ပါ။ ထောင်မှူးကြီးတစ်ဦးအနေဖြင့် မိမိတာဝန်ယူရသော အကျဉ်းထောင်ရှိ သေဒဏ်ကျအကျဉ်းသားအားလုံး၏ အချက်အလက်များ၊ အမူအကျင့်များကိုမျက်စိမှိတ်၍ စဉ်းစားလိုက်ရုံဖြင့် 'ဒိုင်းခနဲ' ပေါ်လာအောင် ကြိုးစားထားရပါ၏။ ကိစ္စရှိလာမှ စာအုပ်လှန်ဖိုင်လှန်ကြည့်နေဖို့ အချိန်မရှိပါ။ အချိန်မပေးနိုင်ပါ)

တစ်ပြိုင်တည်းမှာပင် ထောင်မှူးကြီး ပါးစပ်ကလည်း အမိန့်များပေါက်ပေါက်ဖောက်နေသလို အဆက်မပြတ် ထွက်လာနေ၏။ တာဝန်မှူးခေါ်စမ်း၊ တာဝန်ကြပ်ကို ကြိုး ဘိုက်လွှတ်လိုက်၊ ကြိုးတိုက်ထောင်မှူးနဲ့ ဝန်ထမ်းတွေကို တိုက်ခန်းသန့်ရှင်းရေး၊ စစ်ဆေးရေး လုပ်ခိုင်း၊ မိလ္လာခံ့က အစ လိုအပ်တဲ့ ပစ္စည်းတွေထုတ်။ ကြိုးတိုက်ရာဇဝင်ရေး မှတ်တမ်းတင်ခါတည်းသွင်း၊ ပြီးရင် ထောင်ဆေးရုံက ဆရာဝန်ဆီသတင်းပို့၊ ကြိုးသမားကို ထောင်ဝင်လက်ခံ ကျန်းမာရေးစစ်ဆေးဖို့၊ အရပ်တိုင်းဖို့၊ ကိုယ်အလေးချိန်တိုင်းဖို့ တံခါးမကြီးကို လာခဲ့ဖို့ သွားသတင်းပို့စမ်း၊ ဂတ်စာရေးခေါ်စမ်းဟေ့၊ ကြိုးတိုက်နေ့ဝန်ထမ်း/ညဝန်ထမ်းစာရင်းယူခဲ့လို့ပြော၊ နေ့ ၂ ယောက်၊ ည ၂ ယောက် ပေါင်း ၄ ယောက် ထပ်တိုးရမယ်။ သင်တန်းဆင်းပြီးသား အရက်မသောက်၊ ဘာသာရေးလေးစားတဲ့တပ်သားတွေပဲ ရွေးခဲ့တယ်လို့ပြော။ အခုချိန်ကစပြီး ကြိုးတိုက်မှာဆင်းရမှာနော်။ လူပါ တစ်ခါ



www.burmeseclassic.com

တည်းခေါ်လာပြ။ စားဖိုကြီး ထောင်မှူး ဆီ တစ်ယောက်ပြေးစမ်းဟေ့။ ကြိုးသမား အသစ်ရောက်တယ်။ အခု ညနေစာ စကျွေးရမယ်။ အဆင်သင့်လုပ်ထားပါ။ ကြွေးမဲ့ထမင်း၊ ဟင်းလျာစာရင်းနဲ့ စစ်ဆေးချက်မှတ်တမ်းလာတင်ပါလို့ပြော။ ငါမသိဘဲ ငါမစစ်ဆေးဘဲ ထမင်း/ဟင်း မပို့နဲ့လို့လည်း သတိပေးခဲ့။ တံခါးထောင်မှူး၊ အကျဉ်းသားကိုယူ ပစ္စည်း စစ်ဆေးလေ၊ အရပ်ဝတ်တွေ စာရင်းနဲ့ တကွ တစ်ခါတည်းသိမ်း။ ထောင်ကျရုံးကိုပို့။ ထောင်ကျအဝတ်အစား တစ်ခါတည်းထုတ်ပေး။ ထောင်ကျရုံးထောင်မှူးခေါ်စမ်းဟေ့။ ဒီမှာသေဒဏ်အကျဉ်းသား ဝရမ်းလက်ခံခိုင်းစမ်း။ ဝရမ်းမိတ္တူပြန်လွှဲပေးလိုက်။ ဟေ့ ‥ ဟေ့ ဟိုရဲအုပ်ခေါ်ပါဦး။ စီရင်ချက်မိတ္တူပါခဲ့ရဲ့လား။ ယူခဲ့ ယူခဲ့။ စုံရဲ့လား။ ညကင်းမှူးဘယ်သူလဲ။ ညကင်းတာဝန်ကျဝန်ထမ်းစာရင်း လာတင်ခိုင်း။ ‥‥။ ‥။ ‥‥။ တကယ်ပါ။ ဘေးကကြည့်ရင်းတောင် ခေါင်းမူးလာသည်။ မျက်လုံးက ဝရမ်းကိုစစ်၊ လက်က ဝရမ်းပေါ်တွင် အမှတ်အသားများရေး၊ ပါးစပ်က ဒလစပ် အမိန့်ပေးနေသော ထောင်မှူးကြီးကို ကြည့်၍ ခေါင်းဆယ်လုံးရှိသော ဒသဂီရိဆိုတာကို အလိုလို ယုံကြည်လာချင်မိတော့၏။

ထောင်မှူးကြီး၏ပါးစပ်က အဆက်မပြတ် ထွက်လာနေသော အမိန့်များသည် နွားကျောင်းသားကိုင်သည့် ကြိမ်တံပြာပမာ လက်အောက်အရာရှိများ ဝန်ထမ်းများအား အသော့နှင်၍ မောင်းပါလေပြီ။ ‘နဂါးခေါင်းကတော့ ဘယ်ညာ နှစ်ချက်လောက်လေးပဲ ယမ်းလိုက်တာ၊ အမြီးကတော့ ယမ်းလို့ကို မဆုံးတော့ဘူး’ဟု ဆိုစမှတ်ပြုရအောင်ပင် ဝန်ထမ်းများမှာ ကြိုးသမားတစ်ယောက်လက်ခံဖို့အရေး ပြေးကြ၊ လွှားကြ၊ ဗျာများကြရပါ၏။ ထိုသို့ အလုပ်များအလုပ်ရှုပ်ကြသည့်တိုင် မောင်မင်းကြီးသားရှေ့တွင် ငြူစူဟန်မပြရ။ ပြုံးရွှင်ချိုသာစွာ ဆက်ဆံကြရသည်။ ဟုတ်သည်လေ။ ‘လူမိုက်မကြောက်နဲ့၊ စိတ်ညစ်နေတဲ့ကောင်ကြောက်။ လူမိုက်က သူလုပ်ချင်တာ၊ သူကျွမ်းကျင်တာ ရွေးမိုက်၊ ရွေးလုပ်တာ။ သူဘာလုပ်တော့မယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့ ရတယ်။ စိတ်ညစ်နေတဲ့ကောင်က သူလုပ်ချင်တာ ထလုပ်တတ်တာ။ သူဘာလုပ်မယ်ဆိုတာ မှန်းလို့မရဘူး။ အဲဒီထက်ပိုကြောက်ရတာက သေဒဏ်အကျဉ်းသား။ ဘဝမှာ အသက်ရှည်ရပ်တည်ဖို့အခွင့်အရေးကို သူများလက်ထဲ အပ်ထားရတဲ့သေမထူး၊ နေမထူးဘဝမှာ ဘာလုပ်ရမှာကိုမှ မကြောက်တတ်တော့ဘူး။ လုပ်ချင်ရင် ထလုပ်လိုက်မှာပဲ။ ထပ်အပြစ်ပေးလည်း သေဒဏ်ထက်ကြီးတဲ့အပြစ်ဒဏ်ဆိုတာ မရှိနိုင်တော့ လမ်းဆုံးနေပြီ။ အကောင်းဆုံးနည်းက သေဒဏ်အကျဉ်းသားကို စိတ်ညစ်အောင်မလုပ်နဲ့၊ စိတ်ချမ်းသာအောင်ထား’ ဟု ဆရာသမားထောင်ပိုင်ကြီးတစ်ဦးက ဆုံးမခဲ့ဖူးသည်။ တကယ်လည်း သွေးထွက်အောင်မှန်သည့် စကား။ ပြင်ပတွင် ဘာပြစ်မှုတွေဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လောက်ဆိုးခဲ့ ဆိုးခဲ့။ ကြိုးသမားဘဝတွင် သူ့ကို စာနာသနားစွာ ကြင်ကြင်နာနာ၊ ယုယုယယ ပြုစုကြရသည်သာ။

လူမိုက်မကြောက်နဲ့၊
စိတ်ညစ်နေတဲ့ကောင်ကြောက်။
လူမိုက်က သူလုပ်ချင်တာ၊
သူကျွမ်းကျင်တာ
ရွေးမိုက်၊ ရွေးလုပ်တာ။
သူဘာလုပ်တော့မယ်ဆိုတာ
ကြိုတင်ခန့်မှန်းလို့ ရတယ်။
စိတ်ညစ်နေတဲ့ကောင်က
သူလုပ်ချင်တာ
ထလုပ်တတ်တာ။
သူဘာလုပ်မယ်ဆိုတာ
မှန်းလို့မရဘူး။
အဲဒီထက်ပိုကြောက်ရတာက
သေဒဏ်အကျဉ်းသား
...



www.burmeseclassic.com

www.burmeseclassic.com





ကြည့်ပါဦး။ တာဝန်ကျထောင်ဆရာဝန်ကြီးကိုယ်တိုင် ထောင်ဗူးတံခါးကြီးသို့ ကိုယ်တိုင်လာရောက်၍ အကျဉ်းသားအား အကျဉ်းထောင်မှ လက်ခံချိန်တွင် ဒဏ်ရာအနာတရ ရှိ/မရှိ။ ကျန်းမာရေးအခြေအနေကောင်း၊ မကောင်း အရေးတကြီးကုသရမည့် နှလုံး၊ သွေးတိုး စသည့် ရောဂါကြီးများ ခံစားနေရခြင်းရှိ/မရှိ စစ်ဆေးရပါသည်။ အရပ်အတိုင်းအတာ၊ ကိုယ်အလေးချိန်တို့ကို တိုင်းတာချိန်တွယ် မှတ်တမ်းတင်ရပါသည်။ အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်းကား ယနေ့မှစကာ ယင်းအကျဉ်းသား၏နောက်ဆုံးနေ့အထိ နိစ္စဓူဝ နံနက်၊ ညနေ တစ်နေ့ ၂ ကြိမ် တိုင်းတာရပါ၏။ ပျက်ကွက်၍မရ။ ကိုယ်အလေးချိန် အတိုး/အလျော့ကို ချင့်ချိန်ကာ ကျန်းမာရေးကို ထိန်းသိမ်းပြုစု စောင့်ရှောက်ကြရပါ၏။ ဘာကြောင့်ပါလဲ၊ 'သေဒဏ်အကျဉ်းသား' ဆိုသည်မှာ 'သေဒဏ်စီရင်ခြင်းကြောင့် သေဆုံးသည်ကလွဲ၍ အခြားနည်းဖြင့် မသေဆုံးစေရ။ ကျန်းမာရေးကြောင့် ရောဂါကြောင့်မသေစေရ။ ကြိုးဒဏ်စီရင်ချိန်တွင်လည်း 'သေဒဏ်အကျဉ်းသား'၏ ကျန်းမာရေးသည် သာမန်လူတစ်ဦး၏ ပကတိကျန်းမာသောအခြေအနေတွင် ရှိရပါ၏။ သာမန်လူတစ်ဦးကဲ့သို့ ပကတိအခြေအနေအတိုင်း ကျန်းမာရေးမကောင်းလျှင် ကြိုးဒဏ်မပေးရ။ ကိုင်း ‥ ဘယ့်နှယ်ရှိစ။ သေဒဏ်အကျဉ်းသားတစ်ဦးအတွက် အကျဉ်းထောင်က တာဝန်ခံပေးထားရသော ကျန်းမာရေးစောင့်ရှောက်မှု အာမခံသည် အဘယ်မျှ ခိုင်မာလိုက်ပါသနည်း။ ကြိုးဒဏ်စီရင်ခံရမည့်အချိန်တွင် အကျဉ်းသား၏ကျန်းမာရေးအခြေအနေသည် သာမန်မဟုတ်။ သွေးတိုးနေသည်။ ရောဂါတစ်ခုခု ခံစားနေရသည်။ ဖျားနေသည်ဆိုခဲ့ပါက ဆရာဝန်ကြီး၏ ဆေးလက်မှတ်ဖြင့် ကြိုးဒဏ်စီရင်ခြင်းကိုပင် ရပ်ဆိုင်းထား။ နေကောင်းအောင်အထိစောင့်၊ နေကောင်းအောင်ပြုစု။ နေကောင်းပြီဆိုမှသာ။ တာဝန်ကြီးလှပါပေသည်။

ဆရာဝန်က ဆေးစစ်ပြီးပြီလား။ သေဒဏ်အကျဉ်းသားအား ထောင်မှူးကြီး ရုံးခန်းအတွင်းသို့ခေါ်လျက် သက်သောင့်သက်သာ ထိုင်ပါစေ။ ကော်ဖီလေး၊ လက်ဖက်ရည်လေးတိုက်၊ ကော်ဖီ၊ လက်ဖက်ရည်လေးမဝံ့မရဲ သောက်စားနေသည့်အကျဉ်းသားအား အလ္လာပသလ္လာပဟိုအကြောင်း၊ သည်အကြောင်း စကားစပ်အောင်ပြော။ သူ့ရုပ်သွင်၊ သူ့စရိုက်၊ သူ့အလေ့အထကို အကဲခတ်ခန့်မှန်း။ ပြီးမှ တစ်စတစ်စရင်းနှီး ခင်မင်အောင် လေးစားချစ်ခင်အား ကိုးလာအောင် စည်းရုံးဆွဲဆောင် ဖျောင်းဖျနှစ်သိမ့်ရပါ၏။ နားဆင်ကြည့်ပါဘိ။

'ကို ဘယ်သူနော်၊ ဘယ်ဇာတိလဲ။ ဪ ‥ ဪ အဲဒီ ကျုပ်အဖေရဲ့ဇာတိဗျ။ (ဟုတ်သည်၊ မဟုတ်သည် အပထား၊ သည်သို့ပဲပြောရမည်သာ။) ကြုံမှကြုံရတတ်ပလေဗျာ။ အေး အမေတွေ အဖေတွေ ပြောပါဦး။ လူကြီးတွေချင်း စပ်ကြည့်ရင် ဆွေမျိုးများ တော်နေကြဦးမလား။ အေး ‥‥ အေး၊ စားဗျာ။ ဪ ‥‥ ဒီကနေ့ကစပြီး ကျွန်တော့်ကို ထောင်မှူးကြီးလို သဘောမထားနဲ့ဗျ။ ကိုယ့်ဆွေမျိုးသားချင်းလိုသာ သဘောထားပေတော့။ ပြောထားရဦးမယ်နော်။ ခင်ဗျား ဘာဖြစ်ခဲ့တယ်။ ဘာပြစ်ဒဏ်ကျလာတယ်ဆိုတာ သိပ်မစဉ်းစားနဲ့ဗျ။ 'သေဒဏ်'ဆိုတာ စာရွက်ပေါ်က ရေးထားတဲ့အပြစ်ဒဏ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ခင်ဗျားအယူခံတင်ရဦးမယ်။ အယူခံမှာ သေသေချာချာ ကျကျနနတင်လိုက်ရင် အပြစ်ဒဏ်ပြောင်းချင်ပြောင်းမယ်ဗျာ။ အယူခံရှုံးခဲ့ဦးတော့။ နိုင်ငံတော်အကြီးအကဲဆီ အသနားခံစာတင်လို့ရသေးတယ်ဗျာ။ နောက်ဆုံးဗျာ . . လက်ရှိအစိုးရရဲ့ကာလမှာ ဘယ်အကျဉ်းသားတစ်ယောက်ကိုမျှ သေဒဏ်စီရင်ခဲ့တာမရှိခဲ့ဘူးဗျ။ နောင်လည်း ရှိမှာမဟုတ်ဘူး။ လွတ်ငြိမ်းချမ်းသာဆိုတာကလည်း ဆယ်နှစ်တစ်ကြိမ်နှုန်းလောက်ပေးနေတာ။ အဲဒီတော့ 'သေဒဏ်'ဆိုတာကြီးကြောင့်တော့ သောကမရောက်နဲ့။ စိတ်ချမ်းသာအောင်နေ၊ အပြင်ဘဝမှာ လူ့တာဝန်၊ လူ့ဝတ္တရားတွေနဲ့ ထွေးလုံးရစ်ပတ်မို့ မေ့မေ့လျော့လျော့၊ သေသေချာချာ မလုပ်နိုင်ခဲ့တဲ့ တရား ဘာဝနာအလုပ်တွေ တစ်ဝကြီးလုပ်စမ်းဗျာ။ ဘဝကို ရတနာသုံးပါးအာရုံထဲမှာပဲ နှစ်ထားလိုက်။ ထုံထားလိုက်။ လိုတာရှိရင်လည်း အချိန်မရွေးကျွန်တော့်ရဲ့ ရဲဘော်တွေက တစ်ဆင့်ပြောဗျာ။ ကြိုးတိုက်ထောင်မှူးကို သတင်းပို့လိုက်လည်း ရတာပဲ။ ကျွန်တော်ကတော့ မကြာ မကြာလာခဲ့မှာပါ။ အိမ်ကို စာရေးချင်ရင်လည်းပြောနော်။ အိမ်သားတွေလာရင်လည်း ကျွန်တော်နဲ့တွေ့လိုက်ဦးမယ်။ ဆွေမျိုးတွေဖြစ်ချင်ဖြစ်နေကြမှာ–

စသည်၊ စသည် သူ့ပြစ်မှု၊ သူ့ကိစ္စ၊ သူကျူးလွန်ခဲ့သည့် ရာဇဝတ်ကြောင်းကို မတို့မထိဘဲ ကိုယ်နှင့်ကိုယ့်ထောင်ကိုပင် သူ့မိသားစု ဆွေမျိုးသဖွယ် သံယောဇဉ်တွယ်လာအောင် ကြိုးစားစည်းရုံးတတ်ရပါသည်။ သေဒဏ်ကျအကျဉ်းသားဆိုသည်မှာ ရေနစ်နေသူသဖွယ် ကောက်ရိုးတမျှင်ပင် ဖြစ်ပါစေ၊ အားကိုးတကြီး နွယ်ငင်ရစ်ပတ်တတ်သူများမို့ အကျဉ်းထောင်ဝင်ဝင်ချင်း ပစ်လိုက်သော သံယောဇဉ်မြားတစ်ချက် ထိထိရောက်ရောက် စူးဝင်သွားပြီဆိုပါက သူ၏နောက်ဆုံးနေ့များအထိ ပြဿနာနည်းပါးစွာ အဆင်ပြေပြေထိန်းသိမ်း၍ ရနိုင်တတ်ပါ၏။ ကျောင်းသင်ဘာသာရပ်တွင် သင်ရိုးညွှန်းတမ်း၌ပင် ပါဝင်ခြင်းမရှိခဲ့သော လူနှင့်လူချင်း၊ လူကလူချင်း၊ လူကိုလူချင်းထိန်းချုပ်ရသည့် ပညာများပါတကား။ တော်၏။ တော်၏။ ထောင်မှူးကြီးတော်ပါပေ၏။ များသောအားဖြင့် ထောင်မှူးကြီး ရုံးခန်းက ထွက်လာခဲ့သော 'သေဒဏ်ကျအကျဉ်းသားများ'မှာ အကျဉ်းထောင်ရောက်ခါစနှင့် မတူတော့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကိုးစားမှု အရိပ်အယောင်ကလေးများ တွေ့လာရပါ၏။ အကျဉ်းထောင်ဝန်ထမ်းများကို ကြည့်သည့်အကြည့်ပင်လျှင် ချိုသာပျော့ပြောင်းလာပါ၏။ မြေကြီးကို လျှောက်၍နင်းလာသည့် သူတို့ခြေလှမ်းကပင် ယုံယုံရဲရဲ အားကလေးပါလာပါ၏။ ဟုတ်ကဲ့၊ ကိုယ်တွေ့ပါခင်ဗျာ။

'သေဒဏ်အကျဉ်းသား'အား ကြိုးတိုက်ထောင်မှူးလက်သို့အပ်ကာ သူ့ကိုထိန်းသိမ်းထားရမည့် ကြိုးတိုက်ခန်းအတွင်း ပို့အပ်ထားခဲ့ပြီ ဆိုရုံမျှနှင့် ထောင်မှူးကြီး အနားမရသေးပါ။ အရေးကြီးအလုပ် ကျန်နေပါသေးသည်။ ထောင်ကျရုံးထောင်မှူး ခေါ်ပါဦးဟော့။ သေဒဏ်အကျဉ်းသား အယူခံရေးဖို့ မှတ်ပုံတင်စာအုပ်နဲ့ စာရွက်စာတမ်းတွေ တစ်ပါတည်းယူခဲ့ပြီး အခုချက်ချင်းလာဖို့ခေါ်ခဲ့။ မရှိရင် လိုက်ရှာကြကွာ။ စကားအဖြစ်သာ ပြောရခြင်းပါ။ ထောင်ကျရုံး ထောင်မှူးကလည်း အကင်းပါးရပါသည်။ ထောင်မှူးကြီး မခေါ်မီကပင် လိုအပ်သည်များ ပြင်ဆင်ကာ စာရွက်စာတမ်းအပြည့်အစုံဖြင့် စောင့်ဆိုင်းနေရပါ၏။ ဟုတ်သည်လေ။ သေဒဏ်အကျဉ်းသား၏ အယူခံလွှာတင်ရန် ကာလကန့်သတ်ချက်သည် အခြားအကျဉ်းသားများကဲ့သို့ ရက်ပေါင်းကိုးဆယ်။ သုံးလမဟုတ်။ သေဒဏ်အကျဉ်းသားအား အကျဉ်းထောင်က လက်ခံပြီးချိန်မှစ၍ ယင်း၏အယူခံလွှာကို စာတိုက်တွင်မှတ်ပုံတင်ပေးပို့ပြီးချိန်(သို့မဟုတ်) ပြည်နယ်၊ တိုင်း၊ တရားသူကြီးရုံးသို့ တိုက်ရိုက်ပေးပို့ပါက စာကိုလက်မှတ်ရေးထိုးလက်ခံပြီးချိန်အထိ ကာလအတွင်း ခုနှစ်ရက်တိတိ၊ နာရီပေါင်း တစ်ရာခြောက်ဆယ့်ရှစ်နာရီသာလျှင် အချိန်ရပါ၏။ ယင်းကန့်သတ်ကာလအတွင်း အယူခံကို အချိန်မီမတင်နိုင်ခဲ့ပါက သေဒဏ်အကျဉ်းသား၏ ဥပဒေဆိုင်ရာအခွင့်အရေးကို ဆုံးရှုံးစေသဖြင့် တာဝန်ရှိသူအားလုံးကို အပြစ်ကြီးလေးစွာ အရေးယူခံရနိုင်ပါသည်။ ထို့ထက်ပို၍မူ သေဒဏ်အကျဉ်းသား၏ သူ့အပေါ်ချမှတ်သော သေဒဏ် အပြစ်ဒဏ်အား စောဒကတက်ခွင့်၊ ငြင်းပယ်ခွင့်၊ ကန့်ကွက်ခွင့်၊ ထုချေရှင်းလင်းခွင့်တို့ ဆုံးရှုံးသွားမည်ကို လူသားချင်းစာနာစွာ ပို၍ အရေးထားရပါ၏။ ထောင်မှူးကြီးနှင့် ထောင်ကျရုံးထောင်မှူးနှစ်ဦးစလုံးသည် အဆိုပါခုနှစ်ရက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်တိုင် သေဒဏ်ချမှတ်ခံထားရသည့်သဖွယ် အကျဉ်းသား၏ကိုယ်စား အယူခံတင်နိုင်ရေးကို စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ဖြစ်လောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရပါသည်။ ကာယကံရှင် သေဒဏ်အကျဉ်းသားထက် ပို၍ ကိုယ်စိတ်နှစ်ပါး အဆင်းရဲခံကာ ဆောင်ရွက်ကြရပါ၏။ အယူခံနိုင်ခဲ့၍ အခြားပြစ်ဒဏ်သို့ပြောင်းလဲသည့် အမိန့်ရရှိခဲ့လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပုံမှာ အကျဉ်းသားကိုယ်တိုင်ထက် လျော့မည်မထင်။ သေဒဏ်အကျဉ်းသား အယူခံလွှာများများနိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်သော အရာရှိ၏ပီတိမှာ ကိုယ်ချင်းသာစာကြည့်ကြပါတော့။ ဒါနတကာတို့ထက်ပိုကဲ သာလွန်လေဘိသည်။ လက်အောက်တပည့်များနှင့် အထက်အကြီးအကဲတို့က အထင်ကြီးလေးစားစွာ ဝင့်ကြည့်လိုက်သောအကြည့်တစ်ချက်မျှဖြင့် တစ်သက်စာလုံလောက်ပါပေသည်ဟုဆိုက လွန်အံ့မထင်ပါ။

ဤအထိရေးခဲ့သမျှမှာ သေဒဏ်အကျဉ်းသားအား လက်ခံရပုံ၊ ဆက်ဆံရပုံ၊ ထိန်းသိမ်းရပုံ၏ ပဏာမသာဖြစ်ပါသည်။ အမြွက်မျှသာ ဖြစ်ပါသည်။ အစအဆုံး ချေးခါးအူမ ရေးရမည်ဆိုပါက ကျမ်းတစ်စောင် ပေတစ်ဖွဲ့ဖြစ်ပေရော့မည်။ သူ၏နောက်ဆုံးနေ့အထိ အဘယ်မျှ ဂရုစိုက်ရပါသနည်းဆိုလျှင် ကိုယ့်ကိုယ်ကိုပင် တစ်နေ့လျှင် ဝမ်းဘယ်နှခါသွားသည်။ ဆီးဘယ်နှကြိမ်သွားသည်။ ဝမ်းက မာသလား၊ ပျော့သလား၊ အနံ့နံသလား၊ ဆီးများသလား၊ နည်းသလား၊ ဘယ်နှကြိမ်အိပ်သလဲ၊ နှာစေးချောင်းဆိုးသလား၊ စသည် ‥ စသည် သတိပြုစောင့်ကြည့်မိဖူးမည်မဟုတ်။ မိမိရင်ကမွေးသောသား၊ သမီးများကိုလည်း ထိုမျှအသေးစိတ် စိတ်ရှည်၊ လက်ရှည် စောင့်ကြည့်ထိန်းသိမ်းဖူးမည်မဟုတ်။ သို့စေကာမူသေဒဏ်ကြိုးသမားကိုမူ တစ်ဦးချင်းစီအား မှတ်တမ်းစာအုပ်ကိုယ်စီဖြင့် နေ့ရက်၊ အချိန်၊ နာရီ၊ မိနစ်အတိအကျထူးခြားသော ခြေအလှုပ်လက်အလှုပ်ကိုပင် စောင့်ကြည့် မှတ်တမ်းတင်ကာစောင့်ရှောက်ကြရပါ၏။ ဒါကိုမှ ပိုးလိုမွေး၊ ရွှေလိုဥထားသည်မမည်လျှင် အဘယ်ကို ဆိုကြပါမည်နည်း။

အချုပ်ဆိုရလျှင် ‥‥။

'သေဒဏ်ကျကြိုးသမား'ဟူသည် သေဒဏ်စီရင်ခြင်းခံရ၍ သေဆုံးရသည်မှအပ သူ့ဖာသာသေချင်၍တောင် သေခွင့်မရ။ ဥပဒေ၏ ခွင့်ပြုချက်မှလွဲ၍ မည်သည့်ပယောဂကြောင့်မျှ သေခွင့်မရအောင် 'ပိုးလိုမွေး'၍ ထိန်းသိမ်းစောင့်ရှောက်ထားကြရသော တကယ့်အရေးကြီး ပုဂ္ဂိုလ်များသာပါတကား။

အကျဉ်းထောင်ရာဇဝင်တွင်လည်း 'သေဒဏ်စီရင်ခြင်း'ကြောင့် မှတစ်ပါး အခြားနည်းဖြင့် ဖိတ်စင်သေဆုံးခဲ့သော 'သေဒဏ်ကျကြိုးသမား'မရှိခဲ့ဘူးသေးပါတကား။

ထိုမျှ တိကျတင်းကြပ်စွာ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားပါလျက် တကယ်ဝဋ်တုန့်ကြမ္မာငင်လာသောအခါ တားဆီးခြင်းငှာမစွမ်းသာခဲ့။

"မောင်ချို"နှင့် "မောင်ချို၏ကံကြမ္မာ"က ဆန်းကြယ်စွာပင် ထိုအစဉ်အလာကို ပြက်ရယ်ပြုချိုးဖောက်ခဲ့ပါ၏။ လောက၏မဖောက်မပြန် မှန်ကန်လှသော ပရမတ်သစ္စာ ဓမ္မအတွက် လောက၏ပညတ်ချက်များကို ရဲရဲကြီး ဗီဆန်ပြခဲ့ပါ၏။

ဩော် ‥‥ မောင်ချို၊ မောင်ချိုမောင်ချို။

[ ၃ ]

မောင်ချို။

မောင်ချိုကို ရွှေဘိုမြောက်လက် အညာဒေသမြို့ကြီးတစ်မြို့အနီး ကျေးရွာတစ်ရွာတွင်မွေးဖွားခဲ့ပါသည်။ နောင်ကာလ ပြစ်မှုမှတ်တမ်းများ၌ ဂန္ထဝင်တွင်မည့် မောင်ချိုကို မွေးဖွားရာ ဇာတိချက်မြှုပ်ကား နှယ်နှယ်မဟုတ်ပါ။ နိုင်ငံကျော် စာရေးဆရာကြီး သိပ္ပံမောင်ဝ (မြို့ပိုင်ဦးစိန်တင်)အား လုယက်သတ်ဖြတ်ခဲ့သော ဓားပြများ၏ဇာတိရွာပင်တည်း။ တောက်မည့်မီးခဲ တရဲရဲဆိုပေသကိုး။ မောင်ချိုကို မွေးဖွားစဉ်က သူ့အဖေ ဦးချစ်မရှိခဲ့။ လယ်မြေအတွက် ရေသွင်းရန် ရေလုရင်း ဓားခုတ်မှု ကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ် ကျခံနေခဲ့ရသည်။ မိခင်တစ်ဦးတည်းသာ မောင်ချိုကို ဆွေအလယ်မျိုးအကြား၌ စိတ်နှလုံးညှိုးနွမ်းစွာ မွေးဖွားပြုစု လာခဲ့ရသည်။

မောင်ချို သိတတ်စပြုမှသာ သူ့အဖေဦးချစ်ကို တွေ့ရတော့သည်။ သားသမီးအားလုံးတွင် သားဆို၍ မောင်ချိုတစ်ဦးတည်းသာ ပါလာလေရော ဖခင်က သည်းသည်းလှုပ်မျှ ချစ်သကဲ့သို့ မောင်ချိုဆိုသော မောင်ချိုကလည်း လက်သာသော သူ့အဖေကို တောက်တဲ့နှယ် တွယ်ကပ်ကာ ခိုကိုးကြီးပြင်းလာခဲ့ရသည်။ သို့ဖြင့် မောင်ချိုသည် သူ



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးသရဲစီးနေသည့်
သဖွယ်ပြူးကျယ်နီရဲနေသော
မောင်ချို မျက်လုံးများနှင့်
ခွေးရူးတစ်ကောင်ကဲ့သို့
စက်ဆုပ်ကြောက်မက်ဖွယ်
မျက်နှာကြီးက တကယ်
ရက်ရက်စက်စက်
လုပ်တော့မည်ဟု
သတိပြုမိလိုက်ချိန်တွင်
ရဲတပ်ဖွဲ့ဝင်များမှာ
မောင်ချိုနှင့်
သူ့အပေါင်းပါများ၏
ဓားချက်ဖြင့်
မြေပြင်ပေါ်ဝယ်
ပုံလျက်လဲနေကြလေပြီ
...

ဖေ ဦးချစ်၏ ကိုယ်ပွားတစ်ခုနှယ် တစ်စ တစ်စ သူ့အဖေခြေရာကို နင်းနိုင်လာခဲ့သည်။ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ စိတ်မြန်လက်မြန်၊ လက်ရုံးအားကိုးစရိုက်က မောင်ချို့အမှတ်လက္ခဏာ ဖြစ်လာခဲ့သည်။ ရွာနီးချုပ်စပ်တွင် မောင်ချို့ကို 'ရွံကြောက်ကြီး'ဖြစ်ကာ သတင်းကြီးလာခဲ့သည်။ သည်အထဲ မောင်ချိုက အဖေ့ထက်သားတစ်လကြီးပြသည့် အနေဖြင့် သူ့အဖေဦးချစ်ပင် စိတ်မကူးဝံ့ခဲ့သော ဓားပြအလုပ်ကို စုံရေမက်ရေ



ဝံ့ဝံ့စားစားလုပ်ပြလာသောအခါ ဆွေမျိုးအသိုင်းအဝိုင်းကပင် လက်မခံနိုင်ဘဲ 'ကြဉ်'ခဲ့ကြ၏။ သို့ရာတွင် မောင်ချိုမဖြုံပါ။ မဖြုံရေးချ အိုမဖြုံပါ။ မောင်ချိုသည် ကမ္ဘာတွင် သူ့အဖေ ဦးချစ်ကလွဲ၍ သူ့အရေးထားအပ်သူမရှိသေးဟု မှတ်ယူထားသူ၊ မောင်ချိုကို သူ့အဖေ ဦးချစ်က ဆုံးမပုံကလေးကိုလည်း နားဆင်ကြည့်ကြပါဦး။ နားဝင်ချိုစရာ၊ သင်းလွန်းလှသည်။

"သူခိုး၊ ခါးပိုက်နှိုက်ဆိုတာ ပိုင်ရှင်မသိအောင် ခိုးကြောင်ခိုးဝှက် ခိုးယူနှိုက်ယူရတဲ့အလုပ်ကွ။ သူ့ရဲဘောကြောင်တဲ့ကောင်တွေလုပ်တာ။ ဓားပြဆိုတာ မျက်နှာချင်းဆိုင် သတ္တိချင်းပြိုင်ပြီး ကိုယ်လိုချင်တာကို ရအောင်ယူတာ။ သတ္တိမရှိဘဲ လုပ်ဝံ့တဲ့အလုပ်မဟုတ်ဘူး။ ယောကျ်ားသွေးမှ လုပ်ရဲတာ၊ လုပ်နိုင်တာ၊ မတော်မတရားစီးပွားရှာပြီး ကြီးပွားနေတဲ့ကောင်တွေရဲ့အပေါ်က ကတုံးပေါ် ထိပ်ကွက်ရတာ သိပ်ကောင်းတဲ့အလုပ်ကွ'

ဆိုကြပါစို့။ မောင်ချိုသည် ရဲမှတ်တမ်းဝင်ရဲက အစဉ်အမြဲ စောင့်ကြည့်နေရသော ဓားပြအကြီးစား ဖြစ်လာခဲ့ရသည်။ ထောင်အကြိမ်ကြိမ်လည်း ကျခဲ့ဖူးပြီ၊ ရဲဘက်စခန်းဟုဆိုသော အကျဉ်းထောင်အလုပ်စခန်းများသို့လည်း သွားချည်ပြန်လှည့်ရောက်ခဲ့ဖူးပြီ။ တဖြည်းဖြည်းတစ်စစ၊ ဒုစရိုက်မှုများကို ထုသားပေသား ကျလာခဲ့ပြီ၊ ဒုစရိုက်သက်တမ်းကြာလာသည်နှင့်အမျှ မောင်ချို့ရင်ထဲတွင် ဆူးကြီးတစ်ချောင်းက စူးတ်



www.burmeseclassic.com

www.burmeseclassic.com



မရအောင် စူးစူးနစ်နစ် စိုက်ဝင်လာခဲ့သည်။ ယင်းကား သူ၏ဒုစရိုက်လမ်းတွင် တားဆီးပိတ်ဆို့ကာ သူ့အား အကြိမ်ကြိမ်ဥပဒေရှေ့မှောက်သို့ ပို့အပ်ခဲ့သော ဥပဒေနှင့်အညီ အပြစ်ဒဏ်ပေးနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသော 'ရဲတပ်ဖွဲ့ဝင်'များအား တူးတူးခါးခါး မုန်းတီးနာကျည်းလာသည့်စိတ်။ သူ့အပြစ် သူ့လုပ်ရပ်၊ သူ့ဒုစရိုက်မှုများကို သူထည့်မတွက်၊ ထည့်မစဉ်းစား။ သူ ထောင်ကျရတာ 'ရဲတပ်ဖွဲ့ဝင်'တွေကြောင့်ဟု တလွဲတမှား အစွဲကြီးလာခြင်းတည်း။

ထိုအယူမှား၊ အမြင်မှား၊ မုန်းတီးမှုများကပင် သူ့ဘဝအား လူ့အခြေခံမျဉ်းအောက်သို့ ဦးစိုက်ကျွမ်းပြန် 'ဝုန်းခနဲ'ထိုးကျသွားစေခဲ့ခြင်းပင်။

အညာနွေ၏ ရက်ရက်စက်စက်ပူပြင်းလှသော နေရောင်အောက်ဝယ် လူစိတ်ပျောက်သွားခဲ့သောမောင်ချို၏ ရက်စက်ကြမ်းကြုတ်လှသည့် အဓမ္မမှုများသည် မကြည့်ဝံ့၊ မကြည့်ရဲ နားပင်မကြားရဲအောင် ဖြစ်ပွားပေါ်ပေါက်ခဲ့ကာ 'သေဒဏ်ကျကြိုးသမား'ဘဝသို့ ရောက်စေခဲ့တော့၏။

ထို့နေ့ . . . ။

[ ၄ ]

နေက ပူလွန်းလှ၏။ နေအပူထက် လူသားတို့၏ ဒေါသအပူ၊ မောဟအပူက ပိုမို၍ အလျှံငြီးငြီး တောက်လောင်လွန်းလှ၏။ ရေးကြီးခွင်ကျယ်မဟုတ်လှသော ကိစ္စအသေးအမွှား ကလေးကို အကြောင်းပြလျက် မောင်ချိုတို့ရွာနှင့် ရွာနီးချင်းတို့ ပြင်းပြင်းထန်ထန် ခိုက်ရန် ပဋိပက္ခဖြစ်ခဲ့ကြ၏။ သွေးချောင်းစီးမှုဖြစ်ပွားခဲ့သော ရန်ပွဲတွင် သေသူသေ၊ ကျိုးသူကျိုး၊ မရှုမလှ၊ မချိမဆန့်။ အော်ဂလီဆန်လောက်အောင် ကြမ်းတမ်းရက်စက်လှ၏။ ရွာမိရွာဖအချို့နှင့် ရဲတပ်ဖွဲ့ဝင် (၄)ဦးခန့်က ဖွတ်အတင်းဝင်ရောက်ထိန်းသိမ်းတားဆီး၍ ငြိမ်းတော့မည့်ဆဲဆဲ အကုသိုလ်မီးလျှံသည် မောင်ချိုနှင့် သူ့အပေါင်းပါတစ်ခုမူးယစ်သောက်စား၍ တရားမဲ့စွာ ယမ်းကားမှုကြောင့် ဝုန်းခနဲထ၍ တောက်ပြန်လေပြီ။

'မောင်ချိုကွ . . . မဟုတ်ရင် အဖေတောင်ခံတဲ့ကောင်မဟုတ်ဘူး၊ ငရဲက လာတဲ့လူ ပြာပူကြောက်မယ် ထင်သလားဟေ့၊ ဟေ့ကောင်တွေ . . အကုန်သတ်၊ ဝင်ရှုပ်တဲ့ကောင်တွေပါသတ်၊ လူသားအစိမ်းစားမယ့် မောင်ချိုတဲ့ကွနော်''

အဘယ်မျှ တရားလွန် မူးယစ်နေသည်မသိ။ မြည့်နေအောင်သွေးထားသော ငှက်ကြီးတောင်ဓားတဝင့်ဝင့်ဖြင့် မြင်မြင်သမျှကို လိုက်လံပိုင်းခုတ်နေလေတော့ရာ တား၍မနိုင်၊ ဆီး၍မရ။ ကိုယ်လွတ်ရုန်းကာ သာပြေးကြရတော့၏။

"ဩော် . . . တွေ့ကြပြီပေါ့၊ ကျေးဖူးရှင်ကြီးတွေ၊ မောင်ချိုကို အချုပ်ထဲထောင်ထဲပို့ မိဝေးဖဝေး ဆွေမျိုးဝေးပြီး ဒုက္ခမျိုးစုံရောက်အောင် လုပ်တဲ့လူတွေ၊ ဒီကနေ့မှ ဒီအကြွေးကို မဆပ်ရရင် မောင်ချို . . . လူ့ပြည်မှာ မနေတော့ဘူးဟေ့''

ပြေးသူတွေ ပြေးကြပါစေ။ နိုင်ငံ့ဝန်ထမ်းများမို့ ရဲတပ်ဖွဲ့ဝင်များမှာ မပြေးနိုင်မပြေးသာ။ မောင်ချိုကိုရင်ဆိုင်ကာ ထိန်းသိမ်းဖို့ ကြိုးစားကြရ၏။ ဥပဒေကို ထိန်းသိမ်းကြရသူများမို့လည်း ဥပဒေမဲ့ မလုပ်နိုင်ကြ။ လက်ထဲတွင် သေနတ်ကိုင်ထားသော်လည်း အသုံးမပြုရက်။ တစ်မြေတာရေတည်း အမြင်မစိမ်းသူများမို့ မောင်ချို တကယ်လုပ်လိမ့်မည်ဟုလည်း မထင်။ လူစိတ်ပျောက်ကာ ဘီလူးသရဲစီးနေသည့် သဘွယ်ပြူးကျယ်နီရဲနေသော မောင်ချိုမျက်လုံးများနှင့် ခွေးရူးတစ်ကောင်ကဲ့သို့ စက်ဆုပ်ကြောက်မက်ဖွယ်မျက်နှာကြီးက တကယ် ရက်ရက်စက်စက်လုပ်တော့မည်ဟု သတိပြုမိလိုက်ချိန်တွင် ရဲတပ်ဖွဲ့ဝင်များမှာ မောင်ချိုနှင့် သူ့အပေါင်းပါများ၏ ဓားချက်ဖြင့် မြေပြင်ပေါ်ဝယ် ပုံလျက်လဲနေကြလေပြီ။ ဗိုက်ပွင့်သူပွင့်၊ အူအထွေးလိုက်ထွက်သူထွက်။

"မောင်ချိုဆိုတဲ့ကောင် . . မလုပ်ရဲ တာမရှိဘူးကွ၊ မလုပ်ရသေးတာပဲရှိတယ်၊ ဒီမှာကြည့်ထား . . . လူသားအရှင်လတ်လတ်စားပြမယ်ဟေ့''

မောင်ချိုတွင် သိစိတ်တို့ အလျှဉ်းမရှိတော့ပါ။ ဒုစရိုက်သွေးတို့ ပွက်ပွက်ဆူကာ အကုသိုလ်မီးလျှံသည်သာ တဟုန်းဟုန်း လောင်မြိုက်နေလေဟန်တကား။ နောက်ဆုံးတွင် မောင်ချို၏ အကုသိုလ်မီးကို မကြည့်ရက်တော့သဖြင့် ဖခင်ဖြစ်သူ ဦးချစ်ကိုယ်တိုင် ဝါရင်းတုတ်ဖြင့် ဝင်ရိုက်ကာ ဖမ်းဆီးခဲ့ရ၏။ ဖခင်ကိုယ်တိုင် ဖမ်းဆီးအပ်နှံလင့်ကစား ထိန်းသိမ်းရဲသူပင် မရှိတော့သဖြင့် နေ့ချင်းမြို့ပေါ် ရဲတပ်ဖွဲ့စခန်းသို့ အပ်နှံခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြစ်မှုကြောင့် မောင်ချိုအပေါ် 'သေဒဏ်'ချမှတ်ခဲ့ကာ ဆက်စပ်ပတ်သက်ရာ အပေါင်းပါများအားလည်း 'သေဒဏ်'၊ တစ်သက်တစ်ကျွန်းဒဏ်များ ချမှတ်ခဲ့ရ၏။

[ ၅ ]

'ကြိုးတိုက်ထောင်မှူး'အဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေရချိန်ကာလတွင် မောင်ချိုကို 'သေဒဏ်အကျဉ်းသား'တစ်ဦးဖြစ် ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိခဲ့ပါ၏။ အကျဉ်းထောင်လုပ်ငန်းများအနက်၊ တာဝန်အကြီးဆုံး၊ အတိမ်းအစောင်း အထိအပါး နည်းနည်းမျှမခံသော လုံခြုံရေးနှင့် စည်းကမ်း အတင်းကျပ်ဆုံးတာဝန်မှာ 'ကြိုးတိုက်' ခေါ် 'သေဒဏ်ကျအကျဉ်းသားများ'အား ထိန်းသိမ်းရသည့်တိုက်ခန်းကို ကြီးကြပ်ရသည့် အလုပ်သာဖြစ်ပေတော့သည်။ အကျဉ်းထောင်ဝန်ထမ်းအလုပ်ဆိုသည်ကား ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စေတနာနှင့် အနစ်နာကတော့ မလွဲမသွေယှဉ်၍ လုပ်ကိုင်နေကြရပါ၏။ ခန္တီ၊ မေတ္တာ၊ ကရုဏာ အများဆုံး ပွားများနေကြရသော အလုပ်ပင်တည်း။

မောင်ချို၏ ကြိုးတိုက်ရောက်စ အစောပိုင်းကာလများမှာ ကြမ်းလွန်း၊ ရမ်းလွန်းလှ၏။ ကြိုးသမားမို့ မျက်နှာညှိုးမည်၊ သိမ်ငယ်နေမည်၊ မထင်ပါလေနှင့်။ ခေါင်းတမော့မော့၊ ရင်တကော့ကော့ 'လူသားအစိမ်းလိုက်စားတဲ့ လူသတ်သမား'ဟူသော 'မိုက်ဂုဏ်'ကို ပြစားလွန်းလှသည်။ ဘယ်၊ ညာ လက်မောင်းများမှ 'သေမထူး' 'နေမထူး' ဟူသော ဆေးမှင်ကြောင်စာတန်းများကို လူမြင်လူသိစေဖို့ ခန္ဓာကိုယ်တွင် အင်္ကျီမကပ်ဘဲနေလိုနေ။ 'ကြိုးသမား'မို့ ကရုဏာစိတ်ဖြင့် သက်ညှာစွာ ဆက်ဆံနေသော ဝန်ထမ်းငယ်များ အပေါ်တွင်လည်း အကြောင်းကြီးငယ် အမျိုးမျိုးပြကာ ဆိုးချင်သလိုဆိုး။ အခြားဘဝတူ သေဒဏ်ကျအကျဉ်းသားများနှင့်လည်း မသင့်မြတ်။ မောင်ချို အပေါ် စေတနာထားမည့်သူ မေတ္တာထားနိုင်သူ နည်းလွန်းလှ၏။

သို့တစေ၊ မောင်ချိုရင်ထဲက နောင်တနှင့် သောကအပူငွေ့ကို မိမိ ရိပ်မိထားပါသည်။ မောင်ချိုမျက်ဝန်းထဲက သံဝေဂနွယ်သောဗျာပါဒ အရိပ်အငွေ့ကို သတိထားလျှင် ဖတ်ရှု၍ရနိုင်ပါသည်။ မူးမူးရူးရူးနှင့် အသိမဲ့သတိမဲ့ချိန်တွင် အာဃာတတရားကြောင့် မစဉ်းစားဝံ့အောင် ဆိုးသွမ်းလွန်းလှသည့် သူ့ကျူးလွန်မှုကို သူကိုယ်တိုင်ပင် မယုံချင်၊ မယုံနိုင်။ သူ့ကိုယ်သူ သူ့ပြစ်မှုသူ ကြောက်နေသည်။ သည်အကြောက်ပြေဖို့ သူ့စိတ်သူ့မာန်ကို သူတင်းကာ ဖွတ်အဓမ္မ မိုက်ပြနေရသည်။ ရဲပြနေရသည်။ ရင်ထဲမှာက နောင်တဖြင့် တမြေ့မြေ့လောင်ကျွမ်းနေသော သောက၊ ကြောက်စိတ်။ အပေါ်ယံဟန်ပြကာ မိုက်စိတ်။ ဤသည်ကို ဆရာသမားများ၏လက်ထပ်သင်ပြမှုဖြင့် ဘဝအတွေ့အကြုံများအရ ကြိုးတိုက်ထောင်မှူးဖြစ်သူ မိမိတို့က သိစွမ်းနိုင်ရပါ၏။ သိအောင်နားလည်အောင် ကြိုးစားရပါ၏။ မောင်ချိုတစ်ဦးတည်း ရှိနေချိန်များတွင် တွေတွေဝေဝေ၊ ငေးမှိုင်၍ နေသည်များကို တစေ့တစောင်း စောင့်ကြည့်ကာ ရိပ်မိသိရှိနေရပါ၏။ သူလည်း လူပဲလေ။ လူ့စိတ်ဆိုတာ ပျောက်ခဏပေါ့။

ထာဝရအနေဖြင့် ကောင်းစိတ်ကလေးတော့ ရှိနေဦးမည်ပေါ့။

"ဆရာ . . . ကျွန်တော် သိချင်တာလေး ရှိလို့ပါ ဆရာ၊ ဆရာရှင်းပြနိုင်ရင် ပြောပြခဲ့ပေးပါ"

တစ်ညု၊ ပုံမှန်အတိုင်း ကြိုးတိုက်လုံခြုံရေးကို ဝင်ရောက်စစ်ဆေးချိန်၌ မောင်ချိုက တွေးတွေးဆဆ မေးလာခဲ့ပါသည်။

'ဒီဘဝမှာ လုပ်ခဲ့တဲ့မကောင်းမှုတွေ ကျေဖျက်ပြီး နောင်ဘဝအထိပါ မလာနိုင်အောင် ဘာလုပ်ရမလဲဆရာ'

မောင်ချိုမေးခဲ့သမျှ မေးခွန်းများစွာအနက် အချို့ကို မမှတ်မိတော့ပါ။ သို့သော် ရင်ထဲအထိ၊ ထိထိခိုက်ခိုက် စူးဝင်ခဲ့သော သူ့မေးခွန်းနှစ်ခုကိုဖြင့် ယနေ့တိုင် နားထဲက မထွက်သေးပါ။ မောင်ချို နားလည်နိုင်စွမ်းသည်၊ လက်ခံနိုင်စွမ်းသည်တော့ မိမိမမှန်းဆတတ်ပါ။ သို့တစေ မိမိသိသမျှ၊ ဖတ်ဖူးမှတ်ဖူးသမျှ၊ နာခံမှတ်သားခဲ့ဖူးသမျှထဲက သင့်နိုးရာရာအကြောင်းအရာများဖြင့် သူ့မေးခွန်းကို ဖြေနိုင်ဖို့ ကြိုးစားကြည့်ခဲ့ဖူးပါသည်။ ထိုညက မောင်ချိုနှင့် မိမိ ညလုံးပေါက်စကားလက်ဆုံကျခဲ့ပါ၏။ နှလုံးသားချင်းနီးကပ်စွာ နီးနှောခဲ့ပါ၏။ သို့တစေ၊ မောင်ချို၏ မေးခွန်းတစ်ခုကိုဖြင့် မိမိ မဖြေနိုင်ခဲ့ပါ။ ယနေ့တိုင်လည်း မဖြေနိုင်သေးပါ။

စာမျက်နှာ ၁၁၁ သို့



www.burmeseclassic.com

www.burmeseclassic.com





ကျေးလက်စုံထောက်

မောင်တောကျော် နှင့်

သစ်သူခိုးအမှု



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ လူပျိုကြီးကိုတောကျော်တစ်ယောက် စာအုပ်တစ်အုပ်ကို အလွန်နှစ်သက်စွာဖြင့် စိတ်ဝင်တစား သဲသဲမဲမဲဖတ်နေသည်။ အချိန်အတန် လေးကြာသောအခါ ဖတ်လက်စ စာအုပ်၏ရောက်ရာနေရာကို မှတ်သား၍ ဘေးနားချထားလိုက်၏။

မနက်က ဒေါ်စပ်စုကြီးဈေးဆိုင်မှ ဝယ်လာသောအညာထန်းလျက်ကို ရေနွေးကြမ်းဗန်းထဲရှိ ပန်းကန်ထဲမှ တစ်ခဲနှိုက်ယူပြီး ဝါးလိုက်၏။ နန်းတွင်းတံဆိပ် အကောင်းစားလက်ဖက်ခြောက် ခပ်ထားသည့် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ပြန်သည်။

ပြီးလျှင် ဘေးနားတွင်ရှိသော စားပွဲခုံပိုင်းပေါ်မှ ကျောက်ခဲလေးများကို ဟိုရွှေ့သည်ရွှေ့ စိတ်ဝင်တစားလုပ်နေပြန်သည်။

လူပျိုကြီးကိုတောကျော်အဖို့ စားဝတ်နေရေးက ပူစရာမလို။ မိဘများထားခဲ့သည့်အမွေအနှစ်နှင့် လယ်ဧက ၂၀ လောက်ကို သီးစားချထားရုံနှင့် လုံလောက်သည်။ ထို့ကြောင့်ပင် သူ့ဝါသနာပါရာစာပေကို ဖတ်ရှုလေ့လာခြင်း၊ လက်တွေ့စမ်းသပ်ခြင်းနှင့် စဉ်းစားတွေးခေါ်မှုအတတ်တို့ကို လေ့ကျင့်ယူနေသည်။

ဤသည်ကား သူလိုလူပျိုကြီးတစ်ဦး၏ စိတ်ဖြေရာတစ်ခုပင်။

ရွာထဲမှာ ခက်ခဲမည့်ကိစ္စတစ်ခုခုဖြစ်၍ အကူအညီတောင်းလျှင် သူ လေ့လာထားသော ပညာများထဲမှ ထုတ်နှုတ်အဖြေရှာပေးတတ်၏။ လွဲလည်းလွဲချော်ခဲ၏။ အနီးစပ်ဆုံးမှန်သည်ကများ၏။ ရပ်ရေးရွာရေး ကိစ္စများတွင်လည်း မခိုမကပ်ကူညီတတ်သူမို့ တစ်ရွာလုံးနီးပါး လေးစားချစ်ခင်ကြသည်။

သို့သော် ရွာနီးချုပ်စပ်နှင့် ရွာခံမိုက်ရူးရဲတချို့တလေသာ ကိုတောကျော်ကို လူတွင်ကျယ်လုပ်သူဟု ထင်မြင်နေ၏။ ရင်ဆိုင်တွေ့ရမည့်အရေးကိုတော့ ဝေးဝေးကရှောင်ကြသည်။

အသောက်အစားကင်းကင်းနှင့် အမှန်တရားကိုမြတ်နိုးသော ကိုတောကျော်ကတော့ ဘာကိုမျှမမှု။ စိုးရိမ်ကြောက်ရွံ့မှုလည်းမရှိ။ သူမှန်သည့် ထင်လျှင် ရဲရဲဝံ့ဝံ့ ပြောရဲလုပ်ရဲသူ ဖြစ်သည်။

ယခုလည်း ကိုတောကျော် ပြုမူနေပုံကို ဘေးလူတစ်ဦးဦးက မြင်လျှင် ကျားကစားနေသည်ဟု ထင်နိုင်သည်။ ထိုစဉ်–

"ဗျို့ . . . ကိုကြီးတောကျော်၊ ကိုကြီးတောကျော်ရှိလားဗျို့"

အိမ်အောက်မှခေါ်လိုက်သံကြောင့် ကျောက်ခဲများ ရွှေ့ခြင်းအလုပ်ကို မရပ်ဘဲ . . .

"ရှိတယ်ဟေ့ . . သာအေးမဟုတ်လား၊ လာ . . . အိမ်ပေါ်တက်ခဲ့၊ မင်းကို ရွာလူကြီးက . . . လွှတ်လိုက်ပြန်ပြီထင်တယ်"

ကိုတောကျော် စကားသံမဆုံးခင် အိမ်တံခါးဝမှ ရွာလူကြီးဦးဘမောင်၏ သူရင်းငှား'သာအေး'ပေါ်လာသည်။ ကိုတောကျော်က သူလုပ်နေသည့်ကိစ္စ အဆုံးသတ်အနေဖြင့် ကျောက်ခဲတစ်လုံး၏ဘေးပတ်လည်တွင် ကျန်ကျောက်ခဲများကို ဝိုင်းပတ်၍ ချထားလိုက်တော့သည်။

ကိုတောကျော်အနားသို့ ရောက်လာသော သာအေးက–

"ဟာ . . . ကိုကြီးတောကျော် ကျားက အကွက်လည်းမပါဘူး၊ ကွေးကွေးကောက်ကောက်တွေရော . . ဝိုင်းဝိုင်းတွေရော ရှုပ်နေတာပဲ၊ ဒီလို ကျားကစားနည်းမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

ကိုတောကျော်က သာအေးကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး–

"ထိုင်လေကွာ . . . ဒါ . . ကျားကစားနေတာမဟုတ်ဘူး . . သာအေးရဲ့ သကြန်လက်ဆောမိုးက ရွာပြီးမှ အပူချိန်ကလည်း မြင့်လာတယ်၊ ဒါကြောင့် . . . အပြင်မထွက်ချင်တာနဲ့ ခြေရာကောက်တာတို့ ပျောက်နေတဲ့ လမ်းစကို ဆက်စပ်မိအောင် လုပ်တာတို့ လေ့ကျင့်နေတာကွ"

ကိုတောကျော်စကားကို ခေါင်း ရှုပ်သွားဟန်ဖြင့် သာအေးက သူ့ငှက်



www.burmeseclassic.com

www.burmeseclassic.com


သိုက်လို ဆံပင်များ တဖျင်းဖျင်းမြည်သွားအောင် ခေါင်းကို ကုပ်နေ၏။ ကိုတောကျော်မှာ သာအေးကိုကြည့်ပြီး ပြုံးလိုက်ရင်း–

"အေး … ဒါတွေတွေးရင် မင်းခေါင်းရှုပ်သွားမှာပါ၊ ဒါနဲ့ … နေပါဦးကွ၊ ရွာလူကြီးက ဘာဖြစ်လို့ မင်းကို မြန်မြန်ပြေးခိုင်းပြီး ငါ့ကို လာခေါ်ခိုင်းရတာလဲ"

ကိုတောကျော်စကားကို ကြားလိုက်ရသောသာအေးမှာ မျက်ခုံးနှစ်ဖက်စလုံး မြင့်တက်သွားအောင် အံ့သြသွားပြန်၏။

"ဟင် … ကျုပ် လမ်းမှာ ပြေးလာတာ ဘယ်လိုသိတာလဲ ‥ ကိုကြီးတောကျော် အကြားအမြင်များရနေပြီလား၊ ကြောက်တောင်လာပြီဗျာ"

သာအေးစကားကြောင့် ကိုတောကျော် ရယ်လိုက်ပြီး နှုတ်ခမ်းမွေးကို တစ်ချက်သပ်ရင်း ထပြီးရပ်လိုက်၏။ ပုဆိုးကိုပြင်ဝတ်ရင်း–

"ဒီလိုကွ … သာအေးရ၊ ငါက ခေါ်လိုက်ရုံရှိသေးတယ်၊ စကားတောင်မဆုံးသေးဘဲ အိမ်ပေါ်ကို တန်းရောက်လာတာ … ရှေ့ပြေးနိမိတ်ပဲကွ၊ ရွာလူကြီးအိမ်နဲ့ ငါ့ရဲ့အိမ်ဟာ နည်းနည်းလှမ်းတယ်ဆိုပေမဲ့ လမ်းလျှောက်ရုံနဲ့ ချွေးမထွက်နိုင်ဘူး၊ ဒါပေမဲ့ … မင်းရဲ့ နဖူးဆံစပ်မှာ ချွေးစို့နေတာ မြန်မြန်လေးပြေးလို့ ချွေးထွက်တဲ့သဘောပေါ့ကွာ၊ အဲ … နောက်တစ်ချက်က မင်းရဲ့ခြေဖျားပိုင်းမှာ ဖုန်မှုန့်တွေက နောက်ပိုင်းထက် ပိုပြီး ပေနေတာပဲ၊ ပြေးတဲ့သူ အများဆုံးက ရှေ့ခြေဖျားကို အားပြုပြီးပြေးတက်ကြတာပဲ ဟုတ်တယ်နော်"

ကိုတောကျော်၏ထောက်ပြချက်ကြောင့် သာအေးမှာ သူ့ခြေထောက်ကို ပြန်ငုံ့ကြည့်ရင်း–

"ဟာ … ဟုတ်ပါ့ အားနာလိုက်တာဗျာ၊ အိမ်ပေါ်မှာ ခြေရာတွေ တင်ကုန်ပြီ၊ ဦးလေးဘမောင်က မြန်မြန်လေးပြေးပြီး ခေါ်ခဲ့ဆိုလို့ ဖိနပ်တောင် မစီးဖြစ်ခဲ့တာ … ကျုပ် ‥ ဖုန်တွေ သိမ်းပေးခဲ့ပါ့မယ်"

ပြောပြောဆိုဆိုဖြင့် သာအေးက တံမြက်စည်းထောင်ထားရာသို့ သွားယူမည်ပြင်လိုက်စဉ် ကိုတောကျော်က လက်ကာရင်း–

"နေ … နေ သာအေး၊ မင်းကို ရွာလူကြီးက အရေးကြီးလို့ ပြေးလာပြီး ခေါ်ခိုင်းတာမဟုတ်လား၊ မင်းက ‥ ဒီမှာ အေးအေးလူလူ လုပ်နေရင် ဦးဘမောင်အကြောင်း မင်းသိတယ်နော်"

ကိုတောကျော်ပြောလိုက်တော့မှ သာအေးမှာ လာရင်းကိစ္စအား သတိရသွားဟန်ဖြင့်–

"ဟာ … ဟုတ်သားပဲ၊ မြန်မြန်လေးကြွပါဗျာ ကိုကြီးတောကျော်ရယ် အံမယ်လေးလေး … ငါ့နှယ် ဦးလေးဘမောင်နဲ့ ကိုကြီးတောကျော်ကြားမှာ ရှုးချင်စိတ်တောင်ပေါက်လာတယ်"

သာအေးမှာ ပျာပျာသလဲပြန်ပြေးဆင်းသွားသည်။ ကိုတောကျော်ကိုလည်း နောက်ပြန်လက်ယပ်ခေါ်သွားလိုက်သေးသည်။

လူပျိုကြီးကိုတောကျော်မှာ နှုတ်ခမ်းမွေးကို တစ်ချက်သပ်လိုက်ရင်း နောက်မှ ခပ်မှန်မှန် ဆင်း၍ လိုက်လာခဲ့တော့သည်။

+++

"လာပေ့ … မောင်တောကျော် ငါ့မှာလည်း ‥ အခက်အခဲကြုံရင် မင်းကိုပဲ အကူအညီတောင်းရတော့တာပဲ"

ကိုတောကျော်က ရွာလူကြီးဦးဘမောင်စကားကို အပြုံးဖြင့် တုံ့ပြန်လိုက်၏။

ရွာလူကြီးရှေ့ ရေနွေးကြမ်းဝိုင်းတွင်ထိုင်နေသော ရွာအနောက်ပိုင်းသားကိုဖိုးပိန်ကို တစ်ချက်ငဲ့ကြည့်ကာ ထိုင်လိုက်ရင်း–

"ဦးလေးတော့ … ဟောဒီက ကိုဖိုးပိန်ရဲ့ သစ်ပင်ပျောက်မှုအတွက် ခေါင်းခြောက်နေပြီထင်တယ်"

ကိုတောကျော်စကားကိုကြားလျှင် ကိုဖိုးပိန်က အံ့သြသွားဟန်ရှိသော်လည်း ဦးဘမောင်က အနည်းငယ် ပြုံးလိုက်ပြီး–

"မောင်တောကျော်တော့ … ဒေါ်စပ်စုရဲ့ဆိုင်က သိခဲ့ပြီထင်တယ်"

"အင်း … ဦးလေးတောင်မှ အတော်လေး အတွေးအခေါ်တိုးတက်လာပြီပဲ"

ကိုတောကျော်ချီးမွမ်းလိုက်သော စကားကြောင့် ရွာလူကြီးဦးဘမောင်မှာ မနေတတ်မထိုင်တတ်ပုံစံမျိုးဖြင့် သူ့ခေါင်းတုံးပြောင်ပြောင်ကို လက်ဝါးနှင့်ပွတ်လျက်–

"ကဲပါ … မောင်တောကျော်ရယ်၊ ဒါတွေထားပြီး … ဟောဒီက မောင်ဖိုးပိန်ရဲ့ သစ်ပင်ပျောက်မှုလေးကို အတတ်နိုင်ဆုံး ဖော်ထုတ်ပေးပါဦး၊ အင်း … သကြိန်လက်ဆေးမိုးရွာပြီးမှ ပိုပြီးပူလာရတဲ့အထဲ မောင်ဖိုးပိန်ကိစ္စက ခေါင်းပူရုံမက ဦးခေါင်းပါခြောက်ချင်လာတယ်၊ အစပျောက်ကို ဖြစ်နေ


www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ ... ဟင်း''

ရွာလူကြီး၏သက်ပြင်းချ စကားအဆုံး၌ ကိုတောကျော်က ကိုဖိုးပိန်ဘက်သို့ မျက်နှာလှည့်လိုက်ပြီး–

''ကဲ ... ကိုဖိုးပိန်ရေ .. ကျုပ်ဒေါ်စပ်စုကြီးဆိုင်မှာ ထန်းလျက်သွားဝယ်ရင်း ဦးလေးပြောသလို .. ခင်ဗျားရဲ့သတင်းကိုကြားပြီးသားပါ၊ ဖြစ်ပျက်ပုံလေးလည်း ပြောပြပါဦး''

ကိုဖိုးပိန်က သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို ချထားလိုက်ကာ–

''ဒီလိုပါ ... မောင်တောကျော်၊ ရှမ်းစုရွာအရှေ့က ကျုပ်အမွေရထားတဲ့ ဥယျာဉ်ခြံကြီးကို မောင်တောကျော်သိမှာပါ၊ အဲဒီခြံထဲက .. ထင်းတို့ .. သက်ကယ်တို့ဆိုတာ နှစ်စဉ် ကျုပ် တစ်အိမ်စာသာသာလေးပဲ''

လိုရင်းမရောက်။ ကိုဖိုးပိန်က သူ့ခြံကို ကြော်ငြာနေပြန်၏။ ကိုတောကျော်က ရေနွေးကြမ်းတစ်ခွက်ကို စိမ်ပြေနပြေသောက်ရင်း စိတ်ရှည်ရှည်ထား၍ နားထောင်ပေးနေသည်။ ဦးဘမောင်က အပူဒဏ်ကြောင့်လား၊ ဦးနှောက်ခြောက်သည့်ဒဏ်ကြောင့်လား မသိ။ အနီးမှ ယပ်တောင်ဖြင့် တဖျန်းဖျန်းခတ်လို့နေတော့၏။

ကိုဖိုးပိန်က ခြံကြော်ငြာရေးပြီးမှ လက်ရှိပြဿနာကိစ္စကို ဆက်၏။

''ဒါပေမဲ့ .. သက်ကယ်ဆိုလည်း နွားစာငုတ်ဖြစ်တာဖြစ် လက်ကောက်ဝတ်လောက် ... လက်မောင်းလောက် အပင်လေးတွေဆိုလည်း ခုတ်ယူခံနေရတာ ကြာပါပြီ၊ ကျုပ် .. သွားပြီးချောင်းတော့လည်း တစ်ခါမှမမိဘူး။ အခုတော့ လုံးပတ်လေးပေလောက်ရှိတဲ့ နဘဲပင်ကို ငမန်းလွှနဲ့ဖြတ်လှဲပြီး ယူသွားတယ်၊ ကျုပ်မရောက်တာ နှစ်ပတ်သာသာပေါ့၊ ခုမှသိတော့ ... အပင်ငုတ်ရဲ့ထိပ်ဝမှာ ဖုန်မှုန့်တွေတောင် ဖုံးနေပြီ၊ လူတွေ စည်းကမ်းမရှိကြဘူးဗျာ''

ကိုဖိုးပိန်စကားက အဆုံးသတ်သွားလေပြီ။ ကိုတောကျော်ကား ထုံးစံအတိုင်း နှုတ်ခမ်းမွေးကို လက်ညှိုး၊ လက်မတို့နှင့်သပ်လိုက်ရင်း သူလိုအပ်သော မေးခွန်းများကို ထုတ်တော့၏။

''ကဲ ... ကိုဖိုးပိန် ခင်ဗျားသစ်ပင်ရဲ့အငုတ်နားကို အသေအချာသွားကြည့်သေးလား''

''ထိကရုန်းဆူးပင်တွေနဲ့မို့လို့ .. သုံးလေးတောင် အကွာလောက်ကပဲ ကြည့်ခဲ့တာပါ၊ ငုတ်က .. အမြင်သာကြီးပဲ၊ အနားသွားစရာမလိုပါဘူး၊ ငုတ်ကိုမြင်လိုက်တော့ စိတ်ဆိုးတာပေါ့၊ ခြံထဲကအပြန် ... ဈေးဆိုင်မှာဝင်ပြီး ဈေးဝယ်ရင်းနဲ့ ညည်းညူခဲ့မိတာတော့ မှန်ပါတယ်''

''သက်ကယ်တွေကို ... နွားစားတာက ... တစ်ခြံလုံးအနှံ့ပဲလား ... ကိုဖိုးပိန်''

''တစ်ခြံလုံးရယ်လို့တော့ ... မဟုတ်ပါဘူး၊ ဟိုးနားတစ်ကွက် သည်နားတစ်ကွက်နဲ့ဆိုပါတော့၊ ခြံရဲ့တောင်ဖက်အစပ်တွေလောက်ပဲ သက်ကယ်ကောင်းကောင်းရတာ''

''ဟုတ်ပါပြီ .. အဲဒီခြံရဲ့ပတ်ဝန်းကျင်မှာ လယ်လာလုပ်တဲ့ တဲတွေရှိတာ ကျုပ်သိပါတယ်၊ ဘယ်သူတွေရဲ့တဲက ဘယ်ဖက်မှာဆိုတာသာမသိတာ .. အဲဒီတော့ ခြံနဲ့အနီးဆုံးတဲက ဘယ်သူ့တဲတွေလည်းဗျ''

''မြောက်ဖက်အစပ်နဲ့ .. တောင်ဖက်အစပ်က လယ်ငါးကွက်ဆီလောက်တော့ ခြားတယ်၊ ကိုမင်းမောင်နဲ့ ᠁ ချစ်အေးတို့ တဲတွေပဲ''

ကိုတောကျော် ခေတ္တစဉ်းစားသလိုလုပ်ပြီးမှ–

''ကျန်တဲ့ .. တဲတွေလည်း ပြောပါဦး''

''မြောက်ဖက်မှာက ... ကိုမင်းမောင်ရဲ့တဲအပြင် ရိုးကိုကျော်လိုက်တာနဲ့ ကိုမောင်ချင်းနဲ့ ကိုတင်ညိုတို့ တဲတွေရှိပါတယ်၊ ကိုချစ်အေးတို့တဲဖက်မှာတော့ တခြားတဲတွေမရှိပါဘူး၊ ခြံအရှေ့ဘက်ကတော့ တဲမရှိတော့ဘူး၊ အနောက်ဘက်ဆိုလည်း .. ရှမ်းစုရွာက တစ်ခေါ်သာသာလောက် ဝေးပါတယ်၊ အဲဒီရွာကလူတွေကတော့ ထင်းလုပ်ငန်းတွေတော့ လုပ်တယ်၊ နွားရှိပြီး စားကျက်မပိုင်သူတွေဆိုတော့ အင်း ... ဘယ်လိုတွေ တွေးရမှန်းတောင် မသိတော့ပါဘူးကွယ်''

ညီးညီးညူညူဖြင့် စကားစဖြတ်လိုက်သော ကိုဖိုးပိန်ကို ကြည့်ကာ ကိုတောကျော် အားပေးပြုံး ပြုံးပြလိုက်သည်။ ပြီးလျှင် ဦးဘမောင်ဘက်သို့ လှည့်၍–

''ကဲ ... ဒီကိစ္စ ဦးလေးဘယ်လိုမြင်ထားလဲ''

''ဟာ ... မောင်တောကျော်ရ .. ထင်စရာတွေက အများသားပဲလား၊ တော်ကြာ .. မဟုတ်ရင်မကောင်းဘူး၊ အဲဒီနားက တဲတွေမှာလည်း .. မင်းမောင်တစ်ဦးကလွဲပြီး ကျန်တဲ့ တဲတွေက နွားမွေးကြတယ်တဲ့၊ အင်း ... ရဲ့စခန်းအကြောင်းကြားရအောင်လည်း



www.burmeseclassic.com

www.burmeseclassic.com





နဘဲချည်ရုပ်
ထင်းမလုပ် ဆိုတဲ့
ဆိုရိုးစကား
မေ့နေပြီထင်တယ်၊
ဒါကြောင့်
ထင်းတော့မဖြစ်ပါဘူး၊
အချိန်မမီရင်တော့
နဘဲသားက
သစ်ရိုင်းထဲမှာ
ရိုက်သား ပုတ်သား
ကောင်းတယ်နော်
...

ဒီကိစ္စလောက်နဲ့ ငါ့ကို အထင်သေးမခံချင်ဘူး၊ တောရွာလူကြီးဆိုပေမဲ့ ဒုံးပေသရေနားကြီးလို့ အထင်မခံချင်လို့ မင်းကို အကူအညီတောင်းရတာပေါ့ကွာ''

ရွာလူကြီး၏စကားအဆုံး၌ ကိုတောကျော်က ဘာမျှမပြောတော့။ သူ့နှုတ်ခမ်းမွှေးကျဲတဲတဲကို လက်ညှိုး၊ လက်မတို့ဖြင့် ဆွဲသပ်ကိုင်ရင်း ပြုံးလိုက်သည်။ ပြီးလျှင် ရေနွေးကြမ်းပန်းကန်ထဲသို့ လက်ညှိုးဖြင့် တို့ကာ တို့ကာ ကြမ်းပြင်ပေါ်၌ အောက်ပါပုံကို ထင်ထင်ရှားရှား ရေးဆွဲချလိုက်တော့၏။

ကိုတောကျော်ပြုမူနေပုံကိုကြည့်၍ ရွာလူကြီးဦးဘမောင်နှင့် ကိုဖိုးပိန်တို့မှာ နားမလည်နိုင်အောင် ဖြစ်နေ၏။ ဦးဘမောင်က သိချင်စိတ်ကို မအောင့်အီးနိုင်တော့ဘဲ–

''မောင်တောကျော်ရယ် ... ဟောဒီ ... မောင်ဖိုးပိန်ကိစ္စ မစဉ်းစားဘဲ ဘာပုံတွေဆွဲနေတာတုန်း''

ရွာလူကြီးအမေးစကားကို ကိုတောကျော်က လက်ကာလိုက်ရင်း–

''နေပါဦး ... ဦးလေးရယ်၊ ခုကိစ္စအတွက် ဒါက မြေပုံကြမ်းပေါ့ဗျာ၊ ဒီမှာကြည့်''

ကိုတောကျော်၏မြေပုံကြမ်းကို ဦးဘမောင်နှင့် ကိုဖိုးပိန်တို့ စိတ်ဝင်တစားဖြစ်သွားသည်။ ရေနွေးကြမ်းဖြင့် ရေးဆွဲထားသော ပုံကြမ်းကို ကိုတောကျော်က လက်ညှိုးနှင့် ဟိုထောက် သည်ထောက်လုပ်ကာ ပိုင်ပိုင်နိုင်နိုင်လေသံမျိုးဖြင့်–

''ဟောဒီက ... အလယ်မှာရှိတာက 'ပ'လို့ရေးထားတယ်''ဟုဆိုကာ အက္ခရာတစ်ခုစီ၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းပြလိုက်တော့သည်။

ပ = ကိုဖိုးပိန်၏ခြံ
ရ = ရှမ်းစုရွာ
အ = ကိုချစ်အေး၏တဲ
စ = စည်ပင်ရွာသွားလမ်း
မ = ကိုမင်းမောင်၏တဲ
ရ = ရိုးချောင်း
ခ = ကိုမောင်ချင်း၏တဲ
တ = ကိုတင်ညို၏တဲ

ဤကဲ့သို့ အမည်များတပ်လိုက်သည့်အခါ ရွာလူကြီးမှာ ပို၍ စိတ်ဝင်စားသွားပြီး ရှေ့နားသို့ပို၍ တိုးရွှေ့လာကာ–

''စနစ်ကျလှချည်လား .. မောင်တောကျော်ရဲ့၊ ဆက်ပြီး ရှင်းပြပါဦး''

''ဒီလို ဦးလေးရဲ့ .. ဒီတောင်ဘက် ကိုချစ်အေးရဲ့တဲနဲ့ ကိုဖိုးပိန်ခြံကြားမှာ ရှမ်းစုရွာဘေးကနေဖြတ်သွားတဲ့ စည်ပင်ရွာကို သွားတဲ့လမ်းက ရှိနေတယ်၊ ဒါကြောင့် ..''

ကိုတောကျော်စကားစကို ခေတ္တဖြတ်လိုက်သဖြင့် ကျန်နှစ်ယောက်



www.burmeseclassic.com

အသေအချာ ပို၍ နားစွင့်လာ၏။ ထင်မြင်ချက်ကို အသိချင်ဆုံးလူမှာ ဦးဘမောင်ပင်–

"ကဲပါ ... ကျေးလက်စုံထောက်ကြီးရယ် ... ပြောပါတော့"

"အင်း ... ကျုပ်ရဲ့ယူဆချက်ကတော့ ရှမ်းစုရွာသားတွေနဲ့ ကိုချစ်အေးကို လုံးလုံးလျားလျား လွှတ်ပစ်လိုက်မယ်ဗျာ"

"ဟာ ... မောင်တောကျော်ကလည်း မြောက်ဘက်ကတဲတွေက ကျေနပ်ပါ့မလား၊ ပြီးတော့ ... အနီးဆုံး မင်းမောင်မှာ နွားမှမရှိဘဲ"

ရွာလူကြီးဦးဘမောင်၏ထင်မြင်ချက်စကားကို ကိုတောကျော်ပြုံးလိုက်၏။ ပြီးလျှင်–

"အင်း .. သာမန်တွေးရင်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ... 'အနီးဆုံးရန်သူကိုရှာပြီး တိုက်'ဆိုတဲ့စကားရှိတယ်လေ၊ ကိုချစ်အေးနဲ့ ရှမ်းစုရွာသားတွေသာ ကျူးလွန်မယ်ဆိုရင် စည်ပင်ကိုတက်တဲ့လမ်းက လူသိပ်မပြတ်ဘူး၊ တစ်ယောက်မဟုတ်တစ်ယောက်တော့ တွေ့ပြီး သတင်းပေါက်မှာပဲ၊ ပြီးတော့ တောင်ဖက်ခြမ်းက သက်ကယ်တွေ အရဆုံးပဲဆိုတာ နွားအဝင်အထွက်မရှိတဲ့ သဘောပေါ့၊ အဲဒီမှာ ... နွားခြေရာ အဝင်အထွက်လုပ်ထားတာ မတွေ့ရရင် ရဲရဲကြီးကိုဖယ်ထားလို့ရတယ်"

ကိုတောကျော်စကားအဆုံး၌ ခြံရှင်ကိုဖိုးပိန်မှာ သတိရသွားဟန်ဖြင့်–

"ဟာ ... ဟုတ်တယ် .. ဟုတ်တယ်၊ တောင်ဘက်မှာ နွားခြေရာ နွားချေး လုံးဝမတွေ့ရဘူးဗျ"

"ကဲ .. ဒီလိုဆို မြောက်ဘက်တဲသုံးလုံးကို ဘယ်လိုဝေဖန်ကြည့်မလဲ"

ဦးဘမောင်က ဝင်ထောက်လိုက်သည်။ ကိုတောကျော်က တဲသုံးလုံးပုံကို လက်ညှိုးနှင့်ထောက်လိုက်ရင်း–

"ဟောဒီတဲတွေဖက်က .. ကျုပ်တို့နေကြည့်ရအောင်၊ ကိုမင်းမောင်မှာ နွားမရှိပေမဲ့ ကိုမောင်ချင်းနဲ့ကိုတင်ညို့တို့မှာ ရှိတယ်၊ ဒါကြောင့် .. သူတို့နေရာမှာ ကျုပ်သာဆိုရင် ကိုဖိုးပိန်မလာခင် နွားတွေလာပြီးလုန်မယ်၊ ပြီးတော့ စည်ပင်ဘက်တက်တဲ့လမ်းကြောင်းကို မကြာခဏလှမ်းပြီးကြည့်မယ်၊ အဲဒီလမ်းအတိုင်း ကိုဖိုးပိန်လာတာကိုမြင်တာနဲ့ နွားတွေကိုပြန်ဆွဲမယ်၊ ရိုးထဲကို ဆင်းလိုက်တာနဲ့ နွားရောလူပါ မမြင်ရတော့ဘူး၊ အေးအေးဆေးဆေးပဲ၊ တကယ်လို့သာ ... ကိုချစ်အေးနွားတွေ လုန်ခဲ့ရင် ကိုဖိုးပိန်လာတဲ့လမ်းနဲ့ နွားတွေပြန်ဆွဲတဲ့လမ်းက တစ်လမ်းထဲဖြစ်နေတယ်၊ ရှမ်းစုရွာသားတွေဆိုလည်း ဒီလိုပဲဖြစ်ရမယ်လေ"

"အေးကွ ... ဒီလိုတော့လည်း ဟုတ်သားပဲ၊ ဒါပေမဲ့ .. အဲဒီဘက်က အနီးဆုံးလူဖြစ်တဲ့ မင်းမောင်က တစ်ခုခုတော့ သိရမှာပေါ့"

ရွာလူကြီး ယူဆချက်အဆုံး၌ တစ်ချိန်လုံးငြိမ်နေသော ကိုဖိုးပိန်က–

"ကျုပ် ... မေးကြည့်ပါသေးတယ်၊ မင်းမောင်က .. နွားကိစ္စတို့ သစ်ပင်ကိစ္စတို့ ဘာမှမသိဘူးတဲ့၊ သူ စိုက်ပျိုးရေး အလုပ်နဲ့သူ ရှုပ်နေတာတဲ့၊ မောင်ချင်းနဲ့ တင်ညိုတို့က သူနဲ့ ညီအစ်ကိုအရင်းတွေလေ၊ ဒါကြောင့်များ ဖုံးကွယ်ထားတာလားမသိဘူး"

"သိပ်ဖြစ်နိုင်တာပေါ့ ကိုဖိုးပိန်ရယ် ... နွားစားတာ အသံမကြားလို့ဆိုတာထားတော့ ... လုံးပတ်လေးပေလောက်ရှိတဲ့ သစ်တစ်ပင်လဲတဲ့အသံ၊ လွှတိုက်တဲ့အသံတွေကို လယ်ငါးကွက်ကျော်လောက်က မသိဘူးဆိုတာတော့ မဖြစ်နိုင်ဘူးဗျ၊ ပြီးတော့ ... ဒီသစ်ပင်ခိုးတဲ့သူဟာ နွားလုန်ဖူးတဲ့သူဖြစ်ရမယ်၊ ဘာကြောင့်လည်းဆိုတော့ ... 'အစရှိ အနှောင်နှောင်'ဆိုတဲ့စကား ရှိခဲ့တယ်လေ"

ကိုတောကျော်က ပိုင်နိုင်သော အချက်များကို ထောက်ပြတော့မည့်ဟန်နှင့် နှုတ်ခမ်းမွေးကို တစ်ချက်သလိုက်ပြီး–

"ခင်ဗျားရဲ့နဘဲပင်ဟာ ... ကိုမောင်ချင်းနဲ့ ကိုတင်ညိုတို့ထဲမှာ ရှိလိမ့်မယ်၊ ပြီးတော့ ... ဒီတစ်ရက် နှစ်ရက်အတွင်းမှခုတ်တာဗျ၊ ဘာကြောင့်လဲဆိုတော့ ... ရက်ကြာရင် ထိပ်ဝမှမြေမှုန့်မရှိနိုင်ဘူး၊ ပြီးခဲ့တဲ့သုံးရက်က သင်္ကြန်လက်ဆေးမိုးကြောင့် ထိပ်ဝက ပြောင်စင်နေရမှာ ... နောက်တစ်နည်းက နဘဲပင်ဆိုတာ အစိုပြန်တယ်၊ အပင်ငုတ်ဟောင်းမှ အစိုမပြန်ဘဲ မြေမှုန့်က ခြောက်မှာ .. အခုဟာက ငုတ်အသစ်မှာ မြေမှုန့်ခြောက်နေတယ်ဆိုတာ တခြားမြေကြီးခဲတွေကို ချေမှုန့်ပြီးဖုံးထားတာ၊ ရှင်းရှင်းပြောရရင် ကြံ့ပြီဆိုတဲ့သဘောမျိုး ပုံဖျက်ထားတာပေါ့ဗျာ"

"ဟုတ်တယ်ထားဦးတော့ ... ခုလောက်ဆို ထင်းခွဲပြီး ဖျောက်ဖျက်လိုက်ရင်ကော မောင်တောကျော်ရယ်"

ရွာလူကြီးက စောဒကတက်လာပြန်၍ ကိုတောကျော်က ဟက်ခနဲတစ်ချက်ရယ်လိုက်ပြီး–


www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ခက်ပါလားဦးလေးရယ်၊ 'နဘဲချဉ်ရုပ် ထင်းမလုပ်'ဆိုတဲ့ ဆိုရိုးစကား မေ့နေပြီထင်တယ်၊ ဒါကြောင့် ထင်းတော့မဖြစ်ပါဘူး၊ အချိန်မမီရင်တော့ နဘဲသားက သစ်ရိုင်းထဲမှာ ရိုက်သား ပုတ်သားကောင်းတယ်နော်၊ လွစင်မတင်ခင်အချိန်မီဖို့လိုတယ်ဗျ၊ ဦးလေးဘမောင်ရဲ့ ကိုဖိုးပိန် ရဲရဲသာ သွားခေါ်ပေတော့ဗျို့"

ကိုတောကျော်က ပိုင်နိုင်ပြတ်သားစွာ ပြောပြီး ထ၍ ပြန်သွားလေတော့သည်။

\+ + +

သုံးရက်ခန့်အကြာ။

ရွာလူကြီးဦးဘမောင်၏ သူရင်းငှားသားအေး အပြေးကလေးလာခေါ်ပြန်၍ ကိုတောကျော် လိုက်လာခဲ့ရပြန်သည်။

ရွာလူကြီး၏အိမ်ခြံဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့်–

"စုံထောက်ကြီး .. မောင်တောကျော် အိမ်ပေါ်ကိုကြွပါဗျား"

ဦးဘမောင်ခေါ်သံကြောင့် ကိုတောကျော် တည်ငြိမ်စွာဖြင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။

အိမ်ပေါ်ရှိ ရေနွေးကြမ်းဝိုင်းတွင် ရွာလူကြီးဦးဘမောင်နှင့် ကိုဖိုးပိန်တို့အပြင် မျက်နှာခပ်ညိုးညိုးနှင့် ကိုတင်ညိုကိုပါ တွေ့လိုက်ရ၏။

ကိုတောကျော် ရေနွေးကြမ်းဝိုင်းတွင် ထိုင်မိချိန်၌ ကိုတင်ညို့ထံမှ စကားသံထွက်လာသည်။

"ကျွန်တော့်အပြစ်ကို .. ဝန်ခံပါတယ်၊ ဒီနှစ် တဲလေးပြင်ပြီးဆောက်ဖို့ အသားလေးလိုတာနဲ့ ကိုဖိုးပိန်ရဲ့နဘဲပင်ကို လှဲယူမိတာပါ၊ ကျွန်တော်တို့ ညီအစ်ကိုတွေအပြင် ဘယ်သူမှမမြင်ရင် အစပေါ်မှာမဟုတ်ဘူးထင်ပြီး .. ပုဇွန်ကျစ်စာခဲ့အခြောက်တွေထုချေပြီး အပင်ထိပ်ဝကို သုတ်ခဲ့တာပါ"

"နေပါဦးဗျ ... ကိုတင်ညိုရဲ့၊ နွားတွေ လာပြီးလှန်တာကော"

ကိုတောကျော်က ဝင်မေးလိုက်ရာ ကိုတင်ညိုက ခေါင်းညိတ်ရင်း–

"ဟုတ်ပါတယ် ... ကျွန်တော်တို့ပါပဲ၊ နွားစားကျက်က မလောက်လို့ လုပ်မိတာပါ၊ ခုတော့ .. ကိုတောကျော်လိုလူနဲ့မှ ပက်ပင်းတိုးရတာ .. ကျွန်တော် ကံဆိုးတာပဲဗျာ၊ နောက်ဆိုရင် မလုပ်ရဲတော့ပါဘူး"

"အင်း ... ကျုပ်ကတော့ အကူအညီတောင်းလာရင်တော့ ကျုပ် .. လေ့လာထားတာတွေကို အထင်မသေးရဲအောင်တော့ ဖော်ထုတ်ရမှာပဲဗျ၊ ဒါပေမဲ့ ... ကျုပ် တစ်ခုတော့ပြောချင်တယ်၊ ကျုပ်တို့ မြန်မာစကားပုံမှာ 'ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ'ဆိုတာလိုပေါ့၊ တစ်ဦးနဲ့တစ်ဦး စောင့်ရှောက်ပေးတတ်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်ဖို့တော့ ... လိုပါတယ်၊ အဓိကကတော့ ကိုယ်ချင်းစာတရားပေါ့ဗျာ၊ အင်း ... ဒါပါပဲလေ"

ကိုတောကျော်စကားများက ကိုတင်ညိုအတွက် နောင်တစိတ်ထား ရသွားစေ၏။

"ကိုတင်ညိုရယ် ... နောင်ဆိုဘာပဲလုပ်လုပ် .. ကျွန်တော့်ခြံနဲ့ပတ်သက်လာရင် အသိပေးပါဗျာ၊ ပတ်ဝန်းကျင်ဆိုတာ .. မကင်းကြပါဘူး၊ မသိအောင်လုပ်ကြတော့ ... ကျွန်တော်လည်း စိတ်ဆိုးမိတာပေါ့ဗျာ"

ကိုဖိုးပိန်က ပြောလိုက်သည့်အခါ ကိုတင်ညိုမှာ နောင်တမျက်နှာနှင့် ခေါင်းလေးတညိတ်ညိတ် ဖြစ်နေသည်။

"ကဲ ... ငါ့ရဲ့ ရွာလူကြီးသက်တမ်းမှာ မောင်တောကျော်ဟာ အားကိုးရာတစ်ဦးပဲကွ၊ စုံထောက်ကြီးရေ အခုရော ... ဘာစာတွေများ ဖတ်နေသေးသတုန်း"

"အင်း ... ခုလောလောဆယ်တော့ ပုရာဇာဆိုတဲ့ စကားဟောင်းဆိုရိုးဟောင်း၊ ပုံပြင်ဟောင်းအတတ်ကို လေ့လာပြီးလို့ ENCYCLOPEDLA (အင်ဆိုင်ကလိုပီဒီယား)ဆိုတဲ့ စွယ်စုံကျော်ထင်ကျမ်းကြီးတွေထဲက တချို့ကို လေ့လာနေတုန်းပဲ ဦးလေးရေ"

ကိုတောကျော်၏စကားအဆုံး၌ ကျန်သုံးဦးမှာ ကိုတောကျော်ကို လေးစားသောအကြည့်များနှင့် ကြည့်နေကြတော့သည်။ ကိုတောကျော်၏ စုံစမ်းထောက်လှမ်းပုံသတင်းကား တစ်နေ့တခြား နာမည်ကြီးထွားလာခဲ့တော့သတည်း။

ခြူးရဲသန့်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



□

ပတ်ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းလျက်ရှိ၏။ တောတောင်အတွင်း တိုးဝှေ့ဖြတ်သန်း တိုက်ခတ်လာသောလေမှာ တဖြည်းဖြည်း ပို၍ကြမ်းလာသည်။ ခဏအကြာတွင် လေနှင့်အတူ မိုးစက်မိုးပေါက်များပါ ရောထွေးပါလာ၏။ ကျွန်ုပ်တို့ နားခိုရာမုဆိုးတဲကလေး၏အောက်ဘက်အဖီအတွင်းမှ ထင်းတုံးကြီးများတော့ထားသော မီးဖိုမှာ ငြိမ်းသွားလိုက် တောက်လာလိုက်ဖြင့် လေနှင့်မိုးတို့ အလိုကျကခုန်နေသကဲ့သို့ ရှိ၏။ ကျွန်ုပ်မှာ လေမိုးမကျခင်မှ ထမင်းအိုးတစ်လုံး ချက်ထားပြီး ဖြစ်သော်လည်း ဟင်းချက်စရာမရှိသေးသဖြင့် မချက်ပြုတ်ရသေးချေ။ ဘိုးလေးမှာမူ တဲပေါ်တွင်ထိုင်ရင်း ဆေးတစ်ငုံဝါးလျက် ရှိ၏။ ကျွန်ုပ်မှ–

''ဘိုးလေး ‥ ထမင်းတော့ကျက်ပြီ၊ ဟင်းက ဘယ်လိုလုပ်မှာလဲ၊ အပြင်ထွက်ပြီး ဟင်းချက်စရာရှာရအောင်ကလည်း မိုးသည်းတော့မယ်ထင်တယ်''

''မိုးတင် ဘယ်ဟုတ်မလဲ ‥ လေပါဖောက်နေတော့ အန္တရာယ်များမယ်ကွ''

''ဒါဖြင့် ‥‥ငပိဖုတ်လိုက်ရ မလား''

''ခဏနေဦး ‥‥ လက်သစ်ရ၊ မုဆိုးဆိုတာ ရာသီဥတု တောတောင်သဘာဝအပေါ်မူတည်ပြီး အခြေအနေအရ လှုပ်ရှားရတယ်၊ မင်း မှတ်ထားဖို့က မုဆိုးဆိုတိုင်း သားကောင်တွေကို ပစ်ရခတ်ရတဲ့အလုပ်ပဲ ထင်မနေနဲ့၊ သားကောင်ကို မပစ်ရမခတ်ရဘဲ သားကောင်တွေကို အချိန်အခါနဲ့ရအောင် လုပ်တဲ့ အတတ်ပညာတွေ ‥‥ဆေးဘက်ဝင်တဲ့သားကောင်တွေ ‥‥ ဆေးဘက်ဝင်တဲ့သဘာဝ သစ်ဥသစ်ဖုတွေ အပင်တွေကို ရှာတတ်ဖွေတတ်တဲ့ အသိပညာတွေ ‥‥ အဲဒီ ပညာတွေက လက်တွေ့အတွေ့အကြုံနဲ့ လက်ဆင့်ကမ်းသင်ခဲ့ကြတဲ့ မုဆိုးပညာတွေပဲ၊ ငါတို့လည်း ဝါရင့်မုဆိုးကြီးတွေဆီကနေ မင်းလို ပညာလက်သင်ခေါ်တဲ့ မုဆိုးလက်သစ်ဘဝစခဲ့ရတာ ‥‥အခုလို အချိန်အခါမှာမပစ်မခတ်ရဘဲ ဝမ်းစာအတွက် တောထဲမှာ ဘယ်လိုရှာမယ်ဆိုတာ မင်းကို လက်တွေ့ပြမယ်''

''ဟုတ်ကဲ့ ‥‥ ကျွန်တော့်မှာ ဘိုးလေးနဲ့ တောပစ်တစ်ခါထွက်လျှင် တစ်မျိုးမက ဗဟုသုတအတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်၊ ဟော ‥ ဘိုးလေး အသံတွေ''

ကျွန်ုပ်စကားမဆုံးခင်မှာပင်–

''ဝေါ ‥‥ ဝေါ ‥ ဝေါ ‥ ဖြုန်းဖြုန်း ‥ ဖြော ဖြော ‥ ဝုန်း ‥ ဝုန်း''

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွားသည့်အထိ လေရောမိုးပါ တစ်ပြိုင်တည်း တိုက်ခတ်ရွာချလာရာ လေသံမိုးသံအပြင် သစ်ကိုင်းသစ်ခက်ကျိုးကျသည့်အသံများပါ 'တဖျောင်းဖျောင်း၊ တဝုန်းဝုန်း' ကြားနေရ၏။ ထိုသို့ လေရောမိုးပါ တစ်နာရီနီးပါးမျှ ရွာချပြီးနောက် လေမှာ တဖြည်းဖြည်း ငြိမ်၍ သွားသကဲ့သို့ မိုးမှာလည်း တဖြည်းဖြည်း စဲ၍ စဲ၍ သွားလေသည်။

သို့သော် မိုးသားများမှာမူ ပျောက်၍မသွားသေးချေ။ တစ်ဖန် ပြန်လည်ရွာချရန် အားယူနေသကဲ့သို့ ရှိ၏။ ထိုခဏ၌ 'တဝေါဝေါ၊ တဝုန်းဝုန်း' ဆူညံစွာဖြင့် ကျွန်ုပ်တို့ မုဆိုးတဲကလေး၏ ညာဘက်ကိုက် ၃၀ ခန့်အကွာဝေးရှိ 'ကျောက်ကြီးပေါက်တော' ချောင်းတွင် တောင်ကျရေများ ဝါးလုံးထိုးစီးဆင်းနေသည့် အသံများ ကြားရပြန်သည်။ ကျွန်ုပ်လည်း မိုးစဲသည်နှင့် မီးရှိန်မပျက်ရန် မီးသေမသွားရန် မီးဖိုရှိ ထင်းတုံးကြီးများအား ထိပ်စခြင်းတော့ထားလိုက်



www.burmeseclassic.com

၏။ သို့သော် မနက်စာဟင်းအတွက်ကိုမူ ဘိုးလေးမှ မည်သို့စီစဉ်မည်မသိရသေး၍ ကျွန်ုပ်သည် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး တောင်တောင်အီအီစဉ်းစားလျက် အပျင်းပြေသောက်နေလိုက်ရာ ဆေးပေါ့လိပ်တစ်ဝက်ခန့်မျှကုန်သွားချိန်၌ ပတ်ဝန်းကျင်တောကြီးတစ်ခုလုံးမှာ လုံးဝ ငြိမ်သက်သွားပြီး တောင်ကျချောင်းရေစီးသံများလည်း မကြားရတော့ပေ။ ကျေးငှက်ကလေးများ၏ ကျီကျီကြာကြာ အော်မြည်သံများသာလျှင် ကြားနေရ၏။ ပတ်ဝန်းကျင်မှာလည်း အုံ့မှိုင်းနေသေးသဖြင့် မိုးမှာလုံးဝ ရပ်သွားခြင်းမဟုတ်ဘဲ အားယူနေသယောင်ရှိ၏။

ဘိုးလေးသည် အိပ်နေရာမှထလျက် ခေါင်းရင်းရှိကျောပိုးအိတ်ထဲမှ [illegible] ချလိုက်ပြီး အနီးရှိ ရေဖူးမှ ရေတစ်ခွက်သောက်အပြီး–

"ဟား ... အခုမှ နွေးသွားတယ်ဟေ့၊ ကဲ ... လက်သစ် လွယ်အိတ်ယူခဲ့၊ မနက်စာ လှုပ်ရှားရအောင်"

ဘိုးလေးမှာ ပြောရင်း ဆိုရင်း ဆေးတစ်ငုံဝါးလျက် ရှေ့မှထွက်သွား၏။ ကျွန်ုပ်မှာ 'ဟုတ်ကဲ့'ဟုပင် ပြန်မပြောနိုင်ဘဲ လွယ်အိတ်အား တိုင်မှဖြုတ်ယူလိုက်ပြီး ကမန်းကတန်းလွယ်လျက် တောလိုက်ဓားချွန်ချိတ်ထားသော ခါးပတ်ကို တဲထဲမှထွက်ရင်း ပတ်လိုက်ပြီး ဘိုးလေးနောက်သို့ အမီလိုက်ခဲ့ရတော့သည်။

+ + +

ကျွန်ုပ်နှင့် ဘိုးလေးသည် ကျွန်ုပ်တို့ မုဆိုးတဲလေး၏ညာဘက်သို့ ထွက်လာခဲ့ကြရာ ကျောက်ကြီးပေါက်တောချောင်းသို့ ရောက်ခဲ့ကြ၏။ ကျောက်ကြီးပေါက်တောချောင်းသည် တောင်ကျချောင်းတို့၏သဘာဝအတိုင်း မိုးရွာပြီးခါစ တဖျန်းမျှသာ တောင်ကျမိုးရေများနှင့် ရှိ၏။ ကျန်အချိန်များတွင် ရေမရှိပေ။ ယခုလည်း စောစောက တဝုန်းဝုန်း တဝေါဝေါ စီးနေသော တောင်ကျမိုးရေများမရှိတော့ဘဲ ဟိုတစ်ကွက် ဒီတစ်ကွက် ကျောက်ခွက်ချိုင့်များတွင်သာ ရေကြည်အိုင်ကလေးများအဖြစ် တွေ့ရလေသည်။ ဘိုးလေးသည် ချောင်းထဲသို့ဆင်း၍–

"ကဲ ... ငါတို့ အထက်ပိုင်း ကျောက်ကြီးတောဘက်ကို .. တက်ရအောင်"

"ဟုတ်ကဲ့ ... ဘိုးလေး"

[illegible] ၍ ချောင်းအထက်ပိုင်းသို့ ဆန်တက်ခဲ့ရသည့်တိုင် မရပ်သည့်ရည်ရွယ်ချက်ဖြင့် သွားနေသည်ကိုမူ မသိရသေးချေ။ ချောင်း၏အောက်ခံအလွှာမှာ များသောအားဖြင့် ကျောက်သားတို့ဖြစ်သောကြောင့် သွားရသည်မှာ လွယ်ကူလှ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ချောင်းအထက်ဘက်သို့ တစ်ခေါ်စာ၊ တစ်ခေါ်သာသာမျှ တက်ခဲ့မိသည်နှင့် ဘေးနှစ်ဘက်ချောင်းကမ်းပါးများမှာ ပို၍မြင့်လာသည့်အပြင် ချောင်းအတွင်း၌လည်း မြင့်မားသောကျောက်သားကမ်းပါးမှ ပဲ့ကျခဲ့သောကျောက်တုံးကျောက်ခဲကြီးများအား နေရာအနှံ့တွင် တွေ့ရ၏။ ထိုကျောက်တုံးကြီးများ၏ အောက်ခြေရှိ ချိုင့်ခွက်များ၌ ရေများ တင်ကျန်လျက်။ ကြည်လင်မှုမရှိဘဲ နောက်ကျိနေပြီး ရေပြင်မှာ ငြိမ်မနေကြပေ။ ကျွန်ုပ်မှ ကျောက်တုံးတစ်ခုအား–

"ဘိုးလေး ... ဒီကျောက်တုံး အောက်ခြေရေအိုင်ခွက်ထဲက ရေတွေ ကြည်မနေဘဲနဲ့ နောက်ပြီး ရေက မငြိမ်ဘူးနော်"

"ဟင်း ... ဟင်း .. ဟင်း အဲဒါ မုဆိုးငါးယင်းကစ်ခုပေါ့ လက်သစ်ရ"

"ဗျာ ... မုဆိုးငါးယင်း ဟုတ်လား ဘိုးလေး"

"အေး ... ဟုတ်တယ်၊ နောက်မှငါ ရှင်းပြမယ်၊ အဲဒီ ရေအိုင်ခွက်တွေရှိတဲ့ ကျောက်တုံးနံဘေးတွေ မြန်မြန်နှိုက်ပေတော့ ... မိုးသားတွေက တက်လာနေပြီ၊ တော်ကြာ ... မိုးများလာရင် ငါတို့ ပြေးပေါက်မှားနေဦးမယ်"

ကျွန်ုပ်လည်း အကျီချွတ်၍ ရေ [illegible] အောက်ခြေနံဘေးသို့ နှိုက်လိုက်သည်နှင့် ကျွန်ုပ်လက်အား ငါးဟုထင်ရသော ပြောင်ချောချောအကောင်များ တွန်းတိုက်တိုးပြီး လှုပ်ရှားနေသည်များကို စမ်းမိ၍ ဖမ်းကိုင်လျက် ကုန်းပေါ်သို့ ပစ်တင်လိုက်ရာ ကျောက်ငါးရံ့(ငါးရံ့ခေါင်းတို)ကြီးဖြစ်နေသဖြင့် ဝမ်းသာသွားပြီး–

"ဘိုးလေး ... ကျောက်ငါးရံ့ကြီး ဗျ"

"အေး ... ငါပြောတဲ့ မုဆိုးငါးယင်းတွေလကွာ၊ မြန်မြန်သာလုပ်နော၊ မိုးရွာလာရင်မလွယ်ဘူး၊ ပြီးတော့ .. ဝံကောင်တွေကလည်း ရှိသေးတယ်"

"ဘိုးလေးကလည်း .. ဝံကောင်က သားရဲမုဆိုးတွေပဲလေ၊ ငါတို့လိုပဲ အချိန်အခါကြည့်ပြီးသားကောင်ရှာကြ


www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခုလို ... ချောင်းရေကျပြီး ဖြစ်လာတဲ့ မုဆိုးယင်းတွေကို ဒီကောင်တွေ ဘယ်လက်လွတ်ခံလိမ့်မှာလဲ၊ ကဲ .. ဝံကောင်တွေနဲ့လွတ်အောင် မိုးနဲ့လည်းလွတ်အောင် ငါပါဝိုင်းကူမယ်''

ထိုသို့ဖြင့် ကျွန်ုပ်နှင့် ဘိုးလေးမှာ မုဆိုးယင်းများထဲမှ ကျောက်ငါးရံ့နှစ်ပိဿာခန့်အပြင် လက်ဖဝါးသာသာ ငါးလတ်(တောင်ပေါ်ချောင်းများတွင် တွေ့ရသော ဘေးအကြားစင်းပါသည့် ငါးကြင်းတစ်မျိုး) နှစ်ကောင်ပါရရှိပြီးနောက် ပြန်ခဲ့ကြတော့၏။

+ + +

အပြန်လမ်းခရီးတွင် ကျွန်ုပ်မှ–

''ဘိုးလေး ... ငါးတွေက ဘယ်လိုလုပ်ပြီး ကျောက်တုံးအောက်ခြေ ကျောက်ခွက်ရေအိုင်တွေထဲ ရောက်နေရတာလဲဗျ''

''ဒီလိုရှိတယ်ကွ .. လက်သစ်ရဲ၊ ငါတို့ ဒီတော ဒီတောင်တွေက ချောင်းရိုးတွေဟာ တောင်ကြားနှစ်ဘက်ကနေ ရေဝေပြီးဆင်းတော့ ချောင်းအစပိုင်းတွေမှာ ရေတံခွန်တွေဖြစ်လာတယ်၊ အဲဒီလို ရေတံခွန်တွေကြောင့် နွေ မိုး ဆောင်းမခမ်းနိုင်တဲ့ ရေထူးကြီးတွေဖြစ်နေကြတာ .. တချို့ .. ရေထူးကြီးတွေဆိုရင် အတောင်နှစ်ဆယ်လောက်နက်ကြတယ်၊ ကျောက်ထူးတွေဆိုတော့ ရေဟာ ကြည်လဲ့နေပြီး ကျောက်ငါးရံ့တွေ ငါးလတ်တွေကို အတိုင်းသားမြင်နေရတယ်''

''ဟုတ်တယ် ... ဟုတ်တယ် ဘိုးလေး၊ ကျွန်တော်တို့ ဟိုတစ်ခါ ထူးသုံးဆင့်ချောင်းဖျားမှာ စခန်းချတုန်းက ငါးမျှားပြီး ရေဆင်းချိုးကြတာ ရေက ကြည်လဲ့ပြီး အတော်နက်တာပဲ၊ ရေငုပ်ကြည့်တော့ အောက်ခြေမြေပြင်ကို မထိဘူးဗျ''

''အေး ... အဲဒီလို ရေထူးတွေထဲက ငါးတွေဟာ အခုလို မိုးအခါရေကြီးချိန်မှာ မြူးကြရင်း တောင်ကျချောင်းရေများလာတော့ ရေစီးအလွန်သန်တာကြောင့် ... ရေစီးနဲ့အတူပါပြီး ကျောက်တုံးကြီးတွေနား ရောက်တဲ့အခါ ကျောက်တုံးနောက်မှာ ရေစီးတဲ့ဒဏ်ကို အကာအကွယ်ယူ ခဏနားခိုနေတုန်း တောင်ကျရေဆိုတာ မင်းသိတဲ့အတိုင်း စီးနေရင်းက ဖြုန်းစားကြီးရပ်တဲ့အမျိုးဆိုတော့ တောင်ကျရေရပ်သွားတဲ့အခါ ကျောက်တုံးအောက်ခြေ ရေအိုင်ခွက်ထဲမှာ ကျန်ခဲ့ကြတာပေါ့ကွာ''

''အဲဒါ ... ဘိုးလေးပြောတဲ့ မုဆိုးယင်းပေါ့''

''အေးလေကွာ ... ရေစီးနေတဲ့ ရေစီးကြောင်းတွေမှာ ချောင်းတွေမှာ မင်းလည်း မြင်ဖူးမှာပေါ့၊ ငါးယင်းတောင်တာလေ''

''ဟုတ် ... မြင်ဖူးပါတယ်''

''အေး ... အခု မုဆိုးယင်းဆိုတာ သဘာဝအလျောက် ဖြစ်ပေါ်လာတဲ့ ငါးယင်းတွေပေါ့''

''ဟုတ်ကဲ့ .. ရှင်းပါပြီ ဘိုးလေး''

သို့ဖြင့် ကျွန်ုပ်တို့ နှစ်ဦးသားစကားပြောလျက် ချောင်းအောက်ဘက်အတိုင်း ပြန်လာခဲ့ကြရာ မိုးဖွဲကလေးများပင် စတင်ကျလာ၏။ ထို့ကြောင့် စခန်းဘက်သို့ ခပ်သွက်သွက်လျှောက်ကြရာ ချောင်းကမ်းပါး တစ်ဖက်တွင် အုံလိုက် ကျင်းလိုက် ပေါက်နေသော ကျောက်ချဉ်ပင်များအားတွေ့ရသဖြင့်–

''ဘိုးလေး ... ဟိုမှာ ကျောက်ချဉ်ပင်တွေဗျ၊ ငါးနဲ့ရောချက်ရအောင် တစ်ဆုပ်စာလောက် နှုတ်ခဲ့ဦးမယ်''

(ကျောက်ချဉ်ပင်မှာ ပိန်းပင်နှင့်ဆင်ဆင်တူပြီး ချောင်းကမ်းပါးများ တောတောင်မြိုင်ရိပ်ထဲရှိ ကျောက်ချပ်များကြားတွင် အစုလိုက်ပေါက်လေ့ရှိ၏။ အရိုးဖြူ၊ အရိုးနီနှင့် ကျောက်ချဉ်မွှေးစုပ်ယူ၍ သုံးမျိုးရှိရာ အရိုးဖြူသည့် ကျောက်ချဉ်ပင်သည် အရိုးနီကျောက်ချဉ်ပင်လောက် အချဉ်လွန်ကဲခြင်းမရှိပေ။ ငါးနှင့်ရော၍ ချက်စားပါက အလွန်အရသာရှိပြီး နှုတ်ကိုမြိန်စေသည့်အပြင် ဆီးပူ၊ ဆီးအောင့်၊ ဆီးကျောက်တည်နှင့် ဆီးနည်းရောဂါများ ပျောက်ကင်းနိုင်၏။ ထို့အပြင် သုက်ကိုပွားစေပြီး ယောက်ျားများအတွက် အားတိုးဆေးတစ်လက်ဖြစ်၏။)





www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ ကျွန်ုပ်အလိုရှိနေသော အရိုးဖြူကျောက်ချဉ်ပင်များဖြစ်နေ၍ နှုတ်ယူရန်အတွက် ချောင်းကမ်းပါးတွင် မြုပ်နေသော ကျောက်တုံးကြီးတစ်ခုအား နင်း၍ တက်လိုက်စဉ် မိုးရေကြောင့်မြေမွနေသဖြင့် ကျောက်တုံးကြီးမှာ မြေမှ ပြုတ်ထွက်လာပြီး ကျွန်ုပ်လည်း ထိုကျောက်တုံးကြီးပေါ်သို့ ဒူးထောက်လျက်လဲကျသွား၏။ သို့သော် ပွန်းပဲ့ နာကျင်ခြင်းမရှိသဖြင့် ထိုကျောက်တုံးကြီးအား ကြည့်လိုက်သောအခါ ရေမသစ်ဥကြီးဖြစ်နေသဖြင့်–

"ဘိုးလေး ... ဒီမှာ သစ်ဥကြီး ဗျ၊ နည်းတဲ့ဥကြီးမဟုတ်ဘူး"

ဘိုးလေးမှာ ကျွန်ုပ်အနီးသို့ ရောက်လာပြီး ကျွန်ုပ်၏ခါးတွင် ချိတ်ထားသော တောလိုက်ဓားချွန်အား နှုတ်ယူ၍ သစ်ဥကြီးအား ပိုင်းချလိုက်ရာ သစ်ဥကြီးမှာ နှစ်ပိုင်းကွဲသွားပြီး အတွင်းသားများမှာ ရွှေရောင်ကဲ့သို့ ဝင်းမှည့်နေ၏။ အသားမှာလည်း ညက်ညောသည်ကို တွေ့ရ၏။ ဘိုးလေးမှ–

"ဒါ ... ဘုခါးဥလို့ခေါ်တယ်ကွ"

"ဘုခါးဥ"

"အေး .. ဟုတ်တယ်၊ သေးတဲ့တစ်ခြမ်းကိုယူခဲ့၊ ဆေးဘက်ဝင်တယ်၊ ရွာရောက်မှ အခြောက်လှန်းပြီး သိမ်းထားရမယ်"

"ဘယ်လို ဆေးဘက်ဝင်တာလဲ ဘိုးလေး"

"ဆေးဘက်ဝင်ဆို ... ဘုခါးဥတွေက အလွန်အသက်ရှည်တဲ့ဥတစ်မျိုးကွ၊ သစ်ဥတွေ အတော်များများဟာ တစ်နှစ်နီးပါးရှိတာနဲ့ မူလဥဟာ တွန့်ပိန်ရှုံ့သွားပြီး သူ့နေရာမှာပဲ ဥသစ်ပြန်ပြီး ဥလေ့ရှိတယ်၊ ဘုခါးဥတွေကျတော့ နှစ်ဘယ်လောက်ကြာကြာ တွန့်ပိန်ရှုံ့သွားခြင်းမရှိဘဲ ... မြေအောက်ထဲမှာ အမြဲစိုပြည်နေတယ်၊ ဒီလိုဥမျိုးတွေ ကို သက်ရှည်ရုပ်ပျိုဆေးတွေမှာ သုံးလို့ရတဲ့ အပြင် အခြောက်ခံထားတဲ့ ဘုခါးဥခြောက်ကိုသွေးပြီး လိမ်းရင် မြစ်ပွားအနာမှုန်သမျှနဲ့ ကင်ဆာအဖုအကျိတ် ပါမကျန် ပျောက်ကင်းတယ်၊ ဒီဥတွေဟာ ... သူတို့ရဲ့အပင်ချေမှာ ဥလေ့မရှိဘူး၊ အပင်ကနေသေးငယ်တဲ့ အမြစ်ပုံစံရှိ ဥကြိုးကလေးကတစ်ဆင့် တခြားနေရာတွေမှာသွားပြီး ဥလေ့ရှိတာကြောင့် ရှေးလူကြီးများက နတ်ထိန်းနတ်ဝှက်ဥလို့တောင်ခေါ်ကြသေးတယ်"

"ဒါဆို ... လူတွေကို အကျိုးပြုတဲ့ ... သစ်ဥသစ်ဖု အသီးအနှံပင်တွေ တောထဲမှာ အများကြီးရှိမှာပဲနော် ဘိုးလေး"

"ရှိတာပေါ့ကွာ ... ငါတို့သိတာတွေရော မသိတာတွေရော .. ဒီတောကြီးထဲမှာ အများကြီးရှိတယ်၊ အေး ဒီတောကြီးတင်မကဘဲ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ တောတွေတောင်တွေမှာ လည်းရှိတာပဲ၊ ဒါကြောင့် ... တို့နိုင်ငံသားတွေက ငါတို့နိုင်ငံရဲ့တောတွေ တောင်တွေကို ထိန်းသိမ်းစောင့်ရှောက်သင့်တယ်၊ ဒါပေမဲ့ကွာ ... ကိုယ့်အကျိုးစီးပွားရှာတဲ့ အတ္တသမားတွေက ဥပဒေကို လက်တစ်လုံးခြားလုပ်နေတာတွေကြောင့် အင်း .... တော်ပါပြီကွာ၊ မပြောတော့ပါဘူး၊ ညောင်မြစ်တူးတာ ပုတ်သင်ဥပေါ်ကုန်လိမ့်မယ်၊ ကဲ ... ကျောက်ချဉ်ပင် နှုတ်ပြီး ပြန်ကြစို့၊ တော်ကြာ ... မိုးသည်းလာရင် ခက်နေမယ်"

ကျွန်ုပ်သည် ကျောက်ချဉ်အရိုးဖြူ လက်တစ်ဆုပ်စာအား ချောင်းကမ်းပါးအပေါ်သို့တက်၍ နှုတ်ယူလိုက်ပြီး ငါးထည့်ခဲ့သော လွယ်အိတ်တွင် ထည့်လျက် ဘုခါးဥတစ်ခြမ်းကိုထမ်း၍ ဘိုးလေးနှင့်အတူ စခန်းသို့ပြန်ခဲ့ကြသော်လည်း ကျွန်ုပ်သည် ဘိုးလေးပြောခဲ့သော စကားများမှ မုဆိုးဆိုတိုင်း သားကောင်တွေကို ပစ်ရ ခတ်ရတဲ့အလုပ်တွေပဲထင်မနေနဲ့၊ မပစ်ရ မခတ်ရဘဲ အချိန်အခါလိုက်ပြီး သားကောင်ရအောင် လုပ်တဲ့ အတတ်ပညာတွေ၊ တောထဲမှာ ဆေးဖက်ဝင်တဲ့သားကောင် သစ်ဥသစ်ဖုနဲ့အပင်တွေကို ရှာတတ်တဲ့ အသိပညာတွေလည်းပါသည်ဟု ဆိုသည့်အကြောင်းများနှင့် နိုင်ငံတစ်ဝှမ်းရှိ တောတောင်ကြီးများသည် ကျွန်ုပ်တို့နိုင်ငံသားများအတွက် အကျိုးပြုလျက်ရှိသည်ဖြစ်၍ ဝိုင်းဝန်းထိန်းသိမ်းသင့်ကြောင်းပြောခဲ့သည်များအား စဉ်းစားလိုက်ပါရင်း ကျွန်ုပ်တို့ တောနယ်ရှိ သစ်တောရုံးကလေးရှေ့တွင် ဆောင်ပုဒ်များရေးသားထားသည့်ဆိုင်းဘုတ်များအထဲမှ ဆေးသားဖြူများဖြင့် ပတ်ကြားအက်လျက် အရောင်မှိန်မှုန်မှုန်ဖြင့် တင်ကျန်နေသော "သစ်တောနှင့်သစ်ပင် ချစ်ခင်သည့်လူမျိုး"ဆိုသည့် တစ်ပိုင်းတစ်စ စာသားလေးအား ပြေးမြင်ယောင်နေမိပါတော့သတည်း။

မင်းထိုက်



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# စေယျမင်းသျှင်

လားရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူတစ်ယောက် အမှုတစ်ခုအတွက် တောင်ကြီးဘက်သို့ ထွက်သွားချိန် ကျွန်ုပ်တစ်ယောက်တည်းနေရတာ ပျင်းလွန်းသောကြောင့် မော်ဘီဘက်ထွက်လာခဲ့သည်။ မော်ဘီရောက်ပြန်တော့ သွားစရာဆို၍ မော်ဘီဂတ်မှ ရာဇဝတ်အုပ်ကိုအုန်းမောင်ဆီသာရှိသဖြင့် သူရှိရာ မော်ဘီဂတ်သို့ ရောက်လာခဲ့ရသည်။

ကျွန်ုပ် ဂတ်ပေါ်အတက်မှာ ကိုအုန်းမောင်နှင့် ပုလိပ်နှစ်ယောက် ဂတ်ပေါ်မှ ဆင်းလာသည်နှင့်ဆုံ၏။

"ဟာ ... ကိုအောင်ပွင့် တစ်ယောက်ထဲလားဗျ၊ ဦးထွန်းလူမပါဘူးလား"

"မပါဘူးလေဗျာ .. သူခရီးထွက်နေတယ်လေ၊ ဒါကြောင့် .. ကျွန်တော်တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ခင်ဗျားတို့ဆီထွက်လာတာ၊ ဒါနဲ့ .. ခင်ဗျားတို့ဘယ်လဲဗျ"

"အတော်ပဲ ... ကိုအောင်ပွင့်ရေ .. ကျွန်တော်တို့လူသတ်မှုတစ်ခု သွားကြည့်မလို့ဗျ၊ ခင်ဗျားလိုက်ခဲ့ပါလား"

သူတို့ ရေးကြီးသုတ်ပြာသွားနေကြသည်မို့ ကျွန်ုပ်လည်း အပျင်းပြေလိုက်သွားကြည့်မည်စိတ်ကူးနှင့် ခေါင်းညိတ်လိုက်သည်။

"ဒါဆိုလည်း မြန်မြန်သွားကြစို့ဗျာ"

ကျွန်ုပ်တို့ဂတ်မှ ကားဖြင့် အခင်းဖြစ်ရာနေရာသို့ လိုက်သွားကြသည်။ မော်ဘီမြို့စွန်တစ်နေရာသို့ရောက်သော် ကွင်းပြင်ကျယ်ကြီးအနီးသို့ရောက်သောအခါ ကားကိုရပ်လိုက်သည်။

"အခင်းဖြစ်တာ .. ဒီကွင်းထဲမှာလား"

"ဟုတ်တယ် ... ကိုအောင်ပွင့်၊ ဝင်ကြည့်ကြရအောင်"

ကျွန်ုပ်တို့ကွင်းထဲဝင်မည်ပြင်ခိုက် ပုလိပ်ကလေးတစ်ယောက်က–

"ဆရာတို့ ... လက်ကိုင်ပဝါလေး ဘာလေးပါကြလား"

"ဟေ .. ပါတာပေါ့ကွ၊ ဘာလုပ်မလို့လဲ"

"အလောင်းက အရမ်းနံနေပြီ ဆရာ၊ ပဝါမပါရင် ... အနားသွားလို့ဖြစ်မှာမဟုတ်ဘူး"

"ဟား ... အဲဒီလောက်တောင်ဆိုးလား ကိုအောင်ပွင့်၊ ခင်ဗျားမှာ ပဝါပါတယ်မဟုတ်လား"

BURMESE CLASSIC .com

"ပါ ပါတယ်ဗျာ၊ သွားမှာသာသွားပါ"

ကျွန်ုပ်တို့ အလောင်းရှိရာသို့ လျှောက်လာခဲ့ကြသည်။ ကွင်းပြင်ကျယ်ကြီး၏ကားလမ်းဘေးမှ နှစ်ဖာလုံခန့်အကွာတွင် ပုလိပ်တချို့နှင့် လူတချို့ ဝိုင်းဖွဲ့ပြီး တစ်စုံတစ်ခုကိုကြည့်လိုက် နောက်ပြန်လှည့်လိုက် လုပ်နေသည်ကို လှမ်းမြင်နေရသည်။ ကျွန်ုပ်တို့လည်း ထိုလူစုနှင့် တဖြည်းဖြည်း ပိုနီးလာသည်။ နီးလာလေလေ အနံ့ဆိုးက ပိုဆိုးလာလေဖြစ်သည်။

"ဟား ... တော်တော်နံတာပဲ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ ကိုအောင်ပွင့်၊ ခင်ဗျားက .. ဦးထွန်းလူနဲ့အတူသွားနေတော့ အတွေ့အကြုံရှိတယ်လေ၊ ဦးထွန်းလူဆိုရင် ဒီကိစ္စကို ဘယ်လိုလုပ်မယ်ထင်လဲ"

"ကျွန်တော်လည်း အဲဒါကို စဉ်းစားနေတာဗျ၊ ကိုထွန်းလူဆိုရင် ဘယ်ကစပြီး ဘာလုပ်မလဲလို့"

အလောင်းအနီးရောက်လာသောအခါ အနံ့ဆိုးလွန်းသောကြောင့် ပဝါကိုသေသေချာချာစည်းပြီး ကြည့်လိုက်သည်။ ပုပ်ပွနေသော ယောကျ်ားတစ်ယောက်၏အလောင်းဖြစ်သည်။ ကိုထွန်းလူဆိုရင် အနီးကပ်ကြည့်မှာပဲဟု တွေးမိပြီး ကျွန်ုပ်လည်း အလောင်းနံဘေးတွင် မှဒိုးဒူးထောက်ထိုင်ကြည့်လိုက်သည်။

ရောင်နေသည်ဆိုသော သေသူ၏ခန္ဓာကိုယ်မှအဝတ်အစားတချို့လည်း စုတ်ပြတ်နေသည်။ သို့သော် မှတ်မှတ်ရရ တွေ့လိုက်ရသည်က သေသူ၏လက်ဝဲဘက်လက်ခုံပေါ်တွင် "အေးမာ"ဟု ရေးထားသော ဆေးမင်ကြောင်ကို တွေ့လိုက်ရသည်။ ဒါ သဲလွန်စပဲဟု ယူဆကာ ထိုဆေးမင်ကြောင်ကို ကိုအုန်းမောင် မြင်အောင်ပြလိုက်သည်။

"တွေ့လား ... ကိုအုန်းမောင်၊ သူ့လက်ခုံမှာ အေးမာလို့ရေးထားတာ"

"အင်း ... တွေ့တယ်ကိုအောင်ပွင့်"

"ဒါ ... အရေးကြီးတဲ့သဲလွန်စနှစ်ခုဖြစ်လာနိုင်တယ်၊ နောက်ဆုံးဗျာ သူဘယ်သူလဲဆိုတာသိဖို့ ဒီဆေးမင်ကြောင်က ကူညီကောင်း ကူညီနိုင်လိမ့်မယ်"

"ဟုတ်တယ် ... ကိုအောင်ပွင့်ပြောတာ မှန်တယ်၊ ခင်ဗျား .. တခြားသဲလွန်စလေးများ ရှာမတွေ့ဘူးလား"

"အင်း ... ဒီနားဝန်းကျင်တော့ လိုက်ကြည့်ရဦးမယ်၊ ဒါပေမဲ့ ဒီလောက်ဆိုးတဲ့အနံ့ကြီးကို အရင်ရှင်းနိုင်မှ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ် ကိုအုန်းမောင်''

''ကျွန်တော် ... ဆေးရုံကို လှမ်းအကြောင်းကြားပြီးပြီ၊ သူတို့ကားရောက်လာတာနဲ့ အမြန်တင်သွားနိုင်းလိုက်မယ်ဗျာ''

ကျွန်ုပ်လည်း အနံ့ဆိုးဒဏ်မှ လွတ်စေရန် လေတင်အရပ်သို့သွားနေလိုက်သည်။ ထိုဝန်းကျင်တွင် လူသတ်မှုနှင့်ပတ်သက်သော သဲလွန်စကို ရှာကြည့်နေလိုက်၏။ ဦးစွာ ခြေရာများကို စစ်ဆေးကြည့်နေ၏။ မြက်ပင်အနည်းငယ်သာရှိသော ကွင်းပြင်ဖြစ်သဖြင့် ခြေရာများသည် မြေပြောင်ပြောင်တွင် လွန်စွာ များပြားလွန်းနေသဖြင့် သေသူ၏ခြေရာလား၊ တခြားခြေရာလားဆိုတာ ခွဲခြားမရဖြစ်နေသည်။ ခြေရာကို အဓိကမထားတော့ဘဲ တခြား သဲလွန်စများရလေမလားဟု ရှာကြည့်မိသော်လည်း မည်သည့် သဲလွန်စမျှမရပါ။

မကြာခင် ဆေးရုံကားရောက်လာပြီး အလောင်းကိုသယ်သွားကြ၏။

ဝိုင်းကြည့်နေသူများလည်း အကုန်ရှဲသွားကြပြီမို့ ကျွန်ုပ်နှင့် ပုလိပ်များသာ ကျန်တော့သည်။

''ထူးခြားတာ ဘာတွေ့သေးလဲ ကိုအောင်ပွင့်''

''မတွေ့ပါဘူးဗျာ ... မြေရာတွေ ကြည့်ပြန်တော့လည်း ရှုပ်ထွေးနေလို့ ဘယ်သူ့ခြေရာဆိုတာ သဲသဲကွဲကွဲ မသိနိုင်ပါဘူးဗျာ''

''ဒီနီးနားတစ်ဝိုက်ရော .. နှံ့သွားပြီလား''

''အင်း ... အနှံ့လျှောက်ကြည့်ပြီးသွားပြီ၊ ထူးခြားမှုမရှိပါဘူးဗျာ''

ကျွန်ုပ်နှင့်ကိုအုန်းမောင်တို့လည်း ထိုနေရာတစ်ဝိုက်ကို ဝတ်ကျေတန်းကျေ ရှာကြည့်ပြီး ပြန်လာခဲ့ကြသည်။

ဂတ်ပြန်ရောက်ပြီး ကိုအုန်းမောင် အိမ်လိုက်သွားကာ သူကျွေးသောထမင်းကို လိုက်စားသော်လည်း ထမင်းစားမဝင်တော့ပါ။ မျက်စိထဲမှာ ကွင်းပြင်ထဲ၌လဲကျနေသော အလောင်းကိုသာ မြင်နေသောကြောင့်ဖြစ်သည်။

''စားလေဗျာ ... ကိုအောင်ပွင့်၊ ခင်ဗျားကြည့်ရတာ တို့ကနန်းဆိတ်ကနန်းနဲ့ ဘာလဲ ဟင်းမကောင်းလို့လား''

''မဟုတ်ပါဘူးဗျာ ... ထမင်းစားမဝင်ချင်ဘူးဖြစ်နေတယ်၊ ဘာကြောင့်လဲဆိုတာ ခင်ဗျား သိပါတယ်''

''တော် .. တော် ကိုအောင်ပွင့် အဲဒီကိစ္စ စကားမစနဲ့တော့ဗျာ၊ ဦးထွန်းလူပြန်မလာသေးရင် ခင်ဗျားလည်း ကျွန်တော့်ဆီလာခဲ့ပါဦးဗျ၊ ပြီးတော့ ဒီအမှုကိုလည်း ဝိုင်းစဉ်းစားပေးပါဦး''

သို့သော် သူ့ကိုပေးထားသော ကတိမတည်ခဲ့ပါ။ တစ်လသာကျော်သွားသည်။ သူ့ဆီလည်းမရောက် သူ့အမှုကိုလည်း မစဉ်းစားလိုက်မိတော့ပါ။ သည်ကြားထဲကိုထွန်းလူ ပြန်ရောက်လာ၏။ သူ့ကို အမှုအကြောင်းပြောပြတော့ သူက အသသူ၏ခန္ဓာကိုယ်ကို ရှာကြည့်သင့်မကြောင်း၊ နောက် ခြေသည်းလက်သည်းများကိုလည်း ကြည့်သင့်ကြောင်းများ ပြောပါသည်။

''ခင်ဗျား ... မတွေ့လိုက်ရလို့ပါဗျာ အဲဒီအလောင်းကိုမြင်လိုက်ရရင် ခင်ဗျား ... ဒီစကားမျိုးပြောဖြစ်မှာ မဟုတ်တော့ပါဘူး''

''အလောင်းက ကိုင်မရအောင် ပုပ်ပွနေလို့မဟုတ်လား၊ ဒါဆိုလည်း .. လက်အိတ်ကလေးဘာလေး ဆောင်သွားပြီး ကိုင်ကြည့်ရမှာပေါ့၊ ခုလောက်ဆို အဲဒီအလောင်းကို မြေမြှုပ်လိုက်ပြီပေါ့ ဟုတ်လား ကိုအောင်ပွင့်''

''ဒီလောက်ကြာမှတော့ ... မြှုပ်လိုက်ကြရောပေါ့ဗျာ၊ ကျွန်တော်တို့ အလောင်းကြည့်တဲ့ရက်နဲ့ ခင်ဗျား ပြန်လာတဲ့ရက် တစ်ပတ်တိတိတောင်ကွာတာပဲ''

''အေးဗျာ ... မမြှုပ်လိုက်သေးဘူးဆိုရင် ကောင်းမယ်၊ ကျုပ် သေသေချာချာကြည့်လိုက်ရင် တစ်ခုခုတော့ တွေ့လိမ့်မယ်ထင်တယ်၊ ခင်ဗျား .. အလောင်းဝန်းကျင်မှာရော မရှာခဲ့ဘူးလား''

''ရှာတာပေါ့ဗျာ ... ဘယ်နေပါ့မလဲ၊ ခြေရာတွေတွေ့ပေမယ့် အရမ်းများပြီးရှုပ်ထွေးနေတော့ ဘယ်ဟာဘယ်သူ့ခြေရာမှန်းကိုမသိနိုင်အောင် ဖြစ်ရတာပါပဲ''

''အင်း ... အချိန်ရရင်တော့ ကိုအုန်းမောင်တို့ဆီတစ်ခေါက်လောက် သွားလိုက်ကြရအောင်ဗျာ၊ ခုလောလောဆယ် ... ကျုပ်အလုပ်များနေသေးလို့''

သို့သော် ကျွန်ုပ်တို့ မှော်ဘီသို့ တော်တော်နှင့်မရောက်ဖြစ်ခဲ့ပါ။ ထိုအမှုလည်း မည်သည့် အခြေအနေရောက်နေမှန်း မသိရတော့ပါ။ ကိုထွန်းလူနှင့်အတူ အခြားအမှုတစ်ခုနောက် လိုက်နေသောကြောင့် နယ်ခရီးတစ်ခုပင် ထွက်လိုက်မိပါသေးသည်။ ထိုခရီးစဉ်တွင် အအေးမိသွားသည်လား၊ ရေပြောင်း မြေပြောင်းကြောင့်လားမသိ ကျွန်ုပ်ဖျားလာသောကြောင့် အိမ်မှာ


www.burmeseclassic.com

www.burmeseclassic.com



နားနေသောတစ်နေ့–

"ကိုအောင်ပွင့် လိုက်ဦးမလား ဗျ"

"မလိုက်တော့ပါဘူးဗျာ . . . ခင်ဗျားက ဘယ်လဲ"

"ကိုအုန်းမောင်တို့ဆီ ခဏသွားမလို့လေ၊ လိုက်ခဲ့ပါလား"

"ခင်ဗျား . . တော်တော်နောက်တဲ့လူပဲ၊ မှော်ဘီဆိုရင် လိုက်ချင်တာပေါ့၊ ကျွန်တော်ဖျားနေတာ သိလျက်နဲ့ဗျာ၊ နောက်ရက်မှသွားပါလား"

"ဆောရီးဗျာ . . . ကျုပ်စိတ်ကိုလည်း ခင်ဗျားသိရဲ့သားနဲ့ သွားချင်ရင် ချက်ချင်းဆိုတာကို"

"သွားပါဗျာ . . သွားပါ၊ ကိုအုန်းမောင်မေးရင်သာ ကျွန်တော် နေမကောင်းတဲ့အကြောင်း ပြောပြလိုက်ပါ"

"ကောင်းပါပြီဗျာ . . . ပြောလိုက်ပါ့မယ်၊ ကဲ . . . သွားပြီ ကိုအောင်ပွင့်ရေ . . . တာတီးရေ ဆရာ့ကို ဂရုစိုက်လိုက်ဦးနော်"

"ဟုတ်ကဲ့ပါဆရာ . . . စိတ်ချပါ၊ ကျွန်တော် သေသေချာချာ ဂရုစိုက်လိုက်ပါ့မယ်"

ကိုထွန်းလူထွက်သွားပြီး ခဏကြာတော့ ကျွန်ုပ် ဆေးသောက်ချိန်ရောက်ပြီဆိုကာ တပည့်ကျော်တာတီးက ဆေးလာတိုက်သည်။ ဆေးတစ်ခွက်သောက်ပြီး အိပ်လိုက်၏။

\+ \+ \+

"ဟုတ်မှ ဟုတ်ရဲ့လား . . . ကိုအောင်ပွင့်ရယ်၊ တော်ကြာ . . . ကျုပ်တို့မောပြီးပြန်လာတာပဲ အဖတ်တင်နေပါဦးမယ်"

"ဟုတ်ပါတယ်ဆိုဗျာ . . ကိုအုန်းမောင် ခင်ဗျားရော ကျွန်တော်ပြောတာ ယုံလား"

"ကျွန်တော်တော့ . . . ယုံလိုက်တယ်ဗျာ၊ ဒီကောင့်ကိုမိရင် ရာထူးတက်မယ်၊ အဲဒါကြောင့် ယုံလိုက်ပြီး ခင်ဗျားပြောတဲ့အစီအစဉ်အတိုင်း ဒီကောင့်ကိုစောင့်ဖမ်းမယ်၊ ဆရာဦးထွန်းလူက ကိုအောင်ပွင့်ပြောတာကို မယုံလို့လား"

ကိုထွန်းလူက သူ့ထုံးစံအတိုင်း ချင့်ချင့်ချိန်ချိန်နှင့်–

"ကျုပ်ပြောနေတာက . . . ကိုအောင်ပွင့်စကားကိုမယုံဘူးမဟုတ်ပါဘူး၊ ဒါပေမဲ့ အမှုတစ်ခုလိုက်တယ်ဆိုတာ စိတ်ကူးယဉ်လို့မရဘူးဗျ၊ လက်တွေ့ကျကျ လုပ်မှ တရားခံကိုယ့်လက်ထဲရောက်မှာ . . . ခု . . ကိုအောင်ပွင့်စကားက နည်းနည်းများ စိတ်ကူးယဉ်ဆန်နေသလားလို့ ကျုပ်က ဒီသဘောပြောတာပါ ကိုအုန်းမောင်ရဲ့"

နောက်ဆုံးတွင် သူတို့နှစ်ယောက်စလုံး ကျွန်ုပ်ပြောသည့်အတိုင်း လိုက်လုပ်ကြရန် ဆုံးဖြတ်လိုက်ပါသည်။

"ကောင်းပြီလေ . . ဒီလောက် အခြေအနေဆိုးတဲ့အမှုကို တရားခံဖော်ထုတ်လိုက်နိုင်ရင် ကိုအုန်းမောင်တစ်ယောက် သေချာပေါက် ရာထူးတက်ရမှာပဲ၊ အဲဒီတော့ . . ကျုပ်ကလည်း ကိုအုန်းမောင် ရာထူးတက်မတက်ကို အောင်ပွင့် အိပ်မက်နဲ့ ထပ်လောင်းရတာပေါ့"

"လောင်းပါဗျာ လောင်းပါ"

"နေဦး . . . ကိုအုန်းမောင်ကို တစ်ခုသတိပေးရဦးမယ်၊ ဒီအမှုကို မင်းကြီးက ဘာပြောထားလဲ"

"သူတို့ကတော့ . . ထုံးစံအတိုင်းပေါ့ဗျာ၊ ဘာဖြစ်လို့ မမိရတာလဲပေါ့၊ တရားခံတစ်ယောက်ကို ပုလိပ်တစ်ဖွဲ့လုံးရှာတာတောင် မမိဘူးဆိုတော့ ဒီတရားခံက ဘာလဲပေါ့၊ မင်းကြီးတစ်ယောက်လုပ်နေပြီး သဲလွန်စမရှိတဲ့အမှုမျိုးဆိုတာ အစရှာမရဖြစ်တတ်တာကို





www.burmeseclassic.com

မသိတာလည်းမဟုတ်ဘဲနဲ့ တော်တော်ပြောရခက်တဲ့အရာရှိဆိုးတွေဗျာ''

''အင်း ...ကျုပ်ပြောချင်တာ အဲဒီကိစ္စပဲ ...ခင်ဗျားမခံချင်စိတ်နဲ့ ဒီတရားခံကို ဘယ်တော့မိမယ်၊ ဘယ်တော့ဖမ်းမယ် ဘာညာလျှောက်မပြောထားနဲ့ဦး၊ တော်ကြာ''

''ကျွန်တော်နားလည်ပါတယ် ကိုထွန်းလူရာ၊ ခင်ဗျားက ...ကျွန်တော့်အိပ်မက်ကို မယုံလို့ပြောနေတာ မဟုတ်လား''

''ကဲပါဗျာ ..ခင်ဗျားတို့ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ကျွန်တော့်အတွက်ကတော့ ထီထိုးသလိုပဲပေါ့ ..ကံစမ်းလိုက်တာလေ၊ ဒီည ..ကျွန်တော်ဘာလုပ်ရမလဲ ...အဲဒါအရင်ပြောလိုက်ဦး''

ကိုထွန်းလူ ခေတ္တစဉ်းစားနေလိုက်ပြီးမှ–

''ခင်ဗျား ...ကျုပ်တို့တိုက်ခန်းကို ညကိုးနာရီရောက်အောင်လာခဲ့ဗျာ၊ ခင်ဗျားရောက်မှ စထွက်ကြမယ်''

''ကောင်လေးနှစ်ယောက်လောက်ခေါ်လာခဲ့ရဦးမလား''

''မခေါ်နဲ့ ..ရှုပ်တယ်၊ တရားခံတစ်ယောက်ကိုဖမ်းဖို့ ပုလိပ်ငါးယောက်လောက်နဲ့ ကျုပ်တို့နှစ်ယောက်၊ အားလုံး ၇ ယောက်လောက်က ဝိုင်းဖမ်းရတယ်ဆိုတာ ကြားလို့မှမကောင်းတာဗျာ''

''ကောင်းပါပြီ ...ကျွန်တော်တစ်ယောက်ထဲလာခဲ့ပါ့မယ် စိတ်ချ''

ကိုအုန်းမောင်တစ်ယောက်တက်ကြွစွာပြန်သွားပါသည်။ ကျွန်ုပ်လည်း မကိုင်တာကြာပြီဖြစ်သော သေနတ်ကို ဆီသုတ်ဆေးကြောလုပ်နေလိုက်သည်။

ကိုထွန်းလူတစ်ယောက်တည်း အပြင်ထွက်သွား၏။

ထိုနေ့ညကိုးနာရီထိုးတော့ ကိုအုန်းမောင်တစ်ယောက်ထဲ ရောက်လာသည်။ သူကိုင်နေကျ အလွန်အားကောင်းသော လက်နှိပ်ဓာတ်မီးနှင့် ခြောက်လုံးပြူးသေနတ်ကို အသင့်ပြင်လာ၏။

ဒီတစ်ချီကတော့
ကိုအောင်ပွင့်တို့
ပွဲပေါ့ဗျာ၊ သဲလွန်စ
လုံးဝမရှိတဲ့အမှုကို
ရအောင်ဖော်နိုင်တာ
ခင်ဗျားအစွမ်းပဲဗျ၊
ကျုပ်တောင်
ဘယ်လိုမှ
စဉ်းစားမရတဲ့အမှုဗျာ
ခင်ဗျားအိပ်မက်
သိပ်မှန်တယ်
...

''ခင်ဗျားတို့အားလုံး အဆင်သင့်ပဲလား ...ကိုအောင်ပွင့်''

''ကျွန်တော်ကတော့ အသင့်ပါပဲဗျာ ...ကိုထွန်းလူတစ်ယောက်တော့ ပေါ်မလာသေးဘူး''

''ဗျာ ...ပေါ်မလာသေးဘူးဆိုတော့ သူ အပြင်ထွက်သွားလို့လား''

''ဟုတ်တယ် ...ခင်ဗျားထွက်သွားပြီးကတည်းက သူလည်း နောက်ကလိုက်ထွက်သွားလိုက်တာ ခုချိန်ထိပေါ်မလာသေးဘူးဗျ''

''လာပါပြီဗျာ ...လာပါပြီ၊ ခင်ဗျားတို့ စိတ်ပူနေမှာသိလို့ ကိုးနာရီအရောက်ပြန်လာတာပါ၊ ကဲ ...ခင်ဗျားတို့ အသင့်ဖြစ်ရင်သွားကြစို့''

အိမ်ပေါ်ရောက်သည်နှင့် ပြန်ထွက်ရန် တာဆူနေပြန်သည်။ ကျွန်ုပ်က စိတ်ပူသွားပြီး–

''ကိုထွန်းလူ ...ခင်ဗျား လက်နက်ကလေး ဘာလေး မဆောင်တော့ဘူးလား''ဟု မေးလိုက်မိသည်။

''နိုး ...နိုး မလိုတော့ဘူးလေဗျာ၊ ခင်ဗျားမှာလည်း သေနတ်ပါမယ်၊ ကိုအုန်းမောင်မှာလည်း သေနတ်တစ်လက်ပါမယ်၊ ကျုပ် ..ယူစရာဘယ်လိုတော့မလဲ၊ ခင်ဗျားတို့နှစ်လက်နဲ့တင် လုံလောက်ပါပြီဗျာ''

''ဘာပဲဖြစ်ဖြစ် ...သတိဆိုတာ ပိုတယ်မရှိဘူးလေ ဦးထွန်းလူရဲ့၊ ရန်သူကို လျှော့တွက်လို့မရဘူးဗျ''

''အင်း ...ခင်ဗျားတို့လူကို တွေ့ပါရစေဦးဗျာ၊ တွေ့လို့ သူက ပစ်လား ခတ်လားလုပ်ရင်လည်း ခင်ဗျားတို့နှစ်ယောက်မှာ သေနတ်ကိုယ်စီပါနေတာပဲ၊ ကြောက်ဖို့မလိုပါဘူးဗျ


www.burmeseclassic.com

www.burmeseclassic.com



. . ဟင်း ဟင်း ဟင်း''

ကိုထွန်းလူက မထီတထီ ရယ်လိုက်သည်။ သူ့စိတ်ထဲမှာ ကျွန်ုပ်အိပ်မက်ကြောင့် လူဆိုးမိရမည်ဆိုသည်ကို လုံးဝ ယုံကြည်ပုံမရပါ။ ကျွန်ုပ်လည်း သူ့ကို ဘာမှပြန်မပြောတော့ဘဲ လူဆိုးဖမ်းရန်သာ ထွက်လာခဲ့တော့သည်။

ကိုအုန်းမောင်၏ကားကလေးနှင့် သုံးယောက်သား အတူစီးလာကြရင်း တစ်နေရာအရောက် ကျွန်ုပ်စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိရလိုက်၏။

''ဟာ . . . ခုမှ သတိရတယ်၊ ကျွန်တော်တို့သွားကြမယ့် သူဌေးကတော်ကြီး ဒေါ်ရည်မွန်အိမ်ကို အရင်သွားပြောရဦးမှာပေါ့''

''ဟုတ်သားပဲ . . . ကျွန်တော်လည်း မေ့နေလိုက်တာဗျာ၊ ကာယကံရှင်ရဲ့ သဘောတူညီချက်လိုတာပေါ့၊ ကျွန်တော်တို့ ကြိုပြောထားရမှာ''

''ဟင်း . . . ဟင်း ခင်ဗျားတို့ သိပ်လည်း စိတ်မပူကြပါနဲ့ဗျာ၊ အဲဒီအစီအစဉ်ကို ကျုပ် အစောကြီးကတည်းက ပြောခဲ့ပြီးပါပြီဗျာ''

''ဟုတ်လား . . . ခင်ဗျားပျောက်နေတာ အဲဒါတွေလျှောက်လုပ်နေတာပေါ့ ဟုတ်လား၊ ဒါများဗျာ . . . ကျွန်တော်တို့ကို ကြိုပြောလိုက်လည်း ဖြစ်ရဲ့သားနဲ့''

''ခု . . . သိလိုက်ရတော့လည်း ပြီးတာပဲမဟုတ်လား ကဲပါဗျာ၊ စိတ်ချလက်ချနဲ့ ကားကိုသာ ဂရုစိုက်မောင်းပါဗျာ၊ ကျုပ်က . . . ဒေါ်ရည်မွန်ဆီမှာ အားလုံးပြောပြပြီး ဒီညကိစ္စကိုပါ ပြောပြခဲ့ပြီးပါပြီ''

ကျွန်ုပ်တို့လည်း သူဌေးကတော်ကြီး ဒေါ်ရည်မွန်အိမ်သို့ ရောက်လာခဲ့ကြသည်။

ကိုထွန်းလူပြောပြထားသောကြောင့် သိပြီးသားဖြစ်နေသည့်အတွက် ကျွန်ုပ်တို့က ဘာမှမမေးတော့၊ ကိုထွန်းလူက ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးသည်။

''ဟောဒါက . . . ကျုပ်မိတ်ဆွေ ကိုအောင်ပွင့်ပါ၊ ဒါကတော့ . . . ရာဇဝတ်အုပ် ကိုအုန်းမောင်ဖြစ်ပါတယ်၊ ဒီည ဒေါ်ရည်မွန့်အိမ်ဝင်မယ့် ဓားပြကို ဖမ်းဖို့ လိုက်လာကြတာပါ''

''တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မက . . . ဒေါ်ရည်မွန်ပါ၊ ဒီည ဓားပြလာမလာမသိပေမယ့် ကျွန်မအိမ်ကို ကာကွယ်ဖို့လာတာဆိုတော့ ကျွန်မမှာ တာဝန်ရှိပါတယ်၊ ညစာများစားခဲ့ပြီးပြီလားရှင် . . . မစားရသေးရင် ကျွန်မ တစ်ခုခု စီစဉ်ပေးပါ့မယ်''

''စားခဲ့ပြီးပါပြီခင်ဗျာ . . . ကျွန်တော်တို့အားလုံး အသင့်ပြင်ပြီးမှလာခဲ့တာပါ၊ ဓားပြက ဒီညမဖြစ်မနေရောက်လာမယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ သူ့ကို စောင့်ဖမ်းနိုင်ဖို့ စီစဉ်ခွင့်ပြုပါ''

''စီစဉ်ပါ . . . ကြိုက်သလိုစီစဉ်ပါ၊ ဒီနေ့ည ကျွန်မအိမ်ကို ရှင်တို့စိတ်ကြိုက် လုပ်ကြပါ၊ ရှင်တို့ကိုအပ်ပါတယ်''

ကျွန်ုပ်တို့ စကားအဆုံးမှာ ကိုထွန်းလူကအစီအစဉ်ကို ဝင်ပြောသည်။

''အဲဒီတော့ . . . ဒီညအောက်ထပ်မှာအိပ်တဲ့သူတွေ အပေါ်ကိုတက်အိပ်ကြဖို့ မေတ္တာရပ်ခံပါတယ်''

''ရပါတယ်ရှင် . . . အောက်ထပ်မှာက ထမင်းချက်လင်မယား နှစ်ယောက် အိပ်ကြတာပါ၊ ကျွန်မနဲ့ခိုင်းတဲ့ကောင်မလေးက အပေါ်မှာအိပ်တာပါ''

''အပေါ်မှာ အိပ်တယ်ဆိုပေမဲ့ ဒေါ်ရည်မွန်မီးခံသေတ္တာကို ဘယ်မှာထားပါသလဲခင်ဗျာ''

''ကျွန်မ အခန်းထဲမှာပဲ ထားပါတယ်''

''အင်း . . . ဒါဆိုရင် ဒေါ်ရည်မွန်လည်း အခန်းပြောင်းအိပ်လိုက်တာကောင်းမယ်ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထဲဝင်လာတဲ့ကောင် အမိကသွားမယ့်နေရာက ဒေါ်ရည်မွန်ရဲ့ မီးခံသေတ္တာဆီကိုပဲ ဦးတည်မှာပါ၊ ဒေါ်ရည်မွန်ကိုတွေ့ရင် အန္တရာယ်ပြုသွားနိုင်တာမို့လို့ ဒေါ်ရည်မွန်ရှောင်နေတာ ပိုကောင်းပါလိမ့်မယ်''

''ရပါတယ်ရှင် . . ကျွန်မ အိမ်မှာ အခန်းတွေအများကြီးရှိပါတယ်''

''ကောင်းပါပြီဗျာ . . ဒေါ်ရည်မွန်တို့နားလို့ရပါပြီ၊ ခဏနေရင် ကျုပ်တို့နေရာယူမှာပါ''

''ဒေါ်ရည်မွန်အခန်းကို . . လိုက်ကြည့်ထားဦးမှပေါ့''

''ကြည့်ပါရှင် . . . ကြည့်ပါ၊ ကျွန်မနဲ့ လိုက်ခဲ့ကြပါ''

ဒေါ်ရည်မွန်လည်း ကျွန်ုပ်တို့ကို အိမ်ပေါ်ထပ်သို့ခေါ်ဆောင်သွားပြီး သူ့အခန်းကို လိုက်ပြပါသည်။ အခန်းမှာ ပေနှစ်ဆယ်ခန့်ကျယ်ဝန်းပြီး သပ်သပ်ယပ်ယပ်ရှိပါသည်။ ခုတင်ခြေရင်းတွင် မှန်တင်ခုံရှိပြီး ခုတင်နဘေးခေါင်းရင်းဘက်တွင် သူမ၏မီးခံသေတ္တာရှိနေပါသည်။ ကျွန်ုပ်တို့ကို သူမအခန်းထဲမှာ ထားခဲ့ပြီး ဒေါ်ရည်မွန် အိပ်မည့်အခန်းသို့ ထွက်သွားပါသည်။

ကျွန်ုပ်တို့ အချိန်အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းလိုက်ကြပြီး ကိုထွန်းလူ၏အစီအစဉ်ကို လိုက်နာလုပ်ဆောင်လိုက်ကြရပါသည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးနေ၏။ ကျွန်ုပ်က အောက်ထပ်ဧည့်ခန်းကို တာဝန်ယူရသည်။ ကိုအုန်းမောင်က နောက်ဖေးမီးဖိုချောင်ဝန်းကျင်ကို တာဝန်ယူထား၏။ ကိုထွန်းလူက အပေါ်ထပ်ကို ထိန်းချုပ်ထားသည်။

ည(၁၂း၀၀)နာရီ ထိုးသံကြားရပြီး ကျွန်ုပ် လွန်စွာ အိပ်ချင်နေသည်။ ငိုက်သွားမည်စိုးသောကြောင့် အိပ်ချင်စိတ်ကို အံကြိတ်ပြီး ဖျောက်နေသည့်ကြားမှ မှေးခနဲ ဖြစ်သွား၏။

"ချွတ် ‥ ဖျောက်"

အသံကြောင့် ဖျတ်ခနဲနိုးသွားသည်။ အနောက်ဘက်တံခါးမှ ကြားလိုက်ရခြင်းဖြစ်သည်။ ကျွန်ုပ် လက်က သေနတ်ရိုးပေါ်ရောက်သွား၏။ သို့သော် ချက်ချင်းထုတ်ပစ်လိုက်ရန် မဖြစ်နိုင်သေး။ အချိန်ကိုစောင့်ရမည်။ ကိုထွန်းလူမှာထားသည့်အတိုင်း သူ့ကို အပေါ်ထပ်တက်ခွင့်ပြုရမည်။ သို့မှသာ ပိုက်ကွန်ထဲမှာ အပိုင်ငြိမည်ဖြစ်သည်။

ခဏကြာတော့ တံခါး တဖြည်းဖြည်းပွင့်လာသည်။ မှောင်ထဲမှာလူတစ်ယောက် ဝင်လာသည်ကို ရိုးတိုးရိတ်တိတ် မြင်နေရသည်။ သူ အထဲရောက်သည်နှင့် ချက်ချင်းမဝင်သေးဘဲ နားစွင့်နေ၏။ အသံမကြားရတော့မှ ရှေ့ဆက်တိုးလာပြီး အပေါ်ထပ်တက်သည့်လှေကားသို့ ချဉ်းကပ်ပြီး ခြေသံလုံစွာတက်သွားသည်။

ကျွန်ုပ်ဆီသို့ ကိုအုန်းမောင်ရောက်လာပြီး လက်ဟန်ဖြင့် ဓားပြအပေါ်တက်သွားကြောင်း ပြောသည်။ ကျွန်ုပ်တို့နှစ်ယောက် လှေကားရင်းမှာ စောင့်နေလိုက်သည်။

"ဝုန်း ဝုန်း"

မကြာခင်အပေါ်ထပ်က အသံများကြားလိုက်ရသည်။ နှစ်ယောက်သား အပေါ်ထပ်သို့ ကမန်းကတန်း ပြေးတက်သွားကြသည်။ ကိုထွန်းလူရှိရာအခန်းသို့ ကျွန်ုပ်တို့ရောက်သွားသောအခါ ဓားပြက ကြမ်းပေါ်မှောက်နေပြီး ကိုထွန်းလူက ဓားပြကို လက်ပြန်ချုပ်ထားသည်။

"ကိုအုန်းမောင် … ဒီကောင့်ကို လက်ထိပ်ခတ်လိုက်ဗျာ"

ကိုအုန်းမောင် လက်ထိပ်ခတ်လိုက်ပြီမို့ ဓားပြခမျာ ကြောင်တောင်တောင်နှင့် သူတို့ကို ကြည့်နေ၏။

"ခင်ဗျား … ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ကျုပ်ကို ဘာကြောင့် စောင့်ဖမ်းနိုင်တာလဲ"

"အဲဒါ … မင်းသိစရာမလိုဘူး၊ ဒီကောင့်ကို ခေါ်ပြီး သွားကြစို့"

\+ + +

"ဟား ဟား ဒီတစ်ချီကတော့ ကိုအောင်ပွင့်တို့ပွဲပေါ့ဗျာ၊ သဲလွန်စ လုံးဝမရှိတဲ့အမှုကို ရအောင်ဖော်နိုင်တာ ခင်ဗျားအစွမ်းပဲဗျ၊ ကျုပ်တောင် ဘယ်လိုမှ စဉ်းစားမရတဲ့အမှုဗျာ ‥ ခင်ဗျား အိပ်မက်သိပ်မှန်တယ်"

ကျွန်ုပ်တို့သုံးယောက် တရားခံရှိရာအချုပ်ခန်းသို့လာကြရင်း ကိုထွန်းလူက ကျွန်ုပ်ကို ချီးကျူးစကားပြောနေခြင်းဖြစ်သည်။ တရားခံက ကျွန်ုပ်တို့ကို တွေ့ချင်သည်ဆိုသောကြောင့် သုံးယောက်သားသူ့ကိုလာတွေ့ခြင်းဖြစ်သည်။



အချုပ်ခန်း တိုင်များကိုမှီပြီး ကျွန်ုပ်တို့အလာကိုစောင့်နေသော တရားခံမှာ ကျွန်ုပ်တို့ကိုတွေ့လိုက်သည်နှင့် အလွန်ရိုကျိုးစွာဖြင့်–

"ဆရာတို့အထဲမှာ အမိန့်တော်ရ ဦးထွန်းလူဆိုတာ ဘယ်သူပါလဲခင်ဗျာ"

ကိုအေးမောင်က ကိုထွန်းလူကို ညွှန်ပြလိုက်ပြီး–

"ကိုထွန်းလူဆိုတာ သူပဲ" ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာက ဦးထွန်းလူ၊ ကျွန်တော့်ကံကိုက ဆိုးတာပါ၊ ဦးထွန်းလူဆင်ထားတဲ့အကွက်ထဲကိုမှ ဝင်မိရတယ်လို့၊ ဒါပေမဲ့ ... ကျွန်တော့်ကိုဖမ်းတာ ဦးထွန်းလူ ဖြစ်နေတဲ့အတွက် ကြောင့်လည်း ကျွန်တော် ဂုဏ်ယူပါတယ်"

သူပြောချင်ရာပြောသည်ကို နားထောင်ပြီးမှ ကိုထွန်းလူက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး–

"ဟင်း ဟင်း ခင်ဗျား ကျုပ်ကိုတော်တော် အထင်ကြီးနေတဲ့ပုံပဲဗျ၊ ခါတိုင်းအမှုတွေကို ... ကျုပ် ဖော်တာမှန်တယ်၊ ဒါပေမဲ့ ... ဒီအမှုကတော့ ကျုပ်ကြောင့်ပေါ်တာမဟုတ်ဘူး၊ ဟောဒီက ကိုအောင်ပွင့်ဖော်လိုက်တာဗျ၊ သူပြောလို့ ကျုပ်တို့ ဒေါ်ရည်မွန်အိမ်မှာ လာစောင့်နေတာ"

"ဗျာ ... ကိုအောင်ပွင့်ဖော်လိုက်တာ၊ တစ်ဆိတ် ကျေးဇူးပြုပြီး ကျွန်တော် ဒေါ်ရည်မွန်အိမ်ကိုဖောက်မယ်ဆိုတာ ဘယ်လိုသိတာလဲ၊ အဲဒါလေး ပြောပြပါ ဆရာ"

ကျွန်ုပ် ကိုထွန်းလူနှင့် ကိုအုန်းမောင်တို့ကို လှည့်ကြည့်လိုက်မိသည်။

"ကျွန်တော်ပြောရင် ခင်ဗျားယုံမှာမဟုတ်ဘူး"

"ဘာလဲ ... ဘာလို့မယုံရမှာလဲ၊ ပြောမှာသာပြောစမ်းပါဗျာ ယုံပါတယ်"

သိပ်သိချင်နေသော ခါးပြကို ကျွန်ုပ် အိပ်မက်ပြောပြလိုက်ပါတော့သည်။

+ + +

နေဝင်ရီတရော(တောအခေါ်)နွားရှိုင်းသွင်းချိန်ဖြစ်သည်။

ကိုထွန်းလူ ခရီးထွက်နေသောကြောင့် ကျွန်ုပ်တစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် ဝရံတာမှာထိုင်ရင်း လမ်းသွားလမ်းလာများကို ထိုင်ကြည့်နေဖြစ်သည်။ ထိုစဉ် ကျွန်ုပ်အနီးသို့ လူတစ်ယောက် ရောက်နေသည်ဟု ခံစားလိုက်မိပြီး လှည့်မကြည့်ဘဲ–

"တာတီး ... ဘာပြောစရာရှိလို့လဲ ပြောလေ"

သူ ဘာမှပြန်မပြောသည်မှာ အချိန်ကြာသွားသည့်အတွက် ကျွန်ုပ်လှည့်ကြည့်လိုက်၏။

"ဟင် မင်း မင်းက"

ခလွန်ဖံ့အားသင့်သွားရပါသည်။ ကျွန်ုပ်အနီးရောက်နေသည်မှာ တပည့်ကျော်တာတီးမဟုတ်ဘဲ ကျွန်ုပ်မသိသောသူတစ်ယောက်ဖြစ်နေသည်။ ပိန်ခြောက်ခြောက် အသားမည်းမည်း၊ ဆံပင်စုပ်ဖွားနှင့် လူငယ်တစ်ယောက်ဖြစ်သည်။ သူ့အကြည့်က ကြောင်စီစီ။

"မင်း မင်းက ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ၊ ဘာကိစ္စရှိလို့လဲ"

ကျွန်ုပ်မေးခွန်းများစွာ ဆက်တိုက်မေးနေသော်လည်း သူ တစ်ခွန်းမှပြန်မဖြေ။

"ဘာလဲ မင်းဘာဖြစ်နေတာလဲ"

သူက စကားမပြန်ဘဲ စာရေးပြမည်ဟု လက်ဟန်နှင့်ပြသည်။

"ဩော် ... သိပြီ သိပြီ၊ မင်းစကားမပြောတတ်ဘူးဘဲ၊ စာရေးပြမယ်ပေါ့ ဟုတ်လား"

ဝမ်းသာအားရ ခေါင်းညိတ်ပြသည်။

"ကဲ ... ဒါဆို ခဏစောင့် စာရွက်နဲ့ ကလောင်တန်ယူပေးမယ်"

စာရွက်နှင့် ကလောင်တန်ကို ခပ်သွက်သွက်ယူပေးလိုက်သည်။

"ဒီမှာ ... ရေးပြ၊ မင်းဘယ်သူလဲ၊ ဘာပြောစရာရှိလို့ ရောက်လာတာလဲ"

သူက စာရွက်ပေါ်မှာ အောက်ပါအတိုင်း ရေးပြပါသည်။

"ကျွန်တော် ရွှေအပါ၊ ကျွန်တော် သတင်းပေးစရာရှိလို့ လာတာ"

"သတင်းပေးစရာ ပြောစမ်းပါဦး ဘာသတင်းများပေးမလို့လဲ"

**သူ့ကိုယ်သူ ရွှေအလို့ပြောပြီး**
**အိပ်မက်ပေးသွားတာ**
**ကိုယ်လည်း သိပ်မယုံပေမယ့်**
**ကိုထွန်းလူတို့ကိုပြောပြပြီး**
**စောင့်ဖမ်းကြည့်လိုက်လို့**
**မင်းကိုမိတာပေါ့ ...**



www.burmeseclassic.com

www.burmeseclassic.com



"လာမယ့် ‥ တနင်္လာနေ့ညမှာ ဓားပြငမိုးက သူဌေးကြီးဒေါ်ရည်မွန် အိမ်ကို ဝင်ခိုးလိမ့်မယ်"

စာရေးနေသောသူ့လက်ခုံတွင် ဆေးမင်ကြောင်ဖြင့် "အေးမာ"ဟုရေးထားသည်ကို တွေ့လိုက်ရသည်။ ထိုဆေးမင်ကြောင်မျိုးကို ကျွန်ုပ်မြင်ဖူးသည်ဟု ခဏတွေးလိုက်မိသေးသည်။ သို့သော် သူ့စကားကို မယုံသောကြောင့်

"ဟာ … မင်းကလည်း ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့ကွာ၊ ဓားပြငမိုးက ထောင်ထဲမှာမဟုတ်လား"

"ဟုတ်ပါတယ် … ဒါပေမဲ့ သူ ရဲဘက်စခန်းကနေ ထွက်ပြေးလာခဲ့တယ်၊ ပြီးတော့ … မော်ဘီမှာတည်းနေရင်း လူတစ်ယောက်ကို သတ်သွားပါတယ်"



"မင်း ပေါက်ကရတွေလျှောက်ပြောမနေပါနဲ့ကွာ … မဖြစ်နိုင်ပါဘူး၊ ငမိုးက သူ့ဘာသာထောင်ထဲမှာ"

"ကျွန်တော်ပြောတာကို ယုံပါ၊ သူ သူဌေးမကြီးဒေါ်ရည်မွန်အိမ်ကို သူဝင်ခိုးမယ့်နေ့မှာ စောင့်ဖမ်းနိုင်ရင် သူ့ရဲ့လူသတ်မှုရော၊ ထောင်ပြေးမှုပါ ပေါ်သွားမှာ"

"ဟေ့ကောင် ‥ မင်းပြောနေတာတွေ အမှန်တွေပဲနော်"

"အမှန်တွေပါဗျာ ‥ ကျွန်တော်က ဘာဖြစ်လို့လိမ်ရမှာလဲ"

"အေး … မင်းလိမ်တယ်၊ မလိမ်ဘူး သိရအောင် မင်းကိုယ်တိုင်စာရေးပြီးလက်မှတ်ထိုးခဲ့"

သူ့ကို ကျောခိုင်းလိုက်ပြီး တစ်ဖက်စားပွဲမှာ စာရွက်လွတ်တစ်ရွက် လှည့်ယူလိုက်သည်။

"မင်း ‥ ဟောဒီမှာရေး"

ကျွန်ုပ် လှည့်ပြောလိုက်သည့်အချိန်မှာ ရွှေအ မရှိတော့။

"ဟင် … ရွှေအ ရွှေအ ‥ မင်းဘယ်ရောက်သွားလဲ၊ ဘယ်ထွက်သွားတာလဲ"

"ကျွန်တော် ‥ ဒီမှာ ကျွန်တော့်ကို မရှာပါနဲ့တော့"

အသံကြားလို့ လှမ်းကြည့်လိုက်တော့ ရွှေအ,က တိုက်ရှေ့လမ်းပေါ်ရောက်နေပြီ။

+ + +

"ရွှေအ ဒီကောင် ရွှေအ"

"ဟုတ်တယ် … သူ့ကိုယ်သူ ရွှေအလို့ပြောပြီး အိပ်မက်ပေးသွားတာ ကိုယ်လည်း သိပ်မယုံပေမယ့် ကိုထွန်းလူတို့ကိုပြောပြပြီး စောင့်ဖမ်းကြည့်လိုက်လို့ မင်းကိုမိတာပေါ့"

"ရွှေအ … မင်း … မင်းတော့လားကွာ"

ငမိုး ကျိတ်မနိုင်ခဲမရ ဖြစ်နေရှာ၏။ ကိုထွန်းလူက သူ့အဖြစ်ကိုမြင်သောကြောင့်–

"မင်း ရွှေအကို သိလို့လား"

"သိတာပေါ့ဗျာ … သိပ်သိတာပေါ့၊ အဲဒီ ရွှေအ ဆိုတာ … မော်ဘီမှာ ကျွန်တော်သတ်လိုက်တဲ့ကောင်ပါပဲ"

စာပေသစ္စာမှန်ဖြင့်
နေမင်းသူရိန်

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# မင်းမဟာကျော်ခေါင်

## သံမဏိဂဠုန်နှင့် အရေးတော်ပုံနိဒါန်း



www.burmeseclassic.com



ရာသီဥတု ကြည်လင်သာယာနေသည်။ ဝင်းလက်တောက်ပသည့် နေရောင်အောက်တွင် သာယာဝတီမြို့ပိုင်ရုံးကြီးတွင် စည်ကားနေ၏။ သာယာဝတီ ဒိစတြိတ်အတွင်းရှိ ကျေးရွာများမှသူကြီးများ မပျက်မကွက်တက်ရောက်ကြရန် မြို့ပိုင်မင်းက ဆင့်ခေါ်ထား၍ဖြစ်သည်။

တချို့မြင်းနှင့်လာသည်။ တချို့က လှည်းယာဉ်ဖြင့်လာ၏။ ရောက်လာသည့် သူကြီးများသည် စီးလာသည့်မြင်းနှင့် လှည်းယာဉ်များအား မြို့ပိုင်ရုံးဝင်းအပြင်မှာပင် ရပ်ထားခဲ့၍ ရုံးတွင်းသို့ခြေကျင်လျှောက်ဝင်ခဲ့သည်။ အခမ်းအနားမစသေးမီ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကြ။ တရင်းတနှီးနောက်ပြောင်ကြဖြင့် သဲသဲညံညံ။

ထိုအချိန်မှာပင် မြို့ပိုင်မင်း၏ ကား ရုံးဝင်းထဲသို့ မောင်းဝင်လာ၏။ ကားရပ်လိုက်သည်နှင့် ကားတံခါးကို ပုလိပ်သားတစ်ယောက်က တရိုတသေဖွင့်ပေးသည်။ မျက်နှာဖြူမြို့ပိုင်ကြီးက ကားပေါ်မှ ခံ့ညားထည်ဝါစွာမဟာဆန်ဆန် လှမ်း၍ဆင်း၏။ ရုံးထဲတွင် တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေရာဆီ အကြည့်တစ်ချက်ဝေ့၏။ ထို့နောက် ခြေလှမ်းကျဲကြီးများဖြင့် လှမ်းသွားလျက် ဒါဘာပွဲကျင်းပမည့် ခန်းမကြီးထဲသို့ ဝင်သည်။ စောစောက အုန်းအုန်းကျွက်ကျွက်ဖြစ်နေသော အသံများမှာ မီးကိုရေနှင့်ဖြန်းလိုက်သကဲ့သို့ ချက်ချင်းငြိမ်သွားရာမှ မတ်တပ်ရပ်၍ သူကြီးများက အရိုအသေပေးကြသည်။

မြို့ပိုင်မင်းက မည်သူ့ကိုမျှတရေးတယူစောင်းငဲ့၍ပင်မကြည့်။ ဗြိတိသျှယူနီယံဂျက်အလံကြီးနောက်ခံထား၍ စကားပြောရန် သတ်မှတ်ထားသည့် စင်မြင့်ဆီသို့တန်း၍သွားသည်။ မျက်နှာကြောတင်းတင်းဖြင့် တောင့်တောင့်မတ်မတ်ရပ်လိုက်၏။ လောပေါင်းများစွာဖြင့် ငေးမောကြည့်နေသည့် သူကြီးပရိသတ်ကို စေ့စေ့ကြည့်လိုက်ပြီးမှ ..

"ဒီနေ့ မောင်မင်းတို့သူကြီးတွေကို ကျွန်ုပ် ညွှန်ကြားမယ့် စကားကို သေသေချာချာနားထောင်ပါ။ အဲဒါကတော့ ကျွန်ုပ်တို့ ဗြိတိသျှအစိုးရက ကောက်ခိုင်းထားတဲ့ လူခွန်တော်နဲ့ သဿမေဓအခွန်များကို ဇန်နဝါရီလ ၂ ရက်နေ့မတိုင်မီ အပြေအလည်ရအောင် ကောက်ခံပေးရမယ်"

မြို့ပိုင်မင်းက ဤသို့ အာဏာသံပြင်းပြင်းဖြင့် အစချီပြီးနောက် စကားကို ဖြတ်လျက် မျက်နှာငယ်လေးများဖြင့် စူးစူးရဲရဲ ကြည့်လိုက်သည်။ သူပြောသောစကားကို လက်အောက်ငယ်သား ကျေးတော်မျိုး၊ ကျွန်တော်မျိုးများ ဖြစ်ကြသည့် သူကြီးများ စိတ်ဝင်တစားရှိရဲ့လားဟု၍ အကဲခတ်သည့်သဘောပင်။

တစ်ဖန် မြို့ပိုင်မင်းကြီးက ဆက်ပြောပြန်၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



“ငြင်းဆန်တဲ့လူရှိရင် ကျွန်ုပ်ကို တင်ပြပြီး အကူအညီတောင်းပါ။ အာဏာဖီဆန်မှုနဲ့ စစ်ပုလိပ်တွေလွှတ်ပြီး ဖမ်းဆီးထောင်ချနိုင်အောင် ကျွန်ုပ်ကူညီမယ်”

ဟူ၍လည်း သူကြီးများကို မြှောက်ထိုးပင့်ကော် လုပ်လိုက်သေးသည်။

မြို့ပိုင်မင်း၏ ခြိမ်းလိုက်ခြောက်လိုက် မြှောက်လိုက်ပင့်လိုက် စကားများကြောင့် သူကြီးများ တိုင်ပင်မထားပါဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကွက်ခနဲ ကြည့်မိကြသည်။ မြို့ပိုင်မင်းက ဆက်ပြောပြန်၏။

“အဲဒါမှမဟုတ်ရင် သတ်မှတ်ရက်လွန်ပြီး အခွန်တော်ငွေကို အပြေအလည်ကောက်ခံမပေးနိုင်တဲ့ သူကြီးဆိုရင်တော့ မောင်မင်းတို့တာဝန်ဘဲဖြစ်လိမ့်မယ်။ ကျွန်ုပ်မညှာတာနိုင်ဘူး။ ရွာသူရွာသားတွေကို အုပ်ချုပ်တဲ့ မောင်မင်းတို့လို သူကြီးတွေဟာ သူရသတ္တိရှိဖို့က အရင်းခံပဲ။ အကယ်၍ သတ္တိမရှိလို့ ကိုယ့်အလုပ်ကိုယ် မလုပ်ရဲမကိုင်ရဲတဲ့ သူကြီးကို ကျွန်ုပ်ကလည်း သူကြီးလို့ မသတ်မှတ်နိုင်ဘူး။ တာဝန်က ရပ်စဲသင့်ရင်ရပ်စဲရမှာပဲ။ အဲဒါကြောင့် ကိုယ်လုပ်ရမယ့်အလုပ်ကို ရဲရဲဝံ့ဝံ့ လုပ်ကြရမယ်”

မြို့ပိုင်မင်း၏ အိမ်ကြက်ချင်း အိုးမည်းသုတ်၍ခွပ်ခိုင်းသောစကားကြောင့် သူကြီးများ ကွက်ခနဲ မျက်နှာပျက်သွားကြလျက် သက်ပြင်းတချချဖြင့် ခေါင်းကို လေးလေးပင်ပင် ခါယမ်းသူများ ခါယမ်းကြ၏။ အာဏာပြချင်သူ သူကြီးတချို့ကမူ ပြင်းကို ချိုတပ်ပေးလိုက်သလို မြို့ပိုင်မင်း၏ အမြှောက်အပင့်စကားကြောင့် တပြုံးပြုံးဖြစ်လျက်ရှိ၏။ မြို့ပိုင်မင်းက ဆက်၍ ပြောပြန်သည်။

“နိဂုံးချုပ်အနေနဲ့ မောင်မင်းတို့ကို ကျွန်ုပ် ပြောကြားချင်တာကတော့ တာဝန်ကျေပွန်တဲ့ သူကြီးတွေနဲ့ ပြတ်ပြတ်သားသားလုပ်ရဲကိုင်ရဲတဲ့ သူကြီးတွေကို ကျွန်ုပ်က နာမည်ကောင်းလက်မှတ်နဲ့ ဆုတော်လာဘ်တော်များရအောင် ထောက်ခံပေးမယ်ဆိုတာပဲ။ ကဲ ... မောင်မင်းတို့ သွားနိုင်ကြပြီ”

မြို့ပိုင်မင်းမှာ မည်သူကိုမျှအဖက်မတန်သကဲ့သို့ သူပြောချင်ရာပြောပြီး သွားသည်နှင့် ချာခနဲလှည့်၍ အခမ်းအနားကျင်းပရာ ခန်းမကြီးထဲမှ ထွက်သွားလေ၏။ ယောင်ချာချာဖြင့် ကျန်ရစ်ခဲ့သည့် သူကြီးများမှာ ထိုင်ရာမှ လေးတွဲ့စွာ ထရပ်လိုက်ကြ၏။ မြို့ပိုင်မင်း၏ အပြုအမူကို ဘဝင်မကျလှသော်လည်း မည်သူမျှပင် ဝေဖန်ပြောဆိုရဲခြင်းမရှိခဲ့။

စင်စစ် ယခုအချိန်သည် မြန်မာနိုင်ငံဗြိတိသျှကိုလိုနီသံဖနောင့်အောက် ကျွန်သပေါက်ဘဝ ကျရောက်နေချိန်ဖြစ်၏။ အတိအကျဆိုရလျှင် ထိုနှစ်မှာ မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ်၊ ခရစ်နှစ် ၁၉၃၀ ပြည့်ကာလ တောင်သူလယ်သမားများ အကြီးအကျယ်ဒုက္ခရောက်သောနှစ်ဖြစ်သည်။ အံ့သြလောက်အောင် စပါးဈေး တစ်ဟုန်ထိုးကျဆင်းသောကြောင့် စီးပွားရေးကျပ်တည်းကြ၏။ လယ်စရိတ်ချေးယူထားသည့် ကြွေးမြီများပင် မကျေ။

စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားဖြစ်ပါလျက် ထမင်းမဝ။ တစ်ပြည်လုံးရှိ လယ်သမားတိုင်းလိုလို အငတ်ပြဿနာနှင့် ကြုံကြရသည်။

တစ်ချိန်တည်းမှာပင် မြွေပူရာကင်းမှောင့်သကဲ့သို့ ဗြိတိသျှအစိုးရသည် လူခွန်တော်နှင့်သဿမေဓအခွန်တော်များကို အတင်းအဓမ္မတောင်းခံသဖြင့် တောင်သူလယ်သမားများ တစ်ပူပေါ်နှစ်ပူဆင့်ရသည်။

လူခွန်တော်ကောက်ခံပုံမှာ အိမ်ထောင်သည် လင်စုံမယားဖက်အတွက် ငွေငါးကျပ်။ အိမ်ထောင်မရှိသော အရွယ်ရောက်သူ ယောကျ်ားတစ်ဦးအတွက် ငွေနှစ်ကျပ်ခွဲ အခွန်ကောက်သည်။ မပေးနိုင်သူများကို လှည်း၊ နွားနှင့် အိမ်တွင်းပစ္စည်းများသိမ်း၏။ အိမ်ကိုဖျက်ယူ၏။ ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းများနှင့် ကျေးရွာများကို မီးရှို့ခြင်း၊ အမျိုးသမီးများကို ဗလက္ကာရပြုခြင်းများထိ ဗြိတိသျှကုလားဖြူများနှင့် နောက်လိုက်ချစ်တီးကုလားမည်းများက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား ရက်စက်ယုတ်မာစွာလုပ်ဆောင်ကြသည်။

ယခုအခါ သာယာဝတီဒိစတြိတ်တွင်လည်း တောင်သူလယ်သမားများထံမှ ရရန်ရှိသော ကြွေးမြီများနှင့် မြေခွန်လူခွန် သဿမေဓအခွန်များမရရအောင် တောင်းခံကြရန် မြို့ပိုင်မင်းက ကျေးရွာသူကြီးများအား ယခုကဲ့သို့ မြို့ပိုင်ရုံးသို့ ခေါ်ယူလျက် ဒါဘာပွဲကျင်းပပြီးလျှင် ဗြိတိသျှနယ်ချဲ့အစိုးရ၏ သဘောထားကို ရှင်းရှင်းနှင့်ဘွင်းဘွင်းပင် ပြောသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မြို့ပိုင်ရုံးမှ သူကြီးများ အပြန်တွင် တချို့သူကြီးများမှာ ခေါင်းပေါင်းစ တလူလူ၊ လက်မတစ်ထောင်ထောင်ဖြင့် မြောက်ကြွမြောက်ကြွဖြစ်လျက်ရှိသကဲ့သို့ တချို့သူကြီးများမှာမူ မိမိသူကြီးအပိုင်ကျေးရွာများမှ ဆင်းရဲသားလယ်သမားတို့၏ ဘဝကို စာနာမိလျက်ဖြစ်ပေါ်လာနိုင်သော အရေးကို တွေး၍ ရင်လေးမိလေ၏။

+++

ဆည်းဆာအလှဖြင့် သာယာဝတီမြို့သည် တောက်ပနေ၏။ အရေးပိုင်ကြီး မစ္စတာကလပ်သည် လုပ်ဖော်ကိုင်ဖက် မျက်နှာဖြူစက်ရှင်တရားသူကြီး မစ္စတာမာတင်နှင့် တင်းနစ်ကစားနေ၏။ အပြန်အလှန်ရိုက်နေသူနှစ်ဦး၏ ရိုက်ချက်များကြောင့် တင်းနစ်ဘောလုံးကလေးမှာ တဝိုးဝိုးမြည်လျက် လူးလာခေါက်တုံ့နေ၏။

မစ္စတာကလပ်ယနေ့ကံမကောင်း။ လက်ပျက်နေသည်။ တစ်ဖက်လူ၏ ပြင်းထန်သည့်ရိုက်ချက်များကို မဆယ်နိုင်ဘဲ မကြာခဏ မိမိဘက်သို့ဘောလုံး ကျနေသဖြင့် ယခု ကစားနေသည့် ပွဲလည်း အမှတ်ပြတ်၍ ရှုံးပြန်သည်။

ခေတ္တပွဲနားချိန် ချွေးစေးတွေ ထွက်နေသည့် မျက်နှာအား အင်္ဂလန်နိုင်ငံဖြစ် အမွေးပွတဘက်ကြီးဖြင့် သုတ်ရင်းမှ မစ္စတာကလပ်၏ ကစားဖော် မစ္စတာမာတင်က ပြုံးဖြီးဖြီးအမူအရာဖြင့် ရှိသဲ့သဲ့စကားပြောသည်။

"ဘယ်လိုလဲဗျ ‥ မစ္စတာကလပ်၊ ဒီနေ့ ခင်ဗျားလက်ကပဲ ကျလို့လား၊ ကျုပ်လက်ကပဲ အရမ်းကောင်းနေလို့လား မသိဘူး။ ခင်ဗျား ရှုံးပြီးရင်း ရှုံးရင်းဖြစ်နေပြီနော်"

"ဟွန်း ‥ သိပ်လည်း အပြောမကြီးနဲ့ မစ္စတာမာတင်ရာ၊ တစ်ပွဲထပ် ကစားကြည့်စမ်းပါဦး"

မစ္စတာကလပ်က အမောပြေ ရေတစ်ခွက်သောက်ရင်း မခံချင်စိတ်ဖြင့် စိန်ခေါ်လိုက်ပြန်သည်။

"အေးလေ ‥ ခင်ဗျား မကျေနပ်သေးရင်လည်း ထပ်ကစားကြည့်ဦးပေါ့။ ဒါပေမဲ့ မြန်မာစကားပုံလို မခံချင်လို့ ထချ၊ ကိုယ်က အောက်ကပဲ ဆိုတာမျိုးမဖြစ်အောင်တော့ ကြိုးစားကစားပေါ့ဗျာ ‥ ဟဲ ‥ ဟဲ ‥ ဟဲ"

မိမိတို့၏ ကျွန်သဘောက်ဖြစ်သော လက်အောက်ခံလူမျိုးများ၏ စိတ်ဓာတ်ပျော့ညံ့သည့် စကားပုံနှင့် နှိုင်းယှဉ်ဥပမာပေးခြင်းခံရသဖြင့် မစ္စတာကလပ် ကျွဲမြီးတိုသွား၏။ ဆတ်ဆတ်ခါအောင် နာကျင်ခံပြင်းသွားမှုကြောင့် သူ၏ ပန်းနုရောင်မျက်နှာကြီးသည် ရဲခနဲနီသွားသည်။ သို့သော် နိုင်ငံကြီးသား လူကြီးလူကောင်းဖြစ်လေ ဟန်ဆောင်၍ မခံသာဖြစ်ရမှုအား မျိုသိပ်လျက် ကွင်းထဲသို့ပြန်ဝင်ခဲ့ကြသည်။

မစ္စတာကလပ်က စပေးသော ရိုက်ရန် လက်ထဲမှာ ဆုပ်ကိုင်ထားသော တင်းနစ်ဘောလုံးလေးကို ကွင်းပေါ်သို့ ပေါက်၍ ခုန်တက်လာလိုက် ‥ ဖမ်းလိုက်ဖြင့် တော့နေစဉ် ခြံထဲသို့ မြင်းတစ်စီးအပြေးစိုင်းဝင်လာ၏။ မစ္စတာကလပ် ဆက်မကစားသေးဘဲ ရပ်တန့်လျက် မြင်းစီးသမားကို မျက်မှောင်ကြုတ်၍ လှမ်းကြည့်လိုက်သည်။ သူလို ဗြိတိသျှအရေးပိုင်မင်း၏ အိမ်မြဝင်းထဲသို့ မြန်မာများ မြင်းစီးဝင်ရောက်ခြင်း မပြုရန် တားမြစ်ထားပါလျက် ခုပင်ကြည့် ‥ ငှက်ပျောညွန့်ရောင်ခေါင်းပေါင်းဖရိုဖရဲနှင့် အပေါ်ဖုံးအင်္ကျီအနက်ကြီး ဖိုးရိုးဖားရားဝတ်ထားသော မြင်းစီးသမားသည် မစ္စတာကလပ်ရှေ့မှာ အပြင်းစိုင်းဝင်လာသည့် မြင်းပေါ်မှ ခုန်ဆင်းလျက် ရှိုရှိုကျိုးကျိုးရပ်လေ၏။ မစ္စတာကလပ် ချက်ချင်းမှတ်မိသွားသည်။ ဒေါသဖြင့် ပေါက်ကွဲလုဖြစ်နေရာမှ လေသံမာမာနှင့် မေးလိုက်၏။

"ဖားရွှေကျော်သူကြီး ဦးထွန်းလှပါလား။ ရေးကြီးသုတ်ပြာအထိတ်တလန့်နဲ့ မောင်မင်းဘာဖြစ်လာတာလဲ ပြောစမ်း"

သူကြီးဦးထွန်းလှက ချက်ချင်း စကားမပြောနိုင်သေး။ ဟောဟဲလိုက်အောင်မောနေသဖြင့် ရင်ဘတ်ကိုလက်နှင့်ဖိ၍ အမောဖြေလိုက်ပြီးမှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ‥

"ဒီ ‥ ဒီလို ‥ သ ‥ သခင်ကြီး ကျွန်တော်မျိုးအုပ်ချုပ်တဲ့ ကျေးရွာများက တောင်သူလယ်သမားတွေဟာ သခင်ကြီးတို့ ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်ဖို့ လျှို့ဝှက်ကြံစည်နေကြပါတယ်။ ဒီသတင်းကို ယုံကြည်စိတ်ချရတဲ့ ကျွန်တော်မျိုးရဲ့တပည့် သတင်းပေးတွေဆီက သိရတာပါ။ ဒါကြောင့် သခင်ကြီးအနေနဲ့ ကြိုတင်တားဆီး နှိမ်နင်းဖို့ အစီအစဉ်တွေလုပ်နိုင်အောင် အချိန်မီသတင်းလာပို့တာ ဖြစ်ပါတယ်ခင်ဗျာ"

"ဟား ‥ ဟား ‥ ဟား"

သူကြီးဦးထွန်းလှ၏စကားကြောင့် မျက်နှာဖြူအရေးပိုင်ကြီး မစ္စတာကလပ်နှင့် သူ၏မိတ်ဆွေစက်ရှင်တရား



www.burmeseclassic.com

www.burmeseclassic.com



သူကြီး မစ္စတာမာတင်ပါမပြုံးဘဲ ဝါးလုံးကွဲ ရယ်လိုက်ကြ၏။ စောစောက ဒေါသစိတ်တွေပင် သူကြီး၏ဟာသကြောင့် ပြေပျောက်သွားသည်။ မစ္စတာကလပ်က တင်းနစ်ရိုက်တံ(ရက်ကက်)မှာ ထိုးထားသည့်ကြိုးကလေးများ အစိပ်အကျဲအကွက်ညီစေရန် လက်ကပြုပြင်ရင်း ဦးထွန်းလှကိုမကြည့်ဘဲ ..

"သူကြီး .. မောင်မင်းတော်တော်ရယ်စရာပြောတတ်တာပဲနော် ဟုတ်စ"

သခင်အားရ ကျွန်ုပ်ါးဝသော ဖားရွှေကျော်သူကြီး ဦးထွန်းလှမှာ မျက်နှာလိုမျက်နှာရ သူပုန်သတင်းရလျှင်ရချင်း ဦးဦးဖျားဖျားလာပေးသည်ကို မဖွယ်မရာပြုခြင်းခံလိုက်ရသဖြင့် မနေတတ် မထိုင်တတ်ဖြစ်လျက် ..

"ကျွန်တော်မျိုး တကယ်ပြောတာပါ သခင်ကြီး၊ သူတို့တွေဟာ လျှို့ဝှက်အသင်းဖွဲ့ပြီး အသင်းဝင်တွေရဲ့ လက်မောင်းတို့ ပခုံးတို့မှာ ကိုယ်ခံဆေးတွေလည်း ထိုးနှံနေကြတယ်။ အင်းအိုင်ခါးလှည့်လက်ဖွဲ့စတဲ့ ဂမ္ဘီရအဆောင်တွေလည်း စီရင်နေကြတယ်။ ဘောင်းဘီပြာ၊ အင်္ကျီပြာတွေလည်း ချုပ်နေကြတယ်။ မကြာခင် သူတို့သူပုန်ထပြီး တော်လှန်ကြပါလိမ့်မယ်"

အရိပ်သုံးပါးနားမလည်ဘဲ စိတ်အနှောင့်အယှက်ဖြစ်အောင်လာလုပ်နေသည့် သူကြီးဦးထွန်းလှစကားကြောင့် အရေးပိုင်ကြီး မစ္စတာကလပ် မျက်မှောင်ကြုတ်သွားလျက် အံကိုပင်တင်းတင်းကြိတ်မိသည်ထိ ဒေါသဖြစ်သွားသည်။ သူ့နှုတ်မှလည်း လေသံမာမာဖြင့် ..

"ဒီမှာ သူကြီး၊ မောင်မင်းရူးနေသလားဟင်၊ ကျွန်ုပ် မင်းကိုအရူးထောင်ပို့ရလိမ့်မယ်ထင်တယ်"

"အ .. အထင်မလွဲပါနဲ့ သခင်ကြီး၊ ကျွန်တော်မျိုးရတဲ့သတင်းကို အမှန်အတိုင်းလာပို့တာပါ သခင်ကြီးရယ်"

"တော်စမ်းပါ .. လက်နက်ဆိုလို့လည်း ဘာမှမရှိတဲ့လူတွေ၊ အသိဉာဏ် ဗဟုသုတလည်း ရှိတဲ့လူတွေမဟုတ်ပါဘူး။ မောင်မင်းတို့ မြန်မာလယ်သမားတွေက ကျွန်ုပ်တို့အစိုးရကို တော်လှန်ပုန်ကန်မယ်ဆိုတာ ယုံကြည်စရာလား။ အေးဆေးဆေးဆေးပြန်စမ်းပါ သူကြီးရယ်"

မစ္စတာကလပ် စကားကိုဖြတ်၍ ချာခနဲလှည့်လိုက်၏။ လက်ထဲမှာဆုပ်ကိုင်ထားဆဲဖြစ်သောတင်းနစ်ဘောလုံးကို မြေပေါ်တစ်ချက် နှစ်ချက်တော့ပြီးမှ ကွင်းတစ်ဖက်ရှိ ကစားဖော်မစ္စတာမာတင်ဆီအသေအချာချိန်လျက် စပေးဘောရိုက်လိုက်သည်။

တင်းနစ်ဘောလုံးလေးက ပိုက်ကိုကျော်၍ အသင့်အနေအထားရှိနေသည့် မစ္စတာမာတင်ဆီ အရှိန်ပြင်းပြင်းဖြင့် ရောက်သွား၏။ မစ္စတာမာတင်ကလည်း ရိုက်ချက်ပြင်းပြင်းဖြင့် တန်ပြန်ရိုက်ထုတ်လိုက်သည်။

တင်းနစ်ဘောလုံးလေးသည် တစ်ဖက်မှ မစ္စတာမာတင်၏ တုံ့ပြန်ရိုက်ချက်ကြောင့် မစ္စတာကလပ်၏ ကွင်းထောင့်သို့ ပြန်ရောက်လာသဖြင့် မမီမကမ်းပြေးရိုက်ရာ အားလွန်၍ လက်ထဲမှ တင်းနစ်ဘက်တံ(ရက်ကတ်) လွတ်ထွက်သွားလေ၏။

မစ္စတာကလပ်၏ မျက်နှာကြီးမှာ ရှက်လွန်း၍ ရဲရဲနီသွားရာမှ လွတ်ကျ၍ လျှောထွက်သွားသည့်ဘတ်တံကို လိုက်ကောက်ရင်း ကွင်းစပ်မှာ ပေ၍ရပ်နေဆဲရှိသေးသည့် ဖားရွှေကျော်သူကြီး ဦးထွန်းလှကို မြင်သွားပြန်၏။

"အိုး .. မိုင်ဂေါ့၊ ဟေ့ .. သူကြီး မောင်မင်းမပြန်သေးဘူးလားဟင်"

အရေးပိုင်ကြီး မစ္စတာကလပ် ဒေါသဖြစ်လွန်းသဖြင့် ရှုံ့ရှုံ့ရှားရှားဖြစ်သွား၏။ ကျားပိန်တွယ်တွယ်လျက် ပေ၍ရပ်နေသော သူကြီးဦးထွန်းလှရှေ့မှာခါးကြီးထောက်ရပ်လိုက်၏။ မျက်လုံးစိမ်းတွေထဲမှာလည်းမီးဝင်းဝင်းတောက်နေ၏။

အရေးပိုင်ကြီးကိုကြည့်၍ သူကြီးကိုယ်တိုင်လည်း တုန်တုန်လှုပ်လှုပ်ဖြစ်သွားလျက် စကားလုံးတွေ ထစ်ထစ်ငေါ့ငေါ့ထွက်လာ၏။

"သ .. သခင်ကြီး၊ ကျွ .. ကျွန်တော်မျိုးရဲ့သတင်းကို"

"ဟေ့ .. မောင်မင်းစကားကို ဒီမှာတင် ရပ်လိုက်စမ်း၊ ဒီအချိန်ဟာ ကျွန်ုပ် စိတ်အေးလက်အေးအနားယူနေတဲ့အချိန်၊ ခုလို မောင်မင်းလာပြီး စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်တဲ့အတွက် ကျွန်ုပ်ကစားနေတာတောင် ရှုံးနေပြီ။ အင်မတန်လျှာရှည်တဲ့ မောင်မင်းကို ပုလိပ်လက်အပ်ပြီး ဂါတ်တဲမှာ ချုပ်နှိုင်းထားလိုက်မှနဲ့တူတယ် ဟုတ်လား"

"မ .. မလုပ်ပါနဲ့ .. သခင်ကြီးရယ်၊ သခင်ကြီး မပြောစေချင်ရင် ကျွန်တော်မျိုး မပြောတော့ပါဘူး။ ပြန်ပါတော့မယ် ခင်ဗျာ"

ရှုံးမဲမဲလိုက်သည့် မစ္စတာကလပ်



www.burmeseclassic.com

www.burmeseclassic.com



၏ ခြိမ်းခြောက်မှုကြောင့် သူကြီးဦး ထွန်းလှ မျက်နှာမရခြေထောက်ရဖြင့် ကြံရာမရတော့ဘဲ စိတ်ပျက်လက်ပျက် နှင့် ကျောခိုင်းလျက် မြင်းပေါ်ကိုမတက် ချင်တက်ချင် လှမ်းတက်လိုက်၏။

ထို့နောက် သာယာဝတီမြို့၏ အရှေ့ဘက်ရှိ သူအုပ်ချုပ်သော ဖားရွေ ကျော်ရွာဆီ မြင်းကိုဦးတည်လိုက်လေ သည်။ သူ၏အသိစိတ်တွင် ဗြိတိသျှ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံ ရပ်နိုင်သည့် မျိုးချစ်လယ်သမား သူပုန် ဂဠုန်တပ်သားတို့၏ အောင်စည်အောင် မောင်းသံများနှင့် အောင်လံဝင့်သံ တဖျတ်ဖျတ်ကို ကြားယောင်မြင်ယောင် လိုက်မိလေ၏။

+++

ကံရေး ။။

ကံရေးတို့ရွာက ဟင်္သာတမြို့ အပိုင်ထဲမှာ။ ရွာနာမည်က သဲဖြူ သောင်။ ရွာလယ်မှာ ကံရေးတို့မိသားစု နေသည့်အိမ်ရှိသည်။ အိမ်မှာ သက် ကယ်မိုးဖြစ်သော်လည်း ပျဉ်ခင်းပျဉ်ကာ ခြေတံရှည်အိမ်။ ရေနံချေးဝနေသဖြင့် အိမ်မှာမည်းနက်၏။ သည်အိမ်ကလေး ကို ကံရေးတို့အဖေ သက်ရှိထင်ရှား ရှိစဉ် စီးပွားရေးအသင့်အတင့်ပြေလည် စဉ်က ဆောက်ထားခဲ့ခြင်းပါ။

ခုတော့ အဖေက မရှိတော့။ လွန်ခဲ့သည့် ၅ နှစ်ခန့်က ပိုးထိ၍ဆုံး သွားခဲ့သည်။ ကံရေးမိခင် ဒေါ်မြမေမှာ သားအကြီးကံရေးနှင့် သမီးအငယ်ခင်မေ မည်သော လူမမည်ကလေးနှစ်ယောက် နှင့် ကျန်ရစ်သည်။

ထမင်းတစ်လုတ်အတွက် ရုန်း ကြကန်ကြရင်ဆိုင်ကြရခြင်းဖြင့် မုဆိုးမ မိသားစု မငတ်ရုံတစ်မည် ဘဝရှင် သန်ရေးအတွက် ခက်ခဲပင်ပန်းစွာဖြတ် သန်းကြရ၏။

မတတ်သာသည့်အဆုံးရှိသမျှ လယ်မြေများကို ရောင်းချစား၍ အသက်ဆက်ကြသည်။ နှစ်နှစ်ခန့်ကြာ သောအခါ ကံရေးတို့မိသားစု လက်ထဲ တွင် မြေဆိုလို့ တစ်လက်မပင်မကျန် တော့အောင်ပင်။

သည်တုန်းက ကံရေး ၁၆ နှစ်။ သူ့အောက်အငယ် မခင်မေက ၁၄ နှစ် သမီး။ လူပျိုပေါက် အပျိုပေါက်အရွယ် တွေ သူတို့မောင်နှမက အငြိမ်နေတတ် သူများမဟုတ်သဖြင့် တော်သေးသည်။ စားဝတ်နေရေးအတွက် ခင်မေက ကန် သင်းကြိုကန်သင်းကြား ရသမျှ ဟင်း ရွက်ကန်းစွန်းရွက်ခူး၍ လည်ရောင်း သည်။ ကံရေးက ချောင်းကြိုမြောင်း ကြား ငါးရှာဖားရှာ၍ ဟင်းစားပိုလျှင် ရောင်း၍ ဆန်ဖိုးဆီဖိုးသုံးသည်။

ပြီး ဖခင်ကြီးရှိစဉ်က လယ်ပိုင် မြေပိုင်နှင့်နေခဲ့သူ ပီပီ။ ဖုန်ဆိုးမြေကို ခုတ်ထွင်ရှင်းလင်း၍ လယ်တည်သည်။ သုံးနှစ်ခန့်အတွင်း ကံရေး၏ ကံ၊ ဉာဏ်၊ ဝီရိယကြောင့် လယ် ၁၀ ဧက ပိုင်ခဲ့သည်။ လက်ဖဝါးခြေဖဝါးသာရှိ ၍ ငွေရင်းမရှိသော ကံရေးအဖို့ စိုက် ပျိုးစရိတ်တော့ အတိုးနှင့်ချေးရသည်။ လယ်က ဖုန်ဆိုးမြေရိုင်းကို ခုတ်ထွင် ရှင်းလင်း၍ တည်ထားရသောကြောင့် မြေဩဇာက မကောင်းလှ။ အထွက် နည်းသည်။ ဝမ်းစာစပါးအဖြစ် ပိုလျှံ သည်ဟူ၍ သိပ်မရှိလှ။ ချေးထားသည့် ငွေကို တစ်နှစ်က နှစ်နှစ်၊ နှစ်နှစ်က သုံးနှစ်ထိ မဆပ်နိုင်သဖြင့် အတိုးပေါ် အတိုးဆင့်၍ နှစ်ထပ်တိုးတွေ တရိပ်ရိပ် တက်လာသည်။ လူကသာ အိပ်သည်။ အတိုးကမအိပ်။ ထိုင်နေရင်အကောင်း သား ထသွားမှကျိုးမှန်းသိသည့် ဘဝ သို့ ရောက်၍ လှော်ရင်းနစ်ရသည်။

ပို၍ဆိုးသည်က သည်နှစ် ။။ ၁၂၉၂ ခုနှစ်သည် လယ်သမားတို့ ဒုက္ခ အရောက်ဆုံးနှစ်ပင်။ သည်ကြားထဲ အစိုးရက မြေခွန်၊ လူခွန်၊ သဿမေဓ အခွန်၊ သစ်တောခွန် စသည်ဖြင့် မတရားကောက်ခံနေသဖြင့် ကံရေး အဖို့ ဖွတ်တက်သည်ထက် ညစ်နေရ၏။ သည်နှစ်လည်း ချေးထားသည့်ငွေကို ဆပ်နိုင်ဖို့နေနေသာသာ အတိုးပင် သတ်နိုင်မည်မဟုတ်သဖြင့် အတိုးပေါ် အတိုးဆင့်ဦးတော့မည်မို့ ကံရေးတစ် ယောက်တွေးမိတိုင်း ရင်မအေးစရာ ဖြစ်လျက်ရှိ၏။

အကယ်၍ ကြွေးရှင်ချစ်တီး ကုလားဘာဘူလေးလာလျှင် မည်သို့ မျက်နှာပြရမည်ကိုပင် မစဉ်းစားဝံ့ပါ လား။

+++

ဆည်းဆာရောင်တောက်ပနေ သည့် ညနေခင်း ။။

ရွာဦးကျောင်း ပရိဝုဏ်ထဲတွင် တည်ထားသည့် ထုံးသင်္ကန်းဖွေးဖွေး ဖြင့် ကိုးတောင်ပြည့်စေတီကလေးထံမှ ဆည်းလည်းသံလွင်လွင်က ဝန်းကျင်ကို ဓမ္မတေးသံဖြန့်ဝေနေသလိုပင်။ ကံရေး က ဘုရားခြေတော်ရင်းရှိ ဒေါက်ရေ ကန်ပေါင်တွင် ထိုင်ငေးနေ၏။ တစ် ယောက်ယောက်ကို စောင့်နေမှန်းရိပ်မိ သည့် ရေခပ်လာသူ သဲဖြူသောင်ရွာ သူများက ကွက်ကြည့် ကွက်ကြည့်လုပ်



www.burmeseclassic.com

www.burmeseclassic.com



၍ ပြုံးကြသည်။ ကံရေးကတော့ မသိရှာ။ သူ့စိတ်ကူးနှင့်သူ မြေစိုင်ခဲကလေးတစ်လုံးကို ကောက်ယူ၍ ကြာတွေဖူးပွင့်နေသည့် သောက်ရေကန်အတွင်းသို့ ပစ်လိုက်သည်။ ငြိမ်သက်နေသည့် ကန်ရေပြင်သည် ကံရေး၏ ခဲပစ်ချက်ကြောင့် ဂယက်ဝိုင်းထလျက် လှုပ်သွားသည်။ ရောင်စုံကြာပွင့်ကလေးများပင် အယိမ်းယိမ်းအယိုင်ယိုင် ..

ထိုအချိန်မှာပင် မြရီရောက်လာသည်။ မြရီက ကံရေးဘေးမှာ ဝင်ထိုင်လိုက်၏။ နှုတ်မှလည်း ..

"အစ်ကို .. စောင့်နေရတာကြာပြီလား"

ကံရေးက ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။ မြရီထံမှ သနပ်ခါးနံ့သင်းသင်းကြောင့် ရင်အမောပြေသွား၏။ နှုတ်မှမူ စကားမဆိုဖြစ်သေး။

"ဘာလဲ .. မြရီရောက်တာနောက်ကျလို့ စိတ်ကောက်နေတယ်ပေါ့လေ။ ကဲ .. ပြောစမ်းပါဦး၊ ဟုတ်လား .. မဟုတ်ဘူးလား"

"မဟုတ်ပါဘူး မြရီရယ်၊ ဟိုအကြောင်း ဒီအကြောင်းတွေ တွေးနေမိလို့၊ မြရီကို ရုတ်တရက်စကားပြန်မပြောမိတာပါ။ အဲဒီ အစ်ကိုတွေးနေတဲ့ ဟိုအကြောင်း ဒီအကြောင်းတွေထဲမှာ မြရီအကြောင်းလည်းပါတာပေါ့နော်။ ဟုတ်လား .. အစ်ကို"

ကံရေးက သက်မောတစ်ခုကို ချိုး၍ ရှိုက်လိုက်သည်။

မြရီကို နှစ်သိမ့်ပေးလိုဟန်ဖြင့်လည်း လိုက်လိုက်လျောလျော စကားဆိုသည်။

"မြရီအကြောင်းက အဓိကပေါ့ကွယ်"

"ဟုတ်လား .. ဝမ်းသာလိုက်တာ အစ်ကိုရာ၊ မြရီက အစ်ကို မြရီကို တကယ်ချစ်တာမှဟုတ်ရဲ့လားလို့ တွေးပြီး ပူနေတာရှင့်။ အခုလို မြရီအကြောင်းကို အစ်ကိုတွေးနေတယ်ဆိုတော့ အစ်ကို မြရီကို တကယ်ချစ်တယ်ဆိုတာ ယုံသွားပြီ"

မြရီက ကံရေးလက်မောင်းတစ်ဖက်ကို သူ့လက်အစုံဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ကလေးတစ်ယောက်လို ကန္တဲ့ကလျ ဆိုသည်။ ကံရေးက အပြစ်ကင်းစင်သည့် ချစ်သူအား သနားသွား၏။ တကယ်ဆိုလျှင် သူ့ခေါင်းထဲမှာ လောလောဆယ်အားဖြင့် မြရီအတွက်နေရာများများမပေးနိုင်သေး။ သူ့ဘဝက အခက်အခဲတွေကြားမှာ ရုန်းကန်နေရသောကြောင့် နှလုံးသားရေးကို ဦးစားမပေးနိုင်သည့် ဘဝ။ အမေနှင့်ညီမလေးကလွဲလျှင် သူအချစ်ရဆုံးမှာ မြရီဖြစ်သော်လည်း နီးစပ်ဖို့ အချိန်အခါစောင့်ရဦးမည်ဟု ဦးနှောက်က သူ့ကိုသတိပေးနေ၏။

မြရီကို သူပိုင်ဆိုင်ရချိန်တွင် ကြွေးမြီကင်းစင်သော မြေပိုင်ယာပိုင်တစ်ယောက်အနေဖြင့် တင့်တောင့်တင့်တယ်ထားချင်သည့်ဆန္ဒက ရင်နှင့်အပြည့်။ လက်ရှိသူ့ဘဝနှင့်တော့ မြရီလို မြေပိုင်ရှင်ကြီးတစ်ယောက်၏ တစ်ဦးတည်းသော သမီး၊ ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်နှင့် မထိုက်တန်သေးဟု





www.burmeseclassic.com

www.burmeseclassic.com



ယူဆသည်။

"အစ်ကို"

မြရီက သူ့ပခုံးကို တိုက်လိုက်သဖြင့် အနည်းငယ်ယိုင်သွားသည်။ သည်တော့မှပင် ကံရေးအတွေးလွန်နေရာမှ ရုန်းထွက်ရသည်။

"ဟာ ‥ မြရီ ‥ ဘာလဲဟ ‥ ပြောစရာရှိရင် ပြောလေ"

မြရီက နှုတ်ခမ်းစူသည်။ မျက်စောင်းလည်းထိုးလိုက်သေး၏။ ပြီးမှ –

"မြရီခေါ်နေတာ ဘယ်နှစ်ခွန်းရှိပြီလဲ။ ဘာတွေ တွေးနေပြန်ပြီလဲဟင်"

"အာ ‥ ဘာ ‥ ဘာမှမဟုတ်ပါဘူး မြရီရယ်"

ကံရေးပျာပျာသလဲ ငြင်းသည်။ မြရီက မကျေနပ်။

"ကဲ ‥ ထားပါတော့၊ ဘာမှမဟုတ်ပါဘူးဆိုရင်လည်း ဟုတ်အောင်တွေးတော့လေ။ မြရီ အစ်ကိုနဲ့အတူနေချင်ပြီ"

သည်တစ်ခါတော့ ကံရေးက သက်မောကို သိသိသာသာပင် ရှိုက်သည်။ သူကိုယ်တိုင်ကလည်း မြရီနှင့်အတူနေချင်သည်ပင်။ သို့သော် အဖက်ဖက်က အပြန်အလှန်တွေးပြီး မဖြစ်နိုင်သေးမှန်းသိနေသဖြင့် သူက အင်းမလုပ်အဲမလုပ် လုပ်နေရခြင်းဖြစ်၏။ ကံရေးနှုတ်ဆိတ်နေသဖြင့် အားမလိုအားမရဖြစ်နေသော မြရီကပင် ဆက်ပြောသည်။

"အစ်ကို့အနေနဲ့ မြရီကိုကြေးရတက် မြေပိုင်ရှင်ကြီးရဲ့ တစ်ဦးတည်းသမီးမို့ လက်ထပ်ဖို့မပြောရဲဘူးဆိုရင်လည်း မပြောပါနဲ့လေ။ မြရီ အစ်ကို့နောက်ကို ခိုးရာလိုက်မယ်"

မြရီက ပြောရင်းအသံတွေတုန်လာ၏။ ချစ်သူနှစ်ဦး၏ ဘဝက မိုးနှင့်မြေပမာ ကွာနေခြင်းအတွက် ဝမ်းနည်းနေရှာသည်ထင်၏။ ကံရေးက မြရီလက်ကလေးကို တယုတယဆုပ်ကိုင်လိုက်သည်။ ကြေကွဲနေရှာသည့် မြရီမျက်ဝန်းမှ မျက်ရည်စကို တယုတယတို့သုတ်ပေး၏။

ချစ်သူကို အစွမ်းကုန်လိုက်လျောသည့် အချစ်ဖြင့် အနစ်နာခံ၍ ချစ်ရှာသော မြရီကို သနားသွားသည်။

"ခဏတော့ သည်းခံလိုက်ပါဦး မြရီရယ်။ ဒီနှစ်တစ်နှစ်တည်းပါ။ ဒီနှစ်က တို့လယ်သမားတွေအတွက် စပါးဈေးတွေအရမ်းထိုးကျနေလို့ လယ်သမားတိုင်းအဆင်မပြေကြတာ မြရီလည်း သိတဲ့အတိုင်းပဲလေ။ အဲဒီတော့ နောင်နှစ်စပါးပေါ်ချိန်မှာ အစ်ကိုမြရီကို တင်တောင်းနိုင်အောင် ကြိုးစားပါ့မယ်"

"တကယ်လို့ အဲဒီလိုမှ မဖြစ်နိုင်ဘူးဆိုရင်လည်း ဘယ်ဘဝပဲရောက်ရောက် မြရီနဲ့အစ်ကို ရွာကထွက်ပြေးကြတာပေါ့ကွယ်နော်။ အစ်ကို့ဦးလေးကိုကံရဆိုတာ သာယာဝတီနယ်ထဲက ဖားရွှေကျော်ဆိုတဲ့ရွာမှာ လယ်ပိုင်ယာပိုင် နွားပိုင်လှည်းပိုင်နဲ့ ချောင်ချောင်လည်လည်နေနိုင်တယ်လို့ သိရတယ်။ အဲဒီကိုသွားပြီး တို့တွေ လုပ်ကိုင်စားကြတာပေါ့ကွယ်။ ဘယ့်နှယ့်လဲ မြရီ"

မြရီ၏အငိုမျက်နှာလေးက အပြုံးကလေး ဝေ့သီလာ၏။ ရွာဦးကျောင်းကန်ရေပြင်ကို ရှပ်တိုက်လာသည့် ဆည်းဆာလေက အေးမြပါ၏။ သူတို့ရင်ထဲမှာလည်း တဒင်္ဂအပျော်များ ပျော်ဝင်နေလျက်ပါပဲလေ။

+++

ရွာထိပ်ဆီမှ ခွေးဟောင်သံများကြားသည်။

ညဥ့်နက်သန်းခေါင်မဟုတ်ပါဘဲ နေ့ခင်းကြောင်တောင် စူးစူးဝါးဝါးဟောင်နေသည့် ခွေးဟောင်သံက နွားစာစဥ်းနေသည့် ကံရေးအဖို့ ထူးဆန်းနေသလိုပင်။ ပြီးတော့ လူသံတွေလည်း သဲ့သဲ့ကြားရသေး၏။ ကံရေးက နွားစာစဥ်းနေသည်ကိုရပ်၍ ဓားကို စဥ်းတီတုံးပေါ်တင်ထားခဲ့လျက် ထရပ်လိုက်သည်။

ကံရေးအမေ ဒေါ်မြမေက ကောင်းကောင်းနေမကောင်းသဖြင့် အိပ်ရာထဲမှာ လှဲနေသည်။ ညီမဖြစ်သူခင်မေက ထမင်းဟင်းချက်နေ၏။ ခွေးဟောင်သံတွေက ရပ်သွားလိုက် ပြန်ဟောင်လိုက်ဖြင့် ကံရေးတို့နေသည့် ရွာလယ်ပိုင်းနှင့် တစ်စစ နီးလာ၏။ ကံရေးက ခြံဝထွက်ရပ်၍ ခွေးဟောင်သံကြားရာဆီ မျှော်ကြည့်သည်။

သူမြင်လိုက်ရသည်က သူရင်ဆိုင်ရန်မဝံ့ရဲသော ကြေးရှင်ချစ်တီးကုလားဘာဘူလေးနှင့် လက်နက်ကိုင်ပုလိပ်သားများ။ သူတို့နှင့်အတူ ကံရေးတို့သဲဖြူသောင်သူကြီး ဦးမြဘူးသာမက သူ့နောက်တွင် နွားဆွဲလာသူများလည်း ပါသည်။ သိမ်းယူလာသည့် ပစ္စည်းပစ္စယတွေတင်၍ မောင်းလာသည့် လှည်းတွေလည်း ပါသေးသဖြင့် ရှင်လောင်းလှည့်လာသကဲ့သို့ပင်။

စာမျက်နှာ ၁၄၅ သို့



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



□

တယ်လီဖုန်းမှ အသံမြည်လာသောကြောင့် ဦးသက်ဝေသည် တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ဟလို ... ဖုန်းနံပါတ် ၅၄ ... ပါလားခင်ဗျာ"

တစ်ဖက်မှ ပြောလာသောကြောင့် ဦးသက်ဝေက "ဟုတ်ပါတယ်၊ ဘယ်ကပါလဲ၊ ဘယ်သူနဲ့ပြောချင်ပါသလဲ"ဟု မေးလိုက်သည်။

"ဦးသက်ဝေနဲ့ ပြောချင်ပါတယ်"

တစ်ဖက်မှအသံ။

"ဦးသက်ဝေဟာ ... အန်ကယ်ပါ၊ ပြောပါ၊ ဘယ်သူပါလဲ၊ ဘာပြောချင်သလဲ"

ဦးသက်ဝေသည် အသံမှန်မှန်ဖြင့် ပြောလိုက်သည်။

"ကျွန်တော် ... မြို့နယ်ရဲစခန်းက ရဲအရာရှိ တင်ထွန်းပါခင်ဗျာ၊ ကျွန်တော် သိချင်တာတစ်ခုရှိလို့ပါ၊ အန်ကယ် ဦးသက်ဝေရဲ့အသိထဲမှာ .. ဦးတင့်ဝေဆိုတာရှိပါသလား"

ရဲစခန်းက မေးသည်ဆိုကတည်းက ပြဿနာတစ်ခုခုတော့ ရှိလာပြီကို ဦးသက်ဝေ ချက်ချင်းသိလိုက်သည်။

"တင့်ဝေ ... တင့်ဝေ အန်ကယ်ရဲ့ရှီးရှီးအသိမဟုတ်ဘူး၊ ကျောင်းနေဖက်ငယ်သူငယ်ချင်း .. ဟိုး .. ဆယ်တန်းအထိ ကျောင်းအတူတူ နေလာတဲ့ ငယ်သူငယ်ချင်း ... ဒီကောင်ဘာဖြစ်လို့လဲ"

ဦးသက်ဝေသည် ပုံမှန်အသံဖြင့် မေးလိုက်သည်။

"ဦးတင့်ဝေရဲ့အလောင်းကို ... ချောင်းထဲမှာတွေ့လို့ ကျွန်တော်တို့ စုံစမ်း စစ်ဆေးမှု ပြုလုပ်နေရပါတယ် အန်ကယ်၊ ရှီးရှီးသေတာလား ... သူ့ကိုယ်သူသတ်သေတာလား၊ ဒါမှမဟုတ် အသတ်ခံရလားဆိုတာ ကျွန်တော်တို့ စုံစမ်းမှုပြုလုပ်နေရလို့ပါ"

တစ်ဖက်မှပြောသည်။

"စုံစမ်းရင်း ... သူ့အိမ်က တယ်လီဖုန်းနံပါတ်နဲ့ အမည်ကိုတွေ့လို့ တူမောင်တို့က ... အန်ကယ့်ဆီဆက်တာပေါ့ ... ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီကောင်သေတာ ... အခု တူမောင်ပြောမှ အန်ကယ်သိရတယ်၊ အန်ကယ့်တယ်လီဖုန်းနံပါတ်ကို ဟိုး .. လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က အန်ကယ် သူ့အိမ်ရောက်တုန်းကပေးခဲ့တယ်၊ အန်ကယ်လည်း အဲဒီတော့မှ ဖုန်းရတာကို၊ သူနဲ့ အန်ကယ် ပြန်ဆုံတာလည်း နှစ်နှစ်လောက်ပဲ ရှိသေးတယ်ကွဲ၊ တူမောင် ... ဘာတွေ သိချင်သလဲ၊ အန်ကယ့်ကိုမေးနိုင်တယ်၊ အဲနေဦး၊ တယ်လီဖုန်းက ပြောလို့မဖြစ်တာတွေ ရှိနိုင်တယ်၊ အဲဒီတော့ ... အန်ကယ် တူမောင့်ထံလာရမလား၊ တူမောင်တို့ ရဲစခန်းကို"

"အန်ကယ့်ကို အားနာတယ်"

"အားမနာနဲ့ ... အချိန်ဟာ သိပ်အရေးကြီးတယ်၊ တူမောင်တို့ရဲ့စခန်းဟာ အန်ကယ့်အိမ်နဲ့ သိပ်မဝေးပါဘူး၊ အန်ကယ်က ... လမ်း၊ အိမ်အမှတ်(...)၊ ... ရပ်ကွက်၊ မြောက်ဒဂုံမှာနေတယ်၊ အန်ကယ် အခုပဲလာခဲ့မယ်၊ တူမောင့်နာမည် ဦးတင်ထွန်းနော်၊ နောက် ... နာရီဝက်ဆိုရင် အန်ကယ်ရောက်လာမယ်"

"ဝမ်းသာပါတယ်.. အန်ကယ်၊ ကျွန်တော်ရှိပါတယ် ခင်ဗျာ၊ အန်ကယ် ကြွခဲ့ပါ"

သို့နှင့် ဦးသက်ဝေသည် ရဲစခန်းသို့ ရောက်သွားပြီး ရဲအရာရှိ ဦးထွန်းတင်နှင့် တွေ့သည်။

ဦးတင်ထွန်း၏အခန်းထဲတွင် ဦးသက်ဝေနှင့် ဦးတင်ထွန်းတို့နှစ်ယောက်ထဲ။



www.burmeseclassic.com

www.burmeseclassic.com



"တင့်ဝေရဲ့အလောင်းကို ချောင်းထဲမှာတွေ့တယ်ဆိုတော့ . . . အန်ကယ့်အမြင်ပြောရရင် ဒီကောင်ဟာ သူ့ကိုယ်သူ သတ်သေတာမဖြစ်နိုင်ဘူးလို့ အန်ကယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကောင်ဟာ ရေကူးတတ်တယ်၊ သူနဲ့ အန်ကယ်ဟာ ကန်တော်ကြီးတို့ အင်းလျားတို့မှာရေပြိုင်ကူးနေကျ၊ အန်ကယ်တို့က ရန်ကုန်သားတွေ"

"ဒီအချက်ဟာ . . အရေးကြီးပါတယ် အန်ကယ်"

"အန်ကယ်တို့နှစ်ယောက်ဟာ ဆယ်တန်းတစ်နှစ်ထဲအောင်ကြတယ်၊ အန်ကယ်က ရန်ကုန်တက္ကသိုလ်ဆက်တက်တယ်၊ သူကတော့ . . . ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့မှာ အောက်တန်းစာရေးဝင်လုပ်တယ်၊ ဘွဲ့ရတော့ အန်ကယ်အုပ်ချုပ်ရေးဌာနမှာ အရာရှိငယ်အလုပ်ရတယ်၊ သူနဲ့ အန်ကယ် အဲဒီကထဲက လူချင်းကွဲသွားတာ၊ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကျော်ကမှ ဒီမြို့သစ်မှာ . . . ပြန်ဆုံတယ်၊ ရပ်ကွက်ချင်းတော့ မတူဘူး၊ သူ့ဆီကို အန်ကယ် တစ်လတစ်ခါရောက်တယ်၊ သူက . . အန်ကယ့်ထံ သိပ်မလာနိုင်ဘူး၊ သုံးလေးလမှတစ်ခေါက်လာတယ်၊ သူ့ မိန်းမက ကျန်းမာရေးမကောင်းလို့"

"သူ့မှာ . . . သားသမီး မရှိဘူးလား"

"မရှိဘူး . . . အန်ကယ်တို့ပြန်ဆုံတော့မှ အန်ကယ်သိရတယ်"

"သူ့စီးပွားရေးအခြေအနေကိုရော အန်ကယ် သိပါသလား"

ရဲအရာရှိက မေးသည်။

"အခု . . . သူနေတဲ့အိမ်ဟာ ဌာနဆိုင်ရာကပေးတဲ့ မြေကွက်မှာ ဆောက်ထားတဲ့ သူ့အိမ်ပိုင်ဆိုတာ သိရတယ်၊ ပြီးတော့ . . . သူဟာ တက္ကစီကားတစ်စီး ထောင်ထားတယ်၊ ငွေကြေးအဆင်ပြေပုံရတယ်"

"သူ့ဝါသနာကရော"

"ငယ်စဉ်တုန်းကတော့ . . . သူဟာ စာ သိပ်ကြိုးစားတယ်၊ ရေကူး ဝါသနာပါတယ်၊ အဲ . . . အန်ကယ်တို့ ပင်စင်ယူပြီး ပြန်ဆုံတော့ သူ့ဝါသနာကို အန်ကယ် သတိပြုမိတယ်၊ သူဟာ ထီထိုးသိပ်ဝါသနာပါနေတယ်၊ ယနေ့ အချို့လူတွေ ခိုးကြောင်ခိုးဝှက်ကစားနေတဲ့ထီပေါ့၊ အန်ကယ့်ကိုလည်း သူက ဆွယ်သေးတယ်၊ အန်ကယ်က 'ငါ ဝါသနာမပါဘူး၊ မင်းလည်း ဒါတွေမလုပ်နဲ့ကွာလို့ . . အန်ကယ် သူ့ကိုပြောတယ်၊ မရဘူး . . . အန်ကယ် မနက်စောစော သူ့အိမ်ရောက်ရင် သူက . . . အိပ်တုန်း၊ သူ့မိန်းမက (အဲဒီတုန်းက သူ့မိန်းမ မသေသေးဘူး) 'ရှင့်သူငယ်ချင်း ညက တစ်ညလုံးမအိပ်ဘဲ . . . ဂဏန်းတွေ တွက်နေလို့ မနက်နှစ်နာရီလောက်မှ အိပ်ရာဝင်တယ်၊ ဒါ သူ့အကျင့်ဖြစ်နေပြီလို့ ပြောတယ်၊ သူက . . . မနက်ကိုးနာရီလောက်မှ အိပ်ရာကထတယ်လို့ အန်ကယ်သိရတယ်"

"သူ . . . ဒါတွေ ဝါသနာပါတာ၊ အခု အန်ကယ်ပြောမှသိရတယ်၊ သူ့အလောင်းကိုတွေ့ပြီး . . . သူ့အိမ် သူ့အိပ်ခန်းတွေကိုရှာတော့ အဲဒီ . . . တရားမဝင်ထီနဲ့ ပတ်သက်တဲ့ စာရွက်စာတန်းတွေ . . . မှတ်စုတွေ ဘာမှမတွေ့ရဘူး၊ ကံကောင်းထောက်မလို့ အန်ကယ် သူ့ကိုပေးထားတဲ့ အန်ကယ့်တယ်လီဖုန်းနံပါတ်ကို အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်ကြားထဲမှာ ရခဲ့တယ်"

"အန်ကယ့်အထင်ပြောရရင် . . သူ့အိမ်သူကများ အဲဒီ တရားမဝင်လောင်းကစားစာရွက်တွေ . . မှတ်စုစာ

ရွှေမြဟာ ဦးတင့်ဝေနဲ့ မစိန်မြညားပြီးမှ ဦးတင့်ဝေရဲ့တက္ကစီကို မောင်းသူပါ၊

အရင်တက္ကစီမောင်းသူကိုတော့ မစိန်မြင့်က ပြောလို့ ဦးတင့်ဝေက မမောင်းခိုင်းတော့ဘဲ

ရွှေမြကို မောင်းခိုင်းတယ်၊ ရွှေမြနဲ့ မစိန်မြင့်တို့ဟာ

မစိန်မြင့်အရင်နေခဲ့တဲ့ မြို့နယ်မှာကတည်းက ဇာတ်လမ်းရှိခဲ့ကြတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အုပ်တွေကို ဖျောက်ဖျက်ပစ်လိုက်လားမှ မသိတာ''

ဦးသက်ဝေက ပြောသည်။

''အခု ‥ သူ့မိန်းမ မစိန်မြင့်ကို အန်ကယ် မြင်ဖူးပါသလား''

ရဲအရာရှိက မေးသည်။

''သူ့အရင် … အိမ်ထောင်ရှင်မ သေတော့ အန်ကယ် သူ့ဆီရောက်တယ်၊ ခုနစ်ရက်လုံးလုံး ညနေဘက် ရောက်တယ်၊ အဲဒီမှာ … အခု သူယူထားတဲ့ မစိန်မြင့်ဆိုသူဟာ အသုဘလာမေးသူတွေကို ဧည့်ခံနေတာ တွေ့ရတယ်၊ အန်ကယ်က … စပ်စုကြည့်တော့ တင့်ဝေက ငါ့မိန်းမနေမကောင်းတာ သူပဲ ကူညီပြုစုတယ်တဲ့၊ ငါ့မိန်းမနဲ့လည်း သိပ်ခင်တယ်တဲ့၊ ဈေးထဲမှာ ဟင်းရွက်ရောင်းတယ်တဲ့၊ သူ့ကိုပဲ ကူညီခိုင်းရတယ်ကွာလို့ အန်ကယ့်ကို ပြောဖူးတယ်၊ နောက် ‥ ခြောက်လလောက် ကြာတော့ ဒီကောင် အန်ကယ့်ဆီဖုန်းဆက်တယ်၊ ငါ ‥ နောက်အိမ်ထောင် ပြုလိုက်ပြီကွာ၊ ငါတစ်ယောက်ထဲဆိုတော့ ငါ့ကို ပြုစုမည့်သူလိုတယ်မဟုတ်လားလို့ ပြောတယ်၊ မင်း ဘယ်သူနဲ့ ပြုတာလဲလို့မေးတော့ ‥ ငါ့အရင်မိန်းမ နာမကျန်းဖြစ်စဉ်က ပြုစုတဲ့သူနဲ့ပါလို့ ဖြေတယ်''

''အမျိုးသမီးက သူ့ထက်အသက် နှစ်ဆယ်လောက် ငယ်တယ်အန်ကယ်၊ ကျွန်တော်တို့ သူ့ကိုစစ်ဆေးပြီးပြီ''

''အန်ကယ်နဲ့ … တင့်ဝေက အသက်အတူတူပဲ၊ ကွာလှရင် လေးငါးလပေါ့၊ သူက အန်ကယ့်ထက် လေးလလောက်ကြီးတယ်၊ အန်ကယ်က အခု အသက်ခြောက်ဆယ့်လေးဆိုတော့ သူလည်း … အဲဒီအရွယ်ပဲ''

''ဦးတင့်ဝေ … နောက်ယူတဲ့ အမျိုးသမီးကို အန်ကယ် ဘယ်လိုမြင်ပါသလဲ''

''သူက … ငါ ‥ နောက်အိမ်ထောင်ပြုလိုက်ပြီကွာလို့ ဖုန်းဆက်ပြီး သုံးလေးရက်အကြာမှာ … အန်ကယ် မနက်ကိုးနာရီလောက်မှာ သူ့ဆီ … ရောက်သွားတယ်။ သူက သူ့နောက်အိမ်ထောင် မစိန်မြင့်နဲ့ မိတ်ဆက်ပေးတယ်၊ အန်ကယ့်အမြင်ပြောရရင် မစိန်မြင့်ဟာ အပြောအဆိုသွက်တယ်၊ ရုပ်ကတော့ … ရွက်ကြမ်းရေကြိုပဲ၊ ကိုယ်လုံးကိုယ်ထည်ကတော့ ဖွံ့တယ်၊ အန်ကယ်လည်း စိတ်ထဲက ခြော် … ဒီကောင် ဒါ့ကြောင့် ယူတာကိုးလို့ ပြောမိတယ်၊ ဧည့်ခန်းထဲမှာ သူနဲ့ အန်ကယ် နှစ်ယောက်ထဲရှိတုန်း အန်ကယ်က 'ဟေ့ကောင် … မင်း ပိန်သွားတယ်၊ ကျန်းမာရေးဂရုစိုက်ဦးလို့ ပြောတော့'၊ 'ငါ … နေကောင်းတယ်ကွာ'လို့ ပြန်ပြောတယ်၊ ဒါနဲ့ အန်ကယ်က 'မင်း နှစ်လုံး သုံးလုံး အလုပ်တွေ လုပ်တုန်းပဲလား'လို့ မေးတော့ 'အနည်းအကျဉ်းပါကွာ'လို့ ပြောတယ်၊ အဲဒီအချိန်မှာ အိမ်ရှေ့ကို လူတစ်ယောက် ရောက်လာတယ်၊ အိမ်ထဲက … သူ့မိန်းမ မစိန်မြင့်က ပြေးထွက်လာပြီး ပြာပြာသလဲနဲ့ 'ဆရာကြီး … ကြွပါ'လို့ ပြောပြီး ဧည့်ခန်းထဲခေါ်လာတယ်၊ တင့်ဝေကလည်း ထိုင်ရာက ခပ်သွက်သွက်ထပြီး 'ဆရာကြီး ကြွပါ'လို့ ပြောတယ်၊ သူတို့ပြောတဲ့ ဆရာကြီးဆိုသူဟာ ခေါင်းမှာ အညိုရောင်အဝတ်ကိုပေါင်းထားတယ်၊ အင်္ကျီကတော့ အဖြူရောင်ခပ်နွမ်းနွမ်း၊ လုံချည်ကလည်း အညိုရောင်ခပ်နွမ်းနွမ်းပဲ၊ တင့်ဝေက 'သူငယ်ချင်း ‥ ဘိုးတော်ကြွလာပြီ ‥ မင်း ဒီဘက်မှာပြောင်းထိုင်ပေးပါ'လို့ ပြောတယ်၊ အန်ကယ် ထောင်းကနဲ ဒေါသထွက်သွားတယ်၊ ချက်ချင်းမထသေးဘဲ ဘိုးတော်ဆိုသူကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တယ်၊ သူ့အသက်ဟာ ‥ ငါးဆယ်လောက်တော့ ရှိမယ်၊ လွယ်အိတ်အနီရောင်ကို လွယ်ထားတယ်၊ ဒီမှာ အန်ကယ်သတိပြုမိတာတစ်ချက်က … သူ့ဘယ်ဘက်ခြေသန်းဟာ … ပြတ်နေတာ အန်ကယ်သတိပြုမိတယ်၊ အန်ကယ်လည်း ထိုင်ရာကထပြီး ကဲ ‥ သူငယ်ချင်း ငါပြန်ပြီလို့ပြောပြီး ထွက်လာတော့တယ်၊ အဲဒီနေ့ကစပြီး အန်ကယ်လည်း သူ့ဆီမရောက်တော့ဘူး။ အခု သူ့သေကြောင်း တူမောင်က ပြောမှ … သိရတယ်''

''အန်ကယ့်ဆီက … ကျွန်တော်တို့ မသိသေးတဲ့အချက်တွေ သိရတာ သိပ်တန်ဖိုးရှိတယ် အန်ကယ်''

ရဲအရာရှိက ပြောသည်။

''အန်ကယ့် ‥ ငယ်သူငယ်ချင်း သေတာ သိရတော့ စိတ်မကောင်းဘူး၊ အန်ကယ် ‥ အခု ပြောပြတာတွေကို တူမောင်တို့အတွက် အသုံးတည့်မယ်လို့ ထင်ပါတယ်၊ ကဲ … ဘာများမေးချင်တာရှိသလဲ''

''မရှိပါဘူး အန်ကယ်''

ရဲအရာရှိက ပြောသည်။

ထို့နောက် ဦးသက်ဝေကို ရဲအရာရှိက သူ၏ ယာဉ်မောင်းအား ရဲစခန်းပိုင်ကားဖြင့် အိမ်သို့ လိုက်ပို့ခိုင်း၏။

+++



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်ရက်အကြာ–

နံနက်ဆယ်နာရီခန့်တွင် ရဲကား တစ်စီး ဦးသက်ဝေအိမ်ရှေ့သို့ ထိုးဆိုက်လာသည်။

ရဲအရာရှိဦးတင်ထွန်းသည် ဦးသက်ဝေနှင့် လာတွေ့သည်။

"တယ်လီဖုန်း ‥ သဲလွန်စကနေ အန်ကယ်နဲ့ ‥ ဆက်သွယ်မိပြီး၊ အန်ကယ့်ဆီကရတဲ့ သတင်းအချက်အလက်တွေကို အခြေခံပြီး ကျွန်တော်တို့ ဦးတင့်ဝေ အသတ်ခံရတာကို ဖော်ထုတ်လိုက်နိုင်ပြီဆိုတာ လာပြောတာပါ အန်ကယ်"

"အသတ်ခံရတယ် … ဘယ်လို အသတ်ခံရတာလဲ'

ဦးသက်ဝေက မေးသည်။

"အိပ်ဆေးတိုက်ပြီး … ရေစည်ထဲမှာ ရေနှစ်သတ်၊ ပြီးတော့မှ … ချောင်းထဲပစ်ချလိုက်တယ်၊ ဦးတင့်ဝေ ချောင်းထဲဆင်းပြီး ကိုယ့်ကိုယ်ကို သတ်သေတဲ့သဘော သက်ရောက်အောင် လုပ်ကြတယ်"

"ဘယ်သူတွေပါသလဲ"

"ဦးတင့်ဝေ မိန်းမ … မစိန်မြင့်ရယ်၊ ဘိုးတော်ဆိုသူ ထောင်ထွက် ဘထွန်းရယ် … တက္ကစီသမား ရွှေမြရယ်၊ ပေါင်းပြီး လုပ်ကြံကြတာပဲ၊ တက္ကစီသမား ရွှေမြဟာ ဦးတင့်ဝေနဲ့ မစိန်မြညားပြီးမှ ဦးတင့်ဝေရဲ့တက္ကစီကို … မောင်းသူပါ၊ အရင်တက္ကစီမောင်းသူကို တော့ မစိန်မြင့်က ပြောလို့ ဦးတင့်ဝေက … မမောင်းခိုင်းတော့ဘဲ ရွှေမြကို မောင်းခိုင်းတယ်၊ ရွှေမြနဲ့ မစိန်မြင့်တို့ဟာ မစိန်မြင့်အရင်နေခဲ့တဲ့ … မြို့နယ်မှာကတည်းက ဇာတ်လမ်းရှိခဲ့ကြတယ်၊ ဦးတင့်ဝေဟာ … တရားမဝင်ထီအတွက် ဘိုးတော်ဘထွန်းဆိုသူကို သိပ်ယုံပြီး ဘိုးတော်နေတဲ့ချောင်းတစ်ဖက်ကမ်းက တဲကို မကြာ မကြာ သွားလေ့ရှိတော့ … ဦးတင့်ဝေရဲ့ပိုင်ဆိုင်မှုတွေကို တစ်ဝက်စီခွဲယူကြဖို့အကြံနဲ့ ဦးတင့်ဝေ ချောင်းကိုလှေနဲ့ကူးလာတဲ့ တစ်ညနေခင်းမှာ သူတို့သုံးယောက်တိုင်ပင်ပြီး ဦးတင့်ဝေကို ရေတိုင်ကီထဲမှာ ရေနှစ်သက်ပြီးတော့မှ ချောင်းထဲ သူ့ကိုယ်သူ သတ်သေတယ်လို့ဖြစ်အောင် လုပ်ကြံကြတာပါပဲခင်ဗျား"

"ဦးတင့်ဝေကို … လူပျောက်မတိုင်ဘူးလား"

ဦးသက်ဝေက မေးသည်။

"တိုင်ပါတယ်၊ သူတို့က … ပိရိပြီပေါ့လေ၊ အန်ကယ့်ဆီကရတဲ့အချက်အလက်တွေကို အခြေခံပြီး ကျွန်တော်တို့က သူတို့သုံးယောက်ကို ခေါ်ပြီး တစ်ကွဲစီထားပြီးစစ်ရင်း သူတို့ရဲ့ထွက်ချက်တွေဟာ ကွဲလွဲနေတဲ့အတွက် ကျွန်တော်တို့က အတင်းဖိစစ်တာကြောင့် နောက်ဆုံးတော့ မစိန်မြင့်က စပြီး ဖြောင့်ချက်ပေးတော့တာပါပဲ၊ အန်ကယ့်ကို ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ရဲအရာရှိ ဦးတင်ထွန်းသည် အူလှိုက်သည်းလှိုက်ပြောလိုက်လေတော့၏။

မြသိန်း






www.burmeseclassic.com

www.burmeseclassic.com





# မကျွမ်းပါသည့် စိတ်ကျိုးသူကြီးရယ်



www.burmeseclassic.com

"ငါ ... မင်းကို ဆရာတော်ကြီး တစ်ပါး ပြောခဲ့ဖူးတဲ့ ပုံပြင်တစ်ပုဒ် ပြောပြမယ်"

အရက်မူးနေသည့်ကျွန်တော်နှင့် ကိုငြိမ်းတို့နှစ်ဦးသား ဝါတွင်းတွင် အရက်ဖြတ်ထားလေ့ရှိသော မိတ်ဆွေကြီး ကိုခိုင့်အိမ်သို့ အသွားတွင် ဘုန်းကြီးကျောင်းအနီးရှိ ဇာတ်စင်ဟောင်းကြီးဘေးမှ ဖြတ်လျှောက်လာစဉ် ကိုငြိမ်းက ပုံပြောရန် စကားစလာခြင်းဖြစ်သည်။

ကိုငြိမ်းက ပုံပြောဝါသနာပါ၏။ မူးလျှင် သို့မဟုတ် ပျော်လျှင် ပုံပြောလေ့ရှိသည်။ ယခုလည်း ဇာတ်စင်နားရောက်မှ ပုံပြောမည်ဆို၍ ဇာတ်နှင့်ဆိုင်သော ပုံပြင်ဖြစ်ဖို့များသည်။

"ပြော ... သူငယ်ချင်း၊ ကိုယ်နားထောင်မယ်"

"ဟိုးရှေးရှေးတုန်းကပေါ့ကွာ၊ အညာက .. တောထွက်ရဟန်းတစ်ပါး အောက်ပြည်အောက်ရွာကို ကြွလာပြီး ရွာတစ်ရွာမှာ ကျောင်းထိုင်သတဲ့"

"အညာဆရာတော်က အောက်ပြည်မှာ ... လာ ကျောင်းထိုင်ရတာ ဘာကြောင့်လဲ"

ကျွန်တော်၏ မေးခွန်းကြောင့် ကိုငြိမ်း ကသိကအောက် ဖြစ်သွားသည်။

"ပုံပြင်ထဲမှာ ... ဘာ့ကြောင့်ဆိုတာ မပါဘူးကွ၊ အဲ အဲ ငါ့ပုံ ဘယ်နေရာရောက်သွားပါလိမ့်"

"အခုမှ ... အညာဆရာတော် ကျောင်းထိုင်ခါစရှိသေးတယ်"

ကျွန်တော်က အစပြန်ဖော်ပေးလိုက်သည်။

"အဲ ... အဲ အဲဒီ အညာဆရာတော် .. ကျောင်းထိုင်တဲ့အချိန်ကစပြီး ကျောင်းမှာ ဘာအလှူပဲလုပ်လုပ် ဆိုင်းတွေ အငြိမ့်ပွဲတွေ မထည့်ရဘူးတဲ့၊ အရိုက်ကလည်းကြမ်းတော့ ... ရွာသားတွေခမျာ ... အလှူတွေမှာ ဘာပွဲမှ မထည့်ရဲကြဘူး"

"ဟ ... ကောင်းတာပေါ့၊ အငြိမ့်တွေ၊ ဆိုင်းတွေအတွက် ငွေမကုန်တော့ရင် အလှူထဲ ပိုထည့်နိုင်တာပေါ့"

ကျွန်တော် ကြားဖြတ်ပြောလိုက်သည့်စကားကို ကိုငြိမ်းက ဘဝင်မကျပါ။

"မင်းကလည်းကွာ ... ဟိုတုန်းက ရွာတွေမှာက ခုလို တီဗွီတို့အောက်စက်တို့ ဘီယာဆိုင်တို့ ရှိတာမဟုတ်ဘူးကွ၊ ရွာမှာ အလှူအတန်းလေးရှိမှ ပွဲကြည့်ပြီး ပျော်ကြပါးကြရတာ၊ မင်းကို ဖြေနေရတာနဲ့ ငါပုံ ဘယ်နေရာရောက်ပြီမှန်း မသိတော့ဘူး"

"ဆရာတော်ရိုက်မှာကြောက်လို့ ပွဲမငှားရဲတဲ့နေရာလေ"

"ဟုတ်လား ... တိုတိုပြောရရင်ကွာ၊ တစ်နေ့မှာ ခပ်ရွတ်ရွတ်ဒကာတစ်ယောက်က ဘုန်းကြီးရိုက်လည်း ခံမယ် ဆိုပြီး အလှူမှာညည့်ခံဖို့ ဆိုင်းတစ်ဖွဲ့ကို ဘုန်းကြီးမသိအောင် ငှားလိုက်တယ်တဲ့ အေ့"

"အရေးထဲ ... လေတက်မနေနဲ့ ဟေ့လူ ဆက်ပြောလေ"

"ပြောမှာပါကွ ... ဆိုင်းစတီးလို့ မကြာခင်မှာဘဲ ကျောင်းထိုင်ဆရာတော်ကြီး ရောက်လာပြီး ဆိုင်းသမားတွေရှေ့က မြေကွက်လပ်မှာ ကွေးနေအောင် ကပါလေရောတဲ့၊ တီးလုံးရပ်မှပဲ ဘုန်းကြီးလည်း အကရပ်ပြီး အလှူရှင်ကို ကြိမ်လုံးစာ ကျွေးပါလေရောတဲ့ ... အေ့"

"ဘာကြောင့် ... ရိုက်တာလဲလို့ မေးလျှောက်မကြည့်ဘူးလား"

ကျွန်တော်၏အမေးကို ပုံပြောဆရာကိုငြိမ်းက ရယ်ကျဲကျဲနှင့် ဖြေသည်။

"ဆရာတော်က .. လူ့ဘဝတုန်းက ဇာတ်မင်းသားမှန်း နောက်မှသိကြရတယ်တဲ့၊ ဆိုင်းသံကြားရင် ထထကချင်လို့ အလှူမှာ ဆိုင်းမထည့်ခိုင်းတာတဲ့၊ ခုလည်း .. ဒီဇာတ်စင်မှာပွဲကရင် ဒကာတွေ ကြိမ်လုံးစာမိမလား မသိဘူး၊ ကိုခိုင်လည်း ... မူးလာတဲ့ကျုပ်တို့ကို ရိုက်ချင်ရိုက်နေမှာ"

"ဟာ ... ကိုငြိမ်း၊ လုလိုက်တာဗျာ၊ ဟိုမှာကြည့်စမ်း"

ကျွန်တော့်၏အပြောကြောင့် ကိုငြိမ်းက ဟိုကြည့် ဒီကြည့် လိုက်ကြည့်သည်။

ကိုငြိမ်းလည်း တွေ့သွားပြီ။ ခေတ်မီမီ မဒီလေးတစ်ယောက်။ ပေါင်

www.burmeseclassic.com

www.burmeseclassic.com



ရင်းအထိတိုသည့် ဘောင်းဘီတိုနှင့် ရင်သားတစ်ဝက်ဖော်၊ ဗိုက်သားဖော် အင်္ကျီနှင့် ဘုန်းကြီးကျောင်းတွင်းမှ ဘောက်ဆတ် ဘောက်ဆတ်နှင့် ထွက်လာနေသည်။

မဒီလေးရဲ့ ညာဘက်လက်က လေးဆင့်ချိုင့်ကိုဆွဲလျက် ဘယ်ဘက်လက်က ကိုယ့်ပေါင်ကိုယ်ရိုက်ပြီး စည်းဝါးလိုက်နေသည်။ နားမှာတော့ အမ်ပီသရီးနားကြပ်နှင့် သီချင်းနားထောင်လျက်။ ဆွမ်းချိုင့်ပို့ပြီး ပြန်လာသည် ထင်၏။

"အဟီး ... ကိုငြိမ်းရေ၊ ဆင်းရဲရှာတယ်နှင့်တူတယ်ဗျ၊ ဘောင်းဘီရှည်တို့ ... စကပ်တို့ ... ထဘီ တို့တောင် ဝယ်မဝတ်နိုင်ရှာဘူးနော်"

ကျွန်တော်၏စကားကြောင့် ကိုငြိမ်း မျက်နှာကြောတင်းသွားသည်။

"ခင်ဗျားဗျာ .. ကိုယ့်နှမအငယ် ဆုံးလောက်ရှိတဲ့ဟာကို သွားရည်တမြားမြား လုပ်မနေစမ်းပါနှင့်၊ သကြံန်တုန်းက ခင်ဗျားပဲ ပျော်ချင်လို့ဖော်ဝတ်တာ မကောင်းဘူး၊ ဝတ်လစ်စလစ် သကြံန် ဘာညာဆိုပြီး ဆောင်းပါးရေးစားခဲ့သေးတယ်လေ၊ မေ့သွားပြီလား"

ကိုငြိမ်းက စကားလုံးတင်းပုတ်ဖြင့် ကျွန်တော့်ကိုထုသည်။

"အဲဒီတုန်းက .. ကျုပ်စိတ်တစ်မျိုးဗျ၊ ခု စဉ်းစားမိတာက ဒီကလေးမတွေ့သမျှပုရိသတွေ မျက်စိပသာဒဖြစ်စေဖို့ သူ့ရဲ့ အတွင်းသားအလှတွေကို ကြည့်ကြစေဖို့ အလှူသဘောမျိုး၊ ပေးကြည့်နေတာလားမှ မသိတာ အဟီး"

"မုဒိမ်းမှုတွေများလာရတာ သူတို့ကြောင့်လို့ပြောဦးမလို့လား၊ သူတို့လို ဟာမျိုးလေးတွေကို မတွေ့ပေမဲ့လည်း အပြာကားတွေ ... ညစ်ညမ်းအခွေတွေကြောင့် အဲဒီအမှုတွေများနိုင်တာပဲလေ"

ကိုငြိမ်းစကား၏ ပထမဝါကျက ယောကျ်ားအများစု၏ ဆင်ခြေဖြစ်နေသည်။

"သူတို့ကြောင့် ... မဟုတ်လို့လား၊ လာပါအစ်ကိုလို့ ... မြူဆွယ်တဲ့ပုံ ဝတ်စားထားရင်တော့ အဲဒီအမှုတွေများနေဦးမှာပဲလေ"

"ကျုပ်တို့ ယောကျ်ားတွေရဲ့ ညစ်ညမ်းစိတ်ကြောင့်လို့ ... အေ့၊ အမျိုးသမီးတချို့က ပြောကြတယ်၊ မကြည့်ရင် .. အေ့ .. ငရဲမကြီး၊ အမှုမဖြစ်ဘူးပေါ့ဗျာ၊ သုရာမေရယကံတစ်ခုပဲ ပျက်ပါစေဗျာ၊ ကာမေသုမိစ္ဆာစာရာ ကံကိုတော့ အေ့ စိတ်နှင့်တောင် အေ့ မကျူးလွန်ပါနှင့်ဗျာ၊ အိမ်က ... ခင်ဗျားမိန်းမကို အားနာပါဦး"

ကိုငြိမ်းပြောမှ ကျွန်တော်၏ကျိုးပျက်သွားသည့်ကံကို သတိထားမိတော့သည်။

"ကြည့်မိတဲ့ ယောကျ်ားလေးတွေကို ကာမေသုမိစ္ဆာစာရာကို မနောကံမြောက် ကျူးလွန်စေဖို့ ဒီကလေးမက အကုသိုလ်တွေ လိုက်ဖြန့်နေတာပဲပေါ့၊ ဒုက္ခပဲဗျာ၊ ဒီကလေးမကြောင့် ကျောင်းထဲက ကပ္ပိယတွေ ယောကျ်ားသားတွေ အနေခက်ကုန်ကြတော့မယ် ထင်ပါရဲ့၊ သူ့အမေက ... ဘုန်းကြီးကျောင်းကို ဒီအဝတ်နှင့် မသွားဖို့ မဆုံးမဘူးလား မသိဘူး"

"သူ့အမေကိုယ်တိုင်က ... အဲဒီလိုဝတ်ချင်နေလားမှမသိတာ၊ နောက်

**ခုခေတ်**
**ဘုန်းကြီးကျောင်းတွေမှာ**
**လက်ထပ်မင်္ဂလာပွဲလုပ်ကြတာ**
**လာတဲ့ဧည့်သည်**
**မိန်းကလေးတွေက**
**ဒီကောင်မလေးနှင့်**
**တစ်ပုံစံတည်းပါဗျာ။**
**သတို့သမီးနဲ့သတို့သားကတော့**
**ဘုန်းကြီးကျောင်းမှာ**
**ပွဲလုပ်ရင်**
**ကုသိုလ်ရမယ်လို့**
**ထင်နေကြပေမဲ့**
**နောက်ဆက်တွဲ**
**အပြစ်တွေက**
**အများကြီး**
**...**



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြောရဦးမယ်၊ ခုခေတ်ဘုန်းကြီး ကျောင်းတွေမှာ လက်ထပ်မင်္ဂလာပွဲလုပ်ကြတာ လာတဲ့ဧည့်သည်မိန်းကလေးတွေက ဒီကောင်မလေးနှင့် တစ်ပုံစံတည်းပါဗျာ၊ အဲဒီကိစ္စ . . . တော်တော်ခက်နေတယ်၊ သတို့သမီးနဲ့ သတို့သားကတော့ ဘုန်းကြီးကျောင်းမှာ ပွဲလုပ်ရင် ကုသိုလ်ရမယ်လို့ ထင်နေကြပေမယ့် . . နောက်ဆက်တွဲ . . အပြစ်တွေက အများကြီးဗျ''

''ဒီလူတွေနဲ့ ဒီလူ၊ ကိစ္စရှိမှ လာရမှာလားဗျ။ အလည်သက်သက်ပေါ့''

ကိုခိုင် မျက်နှာတင်းသွားသည်။ တံတွေးကိုလည်း ဂလုကနဲ မျိုချလိုက်သည်။


''ဝါတွင်းမှာ . . သေရည်သောက်ပြီး ကျုပ်အိမ်မလာပါနဲ့လို့ ပြောထားရက်ဗျာ''

ကိုခိုင်က ပြောပြောဆိုဆိုနှင့် အိမ်ပေါ်ပြန်တက်သွားသည်။

ကိုခိုင်ပြောသည်ကို နားမလည်သောကြောင့် ကျွန်တော်ပြန်မေးမိသည်။

''ခင်ဗျား . . အိမ်လာလည်တာ၊ ကျုပ်တို့က ဘယ် ဘယ်ကို သွားရမှာလဲဗျ''

''ကဲ . . . ကျုပ်ကို အရက်လိုက်တိုက်မှာလား၊ မတိုက်ဘူးလား ပြောလေ၊ ခင်ဗျားတို့ဆီကရတဲ့ . . အရက်နံ့ကြောင့် ဝါတွင်းမသောက်ဖို့ အဓိဋ္ဌာန်ပြုထားတာ ကျိုးသွားပြီဗျ''



ကိုငြိမ်း ကျွန်တော့်ကို ရှည်ရှည်လျားလျား ရှင်းပြနေရ၍ မောသွားသည်။

''ဟော . . . ပြောရင်း ဆိုရင်း ရောက်ပြီ၊ ကိုခိုင်ရှိတယ်ဗျ''

ကျွန်တော်က ပြောပြောဆိုဆို ကိုခိုင်ကို လက်လှမ်းပြလိုက်သည်။ ကိုခိုင်က အိမ်ပေါ်မှ မျက်မှောင်ကျုံ့ပြီး ကြည့်နေသည်။

ကျွန်တော်တို့ကို အိမ်ပေါ်သို့ မဖိတ်ခေါ်ဘဲ ကိုခိုင် အိမ်ပေါ်မှ ဆင်းလာသည်။

''ဟော့လူတွေ . . . ဘာကိစ္စရှိလို့လဲဗျ''

ကိုခိုင်က နှာခေါင်း ပွစိ ပွစိလုပ် အနံ့ခံရင်း မေးသည်။ ကိုငြိမ်းကလည်း မဆိုင်းမတွဖြေသည်။

အရက်သောက်ပြီး မလာပါနှင့်ဟု မှာထားပါလျက် ရောက်လာသော ကျွန်တော်တို့ငမူးနှစ်ယောက်ကို ရိုက်ရန် တုတ်သွားယူသည်လားမသိ။

ဘုရား ဘုရား။ တကယ်ရိုက်ရင် လူကြားမကောင်း၊ သူကြားမကောင်း ဖြစ်ကုန်တော့မည်။

ကျွန်တော်တို့နှစ်ယောက်မှာ ကိုခိုင်ကမခေါ်သဖြင့် အိမ်ပေါ်သို့လည်း မတက်ရဲကြပါ။ လမ်းပေါ်တွင် အူကြောင်ကြောင်ရပ်ပြီး ထွေရာလေးပါး ပြောနေကြရသည်။

၁၅ မိနစ်ခန့်အကြာတွင် ကိုခိုင်တစ်ယောက် အဝတ်အစားလဲပြီး ပြန်ဆင်းလာသည်။ လက်ထဲတွင် တုတ်မပါလာပါ။

''လာ . . . သွားကြမယ်''

အရက်မကောင်းကြောင်း မကြာခဏရေးသားလေ့ရှိသည့် စာရေးဆရာသုံးဦး အရက်ဆိုင်စာက်သို့ ချီတက်သွားကြသည်ကို ကိုခိုင်၏အမျိုးသမီးက အိမ်ပေါ်မှကြည့်ရင်း အံကြိတ်နေပေလိမ့်မည်။

တစ်ဖက်မှ စဉ်းစားကြည့်လျှင်လည်း ဖြေသာပါသည်။ အရက်ပုလင်းအဖုံးက ကံစမ်းမဲ ကားသစ်တစ်စီးပေါက်ပါက ကျွန်တော်တို့သုံးယောက်အတွက် အသုဘစရိတ် လောက်ငှမည်ထင်ရ၏။ ဦးကျော်သူကပါ ကူညီမည်ဆိုလျှင်လေ။

**မင်းစွမ်းပြည့်**



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ ၇၀ ဇေယျမင်းသျှင်မှ စာဆက်

"ဒီဘဝမှာ . . . ပြုခဲ့တဲ့မကောင်းမှုကို ဒီဘဝ၊ ဒီကိုယ်နဲ့ ဝဋ်ကြွေးပြန်ဆပ်ရမှာလား၊ နောက်နောက်ဘဝတွေကျမှပဲ ပြန်ဆပ်ရမှာလား"

ထိုမေးခွန်းသည် မောင်ချိုတစ်ယောက် သူ့ကံကြမ္မာကို သူ ကြိုတင်မှန်းဆ၍ မေးခဲ့ခြင်းဟုတ်မဟုတ်မှာမူ မောင်ချိုသာလျှင် သိပေလိမ့်မည်။ ကာယကံရှင်နှင့် လောကဓမ္မတရားတို့မှတစ်ပါး အခြားမည်သူသိနိုင်ပါအံ့နည်း။ သို့လျှင် . . .။

[ ၆ ]

"အမလေးဗျ . . . ကယ်ကြပါဦး၊ နာလိုက်တာဗျ၊ နာတယ် အမေရဲ့ ကယ်ကြပါဦးဗျာ"

တိတ်ဆိတ်ငြိမ်သက်လွန်းသော မန္တလေးဗဟိုအကျဉ်းထောင်ကြီး၏ ညဉ့်လယ်ယံတွင် စူးစူးရှရှ နာနာကျင်ကျင် ငြီးငြူလိုက်သော အော်သံကြီးက ထိတ်လန့်စဖွယ် ချောက်ချားစရာကောင်းလှပါဘိ။ ဘာလဲ . . .။ ဘာလဲ ဘယ်သူဘာဖြစ်တာလဲ။ မေးကြ၊ မြန်းကြ၊ စုံစမ်းကြ။


"မောင်ချိုလေ . . . ကြိုးသမား မောင်ချို၊ ဗိုက်အောင့်လို့တဲ့၊ လူးလိမ့်နေတာပဲ၊ ကြည့်ရက်စရာမရှိဘူး"

မိမိအပါအဝင် တာဝန်ရှိသူအားလုံး မနေနိုင်၊ မနေသာပါ။ ထောင်မှူးကြီးလည်း မနေရ၊ ထောင်ပိုင်လေး၊ ထောင်ပိုင်ကြီးတို့လည်း မနေသာ။ ကြိုးတိုက်သို့ အပြေးအလွှားရောက်လာကြပါ၏။

"အဘ . . . ကယ်ပါဦးဗျာ၊ အမလေး နာလှချည့်ရဲ့၊ အား . . အား အား . . . ဆရာရေ . . တပည့်ကို ကယ်ပါဦး"

ထောင်ပိုင်ကြီးကိုတစ်လှည့်၊ မိမိကိုတစ်လှည့် သနားစဖွယ်အားကိုးတကြီး အကူအညီ တောင်းခံနေသော မောင်ချိုကို မြင်တွေ့ရသည်မှာ စိတ်မချမ်းသာစရာ။ တစ်ကိုယ်လုံးချွေးများ ရွှဲနစ်နေသောမောင်ချို့ခမျာ တွန့်လိမ်ကောက်ကွေးလျက်၊ ငြိမ်သက်စွာနေနိုင်ခြင်းမရှိ။ မချိမဆန့်လူးလိမ့်ဟစ်အော်နေရှာသည်။ အကျဉ်းထောင်ဆရာဝန်ကြီးရောက်လာပြီး အမျိုးမျိုးစမ်းသပ်ကာ ဆေးဝါးများကုသတိုက်ကျွေးသော်လည်း သက်သာမှုမရ။ ခက်ကပြီ။ မောင်ချိုတွင် အူအတက်ပေါက်ခြင်းလား၊ အစာအိမ်ပေါက်ခြင်းလား တိတိကျကျ မသိနိုင်သော်လည်း အရေးပေါ်ခွဲစိတ်ကုသရန် လိုအပ်သည်။ ချက်ချင်းဆောင်ရွက်ရမည်ဟု ဆရာဝန်ကြီးက တင်ပြလာသည်။

ထောင်ပိုင်ကြီး ထောင်မှူးကြီးများ ခေါင်းချင်းရိုက်ကာတိုင်ပင်ရ၊ ဆွေးနွေးရ၊ ခေါင်းစားကြရပြီ။ အကျဉ်းထောင်ရာဇဝင်တွင် 'သေဒဏ်ကျ အကျဉ်းသားကြိုးသမား'တစ်ဦးအား ရေချိုးချိန်နှင့် ကျန်းမာရေးအရ လမ်းလျှောက်ချိန်တွင် ၎င်း၏တိုက်ခန်းနှင့် တွဲလျက် အုတ်တံတိုင်းကာ အကန့်ငယ်အတွင်း ထွက်ခွင့်ပြုသည်မှအပ တိုက်ခန်းအပြင်သို့ ထုတ်ခွင့်မရှိ။ မိသားစုထောင်ဝင်စာတွေ့လျှင်ပင် မိသားစုအား တိုက်ခန်းသို့ ခေါ်ယူတွေ့ဆုံပေးရသည်။ ဆေးဝါးကုသလျှင်လည်း ဆရာဝန်များ၊ (လိုအပ်ပါက)အထူးကုဆရာဝန်ကြီးများကိုယ်တိုင် တိုက်ခန်းသို့ လာရောက်ကုသရသည်။ ဆေးဝါး၊ ကိရိယာအစုံအလင်၊ ဆေးဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်းအပြည့်အစုံ ကြိုးတိုက်အ





www.burmeseclassic.com

www.burmeseclassic.com



တွင်းထားရှိပေးရသည်။ ကြိုးသမားအား ကြိုးတိုက်ခန်း ပြင်ပသို့ မထုတ်ခဲ့စဖူး။ ယခု အခြေအနေကမူ တစ်မျိုး၊ အရေးပေါ်လေ။

ချက်ချင်းဆောင်ရွက်ရမှာလေ။ ကဲ. ညွှန်မှူးရုံးကတစ်ဆင့် အဆင့်ဆင့် အစီအရင်ခံ တင်ပြကြစို့။ ညွှန်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးရုံး၊ ညကြီးသန်းခေါင်မှာပင် ရုံးလုပ်ငန်းများ အသက်ဝင်ကာ ချက်ချင်းဆောင်ရွက်ကြရ၏။ မကြာလှပါ။ တစ်နာရီခန့်အတွင်းအမိန့်ရရှိခဲ့ပါပြီ။ မန္တလေးဆေးရုံကြီးသို့ လိုအပ်သော လုံခြုံရေးအစောင့်အရှောက် အပြည့်အစုံဖြင့် တင်ပို့ကုသပါစေ။ လိုအပ်သော ခွဲစိတ်ကုသမှုခံယူပါစေ။ ကျန်းမာရေးကောင်းမွန်သည်နှင့် ချက်ချင်း အကျဉ်းထောင်သို့ ပြန်လည်ခေါ်ယူကာ လိုအပ်သော ပြုစုကုသမှုများ ပြုလုပ်ပါစေတဲ့။ အကြီးအကဲများအား ကြည်ညိုလေးစားရပါ၏။ လိုအပ်သည့် အမိန့်ကို လိုအပ်ချိန်တွင် အချိန်နှင့်တပြေးညီ ဆုံးဖြတ် ညွှန်ကြားမှုပြုနိုင်အောင် တာဝန်အပေါ် အလေးအနက်ထားမှုကို သိမှတ်ချီးကျူးရပါ၏။

ကဲ ...ကဲ လုပ်ကြ၊ လုပ်ကြ။ မြန်မြန်ဆန်ဆန်။ မောင်ချိုအား ထိုညတွင်းချင်းပင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့၍ အရေးပေါ်ခွဲစိတ်ကုသကာ ဘေးမသီရန်မခအောင် ကုသနိုင်ခဲ့ပါ၏။ ကယ်တင်နိုင်ခဲ့ပါ၏။ သို့တစေ ကံကြမ္မာက မောင်ချိုထံမှ အလျော်အစား တောင်းခဲ့ချေပြီ။ ဘဝမခြားစေဘဲ သူပြုသောကံ၊ သူ့ထံပြန်ကာ ထပ်တူထပ်မျှ ပေးဆပ်ခဲ့ရချေပြီ။ မောင်ချို၏ ဗိုက်ကိုခွဲ၍ (အနာဖြစ်ကာ ရှိနေသော) အစိတ်အပိုင်းအချို့ကို ဖြတ်တောက်ဖယ်ရှားခဲ့ရပါ၏။

[ ၇ ]

ဆေးရုံပေါ်နှင့် ဆေးရုံဆင်းစ မောင်ချို၏ရုပ်သွင်မှာ အင်အားကင်းမဲ့သော်လည်း ကြည်ကြည်လင်လင်ရှိလှသည်။ လာမဲ့ဘေးပြေး၍တွေ့တော့မည်ဟု ပိုင်းဖြတ်ထားပြီထင့်။ တွေဝေမှုမရှိတော့။ မာန်တင်း၍ ဟန်ဆောင်ကာ မိုက်ဂုဏ်ပြခြင်း အလျဉ်းမရှိတော့။ သိမ်မွေ့နူးညံ့လာသည်။

"ဆရာ ...ကျွန်တော်သိပြီ ဆရာ၊ ကျွန်တော့်အပြစ်ကို ဟိုဘဝအထိ သယ်မသွားတော့ဘူး၊ ဒီဘဝ ..ဒီခန္ဓာနဲ့ပဲ ကျေအောင်ဆပ်ရတော့မယ်၊ ဘယ်လိုသိသလဲလို့မေးရင်တော့ ကျွန်တော် မဖြေတတ်ဘူး၊ ဒါပေမဲ့ ...စိတ်ထဲမှာ အလိုလိုသိနေတယ်၊ ဒါလည်း တစ်နည်းကောင်းတာပါပဲဆရာ၊ နောင်ဘဝမှာ အကြွေးမရှိဘဲ လွတ်လွတ်လပ်လပ်နေရတာပေါ့"

မောင်ချိုတစ်ယောက် သိသာစွာ ပြောင်းလဲသွားပါပြီ မကြာမတင် ဤလောကမှ ပျောက်ကွယ်သွားတော့မည့်အလား တွေ့သမျှ အရာရှိ၊ ဝန်ထမ်းများအား နှုတ်ဆက်လျက်၊ အချို့အား ဦးချကန်တော့ကာ သူပြုမိမှားခဲ့သမျှ တောင်းပန်တိုးလျှိုးလျက်။ မည်သူမျှ စိတ်မချမ်းသာပါ။

"ဟကောင် ...မောင်ချိုရဲ့ မင်းဟာက မဟုတ်သေးပါဘူး၊ ခွဲစိတ်ကုသပြီးလို့ နေပဲကောင်းနေပြီ၊ အစာစားလိုက်ရရင် အားအင်ပြည့်ပြီး လန်းဆန်းလာမှာ၊ ဘာတွေလျှောက်လုပ်နေတာလဲ၊ ဆရာဆိုတာ ...တောင်းပန်စရာမလိုအောင် ခွင့်လွှတ်စိတ် ထားတတ်ကြတာပါ၊ အားရှိအောင် အိပ်စမ်းကွာ၊ နားနားနေနေ နေစမ်း"

"ကျေးဇူးပါပဲ ဆရာ၊ ဒါပေမဲ့ ..ကျွန်တော့်အကြောင်း ကျွန်တော် သိနေပါတယ်၊ သိပ်မကြာတော့ပါဘူး ဆရာ"

[ ၈ ]

ဆေးရုံဆင်းပြီးနောက် ခြောက်ရက်ခန့်အကြာတွင် ယခင်နည်းအတိုင်း၊ မချိမဆန့် ဝေဒနာခံစားရပြန်သဖြင့် ဒုတိယအကြိမ် ခွဲစိတ်ရပြန်သည်။ သွေးအဆိပ်သင့်သည့် အူအချို့ ဖြတ်ထုတ်ရပြန်သည်။ ဆေးရုံကဆင်းခွင့်မရ။ စောင့်ကြည့်ကုသနေရပါ၏။ တတိယအကြိမ် ခွဲစိတ်မှုအပြီးတွင်တော့ မောင်ချို ဆုံးပါးခဲ့ရှာပါသည်။ သေဒဏ်ကျ ကြိုးသမား၊ ကြိုးပေးခံရပြီးမသေဘဲ ရောဂါကြောင့် ဗိုက်အကြိမ်ကြိမ်ခွဲ၊ အူတွေအထပ်ထပ် အဖြတ်ခံရကာ နိဂုံးချုပ်ခဲ့ရပါ၏။

[ ၉ ]

မိမိပြုမိမှားသမျှ အကုသိုလ်တရားတို့သည် ဝန်တင်နွား၏နောက်သို့ လိုက်ပါရသော လှည်းဘီးသဖွယ် မိမိနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါတတ်၏ ..တဲ့။

ဟုတ်ကဲ့။ မျက်စိရှေ့တွင်ပင် အရှင်လတ်လတ်ကြီး မြင်ခဲ့ရဖူးသည့်အတွက် ပို၍ ပို၍ ခိုင်ကျည်စွာ စွဲမြဲမှတ်ယူရုံမှတစ်ပါး အခြားမရှိပါပြီ။ ။

ဇေယျမင်းသျှင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



< မြန်မာပြန် >

# တစ်သက်တာအပြေးသမား

The World's Grates Crooks and Conmen by Nigel Blundell
မှ How the great escaper became a runaway success



www.burmeseclassic.com

www.burmeseclassic.com



□

အသက်(၅၂)နှစ်အရွယ် ရုပ်ရည်ကြမ်းတမ်းသော်လည်း ခံ့ညားသောလူတစ်ယောက်သည် သူ့အားနှုတ်ဆက်ရန် စောင့်နေသော လူအုပ်ဆီသို့ ခြေလှမ်းကျဲကြီးများလှမ်း၍ လျှောက်လာနေသည်။ နေရာမှာ ဗာဘေးဒိုးနိုင်ဘရစ်(ဂ်)တောင်းမြို့ဖြစ်သည်။ သူ့ကိုကြိုဆိုသော အခမ်းအနားမှာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ သူက ကျေနပ်စွာ ကြေညာလိုက်သည်။

"ရှန်ပိန်ကို သုံးဆောင်ကြပါ၊ ကျွန်တော်ကိုယ်တိုင်လည်း ရှန်ပိန်တွေထဲမှာ မျောသွားပါစေ"

ထိုလူမှာ လူကြိုက်များသော ရီပတ်ဗလီကန်ပါတီဝင်တစ်ယောက် မဟုတ်သလို အောင်ပွဲခံလာသော အားကစားသမားလည်း မဟုတ်ပါ။ လူလိမ်တစ်ယောက်သာဖြစ်သည်။

**နာမည်မှာ ရီနယ်ဘစ်။**

၁၉၆၃ ခု၊ လွန်ခဲ့သော ၁၈ နှစ်က သူခိုးဂိုဏ်းတစ်ဂိုဏ်းသည် အင်္ဂလန်နိုင်ငံ၏ တောပိုင်းအစွန်အဖျားတွင် စာပို့ရထားကို ဓားပြတိုက်ခဲ့၏။ ဓားပြများသည် သုံးပြီးသားငွေစက္ကူပေါင်နှစ်သန်းခွဲကို လုယူသွားကြ၏။ ဤရဲတင်းသော ဓားပြမှုသည် နှစ်ဆယ်ရာစုနှစ်အတွင်း အကြီးကျယ်ဆုံးဖြစ်ခဲ့သည်။

ရထားဓားပြများအနက် နာမည်အကြီးဆုံးမှာ ရွန်နီဘစ်ဖြစ်သည်။ သူနာမည်ကြီးသည်မှာ ဂိုဏ်းခေါင်းဆောင်ဖြစ်သောကြောင့်မဟုတ်ပေ။ ဤဓားပြတိုက်မှုတွင် သူသည် အရေးမပါသောနေရာမှပါဝင်ခဲ့၏။ ထောင်မှထွက်ပြေးပြီးနောက် ပြန်ဖမ်းမမိခင် တရားဥပဒေကို ချိုးဖောက်သောကြောင့် ဖြစ်သည်။

ညတိုင်းပင် ငွေစက္ကူဟောင်းများကို စကော့တလန်မှ လန်ဒန်သို့ ရထားဖြင့် ပို့ခဲ့၏။ ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ငွေစက္ကူများအထုပ်တွဲတွင် တင်၍ ညရထားဖြင့် ဂလပ်စကိုမှ ရပ်စတန်သို့ ပို့လေ့ရှိ၏။ ငွေအရေအတွက်မှာ ပြောင်းလဲတတ်သော်လည်း ဘဏ်ပိတ်ရက်နောက်တစ်နေ့မျိုးတွင် များလေ့ရှိ၏။ ဓားပြဂိုဏ်းကမူ ဩဂုတ်လ(၃)ရက်နေ့တွင် ပေါင်(၄)သန်းရှိမည်ဟု ယုံကြည်ခဲ့ကြသည်။

ဓားပြဂိုဏ်းတွင် လူတန်းစားပေါင်းစုံပါခဲ့သည်။ ဘရု(စ်)ရေးနိုး(လ်) အသက်(၃၀)မှာ ကောင်းကောင်းနေလိုသူဖြစ်၏။ သူသည် လန်ဒန်အီ(စ်)အင်း(ဒ်)မှ လူမိုက်များထက်သာသည်ဟု သူ့ကိုယ်သူ ယူဆထားသူဖြစ်၏။ ရှိနယ်ဘတ်စတာအက်ဒဝပ် အသက်(၃၀)နှစ်မှာ ကလပ်ပိုင်ရှင်မိသားစုကို အလွန်ချစ်သူဖြစ်၏။ ဂေါ်ဒွန်ဂွတ်ဒီ(၃၂)နှစ်မှာ လူကြောမာသည်။ တစ်ကိုယ်တည်းသမား အဝတ်အစားရှိုးကျဝတ်ပြီး မြာပွေသူဖြစ်သည်။ ချာလီဝီလဆင်(၃၂)နှစ်မှာ အကြံအဖန်ကောင်းသည်။ ရေးနိုးဂျင်မီဝိုက်(၄၂)နှစ်မှာ အေးဆေးသည်။ လေထီးတပ်သားဟောင်းဖြစ်သည်။ သူတို့နှစ်ယောက်မှာ သူငယ်ချင်းများဖြစ်ကြသည်။ ဘော့ဝယ်(လ်)(ရှ်)(၃၂)နှစ်မှာ လန်ဒန်တောင်ပိုင်းမှ ကလပ်ပိုင်ရှင်ဖြစ်သည်။ တွန်မီဝစ်(စ်)ဘီ(၃၂)နှစ်မှာ မြင်းပွဲဒိုင်ဖြစ်သည်။ ဂျွန်ဟာပ်ဆေး(၃၀)နှစ်မှာ ဆိုဟိုရက်စတောရင့် ပိုင်ရှင်ဖြစ်သည်။

သူတို့သည် စပယ်ရှယ်လစ်သုံးယောက်ကို ငှားခဲ့၏။ ကားမောင်းသူ ရွိုင်ဂျိန်း(စ်)(၂၃)နှစ်မှာ ငွေထည်ကုန်သည်၊ ပြိုင်ကားမောင်းသူဖြစ်သည်။ ရော်ဂျာကော်ဒရေး(၃၈)နှစ်မှာ ပန်းစိုက်ပျိုးသူဖြစ်သည်။ ယခင်က ရထားမောင်းသူဖြစ်ခဲ့သည်။ မီးရထားအချက်ပြ ကိရိယာများကို ပြုပြင်တတ်၏။

ဓားပြဂိုဏ်းသည် လုပ်ငန်းစကာနီးတွင် အချိန်ပိုင်းသူခိုးတစ်ယောက်ဖြစ်သော အခန်းပြင်ဆင်မွမ်းမံသူ လူငယ်တစ်ယောက်ကို သူတို့ဂိုဏ်းဝင်အဖြစ် လက်ခံခဲ့သေး၏။ သူ့ဇနီးမှာ အလွန်လှသည်။ သူ့နာမည်မှာ ရိုနယ်ဘစ်ဖြစ်သည်။

ဓားပြဂိုဏ်းသည် ဘက်ကင်ဟမ်ရှိုင်းယားနယ် ဘရစ်ဂျစ်ဂိုဘရစ်(ဂ်) တံတားတွင် ရထားကို ဓားပြတိုက်ရန် ဆုံးဖြတ်ကြ၏။ သူတို့စခန်းမှာ (၂၆)မိုင်အကွာတွင်ရှိသော လယ်သာစလိတ်ဖန်လူမနေသည့် သားရေစက်ရုံတစ်ခု ဖြစ်သည်။

ဩဂုတ်လ(၂)ရက်နေ့ ညသန်းခေါင်တွင် သူတို့သည် ကွန်မန်ဒိုတပ်သားများကဲ့သို့ဝတ်ဆင်၍ လင့်ရိုဘာကားနှစ်စီး လော်ရီကားတစ်စီးဖြင့် တံတားသို့ ထွက်လာခဲ့ကြ၏။

ကော့ဒ်ရေးသည် အချက်ပြမီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပွင့်ကို ဖွင့်လိုက်၏။ မီးတစ်ပွင့်မှာ ရထားလမ်း၏ အထက်ပိုင်းကိုက်ရာ ပေါင်းများစွာသို့ ရောက်ခဲ့သည်။ တစ်ပွင့်မှာ တံတားအနီးတွင်ဖြစ်သည်။ ပထမမီးပွင့်ကြောင့် ရထားသည် အရှိန်လျော့ပြီး ဒုတိယမီးကြောင့် တံတားတွင်ရပ်မည်ဖြစ်သည်။ ဓားပြများသည် ရထားလမ်းဘေးတွင်ရှိသော လယ်တောများ၊ အိမ်များနှင့် ဆက်သွယ်သည့် တယ်လီဖုန်းလိုင်းများကို ဖြတ်တောက်လိုက်ကြသည်။

ထိုနေ့နံနက် (၃)နာရီတွင် ရထားမောင်းသမားဂျက်မီးလ်သည် ခါတိုင်းပြနေကျမီးစိမ်းကို ကြည့်နေစဉ် ပယင်းရောင်မီးကို တွေ့လိုက်ရ၏။ ထို့ကြောင့် ရထားအရှိန်ကို လျှော့လိုက်၏။ မကြာခင် အချက်ပြမီးကို တွေ့ရပြန်၏။ မီးနီပြထားသည်။ မီးလ်သည် ရထားရပ်၍ မီးထိုးသမား ဒေးဗစ်ဝှစ်ဘီအား အချက်ပြမီးတိုင်နံဘေးတွင်ရှိသော တယ်လီဖုန်းဖြင့် အကျိုးအကြောင်း စုံစမ်းလိုက်၏။

ဝှစ်ဘီသည် မှောင်ထဲသို့ ဝင်သွားခဲ့စဉ် တစ်ယောက်ယောက်အား သူမေးနေသံကို မီးလ်ကြားလိုက်ရသည်။ "ဘာဖြစ်လို့လဲ မိတ်ဆွေ"၊ ထို့နောက် ဘာမှ မကြားရတော့ပေ။ အဖြစ်မှန်မှာ ဝှစ်ဘီဘတ်စတာအက်ဒဝပ်နှင့် ဝင်တိုးခဲ့၏။ သူ့ကိုယ်ကိုချုပ်၍ မြေပေါ် တွန်းလှဲခြင်းခံနေရ၏။

ရထားပေါ်တွင် ကျန်ရစ်ခဲ့သော မီးလ်မှာ နှစ်ဘက်မှညှပ်၍ တိုက်ခိုက်ခြင်းခံရ၏။ သူ့အား နောက်ဘက်မှရိုက်ချခြင်းခံရ၏။ ခေါင်းတွင် နှစ်ကြိမ်အရိုက်ခံခဲ့ရ၏။

စက်ခေါင်းတွဲနှင့် ငွေများပါသော ရှေ့တွဲနှစ်တွဲသည် ရထားမှကွဲကွာသွားပြီးနောက် ရထားမောင်းသမားဟောင်းက တံတားဆီသို့ မောင်းသွား၏။ ထို့နောက် ဓားပြများက ပုဆိန်များ၊ သံတူရွင်းများဖြင့် ငွေပါသောတွဲ၏တံခါးများ ပြတင်းပေါက်များကို ဖွင့်ကြ၏။ တွဲပေါ်တွင်ပါလာသော အစောင့်ငါးယောက်အား တွဲကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်ခိုင်းပြီး ငွေပါသော အထုပ် ၁၂၀ အား လော်ရီကားထဲသို့ လက်ဆင့်ကမ်းသယ်ဆောင်ကြ၏။

ထို့နောက်လယ်ယာစလိတ်ခြံမြေသို့ ကားမောင်းပြန်သွားကြ၏။ ရထားမောင်းသူ၏ခေါင်းတွင် ဒဏ်ရာရသည်မှလွဲ၍ အားလုံးသည် စီစဉ်ထားသည့်အတိုင်း ချောချောမောမောဖြစ်ခဲ့၏။ ထို ဒဏ်ရာကြောင့် သူတို့၏အမှုမှာ ပိုကြီးကျယ်သွားခဲ့ခြင်းလည်းဖြစ်သည်။

လောလောဆယ်တွင် သူတို့၏အနာဂတ်မှာ ကြည်လင်တောက်ပနေခဲ့၏။ တစ်ညလုံးငွေများကို ရေတွက်ခဲ့ကြ၏။ သူတို့ကို အကာအကွယ်ပေးသူများကို ပေးရမည့်ငွေကို ချန်ထားပြီး ကျန်သောငွေကိုခွဲယူကြ၏။ စုစုပေါင်း ပေါင်နှစ်သန်းခွဲဖြစ်သည်။ ထို့နောက် အသီးသီးသည် မိမိတို့ဝေစုများကိုယူပြီး လူချင်းခွဲကြတော့၏။ သူတို့၏လွတ်မြောက်မှုမှာ တိုတောင်းလှ၏။

သူတို့အား ဒုက္ခပေးသည်မှာ လက်ဗွေများ၊ မော်တော်ကားများ၊ အဝတ်အစားများပင်ဖြစ်၏။ ထိုခြံမြေတွင် သူတို့ စတည်းချကြောင်းမသိအောင် ခြေရာလက်ရာဖျက်ဖို့ ရည်ရွယ်ခဲ့သော်လည်း ထိုအလုပ်ကို မလုပ်ဖြစ်ခဲ့ပေ။ ထိုအလုပ်ကိုလုပ်ရန် သူတို့ငွေပေးခဲ့သူက ပြီးစလွယ်လုပ်သွားခဲ့သည်။

စုံထောက်များသည် လက်ဗွေရာများကို စစ်ဆေးခြင်းဖြင့် ဓားပြများကို ဖော်ထုတ်နိုင်ခဲ့၏။ မကြာခင် သူတို့၏ ဓာတ်ပုံများကို ဗြိတိန်နိုင်ငံတစ်ဝှမ်းလုံးတွင် ကြော်ငြာကပ်၍ အလိုရှိသူများအဖြစ် ကြေညာခဲ့၏။

တစ်နှစ်အတွင်းမှာပင် ဓားပြအများစုသည် ထောင်ထဲရောက်ခဲ့၏။ လူ့အဖွဲ့အစည်းကို ဆန့်ကျင်သော အမှုအဖြစ်ကြေညာ၍ အပြစ်ဒဏ်ချမှတ်သဖြင့် ဓားပြများ အံ့အားသင့်သွားကြ၏။ လူထုကပင် သူတို့ကို သနားခဲ့ကြ၏။ ဂွတ်ဒီဝယ်လ်ရှ်ဂျိန်းစ်၊ ဝစ်စဘီနှင့် ဟပ်ဆေးတို့ ထောင်ဒဏ်အနှစ်(၃၀)ကျသွား၏။ သို့သော် ထောင်ထဲတွင် (၁၂) နှစ်သာနေရပြီး လွတ်မြောက်ခဲ့၏။ ဝီလဆင်နှင့်ဘစ်စ်တို့လည်း ထောင်ဒဏ်အနှစ်(၃၀)ကျခဲ့၏။ ကော်ဒရေးမှာ ထောင်ဒဏ်(၁၄)နှစ် အပြစ်ကျခဲ့သော်လည်း ၇ နှစ်နေပြီး လွတ်ခဲ့၏။ သူတို့သည် နောင်အခါတွင် ရဲတပ်ဖွဲ့အား ဒုက္ခအလွန်ပေးသူများ ဖြစ်လာကြသည်။

ဂိုက်သည် ၃ နှစ်ကြာအောင် တိမ်းရှောင်နေပြီးနောက် ၁၉၆၃ ခုနှစ်တွင် အဖမ်းခံခဲ့ရ၏။ ထောင်ဒဏ် ၁၈ နှစ်ကျခံရသော်လည်း ၉ နှစ်ဖြင့် လွတ်ခဲ့၏။

ရေးနိုးနှင့် အက်ဒဝပ်တို့သည် တစ်နှစ်ကြာအောင် လန်ဒန်တွင် ရှောင်တိမ်းနေခဲ့ကြ၏။ ထို့နောက် မက်စီကိုစီးတီးသို့ ထွက်သွားကြ၏။ ထိုမြို့တွင် ငွေကို ကြောက်စရာကောင်းအောင် ဖြုန်းပြီးနောက် ဗြိတိန်သို့ပြန်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၆ ခုနှစ်တွင် အက်ဒဝပ်အဖမ်းခံရလေသည်။ ထောင်ဒဏ် ၁၅ နှစ်ကျသော်လည်း ၉ နှစ်သာခံခဲ့ရ၏။ ၁၉၆၈ ခုနှစ်တွင် ရေးနိုးအား ဖမ်းမိခဲ့၏။ ထောင်ဒဏ် ၂၅ နှစ် အပြစ်ပေးခဲ့၏။ ၁၉၇၈ ခုနှစ်တွင် ထောင်မှလွတ်ခဲ့၏။

ရထားဓားပြများအား ထောင်ထဲတွင် တင်းကြပ်စွာ စောင့်ရှောက်ထား၏။ သူတို့ထဲမှ နှစ်ယောက်မှာ ယခုတိုင် လွတ်မြောက်နေဆဲဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် ဝီလဆင်သည် ဘာမင်တန်၊ ဝင်ဆန်ဂရင်းထောင်မှ ထွက်ပြေးခဲ့၏။ သူသည် မက်ဆီကိုတွင် ရှိသော ရေးနိုး၊ အက်ဒဝပ်တို့နှင့် လာတွေ့၏။ ထို့နောက် မွန်ထရီရယ်မြို့အနီး ရှိ အိမ်ကြီးအိမ်ကောင်းတစ်လုံးတွင် နေထိုင်ခဲ့၏။ ၁၉၆၈ ခုနှစ်တွင် ပြန်အဖမ်းခံရ၏။ ထောင်ဒဏ်အနှစ်(၃၀)ကို ဆက်လက်ခံစားရ၏။ နောက် ၁၀ နှစ်အကြာတွင် ထောင်မှလွတ်ခဲ့၏။

ဒုတိယထွက်ပြေးမှုမှာ ပိုမိုစိတ်လှုပ်ရှားစရာကောင်းလှသည်။ မှုခင်းသမိုင်းတွင် စံချိန်တင်လောက်သော စွန့်စားမှုလည်း ဖြစ်၏။ ၁၉၆၅ ခု၊ ဇူလိုင်လတွင် ရော်နယ်ဘစ်သည် လန်ဒန် စမ်း(စ်)ဝါဒ်ထောင်မှ ထွက်ပြေးသွား၏။ သူသည် ထောင်နံရံကို ကျော်တက်၍ အသင့်စောင့်နေသော ပရိဘောဂသယ်သည့်ကားအမိုးပေါ်သို့ ဆင်းသက်ခဲ့၏။

ပြင်သစ်တွင် နှာခေါင်းနှင့်ပါးရိုးကို ပလက်စတစ်ဆာဂျရီဖြင့်ပြုပြင်ပြီးနောက် သြစတြေးလျသို့ လေယာဉ်ဖြင့် ထွက်ခွာသွားခဲ့၏။ မဲလဘုန်းမြို့ဆင်ခြေဖုံးတွင် သူ့ဇနီးရှာမိန်း သားသုံးယောက်တို့ဖြင့် အိမ်တစ်လုံးဝယ်နေခဲ့၏။ လက်သမားလုပ်၍ အသက်မွေး၏။ မဲလဘုန်းမြို့တွင် နာမည်ပြောင်း၍ နှစ်ပေါင်းများစွာ နေခဲ့ကြ၏။ ထိုနှစ်များအတွင်း သားအကြီးဆုံးသည် ကားတိုက်ပြီး သေဆုံးသွားခဲ့၏။

နောက်ဆုံးတွင် စကော့တလန်ယာဒ်မှ စုံထောက်များက သူ့ကို လာဖမ်းတော့မည့်သတင်းကို ရခဲ့၏။ ဤတစ်ကြိမ်တွင် သူသည် ဘရာဇီးလ်သို့ ထွက်ပြေးခဲ့၏။

မိသားစုမပါသဖြင့် သူ့မှာ အခက်အခဲကြုံရလေသည်။ ရီယိုဒီဂျနေဒိုးမြို့အနီးတွင် နေထိုင်ရင်း အရက်မိန်းမ မူးယစ်ဆေးများသုံးစွဲ၍ စိတ်ဖြေနေခဲ့ရ၏။

၁၉၇၄ ခုနှစ်တွင် လန်ဒန်မှ သတင်းစာဆရာတစ်ယောက်သည် သူ့ကို ခြေရာခံမိသွား၏။ သူ့အကြောင်းကို ဝတ္ထုရေးခဲ့၏။ သို့သော် သတင်းစာအုပ်ချုပ်ရေးအဖွဲ့သည် ထိုသတင်းကို စကော့တလန်ယာဒ်ကို ပြောပြခဲ့သည်။ ၁၉၇၄ ခု ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ချီဖ်စူပရင်တင်းဒင့် ဂျက်စလစ်ပါးနှင့် ရဲအရာရှိတစ်ယောက်သည် ဘစ်စ်ကိုဖမ်းရန် ဂျနေဒိုးသို့ ရောက်လာခဲ့၏။ သို့သော် ရီယိုရဲတပ်ဖွဲ့က သူတို့ကို ဖမ်းခွင့်မပြုပေ။

ဘစ်စ်၏ ဘရာဇီးလ်အမျိုးသမီး ရှိုင်မန်ဒါက သူမတွင် ကိုယ်ဝန်ရှိနေကြောင်း ကြေညာခဲ့၏။ ထိုသတင်းမှာ ဖခင်လောင်းအတွက် ဝမ်းသာစရာဖြစ်၏။ ဘရာဇီးလ်ကလေးတစ်ယောက်၏ ဖခင်ကို ပြည်နှင်ဒဏ်မပေးရသော ဥပဒေရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဘစ်စ်မှာ လွတ်လပ်





www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။ စလစ်ပါမှာ လန်ဒန်သို့ တစ်ယောက်တည်း ပြန်သွားရတော့၏။ ၁၉၈၁ ခုနှစ်တွင် ဘစ်စ်သည် ထောင်ထဲသို့ ပြန်ရောက်နေတော့၏။ စကော့တလန်ယာဒ်၏ ကြိုးစားမှုကြောင့်မဟုတ်ဘဲ ပြန်ပေးဂိုဏ်း တစ်ဂိုဏ်းကြောင့် ရောက်ရခြင်းဖြစ်သည်။

ပြန်ပေးဂိုဏ်းခေါင်းဆောင်မှာ ဗြိတိသျှစစ်တပ်မှ တပ်ကြပ်ကြီးဟောင်း ဂျွန်မေလာဖြစ်သည်။ သူနှင့် လူလေးယောက်ပါသောအဖွဲ့သည် ဧပြီလတွင် ရီယိုသို့ရောက်လာကြ၏။ ဘစ်နှင့် မိတ်ဆွေဖွဲ့ကြ၏။ ဘစ်မှာ ရှိုင်မန်ဒါနှင့် ကြာမြင့်စွာကွဲကွာပြီး ခြောက်နှစ်အရွယ်သားမိုက်ကယ်နှင့် အတူနေရ၏။ တစ်ညတွင် ပြန်ပေးဂိုဏ်းသည် ဘစ်အားအပြင်ဘက်တွင် ဝိုင်းချုပ်လိုက်၏။ ပါးစပ်ကိုအဝတ်ဆို့ပြီး ဂုန်နီအိတ်အတွင်းထည့်လိုက်သည်။ ထို့နောက် ကားတစ်စီးအပေါ်သို့ ပစ်တင်လိုက်၏။

ဘစ်အား ဘရာဇီးလ်မြောက်ပိုင်း ဘယ်လင်ဆိပ်ကမ်းတံတားကို ဖြတ်၍ အငှားရွက်သင်္ဘောဖြင့် တင်ကာ ဘရာဇီးလ်ရေပြင်ပိုင်နက် အပြင်ဘက်သို့ ထုတ်သွားခဲ့သည်။

ပြန်ပေးများနှင့် သူတို့၏ညှို့သည်သည် ကရစ်ဗီယန်ပင်လယ်မြောက်ပိုင်းသို့ ရွက်လွှင့်ခဲ့၏။ ကံဆိုးရှာသော ဘစ်မှာ ထူးဆန်းသော လေလံပစ္စည်းတစ်ခုအဖြစ်သို့ ရောက်သွားခဲ့ရသည်။

ဂိုဏ်းခေါင်းဆောင် မီလာသည် ဗာဘေးဒိုးစ်နိုင်ငံပိုတယ်တွင် သတင်းထောက်များနှင့်တွေ့ဆုံ၍ ဘစ်စ်အား တန်ဖိုးအများဆုံးပေးသူကို ရောင်းမည်ဟု ကြေညာခဲ့၏။

သို့သော် ထိုအစီအစဉ်မှာ ပျက်သွားခဲ့ရ၏။ ရွက်သင်္ဘောသည် ပျက်သွားပြီး ရေမျောနေသော ဘစ်အား ဘာဘေးဒိုး ကမ်းခြေစောင့်များက ကယ်သွားခဲ့၏။ ဘစ်သည် ဘရစ်ဂျ်တောင်းထောင်တွင် စိတ်ဆင်းရဲစွာနေထိုင်ရင်း ဗြိတိန်နိုင်ငံသို့ လွှဲပြောင်းပေးမည့်အချိန်ကို စောင့်နေခဲ့ရ၏။ ထိုထောင်မှာ အလွန်ကြမ်းပိုးများ၏။ ဘစ်မှာ မျှော်လင့်ချက်ကုန်ဆုံးတော့မည့်သူကဲ့သို့ ဖြစ်နေခဲ့၏။

ရီယိုရှိဘစ်၏ရင်းနှီးသောမိတ်ဆွေများဖြစ်သည့် ကော့နေးဂျွန်ပစ်စတန်နှင့်ဇနီးဖြစ်သူ လီယာတို့က သူ့အတွက် အကောင်းဆုံးရှေ့နေငှား၍ ဗြိတိန်သို့ လွှဲပြောင်းမပေးရေးကို ကြိုးစားခဲ့၏။ ရှေ့နေမှာ အီဇာယာအယ်လီနီ ဖြစ်သည်။ တရားရုံးတွင် သုံးပတ်ကြာအောင် တရားရုံးတွင် အမှုကို စစ်ဆေးပြီးနောက် တရားသူကြီးချုပ် ဆာဝီလျံဒေါက်ဂလပ်စ်က အင်္ဂလန်သို့လွှဲပြောင်းမပေးရန် ဆုံးဖြတ်လိုက်၏။

ဤသို့ဖြင့် ဘစ်လွတ်မြောက်ခဲ့ပြန်၏။ အမှုအတွက်ကုန်ကျစရိတ်မှာ ဒေါ်လာ ၃၀,၀၀၀ ဖြစ်သည်။

ရုံးခန်းအပြင်မှစောင့်နေသော လူအုပ်ကြီးသည် သူ့အား လမ်းပေါ်သို့ ခေါ်ဆောင်သွားကြသည်။ သီချင်းများကို လက်တန်းစပ်ပြီး ကာရေဗီယန်အကများ ကကြ၏။ ဝမ်းသာနေသော ဘစ်က အော်ပြောသည်။ "အတော်အံ့ဩစရာပါပဲ၊ ကျွန်တော် မယုံနိုင်အောင်ပါပဲ၊ လူတိုင်း ရှန်ပိန်သောက်ကြပါ"

ဘရာဇီးလ်သို့ ဘစ်ပြန်လာပုံမှာ ပို့မိုစိတ်လှုပ်ရှားစရာကောင်းလှလေသည်။ ရီယိုလေဆိပ်တွင် ဘစ်သည် သူ့သားမိုက်ကို ပွေ့ဖက်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျရှာ၏။ သားအဖနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်ထား၏။ ဘစ်က ပြောသေးသည်။

"သားကို ‥ နောက်ထပ်မတွေ့ရတော့ဘူးလို့ ဖေဖေထင်ခဲ့တယ်"

ဘစ်က သားဖြစ်သူအား သူ့နောက်ဆုံးပိုက်ဆံဖြင့် ဝယ်လာသော စားပွဲတင်တင်းနစ်ကစားသည့် ဘက်တံကို ပေး၏။ မိုက်ကလည်း သူဆွဲထားသော ပန်းချီကားကို ပြန်ပေး၏။ ပန်းချီကားများ အောက်ခြေတွင် 'အိမ်ကိုပြန်လာပါ ဒက်ဒီ'ဟု စာရေးထားလေသည်။

ထို့နောက် သူ့အား ဘရာဇီးနိုင်ငံသားမှတ်ပုံတင်ကတ်အသစ်ကို ပေးလေသည်။ သူ့အား အမျိုးသားသူရဲကောင်းတစ်ယောက်လို ကြိုဆိုသော မွေးစားနိုင်ငံ၏အံ့ဩစရာကောင်းသော ဆောင်ရွက်ချက်ပင် ဖြစ်လေသည်။ သူက Passport ကို အပေါ်သို့မြှောက်၍ သစ္စာဆိုလိုက်သည်။

"ဒါဟာ … ကျွန်တော့်ဘဝကို စာမျက်နှာအသစ်ဖွင့်လိုက်တာပါပဲ၊ အခု … ကျွန်တော်ဟာ အသက်မွေးဝမ်းကျောင်းဖို့ အလုပ်တစ်ခုကို တရားဝင်ရှာနိုင်ပါပြီ၊ ကျွန်တော် အလုပ်လုပ်မယ်၊ မည်သည့် ရိုးသားတဲ့အလုပ်ကိုမဆို လုပ်မယ်"ဟူသတည်း။

ဘနင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အတိုဆုံးဝတ္ထု

အဲဒီနေ့က ‥ ကျွန်တော်တစ်ယောက်တည်း အရေးတကြီးကိစ္စတစ်ခုအတွက် မြို့ထဲကို ရောက်ခဲ့တယ်။ လိုရာကို ရောက်ချင်ဇောနဲ့ ပလက်ဖောင်းအောက်ကနေ လောလော ‥ လောလောနဲ့ လျှောက်နေမိတယ်။

ပလက်ဖောင်းပေါ်က လျှောက်ရင်လည်း ဟိုရှောင်ရ သည့်ရှောင်ရမို့ ခရီးက မတွင်ဘူးမဟုတ်လား။ အဲဒီအချိန်မှာ လိုင်းကားတွေကလည်း တစ်စီးပြီးတစ်စီး ကျွန်တော့်ဘေးက ဖြတ်ဖြတ်ပြီး ကပ်ကပ်ပြီး မောင်းသွားကြတယ်။ မှတ်တိုင်တစ်ခုနား နီးလာတော့ ကျွန်တော့်နံဘေးက ဖြတ်မောင်းလာတဲ့ လိုင်းကားတစ်စီးပေါ်က ကျွန်တော့်ကို လှမ်းအော်ပြောလိုက်တဲ့ စပယ်ယာရဲ့အသံကို ကြားလိုက်ရတယ်။

## အသိချို့‥အချို့သိ

သက်ဝေနှင်း

(အောင်လံ)



"ဟေ့လူ ‥ လမ်းပေါ်တက်မလျှောက်နဲ့လေ။ ပလက်ဖောင်းပေါ်က လျှောက် ‥ ဒီမှာ ကားကပ်မလို့"

စပယ်ယာအော်ပြောသံကြောင့် ကျွန်တော်လည်း နံဘေးကို အမြန်ကပ်ရင်း စပယ်ယာလေးဆီအကြည့်ရောက်သွားတယ်ဆိုရင်ပဲ အသံတစ်သံထပ်ထွက်လာပြန်ပါတယ်။

"လူတွေများ တယ်ခက်တာပဲ။ ပလက်ဖောင်းကြီးတစ်ခုလုံး ရှိနေတာတောင် လမ်းပေါ်က လျှောက်ချင်ကြတယ် ‥ စည်းကမ်းကို မရှိဘူး"

စပယ်ယာလေးရဲ့ နောက်ဆက်တွဲစကားက ကျွန်တော့်စိတ်ကို ထိုးဆွလိုက်တယ်။ ကျွန်တော် သွေးခုန်နှုန်းမြင့်တက်ခြင်းနဲ့အတူတူ တစ်ခွန်းထဲသော စကားကိုတော့ ပြန်ပြောဖြစ်လိုက်တယ်။

"ဟေ့ကောင် ‥ မင်းမသိဘူးလား။ ပလက်ဖောင်းဆိုတာ ဈေးရောင်းဖို့ထားတာကွ"

သက်ဝေနှင်း(အောင်လံ)



www.burmeseclassic.com

www.burmeseclassic.com





# အမှုဖွင့်မရတဲ့ လိမ်လည်မှု

**ဆလိုင်းနွေမင်းတယ်**

ကျွန်တော် မှတ်မိနေသေး၏။ တီဗွီတွေ မြန်မာနိုင်ငံထဲ ဝင်ရောက်လာကာစလို့ပဲ ဆိုရမယ်။ သဘော်သား ကား၊ သဘော်သား တီဗွီခေတ်တစ်ခေတ်၊ အဲဒီအချိန်အခါက တီဗွီပျက်လို့ ပြင်မယ်ဆိုရင် အအေးခန်းထဲမှာပဲ ပြင်လို့ရတယ်ဆိုတဲ့ လေကြီးလေကျယ် ထုတ်လွှင့်၊ ပြည်သူဖက်ကလည်း ကိုယ်နှင့် မကျွမ်းဝင်သေးသည့် အရာမို့ အဟုတ်ကြီးထင်ခဲ့ကြသည်ပေါ့။ အအေးခန်းကြေးပိုပေးရသည့်သဘော။ စောင့်ကြည့်လို့ရသည့် အရာမဟုတ်တော့ ထားရစ်ခဲ့ရသည့်အဖြစ်အပျက်မျိုးသာ။

တစ်နေ့မှာ ‥ ဝပ်ရှော့ဆိုင်ရှင် ဦးလေးသန်းနှင့် စကားပြောဖြစ်ခဲ့ကြ၏။ ဦးလေးသန်းက ကျွန်တော်တို့မြို့မှာ ဆိုင်ကယ်တစ်စီးစ နှစ်စီးစရှိတဲ့ (ဂျာဝါး)ခေတ်ကတည်းက ဝပ်ရှော့လုပ်ငန်းနှင့် အသက်မွေးလာသူ။ ဦးလေးသန်းက ဒီခေတ်မှာ ငွေပေါသူရော မပေါသူရော မော်တော်ဆိုင်ကယ် အပြိုင်စီးလာကြတော့ ‥ တချို့ဟာ ပိုက်ဆံမယူသင့်ဘဲ ယူရတဲ့ဟာတွေလည်း ရှိလာတယ်တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ဆိုင်ကယ်အကြောင်းနားမလည်ဘဲ တက်ခွတဲ့သူတွေ များနေလို့ပဲတဲ့။ တက္ကသိုလ်ကျောင်းသူလေးတွေဆို တစ်ယောက်ယောက်က နောက်ပြောင်ပြီး ဆီပိုက်ခလုတ်ပိတ်လိုက်ရော၊ စီးရင်းနဲ့ လမ်းမှာ စက်ရပ်သွားတော့ ငါ့ဆီ တွန်းယူလာကြတာပေါ့ကွာ။ ဒါကို သိပေမယ့် ကိုယ့်ဆီရောက်လာတော့ ဟိုဟာဆွဲဖြုတ် ဒီဟာဆွဲချုတ် ပွတ်တိုက်ပြန်ပေးပြီး ငွေတောင်းလိုက်ရတော့တာပေါ့တဲ့ဗျာ။

ဆိုင်ကယ်၊ ဒစ်ဂျစ်တယ်ကတ္တား၊ ဖုန်းတို့ဆိုတာတွေဟာ ဖွတ်နဲ့ဘာထူးလဲနော့။ လူလူချင်းအကြောမခံတဲ့စိတ်နဲ့ ထလုပ်တဲ့လူတွေလည်းများရဲ့။ ပျက်တော့လည်း ပြင်ကြနဲ့ပေါ့။ တစ်နေ့ နေ့လယ်ခင်းမှာ ကျွန်တော့်ဖုန်းကို ဖွင့်ကြည့်တော့ Office Line တဲ့။ ကျွန်တော် နည်းနည်းတွေသွားတယ်။ ဆက်သွယ်ရေးဌာနကများ ကျွန်တော့်ဖုန်းလိုင်းကို ပိတ်လိုက်တာလားပေါ့။ ဒါနဲ့ ကျွန်တော် ငွေဖြည့်ကတ်ဝယ်နေကျ လူချင်းလည်းရင်းနှီးတဲ့ မေတ္တာရောင်ပြန်ဆိုင်ကို သွားပြကြည့်တယ်။

"ရတယ် အစ်ကို၊ ကျွန်တော် ပြင်ပေးမယ်။ ထောင့်ငါးရာကျမယ် ဖုန်းတော့ထားခဲ့"

ကိုယ်မှမလုပ်တတ်တာ။ လိုင်းပြန်ပေါ်ရင်ပြီးရော။ ထောင့်ငါးရာနဲ့အတူ ဖုန်းကိုထားခဲ့ရတော့တယ်။ နောက်တော့မှ ကျွန်တော်ဟာ အရိုက်ခံရမှန်း သိရတော့သည်ပေါ့။ ကိုယ်ကိုယ်တိုင်က အရိုက်သွားခံတာကိုး။ ကျွန်တော်နဲ့လက်ဖက်ရည်ဆိုင်ထိုင်ဖက် အပေါင်းအသင်းတွေက ပညာရှင်တွေပါ။ ကျွန်တော့်ရဲ့ အလျှင်လိုမှုကြောင့် လက်ဖက်ရည်တစ်ဝိုင်းစာလျှော့ပါးသွားသလို အဟားခံရတော့ သေချင်မိပေါ့။

လိမ်တော့ အလိမ်ခံရတာပါ။

သို့သော် အမှုဖွင့်မရပါလား။

ဆလိုင်းနွေမင်းတယ်



www.burmeseclassic.com

www.burmeseclassic.com





# မုဒိတာ လေ့တစ်စီး၏ နှလုံးသားခရီး

ငယ်လေးမောင် (သမြေရုံ)

''စိုစိုပြေပြေနေရတဲ့နေရာ ရောက်နေတာတောင် ခင်ဗျားက အရင်အတိုင်းဘဲ ဘာမှပြောင်းလဲမလာဘူး၊ ခြောက်ကပ်ကပ်ပဲ''

ကိုရန်ထွန်းရဲ့ မှတ်ချက်ကို အပြုံးမပျက်ဘဲ ငြိမ်နား ထောင်နေသော ကိုချစ်လှကို အားလုံးက အားမလိုအားမရ ဖြစ်နေကြသည်။ ဟုတ်လည်းဟုတ်ပါသည်။ ကိုချစ်လှတာဝန် ထမ်းဆောင်ရသောနေရာ။ ထိုနေရာရောက်သူတိုင်း အစစ အဆင်ပြေနေကြသည်။ အချို့ဆို အိုးပိုင်အိမ်ပိုင်ဘဝသို့ပင် ရောက်ကြသည်။ သူ့မှာတော့ စိုစိုပြည်ပြည်နှင့် အိုးပိုင်အိမ်ပိုင် နေရဖို့ အသာထား မိန်းမစျေးထွက်ရောင်းနေရတာသာ ကြည့်။ ဘယ်လောက်တုံးလိုက်သလဲ အလိုက်သလဲဆိုတာ။ ဒါကြောင့် သူ့ကို တုံးတုံးအအ တစ်ယောက်ဟု သတ်မှတ် ထားကြသည်။ ထိုသို့ သတ်မှတ်သည့်အထဲ သူနှင့်အရင်း နှီးဆုံးဖြစ်တဲ့ ကျွန်တော်လည်း အပါအဝင်ဖြစ်ပါသည်။

+++

တစ်နေ့ လမ်းကြုံသဖြင့် ကိုချစ်လှအိမ်သို့ ကျွန်တော် ရောက်သွားသည်။ သူ အလုပ်သွားမည့်ဆဲဆဲ ကျွန်တော် တွေ့လိုက်ရသည်။ သူက ဖနီးသည်ထံမှ လမ်းစရိတ် တောင်းနေသည်ကို တွေ့လိုက်ရသဖြင့် ...

''ကိုချစ်လှရယ် .. လမ်းစရိတ်တို့ လက်ဖက်ရည်ဖိုးတို့ အိမ်ကတောင်းနေစရာလိုသေးလို့လားဗျာ။ ခင်ဗျားနေရာက အဲဒါလောက်တော့ မိုင်နာပဲမဟုတ်လား'' ကျွန်တော်ဝင် ပြောလိုက်ရာ သူက ဘာမှပြန်မပြောဘဲ သူ့ရဲ့အမူအကျင့် အတိုင်း အပြုံးမပျက်နားထောင်ရင်း သူ့ဖနီးပေးတဲ့ လမ်း စရိတ်ယူလျက် ကျွန်တော့်လက်ကိုဆွဲပြီး အိမ်ကထွက်လာခဲ့ ကြပါသည်။

+++

ခပ်တုံးတုံး ခပ်အအဖြစ်နေသော ကိုချစ်လှကို ကျွန် တော်အားမရဖြစ်နေသည်မှာ အတော်ကြာလာပြီ။ ဒါကို သူ အကဲခတ်မိပုံရသည်။

''ခင်ဗျား .. ကျွန်တော့်ကို ဘဝင်မကျဖြစ်နေတယ် မဟုတ်လား'' လို့ ပြောတော့ .. ကျွန်တော် ခေါင်းညိတ်ပြ လိုက်မိပါသည်။

''ကျွန်တော်က ကျွန်တော့်အကြောင်း၊ ကျွန်တော့်ခံယူ ချက်၊ ယုံကြည်ချက်တွေကို သူတစ်ပါးပြောဖို့ အင်မတန် ဝန်လေးတယ်။ ဒါပေမဲ့ ခင်ဗျားကိုတော့ အခင်မင်ဆုံးနဲ့ အရင်းနှီးဆုံးဖြစ်နေတော့ နည်းနည်းလောက်တော့ ပြောရ ဦးမယ်။ ခင်ဗျား မှတ်မိဦးမလား ကျွန်တော်တို့ဌာနမှာ သန့် ရှင်းရေးလုပ်တဲ့ ရာမူးကို။ အဲဒီလူက တစ်ကောင်ကြွက်လေ။ သူပင်စင်ယူတော့ ကျွန်တော့်ကို လုပ်သက်ဆုငွေ အပ်ထား တာလေ။ ခင်ဗျားကို ကျွန်တော်ပြောဖူးပါတယ်''

''မှတ်မိတယ် .. မှတ်မိတယ် .. သူသေတော့ သူ အပ်ထားတဲ့ငွေ နည်းနည်းလျော့နေလို့ ကျွန်တော့်ဆီက ခင်ဗျားချေးပြီး သူတို့ ဘာသာရေးအသင်းအဖွဲ့ကို ခင်ဗျားသွားပေးတာလေ''

''ဟုတ်ပါ့ဗျာ .. ခင်ဗျားစဉ်းစားကြည့်။ အဲဒီတုန်းက သူ့ငွေ ကျွန်တော့်အပ်ထားတယ်ဆိုတာ ဘယ်သူမှလည်း မသိပါဘူး။ ဘာသက်သေအထောက်အထားမှလည်းမရှိဘူး။ ကျွန်တော့်ကို ယုံကြည်လို့ အပ်ထားတဲ့ငွေကို အဲဒီတုန်းက ဆင်းဆင်းရဲရဲဖြစ်နေတဲ့ကျွန်တော် မယူရဲဘူး။ မယူရက်ခဲ့ဘူး ဗျာ။ အဲဒီအကြောင်း စဉ်းစားမိတိုင်း ကျွန်တော်ဗျာ ကိုယ့် ကိုယ်ကို ကြည်ညိုမိတယ်။ (Self respect) ပေါ့ဗျာ။ နောက် ပြီး ကြည်လည်းကြည်နူးမိပါတယ်။ ဒါကြောင့် အဲဒီစိတ်လေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘဝထဲယူလာမိတယ်။ ခုလို အသက်အရွယ်လေးရလာလေလေ ကိုယ့်ကိုယ်ကို အကြည်ညိုမဲ့မယ့် အလုပ်တွေ မလုပ်ရဲလေပဲဗျာ။ နောက်ပြီး ဆင်းဆင်းရဲရဲ ဘဝမှာနေခဲ့စဉ်တုန်းကတောင် သေတဲ့လူအပေါ်မှာ မဟုတ်တာမလုပ်ခဲ့တဲ့ ကျွန်တော်၊ ခုအခြေအနေမှာ ရှင်တဲ့လူတွေအပေါ် ဘယ်လုပ်ရက်ပါ့မလဲဗျာ'' လို့ သူပြောတော့ ''ငါ့စိတ်နဲ့များ ကွာလေခြင်း''လို့ ခံယူမိရင်း သူ့ကို လေးစားကြည်ညိုစိတ်နဲ့ မုဒိတာပွားလျက် ကျွန်တော် အကြိမ်အကြိမ်အခါခါ ဦးညွှတ်နေမိပါတော့သည်။

ငယ်လေးမောင်(သပြေရုံ)

---

တွံတေးမြို့နယ်ထဲက ပေါက်တောစမ်းရွာလေး၏ ကားလမ်းဘေးတစ်လျှောက် ကွန်ကရစ်ဓာတ်တိုင်တွေ စိုက်ထူနေကြပြီ။ လူကြီးတွေထက် ကလေးငယ်တွေက ပိုပြီးပျော်နေကြ၏။ လျှပ်စစ်မီးတွေရတော့မယ်။ ညဖက် လင်းလင်းထိန်ထိန်သွားလာကြရတော့မယ်ဆိုပြီး ပျော်နေကြခြင်းဖြစ်သည်။

''ဖေဖေ သမီးတို့ ဖယောင်းတိုင်နဲ့ စာကျက်စရာမလိုတော့ဘူးပေါ့နော်''

ဟု ငါးတန်းကျောင်းသူလေး မိုးစက်နှင်းကပြောတော့ ရန်ကုန်မြို့ကြီးဆီကို နီးဝါးသွားရောင်းရာမှ ပြန်လာသော ကိုတိမ်လှိုင်းတစ်ယောက် ပီတိတွေ လျှံကျသွား၏။ နီးဖြာနေသော ဖနီးသည် မရွှေပွင့်က မဲ့ပြုံးကလေး ပြုံးလိုက်သည်။

''တော်က ‥ ဘာမှမသိသေးဘဲကိုး'' ဟု မရွှေပွင့်က ပြောတော့ ‥

''ပြောပါဗျာ ‥ ခင်ဗျားက အိမ်မှာပဲအနေများတော့ ရွာသတင်းဘာသတင်း အစုံသိတာပေါ့'' ဆိုပြီး ကိုတိမ်လှိုင်းက မရွှေပွင့်ကို ခနဲ့လိုက်၏။

''ဒီမှာ ယောက်ျား ‥ လျှပ်စစ်မီးရဖို့ **တစ်အိမ်ကို သုံးသိန်းကျော်လောက်** ကုန်ကျမယ်ပြောတယ် သိလား''

**ဆိုတော့မှ** ကိုတိမ်လှိုင်းခမျာ ''ဟင်'' ခနဲ ပါးစပ်အဟောင်းသားဖြစ်သွားရင်း ဓာတ်တိုင်သစ်တွေကို ဆွေးမြည့်မြည့် ငေးရီကြည့်နေရှာတော့၏။

+++

မိုးတွေက သည်းသည်းမည်းမည်း ရွာချနေ၏။ သမီးလေးပင် ခြောက်တန်းကျောင်းသူဖြစ်သွားပြီ။ ဘက်ထရီအိုးနှင့်မီးချောင်းလေးဖွင့်ပြီး သမီးလေး မိုးစက်နှင်းကျောင်းစာတွေ ကျက်မှတ်နေသည်။ ရေမရှိတဲ့ကန်၊ မာန်မရှိတဲ့ကျား၊ သားမရှိတဲ့ မိခင်၊ အင်ဂျင်မရှိတဲ့ ကားအခွံကြီးလို ဓာတ်တိုင်တွေကို ငေးမောကြည့်ရင်း ကိုတိမ်လှိုင်း မြက်တွေချုံတွေ ရှင်းလင်းလျက် သက်ပြင်းတစ်စ လွှတ်ချလိုက်၏။ ဓာတ်တိုင်တွေပေါ်မှာ ဘယ်အချိန်ဘယ်အခါမှ လျှပ်စစ်ဓာတ်တွေ စီးဆင်းမည်မသိ။ ဓာတ်တိုင်လေးတွေ အသက်ဝင်မည့်နေ့ကို သူ စောင့်မျှော်နေမိသည်။

ခုတော့ သူ့အိမ်ရှေ့က ကွန်ကရစ်ဓာတ်တိုင်လေးခမျာ မိုးရေတွေထဲ ရေညှိတွေတောင်တက်နေပြီပဲ ‥။

လှိုင်းမွန်ဦး



ဟယ်လို ...

သောမတ်စ် အယ်ဒီဆင်

လှိုင်းမွန်ဦး

www.burmeseclassic.com



# ရဲနွယ်မောင် (သုံးဆယ်)

## ထင်သာ မြင်သာ



"အမယ်လေးတော် ကျုပ်ဥစ္စာတွေကုန်ပါပြီ"

ဒေါ်ကြာဖြူ့အော်သံကြောင့် သင်ဖြူးဖျာလိပ်ရန်ဟန်ပြင်နေသော ဦးသာကျော်လန့်သွား၏။ ဒေါ်ကြာဖြူကို ပြူးတူးပြဲတဲ လှမ်းကြည့်ပြီး ...

"မင်း .. ဘာတွေ အော်နေတာလဲ"

မေးလည်းမေး ဖျာကိုလည်း ဆက်လိပ်ရန် ဆွဲယူလိုက်သည်။

"တော့်အောက်ကို ငုံ့ကြည့်ဦး .. ရမ်းလုပ်တာပဲ"

ဒေါ်ကြာဖြူ၏ စိတ်ဆိုးမာန်ဆိုးပြောသံကြောင့် ဦးသာကျော် အောက်သို့ ငုံ့ကြည့်မိသည်။ လိပ်ယူစဖျာအတွင်းမှ လျှောကျထွက်လာသော ပလတ်စတစ်အကြည်အထုတ်ငယ်လေးများ၊ အိတ်မပိတ်ရသေးသံဖြင့် အိတ်အတွင်းမှ ပစ္စည်းများ ပြန့်ကျဲကျကုန်သည်။ ဖိတ်တစ်ဝက်စင်တစ်ဝက် မြင်မကောင်းတော့။

"ဟာ နွယ်ချိုထုပ်တွေပဲ"

ဦးသာကျော် အလန့်တကြားဖျာစကို လွှတ်ချလိုက်၏။ လွှတ်ချသည့်အရှိန်ကြောင့် နွယ်ချိုမှုန့်လေးများ ကြမ်းခင်းပေါ်တွင် မျက်စပစ်ပြနေကြသည်။ ဦးသာကျော်နှင့် ဒေါ်ကြာဖြူဇနီးမောင်နှံတို့ကား ကွမ်းယာပစ္စည်းဆိုင်လေးဖွင့်၍ ထမင်းစားနေကြသူများဖြစ်၏။ အငြိမ်းစားဝန်ထမ်းများလည်းဖြစ်သည်။ ပင်စင်ထုတ်ရက်ဖြစ်သောကြောင့် ဘဏ်သွားရန် ဟန်ပြင်နေချိန်ဖြစ်သည်။ တစ်ဦးတည်းသောသမီး အပျိုကြီးက ဆိုင်လာစောင့်ပေးနေသည်။

သည်နေ့ နွယ်ချိုလော့်ထောင်း အမှုန့်များကို ဒေါ်ကြာဖြူက ချိန်တွယ်ပြီး အိတ်ထဲထည့်သည်။ အိတ်လေးများကို သင်ဖြူးဖျာပေါ်တွင် စနစ်တကျတန်းစီထား၏။ ဦးသာကျော်က ဆိုင်အပြင်ခဏထွက်ပြီး ပြန်ဝင်လာရာ ဖျာခေါက်တစ်ခုပုံလျက်သား မြင်လိုက်သည်။ နွယ်ချိုထုပ်တွေမှန်း သူမသိ။

"ဆိုင်ထဲမှာ ဖျာခေါက်က ရှုပ်နေပါလား"

ဦးသာကျော်က သူ့အတွေးနဲ့သူ ချက်ချင်း ဖျာခေါက်ကို လိပ်ရန်ဆွဲအယူတွင် ဖျာအတွင်းမှ နွယ်ချိုမှုန့်များ ထွက်ကျလာခြင်းဖြစ်သည်။

ဘဏ်က ပြန်လာမှ [illegible] ကြာဖြူ့စိတ်ကူး။ ဖျာတစ်ဖက်အစနှင့် ပြန်ခေါက်အုပ်ရင်း သမီးဖြစ်သူကို မှာသည်။

"သမီးရေ .. ဖျာကို မဆွဲနဲ့နော်။ အထဲမှာ နွယ်ချိုထုပ်တွေ မပိတ်ရသေးဘူး"

ခုတော့ ဦးသာကျော်ခင်ဗျာ ဒေါ်ကြာဖြူအော်သံကြောင့် အဖြစ်မှန်ကို သိလိုက်ရခြင်းဖြစ်သည်။

"ငါမှ မသိတာပဲကွာ။ ဆိုင်ထဲမှာ ရှုပ်နေလို့ ဖျာကို လိပ်ရအောင် ဆွဲယူလိုက်မိတာ"

"သမီးကလည်း ဖေဖေသိတယ်မှတ်လို့ အမှတ်တမဲ့ နေလိုက်တာ"

"အမြတ်က နည်းနည်းပဲကျန်တာ။ ခုတော့ ကုန်ပါပြီတော်"

နှုတ်က တဖျစ်တောက်တောက်ပြောရင်း ဒေါ်ကြာဖြူက ထွက်ကျနေသော နွယ်ချိုမှုန့်တွေကို စုစည်းနေ၏။

"အေးကွာ .. မင်းတို့လုပ်ပုံကိုက ထင်သာမြင်သာရှိအောင် ဖျာကို ဖြန့်ခင်းထားဖို့ကောင်းတာ"

"ဟုတ်တယ်နော် ဖေဖေ။ မိသားစုလေး ၃ ယောက်ကြားမှာတောင် ထင်သာမြင်သာမရှိတော့ ခုလိုဖြစ်တာပေါ့"

သမီးဖြစ်သူ၏ စကားကို ဦးသာကျော်အားပါးတရ ထောက်ခံလိုက်သည်။

"အေးဟ .. ဟုတ်တယ်၊ ထင်သာမြင်သာဆိုတာ အမြဲ [illegible]ရှိသင့်တယ်ကွ .. ဟား .. ဟား .. ဟား"

ဒေါ်ကြာဖြူ့မျက်စောင်းက နဂါးသာဆိုလျှင် ဦးသာကျော် ပြာကျနေလောက်ပါပြီ။

ရဲနွယ်မောင်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



ဖွန်လ ၁ ရက်နေ့က ကျောင်းအပ်သည့်ကိစ္စများနှင့် ဝတ်စုံသစ်၊ ထီးသစ်ဝယ်ခြမ်းမှုများကြောင့် ကျောင်းသား/သူ လေးဦးရှိသည့် ကျွန်တော်တို့မိသားစုအတွက် စုဗူးမှငွေများကို အကုန်ထုတ်သုံးခဲ့ရပါသည်။ ကျောင်းသား/သူ ဖြစ်နေသော သားသမီးများ မျက်နှာမငယ်ရန်လည်း မုန့်ဖိုးပေးရမှာက မိဘများ၏ တာဝန်သာပင်။ ပြောင်တလင်းခါနေသော စုဘူးထဲသို့ တစ်နေ့လျှင် ငါးဆယ်ရရ၊ တစ်ရာရရ ကြိုးစား၍ ထည့်ရပေဦးမည်လေ။

တစ်လုံးတစ်ခဲမရနိုင်သော ရိုးသားစွာကြိုးစားမှုဖြင့်သာ အိမ်ထောင်ရေးကို ထူထောင်ခဲ့ကြသူများမို့ တစ်နေ့ နည်းနည်းချင်းသာ စုဆောင်းရမည်မဟုတ်ပါလော။ ကျွန်တော်က အိမ်သုတ်ဆေးလုပ်ငန်းလုပ်ပြီး ဇနီးကတော့ အိမ်မှာပင် စက်ချုပ်ပါသည်။ ဝါဝင်ဝါထွက် (သို့တည်းမဟုတ်) နှစ်သစ်ကူးအခါကြီးရက်ကြီးတွင် နှစ်ဖက်မိဘကို ကန်တော့ရန် ဇနီးမောင်နှံနှစ်ဦးစလုံး ဆန္ဒပြင်းပြသည်မို့ စုဆောင်းခဲ့တာ အကြိမ်ကြိမ်။ စီးပွားရေးအဆင်ပြေ၍ စုဆောင်းလိုက်၊ သားသမီးများကိစ္စပေါ်လာလိုက်။ မနှစ်ကလည်း မိဘများဆီ မကန်တော့ဖြစ်ခဲ့သဖြင့် မဖြစ်မနေ ဒီနှစ်ကန်တော့ရပေတော့မည်။ ကျေးဇူးကြီးလှသော မိဘများကို လက်ချည်းပဲလည်း မကန်တော့ချင်ပါ။ ဖယောင်းတိုင်၊ အမွှေးတိုင်၊ မုန့်တစ်ထုပ်နဲ့လည်း မကန်တော့ချင်သူများမို့ ထပ်မံစုဆောင်းရပေမည်။

"မိန်းမရေ ‥ ဒီနေ့ အဆင်ပြေတယ်ကွ။ မောင်တော့ တစ်ထောင်ထည့်လိုက်နိုင်ပြီ"ဟု ကျွန်တော်က ဝမ်းသာအားရကြွားလိုက်မိသည်ကို ဇနီးက မခိုးမခန့်မျက်နှာနှင့် ‥‥

"ကျွန်မက မနက်ကတည်းက နှစ်ထောင်ထည့်ထားပြီးပြီတော့" ဟု အနိုင်ယူသည့် လေသံမဟုတ်သော အောင်နိုင်သူလေသံဖြင့် ပြောခဲ့လေသည်။ ဒီနှစ်ဝါဝင်ရင်တော့ နှစ်ဖက်မိဘများကို ကန်တော့ရန် သေချာနေလေပြီ။ တစ်ဖက်ကလည်း သားသမီးများ မျက်နှာမညှိုးရန်ကို သတိပြုကာ အလိုက်သိစွာ ဝယ်ခြမ်းပေးရတာလည်း ရှိနေသေးသည်။

## ဂမ္ဘီရ အောင်ခေတ်မင်းခိုင် (မုဒုံ)

## စုဘူးလေးရဲ့ ကံကြမ္မာ



ကင်ပွန်းတပ်၊ မွေးနေ့ပွဲ၊ ရဟန်းခံရှင်ပြု စသော လူတို့နှင့် မကင်းသည့်ကိစ္စမြားမြောင် လူတို့ဘောင်အလုပ်ကလည်း လုပ်နေရပြန်၏။ ပတ်ဝန်းကျင်နှင့် ဆက်ဆံနေရသူများမို့ လူမှုရေးပျက်ကွက်၍ကား မဖြစ်။ တစ်အိမ်သွားလျှင်လည်း တစ်ထောင်မှမထည့်လျှင်မဖြစ်တော့သည့်ကာလ။ ဒီလိုနှင့်ပင် ဝါဝင်ကာနီးလေပြီ။ ကျွန်တော်နှင့်ဇနီးသည်တို့ကလည်း ကြိတ်၍စုကာ စုဘူးကို စိတ်ချမ်းသာမှုပေးခဲ့၏။ တစ်ခါတစ်ရံစုဘူးကြီးကို ရင်ဝယ်ထားပြီး ဇနီးသည်က ကလေးချော့သလို ချော့ကာ အနမ်းကလေးများ ပေးနေတတ်သည်။

"ဘာ သားငယ်လေးကို ကားပွတ်သွားလို့ဟုတ်လား"

ဇနီးသည်၏ စကားကြောင့် ဒေါသလည်းဖြစ် သောကလည်းဖြစ်ပြီး ဆေးရုံကို အရောက်သွားခဲ့ရ၏။ ကံကောင်းထောက်မ၍ သေကံမရောက် အသက်မပျောက်သော်လည်း တစ်ပတ်ခန့် အချိန်ယူကုသရမည့်အနေအထားရယ်မို့ မောင်းပြေးသွားသောကားကို အပြစ်တင်ရမလား။ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရမည်လား မသိတော့ပေ။ သားလေးအတွက်ဆေးကုသစရိတ် မဖြစ်မနေလိုအပ်နေသော ငွေကြေးအတွက် အိမ်၌ငြိမ်သက်စွာရှိနေသော စုဘူးလေးဆီသို့သာ အကြည့်ရောက်ခဲ့လေပြီ တကား။


ဂမ္ဘီရ အောင်ခေတ်မင်းခိုင်(မုဒုံ)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

ကျွန်မ ၁၅ နှစ်သမီးမှာ အမေ နှလုံးရောဂါနဲ့ဆုံးပါးခဲ့တယ်။ မိုးလင်းက မိုးချုပ် ပုံကျကုန်စိမ်းသည်ဘဝနဲ့ ပင်ပင်ပန်းပန်းဘာမှမလုပ်ဘဲ အိမ်ခြံမြေ၊ ကားပွဲစားအလုပ်ဆိုပြီး လူပေါင်းစုံနဲ့ ပေါင်းသင်း၊ အလောင်းအစား၊ အသောက်အစား၊ အပျော်အပါးနဲ့ အချိန်ကုန်နေတာများတယ်။ ပိုပိုလျှံလျှံရလာတဲ့အခါမှသာ အမေ့လက်ထဲ ငွေစက္ကူလေးငါးဆယ်ရွက်လောက်သာ တစ်ခါတလေ စိတ်လိုလက်ရရှိတဲ့အချိန်နဲ့ကြုံလို့ ပေးတတ်တယ်။ လိုအပ်လို့ ပြန်တောင်းတဲ့အခါမှာတော့ အမေ့အရင်းထဲကတောင် ပြန်ပါရင် ပါသွားတတ်ပါတယ်။ အမေကတော့ ကျေးဇူးတင်ပါတယ်။ အရက်မူးလာရင် သူများတကာ

○

"တရားခံ မစိန်လှသည် ‥ အပြစ်ရှိကြောင်း ထင်ရှားသဖြင့် တရားခံအား ထောင်ဒဏ်ကျခံစေရန် ‥"

ကျွန်မနားထဲသို့ ပြောသမျှစကားလုံးတွေက မဝင်တစ်ချက် ဝင်တစ်ချက်။ တရားခံ သတ်မှတ်ခံရသည့်နေရာမှာ ကျွန်မရပ်နေရတယ်။ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ ဒီအမှုနဲ့ပတ်သက်ပြီး လာနားထောင်သူတွေ၊ တရားလို၊ တရားခံနဲ့သက်ဆိုင်တဲ့ သက်သေတွေ၊ ဥပဒေနဲ့ဆိုင်တဲ့သူတွေ၊ ရှေ့နေတွေ ရှိကြတယ်။ သူတို့တွေအားလုံးကို ပီပီပြင်ပြင် ကျွန်မမမြင်ရဘူး။ ကျွန်မရဲ့ မျက်လုံးအစုံမှာ မျက်ရည်စတွေဖုံးနေတယ်။ ရင်ထဲမှာ အသည်းနှလုံးတွေ ကြေပျက်ပြုန်းသလို နာကျင်စွာ ခံစားနေရပြီလေ။ ကျွန်မကို တရားခံတဲ့။ တကယ်ပဲ ကျွန်မ တရားခံဖြစ်နေပြီလား။ အင်းပေါ့လေ။ လူတစ်ယောက်ရဲ့အသက်ကို မသေမချင်းသတ်ခဲ့တဲ့သူ။ သက်သေတွေလည်းရှိ၊ လူသတ်ကြောင်းလည်း အထင်ကရရှိနေတော့ ကျွန်မဟာ တကယ်ပဲ တရားခံဖြစ်နေပြီ။ မကြာခင် ကျွန်မလေးဘက်လေးတန်ကာရံထားတဲ့ အုတ်တံတိုင်းကြီးရဲ့အတွင်းမှာ အပြင်လောကနဲ့ ဆက်စပ်မှုလုံးဝမရှိဘဲ နေရတော့မယ်။ ကျွန်မကိုကြည့်ပြီး လူသတ်တရားခံတစ်ယောက်အနေနဲ့ စက်ဆုပ်ရွံရှာမှုဖြစ်ကြမယ်။

"လူပုံက ‥‥ ရုပ်ရည်ကလေးလှရက်သားနဲ့ လူတစ်ယောက်ကို ရက်ရက်စက်စက်သတ်ရက်တာ ‥‥ ယုံနိုင်စရာတောင်မရှိဘူး"

ယုံနိုင်စရာမရှိဘူးလို့ ပြောကြပေမယ့် တကယ်လက်တွေ့က ကျွန်မက တရားခံဖြစ်နေပြီ။

ဒြော် ‥ ကျွန်မရဲ့အကြောင်းကို ပြောပြရင် လူသတ်တရားခံအစစ်ဟာ ဘယ်သူဖြစ်နိုင်တယ်ဆိုတာကို စဉ်းစားဝေဖန်နိုင်ကြမှာပါ။

"အဖေရယ် ‥‥ အမေဖြင့် သေတာခြောက်လလောက်ရှိသေးတယ်၊ နောက် မိန်းမယူတာ မမြန်လွန်းဘူးလား"

**တချို့စကားတွေက ရိုးသားသလို တချို့စကားတွေက မာယာနှောတဲ့အပြောတွေ ဖြစ်တယ်။ လူငယ်သဘာဝ လှချင်ပချင် ကြည်နူးခဲ့ပေမဲ့ အဖေနဲ့ ကျွန်မရဲ့အကြားမှာ တစ်ခုခုခြားထားသလို ခံစားရတယ် ‥‥**



www.burmeseclassic.com

www.burmeseclassic.com


တွေလို သူက ရိုက်နှက်တတ်တဲ့အကျင့် အဖေ့မှာမရှိတဲ့အတွက်တဲ့။ အဖေနဲ့ပတ် သက်ရင် အမေ့မှာ သည်းခံစိတ်နဲ့ ဥပ ကျောစိတ်တွေကို လက်ကိုင်ပြုထားပြီး ဖြစ်တယ်။

အိမ်က မြို့သစ်မှာ မြေကွက်ခပ် ကျဉ်းကျဉ်းကို ဈေးသက်သက်သာသာနဲ့ ရတဲ့အတွက် ပျဉ်ခင်း၊ ထရံကာ၊ ဓနိမိုး တဲ့အိမ်လေးတစ်လုံးပိုင်တဲ့အတွက် နေ ရေးကစိတ်အေးရတယ်။ မိသားစုသုံး ယောက်တည်းသာရှိပြီး အေးချမ်းလှတဲ့ ကျွန်မတို့ဘဝလေးထဲက အမေအစော ကြီး ထွက်ခွာသွားတယ်။

အမေ့ကိုတွယ်တာ၊ အမေ့ကိုအား ကိုး၊ အမေ့ကိုပဲ သံယောဇဉ်ကြီးခဲ့မိတဲ့ ကျွန်မအတွက် အမေမရှိတဲ့နောက်မှာ မျက်ရည်ကိုပဲ အဖော်ပြုနေခဲ့ရတယ်။ အဖေပေးလာတဲ့ပိုက်ဆံနဲ့ ဆယ့်ငါးနှစ် သာရှိသေးတဲ့ ကျွန်မရဲ့ဘဝကို ထိန်းခဲ့ ရတယ်။

"အင်း ... ဒီလိုနေလို့တော့ မ ဖြစ်သေးပါဘူး"

အမေမရှိတော့တဲ့နောက်မှာ မ ကြာခဏ အဖေ့ဆီက ဒီစကားလုံးတွေ ကြားလာရတယ်။ အဓိပ္ပာယ်ကို ရေရေ လည်လည် နားလည်ခဲ့ရတာကတော့ အဖေက ဒါဟာ ငါ့နောက်မိန်းမပဲလို့ ပြောလာပြီး မိန်းမတစ်ယောက်ကို ခေါ် လာတဲ့အချိန်ပဲ။ ကျွန်မက အဖေ နောက်အိမ်ထောင်ပြုတာ စောလွန်း တယ်ဆိုတဲ့စကားပြောမိတဲ့အတွက် အ ဖေနဲ့ပါလာတဲ့မိန်းမရဲ့ မျက်စောင်းထိုး တာကို ခံလိုက်ရတယ်။

"ကလေးဟာ ... ကလေးပီပီနေ၊ ဒီနေ့ကစပြီး သူပြောသမျှ သမီးနား ထောင်ရမယ်၊ ကြားလား"

အဖေ့စကားကို နားမထောင်ချင် ပေမဲ့ ခေါင်းညိတ်ပြလိုက်ရတယ်။ မိ ထွေးဆိုတဲ့အမျိုးသမီးကြီးက အဖေနဲ့ယူ ပြီးတဲ့နောက် သူပါစီးပွားရှာမယ်ဆိုပြီး အပြင်ထွက် အရောင်းအဝယ်လုပ် တယ်။ ကျွန်မကတော့ ထမင်းချက်၊ အဝတ်လျှော်၊ ထဘီလျှော်ပြီး မိထွေး မျက်နှာကြည့်နေခဲ့ရတယ်။ အဖေ့ဘက် ကော အမေ့ဘက်မှာပါ ဆွေမျိုးအရင်း အချာမရှိတဲ့အတွက် ကျွန်မရဲ့ဘဝမှာ အဖေ့ရဲ့အရိပ်ကိုပဲ အားကိုးခဲ့ရတယ်။ မကျေနပ်တဲ့အခါမှာ မိထွေးပါးရိုက်တဲ့ ဒဏ်ကို အဖေ့ရှေ့မှာတင် မျက်ရည် ပေါက်ပေါက်ကျရတယ်။ အဖေကတော့ အရက်ကလေးတမြမြ၊ ဖဲလေးချနေရ ရင် သူ့အတွက် စည်းစိမ်ပေါ့။ ခိုင်းသမျှ လုပ်ပြီး ကျွေးသမျှစားရတဲ့ ကျွန်မရဲ့ ဘဝပေါ့။

ဒီလောက်ရုပ်လေးလှရက်သားနဲ့ စိတ်ရိုင်း ဘာကြောင့်ဝင်ရသလဲလို့ ပြော ကြတယ်။ အရွယ်လေးရောက်လာတဲ့ ကျွန်မဘဝမှာ မပြုမပြင်နေခဲ့ရပေမယ့် အလှသွေးကြွပြီး လှချင်တိုင်းလှလာတဲ့ ကျွန်မရဲ့အနားကို ဝဲလာတဲ့ ပျားပိတုန်း တွေကလည်း အမျိုးအစား ကွဲပြားစွာနဲ့ တရှုန်းရှုန်းပေါ့။

"ဟဲ့ ... စိန်လှ၊ ဒါလေး ဝတ် ကြည့်စမ်း"

တဖြည်းဖြည်းနဲ့ ထူးခြားတဲ့အပြု အမူတွေကို မိထွေးဆီက မြင်လာရ တယ်။ ကျွန်မကို အဝတ်အစားလှလှ ပပတွေ ဝတ်ဆင်စေတယ်။ အလှအပ ကိုလည်း ပြင်ခိုင်းတယ်။

"မိန်းမပျိုလေးဆိုတာ လှလှပပနဲ့ ပြင်ပြင်ဆင်ဆင် နေမှပေါ့"

မကြာခဏ သူနဲ့အတူ အရောင်း အဝယ်သမားတွေဆိုပြီး ယောကျ်ား သားတွေ၊ အသက်အရွယ်အမျိုးအစား သာ ကွဲပြားတယ်။ အိမ်ကိုလိုက်လာကြ ပြီး အဖေနဲ့ အရက်ဝိုင်းဖွဲ့သောက်ကြ၊ ပျော်ကြပေါ့။ ငွေစကြေးစ ရှင်လာတဲ့ အချိန်လို့ပဲ ပြောရမယ်။

"အန်တီ့သမီးက တကယ်ချော တာပဲ"

တချို့စကားတွေက ရိုးသားသလို တချို့စကားတွေက မာယာနှောတဲ့အ ပြောတွေ ဖြစ်တယ်။ လူငယ်သဘာဝ လှချင်ပချင် ကြည်နူးခဲ့ပေမဲ့ အဖေနဲ့ ကျွန်မရဲ့အကြားမှာ တစ်ခုခုခြားထား သလို ခံစားရတယ်။ မမျှော်လင့်ရဲခဲ့တဲ့ အဖြစ်ကို ကျွန်မ ကြုံရပြီ။

"ကိုလှမောင် ဆုံးပြီ"

မနက်စောစော အိမ်ကထွက် သွားတဲ့ အဖေ့ရဲ့သတင်းစကားဟာ နေ့ ခင်းပိုင်းလောက်မှာ အမင်္ဂလာသတင်း ကို ကြားရတယ်။

ဖဲဝိုင်းမှာ စကားများကြရင်း ရန် ဖြစ်ကြရာက တွန်းတွန်းထိုးထိုးပြုကြ တယ်။ အဖေက ချော်လဲကျပြီး ဒဏ် ရာရလို့ သေသွားတယ်လို့ပြောကြပြီး ဆေးရုံကပဲ သင်္ဂြိုဟ်လိုက်တယ်။

"သေတဲ့သူက သေသွားပြီ၊ ညည်းသွားလို့လည်း ဘာအကြောင်းထူး တာမှမဟုတ်တာ"

"ညည်းအဖေက ငါ့ယောကျ်ား၊ ဒီအိမ်က ညည်းအဖေအိမ်ဆိုပေမဲ့ ငါ က ... သူ့မိန်းမဆိုတော့ ဒီအိမ်လည်း ငါနဲ့ဆိုင်တယ်၊ ငါ့စကားကို ညည်း နား ထောင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"စီးပွားရှာရတာ ... လွယ်တာမဟုတ်ဘူးနော်၊ သုံးချင်ဖြုန်းချင်ရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာပေါ့"

ကျွန်မအတွက်လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းလေးတွေ ဝယ်ချင်လို့ ပိုက်ဆံတောင်းတဲ့အခါမှာ မိထွေးရဲ့ပါးစပ်က လေသံတွေပြောင်းစပြုလာသလို ငြိုငြင်တဲ့စကား၊ မသဒ္ဒါတဲ့အသုံးအနှုန်းတွေကိုလည်း ကြားရတယ်။

"ညည်း ရည်းစားတွေ ... ဘာတွေ မထားနဲ့နော်၊ ငါ သဘောတူတဲ့သူနဲ့မှ ညည်းယူရမှာ"

အရပ်ထဲက ကျွန်မကိုကြိုက်တဲ့သူတွေ အိမ်ရှေ့က ဖြတ်သွားဖြတ်လာပြုတဲ့အခါမှာမိထွေးက ရန်လိုတဲ့စကား၊ မကျေနပ်တဲ့အမူအရာတွေပြပြီး ဟန့်တားတယ်။ ကျွန်မရင်ထဲမှာ အချစ်ဆိုတာ မပေါ်ပေါက်လာပေမယ့် အားကိုးအားထားပြုရမယ့်သူကိုတော့ ရှာချင်လာတယ်။ အသက်ဆယ့်ရှစ်နှစ်အရွယ်ရှိလာပြီ ဖြစ်တဲ့အတွက် မိထွေးရဲ့လောင်းရိပ်အောက်က ထွက်ချင်ပြီ။ ကျွန်မကို ကြိုက်တဲ့သူတွေအထဲက ပြန်ကြိုက်ဖို့ စိတ်ကူးခဲ့ပေမယ့်လို့ စိတ်ကူးကို အကောင်အထည်မဖော်နိုင်ခဲ့ဘူး။

ကိုလှမြင့်ဆိုတဲ့သူက ကျွန်မရဲ့ဘဝထဲကို ပထမဆုံးဝင်လာတဲ့သူ။ ဌာနတစ်ခု ဝန်ထမ်း။ မိဘတွေက စီးပွားရေးအခြေခိုင်ကြတယ်။ မောင်နှမလေးယောက်မှာ သူက တစ်ဦးတည်းသောသားယောကျ်ားလေးဖြစ်တဲ့အတွက် သူ့မိသားစုထဲမဝံ့မရဲနဲ့ဝင်ဖို့စဉ်းစားခဲ့တယ်။

"အစ်ကို့အချစ်ကို .. ညီမ လက်ခံပါတယ်၊ ညီမကို လက်ထပ်ယူပါလားဟင်"

ဘဝကို တည်တည်ငြိမ်ငြိမ်နဲ့ အခြေတကျနေချင်တဲ့အတွက် သူ့အချစ်ကို အမြန်ဆုံးလက်ခံပြီး လက်ထပ်ဖို့တောင်းဆိုမိတယ်။ လူကဲခတ်မှားသွားတဲ့ ကျွန်မရဲ့ဘဝမှာ ပထမဆုံးသင်ခန်းစာရလိုက်မိတယ်။

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး ကူကြေ့လေးတောင် မဆောင်နိုင်ဘူး၊ အညှာလွယ်လွန်းလှတယ်"

အထင်သေးစွာနဲ့ ကျွန်မရဲ့အပါးက ခွဲခွာသွားခဲ့တယ်။ အဲဒီနောက် ချစ်စကားဆိုလာသူတွေကို လွယ်လွယ်ကူကူ မစဉ်းစားတော့ဘဲ သေသေချာချာတွေးပြီး လေ့လာပြီးမှ လက်ခံဖို့ ကျွန်မဆုံးဖြတ်လိုက်တဲ့အတွက် ကျွန်မအနားကို ရောက်လာသူမှန်သမျှကို ခပ်တည်တည်အနေအထားနဲ့ ဆက်ဆံလိုက်တယ်။

"ကြီးကျယ်လိုက်တာ ... သူက ဘာမို့လို့ ခပ်တည်တည်လုပ်နေရတာလဲ၊ အလကား ဟန်ဆောင်နေတာ"

တစ်ခွန်းနှစ်ခွန်းပြောမရတာနဲ့ အတင်းအဖျင်းစကားဆိုပြီး ကျွန်မကို ကျောခိုင်းလာကြတယ်။ ဘဝရဲ့အခြေအနေက အထင်ကြီးစရာမရှိ။ အခြေခံပညာက နတ္ထိ၊ ဓနအခြေအနေက မွဲလှတဲ့ ကျွန်မရဲ့ဘဝမှာ ဘယ်သူကများအထင်ကြီးပါ့မလဲရှင်။ ရုပ်ရည်လေးတစ်ခုသာ လှပါတယ်လို့ ပြစရာရှိတဲ့သူပါ။

အဲဒီအချိန်မှာ မီးလောင်ရာလေပင့်။ အမှိုက်ဖြစ်သွားအောင် လွှင့်တတ်သူက ကျွန်မရဲ့ မိထွေးပေါ့။

"ကိုယ့်ကို ... ဂရုမစိုက်တဲ့ယောကျ်ားတွေကို ပညာပေးရမယ်၊ သူတို့နဲ့ ပတ်သက်လာရင် ကိုယ့်ဘက်ကဘယ်တော့မှ အရှုံးမရှိစေနဲ့"

တစ်စ တစ်စ နားသွင်းလာတဲ့ သူ့စကားတွေက အခြေခံပညာအားနည်းပြီး ခိုင်ကျည်တဲ့အတွေးအခေါ်ချွတ်ယွင်းလှတဲ့ ကျွန်မရဲ့ဦးနှောက်ထဲမှာ တဖြည်းဖြည်းနဲ့ အမြစ်တွယ်လာတယ်။ လက်တည့်စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ပြီး ကျွန်မမှာ ရှိရှိသမျှ မာယာအင်အားကို အသုံးပြုတော့တယ်။ အချစ်ဆိုတာ ဘာလဲ။ ကျွန်အတွက် ကစားစရာဖြစ်အောင် လုပ်လိုက်တယ်။ အူလည်လည်ဆိုရင် ကလူကျီစယ်သလိုနဲ့ ကျွန်မလိုချင်တာမှန်သမျှကို မြူဆွယ်ပြီး အရချိုင်လိုက်တယ်။ ခပ်လည်လည်လူနဲ့တွေ့ရင် ကိုယ်က ရိုးအသလိုလိုထုံနနနဲ့ သနားစရာအသွင်ကိုယူပြီး ကိုယ့်အတွက် ရသမျှလေးကိုချိုင်ပြီး အန္တရာယ်ကင်းအောင်နေရတယ်။

"ညည်းကို ... ငါက ကျွေးမွေးထားရတာ၊ ငါလည်း .. အလုပ်အကိုင်သိပ်မကောင်းဘူး၊ ညည်းအဆင်ပြေရင် ငါ့လည်း နည်းနည်းပါးပါးလောက်တော့ မျှဦးအေ"

ကျွန်မလှုပ်ရှားမှုနဲ့ ရလာသမျှတွေထဲက မိထွေးက မျက်စောင်းထိုးပြီး ရနိုင်သမျှကို တောင်းဆိုလာတယ်။ ရသမျှကို ဆင်ဆင်ခြင်ခြင်မသုံးဘဲ လှသထက်လှအောင်ပဲ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်လာတယ်။ ကျွန်မလက်ထဲမှာ တဖြည်းဖြည်းနဲ့ ကစားစရာပုရိသသတ္တဝါတွေ များလာတယ်။ ခန္ဓာကိုယ်မပွန်းပဲ့ပေမယ့် စိတ်အာရုံနဲ့ ကျွန်မရဲ့ပတ်ဝန်းကျင်မှာတော့ သိက္ခာတွေပွန်းတာ ပဲ့ရှဲ့နေပြီ။

"စိန်စိန်ရေ"


www.burmeseclassic.com

www.burmeseclassic.com



မိထွေးက ကျွန်မကို ခေါ်တဲ့အမည် ဖြစ်တယ်။ တစ်စုံတစ်ခုအတွက် ကျွန်မကို ခိုင်းတော့မယ်။

"ဒီနေ့ ... သမီး အပြင်မသွားဘူးလား"

"ဟင့်အင်း ... သွားစရာကိစ္စ မရှိဘူး"

"အေး ... ဒါဆို အဒေါ့်အလုပ်ကိစ္စအတွက် သွားပေးပါလား၊ အဒေါ် အဲဒီလူဆီမှာ ငွေနှစ်သောင်းရစရာရှိတယ်၊ အဒေါ်ကလည်း ... သူ့ကိစ္စအဆင်ပြေအောင် ဖန်တီးပေးမယ်လို့ ပြောထားတာ၊ ဒီနေ့ ... ငွေကြေးကိစ္စအချိန်းအချက် လုပ်ထားတယ်၊ ဒီမှာကလည်း တခြားအလုပ်ကိစ္စက ချိန်းထားတာ အရေးကြီးလို့"

သူ့ စကားရှည်ရှည်ဝေးဝေးပြောနေတာကို ဆက်ပြီး နားမထောင်ချင်တော့တဲ့အတွက် လိပ်စာအတိုင်း ကျွန်မလာခဲ့တယ်။ ညနေစောင်းရုံးဆင်းချိန်ဖြစ်တဲ့အတွက် အချိန်အတော်လေးကြာမှ ကားစီးပြီး ကျွန်မလာခဲ့ရတယ်။ ရပ်ကွက်တစ်ခုရဲ့ သီးသန့်ခြံဝင်းထဲက တိုက်တစ်လုံး။ တစ်အိမ်နဲ့တစ်အိမ်က ခပ်လှမ်းလှမ်း။ တစ်အိမ်နဲ့ တစ်အိမ်က အကြောင်းတစ်စုံတစ်ရာဖြစ်ရင်တောင် ချက်ချင်းမသိနိုင်တဲ့ အနေအထားမှာ ရှိကြတယ်။

"ဦးဘလှအောင်ဆိုတာ"

ကျွန်မ ဝင်လိုက်တဲ့ အိမ်ထဲက ထွက်လာတဲ့သူက အသက် ၅၀ ကျော်၊ အသားမည်းမည်း၊ ဝဝဖိုင့်ဖိုင့်၊ အရက်ဆီအစ်တဲ့မျက်နှာနဲ့ လူတစ်ယောက်။ သူ့ကိုပဲ မေးလိုက်ရတယ်။

"ဦးဘလှအောင်ဆိုတာ အစ်ကို



ကြီးပဲ ဘာကိစ္စရှိလို့လဲ"

ကျွန်မရဲ့အမေးကိုဖြေပြီး ကျွန်မတစ်ကိုယ်လုံးကို ခပ်စူးစူးကြည့်လိုက်တယ်။ မိုးပြာရောင်ဝမ်းဆက်နဲ့ ယခုခေတ်ပေါ်ဒီဇိုင်းပုံစံကို ချပ်ချပ်ရပ်ရပ်၊ တစ်တစ်ရစ်ရစ်ဝတ်ထားတဲ့ ခန္ဓာကိုယ်က သူ့ကိုဖမ်းစားလိုက်သလိုပင်။

"အန်တီမေခင်က လွှတ်လိုက်လို့ ဦးဘလှအောင်ပြောထားတဲ့ကိစ္စ .. အဆင်ပြေတယ်၊ ငွေရှင်းပေးလိုက်ပါတဲ့"

"ဟာ ... တကယ်လား"

"ဟုတ်ကဲ့ .. အဲဒီအတိုင်း ပြောလိုက်တာပါ"

"ဒါကြောင့် ... မင်းကို လွှတ်လိုက်တာပေါ့"

"ဟုတ်ကဲ့"

"လာ ... လာ အိမ်ထဲဝင်၊ ကိစ္စအဆင်ပြေရင် ငွေပေးရမှာပေါ့"

သူ့အိမ်အတွင်းအဝန်းအဝိုင်းထဲကို ကျွန်မဝင်လိုက်ရတဲ့အချိန်မှာ ကျွန်မဘဝ မိုးမှောင်ကျရတော့တယ်။ ရှန်းရင်းကန်ရင်း ထုရိုက်ရင်းက ကျွန်မဘဝပျက်ရပြီ။ အဲဒီ လူ့ဘီလူးကြီးက စကားတွေ အများကြီးပြောခဲ့တဲ့အထဲမှာ ငွေနှစ်သောင်းနဲ့ ကျွန်မခန္ဓာကိုယ်ကို ရောင်းစားခံလိုက်ရမှန်း သိလိုက်တယ်။

"ကဲ ... ရော့၊ မင်း အန်တီကို ပြောလိုက်ပါ၊ အဲဒီလို ပစ္စည်းကောင်းလေးတွေရရင် လိုချင်ပါတယ်လို့"

အဆီရစ်တဲ့မျက်နှာ။ ရမ္မက်ဇောကြွတဲ့ဟန်ပန်နဲ့ အဲဒီလူကြီးဆီက နောက်တစ်နေ့မိုးလင်းမှ ကျွန်မ ပြန်လာခဲ့ရတယ်။ ကျွန်မရင်ထဲမှာ ဒေါသမုန်တိုင်းနဲ့အတူ အသိတစ်ခုကို ရလိုက်တယ်။ ဘဝတစ်ခုကို အရှယ်ရောက်စ ကျွန်မကို ဆင်ကန်းတောတိုးအဖြစ်ဆိုးနဲ့ ကြုံရအောင် သင်ပေးခဲ့တယ်။ ကျွန်မအမေကို အဖေက လင်သားဝတ္တရားမကျေပွန်စွာနဲ့ အသက်ဆုံးစေခဲ့တယ်။ ကျွန်မအဖေကို အဲဒီမိထွေးဆိုတဲ့ အမျိုးသမီးကြီးက မာယာနှောပြီး လူဆိုး၊ လူမိုက်တွေတောမှာ အသက်ဆုံးပါးစေခဲ့တယ်။ ကျွန်မကျတော့ ..။ ရင်ထဲမှာ မွန်းကျပ်တဲ့အတွေးနဲ့ ဆူးချုံတစ်ချုံလုံး စူးနစ်ဝင်လိုက်သလိုနာကျင်လိုက်ပါဘိ။

"ငါဖြင့် ... မျှော်လိုက်ရတာ စိန်စိန်ရယ်"

အိမ်ကို ဘယ်လိုဘယ်ပုံနဲ့ ရောက်လာမှန်းမသိတဲ့ကျွန်မကို အပျော်ခရီး ထွက်ရာက ပြန်လာတဲ့သူကို ကြိုဆိုနှုတ်ဆက်တဲ့ပုံစံနဲ့ ရယ်ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်မ ရည်စားတွေထည်လဲထားမိတာလည်း မိန်းကလေးတန်ဖိုးကို ဘယ်လိုထိန်းရမယ်ဆိုတာကို သွန်သင်ပြမယ့်သူမရှိခဲ့လို့ပါ။ ဒါပေမဲ့ ကျွန်မဘဝက မညစ်နွမ်းခဲ့သေးပါဘူး။ အခုမှ အပျိုစင်ဘဝ နစ်မွန်းရတာပါ...

မော သူက နှုတ်ဆက်လိုက်တယ်။

"ဒီကိစ္စကို ... အဒေါ်သိပြီးသား မဟုတ်လား"

"အင်းလေ"

"သားသမီးချင်း မစာနာ .. အဒေါ်လုပ်ရက်တယ်"

"အမလေးအေ .. ညည်းလည်း ရည်းစားတွေ အများကြီး ထားဖူးသားပဲ၊ ဘာများထူးဆန်းလို့လဲ"

"ကျွန်မရည်စားတွေ ... ထည်လဲထားမိတာလည်း မိန်းကလေးတန်ဖိုးကို ဘယ်လိုထိန်းရမယ်ဆိုတာကို သွန်သင်ပြမယ့်သူမရှိခဲ့လို့ပါ၊ ဒါပေမဲ့ ... ကျွန်မဘဝက မညစ်နွမ်းခဲ့သေးပါဘူး၊ အခုမှ အပျိုစင်ဘဝ နစ်မွန်းရတာပါ"

"ကဲပါအေ ... သိပ်ပြီး စကားတွေရှည်မနေပါနဲ့၊ ပြီးပြီးသားဟာ ဘာမှပြန်ဖြစ်လာမှာ မဟုတ်ပါဘူး၊ ငါ့ကို တစ်သောင်းခွဲပေး၊ ညည်းငါးထောင်ယူ"

ကျွန်မ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်တယ်။ ကျွန်မရဲ့ခန္ဓာကိုယ် ညစ်နွမ်းခဲ့ရတဲ့ငွေကို သူက ကြွေးရှင်ကြွေးတောင်းသလို တောင်းနေလေရဲ့။ မထူးခြားတဲ့အရာတစ်ခုလို့ သတ်မှတ်ပြီး သူက ဒါကို စီးပွားရေးအဖြစ် လုပ်ဆောင်နေတယ်လို့ ကျွန်မသိလိုက်ပြီ။ ဒီလိုယုတ်မာရိုင်းစိုင်းလှတဲ့ သူတွေရှိနေတဲ့အတွက် မသိနားမလည်၊ လှချင်ပချင်၊ ဝတ်ချင်စားချင်တဲ့ မိန်းကလေးတွေ ဘဝပျက်ခဲ့ကြရတယ်။ ကျွန်မကိုင်လာတဲ့လက်ထဲက ပိုက်ဆံအိတ်ထဲမှာ ငွေနှစ်သောင်းက သားရေကွင်းနဲ့ စည်းလျက်ရှိနေတယ်။

"ပေးလေ ... ပိုက်ဆံ"

"ပေးမယ် .. ကျွန်မ ရေသောက်ချင်သေးတယ်၊ နောက်ပြီး .. အဒေါ်နဲ့ အလုပ်ကိစ္စလည်း ပြောချင်တယ်"

"နောက်ထပ်လက်ခံဖို့လား .. ဒါများ ငါဆက်သွယ်ပေးမှာပေါ့၊ ငွေများများရအောင် ပြောရမယ်၊ ငါ ပြောသားပဲ မထူးပါဘူးလို့"

ကျွန်မ မီးဖိုချောင်ထဲကို ဝင်ပြီး သောက်ရေအိုးစင်က ရေအိုးထဲက ရေတစ်ခွက်ခပ်ပြီး အားရပါးရ မော့သောက်လိုက်တယ်။ ကျွန်မရဲ့စိတ်ကို အားအင်ပြည့်သွားအောင်လို့ အားဖြည့်လိုက်တဲ့သဘောပဲ။

"အဒေါ် ... ဒီမှာပဲ ပိုက်ဆံလာယူတော့၊ ကျွန်မ မောလို့ထိုင်နေတယ်"

"အေး ... အေး .. လာပြီ .. လာပြီ"

လောဘဇော မောဟဇောနဲ့ ဝင်လာတဲ့သူကို ဒေါသဇောနဲ့ ကျွန်မ ကြို လိုက်တယ်။

"အား .. အမလေး .. နင် နင်"

အိမ်မှာရှိတဲ့ ကြက်သွန်လှီးတဲ့ဓားထက်ထက်နဲ့ အခန်းထဲက ဆီးကြိုပြီး ဝမ်းဗိုက်နဲ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ သုံးလေးချက် ဆင့်ထိုးလိုက်တယ်။ သွားပြီ။ သွားပြီ။ သွေးအိုင်ထဲမှာ မျက်လုံးအပြူးသားနဲ့ ကျွန်မကို ကြည့်နေလေရဲ့။ ဘာတတ်နိုင်သေးလဲ။ နောက်ထပ် ဘယ်သူ့ကိုမှ ဘဝပျက်အောင် သူ ဖျက်ဆီးနိုင်မှာ မဟုတ်တော့ဘူး။

ဘယ်လောက် အချိန်ကြာကြာ အားရပါးရ ကျွန်မ ရပ်ကြည့်နေမိတယ် မသိဘူး။ ကျွန်မရဲ့အနားကို လူတွေ ဝိုင်းအုံလာပြီး လက်ထဲက ဓားကို ယူ လိုက်ကြတယ်။

"ရုပ်ကလေးနဲ့မလိုက်အောင် လူ သတ်ရဲလိုက်တာ"

ကျွန်မကို တရားခံအဖြစ်နဲ့ ဖမ်း လိုက်ကြပြီ။ ကျွန်မဟာ တကယ့်ကိုပဲ တရားခံအစစ်တဲ့လား။ ဥပဒေအရဆို ရင်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ...


မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com





မောင်ယဉ်ကျော်

# စုံထောက်ဒိုင်ယာရီ

## ဇနီးသမီးကို တောင် မသိတော့ဘဲ စိတ်ဒဏ်ရာရသွားတဲ့ ရဲစုံထောက်ကြီးတစ်ဦး
## အချစ်ရူးရူးပြီး သူများမယားနဲ့ သိက္ခာကျခဲ့ရတဲ့ ဘောလုံးသမား



အချစ်ရယ် ‥ တစ်ဖက်သတ် အချစ်ဆိုတာ အစွန်းရောက်ပြီး အတ္တများပါတယ်။

မောင်ဟာ မင်းကိုတစ်ဖက်သတ်ချစ်ခဲ့ပေမယ့် ဒဿဂီရိလိုမလုပ်ခဲ့ဘူး။ စွဲလမ်းပေမယ့် ပွဲမကြမ်းခဲ့ဘူး။ မောင်က ဥပဒေဘက်တော်သားဖြစ်လို့ သီတာဒေဝီကို သိးယိုပြည့်ရောက်အောင်ခိုးပြေးသွားတဲ့ ဒဿဂီရိဟာ ရာဇသတ်ကြီးစကားနဲ့ပြောရရင် ပုဒ်မ ၃၆၃ ကို ကျူးလွန်သလို ခိုးပြေးတုန်းက သီတာဒေဝီရဲ့လက်ကို အလိုမတူဘဲ အတင်းဆွဲထားတာကလည်း ပုဒ်မ ၃၅၄ ကို ကျူးလွန်တာပဲ။ တစ်ခါ ဒဿဂီရိမိန်းမခိုးတုန်းက အသုံးပြုခဲ့တဲ့ စကြာယာဉ်ကိုလည်း သက်သေခံပစ္စည်းအဖြစ်သိမ်းရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းကို ချစ်ပေမယ့် အပြစ်တွေနဲ့ နပန်းမလုံး ချင်ဘူး။ ဥပဒေနဲ့လည်း တိုက်ပွဲမဝင် ချင်ဘူး။ မိုးရေချိုးချင်ပေမယ့် မိုးရွာမယ့်အချိန်ကို ဖွဲကောင်းကောင်းစောင့်နေခဲ့တဲ့သူပါ။

အချစ်နဲ့ပတ်သက်လာရင် ရာဇဝင်ထဲမှာထားခဲ့တဲ့ ဒဿဂီရိလို လူကြမ်းအဖြစ်မခံပါဘူး။ စိတ်ချစမ်းပါ။

(၂)

ကမ္ဘာပေါ်မှာ အချစ်ဆိုတာစခဲ့ကြတဲ့ အာဒံနဲ့ဧဝနဲ့ပတ်သက်ပြီး သိပ္ပံပညာရှင်တွေရဲ့ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်တဲ့အကြောင်း Daily Mail (1-8-2013) ရက်နေ့ထုတ်ထဲမှာ ဖတ်လိုက်ရတယ်။

အရင်တုန်းက အာဒံနဲ့ဧဝချစ်ခဲ့ကြတာ အာဖရိကတိုက်ထဲမှာတဲ့။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စတန်းဖို့ဒ်တက္ကသိုလ်ပညာရှင်တွေ စုံစမ်းရှာဖွေတွေ့ရှိကြတာဆိုပဲ။

အာဒံရဲ့ ဝိုင်ခရိုမိုဆိုမယ်လ်ဆဲလ်နဲ့ ဧဝရဲ့ အိတ်စ်ခရိုမိုဆိုမယ်လ်ဆဲလ်တွေပါတဲ့ လူသားတွေ လိုက်လံရှာဖွေကြတဲ့အခါ အာဒံနဲ့ ဧဝတို့က သူတို့မျှော်မှန်းထားတာထက်တောင် ပိုပြီး ရှေးကျသေးတယ်ဆိုပါလား။ အာဒံရဲ့ ဆဲလ်အမျိုးအစားက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၆၀၀၀ နဲ့ အထက်ကာလထဲက အသက်ရှင်နေခဲ့ကြတာတဲ့။ ဧဝရဲ့ဆဲလ်တွေက နှစ်ပေါင်း ၁၄၈၀၀၀ ဝန်းကျင်က အသက်ရှင်သန်နေတာဆိုတော့ တွေးမိတယ် အချစ်ရယ်။ အာဒံက ဧဝထက်စောပြီး ကမ္ဘာမြေပေါ်လူလာဖြစ်တာပေါ့။ ဖြစ်နိုင်ပါတယ်။ အာဒံရဲ့ နံရိုးက ဧဝဖြစ်တယ်ဆိုတာလေ။ ဧဝရဲ့ ဘဝက အာဒံကစတာဖြစ်လို့ မိန်းကလေးတွေက ယောကျ်ားလေးတွေ အားကိုးလာခြင်းရဲ့ အစပေါ့။

သဘောပေါက်တယ်နော် ..

(၃)

အချစ်တွေပုံပေးပြီး ယူလာတဲ့ မိန်းမကို အချစ်တွေကုန်လို့ ကွာရှင်းခွင့်ပေးတော့မယ်ဆိုရင် အချစ်တွေအစား ငွေတွေပုံပေးရတာ ကမ္ဘာ့အချမ်းသာဆုံးလင်မယားကွာရှင်းမှုတွေမှာ မကြာခဏတွေ့ခဲ့ရလို့ မောင်တို့ဆီက လင်မယားကွာရှင်းခဲ့တာ အသေးအမွှားကလေးကစားသလိုပါပဲလားလို့။

ဒါပေမဲ့ အိမ်ထောင်ရေးဆိုတာ ငွေပေးရတာ မတူညီကြပေမယ့် အချစ်ပေးရတာကြတော့ အားလုံးအတူတူပါ။ တရားသူကြီးက ချမ်းသာတဲ့ပေါ်မှာ မူတည်ဆုံးဖြတ်တာပါ။ အချစ်ဆိုတာ ဒေါ်လာမဟုတ်သလို .. ယွမ်ငွေလည်း မဟုတ် .. ကျပ်ငွေလည်းမဟုတ် .. ရူးပီလည်း မဟုတ်ဘူးလေ။

ငွေက ကိုင်တွယ်သတ်မှတ်လို့ရတဲ့ အရာဝတ္ထု။ အချစ်ဆိုတာ စိတ်။ ကိုင်တွယ်သတ်မှတ်လို့မရဘူး။ တချို့က ပြောတယ်။ အချစ်ကို ငွေပုံပေးထားရင် မြဲတယ်တဲ့။ အဲဒါမှားတယ်။ ငွေရှိတဲ့လူတွေဟာ အချစ်ကို ငွေနဲ့လိုက်နေကြတာများတယ်။

ခုလည်း အီတလီဝန်ကြီးချုပ်ဟောင်း ဆီလ်ဗီယိုဘာလူစကိုနီ(၇၈) နှစ်က ၁၉၈၀ ပြည့်နှစ်က မီလန်မြို့မှာရှိတဲ့ ကပွဲရုံတစ်ရုံမှာ မစ်လာရီကို တွေ့ခဲ့ရာက ကြိုက်မရှက်ဆိုသလို အဝတ်လဲခန်းထဲမှာ သွားတွေ့ ချစ်ရေးဆိုပြီး ရယူခဲ့တယ်။ သိပ်ချစ်ကြတာပဲလို့ လူတွေက ပြောကြတယ်။ သိပ်ချစ်ကြတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် စိတ်မညစ်ကြသေးတဲ့ ကြားကာလမှာ ပြောနေကြတဲ့ စကားပါ။

အခု ဝန်ကြီးချုပ်ဟောင်းက စိတ်ညစ်စရာပေါ်လာပြီး သူက အသက် ၂၈ နှစ်အရွယ် ဖရန်စက်စကာပါကာလီကို သိပ်ချစ်သွားပြီလေ။ ဒီ မော်ဒယ်လ်မလေးရဲ့ ၁၈ နှစ်မြောက်မွေးနေ့ကတည်းက သူနဲ့စတွေ့ စချစ်ခဲ့ကြတာတဲ့။ သူက အီတလီနိုင်ငံရဲ့ သက်တမ်းအရှည်ဆုံးဝန်ကြီးချုပ်အဖြစ်ကနေ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလထဲမှာ နုတ်ထွက်လိုက်တော့ ဒီကိစ္စတွေ မစ်လာရီယို(၅၆)နှစ်က သိသွားတော့ အချစ်ဆိုတာ ယမကာမဟုတ် ဝေမစားနိုင်ဘူး။ ခပ်ပြတ်ပြတ်ပဲ ပြောမယ်။ ကျွန်မပြတ်တယ် .. ကွာပေးပါတဲ့။

ပြောချင်ဘာ ပြောတော့လေ။ ဝန်ကြီးချုပ်ဟောင်းကလည်း အချစ်တုတ်ကွေးမိနေပြီဆိုတော့ မင်းစိတ်ညစ်သက်သာအောင် လုပ်ပေးမယ်ဆိုပြီး ကွာရှင်းပေးဖို့ ညှိကြတော့ ကလေးသုံးယောက်တောင်ရထားတဲ့ ဇနီးဟောင်း ကာလာရီယိုက သူတို့မိသားစုသုံးလောက်အောင် တစ်နှစ်ကို သူတို့မိသားစုအတွက် ဒေါ်လာ ၅၆ သန်း ပေးရမယ်လို့ တောင်းဆိုလိုက်ပါသတဲ့။ ဒီတော့ အသက်ကြီးပြီ မပေးနိုင်ဘူး။ ဒေါ်လာ ၅ သန်းပဲ ပေးနိုင်မယ်လို့ ပြောလိုက်တော့ အဆင်မပြေကြဘူး။

ဝန်ကြီးချုပ်ဟောင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ် ဒီဂရီတက်ပြီး ဖရန်စက်စကာ(၂၈)နှစ်နဲ့ စေ့စပ်လိုက်ပြီး ဟိုကလည်း အပိုင်ချိုပြီပေါ့။ ဒီလိုနဲ့ အိမ်ထောင်ရေးကွာရှင်းမှုတွေရဲ့ ရာဇဝင်အတိုင်း နှစ်ယောက်မပြေလည်ကြတော့ ထုံးစံအတိုင်း တရားရုံးရောက်သွားတော့တာပဲ။ တရားရုံးရောက်တော့ တရားစရိတ်၊ မယားစရိတ်တွေ ပိုကျယ်ပြန့်ပြီး ဝန်ကြီးချုပ်ဟောင်းရဲ့ ချမ်းသာမှုအတိုင်းအတာကို စစ်တမ်းကောက်တယ်လေ။ သူ့ရဲ့ ကြွယ်ဝမှုက ဒေါ်လာ ၆ ဘီလီယံနီးပါး ချမ်းသာနေတာဆိုတော့ တရားသူကြီးက ဝန်ကြီးချုပ်ရဲ့ ဇနီးဟောင်းကို တစ်နှစ်ကို ယူရို ၃၆ သန်း၊ သန်းပေါင်း ဒေါ်လာ ၄၈ သန်း ပေးဖို့ အမိန့်ချလိုက်ပါလေရော။

သူက ချမ်းသာသူဆိုတော့ သူ့စိတ်ပါချမ်းသာအောင် ပေးရတော့မှာပေါ့။ ဒါပေမဲ့ ဝန်ကြီးချုပ်ဟောင်းက အချစ်ကို မလွန်ဆန်နိုင်လို့ ဒီလိုလုပ်လိုက်ရပေမယ့် မိသားစုသံယောဇဉ်လက်ကျန်က အတော်များများရှာပါတယ်။ ဒါကြောင့် ဒေါ်လာ သန်း ၁၀၀ တန်တဲ့ အိမ်ကြီးမှာ ကလေးတွေနဲ့ ကလေးအမေ အရင်နေကြတဲ့အတိုင်း ဆက်နေဖို့ သူကိုယ်စားပေးခဲ့တာတဲ့လေ။ ဩော် ‥ ငွေချမ်းသာတဲ့လူတွေက စိတ်ချမ်းသာမယ်ဆိုရင် ငွေကို ရေလိုသုံးတတ်ကြပါလားလို့။

(၄)

အချစ်က ဘောလုံးသမားတွေကိုလည်း အပြစ်ရစေတဲ့အထဲမှာ အရွယ်မတူတဲ့ ကလေးအမေ လင်ရှိ အမျိုးသမီးကြီးကိုမှ အချစ်ကြီးချစ်ခဲ့လို့ အကြီးအကျယ် အရှက်ကွဲခဲ့ရတဲ့ စပိန်လက်ရွေးစင် ကွင်းလယ်ဖန်တီးရှင် ဖာဘရီဂတ်စ်နဲ့ သူမချစ်သူ ဒန်နီရယ်လာဆီမန်းတို့ အချစ်ဘောလုံးပွဲ။

ဒီပွဲမှာ ဘောလုံးကန် ကျွမ်းကျင်လှပါတယ်ဆိုတဲ့ ဖာဘရီဂတ်စ် ၂၅ နှစ်က လူကျုံဘောကနေတစ်ဆင့် ဂိုးသွင်းခံလိုက်ရတာပဲ။ ဒီကောင်လေးက ၂၀၁၂ နိုဝင်ဘာလထဲမှာ သူ့ထက် အသက်ပိုကြီးတဲ့ ကလေးနှစ်ယောက်အမေ ဒန်နီရယ်နဲ့ အီတလီကမ်းခြေမှာ အမှတ်မထင်တွေ့ကြရာက အချစ်ကြီးချစ်၊ အစွဲလမ်းကြီးစွဲလမ်း၊ သူတို့ရဲ့ အချစ်စမ်းပုံတွေဟာ အင်တာနက်ပေါ်မှာတက်လာတော့ ဒန်နီရယ်ရဲ့ယောကျ်ား စီးပွားရေးလုပ်ငန်းရှင် အီလီတက်စ်တောက်(၃၈)နှစ်က သိသွားပြီး အရှက်နဲ့လူလုပ်တာဆိုပြီး ချက်ချင်းကွာရှင်းလိုက်တယ်တဲ့။

ဒန်နီရယ်လည်း ၈ နှစ်အရွယ် သားတစ်ယောက်နဲ့ ၁၁ နှစ်အရွယ် သမီးတစ်ယောက်ခေါ်ပြီး ဖာဘရီဂတ်ဆီ ဆင်းလာခဲ့တယ်။ ခုတော့ သမီးလေးတစ်ယောက် မွေးလာတဲ့အချိန်ရောက်တော့ သူ့ဘက်ကကြည့်တော့ ပထမကလေး။ ကျွန်မဘက်ကကြည့်တော့ တတိယကလေး။

ဒီရင်သွေးတွေကို သူတာဝန်ယူပါတယ်တဲ့။ သူ ကျွန်မကို အရမ်းချစ်တယ်ဆိုတာ ယုံလိုက်ပါပြီ။ ဒါပေမဲ့ အားလုံးရဲ့ ဝေဖန်သံတွေကို ကြားနေရပါတယ်။

သူမအတွက် အစစအရာရာအတွက် ငွေမရှာနိုင်ရင် သူ့ကိုပစ်သွားမှာပဲတဲ့။ အရွယ်မတူအချစ်ကို သူတို့သဘောမပေါက်ကြဘူး။ အရွယ်မတူအချစ်ဆိုတာ တကယ်ယူဖြစ်ရင် ရွယ်တူအချစ်ထက် ပိုခိုင်မြဲတတ်ပါတယ်တဲ့။ စိတ်ဝင်စားစရာပါ။

(၅)

အချစ်ဖတ်ဖို့ရေးရင်း မောင့်စိတ်ထဲဝင်လာတဲ့ စိုးရိမ်စိတ်လေး ပြောပြချင်တယ်။ အဲဒါဘာလဲဆိုတော့ Disso Ciative Amnesin ဆိုတဲ့ အတိတ်မေ့ရောဂါ။ ပြည်သူလူထုနဲ့ အနီးကပ်တာဝန်ယူရတဲ့လူတွေ။ ဥပမာ ရဲအရာရှိတွေ၊ ရဲဝန်ထမ်းတွေ ဖြစ်နိုင်ချေများတယ်။

ဒီလိုပါ ‥‥ ရဲစုံထောက်အရာရှိဟောင်းတွေက စိတ်ဒဏ်ရာ တချို့ရသွားကြတာ တွေ့ဖူးကြားဖူးတယ်။

ဒီလိုအချစ်ရဲ့ သီလား ‥

ရဲစုံထောက်ဟောင်း အင်ဒီဂရေး(၃၂)နှစ်ဟာ သူ့ရဲ့ဇနီးဖြစ်တဲ့ ဂျို (၃၄)နှစ်၊ သမီးဖြစ်သူ ကလို(၃)နှစ်တို့ကို အရမ်းချစ်သလို သံယောဇဉ်ကြီးသူတစ်ယောက်လည်းဖြစ်တယ်။

ဒါပေမဲ့ တစ်နေ့တော့ သူဟာ အမှုတစ်ခုကို သဲလွန်စရပြီး အမှုရဲ့ အရင်းအမြစ်ကိုရှာဖို့ မိသားစုဆီမပြန်ဘဲ သူ့အလုပ်ကိစ္စလိုက်လုပ်နေလိုက်တယ်။ မိသားစုနဲ့ နှစ်ရက်လောက် ၄၈ နာရီကြာ ခွဲနေဖြစ်သွားတယ်။ ဒီလိုကြာသွားရာ သူ့ဦးနှောက်တွေဘယ်လိုဖြစ်သွားသလဲ မသိဘူး။ မယားနဲ့ သမီးကို မမှတ်မိတော့ဘူး။

ဆိုကြပါစို့ ‥‥

သူ့ချစ်သူဂျိုနဲ့ မင်္ဂလာဆောင်ခဲ့တာတွေ၊ သူ့ဇနီးကိုယ်ဝန်ရပြီး သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးကလိုကို မွေးခဲ့ထာတွေ လုံးဝ သတိမရတော့ဘူး။ သူဟာ သူ့မိသားစု အတွက် အသိပျောက်သွားတယ်တဲ့။

သူ့မိသားစုတင်မကဘူး။ သူ့မိဘ တွေကိုတောင် မေ့သွားတဲ့အထိ ဖြစ် သွားတယ်။

သူ့မိဘတွေနဲ့ သူ့ဇနီးတို့က ဆရာဝန်တွေကိုပြောပြပြီး သူ့ကို ဆေး စစ်စေတဲ့အခါ ဆရာဝန်တွေက ဘာ ပြောသလဲဆိုတော့ သူက ရဲတပ်ဖွဲ့ထဲ မှာ အလုပ်လုပ်ရင်း အလုပ်ထဲမှာ သူ့ ရဲ့ စိတ်အာရုံတွေ စုန်းစုန်းမြုပ်ပြီး အလုပ်အတွက် ဦးဏှောက်ကို တာဝန် ပေးလိုက်တာ များရာက သူ့စိတ်မှာ ထိခိုက်ဒဏ်ရာရသွားပြီး လက်ရှိအလုပ် ကိစ္စကလွဲပြီး ဦးဏှောက်ထဲမှာ တခြား ဘာမှအပိုမရှိဘဲ အခြားသူနဲ့ပတ်သက် ရင် အတိတ်ကဖြစ်ခဲ့တာတွေကို မသိ တော့ဘဲ အတိတ်မေ့ရောဂါ Disso Ciative Amnesin ရောဂါရသွားလို့ပါတဲ့။

သူက သူ့အလုပ်နဲ့ပတ်သက်တဲ့ မြင်ကွင်းတွေ၊ ဥပမာ ယာဉ်တိုက်မှုတွေ၊ ကိုယ့်ကိုယ်ကို သတ်သေကြတဲ့လူတွေ၊ အခြား ရက်စက်တဲ့လူသတ်မှု အနိဋ္ဌာ ရုံမြင်ကွင်းတွေ မျက်ဝါးထင်ထင်မြင်ရ တော့ ရင်နာသလိုခံစားရပြီး အဲဒီခံစား ချက်တွေက ဦးနှောက်ကို ထိခိုက်မိပြီး သူကိုယ်တိုင် ဆေးရုံရောက်ဆေးကုသ မှုခံရတဲ့အထိ ဖြစ်တာတဲ့။

စိတ်လွန်ကဲမှုက စတာပဲ။ တချို့ တရားထိုင်တာ ‥ တရားကျင့်တာများ ပြီး ရူးသလိုဖြစ်သွားတာမျိုးတွေ ရှိ သလိုကြောင်သွားတာမျိုးပါ။

ဆရာဝန်တွေက စိတ်ကိုအရင်ကု ပြီး ခန္ဓာကိုယ်ကျန်းမာရေးပါကုပေး တော့ ကောင်းသလိုဖြစ်ပြီးမှ နှစ်ရက် လောက်ကြာတော့ စိတ်ဖောက်ပြန်ပြီး သူစိမ်းတွေလို ဖြစ်သွားပြန်ရောတဲ့။ သူ့ ကို အိမ်မှာကြာကြာပေးနေရင် လူတွေ နဲ့ ကြာကြာနေရရင် အားလုံးပြန်သတိ ရပြီး နာမည်တွေကိုလည်း မှန်အောင် ခေါ်လာနိုင်ခဲ့တယ်။ ဒါပေမဲ့ စိတ်မချရ ဘူး။ သူအပြင်ထွက်တဲ့အခါ သူ့နာမည် သူ့ဖုန်းနံပါတ်၊ သူ့လိပ်စာကို သူ့အိတ် ထဲမှာ ရေးထည့်ပေးထားရတယ်။ သွား ရင်းလာရင်း မေ့သွားရင် အိမ်ကို တွေ့ တဲ့လူက ပြန်သတင်းပေးနိုင်အောင်လို့ စီစဉ်ပေးထားကြတယ်တဲ့။

သူ ခုလို စဖြစ်တာ ဆယ်ကျော် သက်အမျိုးသမီးလေးတစ်ယောက် ရထားပေါ်က ခုန်ချပြီး သူ့ကိုယ်သူ သတ်သေသွားတဲ့အမှုကို သူတာဝန်ယူ ခဲ့တာကစပြီး ဖြစ်ခဲ့တာတဲ့။ ဒီဖြစ်စဉ် က လျှို့ဝှက်မှုတွေ သိပ်များနေလို့ သူ မအိပ်မနေ အဲဒီအမှုနဲ့ပတ်သက်တာ တွေ လိုက်လံစုံစမ်းပြန်တော့ လုပ်မိ လုပ်ရာလုပ်မိပြီး စိတ်ဖိစီးပြီး နောက် ဆုံးအလုပ်က ထွက်လိုက်ရတယ်။ အလုပ်ထွက်ပြီး အပြင်အလုပ်လုပ် တော့လည်း စိတ်ဖိစီးတဲ့ဒဏ်ကြောင့် နှလုံးရောဂါရလာပြန်ရော။ ဆရာဝန် တွေက အလုပ်က အနားယူခိုင်းတယ်။ အိမ်ကနေ ဆေးရုံသွားပြမယ်ဆိုပြီး ထွက်သွားလိုက်တာ ဗြိတိန်နိုင်ငံ ချမ်း ဖို့ဒ်ဆေးရုံကို သူရောက်တော့သွား တယ်။ ဆေးရုံရောက်တော့ အတိတ်မေ့ ရောဂါ ပြန်ထပြီး သူဘာလာလုပ်တယ် ဆိုတာလည်း မသိ။ ဘယ်သူ့ကိုမှ လည်း ဘာမှမပြောဘဲ ဆေးရုံမှာငုတ် တုတ်ထိုင်နေလိုက်တယ်။ သူထိုင်နေ တာ ဆေးရုံက ဝန်ထမ်းတွေက တွေ့ ပေမယ့် လူနာစောင့်ပဲလို့ထင်ပြီး ဘာမှ မပြောဘူးပေါ့။

ကြာလာတော့ ဆေးရုံက တာဝန် ရှိသူတွေက မသင်္ကာလို့ သူ့ကို မေး ကြ အိတ်ကို ရှာကြည့်ကြတော့မှ သူ့ နာမည်နဲ့ ဖုန်းကိုတွေ့ပြီး သူ့အိမ်ကို ဖုန်းဆက်ခေါ်ကြ ပြောကြရတယ်။

နောက်ဆုံးတော့ သူ့ကို ဆေးရုံ မှာ ချော့မော့တင်ထားရတယ်။ သူ့ အဖြစ်က ပြင်ပကိစ္စတွေ ခဏမေ့ထား ပြီး အလုပ်ကိစ္စတွေပဲသိပ်ပြီး နေရာ ပေးထားတော့ ရှာကနေ နှစ်ပေါင်းများ စွာထွက်သွားပြီး ရွာပြန်ရောက်လာတဲ့ လူလိုပါပဲ မေ့ကုန်တာပေါ့လို့ တချို့က ဝေဖန်ကြတယ်။

တစ်နေ့ လူတစ်ယောက် ကလေး မလေးတစ်ယောက်ခေါ်လာပြီး ပြ တယ်။ သူ့နာမည်က ကလိုတဲ့။ ပြီး တော့ သူက ကျွန်တော့်သမီးလို့ ပြော ကြတယ်။ ဒီနေ့ အမျိုးသမီးကြီးတစ် ယောက်က လာတွေ့တယ်။ လှတယ်။ သူ့နာမည်က ဂျိုတဲ့။ သဘောကောင်း တယ်။ သူက ငါ့ကိုစိုက်ကြည့်ပြီးတော့ ပြောသွားတယ်။ ဘာပြောမှန်း ငါ လည်းမသိဘူးတဲ့။

အဲဒီအကြောင်းတွေ Daily Mail ထဲမှာ ဖတ်ခဲ့ရတာတွေ ပြန်တွေးရင်း နဲ့ အလုပ်နဲ့စိတ်၊ တာဝန်နဲ့ကြိုးစားမှု တွေအကြောင်း၊ တရားထိုင်ကြတဲ့လူ တွေအကြောင်း၊ စိတ်ဒဏ်ရာတွေ အကြောင်း တွေးရင်း ဒီလတော့ ဒီမျှ နဲ့ နားဦးမယ်။ စုံထောက်ဖတ်သူများ ဗဟုသုတအစုံရကြပါစေ။

မောင်[illegible]ကျော်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"အား .."

တိတ်ဆိတ်ချိန်မို့ သူ၏ အထိတ်တလန့် အော်ဟစ်လိုက်သံက ပြင်းရှကျယ်လောင်သွားသည်ထင်၏။ အနီးမှာ နှစ်ခြိုက်စွာအိပ်မောကျနေသော ဇနီးဖြစ်သူက အလန့်တကြား ..

"မောင် .. မောင်"

ခန္ဓာကိုယ်ကို သည်းသည်းထန်ထန်လှုပ်ယမ်းခြင်းခံလိုက်ရသဖြင့် ဖျတ်ခနဲ လန့်နိုးလာသည်။ ကယောင်ကတမ်းထထိုင်မိသွား၏။

"မောင် .. မောင် .. နိုးရဲ့လားဟင် .. နိုးရဲ့လားလို့"

ဇနီးသည်၏ စိုးရိမ်တကြီးမေးသံကိုကောင်းကောင်းကြားသည်။ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်၏။ အိပ်ခန်းနံရံတစ်ခုလုံး လင်းထင်းထိန်ထိန်မြင်ရသည့်တိုင် အိပ်ချင်စိတ်ဖြင့် ငိုက်မျည်းမှေးစင်းနေဆဲ ..

"မောင် .. အိပ်မက်မက်ပြန်ပြီလားဟင်"

"ဟုတ်တယ် .. နန်းရယ်"

"ခါတိုင်းမက်နေကျ အိပ်မက်ပဲလားဟင်"

"အင်း .."

ဇနီးဖြစ်သူ နန်းမြမြအမေးကို မဖြေချင်ဖြေချင် သူဖြေသည်။ နန်းမြမြက ခုတင်ပေါ်မှဆင်းလျက် သောက်ရေတစ်ခွက်ခပ်ပေး၏။ ရေကို အငမ်းမရသောက်ချလိုက်သည်။ သို့သော် ပရိဒေ၀ဖြင့်လောင်မြိုက်နေသည့် ရင်သည်အေးမြမသွား၊ ခြောက်ကပ်သည့် အာခေါင်တွေ စွတ်စိုသွားရုံသာ။ အားအင်ကုန်ခမ်းသွားသူကဲ့သို့ တဆတ်ဆတ်တုန်လျက်မှ လွင့်ပျံ့နေသည့် စိတ်အစဉ်ကို ကြိုးစားထိန်းချုပ်နေရဆဲမှာပင် ဇနီးဖြစ်သူ နန်းမြမြက သူထိုင်နေသည့် အိပ်ရာခုတင်ပေါ် တင်ပလ္လင်ခွေထိုင်ရင်း အေးစက်နေသည့် သူ့လက်အစုံကို နွေးထွေးသည့် သူမလက်အစုံဖြင့် ဆုပ်ကိုင်နှစ်သိမ့်ပေးရင်း ..

"ပြန်အိပ်လိုက်ပါဦး .. မောင်။ ခုမှ ည ၁ နာရီကျော်ကျော်လေးပဲ ရှိသေးတယ်လေ။ အိပ်ရေးပျက်ပြီး နေထိုင်မကောင်းဖြစ်နေပါဦးမယ်"

သည်တစ်ခါ သူက ခေါင်းကို သွက်သွက်ခါ၍ ဇနီးသည်၏ ဆန္ဒကို ငြင်းပယ်လိုက်၏။

"အိပ်လို့ရတော့မှာ မဟုတ်ပါဘူး နန်းရယ်။ ပြန်မအိပ်ပါရစေနဲ့တော့"

နွေးထွေးစွာ ဆုပ်ကိုင်ခံထားရဆဲ နန်းမြမြ၏ လက်ထဲမှ သူ့လက်အစုံကို ညင်သာစွာ ရုန်းထွက်လျက်ခုတင်ပေါ်မှ အသာပင်ဆင်းလိုက်သည်။

သူ့ခြေလှမ်းတွေက ရှိန်းလက်လက် လရောင်ကလေးများ ဖောက်ထွင်းတိုးဝင်နေသည့် မှန်ပြတင်းတံခါးဝမှာ အဆုံးသတ်သည်။ ဆွတ်ပျံ့ဖွယ်သက်မောကို နာကျင်စွာရှိုက်ထုတ်မိသွားသည်။ သည် အိပ်မက်ကို မက်ပြီးသွားတိုင်း လူမမာတစ်ယောက်လို ရင်မှာ ဝေဒနာဖြစ်ကျန်ရစ်မြဲ။ နှစ်တွေအ မင်းရင့်ရော်သွားသော်လည်း အတိတ် က ဟောင်းနွမ်းဆွေးမြည့်မသွားခဲ့ မနေ့တစ်နေ့ကလိုပင် သစ်လွင်လတ် ဆတ်လာပြန်သည်။ ခုလည်း ..။

+++

ကျုံ့တလီမြစ်သည် မြောက်မှ တောင်သို့ ညင်သာသိမ်မွေ့စွာစီးဆင်း နေ၏။ စူးရှတောက်လက်သည့် နေ ရောင်ခြည်သည် မြစ်ပြင်ကို ရွှေရည် ဖြင့် ပက်ဖြန်းထားသလိုပင်။

ကျုံ့တလီမြစ် ဝဲယာဘက်ကမ်း တွင် ဖိုးခေါင်ရွာနှင့် ညောင်လှရွာရှိ၏။ ရွာနှစ်ရွာစလုံးမှာ မြစ်ရိုးတစ်လျှောက် တွင် အစည်ကားဆုံးသော ရွာတန်း ရှည်ကြီးများပင်။ ဖိုးခေါင်ရွာက ပို၍ စည်ကားသည်။ ၁၂ မိုင်ခန့်ကွာဝေးသည့် မြို့မှ တိုက်ရိုက်ဖောက်လုပ်ထားသည့် ကတ္တရာလမ်းသည် ဖိုးခေါင်တွင် ဆုံး၏။ တစ်ဖက်ကမ်းရှိ ညောင်လှသားများ မြို့တက်ချင်လျှင် ဖိုးခေါင်ကမ်းကို ကူးတို့ဖြင့် ကူးရ၏။ ဖိုးခေါင်မှ မနက်ဘက်ထွက်သော ကပ်ကျော် အမည်ရှိ ကားကြီးထွက်မည့်အချိန် အရောက်လာရ၏။ ကပ်ကျော်ကြီးသည် ဖိုးခေါင်မှ မနက်ထွက်၍ ညနေဘက်တွင် ဖိုးခေါင်သို့ ပုံမှန်ပြန်၏။ ကပ်ကျော်ကားကြီးဆိုသည်မှာလှုပ်လီလှုပ်လဲ့သစ်သားဘော်ဒီကြီးဖြင့် ဒုတိယကမ္ဘာစစ်လက်ကျန် ချက်ပလက်ခေါင်းတို လော်ရီကားကြီးပင်။ ဖိုးခေါင်သားများနှင့် ညောင်လှရွာသားများအပါအဝင် ဒေသအတွင်းရှိ ပြည်သူများ အဓိကအားထားရာဖြစ်သကဲ့သို့ ဒေသ



www.burmeseclassic.com

www.burmeseclassic.com



နေပြည်သူများနှင့် ဒေသထွက်ကုန်များ ပုံမှန်စီးဆင်းရန် တစ်ခုတည်းသော သယ်ယူပို့ဆောင်ရေးယန္တရားကြီးလည်း ဖြစ်လေသည်။

ထူးဆန်းသည်မှာ ကပ်ကျော်ကားကြီး၏ အုံနာဖြစ်သူမှာ ညောင်လုရွာသား ဦးမြဒေါင်းဖြစ်၏။ အုံနာဦးမြဒေါင်းသည် ကားကိုကိုယ်တိုင်မောင်း၏။ ယာဉ်နောက်လိုက်စပယ်ယာမှာ တူသားထဲကဖြစ်၏။ ကားသိမ်းချိန်တွင် ဖိုးခေါင်ဘက်ကမ်းတွင် ကားကိုညအိပ်ရပ်ထားခဲ့လျက် အုံနာဖြစ်သူ ဦးမြဒေါင်းက ညောင်လုဘက်ကမ်းသို့ ကူး၍ပြန်၏။ ဦးမြဒေါင်းသည် ဒေသစွဲကြီးသူဖြစ်၏။ ဖိုးခေါင်ဘက်ကမ်းသို့ ပြောင်းရွှေ့နေထိုင်ရန် ဘယ်တော့မှစိတ်မကူး။ ညောင်လုမှာပင် ခေါင်းချသွားမည်ဟု ဂုဏ်ယူစွာပြောလေ့ရှိသူပင်။ ဖိုးခေါင်ကိုလည်း ဦးမြဒေါင်းကျေးဇူးမကန်းပါ။ သူကိုယ်တိုင်ဖိုးခေါင်ကို မှီခို၍ စီးပွားရှာ စားသောက်နေရသကဲ့သို့ လူသားနှစ်ယောက်အနက် အကြီးကောင် မင်းမင်းမှာ ဖိုးခေါင်အထက်တန်းကျောင်းမှ ၁၀ တန်းအောင်ခဲ့သည်။ ယခု အငယ်ကောင်လင်းလင်းမှာ ဖိုးခေါင်အစိုးရအထက်တန်းကျောင်းမှာပင် ၁၀ တန်းတက်နေ၏။

ဦးမြဒေါင်းတွင် ကိုယ်ပိုင်လှေတစ်စင်းရှိသည်။ မနက်ဘက်ကားထွက်ရန် ဖိုးခေါင်ဘက်ကမ်းသို့ ကူးရာတွင် ကျောင်းတက်မည့်သူ့သားကိုပါခေါ်၍ ကိုယ်ပိုင်လှေကလေးဖြင့် ကူးကြ၏။ ကလေး၏ကျောင်းမှာ နေ့ဝက်ကျောင်းဖြစ်သဖြင့် ကျောင်းအပြန်တွင်မှ ကူးတို့လှေဖြင့် ကူး၍ ပြန်ခိုင်းသည်။ သူတို့ပိုက်လှေကလေးကို ဦးမြဒေါင်းမပြန်မချင်း ဖိုးခေါင်ဘက်ကမ်းတွင် ကြိုးချည်ထားခဲ့မြဲ။

+++

တစ်နေ့တွင် ..

ကျောင်းဆင်း၍ ညောင်လုဘက်ကမ်းသို့ ပြန်ရမည့်ကျောင်းသားများ ကူးတို့ဆိပ်သို့ရောက်ချိန်၊ ကူးတို့လှေတစ်စင်းမျှ ဖိုးခေါင်ဘက် ကူးတို့ဆိပ်တွင် ရှိမနေ။ နေရောင်တွင် ပျပျရေးရေးမြင်နေရသော ညောင်လုဘက်ကမ်းမှ သွပ်မိုးတပြောင်ပြောင်နှင့် အုန်းပင်များ တလှုပ်လှုပ်နှဲ့ယိမ်းနေသည့် ညောင်လုကူးတို့ဆိပ်သို့ လှေအားလုံးရောက်နေသည်။

ဖိုးခေါင်ကူးတို့ဆိပ်တွင် ညောင်လုမှ ကလေးများနှင့် ကျုံတလီမြစ်အနောက်ဘက်ကမ်းမှ ဖိုးခေါင်အထက်တန်းကျောင်းကြီးတွင် ကျောင်းလာတက်သော ကျောင်းသားကလေးများ အုပ်စုဖွဲ့၍ စကားပြောရင်း ကူးဖို့စောင့်နေကြသည်။ ကလေးအုပ်စုထဲတွင် လင်းလင်းလေးလည်းပါသည်။ အဝေးသင်တက်နေသော အကြီးကောင်မင်းမင်းလည်း ကျောင်းကိစ္စဖြင့် ဖိုးခေါင်ဘက်ကမ်းသို့ ကူးလာရာမှ အပြန်တွင် ကျောင်းဆင်းချိန်နှင့်ကြုံနေသဖြင့် ညီအစ်ကိုနှစ်ယောက်အတူပြန်ရန် ကူးတို့ဆိပ်တွင်ရောက်နေသည်။

ကူးတို့ဆိပ်တွင် မမျှော်လင့်ဘဲ မင်းမင်း၏ချစ်သူ နန်းမြမြနှင့်ဆုံသည်။ မင်းမင်းက ချစ်သူနန်းမြမြ၏ မျက်နှာကလေးကို ငေးကြည့်သည်။

"ကြည့်လှချည်လား .. မင်းမင်းရယ်"

"လှလို့ကြည့်တာပေါ့ .. နန်းရာ"

"ဘေးလူတွေ ရိပ်မိကုန်ပါ့မယ် မင်းမင်းရယ် ..။ ဣန္ဒြေဆည်ပါဦး"

နန်းမြမြက ပတ်ဝန်းကျင်ကို မျက်စိကစားရင်း မလုံမလဲပြောလိုက်သည်။ မင်းမင်းကတော့ မိုးမမြင်လေမမြင်။ မင်းမင်းနှင့် နန်းမြမြကို မျက်မှောင်ကြုတ်၍ အံတကြိတ်ကြိတ်ဖြင့် မျက်စောင်းထိုးကြည့်နေသောဇော်လတ်ကိုလည်း နှစ်ယောက်စလုံး သတိမထားမိကြ။

ဇော်လတ်က မင်းမင်းဆိုသည့်ကောင်နှင့် နန်းမြမြတပူးတွဲတွဲဖြစ်နေသည်ကို ကြည့်မရသည်မှာ ကြာပြီ။ တကယ်တော့ နန်းမြမြနှင့်ဇော်လတ်က တစ်နေ့နေ့တွင် လက်ထပ်ပေးရန် နှစ်ဖက်မိဘများသဘောတူထားပြီးသူများ။

ဤသည်ကိုသိသိနှင့် နန်းမြမြ က သူ့ကိုအရေးမလုပ်ဘဲ သူ့ရှေ့မှာပင် မရှောင်နိုင်အောင် မင်းမင်းနှင့်တွဲပြနေသည့်အတွက် ဇော်လတ် ကသိကအောက်ဖြစ်ရသည်။ သူ့ကို စိန်ခေါ်နေသလိုလည်း ခံစားနေရသည်။ နဂါးမှန်းသိအောင် အမောက်ထောင်ပြမှ ဖြစ်တော့မည်။

ထိုအချိန်မှာပင် မင်းမင်းက နန်းမြမြ၏လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။ ဇော်လတ်အတိုင်းသားမြင်လိုက်ရ၏။ နန်းမြမြကလည်း မရုန်း။ ဇော်လတ်သည်းခံနိုင်သည့်အတိုင်းအတာကျော်သွားပြီ။ ရပ်နေရာမှ လှမ်းထွက်၏။ မင်းမင်းနှင့် နန်းမြမြရှေ့မှာ ခါးထောက်ရပ်လိုက်သည်။ သူ့မျက်ဝန်းအစုံက မီးထွက်လုလု။ သူ့နှုတ်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲလွင့်စင်လာသည့် စကားလုံးတွေက အရှိန်ပြင်းစွာ ..။

"မင်း .. ဒါ ဘာလုပ်တာလဲကွ .. ဟင် .. လူပါးဝလှချည်လား"

"ဟေ"

မင်းမင်းတစ်ယောက် ရုတ်တရက်ကြောင်သွားသည်။ မည်သို့တုံ့ပြန်ရမှန်းပင်မသိ။ ဖော်လတ်က မင်းမင်းရင်ဘတ်ကို ဆောင့်တွန်းလိုက်၏။

"ဒီမှာဟေ့ကောင် .. နန်းနဲ့ငါ စေ့စပ်ထားကြတယ်ဆိုတာ မင်းလည်း သိရဲ့သားနဲ့။ ခုလို ကြောင်တောင်နိုက်တာဟာ .. မင်း ငါ့ကိုစော်ကားတာပေါ့ ဟုတ်လား၊ မင်း တော်တော်အောက်တန်းကျတဲ့ကောင်ပဲကွ .. မင်းမင်းရဲ့"

ဖော်လတ်၏ စကားကြောင့် မင်းမင်းကိုယ်တိုင်လည်း သူ့ဒေါသကို မချုပ်တီးနိုင်တော့။

"နန်းနဲ့ငါ ချစ်သူတွေဖြစ်နေတာကို သိရဲ့သားနဲ့ မိဘတွေကို အတင်းမရမက အပူကပ်ပြီး နန်းကိုအပိုင်ကြံတဲ့ မင်းရဲ့စိတ်ဓာတ်ကရော အောက်တန်းမကျလို့လားကွ ဟင်"

"ဘာကွ"

နှစ်ယောက်သား ထိုးကြကြိတ်ကြတော့မည့်ဆဲဆဲ နန်းမြမြက နှစ်ယောက်ကြားသို့ အတင်းဝင်ရပ်သည်။ ထိုးကြိတ်ကြသည့်အခြေအနေမရောက်အောင် ထိန်းသည်။ အရှက်ကြောင့် နန်းမြမြမျက်နှာတစ်ခုလုံး ရဲရဲနီနေပြီ။

"ရန်မဖြစ်ကြပါနဲ့နော်။ အဲဒါ .. ငါ မကြိုက်ဘူး .. လုံးဝပဲ"

အခြေအနေက အတင်းမာဆုံးအချိန်။ လင်းလင်းကလေးကလည်း ပြေးဝင်လာလျက် သူ့အစ်ကိုလက်ကို ဝင်ဆွဲသည်။

"လာပါ ကိုကို၊ ရန်မဖြစ်ပါနဲ့ မကောင်းပါဘူး။ ရန်ဖြစ်ရင် အစ်မနန်းမြမြလည်း သိက္ခာကျပါ့မယ်။ စိတ်လျှော့လိုက်ပါ။ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး။ အဖေ့လှေနဲ့တို့နှစ်ယောက် ကူးကြမယ်"

"အေး .. ဟုတ်တယ် မင်းမင်း၊ ဒီနေ့တော့ သွားလိုက်ပါကွာ"

သူငယ်ချင်းတွေကလည်း နှစ်ယောက်အတူရှိနေလျှင် ရန်ဖြစ်မည်စိုးသဖြင့် ဝိုင်း၍ ဖြန်ဖြေပေးကြသည်။ မင်းမင်း စိတ်ကိုလျှော့လိုက်၏။ ခုနေ ရန်ဖြစ်လျှင် အမှန်ပင် သူ့ချစ်သူ နန်းမြမြသိက္ခာကျမည်မို့ လင်းလင်းဆွဲခေါ်ရာနောက်သို့ လိုက်ခဲ့ရ၏။ ကြိတ်မနိုင်ခဲမရ ဖြစ်နေဆဲ ဖော်လတ်က အံကြိတ်လျက် ...

"ဟေ့ကောင် .. မင်းတစ်နေ့ ငါ့အကြောင်းသိရစေမယ်။ ဒီကိစ္စကို ငါ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ မင်းသတိထားနေ"

ဟူ၍ ရက်ရက်နှင့် ကြုံးဝါးလိုက်သေး၏။ မင်းမင်းကတော့ ဖခင်ကြီးဦးမြဒေါင်းလှေဆိုက်ကပ်ထားသည့် လှေဆိပ်ဆင်းခဲ့၏။ လင်းလင်းက လှေပေါ်အရင်တက်သည်။ လှေဦးမှာ နေရာယူ၏။ မင်းမင်းက လှေကြိုးကိုဖြုတ်၍ လှေကလေးကို ကမ်းမှတွန်းခွာပြီးလျှင် လှေပေါ်တက်လိုက်၏။ လှေက ငြိမ်သက်နေသည်။ နေခြည်ထွေးတွေ ဖိတ်စဉ်ဖြာကျနေသည့် မြစ်ပြင်သည် ငြိမ့်ငြိမ့်ညင်ညင်စီးနေ၏။ လင်းလင်းက လှေဦးကို နောက်ပြန်ထိုင်သည်။ သူ့အစ်ကို မင်းမင်းနှင့် မျက်နှာချင်းဆိုင်၍ စကားပြောရန် ပြင်၏။ ဒေါသကြောင့် မျက်နှာတစ်ခုလုံး နီမြန်းလျက် နှုတ်ဆိတ်နေသည့် သူ့အစ်ကိုစိတ်ပြေသွားစေချင်သည့် လင်းလင်းက အကြံထုတ်ရင်း ရေကို လက်ခုပ်နှင့်ခတ်၍ ဆော့သည်။ လှေကို အားစိုက်လှော်နေသည့် မင်းမင်းက စိတ်တိုတိုနှင့် ..

"ဟေ့ .. ရေမဆော့နဲ့လေကွာ"

"ဆော့တော့ ဘာဖြစ်လဲ ကိုကိုရာ၊ ကျုံတလီမြစ်ကြီးက ကိုကို့အပိုင်လား .. ကဲ .. ဖျန်း"

လင်းလင်းက မင်းမင်းကို မခံချင်အောင်စ၍ ရေကို လက်ခုပ်နှင့်ခပ်ပက်သည်။ မင်းမင်းက လန့်၍ရှောင်ပေးလိုက်သဖြင့် လှေက အနည်းငယ်လူး၍ စောင်းသွား၏။ မင်းမင်းက အချိန်မီပြန်ထိန်းသည်။ လင်းလင်းက သူ့အစ်ကိုကိုကြည့်၍ ရယ်မောနေ၏။ မင်းမင်း၏ သုန်မှုန်နေသည့် မျက်နှာတွင်လည်း ပြုံးရောင်သမ်းသွားသည်။ စောစောက ဖော်လတ်ကြောင့် ပေါက်ကွဲလုလုထိဖြစ်လာသည့် သူ့အစ်ကို၏ ဒေါသတွေ ပြေပျောက်လျှော့ပါးသွားစေလိုသဖြင့် မင်းမင်းက တမင်ရည်ရွယ်၍ နောက်ပြောင်ခြင်းပင်။

တကယ်တော့ သူတို့မှာ သည်ညီအစ်ကိုနှစ်ယောက်တည်းရှိသည်။ တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်သည်။ ရန်ဖြစ်ခြင်း၊ စိတ်ကောက်ခြင်းမရှိကြ။ မင်းမင်းက အကြီးပီပီ သူ့ညီကို သည်းခံသည်။ အနစ်နာခံစရာရှိလျှင်လည်း သည်းခံသည်။ သူ့ညီ ဘယ်လောက်ပင်နွဲ့ဆိုးဆိုးသော်လည်း အပြစ်မြင်သည်ဟူ၍မရှိ။ လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းကလည်း အစ်ကိုဖြစ်သူကို ချစ်ရှာသည်။ အားလည်းကိုးသည်။ ဘယ်တော့မဆို ဦးစားပေးသည်။ ထမင်းဝိုင်းတွင် ထမင်းအတူစားလျှင်ပင် အဖေအမေနှင့်အတူ အစ်ကိုဖြစ်သူကိုပါ စားဦးစားဖျားဦးဖယ်ပြီးမှ စားသည်။ လှေကလေးက ရေလယ်သို့ ရောက်လာ၏။

လှိုင်းအိအိများ လွန့်လူးနေသည့် ရေစီးတွင် မျောပါလာသည့် ဗေဒါပင်တစ်ပင်အနီးတွင် ရွှေဝါရောင်သစ်ခွပန်းအုံတစ်အုံမျောလာသည်ကို မင်းမင်းမြင်လိုက်သည်။ ညက လေရောမိုးပါပြင်းထန်သဖြင့် လဲပြိုကျသည့် သစ်ပင်ကြီးမှကွာကျလာသည့် သစ်ခွပန်းအုံဖြစ်ဟန်ရှိသည်။

သူ့ချစ်သူ နန်းမြမြက သစ်ခွပန်းကြိုက်သည်။ သည်သစ်ခွပန်းအုံကို ဆယ်ယူ၍ နန်းမြမြကို လက်ဆောင်ပေးလိုက်ရလျှင်ဟူသော ဆန္ဒမွန်က ရင်ခုန်နှုန်းကို မြန်စေ၏။

လှော်ခတ်နေသည့် လှေကလေး၏ ပဲ့ကိုထိန်း၍ ရေစီးမှာမျောပါလာသည့် သစ်ခွပန်းအုံဆီ ဦးတည့်လိုက်၏။ လှေဦးမှ လင်းလင်းကလေးကလည်း သစ်ခွပန်းအုံကိုတွေ့သွားသည်။

"ဟော့ ... ကိုကို ဟိုမှာသစ်ခွပန်းအုံကြီးကွ၊ လှလိုက်တာ အရမ်းပဲ"

"အေး ‥ တွေ့တယ်၊ ငါ အနားရောက်အောင် လှော်နေတာ၊ ဆယ်ပြီး နန်းကို လက်ဆောင်ပေးလိုက်မယ်လေ"

"ဟာ ‥ မရဘူး၊ အစ်မနန်းမြမြကို မပေးနိုင်ဘူး။ အမေ့ကို ပေးရမယ်။ ဒါမှ အမေက ဘုရားပန်းလှူပေးရင် နှစ်ယောက်စလုံး ကုသိုလ်ရမယ်လေ"

လင်းလင်းက သစ်ခွပန်းအုံကို ဆယ်ယူရန်အသင့်ပြင်၏။ လှေကလေးက မျောနေသည့်သစ်ခွပန်းအုံအနီး ရောက်လာ၏။ လှေအရှိန်က လင်းလင်းရှိနေသည့် လှေဦးကို ကျော်တော့မည့်အနေအထား။ လင်းလင်းက လက်လှမ်းမမီလိုက်မည် စိုးသဖြင့် ကိုယ်ကို ကုန်း၍ လှမ်းဆယ်လိုက်သည်။

"ဟော့ ‥ ဟော့ ‥ ငြိမ်ငြိမ်နေလေ။ လှေမှောက်လိမ့်မယ်"

မင်းမင်း၏ သတိပေးသံအဆုံးမှာပင် လှေကလေးက ဟန်ချက်ပျက်၍ တစ်ဖက်စောင်းသွားရာမှ မှောက်သွားသည့်လှေနှင့်အတူ နှစ်ယောက်စလုံး မြစ်ထဲသို့ ပုံပျက်ပန်းပျက်ကျသွား၏။ ရုတ်တရက် သတိလက်လွတ်ဖြင့် မင်းမင်းရေအောက်သို့ နစ်မြုပ်သွားသည်။ ကိုယ်ကိုဖော့၍ ရေကိုခြေနှင့်ကန်ပြီးလျှင် ရေမျက်နှာပြင်ပေါ်ပြန်တက်ရ၏။ သူ ရေပေါ်ပေါ်လာချိန်တွင် သူနှင့်မလှမ်းမကမ်းတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသောလင်းလင်းက ရေမွန်းနေရာမှ ဝူးဝူးဝါးဝါး ဗလုံးဗထွေးအသံတွေ ဟစ်အော်လျက် လက်ကားရားခြေကားရားဖြင့် သူ့ကိုအားကိုးတကြီး လက်ယပ်ခေါ်နေ၏။

လင်းလင်း ရေနစ်နေပြီမှန်း သူသိလိုက်သည်။ အချိန်မီကယ်ရမည်။ မကယ်နိုင်လျှင် ‥။

ကြောက်စိတ်တွေ ဝင်လာ၏။ သူ ရေကူးတတ်သည်မှာမှန်သော်လည်း လူတစ်ယောက်ကို အသက်ကယ်၍ မြစ်လယ်မှ ကမ်းသို့ရောက်သည်ထိ ဤမျှရေစီးသန်နေချိန်တွင် ကူးရန်မှာ ဖြစ်နိုင်ဖွယ်မရှိ။ နှစ်ယောက်စလုံး သေနိုင်သည်။

သူ့အသက်ကိုစွန့်၍ ကယ်တင်ရန် မဝံ့မရဲ။ သူတွေဝေနေသည်။

သူ တွေဝေးမောနေမိစဉ်မှာပင် လင်းလင်းက ရေထဲမြုပ်သွားပြန်၏။ ကျုံတလီမြစ်ရေပြင်ကြီးထဲတွင် သူတစ်ယောက်တည်း အသက်ရှင်သန်နိုင်ရေးအတွက် အတ္တကို ပွေ့ဖက်၍ ရုန်းကန်နေလျက်။

အားငယ်စိတ်၊ ကြောက်စိတ်များဖြင့် ကြေကွဲသွားသည်။ စောစောကလေးကပင် ညီအစ်ကိုနှစ်ယောက်အတူရှိနေခဲ့သေးသည်။ ခု သူ့ညီလေးက မြင်ကွင်းမှ ပျောက်ကွယ်သွားရှာပြီ။ ကိုယ်မချိ အမိသော်လည်း သားတော်ခဲပဟူသည့် စကားမှာ သူ့လို သူရဲဘောနည်းသူအတွက် ထားခဲ့သည့် စကားပုံဖြစ်မည်။ စင်စစ် တစ်မိဝမ်းမှ တစ်အူထုံဆင်းခဲ့သည့် ညီရင်းဖြစ်သူ မျက်စိရှေ့မှာပင် အသက်ဆုံးရှုံးတော့မည်ကို သိပါလျက် ကြည့်နေရက်သည့် သူ၏အဖြစ်က ရှယ်ဖွယ်လိလိ။

သည်အတွေး ဝင်လာစဉ်မှာပင် လှိုင်းအပုတ်တွင် လင်းလင်းလေးက ဘွားခနဲပေါ်လာပြန်၏။ နှလုံးသားထဲမှ သံယောဇဉ်သွေးက နွေးခနဲဖြစ်သွားသည်။ တဒင်္ဂအတွင်းမှာပင် ရစ်နှောင်ခံထားရသည့် တစ်ကိုယ်ကောင်းစိတ်နှင့် သူရဲဘောကြောင်စိတ်ကို အတင်းဖယ်ခွာလျက် သေလျှင်လည်း အတူတူ၊ ရှင်လျှင်လည်း အတူတူဟူ၍ ဆုံးဖြတ်လျက် လင်းလင်းဆီ အမြန်ကူးသွားလိုက်သည်။ ဒါပေမဲ့ နောက်ကျခဲ့ပါပြီ။ လင်းလင်းလက်ကို လှမ်းဆွဲလိုက်ချိန်တွင် လက်ဖျားကလေးကိုသာ ဆွဲမိလိုက်တော့၏။ အစ်ကိုဖြစ်သူ၏ မပြတ်



www.burmeseclassic.com

www.burmeseclassic.com


မသား ချီတုံချတုံဖြင့် လျစ်လျူရှုခြင်း ခံလိုက်ရသော လင်းလင်းလေးမျာ ကြေကွဲဖွယ်ရာရေအောက်သို့ နစ်မြုပ်သွားခဲ့ပါပြီ။ ဤသည်မှာ သူ့ညီလေးကို အသက်ရှင်လျက် နောက်ဆုံးတွေ့လိုက်ရခြင်းပါ။ သူ၏ တစ်ကိုယ်ကောင်းစိတ်နှင့် အချိန်မီမကယ်တင်ခြင်းကြောင့် အသက်ဆုံးရှုံးသွားရှာသည့် ညီလေးအတွက်ယူကျုံးမရတော့။

အဖေနှင့်အမေက မေးလျှင် သူမည်သို့ဖြေရပါမည်နည်း။ ရင်ဘတ်ကြီးတစ်ခုလုံး ဟာင်းလောင်းပွင့်သွားသလိုပင်။

+++

မျက်ဝန်းမှာ လတ်ဆတ်စွာ ထင်ဟပ်လာသည့် ပုံရိပ်များကြောင့် လဲပြိုကျလုလုထိ နာကျင်စွာခံစားလိုက်ရ၏။ နှုတ်မှလည်း တိုးရှစွာ အသံတွေထွက်နေသည်။

"ခွင့်မလွှတ်ပါနဲ့ ညီလေးရယ်။ မုန်းစရာကောင်းတဲ့ မင်းရဲ့ကိုကိုဟာ တစ်ကိုယ်ကောင်းသမားကြီးပါ။ ခွင့်လွှတ်ခြင်းနဲ့မထိုက်တန်ပါဘူး"

သည်းသည်းထန်ထန်ဖြင့် တစ်ချက်ရှိုက်လိုက်သည်။ တလိမ့်လိမ့်စီးဆင်းလာသည့် မျက်ဝန်းမှ မျက်ရည်များကလည်း ပါးပြင်ပေါ်မှာ ..

"ညီလေး ကိုကို့ကို မုန်းနေမယ်ဆိုတာ ကိုကိုသိပါတယ်။ ဒါလည်း မမုန်းပါနဲ့လို့ မတောင်းဆိုပါဘူး။ ကိုကိုဟာ ငါ့ညီမုန်းထိုက်တဲ့လူဆိုတာလည်း သိပါတယ်။ တကယ်ဆိုရင် ကိုကို မင်းကို ကယ်သင့်တာပေါ့။ မင်းကို ကယ်ရင် ကိုကိုပါ သေမှာကြောက်တဲ့ သူရဲဘောကြောင်စိတ်နဲ့တွေဝေနေမိလို့ ညီလေး မသေသင့်ဘဲ သေရတာ"

"အခုနေ တမလွန်ရောက်နေတဲ့ ညီလေးရဲ့ ဝိညာဉ်က ကိုကို့ကို ကလဲ့စားချေမယ်ဆိုရင်တောင် ကိုကို မင်းကို အပြစ်မဆိုရက်ပါဘူး ညီလေးရယ်။ မင်း ပေးတဲ့အပြစ်ကို ခံယူပြီး အပြစ်ကြွေးကို ဆပ်ပါရစေ။ ကိုကို့ကို လာခေါ်လှည့်ပါကွာ"

သူက ပြတင်းဝမှာ မြင်နေရသည့် လရောင်ရေးရေးအလွန်မှ အမှောင်လောကထဲကို ငေးရီကြည့်ရင်း အရူးတစ်ယောက်လို တတွတ်တွတ်ပြောနေခြင်းပင်။

သည်အိပ်မက်ကို မက်ပြီးတိုင်း အတိတ်ဟောင်းက နှလုံးသားကို ဆုပ်ညှစ်ခံရမြဲ။ ခက်ခဲစွာရှင်သန်နေရသည့် ဘဝနိဂုံးမချုပ်မီအထိ ခံစားနေရသည့် စိတ္တဒုက္ခဒဏ်ရာက ပျောက်ကင်းသွားမည်မဟုတ်ပါ။

"ကိုကိုသေချင်တယ် .. ညီလေး။ မင်းရဲ့ အမုန်းခံဘဝကြီးနဲ့ ကိုကို ဆက်ပြီး အသက်မရှင်ပါရစေနဲ့တော့ကွာ"

တသိမ့်သိမ့်ရှိုက်ငိုနေသည့် သူ့ကို ဇနီးဖြစ်သူ နန်းမြမြက နောက်မှ အကြင်နာဖြင့် သိုင်းဖက်ရင်း ..

"မောင် .. ဘာတွေလျှောက်ပြောနေတာလဲဟင်။ လင်းလင်းခမျာ သေတာ ၁၀ နှစ်တောင် ရှိပြီပဲဟာ။ ဘယ်ဘဝကို ရောက်နေပြီလဲဆိုတာတောင် မသိနိုင်တော့ပါဘူး မောင်ရယ်။ သူသေတဲ့အချိန်က .. သူ့မှာ ဘာအကုသိုလ်မှမရှိသေးတဲ့ ကလေးဘဝပါ။ ခုလောက်ဆို ကောင်းရာမွန်ရာ ဘုံဘဝတစ်ခုခုကို ရောက်နေလောက်ပါပြီ။ စိတ်လျှော့လိုက်တော့နော် .. မောင်။ ကဲ .. လာပါ မောင်၊ ဆေးသောက်လိုက်ရအောင်ပါ"

နန်းမြမြက ချော့၍ဆေးတိုက်လိုက်သည်။ တကယ်တော့ သူချစ်ရတဲ့ ယောကျ်ားသည် ယဉ်ယဉ်ကလေးရူးနေသလိုပင်။ လင်းလင်းနှင့် သူ၏ အဖြစ်အပျက်ကို မကြာခဏအိပ်မက်မက်သည်။ အိပ်မက်မက်သည့်ဆိုလျှင် မအိပ်တော့ဘဲ တစ်ယောက်တည်း စကားတွေ တတွတ်တွတ်ပြောနေတော့၏။ သည်အကြောင်းကို ဆရာဝန်နှင့် တိုင်ပင်သောအခါ ဆရာဝန်က ဆေးပေးထား၏။ ဆေးဝင်သွားလျှင်တော့ မကြာမီ အိပ်ပျော်သွားပေမည်။

+++

ကလင် .. ကလင် .. ကလင်

စောစောစီးစီး စူးရှသည့် တယ်လီဖုန်းမြည်သံကြောင့် နန်းမြမြက ဖုန်းကိုနားထောင်လိုက်သည်။

"ဟယ်လို အမိန့်ရှိပါရှင်"

"သမီးနန်းလား အဖေပါ"

"ဩော် .. ဟုတ်ကဲ့ အဖေပြောပါ"

ဖုန်းထဲမှယောက္ခမကြီးဦးမြဒေါင်းအသံက ကြည်လင်ပြတ်သားနေ၏။

"မင်းမင်းရော .. မရှိဘူးလား"

"ရှိတယ် အဖေ၊ ကောင်းကောင်းနေမကောင်းလို့ အိပ်ရာက မထသေးဘူး"

သားဖြစ်သူ နေမကောင်းဟု ဆိုသဖြင့် ဦးမြဒေါင်းအသံက ခေတ္တပြတ်တောက်သွားသည်။ စိုးရိမ်သွားသည်ထင်၏။ ခဏအကြာမှ ဦးမြဒေါင်းအသံက လျှပ်စစ်လှိုင်းများကြားမှ ပြန်ပေါ်လာ၏။

"တော်တော် နေမကောင်းဖြစ်နေ


www.burmeseclassic.com

www.burmeseclassic.com



လား သမီးရဲ့"

"အဲဒီလိုကြီးလည်း ‥ မဟုတ်ပါဘူး အဖေ။ ညက လင်းလင်းကို အိပ်မက်မက်ပြီး တစ်နေ့ရေးနိုးကတည်းက ပြန်မအိပ်တော့လို့ သမီးအိပ်ဆေးတိုက်လိုက်တာကြောင့် အိပ်ရာက မထသေးတာပါ"

"ဩော် ‥ အေး ‥ အေး ‥ အဖေလည်း အဲဒီအကြောင်းကိုပဲ ပြောမလို့ သမီးရဲ့၊ လင်းလင်းဆုံးတာ ၁၀ နှစ်ပြည့်ကုသိုလ်ကောင်းမှုလေး မင်းတို့အမေက လုပ်ချင်သတဲ့။ အဲဒါ မင်းမင်းလည်း ရှိစေချင်သတဲ့လေ။ လာနိုင်ရင် လာခဲ့ဖို့ ပြောမလို့ သမီးရဲ့"

"အို ‥ လာနိုင်မှာပါ အဖေ။ သူလာမှာပ။ လင်းလင်းအတွက် သူလည်း ခံစားနေရတုန်းပဲဟာ"

"အေး ‥ အေး ‥ ဒါဆိုရင် သမီးပြောလိုက်တော့နော်"

"ဟုတ်ကဲ့ပါ အဖေ၊ သမီးပြောလိုက်ပါ့မယ်"

တစ်ဖက်မှ ဦးမြဒေါင်းက ဖုန်းချသွားသည်။ နန်းမြမြက ဖုန်းကို ကိုင်၍ ငိုင်နေမိဆဲ။

+++

ရွာပြန်ရန် မင်းမင်းမှာ အလျင်အမြန် စီစဉ်ရတော့၏။ အစောပိုင်းက လင်းလင်းကို ရည်စူး၍ အိမ်မှာပင် သံဃာတော်များကို ဆွမ်းကပ်၍ ကုသိုလ်ကောင်းမှုလုပ်ရန် ရည်စူးထားသော်လည်း အဖေနှင့်အမေက ရွာမှာ လုပ်မည်ဆိုသဖြင့် အစီအစဉ်ပြောင်းရတော့၏။

ချက်ချင်းပင် အပြေးအလွှား သက်နီးဖယ်သည်။ ဘုန်းကြီးအချို့ခွဲ အတွက် ကောင်းနိုးရာရာသစ်သီးနှင့် မုန့်အချို့များလည်း ပါသည်။ အရေးပေါ် စီစဉ်ရခြင်းဖြစ်သဖြင့် နန်းမြမြက မလိုက်နိုင်။ စီးပွားရေးလုပ်ငန်းများကို ဦးစီးပြီး ကျန်ရစ်မည်။ မင်းမင်းတစ်ယောက်တည်းသာ ရွာကိုပြန်ဖြစ်သည်။

+++

စင်စစ် မင်းမင်းတို့နေသည့် ရန်ကုန်နှင့် ဖိုးခေါင်ညောင်လှခရီးမှာ ယခုခေတ်လို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်ကာလ၊ ခေတ်မီယာဉ်များ ဥဒဟိုပြေးဆွဲနေသဖြင့်လည်း သုံးနာရီကျော် လေးနာရီနီးပါးသွားရသည့် ခရီးအကွာအဝေးသာ မနက်စောစောထွက်သည့် ဘတ်စ်ကားနှင့်ဆိုလျှင် နံနက်ဘုန်းကြီးဆွမ်းစားအမီရောက်၏။

ဝီရိယပိုသည့် မင်းမင်းက စောစောရောက်ချင်သည့်စိတ်ဖြင့် သူပိုင်ဂျစ်ကားကို ကိုယ်တိုင်မောင်းလာခဲ့သည်။ ဖြစ်ချင်တော့ ကားက လမ်းမှာပျက်သည်။ မွေးကတည်းက သူ့အဖေ၏ ကပ်ကျော်ကားကြီးကိုဖက်၍ ကြီးပြင်းခဲ့သူပီပီ ကားပျက်ကို ကိုယ်တိုင်ပြင်သည်။ ကားကောင်းသွားချိန်တွင် အရှိန်မြှင့်၍ မောင်းခဲ့သည့်တိုင် ဖိုးခေါင်ကမ်းမှာ ခြေချမိချိန်တွင် နေဝင်လုပြီ။

တစ်ခါတစ်ရံ ဖြစ်လေ့ရှိသကဲ့သို့ပင် ကူးတို့ဆိပ်တွင် ကူးတို့လှေက အဆင်သင့်ရှိမနေပြန်။ ဝင်လုဆဲနေရောင်အောက်တွင် ရွှေမင်ရည်သုတ်လိမ်းကျံထားသော ကျူတလီမြစ်ကြီးခြားထားသည့် ဟိုမှာဘက်မှ သူ့ဇာတိ ညောင်လှရွာကြီးကို မျှော်ကြည့်လိုက်သည်။ ဟိုတုန်းကထက်ပင် ညောင်လှသည် စည်ကားနေသလိုပင်။ တစ်ဆက်တည်းမှာပင် လွန်ခဲ့သည့် ၁၀ နှစ်က သည်နေရာမှာ ယခုကဲ့သို့ ကူးတို့မရှိသဖြင့် စောင့်နေစဉ် ဖြစ်ပျက်ခဲ့သည်များကို ရုပ်ရှင်အနှေးပြကွက်ပမာ မျက်ဝန်းမှာပြန်၍ မြင်ယောင်မိလာ၏။

ကွဲလွဲသွားသည်များကတော့ ဟိုတုန်းက သူ့ချစ်သူ နန်းမြမြသည် ယခု သူ့ဇနီးဖြစ်နေခြင်းနှင့် သူ့ညီလေး လင်းလင်းမှာ ကျူတလီမြစ်လယ်တွင် လှေမှောက်၍ အသက်ဆုံးသွားရခြင်းပင်။

ဆိပ်ခံတံတားထိပ်တွင် ရပ်၍ ဝင်လုဆဲနေရောင်အောက်တွင် ရိုးမတောင်တန်းကြီးနောက်ခံဖြင့် လှပစွာမြင်နေရသည့် ကျူတလီမြစ်တစ်ဖက်ကမ်းမှ ညောင်လှရွာကို လွမ်းမောစွာငေးရီကြည့်နေမိသည်။ ထိုစဉ် အနောက်မှ သူ့အမည်ကို ခေါ်သံလိုလိုကြားမိသဖြင့် လှည့်အကြည့် ...

"မင်းမင်း မဟုတ်လားဟင်"

တရင်းတနှီးခေါ်လိုက်သူကို ရုတ်တရက် သူမမှတ်မိ။ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် ဝါးခမောက်တစ်လုံးကို ဆောင်းလျက် ရပ်နေသူက သူ့ကိုပြုံး၍ ကြည့်နေရာမှ ‥

"မင်း ‥ ငါ့ကို မမှတ်မိဘူးလား မင်းမင်း။ ငါ ဇော်လတ်လေကွာ"

သည်တော့မှပင် ဇော်လတ်၏ ငယ်ရုပ်သွင်ကို မျက်ဝန်းမှာအရိပ်ထင်လာ၏။ မင်းမင်း အားတုံ့အားနာဖြစ်သွားသည်။

"ဆောရီးပဲ သူငယ်ချင်းရာ၊ ရုတ်တရက် မင်းကို ငါမမှတ်မိဘူး"

"အင်းပေါ့လေ ‥ ငါကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းပြောင်းလဲသွားခဲ့တာကို။ ဘယ်သူမပြု မိမိမှုပေါ့ကွာ။ ငါ ဆိုးလို့ ဒီဘဝရောက်ရတာပါ''

ဇော်လတ်အသံတွေက တုန်ခါနေ၏။ မှိုင်းရီနေသည့် မျက်ဝန်းမှာ မျက်ရည်ဖြင့် ပြည့်ဝိုင်းနေသလိုပင်။ သည်လိုအဖြစ်မျိုးနှင့် ပြန်လည်ဆုံတွေ့ရတော့လည်း အနိုင်ရသူပင် ဖြစ်လင့်ကစား အပေါ်စီးမှ မဆက်ဆံမိစေရန် သတိထားရတော့၏။

''မင်းတို့ သတင်းတွေကို ကြားပါတယ်။ မင်း နန်းကို ခိုးပြေးသွားပြီး ရန်ကုန်မှာ အခြေကျနေတယ်။ စီးပွားရေးလည်းကောင်းတယ်ဆိုတာတွေပေါ့''

ဇော်လတ်က သူတို့သတင်းကိုတော့ နားစွင့်ထားဟန်တူ၏။ အတော်လေး အတွင်းကျကျသိနေပုံရသည်။ ဇော်လတ်က ဆက်ပြောသည်။

''ငါ့အနေနဲ့ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် မင်း နန်းကို ခိုးပြေးသွားစတုန်းကတော့ ငါ ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်လွန်းလို့ မင်းကို မတွေ့တွေ့အောင်ရှာပြီး သတ်ဖို့အထိ စိတ်ကူးမိသေးတယ်''

''ဒါပေမဲ့ကွာ . . မင်းကိုသတ်ရင် ငါလည်း ကျူးလွန်တဲ့ပြစ်မှုကြောင့် ဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို ခံရမှာပဲဆိုတာ တွေးမိလို့ သတ္တိမရှိတော့ဘူးကွ။ ဒါကြောင့် ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ရတယ်ပေါ့။ ရက်ကလ၊ လကနှစ် ဆိုသလို ကြာလာတော့လည်း အချိန်က ကုစားလိုက်တယ်ထင်ပါရဲ့။ ရင်ထဲက အကျိတ်အခဲတွေ ပြေသွားရတယ်ပေါ့''

''ခုတော့ . . ငါလည်းအိမ်ထောင်ကျနေပြီ။ ကလေးနှစ်ယောက်တောင်ရနေပြီကွ။ တည်ငြိမ်နေတဲ့ ကိုယ့်ဘဝလေးကို ပျက်စီးမခံနိုင်တော့ဘူးလေ''

ဇော်လတ်၏ နောင်တစကားကြောင့် သူ့ဘဝတစ်စိတ်တစ်ဒေသကို သိခွင့်ရလိုက်ခြင်းနှင့်အတစ စာနာမှုများဖြင့် စိတ်မကောင်းဖြစ်ရပြန်၏။ ရှေးတုန်းမိုက်တုန်းအရွယ် ငယ်ငယ်က ဖြစ်ရပ်များကိုလည်း ရန်သူက အလံဖြူထောင်နေပြီမို့ သင်ပုန်းချေဖို့သာ ရှိသည်ပေါ့။ သူက . .

''ဒါနဲ့ . . မင်း အခု ဘာလုပ်နေလဲ သူငယ်ချင်း''

''ပွဲစားလုပ်တယ်ကွာ။ စပါးပွဲစား နွားပွဲစားဆိုပါတော့။ အဆင်ပြေတဲ့အခါလည်း ပြေတယ်။ မပြေတဲ့အခါလည်း မပြေဘူး''

သူ့အကြောင်းကို အိတ်သွန်ဖာမှောက်ပြောပြနေသည့် ဇော်လတ်ကို သနားသွားသည်။ ခုတော့လည်း နောင်တတွေနှင့် ဘဝကို ရုန်းကန်ရင်ဆိုင်နေရရှာပါကလားဟု၍ စာနာမိသည်။ ဇော်လတ်က ဆက်ပြန်၏။

''ဒါနဲ့ မင်းအခု ရွာကို ပြန်မှာမဟုတ်လား''

''အေး . . ဟုတ်တယ်ကွာ။ တစ်လမ်းလုံး ငါ့ကားက ပျက်နေလို့ နှိုက်နေရတာနဲ့ နောက်ကျပြီးမှ ဒီကိုရောက်တာကွ။ ဒီကျတော့လည်း ကူးတို့က မရှိပြန်ဘူး''

''မပူပါနဲ့ကွာ . . ငါ့မှာ လှေပါပါတယ်။ ငါလည်း ရွာပြန်မှာပါ။ ငါနဲ့ လိုက်ခဲ့ပေါ့ ဘယ့်နှယ့်လဲ''

ဇော်လတ်၏ စေတနာကို ငြင်းရမှာ အားနာသဖြင့် ထွေထွေထူးထူး တွေးမနေတော့ဘဲ ခေါင်းညိတ်လိုက်သည်။

''ဒါဆို ခဏစောင့်ကွာ။ အိမ်က သမီးကြီးအတွက်မှာထားတဲ့ စာအုပ်ကလေးတွေ သွားယူလိုက်မယ်။ မကြာဘူး''

''အေး . . သွားပါ၊ ငါ စောင့်နေပါ့မယ်''

ဇော်လတ်က ရပ်နေရာမှ ချာခနဲလှည့်၍ ကမ်းပေါ်သုတ်သုတ်တက်သွား၏။ မင်းမင်းက ဇော်လတ်ကျောပြင်ကို လှမ်းကြည့်၍ သူ့ခမျာအတော်ကလေး မပြေလည်ရှာဘူး ထင်ပါရဲ့ဟု တွေးလျက် သက်မောရှိုက်မိသည်။

ဇော်လတ်က သိပ်တော့မကြာ။ လက်ထဲမှာ ဗလာစာအုပ်သုံးလေးအုပ် ကိုင်၍ ပြန်ရောက်လာသည်။

''လာဟေ့ . . မင်းမင်း . . ကူးရအောင်''

လှေကလေးက တစ်စတစ်စ မြစ်လယ်သို့ ရောက်လာ၏။ လွန်ခဲ့သည့် ၁၀ နှစ်က အဖြစ်ဆိုးကို မင်းမင်း ဖျတ်ခနဲ သတိရလိုက်ပြန်၏။ ထိုစဉ်က သူ့ညီလေးသည် သူ့ကြောင့် သည်နေရာမှာပင် အသက်ဆုံးရှုံးခဲ့ရရှာသည် မဟုတ်ပါလား။ အတွေးဖြင့် ဖွဲ့နှောင်ခံထားရသော မင်းမင်းနားမှာ ရုတ်တရက် အသံတစ်သံလိုလို ကြားလိုက်ရ၏။ ဘာသံဟူ၍ မသဲကွဲ လှိုင်းပုတ်သံလိုလို၊ လေတိုးသံတိုတို တစ်ယောက်ယောက်က 'နောက်ကို သတိထား' ဟု သတိပေးလိုက်သလို သံသယစိတ်ကြောင့် ကြက်သီးဖျန်းခနဲထသွားလျက် နောက်ကိုမလုံတော့ဘဲ မင်းမင်း အလန့်တကြားလှည့်ကြည့်လိုက်သည်။ မြင်ကွင်းကြောင့် မင်းမင်း အံ့ဩမှင်



www.burmeseclassic.com

www.burmeseclassic.com



တက်သွား၏။ ဖော်လတ်လက်ထဲမှာ လှေလှော်သည့် လှော်တက်ရှိနေရမည့်အစား ငှက်ကြီးတောင်ဓားတစ်ချောင်းကိုဆုပ်ကိုင်၍ မီးထွက်မတတ် မျက်လုံးတွေနှင့် သူ့ကိုမုန်းတီးစွာကြည့်နေသည့်မြင်ကွင်း။

"ဟာ ‥"

မင်းမင်းနှုတ်မှ အာမေဋိတ်တစ်ခု ကျယ်လောင်စွာပေါက်ကွဲမည်ဟန်းသံနှင့် ဖော်လတ်ထံမှ မထေ့တထေ့စကားသံက ကပ်လိုက်လာ၏။

"ဟဲ ‥ ဟဲ ‥ ဟဲ မင်းကို ငါသတ်တော့မယ်ဆိုတာ သဘောပေါက်သွားပြီပေါ့လေ။ အင်းလေ ‥ ငါကလည်း လူတစ်ဖက်သားကို နောက်ကအလစ်ခုတ်သတ်တာမျိုးကို မလုပ်ချင်ပါဘူးကွာ။ မျက်နှာချင်းဆိုင်ပြီး ရှင်းရမှ ကျေနပ်နိုင်မှာကွ။ ဟင်း ‥ ဟင်း ‥ ဟင်း"

စောစောတုန်းက ဖော်လတ်နှင့် အခု ဖော်လတ်က ဆီနှင့်ရေ။ ခု ဖော်လတ်က သရဲမရဲစီးခံနေရသဖြင့် လူစိတ်ကင်းမဲ့နေပုံမျိုး။

"မင်း ‥ မင်း ‥ ဘာလုပ်မလို့လဲဟင်"

မင်းမင်းနှုတ်မှ အထစ်ထစ်အငေါ့ငေါ့စကားလုံးတွေ ခုန်ပေါက်ထွက်သွား၏။ ခက်ထန်နေသည့် ဖော်လတ်က အံကို တင်းတင်းကြိတ်လျက် ‥

"ဘာလုပ်ရမှာလဲကွ၊ လွန်ခဲ့တဲ့ ၁၀ နှစ်က မင်း တစ်နေ့ ငါ့အကြောင်း သိစေရမယ်။ ဒီကိစ္စကို ငါ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ မင်း သတိထားနေလို့ ငါပြောခဲ့တာ မေ့သွားပြီလား"

ဖော်လတ်က အောင်သေအောင်သားစားတော့မည့် ကေသရာဇာခြင်္သေ့မင်း၏ ဟန်အမူအရာမျိုးဖြင့် ဝင့်ကြွားစွာ ‥‥

"အေး ‥ ဒီနေ့ဟာ မင်းကို ငါ့အကြောင်းပြရမယ့်နေ့ပေါ့ကွ။ ဒီနေ့ကို ငါစောင့်ခဲ့တာ ၁၀ နှစ်ရှိသွားပြီလေ။ ဒါကြောင့် စောစောက မင်း ငါ့လှေနဲ့ လိုက်လာအောင် သရုပ်ဆောင်ခဲ့ရတာပေါ့ကွာ။ ခုလို ငါပြောသမျှကို မင်းယုံသွားပုံထောက်တော့ ငါ့အိုက်တင်က အကယ်ဒမီရှော့ခ်ထင်တယ်ကွ။ ဟုတ်ရဲ့လား ‥ ဟား ‥ ဟား ‥ ဟား"

လွန်ခဲ့သည့်
၁၀ နှစ်က
သူ့အပေါ်
ရက်စက်ခဲ့သည့်
အစ်ကိုဖြစ်သူကို
ဘဝခြားခဲ့သည့်တိုင်
ခွင့်လွှတ်ခြင်းဖြင့်
ချစ်နေဆဲဖြစ်ကြောင်း
သက်သေပြလိုက်ခြင်းဟု
နားလည်လိုက်သည်
‥‥





www.burmeseclassic.com

www.burmeseclassic.com



ဇော်လတ်က အမှူးသမားသရုပ် ပေါ်လာသည်။ တော်တော်မှူးနေပုံလည်းရသည်။ စောစောက သူနှင့် စကားပြောနေစဉ် မမှူးဘဲ ခုမှဘာကြောင့် မှူးနေမှန်းမသိတော့။

''မင်း မှူးနေတယ်ထင်တယ် ဇော်လတ်''

''ဟုတ်တယ်လေ ။ မင်းကိုသတ်ဖို့အတွက် ခုလေးတင် ရဲဆေးတင်ခဲ့တာကွ။ သမီးကြီးမှာတဲ့စာအုပ် သွားယူရင်းနဲ့ပေါ့''

အမှူးသမားတစ်ယောက်အဖို့ ဆင်ခြင်တုံတရားရှိတော့မည်မဟုတ်။ စိတ်ထင်ရာကို တဖွတ်ထိုးလုပ်တော့မည်မှာ သေချာနေပြီ။ အတတ်နိုင်ဆုံး သူ့ဘက်က ချော့ရတော့မည်သာ။

''ဒီမှာ သူငယ်ချင်း ပြီးတာတွေလည်း ပြီးခဲ့ပါပြီကွာ။ ငါ့ကိုသတ်ရင် ဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို မင်းခံရမယ်ဆိုတာ မင်းပဲ ပြောခဲ့တယ်လေ။ အခု မင်းမှာလည်း သားသမီးတွေနဲ့ဆိုတော့ မမိုက်ပါနဲ့တော့ သူငယ်ချင်းရယ်။ ငါ တောင်းပန်ပါတယ်ကွာ'

ဇော်လတ်က ခေါင်းကို သွက်သွက်ခါ၏။ ဘာစကားမှ နားဝင်မည်မဟုတ်တော့၊ ကျောင်းတော်က ရန်စကို အပြတ်ရှင်းတော့မည် တကဲကဲ။

''မင်းကြောင့် ။ ။ ငါ ဘယ်လောက် အရှက်ရခဲ့တယ်ဆိုတာ ငါ အသိဆုံးကွ။ ငါ့ရဲ့ ဂုဏ်သိက္ခာကိုဆယ်ဖို့ မင်းကို ငါ သတ်ကိုသတ်ရလိမ့်မယ်။ ကဲကွာ ။ ။ ကြာတယ်''

ရုတ်တရက် သူ ကြောင်သွားသည်။ အသက်အန္တရာယ်နှင့် ပါးတော့နားတော့ ရင်ဆိုင်ရခြင်းမို့ ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ် ။ ။

''ရှောင်တော့လေ ။ ။ ရှောင် ။ ။ ရှောင်''

လေထဲမှ သတိပေးသံလိုလို ကြားလိုက်မိသဖြင့် အချိန်မီတိမ်းရှောင်ဖို့ သတိရလျက် မင်းမင်းက ဇော်လတ် ခုတ်ချလိုက်သည့် ဓားချက်ကို ရှောင်ပေးလိုက်သည်။ ဝင်လုဆဲနေရောင်ဖြင့် လက်ခနဲ အလင်းဖြာသွားရာမှ ငှက်ကြီးတောင်ဓားသွားက ကုပ်ပေါ်မှ သီသီကလေးဝဲ၍ လုစ်ခနဲ ဖြတ်ထွက်သွားသည်။ တိမ်းရှောင်ပေးလိုက်သည့် အရှိန်ကို မထိန်းနိုင်ဘဲ မင်းမင်းက ရေထဲသို့ အရှိန်လွန်၍ လိမ့်ကျသွား၏။

တအားလွှဲ၍ ။ ။ ။

ခုတ်ချလိုက်သည့်ဓားချက်လွဲသွားသဖြင့် အားလွန်သွားသည့်ဇော်လတ်ကိုယ်တိုင်လည်း သူ့အရှိန်သူ မထိန်းနိုင်ဘဲ ရေထဲသို့ ဂျွမ်းစိုက်ထိုးကျသွားသည့်ကို မင်းမင်း မြင်သည်။ လေနှင့်အတူ မျောလွင့်လာသည့် အသံတစ်ခုကို နားနား အနီးကပ်၍ ကြားမိပြန်၏။

''လှေကို ခိုထားလေ။ ရေစီးနဲ့ မျောပါမသွားစေနဲ့''

မှောက်ခုံကြီး ပေါလောပေါ်နေသည့် လှေကို တွယ်ထားလိုက်သည်။ အမှူးလွန်နေသည့်ဟန်ရှိသည့်ဇော်လတ်ကတော့ ခပ်လှမ်းလှမ်းတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေရာမှ လုံးဝမြင်ကွင်းမှ ပျောက်သွားသည်။

နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည့် အသံများသည် သွားလေသူ လင်းလင်းလေး၏ အသံဟု ထင်မိ၏။ သေအံမူးမူးကာလတွင် စွဲမိစွဲရာ စိတ်ကစွဲ၍ ဟိုအသံ ဒီအသံတွေကြားရသည်လားဆိုသည်ကိုတော့ မဝေခွဲနိုင်ပါ။

အကယ်၍များ လင်းလင်းလေး၏ အသံဆိုပါလျှင် ။ ။

လွန်ခဲ့သည့် ၁၀ နှစ်က သူ့အပေါ် ရက်စက်ခဲ့သည့် အစ်ကိုဖြစ်သူကို ဘဝခြားခဲ့သည့်တိုင် ခွင့်လွှတ်ခြင်းဖြင့် ချစ်နေဆဲဖြစ်ကြောင်း သက်သေပြလိုက်ခြင်းဟု နားလည်လိုက်သည်။

ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ရေစီးနှင့်မျောပါလာသည့် ရွှေဝါရောင်သစ်ခွပန်း[illegible]ဘစ်အုံက မင်းမင်း အနီးရောက်လာ၏။ သစ်ခွပန်းအုံကို ဆယ်ယူလျက် ရင်မှာ တယုတယပွေ့ပိုက်ထားရင်း ။ ။ ။

ဟိုးလွန်ခဲ့တဲ့ ၁၀ နှစ်က ဒီလို မျောပါလာတဲ့ သစ်ခွပန်းအုံ အမေ့ကိုပေးဖို့ ဆယ်ရင်း ညီလေးသေခဲ့ရတယ်။ 'ဒီတစ်ခါတော့ ညီလေးကိုယ်စား ကိုကို ဆယ်လို့ရပြီ။ ဒါကို ညီလေးပေးခိုင်းလိုက်တာလို့ ပြောပြီး အမေ့ကို ပေးလိုက်မယ်။ အမေ ဘုရားမှာလှူပြီးရင် ညီလေးကို အမျှအတန်းပေးဝေပါလိမ့်မယ်။ သာဓုအနုမောဒနာခေါ်ဆိုပြီး ကောင်းရာသုဂတိဘုံဘဝကို သွားပါတော့ ညီလေးရယ်''

မောင်သစ်နွယ်



www.burmeseclassic.com

www.burmeseclassic.com



**စာမျက်နှာ ၁၁၁ မင်းမဟာကျော်ခေါင်မှ စာဆက်**

ကံရေးသိလိုက်ပြီ။ ချစ်တီးကုလားဘာဘူလေး ရှာစဉ်လှည့်၍ ကြွေးတောင်းရာမှ ကြွေးမဆပ်နိုင်သူများထံမှ လှည်း၊ နွားနှင့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ကြွေးနှင့်သိမ်းလာပုံရသည်။ ကံရေးရင်မှာ ထိတ်ခနဲခုန်သွား၏။ သူကိုယ်တိုင်လည်း ပေးစရာရှိသည့်ကြွေးကို မဆပ်နိုင်သေးသူဖြစ်၏။ ဒီတစ်နှစ်ဆိုင်းငံ့ပေးပါရန် မျက်နှာအောက်ချ၍ ချစ်တီးကုလားကို တောင်းပန်ရဦးမည်ဟု တွေးရင်း ရင်မောလာသည်။ ချစ်တီးကုလားဘာဘူလေးနှင့်အဖွဲ့က ကံရေးကိုခြံဝမှာ တွေ့သဖြင့် ရပ်တန့်လိုက်၏။

"ဟာရေး ‥ ဂန့်ရေး၊ တွေ့ရတာ ဝမ်းသာတယ်"

ကံရေးကတော့ ကြွေးရှင်ချစ်တီးကုလား ဘာဘူလေးကို တွေ့ရသဖြင့် ဝမ်းမသာနိုင်ပါ။ သို့သော်လည်း လူမှုရေးအရ ဝတ်ကျေတန်းကျေတုံ့ပြန်ရတော့၏။

"ဟုတ်ကဲ့ ‥ ဘာဘူလေး နေကောင်းတယ်နော်"

"ကာင်းတယ် ‥ ကာင်းတယ် ဂန်းရေး၊ အခု နင်ချေးထားတဲ့ ခြွေးတောင်းရအောင် နားလာတယ်။ နင်အခု ခြွေး ဆပ်ပါ"

ထင်သည့်အတိုင်းပင် ဘာဘူလေးက တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းသည်။ ကံရေးက တောင်းပန်ရတော့၏။

"ဘာဘူလေးရယ် ‥ ဒီနှစ်စပါးဈေးက အရမ်းကျနေတဲ့အတွက် မဆပ်နိုင်သေးလို့ပါ။ တစ်နှစ်တော့ ဆိုင်းပေးပါဦးလို့ တောင်းပန်ပါတယ် ဘာဘူလေးရယ်"

"ဟေး ဂန်းရေး နင်နော် နာ့ဆီမှာ ခြွေးထားတာ တုံးနှစ်ရှိပြီ။ အပ်တိုးရော အပ်ရင်းရောပေါင်းရင် အပ်များကြီးဖြစ်နေပြီ။ နင် ကြားလေ မဆပ်နိုင်လေဖြစ်မယ်။ နားကနော် ဗြိတိသျှအစိုးရဘဏ်တိုက်ကြီးက ချေးပြီး နင်တို့ကို စေတနာနဲ့ ပေးထားတာပဲ။ နင်တို့က မဆပ်ဘဲနေလို့ရပေမယ့် နားကမရဘူး။ နားမဆပ်နိုင်ရင် အစိုးရကဖမ်းပြီး ထောင်ချမယ်။ ဒါကြောင့် နားမစောင့်နိုင်ဘူး။ နင့်လယ် ၁၀ ကေရယ်၊ နွားရယ်၊ လှည်းရယ် အားလုံးကို အခုပဲနာ ခြွေးနဲ့သိမ်းမယ်"

ချစ်တီးကုလားများနှင့် ဗြိတိသျှအစိုးရတို့ အပေးအယူလုပ်ပြီး ဗြိတိသျှအရင်းရှင်ဘဏ်တိုက်ကြီးများက ချစ်တီးများကို ငွေ ၁၀၀ လျှင် သုံးကျပ်တိုးနှင့်ချေး၏။ ချစ်တီးများက တောင်သူလယ်သမားများကို သုံးဆယ်တိုးလောက်ယူ၍ အတိုးကြီးစားကြသည်။ ဤသည်ကိုတော့ ဘာဘူလေးက ထည့်မပြော။

ခင်မေနှင့်မြမေလည်း အပြေးအလွှားရောက်လာ၏။ ခင်မေက ဘာဘူလေး၏ ခြေသလုံးကိုဖက်၍ တောင်းပန်သည်။

"ဒီနှစ်တစ်နှစ်တော့ ကျွန်မတို့ ကြိုးစားပါရစေဦး ဘာဘူလေးရယ်။ ရှိကြီးခိုးပါရဲ့ရှင် ‥ နော် ‥ နော်"

ဒေါ်မြမေကလည်း မျက်ရည်စမ်းစမ်းဖြင့် ဝင်ပြော၏။

"ဟုတ်ပါတယ် ဘာဘူလေးရယ်၊ နောင်နှစ်မှ ကျွန်မတို့ မဆပ်နိုင်ကြိုက်သလိုလုပ်ပါရှင်"

ငိုကြီးချက်မနှင့် ခြေသလုံးဖက်၍ တောင်းပန်နေသော ခင်မေ့တစ်ကိုယ်လုံးကို ဘာဘူလေးက ခြေဆုံးခေါင်းဖျားကြည့်နေရာမှ သူကြီးအနီးကပ်၍ တိုးတိုးပြော၏။ သူကြီးဦးမြဘူးက ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ‥

"ဒီမှာ ကံရေး"

"ဟုတ် ‥ ဟုတ်ကဲ့ သူကြီး၊ အမိန့်ရှိပါ ခင်ဗျား"

"ဘာဘူလေးက ငါ့ကိုပြောနေတယ်။ မင်းတို့မိသားစုမှာ မင်းအမေလည်း မကျန်းမာဘူးဆိုတော့ စိတ်သောကမရောက်စေချင်ဘူးတဲ့။ ပြေပြေလည်လည်ဖြစ်စေချင်တယ်တဲ့ ‥။ ဒါကြောင့် …"

သူကြီးက စကားကိုဖြတ်၍ ကံရေးတို့မိသားစုကို ဝေ့ကြည့်သည်။ ပြီးမှ စကားဆက်သည်။

"တခြားတော့မဟုတ်ပါဘူးကွာ။ ဘာဘူလေးက မင်းညီမ ခင်မေ့ကိုမြင်ရတာ သနားတယ်တဲ့။ ဒါကြောင့် မိသားဖသားပီပီ လက်ထပ်ယူပြီး တစ်ခါတည်း မြို့က သူ့ရဲ့ ချစ်တီးတိုက်မှာ ကောင်းကောင်းမွန်မွန်ထားပေးမယ်တဲ့။ အဲဒါကို မင်းတို့ဘက်က သဘောတူရင် အကြွေးအားလုံးလျှော်ပေးမယ်တဲ့။ မင်းတို့ ကံကောင်းတာပေါ့ကွာ။ သူတော်ကောင်းနဲ့ တွေ့တာပဲ။ ဟဲ ‥ ဟဲ ‥ ဟဲ"

ကံရေးတစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ ဒေါသဖြစ်လွန်းသဖြင့် တစ်ခုခုမလုပ်မိရန် မနည်းပင်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်တည်းထားရ၏။ ခင်မေ့မျက်လုံးတွေထဲမှာလည်း ဒေါသခိုးတွေ ဝေ့တက်လာသည်။ ဒေါ်မြမေက သားနှင့်သမီးကို နှစ်သိမ့်အကြည့်ဖြင့် ကြည့်၏။ ထိုအချိန်မှာပင် သူကြီး ဦးမြဘူးက မီးလောင်ရာ လေပင့်လိုက်သည်။

"ကံရေး စိတ်ကူးမလွဲနဲ့ကွ။ မင်းဆပ်ရမယ့် အကြွေးအားလုံး လျှော်ပေးမယ်ဆိုတော့ ‥ ဘာဘူလေးရဲ့စေတနာက မနည်းဘူးလေကွာ။ မင်းအနေနဲ့ ကျေးဇူးတောင်တင်ရဦးမယ်မဟုတ်လား"

"တော်စမ်းပါ သူကြီးရာ"

"ဟေ ‥ မင်းက မကျေနပ်လို့လား"

"ကျုပ် နှမလေးကို လူမျိုးခြားကုလားလက်ထဲတော့ မအပ်နိုင်ဘူး သူကြီး။ ဒါ ကျုပ် အပြတ်ပြောတာပဲ။ ပြဿနာမဖြစ်ချင်ရင် ဒီစကား ဒီမှာရပ်တော့"

ကံရေး၏ဒေါသက အထွတ်အထိပ်သို့ရောက်လာသည်။ အချိန်မရွေး ထပေါက်တော့မည့် ဗုံးတစ်လုံးပမာပင်။ ချစ်တီးကုလား ဘာဘူလေးက ဝင်ပြောပြန်၏။

"ဟေး ‥ ဂန်ရေး၊ ဒါဆိုရင် မင်းငါ့အကြွေးကို အခုချက်ချင်းဆပ်စမ်း"

ချစ်တီးကုလား ဘာဘူလေးကလည်း အကျပ်ကိုင်လာ၏။

"ခုချက်ချင်း မဆပ်နိုင်သေးလို့ တစ်နှစ်စောင့်ပါလို့ တောင်းပန်နေတာပေါ့ ဘာဘူလေးရာ။ စိတ်ချ နောင်နှစ် ဒီအချိန်မှာ ခင်ဗျားအကြွေးကို ကျုပ် ကျေအောင်ဆပ်မယ်"

"မဖြစ်ဘူး ဂန်းရေ၊ နာ့အခွေးကို နင်မဆပ်ဘူးနော်။ နင့်နှမကို ခွေးနဲ့သိမ်းမယ်။ လာစမ်း ကောင်မလေး"

ဘာဘူလေးက ခင်မေ့လက်ကို အတင်းဆွဲခေါ်သည်။ ဒေါ်မြမေက သူ့သမီး ‥ ကုလားနောက်မပါအောင် အတင်းဝင်ဆွဲ၏။

"လွှတ် ‥ လွှတ် ‥ ဟဲ့ ကုလား။ ငါ့သမီးကိုလွှတ်"

"ဒီအဘွားကြီး တေချင်ပြီထင်တယ်။ ကဲ ‥ ဟာ တေစမ်း"

ဘာဘူလေးက ဒေါ်မြမေကို ခြေနှင့်ဆောင့်ကန်လိုက်၏။ ဒေါ်မြမေခမျာ မြေပေါ်သို့ ပုံလျက်လဲသွား၏။ ခင်မေက သူ့အမေကို အတင်းပြေးပွေ့သည်။ ဘာဘူလေးက ခင်မေ့လက်ကို ဆောင့်ဆွဲ၍ ဒယဉ့်တိုက်ခေါ်သွားသည်။

"အစ်ကို ‥ အစ်ကို ‥ ကယ်ပါဦး"

ကံရေးမျက်စိထဲမှာ ဘာမျှမမြင်တော့။ စောစောက နွားစာစဉ်းရင်း စည်းတီတုံးပေါ်တင်ထားခဲ့သည့်ဓားကို ဖျတ်ခနဲ ကောက်ယူလျက် ‥

"ကဲ ‥ သေစမ်းကွာ"

ကံရေးဓားချက်ကြောင့် ချစ်တီးကုလား ခေါင်းတခြားကိုယ်တခြားဖြစ်သွားသည်။ အားလုံးကြောင်ကြည့်နေရာမှ သူကြီးဦးမြဘူး သတိရသွားလျက် ‥‥

"ဟေ့ကောင် ကံရေး လက်နက်ချပြီး အဖမ်းခံစမ်း"

ကံရေးက အံကြိတ်လိုက်သည်။ တိုင်းတစ်ပါးသား လူမျိုးခြားသြဇာခံ ပုဆိန်ရိုးသူကြီးဆီသို့ သူ့ဒေါသက ရောက်သွား၏။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဘဝမို့ မထူးတော့သည့်အတူတူ သူကြီး ဦးမြဘူးဆီသို့ ပြေးဝင်လျက် လက်ထဲမှာ ကျစ်ကျစ်ဆုပ်ကိုင်ထားသည့်ဓားနှင့် စိတ်ရှိလက်ရှိခုတ်ချလိုက်သည်။

ဦးမြဘူးထံမှ အားခနဲငယ်သံပါအောင် အော်လိုက်သံနှင့် ကုလားပုလိပ်များပစ်လိုက်သည့် သေနတ်သံများက သဲဖြူသောင်တစ်ရွာလုံးကို ပဲ့တင်ထပ်သွားသည်။ ကံရေးက သေနတ်ကျည်ဆန်များကို လွတ်အောင်ရှောင်၍ပြေးသည်။ သူ အံကြိတ်ထား၏။ လက်ထဲမှာ ဆုပ်ကိုင်ဆဲသွေးများနှင့် စေးစပ်နေသည့်ဓားကိုလည်း ပို၍တင်းတင်းဆုပ်ကိုင်လိုက်သည်။

နယ်ချဲ့သမားနှင့်လက်ပါးစေများထံတွင် သူ ဘယ်တော့မျှ အညံ့ခံ၍ အဖမ်းခံမည်မဟုတ်။ သူတစ်ကိုယ်တည်းပင်ဖြစ်သော်လည်း သူ့ခွန်သူ့အားနှင့် သူရသတ္တိကို အရင်းခံ၍ အသက်နှင့်ခန္ဓာမြဲနေသရွေ့ ခုခံတွန်းလှန်သွားမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ သူ့ခြေလှမ်းများကို ခေတ္တတိမ်းရှောင်နေထိုင်ရမည့် သူ့ဦးလေးကံရရှိရာ သာယာဝတီမြို့ဆီ ဦးတည်လိုက်၏။

အကယ်၍ သာယာဝတီနယ်ကို အခြေပြု၍ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲဝင်ရန် လယ်သမားသူပုန် ဂဠုန်တပ်သားများ အင်အားစုဆောင်းနေသည့် လျှို့ဝှက်စခန်းများအကြောင်းကိုသာ ကံရေးသိလျှင် နယ်ချဲ့သမားကို တော်လှန်မည့်လူသည် သူတစ်ယောက်တည်းမဟုတ်ကြောင်း သိနိုင်လိမ့်မည်သာတည်း။

မင်းမဟာကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com





မောင်မြင့်အေး

၊ဘိုကလေး၊

# မုဆိုးလက်က တောခွေးလု



www.burmeseclassic.com

မုဆိုးဆိုတာ ဝါသနာကလည်းကြီးမှ၊ ဖွဲ့ကလည်း ကောင်းမှ၊ နောက်ပိုင်းလည်းအေးမှ(မိသားစု စားဝတ်နေရေး)၊ လွတ်လွတ်လပ်လပ်လည်းရှိမှ ပစ်ရခက်နေတဲ့ လက်နက်ကလေးကလည်း ရှိပါမှ၊ ယေဘုယျအားဖြင့် မုဆိုးလုပ်လို့ မုဆိုးလုပ်စားလို့ဖြစ်တယ်ဟု ပြောလို့ရပါသည်။

နောက်တစ်ချက်က မုဆိုးကြီးတော့ဖြစ်နေပါပြီ။ လက်နက်ရိက္ခာအပြည့်အစုံနှင့် သွားရေးလာရေးကလည်း အခက်အခဲမရှိ၊ သားကောင်ကလည်း ပေါသော တောဖြစ်ပေမယ့် တစ်ခါတစ်ရံ တစ်နေကုန်တာတောင် ဘာကောင်မှ မရတတ်ပေ။ ဘာကောင်မှမရသည့်အပြင် တောကြက်လောက် ..ယုန်လောက်၊ ရှဉ့်လောက်တောင် ဖြတ်ပြေးတာမတွေ့ရ။

တစ်ခါတစ်ရံကျတော့လည်း စထွက်ကတည်းက စတွေ့လိုက် ပစ်လိုက်နှင့် အပြန်ကျတော့ တောကောင်ကို သယ်လို့တောင်မနိုင်။

အခုလည်းကြည့်၊ လက်ပံကုန်းရွာကို ရောက်ကတည်းက လက်ပံတောကိုလည်နေတာ နှစ်ရက်ရှိပြီ။ ဘာကောင်မှကိုမရသေး။ စောဂျိမ်းတို့အဖွဲ့လည်း ပျင်းတောင်ပျင်းနေပြီ။ စောဂျိမ်းက ဆေးပြင်းလိပ်တိုကိုခဲရင်း–

"ကျော်စိုး ... မင်းချိုကျိုးနားရွက်ပဲ့ကလေးတွေ ... တောင်းကောတောင်းရဲ့လား"

"တောင်းပန်ပါတယ် စောဂျိမ်း၊ နှစ်ရက်လုံးတောင်းပါတယ် မမေ့ပါဘူး"

"အေး ... မင်းတင်မြှောက်နေတာ ငါတွေ့ပါတယ်၊ ဒါပေမဲ့ သေချာအောင်မေးတာပါ"

"ချိုကျိုးနားရွက်ပဲ့ကလေးတွေ စွန့်ကြပါလို့ပြောပြီး တင်တာပါ"

"ဒါဆိုရင် ... တို့တော့ ကံမကောင်းဘူး ဖြစ်နေပြီကွ"

တင်ဝင်းက–

"ရွာသူကြီးက ... ကျွန်တော်တို့လာရင် ဟင်းစားတော့ ကောင်းကောင်းစားရမယ်ဆိုပြီး ဝမ်းသာနေတာ၊ အဲဒါကြောင့် ... သူ့အိမ်မှာ ထမင်း ၂ ရက်တောင်စားထားပြီး ကျွန်တော်တို့လည်း မျက်နှာပူလှပြီ"

"သူကြီးက ... ငါ့သူငယ်ချင်းပါကွ၊ ငါတို့လာရင် သူအမြဲ ဝမ်းစိုနေကျပါ၊ အားနာမနေပါနဲ့"

ထိုအချိန်တွင် အင်္ကျီမပါ လုံချည်တိုတိုဖြင့် လူတစ်ယောက်ဝင်လာသည်။ ထိုလူက စောဂျိမ်းတို့အဖွဲ့အား စူးစမ်းသောအကြည့်ဖြင့် တစ်ယောက်စီကြည့်လိုက်ကာ–

"ဆရာတို့က ... မုဆိုးတွေမှုတာလား"

"ဟုတ်ပါ့ဗျာ"

"ဆရာတို့ ... ရောက်နေတာလည်းကြာပြီ၊ ဘာကောင်မှလည်း မရသေးဘူးဆို"

"ဟုတ်ပါ့ ... ဟုတ်ပါ့"

"ကျိန်းသေရနိုင်မယ့်နေရာ .. ရှိတယ်၊ ဆရာတို့လိုက်နိုင်မလား"

"သေချာပေါက်ရမယ်ဆိုရင် ... လိုက်မယ်လေ"

"ရမှာကတော့ ... သေချာတယ် ဆရာ"

"ဘာကောင်တွေရနိုင်လဲ"

"ဆတ်၊ ချေ၊ ဒရယ်၊ တောဝက်လောက်ကတော့ သေချာတယ်"

"ဘယ်နေရာလဲ"

"နည်းနည်းတော့ .. ဝေးတယ်၊ ဒီကနေသွားရင် .. မွန်းတည့်လောက်မှ ရောက်မယ်၊ အဲဒီနေရာမှာ ရေထွက်ကလေးတစ်ခုရှိတယ်၊ လူအရောက်အပေါက် နည်းလို့ တောကောင်တွေပေါတယ်"

"သွားမယ်လေ .. ဒီခရီးလောက်က အေးအေးဆေးဆေးပါ၊ ခင်ဗျားက ဒီရွာကလား"

"ဟုတ်ပါတယ် ... ကျွန်တော့်နာမည် သံဒိုးပါ"

"ဒီနေ့တော့ ... အချိန်မရှိတော့ဘူး၊ မနက်စောစော ထွက်ကြမယ်၊ ခင်ဗျားလိုက်ဖို့မှာပေါ့"

"လိုက်မယ်လေ ... ကျွန်တော်လည်း လိုက်ချင်နေတာ၊ ဟင်းစားလည်း မစားရတာကြာလို့"


www.burmeseclassic.com

www.burmeseclassic.com




"ဒါဆို ...မနက်စောစော ၄ နာရီလောက်ထွက်ကြမယ်"

+ + +

နံနက်စောစော ၄ နာရီလောက်ကစ၍ ရွာကထွက်လာလိုက်သည်မှာ မိုးထိန်ထိန်လင်းချိန်လောက်တွင် တောင်တစ်လုံးကိုကျော်လာခဲ့ပြီ ဖြစ်သည်။ တောင်ကို ကျော်လိုက်သည်နှင့် အောက်ခြေရှင်းသော အပင်ကြီးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ အင်းသစ်ရာ၊ ယမနေ၊ တောသရက် စသည့်အပင်များပေါက်နေသည်။ တောင်တစ်ဖက်တွင် စိမ်းစိုသောတောကြီးကို အပေါ်စီးမှမြင်နေရသည်။ ဝါးတောနှင့် ၄က်ပျောတောကလည်း မုဆိုးများအတွက် ဆွဲဆောင်နေပြန်သည်။

"ကိုသံဒိုး နီးပြီလား"

"နီးပါပြီ ..မွန်းမတည့်မီလောက် ရောက်ပါလိမ့်မယ်"



တောကြက်နှင့် ယုန်တစ်ကောင်တလေတော့ ဖြတ်သွားဖြတ်လာ တွေ့နေသည်။ စောဂျိမ်းတို့အဖွဲ့သည် တောင်စွယ်အတိုင်းနိမ့်ဆင်းလာသော တောလမ်းအတိုင်း လျှောက်လာကြရာ တစ်နေရာတွင် စောဂျိမ်းက တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။ စောဂျိမ်းက ရပ်၍ သစ်ရွက်ခြောက်များကို ကိုင်ကြည့်နေစဉ် ကျော်စိုးက–

"စောဂျိမ်း ဘာတွေ့လို့လဲ"

"သစ်ရွက်ခြောက်တွေပေါ်မှာ ..ရွှံ့တွေခြောက်ပြီး ကပ်နေတယ်ကွ၊ နောက်ပြီး ...သစ်ရွက်ခြောက်တွေကို ခွာနဲ့နင်းထားတဲ့ခြေရာတွေလည်း တွေ့တယ်၊ ဒီနားတစ်ဝိုက်မှာ ရေအိုင် ဒါမှမဟုတ် လူးအိုင်တစ်ခုခုရှိနိုင်တယ်၊ ကိုသံဒိုး ရှိနိုင်လား"

"ကျွန်တော်မသိဘူး ..မုဆိုးကြီး ရေထွက်နေရာပဲ ရောက်ဖူးတယ်"

"သိပ်မဝေးဘူး ...ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်၊ ရှာကြရအောင် တွေ့ရင်လည်း တောကောင်ရနိုင်တယ်၊ ကျော်စိုးနှင့် တင်ဝင်း လက်နက်တွေ အသင့်လုပ်ထား"

မညီညာသောတောင်စွယ်အတိုင်း လိုက်ရှာကြရာတစ်နေရာတွင် ကြိမ်ပင်အုပ်စုကလေးတစ်ခုကိုတွေ့လိုက်ရသည်။ စောဂျိမ်းက ကြိမ်ပင်များကို သေသေချာချာကြည့်လိုက်ရာ ခြောက်နေသော ရွှံ့ဖတ်များက ကြိမ်ပင်ကြိမ်ရွက်နှင့် ကြိမ်ဆူးများတွင် ကပ်နေကြောင်း တွေ့လိုက်ရသည်။ ကြိမ်ပင်များ အောက်ခြေတွင်လည်း ရွှံ့ခဲခြောက်များက အများအပြား။

"ဖြစ် ...ဖြစ် ..ဖြစ်"

"ဖလပ် ...ဖလပ် ..ဖလပ်"

ကြိမ်ပင်အုပ်စုကလေး အနောက်ဘက်မှ မတိုးမကျယ်ထွက်လာသောအ



www.burmeseclassic.com

သံများ ဖြစ်သည်။ စောဂျိမ်းက နောက်ကိုလှည့်ကာ အသံမပြုသည်စေရန်အချက်ပြလိုက်ပြီး ကြိမ်ပင်များနောက်ကို တရွေ့ရွေ့သွားလိုက်သည်။ ကြိမ်ပင်များကို လွန်သွားပြီး မြင်လိုက်ရသော မြင်ကွင်းကား–

ကျွဲလူးအိုင်ခန့်သာရှိသော ရွံ့အိုင်ကလေးထဲတွင် စပါးကြီးမြွေတစ်ကောင်နှင့် ချေတစ်ကောင် ရစ်ပတ်လုံးထွေးနေကာ ချေ၏ခေါင်းကို စပါးကြီးမြွေက မျိုထားခြင်းပင်ဖြစ်သည်။ ခေါင်းက စပါးကြီးပါးစပ်ထဲတွင် ရောက်နေသော်လည်း ကျန်နေသော ခြေလက်များက တွန်းထိုးရုန်းကန်နေဆဲပင် ဖြစ်သည်။

စပါးကြီးမြွေကလည်း ကိုယ်လုံးနှင့် လိမ်ပတ်ကာ ဖျစ်ညှစ်ထားသည်။ နှစ်ကောင်လုံး ရွံ့များပေလူးကာ ရွံ့လုံးကြီးဖြစ်လျက် တစ်ကောင်နှင့်တစ်ကောင် ခွဲမရအောင် ဖြစ်နေသည်။

သံဒိုးက သူ့တွင်ပါလာသော ဓားရှည်နှင့် နှစ်ကောင်လုံးကို ဝင်ခုတ်ရန် လက်တပြင်ပြင်ဖြစ်နေသည်။ စောဂျိမ်းက–

“သူ့ဝမ်းရေးအတွက် သူ့အစာ သူရှာစားတာပါကွာ မလုပ်ကြပါနဲ့”

သံဒိုးက–

“မုဆိုးကြီး .. သေနတ်တစ်ချက်မှ မပစ်ရ၊ ကျည်တစ်တောင့်မှမကုန်ဘဲ နှစ်ကောင်လုံးရမှာ ... ဒီအခွင့်အရေးမျိုးရခဲ့တယ်”

“ဒါတော့ ... ဒါပေါ့ကွာ၊ တို့သွားမယ့်အစီအစဉ်က ဒီကို မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ ကြုံကြိုက်လို့ တွေ့ရတာပါ၊ သူ့ခမျာအားကြိုးမာန်တက် ရှာဖွေထားရတဲ့အစာကို တို့ကဖြတ်လုလို့ မတရားရာကျမှာပေါ့၊ နောက်ပြီး မုဆိုးဆိုတာ ဒါမျိုးမလုပ်သင့်ဘူး၊ လာသွားကြမယ်ဟေ့”

စောဂျိမ်းပြောသောစကားကို ကျော်စိုးနှင့်တင်ဝင်းက သဘောပေါက်သော်လည်း သံဒိုးက နားမလည်သောကြောင့် အူကြောင်ကြောင်ဖြင့် နောက်ကလိုက်လာသည်။ စပါးကြီးမြွေနှင့် ချေတို့၏ပြကွက်ကို သံယောဇဉ်မကုန်သောကြောင့် နောက်ကို လှည့်ကြည့်လှည့်ကြည့် လုပ်နေသေးသည်။

တောင်စွယ်အတိုင်း ဆင်းလာကြပြီး ကြခတ်ဝါးတောကို ဖြတ်လာကြသည်။ ဝါးပင်ကြိုကြား ဝါးရွက်ခြောက်များကို တိုးဝှေ့ကာ ရုံဖန်ရံခါ ထွက်လာတတ်သော ယုန်နှင့် တောကြက်တစ်ကောင်တလေသာ တွေ့ရသည်။ အောက်ခြေရှင်းသော တောလမ်းအတိုင်း နှစ်နာရီခန့်လျှောက်လာပြီးနောက် သံဒိုးပြောသော ရေထွက်ကို ရောက်လာကြသည်။

နေအတော်မြင့်နေပြီဖြစ်၍ တောကောင်များက နီးစပ်ရာအရိပ်ကောင်းကောင်း နေရာများတွင် ဝင်နားနေလောက်ပြီဟု စောဂျိမ်းက ထွက်လိုက်သည်။

ရေထွက်ဆိုသည့်အတိုင်းကျောက်ကြိုကျောက်ကြားမှ ရေများ စိမ့်ထွက်ကာ တစ်စက်စက်ကျနေခြင်းဖြစ်သည်။ ရေကျရာနေရာတွင် နှစ်ပေပတ်လည်ခန့် ရေအိုင်ကလေးဖြစ်နေကာ ထိုနေရာကို တောကောင်များရေလာသောက်ကြခြင်းဖြစ်သည်။ ရေအိုင်ပတ်ဝန်းကျင်တွင် တောကောင်ခြေရာများက ရှုပ်ယှက်ခတ်နေသည်။

ရေထွက်နေရာသည် မိုးအခါတွင်သာ တောင်ကျချောင်းဖြစ်ပြီး ယခုလိုခြောက်သွေ့သောရာသီတွင် ရေတစ်စက်မျှမရှိတော့ဘဲ သဲပြင်ကြီးဖြစ်၍ ရေတစ်စက်စက်ကျနေသောနေရာလောက်သာ ရေအိုင်ဖြစ်နေခြင်း ဖြစ်သည်။ ဘေးတွင် ၁၅ ပေခန့်မြင့်သော ကမ်းပါးရှိသည်။ ကျော်စိုးက ကမ်းပါးအောက်ကို ဆင်းလိုက်ကာ သဲပြင်ပေါ်ကို လျှောက်ကြည့်ရင်း–

“စောဂျိမ်း ... ခြေရာတွေကတော့ ရှုပ်ယှက်ခတ်နေတာပဲ၊ ညနေစောင်းဆိုရင်တော့ တောကောင်တွေ တော်တော်ဆင်းလိမ့်မယ်”

တင်ဝင်းက–

“ညနေအထိစောင့်ရင် ... တို့ အပြန်မှောင်လိမ့်မယ်”

စောဂျိမ်းက–

“ဟုတ်တယ် ... ညနေအထိ မစောင့်ဘူး၊ ခုကတည်းက ပုန်းအိမ်လုပ်ပြီး စောင့်ပစ်ကြမယ်၊ နေ့ခင်းဘက် တစ်ကောင်တလေဆင်းလာတဲ့ကောင်တော့ ရှိမှာပေါ့ကွာ”

သံဒိုးက တစ်နေရာကို လက်ညှိုးညွှန်ပြရင်း–

“ဒါဆိုရင် ... ဟိုကမ်းပါးပေါ်က ဥနှဲပင်ချုံထဲက စောင့်ပစ်ကြရအောင်၊ အရင်တောပစ်တဲ့လူတွေ လာတုန်းကလည်း အဲဒီက စောင့်ပစ်တာပဲ”

စောဂျိမ်းက သံဒိုးပြသောနေရာကို ကြည့်လိုက်ကာ–

“အေး ... မဆိုးဘူး၊ အဲဒီနေရာက လုံခြုံတယ်၊ ဥနှဲပင်ကလည်း အုပ်ကောင်းတယ်”

နေကလည်း မြင့်လာပြီ၊ ဗိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ဆာကုန်ကြပြီ။ စောဂျိမ်းတို့အဖွဲ့လည်း ဥနဲ့ချုံထဲကနေ ရေထွက်ဆီကိုလာမည့်တောကောင်များကို ချောင်းနေကြဆဲ။ ကျေးငှက်များအော်သံနှင့် ခပ်ဝေးဝေးဆီမှ မျောက်အော်သံများကို တစ်ခါတစ်ရံ ကြားရသည်မှလွဲ၍ တိတ်ဆိတ်နေသည်။

''ကတောက် ... ကတောက်''

''ကတောက် ... ကတောက်''

ကျော်စိုးက စောဂျိမ်းလက်မောင်းကို ဆုပ်လိုက်သည်။ စောဂျိမ်းကလည်း သဘောပေါက်လိုက်သည်။ တောကောင် ဝင်လာသောကြောင့် သစ်ပင်ပေါ်ကရှဉ့်များက သဘာဝအလျောက် အော်လိုက်သောအသံဖြစ်သည်။ သိပ်မကြာလိုက်ချေ။ စောဂျိမ်းတို့ပုန်း၍ စောင့်နေသောကမ်းပါးနှင့် မျက်နှာချင်းဆိုင်ကမ်းပါးပေါ်မှ–

''အိ ..အိ ..အိ ..အိ ...ရှူး ..ရှူး ...ရှူး''

ဟူသော အသံများပေါ်လာပြီးနောက် ကမ်းပါးချိုင့်များအကြား သဲပြင်ပေါ်မှ တရွတ်တိုက်ကာ ဆင်းလာကြသော တောဝက်သားပေါက် အကောင်ကလေး ၄၊ ၅ ကောင်ကို တွေ့ရသည်။ သားပေါက်အကောင်များ သဲပြင်ပေါ် ရောက်လာသည်အထိ တောဝက်များကဆင်းမလာသေး။ ကမ်းပါးအပေါ်ရှိ ချုံများအကြားမှ စူးစမ်းနေဟန်ရှိသည်။

သားပေါက်ဝက်ကလေးများက သဲပြင်ပေါ်တွင် လှည့်ပတ်နေပြီး ခဏအကြာတွင် ကမ်းပါးပေါ်သို့ ပြန်၍ ပြေးတက်သွားပြန်သည်။ ထို့နောက် ကမ်းပါးပေါ်မှချုံများကို တိုးဝှေ့ပြီး ဝက်အုပ်ကြီး ဝေါခနဲ ပြေးထွက်သွားသံကို ကြားလိုက်ကြရသည်။ သံဦးက ချုံထဲကနေ မတိုးမကျယ်ရေရွတ်ကာ ပါးစပ်က ပွစိပွစိလုပ်နေသည်။ စောဂျိမ်းက မီးခြစ်ကိုခြစ်ကာ လေတိုက်ရာကို ကြည့်လိုက်သည်။ ပြီးမှ–

''တို့က ... လေအောက်ကပဲကွ၊ ဒါပေမဲ့ တို့လာတုန်းက လူနံ့တွေရလို့ ပြန်ပြေးတာဖြစ်လိမ့်မယ်''

နောက်နာရီဝက်ခန့်အကြာတွင် ရေခမ်းနေသော သဲချောင်းအတိုင်း 'ဝေါ'ခနဲမြည်အောင် ဦးတည်လာသော တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့လျက် ရေထွက်ရှိရာသို့ ဦးတည်လာသော ချေပေါက်နှစ်ကောင်။ ထိုနှစ်ကောင်စလုံးမှာ ဝဖီးကာ တစ်ကောင်နှင့်တစ်ကောင် အားပြိုင်၍ ဝှေ့လိုက်ပြေးလိုက် လုပ်နေသည်။ ပြေးနေသောအကောင်ကို တစ်ကောင်က လိုက်ဝှေ့နေခြင်းဖြစ်သည်။

ပစ်ကွင်းကရှင်းသည်။ အနေအထားကလည်း မုဆိုးအကြိုက် လှုပ်ရှားနေသော ပစ်ကွင်း။ တိုင်ပင်ထားရန်မလို။ စောဂျိမ်းထံမှ ဒသမ ၅၀၀ နှစ်လုံးပြူးရိုင်ဖယ်က မီးပွင့်ကာ အသံမြည်၍ ကျည်ထွက်သွားသလို ကျော်စိုး၏လက်စွဲတော် ၃၀ ဒသမ ၀၆ သားကောင်ကြီးပစ် ရိုင်ဖယ်ကလည်း စက္ကန့်ပိုင်းသာခြား၍ ကျည်ထွက်သွားသည်။

သေနတ်သံများနှင့်အတူ ကျေးငှက်သာရကာတို့၏ အထိတ်တလန့်





www.burmeseclassic.com

www.burmeseclassic.com



အော်သံများ၊ တောမျောက်များ၏ အော်သံများသည် တစ်တောလုံး ဆူညံသွားတော့သည်။ ခဏအကြာတွင် ပြန်၍ ငြိမ်သက်သွားသည်။ သဲပြင်ပေါ်တွင် နှစ်ကောင်စလုံး ချက်ကောင်းထိသွားသောကြောင့် အကြောဆွဲကာ ငြိမ်သက်သွားသော ချေပေါက်နှစ်ကောင်။

စောဂျိမ်းပစ်လိုက်သောအကောင်က လက်နောက်တွင် ကျည်ဝင်သွားကာ တစ်ဖက်သို့ ဖောက်ထွက်သွား၍ သွေးများက ဒလဟောစီးကျကာ ငြိမ်သက်နေသလို ကျော်စိုးပစ်လိုက်သော အကောင်က ယာဘက်နား နောက်မှ ကျည်ဝင်ကာ ဝဲဘက်ပါးချောင်မှ ကျည်ထွက်သွား၍ တစ်ချက်တည်းနှင့် ဇီဝိန်ခြွေလိုက်ခြင်းဖြစ်သည်။ စောဂျိမ်းက–

"တဲ ... ကျော်စိုး၊ ဒီနေ့ကတော့ တို့ကံကောင်းတဲ့နေ့ပေါ့၊ အချိန်ရသေးတယ်ကွာ၊ ဒီနားတစ်ဝိုက်ကတော့ တို့ သေနတ်သံတွေကြောင့် တောကောင်တွေ ပြေးကုန်ရောပေါ့၊ ဒီနှစ်ကောင်ကို တံကောက်ခွက်ကြောကိုဖောက်၊ ရှေ့လက်သွင်းပြီး တစ်နေရာမှာချိတ်ထားခဲ့ကွာ၊ အပြန်ကျမှ ထမ်းကြတာပေါ့၊ အချိန်ရတုန်း ဒီနားတစ်ဝိုက် လှည့်လိုက်ကြရအောင်"

စောဂျိမ်းတို့အဖွဲ့နှစ်နာရီလောက် တောတွင်း၌ လျှောက်ပတ်လာကြရာ ရှဉ့်နှင့်မျောက်များကလွဲ၍ ဘာကောင်မှ မတွေ့။ ထို့ကြောင့် နေမစောင်းမီ လက်ပံကုန်းကို ပြန်ကြရန်အတွက် ရေထွက်ရှိရာသို့ ပြန်လာကြသည်။ ချေနှစ်ကောင်ချိတ်ထားသော နေရာသို့ မရောက်မီ ကိုက် ၃၀ အကွာလောက်တွင် "ကစ် .. ကစ် .. ကစ် .. ကစ်" ဟူသောအသံများကြောင့် ခဏရပ်ကာ နားစွင့်လိုက်ကြသည်။

စောဂျိမ်းက–

"တောခွေးတွေ အသံကွ"

အသံကြားရာဆီသို့ ချုံများကွယ်ရင်း တဖြည်းဖြည်းလျှောက်လာကြရာ ချေနှစ်ကောင် ချိတ်ထားရာအောက်တွင် ပတတ်ရပ်ကာ ခုန်၍ဆွဲနေသော တောခွေး ၄ ကောင်ကို တွေ့ရသည်။ စောဂျိမ်းက သစ်ပင်တစ်ပင်အောက်တွင် ကွယ်၍ ရပ်လိုက်ကာ–

"သောက်ကျိုးနည်း ... သူခိုးလက်က သူဝှက်လုဆိုတာ အဲဒါပဲကွ၊ တင်ဝင်း ... မင်း .. ပွိုင့်တူးတူးနဲ့ ခြောက်ပစ်ကလေး ပစ်လိုက်စမ်းကွာ၊ ထိအောင်တော့ မပစ်နဲ့၊ ဒီကောင်တွေ အသားက စားလို့ကောင်းတာမဟုတ်ဘူး"

တင်ဝင်းက ပွိုင့်တူးတူးနှင့် နှစ်ချက် ပစ်လိုက်သည်။ ထိုအခါကျမှ တောခွေးများ ထွက်ပြေးကုန်ကြသည်။

"တဲ ... ခဏနားကြဦးကွာ၊ ဗိုက်တွေလည်း ဆာကုန်ပြီ၊ သွားရင်းလာရင်း စားထားတဲ့ ကောက်ညှင်းပေါင်းတွေလည်း ဘယ်နံကြားရောက်ကုန်လည်း မသိတော့ဘူး၊ ရေဘူးထဲ ဖောက်ထည့်လာတဲ့ တောအရက်ထုတ်ကွာ"

ကျော်စိုးက–

"အမြည်းကကော .. စောဂျိမ်း"

"ချေပေါင်တစ်ပေါင် ... လှီးပြီး မီးကင်ပေါ့ကွာ၊ ကောက်ညှင်းပေါင်းလည်း ကျန်သေးတယ်မဟုတ်လား"

သံဒိုးက သူ့လွယ်အိတ်ထဲတွင် ဖက်နှင့်ထုပ်ပြီး ချည်လာသော ညောင်ချဉ်ဖူးသုပ်နှင့် ပဲပုပ်မီးကင်ကို ထုတ်လိုက်သည်။ ခဏအကြာတွင် နန္ဒင်း၊ ဆားလူးကာ မီးကင်ထားသော ချေပေါင်သားမီးကင်က မွှေးကြိုင်သော အနံ့ထွက်လာသည်။ တောအရက်ကို တစ်ယောက်တစ်ခွက် မော့ကြရင်း တင်ဝင်းက တစ်စုံတစ်ခုကို သတိရကာ–

"စောစောက ... စောဂျိမ်းပြောတာ ကျွန်တော်ကြားလိုက်တယ်၊ တောခွေးတွေ ချေကို လုမ်းဆွဲနေတုန်းက သောက်ကျိုးနည်း သူခိုးလက်သူဝှက်လုဆိုတာ အဲဒါပဲကွဆိုတော့ .. ကျွန်တော်တို့က သူခိုးတွေ ဖြစ်မကုန်ဘူးလား"

"ဟော ... ငါက ပါးစပ်ထဲ တွေ့ရာပြောလိုက်တာပါကွာ၊ ဘာရယ်လို့ မဟုတ်ပါဘူး၊ မင်းက ... တို့အထဲမှာ မုဆိုးလုပ်တဲ့စာရေးဆရာဆိုတော့ ဒီနေရာမှာ သူခိုးလက်က သူဝှက်လုလို့ မခေါ်ရင် ဘယ်လိုခေါ်မလဲ"

တင်ဝင်းက ချေသားမီးကင်ကို တစ်ဖတ်ဝါးကာ တောအရက်တစ်ခွက်ကို မော့လိုက်ရင်း–

"မုဆိုးလက်က တောခွေးလုပေါ့ဗျာ"

"ဟော ... ဒီစကားပုံ မကြားဖူးပေါင်ကွာ"

"ရှိမှမရှိဘဲ၊ ကျွန်တော်က ... ရမ်းပြောလိုက်တာ"

တင်ဝင်းစကားကြောင့် တဟားဟားနှင့် ဝိုင်းရယ်လိုက်သောအသံက တိတ်ဆိတ်နေသော တောကို ဖုံးလွှမ်းကာ ကျေးငှက်သာရကာများပင် လန့်ဖျပ်၍ ထပြေးကုန်ကြလေတော့သည်။

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com


◇

အမှောင်ကမ္ဘာမှ ခြေတစ်လှမ်း စစချင်း လေနုအေးက သူ့ကို နေသာအောင် ဖေးမကူညီနေသယောင် ခံစားလိုက်ရတယ်။ ခပ်ကျဉ်းကျဉ်းအခန်း၊ သံတိုင်တံခါး၊ ကျင်ခဲစွာအေးစေနိုင်သော ဆောင်းရာသီမှာ ငယ်ထိပ်ကနေ ခြေဖျားအထိ အတားဆီးမဲ့ကျခဲ့ရသော ချွေးစက်များ၊ ပူပြင်းလှတဲ့ရှင်နေမင်းကြောင့် ဝါကျင့်ကျင့်ခပ်စုတ်စုတ် ဖြစ်နေတဲ့ အဝတ်တစ်စုံ၊ အကျည်းတန်ခဲ့သော သူ့ဘဝမိုက်ပြစ်ကို ချွေးနဲ့ဆက်ခဲ့ရသည့်အတွက် ကြမ်းတမ်းခက်ထန်နေတဲ့သူ့ရဲ့လက်များ၊ အားလုံးကို အရေခွံနွာပစ်ခဲ့လိုက်တော့ နွမ်းလျနေတဲ့ခန္ဓာကိုယ်ဟာ ပေါ့ပါးလွတ်လပ်ဖွယ်အတိ။

သူ ဒီနေရာကိုဘယ်တော့မှမလာတော့ဘူးလို့ ရင်ထဲမှာပဲ့တင်မြည်သွားအောင်ဆုံးဖြတ်လိုက်တယ်။ အတိတ်က သူ့ရဲ့နာကျည်းမုန်းတီးမှုတွေရဲ့ရလဒ်ကို ချွေးနဲ့ဆပ်ခဲ့ရပေမဲ့ သူ ကျေနပ်တယ်။ ရမ္မက်ဘီလူးတစ်ကောင်ရဲ့ အာသာဆန္ဒအလိုကိုလိုက်ရင်း ရေစုန်မျောခဲ့ရတဲ့ သူ့ဘဝ။ သူကိုယ်တိုင် ဒုသနသောဆိုတဲ့ကံကို ကျူးလွန်ခဲ့သူတစ်ယောက်အဖြစ် နောင်တရလို့မဆုံး။ ဘဝမှာ ဒီလိုအမှားမျိုးလောက် ကြောက်စရာကောင်းတဲ့အမှား ရှိမယ်မထင်။ ဒီလောက်မုန်းတီးရွံရှာစရာကောင်းတဲ့ အသုံးမကျတဲ့သူ့ဘဝအကြောင်းကို ပြန်မတွေးချင်တော့ဘူး။ အတွေးထဲ တင်ဖယ်ထုတ်နေရင်းက အာရုံထဲထိ ကပ်ငြိသွားတော့တယ်။

မမူတို့က ညီအစ်မသုံးယောက်ပဲ ရှိတော့တာ။ အဲဒီသုံးယောက်မှာ မမူက အငယ်ဆုံး၊ အကြီးဆုံးအစ်မ မဆွေက အိမ်ထောင်ကျပြီး သူ့ယောက်ျားဇာတိ ဖြစ်တဲ့ အုတ်ဖိုကိုလိုက်သွားတော့ မမူနဲ့ အလတ်မ မဝင်းရယ်ပဲ ကျန်ခဲ့တော့တယ်။

မိန်းမသားတွေဆိုပေမယ့် စိတ်ဓာတ်ကမာကြတယ်။ မိဘတွေဆုံးသွားကတည်းက ကိုယ့်ဒူးကိုယ်ချွန်ပြီး ညီအစ်မသုံးယောက် တက်ညီ လက်ညီ လုပ်စားလာခဲ့တာဆိုတော့ လောကဓံကိုလည်း ကြံ့ကြံ့ခံရင်ဆိုင်ရဲကြတယ်။ အခုလို ညီအစ်မနှစ်ယောက်ထဲကျန်ခဲ့တော့လည်း ဘာမှတွေးမပူဘူး။ အဆင်ပြေတယ်။ အရင်ကလိုပဲ ငါးစိမ်းပဲပြန်ရောင်းတယ်။ စားတယ်၊ ဝတ်တယ်၊ ပိုလျှံတယ်။

\+ + +

ဒီနေရာကို
ဘယ်တော့မှ
မလာတော့ဘူးလို့ ရင်ထဲမှာ
ပဲ့တင်မြည်သွားအောင်
ဆုံးဖြတ်လိုက်တယ်။
ရမ္မက်ဘီလူးတစ်ကောင်ရဲ့
အာသာဆန္ဒအလိုကိုလိုက်ရင်း
ရေစုန်မျောခဲ့ရတဲ့ သူ့ဘဝ။
သူကိုယ်တိုင်
ဒုသနသောဆိုတဲ့ကံကို
ကျူးလွန်ခဲ့သူ
တစ်ယောက်အဖြစ်
နောင်တရလို့မဆုံး ...

ပတ်ဝန်းကျင်က မိန်းမသားတွေ ပီပီ ဒီလို လုပ်ကိုင်စားသောက်တတ်ပုံကို ချီးမွမ်းကြတယ်။ မိန်းမထမိန်နားခိုစားချင်ကြတဲ့ ပုရိသအချို့လည်း မဝင်းနဲ့မမူ ညီအစ်မတွေကို မျက်စိကျကြတယ်။ အဲဒီထဲမှာမှ မစားရညော်နံ့ခံတာ ဆိုက်ကားသမားအေးချစ်ပဲ။ သူက အဲဒီညီအစ်မ ဈေးဖွင့်လိုက်ပို့၊ ဈေးသိမ်းလိုက်ပို့နဲ့ကျေနပ်နေသူ။ ဟိုက ဆိုက်ကားခပေးရင်လည်း 'နောက်ကျပေါင်းပေး' ဆိုတဲ့စကားကို အလွတ်ကျက်ထားတဲ့အတိုင်းပြောတယ်။ ထို ညီအစ်မကလည်း ဘူးချင်ဘူး ပိုက်ဆံမပေးရနည်းလားဆိုပြီး အေးချစ်ဆိုက်ကားပဲ ငှားစီးတယ်။ ဘူးချင်သူနဲ့ ပိုက်ဆံမပေးချင်သူနဲ့က အဆင်ကိုပြေလို့။


www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတာက မဆွေကို ကြာကူလီလုပ်ချင်နေတဲ့ ဝင်းဇော်ဆိုတဲ့ လူ။ သူက တစ်ခုလပ်။ ဝင်းဇော်က တစ်ခုလပ်ဆိုပေမဲ့ ရုပ်ရည်ရူပကာက လူပျိုတစ်ယောက်ထက်သာတယ်။ သူက အရင်အိမ်ထောင်ကွဲရှိတဲ့သူပီပီ အခု မဝင်းကို ရိသဲ့သဲ့လုပ်နေပြီ။ ရံဖန်ရံခါ ဈေးကိုလာရင် မဝင်းဆီမှာ ငါးဝယ်တယ်။ ငါးဖိုးပိုက်ဆံပေးရင် မဝင်းရဲ့ ငါးညှီနံ့သင်းနေတဲ့လက်ကို ပွတ်သီးပွတ်သပ်ကိုင်ပြီး ပေးတတ်တယ်။ တစ်ခါစနှစ်ခါစတုန်းကတော့ မဝင်း သိပ်သတိမထားမိဘူး။ အတော်အတန်ကြာလာတော့ မဝင်းနဲ့ဝင်းဇော် မျက်စိချင်းစကားပြောနေပြီ။ ဝင်းဇော် အိမ်ထောင်ကွဲတစ်ခုလပ်ဖြစ်မှန်းသိပေမဲ့ ဝင်းဇော်ရဲ့ နေပုံထိုင်ပုံ၊ ပြောပေါက်ဆိုပေါက်တွေက မဝင်းရဲ့ရင်ကို တလှပ်လှပ်တုန်စေခဲ့တယ်။

ဝင်းဇော် အဆင်မပြေဖြစ်တဲ့အကြောင်းက မမူကြောင့်။ မမူက ဘူ့အစ်မနဲ့ ဝင်းဇော်ကို သဘောမတူဘူး။ ဝင်းဇော်ဖြင့် ငါးလာဝယ်ရင် ဘုဆတ်ဆတ်၊ ခနဲ့တဲ့တဲ့ ပြောတတ်တယ်။

"ကိုဝင်းဇော်တို့များ ... မိန်းမနဲ့ကွဲသွားလည်း အေးအေးဆေးဆေးပဲ၊ ဘာတုန်း ... အသစ်ရှာနေတာ မတွေ့သေးလို့လား၊ အဲဒါဆိုလည်း ကျွန်မရှာပေးမယ်လေ၊ သူက ... ကိုဝင်းဇော်နဲ့ လိုက်မယ့်သူပဲ၊ ဟိုဘက်ရပ်ကွက်ထဲမှာ နေတဲ့ မြင့်မာဆိုတဲ့အပျက်မလေ ... ကိုဝင်းဇော်နဲ့ဘဝတူတွေပဲ"

မမူက ဝင်းဇော် ငါးလာဝယ်တိုင်း မနေဝံ့အောင် အမြဲပြောနေကြဆိုတော့ ဝင်းဇော်လည်း ငါးလာမဝယ်ရဲတော့။ ဒါပေမဲ့ ဝင်းဇော်က ပါးနပ်သူပီပီ မဝင်း ငါးသဘော်နဲ့ရန်ကုန်တက်ပြီး ငါးယူရင် လိုက်လာတယ်။ အကြောင်းပြတာကတော့ ရန်ကုန်က သူ့အစ်ကိုဝမ်းကွဲတွေဆီတဲ့။

အဲဒီ ငါးသဘော်ပိုင်ရှင်က ဝင်းဇော်နဲ့ ငယ်သူငယ်ချင်းတွေ။ ဝင်းဇော်က သူ့သူငယ်ချင်းကို အကူအညီတောင်းပြီး မဝင်းကို ပြောခိုင်းတယ်။

မဝင်းကလည်း ဝင်းဇော်နဲ့ကျမှ ဘယ်လိုဖြစ်မှန်းကိုမသိဘူး။ သဘော်ပိုင်ရှင်က နှစ်ခါသုံးခါထဲ ပြောရသေးတယ်။ ဝင်းဇော်ကို အဖြေပြန်ပေးလိုက်တယ်။ နောက်အခေါက်တွေငါးယူတော့ ဝင်းဇော်တို့အတွဲကို သဘော်ပိုင်ရှင်က သူနေတဲ့အခန်းကို ပေးထားတယ်။ ဝင်းဇော်နဲ့မဝင်း သဘော်ပိုင်ရှင်အခန်းထဲမှာ တွေ့ကြတယ်။ ဝင်းဇော်က နဂိုအခံ ဇ,ကလည်းရှိ တော်ကီကလည်းကောင်းဆိုတော့ မဝင်းအညှာလွယ်ခဲ့တယ်။ ဒါပေမဲ့ မဝင်း ကျေနပ်တယ်။

ဝင်းဇော်က နောက်တစ်ခေါက် ငါးတက်ယူတာပြန်လာရင် လက်ထပ်မယ်လို့ မဝင်းကိုပြောတယ်။ ပြောတဲ့စကားတည်ပြီး လက်ထပ်လို့ မဝင်းတော်သေးတယ်။ မင်္ဂလာဆောင်ကတော့ အကျဉ်းချုံးပဲလုပ်လိုက်ကြတယ်။ မမူက ကန့်ကွက်ချင်ပေမဲ့ ပတ်ဝန်းကျင်က လူတွေပြောပြထားလို့ အတွန့်မတက်ဝံ့တော့။ သဘောမတူ မကြည်ဖြူလို့ တစ်ခွန်းလောက် ထပြောရင်တောင် မဝင်းက မကြိုက်ဘူး။ ဝင်းဇော်ကိုထိရင်။

ဝင်းဇော်က မဝင်းနဲ့ရမှ လက်ရှိအလုပ်ဖြစ်တဲ့ သံစီသံကွေးအလုပ် မလုပ်တော့ဘူး။ အိမ်မှာပဲ သာသာယာယာ ထိုင်စားနေတော့တယ်။ ဘာအလုပ်မှလည်း မယ်မယ်ရရ မရှိတော့ မဝင်းကလည်း လင့်မျက်နှာတစ်ကမ္ဘာ ထင်လျက် အပြုံးမပျက်။

မဝင်း ငါးတက်ယူရင် အရင်လို ဝင်းဇော် မလိုက်တော့ဘူး။ အိမ်မှာပဲ နေရစ်ခဲ့တယ်။ မဝင်းကလည်း–

"ယောကျ်ား ပင်ပန်းပါတယ်တဲ့" လေ။

ဝင်းဇော်ကတော့ အကြိုက်ပေါ့။ အကျပ်ရိုက်ရတာက မမူ။

\+ + +

အစ်မဝင်း ရန်ကုန်တက်ပြီး ငါးယူတဲ့ညတွေဆို မမူကို ကျားချောင်းချောင်းနေတတ်တယ်။ ဒါကို မမူ သိတယ်။ အစ်မဝင်းကို ပြန်ပြောရင် စိတ်ဆင်းရဲမှာစိုးလို့ အစ်မဝင်းမရှိရင် ဝင်းဇော်က သူ့ကိုယ်သူ အစ်ကိုတစ်ယောက်လိုပဲ အားကိုးရသလိုနဲ့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးဆိုတာ မမူ ရိပ်မိတယ်။

မမူရဲ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ အသက်ကိုလည်း အလုအယက်ရှူရှိုက်ရသလို ခံစားနေရတယ်။ ခန္ဓာကိုယ်ပေါ်ကိုလည်း လေးလွန်းတဲ့အရာတစ်ခုက ဖိထားတယ်။ နှာခေါင်းထဲမှာလည်း ပြင်းရှတဲ့ကိုယ်သင်းနံ့စူးစူးကြီးလည်း ရနေတယ်။ မမူ ရှိသမျှ အင်အားတွေကို စုစည်းပြီး တွန်းပစ်လိုက်တယ်။

"ဟင် ... ရှင် .. ရှင် ကိုဝင်းဇော် .. ရှင် .. ကျွန်မကို"

"စိတ်မဆိုးပါနဲ့ ... မမူလေးရယ် မမူလေးကို အစ်ကိုကြီး ချစ်လွန်းလို့ပါ"

သတိထားရင်းက ကျားစာဖြစ်



www.burmeseclassic.com

www.burmeseclassic.com





သန်းခေါင်ကျော်
လူခြေတိတ်ချိန်မှာတော့
မမူ မီးဖိုချောင်ထဲကို
ဝင်လိုက်တယ်။
ထရံမှာထိုးထားတဲ့
ကပ်ကြေးကိုနှုတ်ပြီး
သူ့အခန်းထဲ
ပြန်ဝင်လိုက်တယ်။
အခန်းထဲမှာ
ဝင်းဇော်ကတော့
အိပ်မောကျလျက်။
မမူ့ဘဝသည်လည်း
အမှောင်ကမ္ဘာထဲသို့
ခြေတစ်လှမ်း
စလိုက်မိတော့တယ်
...

သွားတာကို မမူ ယူကြုံးမရဖြစ်မိတယ်။ မမူ ဘာလုပ်ရမလဲ။ ထူပူပြီးလုပ်ချင်ရာ လျှောက်လုပ်ရင်လည်း တစ်ရက်က နှစ်ရက်ဖြစ်မယ့်ကိစ္စမို့ မမူ ရေငုံနှုတ်ပိတ်နေလိုက်ဖို့ စဉ်းစားတယ်။ ဒါဆို သူနဲ့ ဝင်းဇော်အကြောင်းကို အစ်မဝင်း သိသွားရင် ဘယ်လိုနေမလဲ။

ဝင်းဇော်က မမူရဲ့ ပါးပြင်ပေါ်မှ မျက်ရည်စများသုတ်ပေးရင်းပြောတယ်။

"ကိုယ်တကယ်ချစ်တာ .. ဟောဒီက မူလေးကိုပါ"တဲ့။

ဝင်းဇော်ရဲ့အဆိပ်ကို ပျားရည်လူးထားတဲ့စကားတစ်ခွန်းကြောင့် မမူရဲ့ နှုတ်ဖျားက ထွက်ကျလာမယ့် ဒေါသအငွေ့အသက်တွေကို တုံ့နှေးသွားစေ ယ်။

နောက်ဆုံး မမူ မိုက်ရူးရဲဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီလို ဆုံးဖြတ်လိုက်တာဟာ မမူ ကိုယ့်အရှက်ကို ကိုယ်ကာကွယ်ဖို့ဆိုတာကို နားလည်ထားလိုက်တယ်။ မမူ ကိုယ့်ကိုကိုယ်လည်း နားမလည်နိုင်တော့ဘူး။ ဝင်းဇော်က မမူကို တင်းကျပ်စွာပွေ့ဖက်ရင်း မွှတ်သိပ်သောအနမ်းတွေနဲ့ ဖြားယောင်းရင်း သူ့ရင်ခွင်ထဲ ဆွဲသွင်းထားတယ်။ မမူကလည်း ပြန်ပြီး ဖက်တွယ်ထားတယ်။

\+ + +

မဝင်း ငါးတက်ယူတဲ့ အခေါက်တိုင်း ဝင်းဇော်နဲ့မမူ တဏှာပျားရည်မြစ်ထဲ မိုးမမြင် လေမမြင် ကူးခတ်ကြလေတယ်။ မဝင်းက ဝင်းဇော်ကို တစ်ခါတလေ လိုက်ခဲ့ဖို့ခေါ်ရင်–

"မလိုက်တော့ပါဘူးဟာ ... ငါလိုက်တော့လည်း လူပိုပါပဲ၊ အိမ်မှာက နှင့်ညီမတစ်ယောက်ထဲ ...ငါရှိတော့ စိတ်ချလက်ချ အိမ်မှာ အိပ်လို့ရတာပေါ့"

မဝင်းက လင်သားနဲ့ညီမကို ယုံကြည်ရှာတယ်။ မမူကတော့ ဣန္ဒြေမပျက်အောင်နေတယ်။ ပတ်ဝန်းကျင်က သိပ်သတိမထားလို့ တော်သေးတယ်။ ပတ်ဝန်းကျင်နဲ့မမူတို့ ဆက်ဆံရေးက အရင်အတိုင်းပဲ။ အိမ်တစ်အိမ်ထဲမှာ ခင်ပွန်းနဲ့ညီမကို အတူထားခဲ့တာ မသိမသာ အကဲခတ်ကြတယ်။ မမူက ခဲအိုကို ကြည့်လို့မရဘူးဆိုတာ သိထားကြတော့ သိပ်ဂရုမထားကြ။

မမူ အနေအထိုင်ပိရိပေမဲ့ မဖုံးနိုင် မဖိနိုင်ကိစ္စက ပေါ်လာတယ်။ မမူမှာ ကိုယ်ဝန်ရှိနေပြီ။ ဒါကို မမူနဲ့ ဟိုဘက်ရပ်ကွက်ထဲက မသန်းနွဲ့ရယ်သာ သိတာ။ ဒါတောင် မမူက အနေအညွှတ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပြီးပိတ်ထားလို့။ မမူ ဘယ်လိုလုပ်ရမလဲ၊ ဝေခွဲရခက်နေတယ်။ တစ်ဖက်ကလည်း အစ်မယောက်ျား၊ သူ့မှာကလည်း ကိုယ်ဝန် ၃ လ၊ ဒါပေမဲ့ သူနဲ့ ဝင်းဇော်ကိစ္စက လူသိရှင်ကြားမှ မဟုတ်တာ။ အစ်မအိမ်ထောင်ကွဲမယ့် အဖြစ်ကိုတော့ သူ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။ ကိုယ်ဝန်ကိစ္စကိုတော့ မသန်းနွဲ့နဲ့တိုင်ပင်ပြီး ဖျက်ချဖို့ စီစဉ်လိုက်တယ်။ သတိထားပြီး ဆေးသောက်နေရင်းက ဒီလိုဖြစ်လာတော့ စိတ်ထဲ မခံချိမခံသာ ဖြစ်နေတယ်။

မမူ ကိုယ်ဝန်ဖျက်ချပြီးတဲ့အထိ ကွက်သစ်ထဲမှာ တစ်လနီးပါးပျောက်နေတော့ ကွက်သစ်ထဲကလူတွေက လင်နောက်လိုက်သွားပြီလို့ ထင်ကြတယ်။ မမူ အိမ်ပြန်လာတဲ့နေ့ လမ်းမှာ အရက်ရောင်းတဲ့ ဝင်းသန်းမိန်းမနဲ့ တွေ့တယ်။ သူက ကွက်သစ်ထဲမှာ အတိုးလည်းပေးစားတယ်။ နာမည်က မြင့်မြင့်စန်း။ မမူတို့နဲ့က ညီမတွေလိုနေကြတာ။

"ဟဲ့ ... မမူ .. နင် ဘယ်သွားပုန်းနေတာလဲ၊ နင့်ယောက်ျားမပါဘူးလား"

မမူ ဘာမှ ပြန်မဖြေချင်ပေမဲ့ ယုတ္တိရှိအောင်တော့ ပြောရမည်ဟုတွေးတယ်။

"ကျွန်မ ... ယောက်ျားနောက်လိုက်သွားတာ မဟုတ်ပါဘူး အစ်မရယ် ... အစ်မဆွေတို့ရှိတဲ့ အုတ်ဖိုကို အလည်သွားတာပါ"

မမူ ညာသာညာရတာ မျက်လုံးအစုံမှာ ပျာယာခတ်နေသည်။

"မမူ ... ညည်းကို ကျုပ် ပြောစရာတွေရှိတယ်၊ လာအေ ... ကျုပ်တို့အိမ် ခဏလိုက်ခဲ့ဦး"

မမူလည်း အိမ်က အစ်မဝင်းနဲ့ ဝင်းဇော်တို့ကို မျက်နှာချင်းမဆိုင်ချင်သေးတာနဲ့ပဲ လိုက်လာခဲ့တယ်။

"ငါကလေ ... နင့်ခဲအိုနဲ့မတည့်လို့ ထွက်သွားတယ်ထင်တာ၊ ကြည့်ပါဦး ... မျက်နှာလေးတောင် ချောင်ကျသွားတယ်၊ ညည်းကို ... ကျုပ်သိထားကြားထားတာလေးကို ပြောချင်လွန်းလို့ အိမ်ခေါ်လာတာအေ့ ... ညည်း ဟိုဘက်ရပ်ကွက်က အပျက်က မြင့်မာကို သိတယ်နော်"

"ဟုတ်ကဲ့ ... သိပါတယ် အစ်မ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲအေ ... အဲဒီ အပျက်မ မြင့်မာဆိုတဲ့ကောင်မနဲ့ ဝင်းဇော်တို့ တစ်ပတ်လောက်အကွာက ညည်းတို့အိမ်ထဲကနေ မနက်အစောကြီး ထွက်လာတာတွေ့တယ်၊ အဲဒါ တစ်ခါတည်းမဟုတ်ဘူး။ ညည်းအစ်မ ငါးတက်ယူတဲ့နေ့တိုင်း တွေ့တာ"

သေချာရဲ့လားလို့ မမူ ပြန်မေးဖို့ မလိုတော့ဘူး။ ဒေါသစိတ်ကြောင့် မမူရဲ့ မျက်နှာတပြင်လုံး နီမြန်းနေသည်။

"နောက်ပြီး ... တို့ဆိုင်ကို အရက်လာသောက်တုန်းကလည်း မူးမူးရူးရူးနဲ့ ညည်းအကြောင်းကို ပြောနေသေးတယ်၊ ကောင်မလေးက .. အနေထိုင်မတတ်ပါဘူးတဲ့၊ ကျွန်တော့်ကိုလည်း သူ့အစ်မ ငါးတက်ယူရင် သူနဲ့လာလာအိပ်ခိုင်းတယ်တဲ့အေ ... ငါတို့လင်မယားလည်း သူ့စကားတွေ .. ဒီထက် ပိုဆိုးလာမှာစိုးလို့ ဆိုင်ထဲကနေနှင်ထုတ်လိုက်ကြတယ်၊ ညည်းအစ်မကို ကျုပ် ဒီအကြောင်းတွေအားလုံး ပြောပြပါသေးတယ် သူက လုံးဝ မယုံဘူးတဲ့"

မမူ အိမ်ပြန်လာတာ အစ်မဝင်းက သိပ်မထူးဆန်းသလိုဘဲ မမူကိုလည်း အိမ်ကထွက်သွားတဲ့ကိစ္စကို တစ်ခွန်းမှမမေး။ ဘာစကားတစ်ခွန်းမှလည်းမပြော။ မမူ နှုတ်ခမ်းကို တင်းတင်းစေ့ရင်း အံကိုကြိတ်တယ်။ နောက်ပြီး တစ်ချက်ပြုံးလိုက်တယ်။ အဲဒီအပြုံးဟာ ကမ္ဘာတစ်ခြမ်းဖြိုသွားနိုင်တယ်။

ဒီည မဝင်း ငါးတက်ယူသောညမို့ မမူအဖို့ စိတ်လှုပ်ရှား ရင်တုန်ရသောညပင်။ သန်းခေါင်ကျော်လူခြေတိတ်ချိန်မှာတော့ မမူ မီးဖိုချောင်ထဲကို ဝင်လိုက်တယ်။ ထရံမှာထိုးထားတဲ့ ကပ်ကြေးကိုနှုတ်ပြီး သူ့အခန်းထဲ ပြန်ဝင်လိုက်တယ်။ အခန်းထဲမှာ ဝင်းဇော်ကတော့ အိပ်မောကျလျက်။ မမူဘဝသည်လည်း အမှောင်ကမ္ဘာထဲသို့ ခြေတစ်လှမ်း စလိုက်မိတော့တယ်။

သက်မျှးကိုကို(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အမေ

ဒိန်းခနဲ ခလုတ်တစ်ချက် တိုက်လိုက်တိုင်း
လွှတ်ခနဲထွက်သွားတဲ့ စကားတစ်လုံးက
လူတိုင်းရင်ထဲ စိမ့်ဝင်နေ
ရွာမချဘဲ အောင်းနေတဲ့မိုးလိုမျိုး
လေဟာနေတဲ့ ရင်ဘတ်ကြီးထဲ
အသက်ရှူရပ်တန့်လို့
တစ်နယ်တစ်ကျေးမှာ အဖော်ကွဲရတယ်
အနေကြာလို့ လွမ်းခဲ့ရလည်း
သားပညာရေးပဲတဲ့
အခက်ကြုံလည်း သတိရတယ်
အပျော်ဆုံလည်း သတိရတယ်
အိပ်ရာဝင် အိပ်ရာထလည်း သတိရတယ်
သတိရမှုလမ်းကြောင်း လွဲစေဖို့
ဗေဒင်ဆရာက ယတြာပွဲတွေ ဆင်နွှဲလို့
ဝတ္ထုရေးဆရာက တေ့လွဲဇာတ်ကွက်ဆင်လို့
ဘယ်အရာကမှ မတားမြစ်နိုင်ခဲ့
ရေဟာ ဆန်ရိုးမရှိဆိုပေမယ့်
အလံမလဲနိုင်တာက အမေ့သွေးပါ။ ။



ချစ်လှ(တက္ကသိုလ်)

---

### အမှတ်စဉ်(၁၃၃) နိုဝင်ဘာလအတွက်

**ရွေးကဗျာစာရင်း**

| | | | |
|---|---|---|---|
| ၁။ | မောင်တည်အေး | – | ၆၅ နှစ်သား ဘဝလမ်းညွှန် |
| ၂။ | နေသိုက် | – | ကိုယ့်ခေတ် ကိုယ်ထမ်းပိုး |
| ၃။ | စန္ဒကူးနီ | – | ပခုံးထမ်းမယ့်ဝန် |
| ၄။ | နီမျိုးထက် | – | ဝင့်ကောင် |
| ၅။ | ဗဟိုမောင်မိုးဆွေ | – | မာရသွန် |
| ၆။ | စောအောင်ခ(ဘားအံ) | – | ရှင်သန်ခြင်းရဲ့တစ်ဖက် |
| ၇။ | စည်သူ(အဖျောက်) | – | လွမ်းတယ်အမေ |
| ၈။ | ကိုသျှား | – | ရှင်ကွဲနာ |
| ၉။ | ညလွမ်းအိမ်(လားရှိုး) | – | ဒီတစ်ခါပြောင်းဖူးချိုးပြီးရင် |
| ၁၀။ | မင်းဘုန်းနိုင် | – | နောက်ဆုံး |



www.burmeseclassic.com

www.burmeseclassic.com



# အပူလှိုင်းမိသောည

ညဟာ တစ်စုံတစ်ခုကို တောနင်းရှာဖွေနေသလိုမျိုး
အဲဒီနေ့က လမသာဘူး။

ဝိုးတိုးဝါးတား ကြတ္တိယတွေရဲ့ အလှဟာ
မှဆိုးလိုလို
သားကောင်လိုလိုနဲ့
ကျော့ကွင်းကိုက ငွေနဲ့သင်းနေတယ်။

ရင်ကွဲနာကျနေတဲ့ လဟာ
အပြာရောင်ကန့်လန့်ကာနောက်ကနေ ချောင်းမြောင်းနေရင်း
လွတ်လပ်ပေါ့ပါးခြင်းတွေကို ဆင်မြန်းဖုံးလွှမ်းထားသလို
မုသာဝါဒတွေကို လှိုင်လှိုင်ကြီးသုံးဖို့ ကြိုးစားနေတယ်။

မှောင်နေတဲ့ အရောင်တွေထဲမှာ
နှုတ်ခမ်းနီ ရဲရဲဆိုးထားသလို
မိတ်ကပ်များများ လိမ်းထားတာကို မြင်ရတယ်
မေတ္တာတရားက ဖျက်လို့မရအောင် ပျက်နေတဲ့ ခြေလှမ်းတွေမှာ
ခလုတ်တိုက်လဲတယ်။

ကိုယ်ကျင့်တရားဟာ လွတ်ထွက်သွားတဲ့ ငှက်ဆိုးတစ်ကောင်လား
ဒါမှမဟုတ်
ချည်တိုင်မဲ့ နွားတစ်ကောင်တဲ့လား။

ဘာကိုမှ လွယ်ပိုးမထားရဘဲ
ဝန်ထုပ်ဝန်ပိုးဟာ ပိုလေးလံနေခဲ့တယ်။ ။

နေချို့သွေး






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com

"ဟဲ့ . . မြန်မြန်လုပ်ကြလေ၊ နေတောင်ပွင့်လာပြီ။ တို့က ဟိုကို ထမင်းစားချိန်မတိုင်မီလောက် ရောက်သွားမှ ကောင်းမယ်။ နေ့လယ်ဆို နေက တအားပူတာ"

ကြီးကြီးဒေါ်သူဇာက စိတ်စောစွာ လောဆော်နေ၏။

"ပြီးပါပြီ ကြီးကြီးရဲ့၊ ခဏလေး . . ခဏလေး"

အတူလိုက်ပါမည့် ယွန်းမြမှိုက အခန်းထဲမှ ပြန်အော်ပြော၏။

"ကားကတော့ အဆင်သင့်ဖြစ်နေပါပြီခင်ဗျ"

ဒရိုင်ဘာကိုမောင်လှက လာ၍ သတင်းပို့သည်။

သည်ခရီးမှာ ကြီးကြီးသူဇာက သူမ၏ ဇာတိမြို့ဆွေမျိုးများထံသို့ အလည်ပြန်မည့်ခရီးဖြစ်သည်။ မြို့ကို မရောက်ဖူးသော ကျွန်တော့်ညီမဝမ်းကွဲဖြစ်သည့် ယွန်းမြမှိုက အဖော်အဖြစ် လိုက်ပါသွားမည်ဖြစ်၏။

ကျွန်တော်က လိုက်လိုသော်လည်း ကျောင်းဖွင့်ရက်မို့ မလိုက်နိုင်။ ဖေဖေနှင့် မေမေကလည်း အလုပ်များနှင့်ဖြစ်၍ မလိုက်နိုင်။ ဦးလေးငယ်ကလည်း နေမကောင်း၍မလိုက်နိုင်။

အလိုက်ချင်ဆုံးဖြစ်သော်လည်း မလိုက်နိုင်သူမှာ မမတိမ်ပြာဖြစ်၏။ မမတိမ်ပြာမှာ ယွန်းမြမှိုထက် အကြီးဖြစ်၏။ မမတိမ်ပြာနှင့် ယွန်းမြမှိုတို့ညီအစ်မမှာ ဖေဖေ၏အစ်မကြီး ဒေါ်မူယာက မွေးခဲ့သူများဖြစ်၍ ဒေါ်မူယာနှင့်ခင်ပွန်းဖြစ်သူတို့ ခရီးသွားရင်း သင်္ဘောနစ်ရာ၌ နှစ်ဦးစလုံးကွယ်လွန်သွားခဲ့ကြရာ ဖေဖေက ခေါ်ယူကျွေးမွေးထားခဲ့သူများဖြစ်ကြ၏။ ကျွန်တော်နှင့် ဝမ်းကွဲအစ်မညီမများ ဖြစ်ကြသည်။

"သမီးလည်း လိုက်ချင်တာ . .၊ ကုမ္ပဏီက ခွင့်တောင်းလို့ မရလို့"

မနေ့ကပင် မမတိမ်ပြာ မချင့်မရဲ ပြောနေသေး၏။

"နောက်တစ်ခေါက်သွားရင်လိုက်ပေါ့ကွယ်"

ကြီးကြီးသူဇာက နှစ်သိမ့်ခဲ့သည်။

ခရီးထွက်မည့် ကြီးကြီးသူဇာအတွက် ဖေဖေနှင့် မေမေကလည်း အိပ်ရာမှ စောစွာထ၍ ပြင်ဆင်ပေးကြသည်။ ကြီးကြီးသူဇာကလည်း စိတ်စော၍ ဇီဇာကြောင်သော အပျိုကြီးမို့ ဆူဆူညံညံရှိနေလေရာ ကျွန်တော်လည်း အိပ်ရာမှ စောစောနိုးပြီး ထလာရ၏။

"တိမ်ပြာရော မနိုးသေးဘူးလား။ လိုက်လို့မရတာနဲ့ စိတ်ပျက်ပြီး ငါ့ကိုတောင် ထွက်နှုတ်မဆက်တော့ဘူး"

ကြီးကြီးသူဇာက ရယ်၍ပြောနေဆဲမှာပင် မမတိမ်ပြာ သူမ၏ အိပ်ခန်းထဲမှ အိပ်မှုန်စုံမွှား ဖိုသီဖတ်သီဖြင့် ထွက်လာသည်။

"ကြီးကြီး"

"ဘာတုန်း"

"ဒီနေ့ ကြီးကြီးမသွားပါနဲ့လား"

"ဟင် . . ဘာဖြစ်လို့"

"သမီး အိပ်မက်မကောင်းလို့ပါ ကြီးကြီး"

ကျွန်တော်တို့အားလုံး မမတိမ်ပြာကို လှည့်ကြည့်မိကြ၏။ ကြီးကြီးဒေါ်သူဇာ မျက်နှာပျက်မသွားသည့်အပြင် ရယ်လိုက်သေးသည်။

"နင်မလိုက်ရတာနဲ့ ငါတို့မသွားဖြစ်အောင် လျှောက်ပြောပြန်ပြီ"

ကြီးကြီးဒေါ်သူဇာ၏စကား။

"ဟုတ်တယ် . .၊ မမက လိုက်ချင်လိုက်ခဲ့တာမဟုတ်ဘူး။ မလိုက်ဘဲနဲ့ အလကား သွားတဲ့လူတွေ စိတ်မဖြောင့်အောင်"

ယွန်းမြမှိုကလည်းဝင်ပြောသည်။

"မဟုတ်ဘူး . . ကြီးကြီးနဲ့ညီမလေး၊ တကယ်အိပ်မက်မကောင်းလို့ပြောတာ"

မမတိမ်ပြာပြောနေပုံက လေးလေးနက်နက်ဖြစ်၏။

"ဘာတွေမက်လို့လဲ"

ကျွန်တော်က ဝင်မေးသည်။

မမတိမ်ပြာက သက်ပြင်းချလိုက်ကာ . .

"ကြီးကြီးတို့ကား လမ်းဘေး ထိုးကျပြီး မှောက်တယ် . .။ အဲဒီမှာ ကြီးကြီး . . ."

ပြောသည်။ ပြောသော်လည်း စကားမဆုံးဘဲ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း နိမိတ်မရှိ နမာမရှိ မပြောပါနဲ့"

ယွန်းမြမှိုကဒေါကလေးနှင့်ပြော၏။

"ငါက စိုးရိမ်လို့ပြောတာပါဟာ"

ဖေဖေက မေမေ့ကို လှမ်းကြည့်၏။ မေမေက မျက်နှာမကောင်းစွာဖြင့်–

"မမသူဇာ ‥ နောက်နေ့မှ သွားပါလား"

တစ်ခွန်းဝင်ပြောသည်။ မေမေ စိတ်လေးသွားပုံရသည်။

ကြီးကြီးသူဇာခေါင်းခါ၏။

"ငါက သွားမယ်ဆို သွားရမှ၊ ဘာမှ အစွဲအလမ်းမကြီးဘူး"

"မဟုတ်ဘူးလေ မမရဲ့၊ အလုပ်ကိစ္စချိန်းထားတာမျိုးမှမဟုတ်တာ။ နောက်နေ့မှသွားလည်း ရတာပဲဟာ"

ဖေဖေကလည်း ဝင်ပြောသည်။

"လုပ်မနေနဲ့ ‥ အလကား။ နှင့်သမီး မလိုက်ရလို့ စိတ်ဆွဲပြီး ပေါက်ကရတွေ အိပ်မက်မက်တာ။ အိပ်မက်တိုင်း အမှန်ဖြစ်မှာလားဟဲ့။ နှင်တို့လည်း ခေတ်ပညာတတ်တွေပဲ။ လက်တွေ့မကျတာ မယုံစမ်းနဲ့။ ကဲ ‥ မောင်လှရေ သွားကြမယ်"

ကြီးကြီးဒေါ်သူဇာက ဆုံးဖြတ်ချက်မပြောင်းလဲ။

မမတိမ်ပြာက တစ်စုံတစ်ခုထပ်မံပြောရန် ရည်ရွယ်လိုက်သော်လည်း မေမေက လက်ကာ၍ ဟန့်လိုက်သည်။ ပြော၍ရမှာမဟုတ်ဟူသော သဘော။ မမတိမ်ပြာ သက်ပြင်းချ၍ အလျှော့ပေးလိုက်ဟန် ငြိမ်ငြိမ်သွားသည်။

ကြီးကြီးသူဇာတို့ အိမ်ပေါ်မှ ဆင်းသွား၏။ ယွန်းမြမှိုက သူ့အစ်မကို ကရော် ‥ ကရော်ဟန်ပြု၍ နောက်ပြောင်သွားသည်။

ကြီးကြီးသူဇာတို့ကား ထွက်သွားသောအခါ မမတိမ်ပြာက ‥

"သမီး စိတ်ပူတယ် လေးလေးရဲ့"

ဟု ဖေဖေ့နားကပ်၍ ပြောသည်။

မေမေက …

"အိပ်မက်ဆိုတာ အမျိုးမျိုးရှိသေးတယ် သမီးရဲ့၊ သွေးလေချောက်ချားလို့မက်တာ။ စိတ်စွဲလို့ မက်တာတွေလည်း ရှိတယ်။ မက်တဲ့အချိန်ကလည်း အမျိုးမျိုးရယ်။ ဒါတွေ သိပ်ပြီးစိတ်မစွဲပါနဲ့"

မမတိမ်ပြာကိုဖက်၍ နှစ်သိမ့်ဖျောင်းဖျ၏။

"သမီး အရင်တစ်ခါ အိပ်မက်မက်တုန်းက မှန်တယ်ဒေါ်လေးရဲ့"

မမတိမ်ပြာက ထပ်ပြောသည်။

"ဘာမက်လို့လဲ"

ကျွန်တော်က စိတ်ဝင်စားစွာ ဝင်မေးမိ၏။

"သူငယ်ချင်းတစ်ယောက် အိမ်ရှေ့လှေကားက ပြုတ်ကျပြီး လက်ကျိုးသွားတယ်လို့မက်တာ မှန်နေတယ်"

"တိုက်ဆိုင်တာနေမှာပါ ‥ မမတိမ်ပြာရယ်"

"ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ လေးနေတာ အမှန်ပဲ"

ဖေဖေ၊ မေမေနှင့် ကျွန်တော်တို့က မမတိမ်ပြာ၏စကားကို သိပ်အလေးအနက်မထားသည်ကတော့ အမှန်ပင်။

+++

ကျွန်တော်တို့ အလေးအနက်မထားခဲ့သော မမတိမ်ပြာ၏ အိပ်မက်က တကယ်မှန်လာသောအခါ ကျွန်တော်တို့အားလုံး တုန်လှုပ်ချောက်ချားသွားရတော့၏။

လမ်းမှာ ကြီးကြီးသူဇာတို့ ကားမှောက်သည်။

မျက်နှာချင်းဆိုင်လာသော ကားကြီးတစ်စီးကိုရှောင်ရင်း လမ်းမြေသားပေါ်ကားဘီးချော်ကျရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ကားက ထိုးဆင်းသွားကာ ကားမှောက်သွားခဲ့ခြင်းဖြစ်၏။

ကံကောင်းထောက်မစွာ မည်သူမျှ အသက်မဆုံးရှုံးခဲ့။

ကြီးကြီးဒေါ်သူဇာ ခြေကျိုးသည်။ ယွန်းမြမှိုက နဖူးတွေ၊ လက်တွေမှာ ဒဏ်ရာတွေရသည်။ ကိုမောင်လှက ခေါင်းကွဲသည်။

သွားမည့်ခရီးကို အောင်မြင်ပြီးဆုံးသည်ထိ အရောက်မသွားနိုင်တော့ဘဲ လှည့်ပြန်ခဲ့ရ၏။

"တွေ့လား ‥ သမီးပြောတာ ကွက်တိပဲ"

မမတိမ်ပြာက သူမ၏အိပ်မက် မှန်ကန်ကြောင်း သက်သေထူသောအခါ မည်သူမျှမငြင်းနိုင်တော့။

"ဟုတ်သားပဲ ‥၊ တိမ်ပြာပြောသလို နောက်နေ့မှသွားဖို့ ရက်ရွှေ့လိုက်ရင် ခုလိုဖြစ်ချင်မှဖြစ်မှာ"

မေမေ့သုံးသပ်ချက် ‥။

"အင်း ‥ တိုက်ဆိုင်တယ်လို့ ပြောလို့တော့မရတော့ဘူး။ ဒါ ‥ အိပ်မက်နဲ့ သတိပေးတာမျိုး ဖြစ်နိုင်တယ်"

ဖေဖေ့ယူဆချက်။

"မမက ပါးစပ်ပုပ်ကြီးနဲ့လျှောက်ပြောလို့ ဖြစ်တာပါ။ နိမိတ်မဖတ်ရဘူး မမရဲ့။ မမပါးစပ်က မဟုတ်တာပြောရင်မကောင်းတာပြောရင်မှန်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းမြမှီက အပြောင်အပြက်ပြောဆဲ။

ကြီးကြီး ဒေါ်သူဇာကပင် ..။

"ငါက အစွဲအလမ်းမကြီးတတ်ပါဘူး။ ဒါပေမဲ့ ဒီတစ်ခါ တိမ်ပြာရဲ့အိပ်မက်ကိုတော့ ယုံသွားပြီ"

ဟု လေးပင်တိုးဖျော့စွာမှတ်ချက်ချ အတည်ပြုသည်။

ကျွန်တော် ဘာမျှဝင်မပြောပါ။

အိပ်မက်ဆိုသည်မှာ ဘာလဲ။ ဘာကြောင့် အိပ်မက်မက်တာလဲ။ အိပ်မက်က ရှေ့ဖြစ်မည်ကို နိမိတ်ပြတာလား။ ဘယ်သူက အိပ်မက်ပေးတာလဲ။ အိပ်မက်တိုင်း အမှန်ဖြစ်လာသလား။

ဒါက သိပ္ပံနည်းမကျသော အရာဖြစ်၏။

စိတ်နှင့်သာဆိုင်မည်ဟု ကျွန်တော်က တွေးသည်။

"အဲဒါဆိုရင် မမတိမ်ပြာ ဗေဒင်ဟောစားပေတော့"

မမတိမ်ပြာကို ကျွန်တော်က ရယ်စရာအဖြစ် ပြောလိုက်သည်။

+++

သို့သော် ရယ်စရာအဖြစ် မမှတ်ယူနိုင်သော ဖြစ်ရပ်တစ်ခုက ပေါ်လာခဲ့ပြန်လေသည်။

သကြံ့နံမိုးတစ်ဖြိုက်အရွာမှာ ကျွန်တော်တို့ ခြံထောင့်ပိတောက်ပင်ကြီးက တစ်ပင်လုံးဝါထိန်နေအောင် ပွင့်လာ၏။ ပွင့်လိုက်သည်မှာ အဆုပ်လိုက်အခဲလိုက်ဖြစ်သည်။ အပွင့်ကလည်း လှ၊ ရနံ့ကလည်း သင်း။ ကျွန်တော်တို့ တစ်အိမ်သားလုံး ပိတောက်ရနံ့တွေနှင့် ပျော်နေကြသည်။

သို့သော် အပင်ပေါ် မည်သူမျှ မတက်ရဲ။

ကျွန်တော်က ယောကျ်ားလေးဖြစ်သော်လည်း သစ်ပင်မတက်တတ်။ ဖေဖေကလည်း လူကြီးဖြစ်နေသည်မို့ မတက်ရဲ။ ထို့ကြောင့် ကျွန်တော်က ဘုရားတင်ရန်နှင့် မမတိမ်ပြာတို့ပန်ရန်အတွက် တံချူဖြင့် ပိတောက်ပန်းများကို ခူးသည်။

ခက်သည်က ပိတောက်ပင်က ပင်ကြီးဖြစ်၍ ပွင့်နေသည်မှာပင် အပေါ်ပိုင်းမှာမှ အလွန်လှသော အပွင့်အဆုပ်ကြီးများရှိနေ၏။ အောက်ဘက်ပိုင်းမှာက လှလှပပ သိပ်မရှိလှ။ ယွန်းမြမှီက အပင်ထိပ်ဖျားက အပွင့်တွေမရ၍ မချင့်မရဲ။

သည်မှာပင် ပိတောက်ပန်းခူးပေးမည့် သူရဲကောင်းပေါ်လာ၏။ လမ်းထဲမှ ဖြစ်သည်။

"ကျွန်တော် တက်ခူးပေးမယ်"

သူကား ကြံ့ရာကျပန်းလုပ်သော လူငယ်လေး မောင်တိုးဖြစ်သည်။

"ရှင်တက်ရင် တက်လေ"

ယွန်းမြမှီက ဝမ်းသာအားရ ပြော၏။

"လိမ့်ပြုတ်ကျနေပါ့မယ်ကွယ်"

ဖေဖေက ခွင့်မပြုချင်။

"ရပါတယ် ဦးရယ်၊ အပင်တွေ ကျွန်တော် တက်နေကျပါ။ ပိတောက်ပင်က ကြီးတော့ အပေါ်ကကိုင်းတွေ ခုတ်ချမှ ရမှာနော်"

"မင်း .. တကယ်တက်တတ်ရဲ့လား"

ကျွန်တော်ကလည်း စိုးရိမ်စွာ မေးမိ၏။

"ကိုစောကလည်းဗျာ .. ကျွန်တော်က အုန်းပင်တွေဘာတွေတောင် လိုက်ပြင်နေတဲ့သူပါ။ မပူပါနဲ့ ..။ ဒါပေမဲ့ ကျွန်တော့်ကိုလည်း ပန်းပေးရမယ်နော်"

"ယူပါ .. ယူပါ .. ကျွန်မတို့က ဘုရားတင်ဖို့နဲ့ ပန်ဖို့ နည်းနည်းပဲ လိုချင်တယ်။ ရှင်ကြိုက်သလောက်ယူသွား"

သည်မှာ မမတိမ်ပြာ အိမ်ထဲက ထွက်လာပြီး ..

"မောင်တိုး .. မင်း မတက်ပါနဲ့"

ဟု တားသည်။

"ရပါတယ် မမရဲ့၊ ကျွန်တော်က ကျွမ်းပါတယ်"

မောင်တိုးက ရင်ကော့၍ပြောသည်။

"မဟုတ်ပါဘူးကွယ်၊ အန္တရာယ်ရှိတာမို့ မတက်စေချင်တာပါ"

"မမကလည်း .. သူက အုန်းပင်တောင် လိုက်ပြင်နေတာတဲ့"

ယွန်းမြမှီက ဝင်ပြော၏။

"ဟုတ်ပါတယ် မမရယ်၊ မစိုးရိမ်ပါနဲ့"

မောင်တိုးက ပြောပြောဆိုဆို ဓားကိုခါးကြားထိုး၍ တက်ဟန်ပြင်သည်။

"မောင်တိုး .. မတက်နဲ့"

မမတိမ်ပြာက အလန့်တကြား ကျယ်လောင်စွာ အော်လိုက်၏။

ဖေဖေနှင့်ကျွန်တော် မမတိမ်ပြာကို ကြောင်ငေးကြည့်မိကြသည်။ ယွန်းမြမှီကလည်း မျက်မှောင်ကုပ်လျက် ..

"ဘာဖြစ်လို့လဲ မမရဲ့"

"မမ အိပ်မက်မကောင်းလို့ပါ"

ဖေဖေနှင့်ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ကြီးကြီးဒေါ်သူဇာ ကားမှောက်သည့်ကိစ္စကို မမတိမ်ပြာက အိပ်မက်အတိုင်းဖြစ်သည်ဟု တစ်ထစ်ချလက်ခံခဲ့သော်လည်း ကျွန်တော်တို့က လက်မခံချင်။ မမျှော်လင့်သော တိုက်ဆိုင်မှုတစ်ခုဟုသာ ယူဆခဲ့သည်။

"ဟာ ..မမကတော့ လုပ်ပြီ"

ယွန်းမြမှီ၏ မကျေမနပ်မျက်နှာ။ ဘဝင်မကျစကား။

မောင်တိုးက ရယ်၍ ..

"မမက ရယ်စရာစကား လာပြောနေတယ်။ ကဲ ..ဘာမှမပူနဲ့ တက်ပြီ"

ပြောပြောဆိုဆို သစ်ပင်ပေါ်သို့ တက်သွား၏။ ပိတောက်ပင်ပေါ်သို့။

မောင်တိုးတက်သွားသည်မှာ လျှင်မြန်လွန်းလှ၏။ မျောက်တစ်ကောင် သစ်ပင်တက်သလို ကျွမ်းကျင်လှ၏။

"တွေ့လား ..သူက သိပ်ကျွမ်းတယ်။ ကဲပါ ..မမ အိမ်ထဲပြန်ဝင်နေပါ"

ယွန်းမြမှီက ရင်ကလေးဖိ၍ မျက်နှာသွေးမရှိသလို ဖြူလျော့နေသော မမတိမ်ပြာကိုကြည့်၍ ခပ်သောသော ပြောသည်။

မမတိမ်ပြာက ဖေဖေ့ကို ..

"အိပ်မက်ထဲမှာ မောင်တိုး ဒီပိတောက်ပင်ကို တက်တယ်။ ကိုင်းကျိုးကျတယ်။ လက်ကျိုးသွားတယ်"

ဟု ခပ်တိုးတိုးပြောသည်။

ဖေဖေသည်ပင် စိုးရိမ်စိတ်ဝင်သွားပုံပေါ်သည်။

ပိတောက်ပင်ပေါ် မော့လျက် ..

"မောင်တိုးရေ ..သတိထားပြီး တက်နော်"

ဟု လှမ်းအော်ပြော၏။

"စိတ်ချ ဦးလေး"

ဟု မောင်တိုး ပြန်အော်သံကြားရ၏။ မောင်တိုးကား အပင်အဖျားပိုင်း အထိပင်ရောက်သွားချေပြီ။



"ကိုင်းတွေ ခုတ်တော့မယ် ..။ ဦးလေးတို့ ..ကိုစောတို့အောက်မှာမနေနဲ့"

အပင်ပေါ်မှ မောင်တိုးက ထပ်မံ၍အော်ပြော၏။

ကျွန်တော်တို့ ပိတောက်ပင်အောက်မှ ဝေးရာသို့ ထွက်ပေးလိုက်ကြသည်။ မမတိမ်ပြာက "ဘုရား .. ဘုရား ဘာမှမဖြစ်ပါစေနဲ့"ဟု ရေရွတ်ရင်း အိမ်ပေါ်ပြန်တက်သွားသည်။

"မမတိမ်ပြာတော့ အစွဲအလမ်းသိပ်ကြီးနေပြီ"

ကျွန်တော်က ရယ်၍ပြောတော့–

"ဟုတ်တယ် ကိုလေးရဲ့။ ကြာရင် မမတော့ ရူးမှာပဲ"

ဟု ယွန်းမြမှီက ထောက်ခံသည်။

"ဒုတ် ..ဒုတ်"

"ဖျောင်း .."

"ဝုန်း .."

ပိတောက်ကိုင်းများကို မောင်တိုး ခုတ်ချနေပြီ။

"ဟာ ..လှလိုက်တဲ့ ပိတောက်တွေ"

ယွန်းမြမှီက အပျော်တွေနှင့် ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

"မောင်တိုးရေ ..ကိုင်းတွေက ဆတ်တယ်နော်။ သတိထား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက လူကြီးပီပီ အော်၍ သတိပေးသည်။

ထိုသတိပေးသံ မဆုံးမီမှာပင်–

"ဖျောင်း ..."

"အား ..."

+++

တိုက်ဆိုင်မှုဟု ဆိုရဖို့မှာ တစ်ကြိမ်မကနှစ်ကြိမ်ဖြစ်လာတော့ သံသယဝင်စရာ ဖြစ်လာရ၏။ တကယ်ပဲ မမတိမ်ပြာ၏ အိပ်မက်များက နိမိတ်ဆိုးများ ဖြစ်နေသလား။ ကြိုတင်သတိပေးချက်များ ဖြစ်နေလေသလား။

ပထမအကြိမ် မမတိမ်ပြာ၏ သူငယ်ချင်းတစ်ယောက် လှေကားမှ လိမ့်ကျသည်။ လက်ကျိုးသည်ဟု အိပ်မက်မက်သည်။ တကယ်ဖြစ်လာသည်။ မှန်သည်။

ဒုတိယအကြိမ်ကြီးကြီးဒေါ်သူဇာ ကားမှောက်သည်ဟု အိပ်မက်မက်သည်။ ကားတကယ်ပင်မှောက်သည်။ မှန်ပြန်သည်။

တတိယအကြိမ် ပိတောက်ပင်ပေါ်သို့ မောင်တိုးတက်ရင်း လိမ့်ကျသည်ဟု အိပ်မက်မက်သည်။ မောင်တိုး ပိတောက်ပင်ပေါ်မှ ကျသည်။ ဒါသည်လည်း အမှန်။

သို့ဖြစ်လျှင် မမတိမ်ပြာ၏ အိပ်မက်များက ထူးခြားဆန်းကြယ်မှုတော့ ရှိနေပြီဟု ပြောရတော့မည်။ "အစွဲအလမ်းကြီးနေတာပါဗျာ"ဟု ကျွန်တော် သူ့ကိုမပြောရဲ၊ မလှောင်ပြောင်ရဲတော့ပါ။ ယွန်းမြမှီကလည်း "ကြာရင် မမရူးမှာပဲ"ဟု ထပ်မံ၍ ရယ်သွမ်းမသွေးတော့ပါ။

ဘာသာတရားကိုင်းရှိုင်းအားထုတ်ကြသော ကြီးကြီးဒေါ်သူဇာ၊ ဖေဖေနှင့် မေမေတို့သည်ပင် မမတိမ်ပြာ၏ အိပ်မက်ဆန်းများကို လျစ်လျူမရှုရဲကြတော့။

ကျွန်တော်က ထိုအကြောင်းများကို ကျွန်တော်၏ ဆရာကြီးဖြစ်ခဲ့သော ဆရာကြီး ဦးလှမိုးနှင့် တွေ့ဆုံရာ၌ မေးမြန်းကြည့်မိသောအခါ ဆရာကြီးက "ဒါက သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်ပဲလို့ ပြောရမယ်ထင်တယ်" ဟု ဆိုခဲ့သည်။

ဆရာကြီးက သူဖတ်ဖူးသော အနောက်နိုင်ငံမှ ထင်ရှားသော ပုဂ္ဂိုလ်အချို့၏ အိပ်မက်များကို ကျွန်တော့်အားပြောပြသည်။

အမေရိကန်ပြည်ထောင်စု၊ ပင်ဆယ်ဗေးနီးယားပြည်နယ်တက္ကသိုလ်ကြီး၏ သမိုင်းပါမောက္ခ ဒေါက်တာမင်ဟီးပရက်သည် ကျမ်းကြီးတစ်စောင်ပြုစုလျက်ရှိရာ ဘေဘီလိုနီးယားရှိ နတ်ဘုရားကျောင်းဟောင်းကြီးမှ တူးဖော်ရရှိသော လက်ဝတ်ရတနာများပေါ်မှ စာများ၏ အဓိပ္ပာယ်ကို ပြည့်စုံစွာဖတ်မရဖြစ်နေသည်။ ထိုနေ့က ထိုပြဿနာကို စဉ်းစားရင်း အိပ်ပျော်သွားရာ အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲ၌ ဘေဘီလုံခေတ် ဘုန်းတော်ကြီးတစ်ပါးက သူ့အားလာခေါ်ပြီး ဘေဘီလုံသို့ ခေါ်ဆောင်သွားကာ ဘုရားကျောင်းရတနာသိုက်မှ သေတ္တာကြီးကို ဖွင့်ပြသည်။ လက်ဝတ်ရတနာများ တွေ့ရသည်။ ထိုဘုန်းတော်ကြီးကပင် လက်ဝတ်ရတနာများပေါ်မှ အက္ခရာများကို သူနားလည်အောင် အဓိပ္ပာယ်ဖော်ပေးသည်။ အိပ်ရာမှနိုးလာသောအခါ ပါမောက္ခကြီးသည် သူ၏ကျမ်းကို အောင်မြင်စွာပြုစုနိုင်ခဲ့ပြီး ကမ္ဘာကျော်ခဲ့သည်။

မထူးဆန်းပါလော ..။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်လွှတ်တော်အမတ် ဗိုလ်မှူးကြီး ဒေးဗစ်ဂါ့ဒင်နား၏သမီးဖြစ်သူ ဂျူလီယာသည် အမေရိကန်နိုင်ငံ၏ အသစ်ဆုံး၊ အလှဆုံးသင်္ဘောကြီးဖွင့်ပွဲ၌ အမြောက်ကျည်ဆန်မတော်တဆမှန်၍ သေဆုံးသည်ဟု အိပ်မက်မက်ခဲ့၏။ ဂျူလီယာက ဖခင်ကို ထိုပွဲမတက်ရန် တားမြစ်ခဲ့သော်လည်း ဖခင်က မယုံကြည်ခဲ့။

ဖွင့်ပွဲနေ့တွင် အမြောက်များပစ်ဖောက်ရာ ကျည်ဆန်ပေါက်ကွဲမှုကြောင့် အနီးရှိ ဗိုလ်မှူးကြီးဂါ့ဒင်နားနှင့် အခြားတစ်ဦး သေဆုံးခဲ့ကြရ၏။

ယင်းသည် တိုက်ဆိုင်မှုလော၊ သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်လော။

အမေရိကန်သမ္မတကြီးလင်ကွန်းသည်လည်း သူ၏ ကွယ်လွန်မည့်နိမိတ်ပြအိပ်မက်ကို မက်ခဲ့ဖူးသည်ဟု ဆိုသည်။

အိပ်မက်ထဲ၌ အိမ်ဖြူတော်တွင် အလောင်းစင်တစ်ခုပြင်ထားသည်ကို တွေ့ရပြီး အနားတွင် လူများဝိုင်းအုံနေ၏။ "ဘယ်သူသေလို့လဲ" ဟု သူကမေးလိုက်ရာ အစောင့်စစ်သားက "သမ္မတကြီးကို လူသတ်သမားတစ်ယောက်က သေနတ်နဲ့ပစ်သတ်သွားပါတယ်" ဟု ဖြေသည်တဲ့။

အိပ်မက်ထဲကအတိုင်းပင် လင်ကွန်းကွယ်လွန်ခဲ့ရသည်။

ယင်းအိပ်မက်သည် ဆဋ္ဌမအာရုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်နွယ်နေလေသလား။

"တစ်ခါတလေကျတော့ သိပ္ပံပညာနဲ့ ချိန်ထိုးလို့မရတဲ့အရာတွေ လောကမှာရှိနေတတ်တယ်။ သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်လို့ပဲ ပြောရမှာပဲ။ ခုခေတ်စကားနဲ့ပြောရင်တော့ ဂမ္ဘီရပေါ့ကွာ"

ဆရာကြီးဦးလှမိုးက ဤသို့ ကောက်ချက်ဆွဲပြသည်။

မမတိမ်ပြာကိုယ်တိုင်ကလည်း သူမဘာသာပင် ရောဂါတစ်ခု ရှိနေ၍လား။ အထူးသဖြင့် စိတ်နှင့်ပတ်သက်သော ရောဂါလက္ခဏာတစ်ခုပေလားဟု သံသယရှိခဲ့သည်။ ထို့ကြောင့် စိတ်ကျန်းမာရေးဆရာဝန်ကြီးတစ်ဦးနှင့် ပြသခဲ့သည်။ ဆရာဝန်ကြီးက မမတိမ်ပြာတွင် မည်သို့သောစိတ်ရောဂါလက္ခဏာမျှ မရှိပါဟု စမ်းသပ်အဖြေပေးခဲ့၏။

"ငါတော့ ‥အိပ်မက်တွေကို ကြောက်လာပြီ။ ငါ့အိပ်မက်တွေကလည်း နိမိတ်ဆိုးအိပ်မက်တွေချည်းပဲ"

ဟု ကျွန်တော့်ကို ပြောသည်။

ဖေဖေက ‥

"သမီး တရားထိုင်ပါ"

ဟု အကြံပေးခဲ့သည်။

မမတိမ်ပြာ ကြီးကြီးဒေါ်သူဇာနှင့်အတူ တရားစခန်းလိုက်ဝင်သည်။ တရားစခန်းမှ ပြန်လာတော့လည်း အိမ်မှာ ပုတီးစိပ် တရားထိုင်သည်။

သို့သော် ‥

အိပ်မက်က မက်ပြန်ပါသည်။

+++

အိပ်ရာမှ မမတိမ်ပြာနိုးလာပြီး နံနက်စာစားရန် ထမင်းစားပွဲ၌ ကျွန်တော်တို့ ဆုံကြစဉ် မမတိမ်ပြာက ပြောခြင်းဖြစ်၏။

"ညီမလေး ယွန်းမြမို့ ‥နင့်မှာ ဆံပင်ရှည်ရှည် ကိုယ်လုံးသွယ်သွယ်နဲ့ ပါးမှာမှဲ့ပါတဲ့ သူငယ်ချင်းတစ်ယောက်ရှိလား"

"ရှိတယ် မမတိမ်ပြာ၊ ညီမလေးရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ။ ဘာဖြစ်လို့လဲ"

"သူ မမတို့အိမ် လာလည်တယ်လို့ အိပ်မက်မက်တယ်"

"ဟုတ်တယ် မမ၊ ဒီနေ့ သူ လာမယ်"

မမတိမ်ပြာက သက်ပြင်းချသည်။

"ဘာလဲ ‥မမ အိပ်မက်ဆိုးမက်လို့လား"

မမတိမ်ပြာက ဘာမျှမပြောသဖြင့် ယွန်းမြမို့က ထပ်၍ မေးခွန်းထုတ်သည်။ မမတိမ်ပြာ ခေါင်းညိတ်၏။

"သူက အမျိုးသားတစ်ယောက် မောင်းလာတဲ့ကားနဲ့ လာမှာလား"

"အဲဒါတော့ မသိဘူး"

"သူ့မှာ ချစ်သူရှိလား"

"ရှိတယ် ‥သဘော်သားတစ်ယောက်ပဲ"

ကျွန်တော်တို့က တစ်စုံတစ်ရာ ဘာမျှဝင်မပြောဘဲ မမတိမ်ပြာကိုသာ ငေးကြည့်နေကြသည်။

မမတိမ်ပြာက လေးကန်ဖင့်နွဲ့စွာ ပြောသည်။

"သူတို့လာရင် အပြန်မှာ သူတို့ကားနဲ့ မပြန်ဖို့ ပြောပါကွယ်"

"ဟင် ‥ဘာ ‥ဘာဖြစ်လို့လဲ မမ"

မမတိမ်ပြာ မဖြေပါ။ ခေါင်းကို သာငုံ့၍ ကော်ဖီသောက်နေသည်။

မေမေက ‥

"သမီး အိပ်မက်ဆိုးမက်ပြန်လို့လား။ အိပ်မက်ထဲမှာ သူတို့ တစ်ခုခုဖြစ်တယ်လို့ မက်လို့လား"

ဝင်မေး၏။

"ဟုတ်တယ် ဒေါ်လေး"

"အဲဒါဆိုရင် ယွန်းမြမို့က သမီးသူငယ်ချင်းကို သတိပေးပါကွယ်"

ကြီးကြီးဒေါ်သူဇာက ကြားဖြတ်၍ ပြော၏။

ထိုနေ့က မမတိမ်ပြာရုံးသွားပြီး

---

**အိပ်မက်ထဲ၌ ဘောဘီလုံခေတ် ဘုန်းတော်ကြီးတစ်ပါးက သူ့အားလာခေါ်ပြီး ဘောဘီလုံသို့ ခေါ်ဆောင်သွားကာ ဘုရားကျောင်းရတနာသိုက်မှ သေတ္တာကြီးကို ဖွင့်ပြသည်။ လက်ဝတ်ရတနာများ တွေ့ရသည်။ ထိုဘုန်းတော်ကြီးကပင် လက်ဝတ်ရတနာများပေါ်မှ အက္ခရာများကို သူနားလည်အောင် အဓိပ္ပာယ်ဖော်ပေးသည်။ အိပ်ရာမှနိုးလာသောအခါ ပါမောက္ခကြီးသည် သူ၏ကျမ်းကို အောင်မြင်စွာပြုစုနိုင်ခဲ့ပြီး ကမ္ဘာကျော်ခဲ့သည်‥‥**



www.burmeseclassic.com

www.burmeseclassic.com



နောက် ယွန်းမြမှိ၏ သူငယ်ချင်းစုံတွဲ အိမ်သို့ ရောက်လာသည်။ ထိုစုံတွဲက ရယ်ရယ်မောမောဖြင့် ယွန်းမြမှိကို စကားပြောနေကြသော်လည်း ယွန်းမြမှိက မျက်နှာမကောင်း။ ထို့အတူ ကျွန်တော်တို့ အိမ်သားများလည်း စိတ်မော နေကြ၏။

ဖေဖေနှင့်မေမေတို့ အလုပ်ထွက်သွားရသည်ကပင် စိတ်မဖြောင့်စွာ ..။

"သမီး ယွန်းမြမှိ .. သတိပေးနော်"

မေမေက မှာသွားသေးသည်။

ယွန်းမြမှိကလည်း သူ၏ သူငယ်ချင်းပြန်ကာနီးတွင် အိမ်ထဲသို့ ခေါ်၍ သတိပေးပါသည်။ မမတိမ်ပြာ၏ အိပ်မက်အကြောင်း၊ မှန်တတ်ကြောင်း၊ အပြန်တွင် ကားကိုထားခဲ့ပြီး တခြားနည်းလမ်းဖြင့် ပြန်ကြရန်။

ယွန်းမြမှိ၏ သူငယ်ချင်းက ထိုကိစ္စကို လက်ခံသော်လည်း သူမ၏ ချစ်သူ သဘောသားက လက်မခံပါ။ သူကလည်း ကမ္ဘာပတ်လာသူ အင်ဂျင်နီယာ။ လက်တွေ့မမြင်ရလျှင် ဘာကိုမျှ မယုံပါတဲ့။

နောက်ဆုံးတွင်တော့ သူတို့နှစ်ယောက် အလာတုန်းကလိုပင် သူတို့ လာသောကားနှင့် ပြန်သွားကြသည်။

ကြီးကြီးဒေါ်သူဇာ၊ ယွန်းမြမှိနှင့် ကျွန်တော်တို့ ပင့်သက်ဖြာကျန်ရစ်ခဲ့ကြ၏။ ဘာမျှမဖြစ်ပါစေနှင့်ဟု ဆုတောင်းရုံမှတစ်ပါး ဘာမျှမတတ်နိုင်။

ညနေပိုင်းမှာ ဖုန်းဝင်လာ၏။

ယွန်းမြမှိသူငယ်ချင်း၏ မိခင်က ယွန်းမြမှိထံ ဆက်ခြင်းဖြစ်သည်။ သမီးက ဆက်ခိုင်း၍ဟု ဆိုသည်။

"သမီးတို့ဆီက အပြန်မှာ ကားအက်ဆီးဒင့်ဖြစ်တယ် သမီး။ သမီးရဲ့ သူငယ်ချင်းက ဆေးရုံမှာ။ ဟိုတစ်ယောက်ကတော့ ပွဲချင်းပြီးပဲ" တဲ့။

"အို .. ဘုရား .. ဘုရား"

+++

မမတိမ်ပြာ၏ အိပ်မက်ဆိုးများကို ကျွန်တော်တို့ လန့်နေကြလေပြီ။ မမတိမ်ပြာကိုယ်၌ကလည်း ထိုအိပ်မက်များမက်မှာ ကြောက်နေလေပြီ။

ကျွန်တော့်အနေဖြင့် တိုက်ဆိုင်မှုပါဟု မယုံမကြည် မပြောရဲလောက်အောင် ဖြစ်နေသော်လည်း ကျွန်တော့် ပြောပြချက်ကို မယုံသူမှာ ကျွန်တော့် သူငယ်ချင်း သူရိန်ဖြစ်၏။ သူသည် ကျွန်တော့်အိမ်နှင့် လေးအိမ်ခြားတွင် နေထိုင်ပြီး ကျွန်တော်တို့အိမ်သို့လည်း ဝင်ထွက်သွားလာနေသူ ဖြစ်သည်။ မမတိမ်ပြာနှင့်လည်း မောင်နှမလို ရင်းနှီးကျွမ်းဝင်၏။

သူက ...

"ငါကတော့ အိပ်မက်လည်း မယုံဘူး။ အတိတ်နိမိတ်လည်း မယုံဘူး"

ဟု ပြောသည်။

"ဦးတို့က နားမလည်လို့ မောင်သူရိန်ရဲ့။ အတိတ်နိမိတ်ဆိုတာကို ကောက်ယူတဲ့ ပညာဆိုတာရှိတယ်။ အယူတော်မင်္ဂလာဦးနိုးဆိုတာ မင်းမကြားဖူးဘူးလား"

ဖေဖေက ကျွန်တော်တို့စကားဝိုင်းသို့ ဝင်လာကာ ပြော၏။

"မကြားဖူးဘူး ဦး"

"အမရပူရ ပထမမြို့တည် ဘိုးတော်ဘုရား မြှောက်စားတော်မူခဲ့တဲ့ ပညာရှိပုဂ္ဂိုလ်ကြီးပဲပေါ့ကွာ။ မင်းတို့ စိတ်ဝင်စားမယ့်အကြောင်းလေးတစ်ခု ဦး .. ပြောမယ်။ ဦးနိုးကို ပုဏ္ဏားဝန်ကြီးက ပညာစမ်းတာကွယ့်။ ကြွက်ဖြူတစ်ကောင်ကို ကွမ်းအစ်နဲ့ဖုံးအုပ်ထားပြီး အထဲမှာ ဘာရှိလဲလို့ မေးတာကိုး။ ဦးနိုးက နိမိတ်ကို စဉ်းစားတော့ မနက်က နန်းတော်ကိုအလာမှာ ဝက်ကြီးတစ်ကောင် လမ်းမှာကလေးမွေးနေတာကို မြင်ခဲ့ရတာကို သတိရတယ်။ ဒါ .. နိမိတ်ပဲ။ ဒါကြောင့် အဖုံးအောက်မှာ သက်ရှိပဲ ဖြစ်မယ်။ ဝက်နဲ့တူတာက ဆင်ရှိသလို ကြွက်လည်း ဖြစ်နိုင်တယ်။ အဖုံးအောက်မှာဆိုတော့ ကြွက်ပဲဖြစ်ရမယ်။ အဲဒီလိုတွက်ပြီး ကြွက်ရှိပါတယ်လို့ ဖြေတာပေါ့။ ပုဏ္ဏားဝန်ကြီးက "ကြွက်ကတော့ ဟုတ်ပါပြီ။ ဘယ်နှကောင်လဲ" လို့ ထပ်မေးတယ်။ ဝက်မကြီးမွေးစဉ်က ဝက်ကလေးနှစ်ကောင်မွေးတာမို့ မိခင်ဝက်မကြီးနဲ့ပေါင်းလိုက်ရင် သုံးကောင်ဖြစ်တာ တွေ့ခဲ့ရတာမို့ သုံးကောင်ပါလို့ ဖြေလိုက်တယ်။ ပုဏ္ဏားဝန်ကြီးက ဒီတစ်ခါတော့ ဦးနိုးမှားပြီဆိုပြီး "လွဲနေပြီထင်တယ်။ ပြန်ပြင်ပြောပါဦး"လို့ အထွန့်တက်တယ်။ ဦးနိုးက ပြင်စရာမရှိပါလို့ ပြန်ပြောတော့ အဖုံးကို ပုဏ္ဏားဝန်ကြီးက ဖွင့်ပြလိုက်တယ်"

ဖေဖေက ဇာတ်လမ်းကောင်းနေစဉ်မှာ ရပ်၍ နေလိုက်၏။ ကျွန်တော်က မချင့်မရဖြစ်ကာ ..

"ဖေဖေကလည်း .. ဘာဖြစ်လို့ ဆက်မပြောတာလဲ .. ပြောလေ။ ဦးနိုးပြောတာ မှားသွားပြီမဟုတ်လား"

ဟု ဝင်ပြောမိ၏။ ဖေဖေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသည်။

"မောင်သူရိန်ရော ဘယ်လိုထင်လဲ"

သူရိန်က ..

"ဦးနိုးမှားတာပေါ့။ ကြွက်ဖြူက တစ်ကောင်တည်းပဲဟာ"

ရယ်၍ ဖြေသည်။

ဖေဖေက အပြုံးဖြင့်ပင် ..

"ဦးနိုးမှန်တယ်ကွယ့်"

"ဗျာ"

ကျွန်တော်ရော သူရိန်ပါ အံ့သြသွားသည်။

ဖေဖေက စကားဆက်၏။

"ကြွက်ကလေးသုံးကောင်ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ပုဏ္ဏားဝန်ကြီး အဖုံးအောက်မှာထည့်ထားခဲ့တဲ့ ကြွက်ဖြူလေးဟာ ကြွက်မကွယ့်။ သူ့မှာ ကိုယ်ဝန်ရှိနေခဲ့တာ။ အဖုံးအောက်မှာ ရှိနေတုန်း ကြွက်ကလေးနှစ်ကောင် ပေါက်လိုက်တယ်လေ"

အဖြေက ရှင်းသွား၏။

"ဒါဆို ဖေဖေက နိမိတ်ဆိုတာကို ယုံတယ်ပေါ့"

ကျွန်တော်က ဖေဖေ၏ သဘောထားကို မေးသည်။

ကျွန်တော်က ဖေဖေ၏ သဘောထားကို မေးသည်။

"ဖေဖေက ဘာကိုမှ ဥပါဒ်မဖြစ်အောင် ကြိုးစားနေသူပါ။ သားတို့ကိုလည်း အဲဒီလိုပဲ ဖြစ်စေချင်တယ်။ ဒါပေမဲ့လည်း လောကမှာ မယုံနိုင်စရာ ထူးခြားဆန်းကြယ်မှုတွေ ရှိနေတာကိုလည်း လက်မခံလို့ မရဘူး။ အိပ်မက်ဆိုတာလည်း ဒီလိုပဲ။ တို့ကိုယ်ခန္ဓာက



အိပ်စက်နေပေမယ့် တို့ရဲ့ စိတ်အာရုံက နိုးကြားနေတတ်တယ်။ အဲဒီ စိတ်ဆိုတာက အလွန်အမင်းထူးခြားဆန်းကြယ်တယ်။ ဒါကြောင့် ရှေ့မှာဖြစ်လာနိုင်တာတွေကို ကြိုပြီးမြင်သလို မက်တာမျိုးဖြစ်နိုင်တယ်။ နိမိတ်ထင်တဲ့အိပ်မက်ပေါ့။ ထို့အတူပဲ စိတ်အာရုံလှိုင်းဆက်သွယ်မှုကြောင့် မက်တဲ့အိပ်မက်မျိုးတွေ၊ နတ်မျက်စိ၊ နတ်နားရသလို မက်တဲ့ အိပ်မက်မျိုးတွေလည်း ရှိတာပဲ"

သူရိန်က ဖေဖေ့အဖြေကို ကျေနပ်ပုံမရ။

"ကျွန်တော်ကတော့ သိပ္ပံနည်းမကျတဲ့ အယူအဆဟောင်းတွေကို လက်မခံချင်ဘူး"

ဟု ဆိုခဲ့၏။

သို့သော် သူရိန်အဖို့ လက်တွေ့ယုံစရာဖြစ်လာခဲ့ရလေသည်။

တစ်နေ့ ..

သူရိန် ကျွန်တော်တို့အိမ်ရောက်လာခိုက် မမတိမ်ပြာက ပြော၏။

"မင်း စက်ဘီးစီးရင် သတိထားနော်"

သူရိန်က ရယ်သည်။

"ကျွန်တော်က သုံးလေးတန်းကတည်းက စက်ဘီးစီးလာတာပါ မမတိမ်ပြာရ။ လက်လွှတ်စီးလို့တောင်ရပါတယ်"

"မတော်တဆဆိုတာ ဖြစ်တတ်တယ်ကွယ့်"

"ကျွန်တော် အမြဲသတိထားစီးတာပါ"

"ကိုယ်က သတိထားစီးကာကောင်းတာပေါ့။ ဒါတောင်မှ တခြားသူက သတိမဲ့တာမျိုးနဲ့ကြုံရင်အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတတ်သေးတယ်"

"မမက အိပ်မက်မက်ပြန်ပြီလား"

ကျွန်တော်က ဝင်မေးလိုက်၏။

"ဟုတ်တယ်"

"ဘာလဲ ..။ မမတိမ်ပြာက ကျွန်တော်စက်ဘီးတိုက်တယ် အိပ်မက်မက်လို့လား"

သူရိန့်အမေး ..။

"ဟုတ်တယ် သူရိန်။ ကားတစ်စီးနဲ့ မင်း စက်ဘီးချိတ်မိလို့ မင်းလဲကျသွားတယ်လို့ မက်တယ်"

"ဘာဖြစ်သွားသေးလဲ"

"ခေါင်းမှာ ပတ်တီးတွေနဲ့ တွေ့တာပဲ။ သေတော့မသေပါဘူး"

သူရိန်က ရယ်၍နေသည်။ 'မသေရင်ပြီးတာပဲ' ဟုလည်း ပြော၏။

မမတိမ်ပြာ၏ အိပ်မက်ကို မယုံကြည်သော သူရိန်က စက်ဘီးစီးလျှင် ဓါတိုင်းထက် ပိုသတိထားမည်။ ဖြစ်နိုင်လျှင် စက်ဘီးမစီးဘဲနေမည်ဟု ကျွန်တော့်ကို ပြောသည်။ သူဆိုလိုသည်မှာ မမတိမ်ပြာ၏ အိပ်မက်မမှန်ကန်ဟူသောအချက် ပေါ်လွင်စေရန် ဖြစ်သည်။

တစ်နည်းအားဖြင့် မမတိမ်ပြာ၏ အိပ်မက်အစွဲကို ချွတ်ရန်ဖြစ်၏။

ကျွန်တော်ကလည်း ထောက်ခံလိုက်သည်။

"အေးကွာ ..မင်း စက်ဘီးမစီးဘဲနေစမ်းပါကွ။ မင်း စက်ဘီးမစီးရင် ဘာမှမဖြစ်တော့ဘူးပေါ့"

သို့သော် ရက်များမကြာမီပင် သူရိန်စက်ဘီးစီးရင်း ကားတစ်စီးနှင့် ချိတ်မိကာ ကားအကြား၌ စက်ဘီးလဲသည်။ အသက်မသေသော်လည်း ဆေးရုံရောက်သည်။ ကျွန်တော်သတင်းသွားမေးတော့ ခေါင်းမှာပတ်တီးအဖွေးသားနှင့်။

"မင်း ...စက်ဘီးမစီးဘဲနေမယ်ဆို"

ကျွန်တော်က မေး၏။

"အေးကွာ ..ငါ မစီးဘဲနေတာပါ။ ကျောင်းသွားသွား ကျူရှင်သွားသွား စက်ဘီးကို တမင်မစီးဘဲနေခဲ့တာပါ။ ဒါပေမဲ့ အဲဒီနေ့က အမေ သွေးတက်ပြီး ခေါင်းမူးလို့ ဆေးဝယ်ခိုင်းတာနဲ့ အရေးကြီးတယ်ဆိုပြီး စက်ဘီးနဲ့သွားတာ။ မမတိမ်ပြာရဲ့ အိပ်မက်အကြောင်းကို သတိရလို့ ငါ သတိကြီးကြီးနဲ့စီးသွားတာပါ။ ငါက မမှားဘဲ ကားက လူတစ်ယောက်ကိုရှောင်ရင်း ငါ့ဘက်ရောက်လာပြီး ဘန်ပါနဲ့ ငါ့စက်ဘီးချိတ်မိသွားတာ"

သူရိန်က ရှင်းပြသည်။

"ဒါဆို မမတိမ်ပြာရဲ့ အိပ်မက်က မှန်သွားပြီပေါ့"

"ဟုတ်တယ် ..၊ မမတိမ်ပြာရဲ့ အိပ်မက်ကို ငါယုံသွားပြီ။ ဖြူတယ်ကွာ"

သူရိန့်အပြော ..။

+++

သည်လိုဖြစ်လာတော့ ကျွန်တော်တို့အားလုံး မမတိမ်ပြာ အိပ်မက်မမက်ပါစေနဲ့။ အိပ်မက်မက်လျှင် ထိုအိပ်မက်ထဲမှာ မိမိမပါပါစေနဲ့ဟု ဆုတောင်းမိကြတော့၏။

"ဘာ အိပ်မက်မက်သေးလဲ" ဟု ကျွန်တော်တို့ မမေးရဲ။

မမတိမ်ပြာမျက်နှာကိုသာ ဘာထူးခြားသလဲဟု ကြည့်နေကြရ၏။

ထိုကြားမှပင် ..

ကျွန်တော်တို့မလိုလားသော မမတိမ်ပြာ၏ အိပ်မက်တစ်ခုက ပေါ်ပေါက်လာပြန်တော့သည်။

နံနက် စာစော ကော်ဖီဝိုင်း၌ မျက်နှာအပျက်ပျက်နှင့် မမတိမ်ပြာက ကြီးကြီးဒေါ်သူဇာ၊ ဖေဖေနှင့် မေမေတို့ကိုကြည့်ကာ လေးပင်စွာ စကားစသည်။

"သမီး မပြောချင်ပါဘူး။ ဒါပေမဲ့ ပြောမှလည်း ဖြစ်မယ်ထင်တယ်"

မမတိမ်ပြာ၏ နိဒါန်းစကားကို ကြားရသည်နှင့် ကျွန်တော်တို့အားလုံး ရင်တုန်သွားကြသည်။ ယွန်းမြမိုဆိုလျှင် မျက်နှာလေး ဆီးရွက်လောက်ငယ်သွား၏။

"ညက သမီး. အိပ်မက်မက်တယ်"

ကျွန်တော်တို့အားလုံး ငြိမ်နေမိကြ၏။

"အိပ်မက်ကတော့ အတော်မကောင်းတာ။ ဒါပေမဲ့ ကြိုပြီး သတိထားရအောင်လို့ သမီးပြောမှာ"

"ပြောလေ .."

ကြီးကြီးဒေါ်သူဇာ၏ "ပြောလေ" ဟူသော အသံပင် မှုမမှန်။

ဖေဖေနှင့် မေမေက မမတိမ်ပြာ၏ စကားကို ရင်မောစွာစောင့်နေပုံဖြင့် ရှိနေကြသည်။

မမတိမ်ပြာ သက်ပြင်းချသည်။

"အိပ်မက်ထဲမှာ သမီးတို့အိမ်ရှေ့ကို နီဗွာန်ယာဉ်တစ်စီးရောက်လာပြီး လူတွေက သမီးတို့အိမ်ထဲကနေ ကတ်တစ်ခုနဲ့ အလောင်းတစ်လောင်းကို အဝတ်အုပ်ပြီး နိဗ္ဗာန်ယာဉ်ပေါ် မတင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတယ်။ သမီးက လိုက်သွားပြီး အလောင်းကို ငုံ့ကြည့်တယ်"

"ဘယ်သူလဲ"

မေမေ၏ တုန်တုန်ခတ်ခတ် အမေး ..။

"ဘယ်သူမှန်း သမီးမသိဘူး လေ။ အဝတ်နဲ့အုပ်ထားတာ"

"ဒါဆို သမီးဘေးမှာ ဘယ်သူ တွေရှိလဲ"

ကြီးကြီးဒေါ်သူဇာက ဝင်မေးပြန် ၏။

သည်လိုဖြစ်လာတော့ ကျွန်တော်တို့အားလုံး မမတိမ်ပြာ အိပ်မက် မမက်ပါစေနဲ့။ အိပ်မက်မက်လျှင် ထိုအိပ်မက်ထဲမှာ မိမိမပါပါစေနဲ့ဟု ဆုတောင်းမိကြတော့၏ ...

ကြီးကြီးဒေါ်သူဇာ၏ အမေးကို ကျွန်တော်တို့အားလုံး သဘောပေါက် ကြသည်။ မမတိမ်ပြာဘေးတွင် ရှိနေ သူများကို သိပါက အလောင်းမှာ မည် သူဖြစ်မည်ကို တွက်ဆကြည့်နိုင်မည် မဟုတ်ပါလား။

မမတိမ်ပြာက ခေါင်းယမ်း၍-

"သမီးဘေးက လူတွေက လမ်း ထဲက လူတွေချည်းပဲထင်တယ်"

"ငါ့ကို မတွေ့ဘူးလား"

"မတွေ့ဘူး ကြီးကြီး"

"ငါ့ကိုရော .."

"မတွေ့ဘူး ဒေါ်လေး။ ဘယ်သူ့ ကိုမှ မတွေ့တာ။ ကိုစောကိုလည်း မ တွေ့ဘူး။ ညီမလေး ယွန်းမြမှိုကိုလည်း မတွေ့ဘူး"



"ဒါဖြင့် နိဗ္ဗာန်ယာဉ်ပေါ်ကို တင် သွားတာ ဘယ်သူလဲ မသိနိုင်ဘူးပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့ စကားဝိုင်းမှာ တိတ်ဆိတ်သွားသည်။ ကော်ဖီသောက် ခြင်းကိုရပ်၍ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ အတွေးကိုယ်စီနှင့် ရှိနေကြသည်။

အလောင်းသည်မည်သူ့အလောင်း ဖြစ်သနည်း။

ကျွန်တော်တို့အိမ်မှ သယ်ထုတ် သွားခြင်းဖြစ်သဖြင့် ကျွန်တော်တို့အိမ် သားတစ်ယောက်ယောက်တော့ ဖြစ်မှာ သေချာသည်။

ကြီးကြီးဒေါ်သူဇာလား ..

ဖေဖေလား ..

မေမေလား ..

ကျွန်တော်လား ..

ညီမလေး ယွန်းမြမှိုလား ..

မမတိမ်ပြာက မဖြစ်နိုင်။ မမတိမ် ပြာက အိပ်မက်ထဲတွင်ပါ၍ အလောင်း ကိုလိုက်၍ကြည့်သူ ..။

မမတိမ်ပြာမှလွဲလျှင် ကျန်အိမ် သားငါးယောက်ထဲက တစ်ယောက် ယောက် ဖြစ်နိုင်နေသည်။

ဘယ်သူလဲ ..

ဘယ်သူ သေဆုံးတာလဲ ..

"သမီးက အမှတ်မထင် နံရံပေါ် က ရှက်ဆုတ်ပြက္ခဒိန်ကို လှမ်းကြည့် တော့ ၂၈ ရက်။ ကြာသပတေးနေ့ဖြစ် နေတာ တွေ့ရတယ်။ မြင်ကွင်းက ဆုံး ဆုံးချင်း ရေခဲတိုက်ပို့ဖို့ ယူသွားတဲ့ပုံပဲ"

"တော်ပါတော့ကွယ်"

ကြီးကြီးဒေါ်သူဇာက မမတိမ်ပြာ ၏ စကားကို ဟန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးဒေါ်သူဇာ၏ မျက်နှာတွင် သွေးမရှိတော့သလို ဖြူလျော့နေ၏။ ဟန့်တားသံမှာ တုန်ယင်ထစ်အနေ၏။

ကြီးကြီးဒေါ်သူဇာ ကြောက်သွားပုံရသည်။ ကျွန်တော်တို့အိမ်တွင် ကြီးကြီးဒေါ်သူဇာသည် အသက်အကြီးဆုံး။ ပြီးတော့ ရောဂါအထူဆုံး။ ယခုတလော သွေးတိုးနှင့် ဆီးချိုက အလွန်တက်နေသည်။ သွေးတိုးနှင့်ဆီးချိုဆိုသည်မှာ ရောဂါကြီးမဟုတ်သော်လည်း မထင်လျှင်မထင်သလို ဖြစ်သွားတတ်သော ရောဂါဖြစ်၏။ ထို့ကြောင့် အိပ်မက်ထဲက သေဆုံးသူသည် ကြီးကြီးဒေါ်သူဇာဖြစ်ဖို့ ရာနှုန်းများနေသည်။

ဖေဖေကရော ..

ဖေဖေက အစာအိမ်ရောဂါရှိ၏။ အောင့်တက်၏။ ဆရာဝန်က အစာအိမ်ပေါက်လျှင်အန္တရာယ်ရှိသည်ဟူ၍ သတိပေးခြင်း ခံထားရသူ။ ဖေဖေ့ကိုလည်း မတွက်၍မရ။

မေမေကရော ..

မေမေက နှလုံးရောဂါသမား။ စိတ်လှုပ်ရှားလျှင် ခေါက်ခနဲဖြစ်သွားတတ်သည့်ရောဂါ။ မေမေ့ကိုလည်း စဉ်းစားသည့်အထဲ ထည့်ရမည်။

ယွန်းမြမှီနှင့် ကျွန်တော်ကတော့ ရောဂါများမရှိ။ သို့သော် နေ့စဉ်အပြင်ထွက်နေရသူ။ ကားတွေ၊ ရထားတွေနှင့် သွားလာနေရသူ။ မတော်တဆဆိုသည်က ပြော၍မရ။

မမတိမ်ပြာ၏ အိပ်မက်များကလည်း မလွဲမသွေမှန်ခဲ့သည်ဖြစ်လေရာ ယခု အိပ်မက်အတိုင်းဆိုလျှင် မမတိမ်ပြာမှလွဲ၍ တစ်ယောက်ယောက်ကတော့ သေချာနေလေပြီ။

"ငါ ဖြစ်မယ်ထင်တယ်"

ကြီးကြီးဒေါ်သူဇာက အားလျော့စွာပြောသည်။ ကြီးကြီးဒေါ်သူဇာကို ကြည့်ရသည်မှာ ယခုပင်လျှင် အားအင်တွေကုန်ခမ်းကာ လဲပြိုကျတော့မယောင်။

"မမကလည်းဗျာ .. မဟုတ်တာ။ အိပ်မက်ပဲ .. မှန်ချင်မှ မှန်မှာပေါ့။ အိပ်မက်မှန်တယ် ထားပါဦး။ မမလို့ ဘယ်သူပြောလဲ။ ကျွန်တော်လည်း ဖြစ်နိုင်တာပဲ"

ဖေဖေက ကြီးကြီးဒေါ်သူဇာကို နှစ်သိမ့်သည်။ ဖေဖေ့စကားအရဆိုလျှင် ဖေဖေသည်လည်း သူ့ဘာသာစိတ်ချပုံမရ။

"အစ်ကို ကျွန်မများဖြစ်နေမလားမသိဘူး"

မေမေက မျက်နှာအပျက်ပျက်နှင့် ပြောသည်။

"ဘယ်သူမှမဟုတ်နိုင်ပါဘူးဗျာ။ စိတ်ထဲမှာ မထားစမ်းပါနဲ့။ ကျွန်တော်ကတော့ အယုံအကြည်မရှိဘူး"

ကျွန်တော်က ဝင်ပြီး ရမ်းလိုက်သည်။ အားလုံး စိတ်လက်ပေါ့ပါးစေရန် ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ကျွန်တော့်ရင်ထဲကမူ အပူလုံးက ကြွလျက်။

"ဟုတ်သားပဲ .. ဘာမှပူစရာမရှိဘူး။ အားလုံး ကျန်းမာရေးကောင်းနေကြတာပဲဟာ။ ဒီတစ်ခါတော့ မမတိမ်ပြာရဲ့ အိပ်မက်က အာပလာပါ"

ယွန်းမြမှီကလည်း အားလုံးကို စိတ်ဓာတ်မကျစေရန် ရည်ရွယ်ပုံရသည်။ သို့သော် သူမသည်လည်း မျက်နှာငယ်လေးနှင့်။

"ကဲ .. ကဲ .. ဘာမှကြိုတွေးမနေနဲ့။ အိပ်မက်ဆိုတာ ဘုရားဟောမှ မဟုတ်တာ။ မှန်ချင်မှ မှန်မှာပဲ"

ကြီးကြီးဒေါ်သူဇာ၏ ဖြေတွေးစကား။

"ဟုတ်တယ် .. ဥပါဒါန်ကြောင့် ဥပဒ်ရောက် ဖြစ်နေမယ်။ အဲဒါကို ခေါင်းထဲက ထုတ်ပစ်လိုက်"

ဖေဖေကလည်း မျက်နှာကို အမှုမထားဟန်ပြင်လျက် ပြော၏။

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သတိလေးတော့ ကပ်ထားသင့်တယ်။ သားနဲ့ သမီးလည်း အပြင်သွားရင် သတိနဲ့သွား။ ဘုရားစာဆိုပြီးသွား"

မေမေက ယွန်းမြမှီနှင့် ကျွန်တော့်ကို လှည့်ပြော၏။ သတိပေးသူကိုယ်၌ကလည်း မျက်နှာမကောင်း။

နံနက်စာ ကော်ဖီနှင့်မုန့်များသည် စားပွဲပေါ်မှာ လက်ရာမပျက်ကျန်ခဲ့ပြီး ဝိုင်းကို သိမ်းလိုက်မိကြသည်။

+++

သေခြင်းတရားကို မည်သူသည် မတုန်မလှုပ် ရဲရဲရင့်ရင့် ရင်ဆိုင်ရဲပါသနည်း။ ဝိပဿနာတရားကို ဖန်ဖန်မပြတ် သတိကပ်အားထုတ်နေကြသူ၊ အပ္ပမာဒေန သမ္ပာဒေထ မမေ့မလျော့သော သတိဖြင့်ရှိနေကြသူ အရိယာသူတော်စင်တို့မှအပ ပုထုဇဉ်လူသားမှန်သမျှ သေခြင်းကိုအနည်းနှင့်အများ ကြောက်ရွံ့ကြသည်သာ။

မြတ်စွာဘုရားကလည်း အနိစ္စကို ဟောခဲ့၏။ ကြီးသည် ငယ်သည်မခွဲခြား။ သေခြင်းသည် မိမိထံရောက်ရှိလာနိုင်၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ကာလကလေး။ ကွေးသောလက် မဆန့်



www.burmeseclassic.com

www.burmeseclassic.com



မီး ဆန့်သောလက် မကွေးမီကလေးမှာ သေခြင်းတရား၏ စီရင်မှုကို ခံရနိုင်၏။

မည်သူမျှ မိမိကိုယ်ကိုမသေသေး ဟု စိတ်ချ၍မရ။

မမတိမ်ပြာ၏ အိပ်မက်ဆိုးကြီး သည် ကျွန်တော်တို့ တစ်မိသားစုလုံးကို ခြောက်လှန့်ဒုက္ခပေးခဲ့လေပြီ။

သူမ၏ အိပ်မက်များအား အမှန် မဖြစ်နိုင်ဟု နှုတ်မှထုတ်ဖော်ပြောနေ ကြသော်လည်း ကိုယ်စီကိုယ်ငှ ရင်ထဲ မှာမူ စိုးရိမ်ကြောင့်ကြမှုက စိုးမိုးမင်း မူနေသည်။ 'ငါများလား' ဟူသော အတွေးက သူသူငါငါ ရင်ထဲမှာ။

ကြီးကြီးဒေါ်သူဇာသည် ပင် တရားရှိသူဟု ဆိုသည့်တိုင် ခါတိုင်း ထက် ဆေးကိုမှန်မှန်သောက်၏။ အစား ကို ဂရုစိုက်၏။ အအိပ်ကို ဂရုစိုက်၏။ တရားထိုင်ချိန် ပုတီးစိပ်ချိန် ပိုလာ၏။ ယခင်လို စကားသိပ်မများတော့။ ဇီဇာ ကြောင်မှုများလည်း လျော့သွား၏။ ကြီးကြီးဒေါ်သူဇာကြောက်နေသည်မှာ သေချာသည်။

ဖေဖေသည်လည်း ဥပုသ်စောင့်၊ သီလယူ၊ တရားထိုင်လုပ်လာ၏။ ယခင် က အချိန်မပေးနိုင်ဟူ၍ အလုပ်ကို ဦး စားပေးခဲ့သူ ဖေဖေသည် ယခုမူ အလုပ်ကိုလျှော့ကာ တရားကိုပို၍ဖက် လာ၏။ အစာအိမ်ရောဂါဖောက်မလာ စေရန် အစားအစာကို အချိန်မှန်စား ၏။ မတည့်သည်များကို ရှောင်၏။

"မင်းလည်း ဂရုစိုက်ကွာ။ ဒေါသ ဖြစ်စရာတွေ၊ စိတ်လှုပ်ရှားစရာတွေ ကြုံလာရင် သတိကပ်ထား။ မလွတ်စေ နဲ့"

ဖေဖေက မေမေ့ကို မှာသည်။

"ဟုတ်ကဲ့ပါရှင် ... ရှင်လည်း အစစအရာရာ ဂရုစိုက်နော်"

မေမေသည်လည်း သူမ၏ နှလုံး ဆေးများကို မှန်မှန်သောက်ကာ အိပ် ချိန်စားချိန်ကို အထူးဂရုပြု၍လာသည်။

"သမီးတော့ အပြင်ထွက်ရတာ တောင် ခပ်လန့်လန့်ပဲ။ ကားတိုက်ခံရ မလား .. ဘာလား အမြဲစိုးရိမ်နေရ တယ်"

ယွန်းမြမှီစကား ..။

ယွန်းမြမှီလိုပင် ကျွန်တော်လည်း အပြင်သွားလျှင် သံဗုဒ္ဓေကို အသား ကုန်ရွတ်ကာ ကားများ၊ စက်ဘီးများကို ခပ်ဝေးဝေးက ရှောင်သည်။ သစ်ပင် များအောက်ပင်လျှင် မဝင်ရဲ။ ခဲတံချွန် ဖို့ဓားကိုင်လျှင်ပင် သတိကြီးစွာထားဖြစ် သည်။

"မမတိမ်ပြာရဲ့ အိပ်မက်ကြောင့် အားလုံး စိတ်သောက ရောက်ကုန်ကြ ပြီ"

ဟု မမတိမ်ပြာက စိတ်မကောင်း စွာ ကျွန်တော့်ကို ပြောသည်။

"ဟုတ်တယ် .. မမတိမ်ပြာ၊ အိပ်မက်တွေ ထပ်မမက်အောင် လုပ်ပါ ဗျာ"

ကျွန်တော်က ပြန်ပြောသည်။

ဖေဖေကမူ ..

"ဘာပဲဖြစ်ဖြစ် ဖေဖေကတော့ ကျေးဇူးတင်တယ်။ အခုမှ ဖေဖေတို့ ကိုယ့်ကိုယ်ကိုယ် ပိုဂရုစိုက်ပြီး ဘုရား တရားလည်း မြဲလာကြတယ်"

အပြုံးဖြင့် ပြောသည်။

သို့ဖြင့် ..

မမတိမ်ပြာ၏ အိပ်မက်ထဲတွင် ပါခဲ့သော ၂၈ ရက်နေ့။ ကြာသပတေး နေ့သည် တစ်စထက်တစ်စ နီးကပ် လာခဲ့လေသည်။

+++

"ကျွန်တော် ဘုန်းကြီးဝတ်ချင် တယ်"

"ကျွန်တော့်စကားကို ကြားသော အခါ အားလုံးက ဝမ်းသာအားရလက် ခံကြ၏။

"ကောင်းတယ် .. ဒါ အကြံ ကောင်းပဲ။ ငါ သေရင်တောင် ဒီအလှူ လေးက လောလောလတ်လတ် ငါ့ကို ကောင်းရာပို့မှာ"

ကြီးကြီးဒေါ်သူဇာက ပြော၏။

ဖေဖေနှင့်မေမေကလည်း ..

"ဝတ်ပေါ့ သားရယ်။ ဒါ ကောင်း တဲ့အလုပ်ပဲ။ သားရဲ့ကုသိုလ်က ဘေး အန္တရာယ်ဆိုးကို ကာကွယ်နိုင်ရင် ကာ ကွယ်ပြီးသား ဖြစ်သွားမယ်"

"ဟုတ်တယ် .. သား၊ ယတြာ လည်း ဖြစ်တာပေါ့"

ယွန်းမြမှီကပင် ..

"သမီးတောင် သီလရှင်ဝတ် လိုက်ချင်သေးတယ်"

"ဝတ်ပေါ့ဟ .. ငါနဲ့အတူဝတ်"

"မဖြစ်ပါဘူး ကိုလေးရယ်။ တော် ကြာ သီလရှင်ဘဝက ပြန်ထွက်ပြီး ကတုံးနဲ့ ကျောင်းပြန်တက်ရရင် ရှက် စရာကြီး"

"နင်ကလည်း .. ဆံပင်ကို သံ ယောဇဉ်ကြီးနေသေးတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟ"

ယွန်းမြမှီကတော့ တကယ်တမ်း မှာ မဝတ်ဖြစ်ပါ။ ကျွန်တော် ဝတ်ဖို့ စီစဉ်ရင်း ဖေဖေက သူပါဝတ်မည်ဟု ဆန္ဒပြုလာသဖြင့် ရဟန်းနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အလှူကို အကျဉ်းရုံး၍ ပြုလုပ်သည်။

ကျွန်တော်နှင့် ဖေဖေတို့ ဘုန်းကြီးကျောင်းမှာ တရားထိုင်ပြီး ကျရောက်လာနိုင်သည့် သေခြင်းတရားကို ခုခံကြသည်။ ကြီးကြီးဒေါ်သူဇာကလည်း ကျွန်တော်တို့ ရှိနေသဖြင့် ဘုန်းကြီးကျောင်းမှာ အချိန်ကုန်များသည်။ မေမေကပါ အလုပ်မှခွင့်ယူ၍ ကျွန်တော်တို့နှင့်အတူ တရားလာထိုင်သည်။ ယွန်းမြမှိုင် ပါလာ၏။

မမတိမ်ပြာကတော့ သူ၏ကုမ္ပဏီက ခွင့်မရ၍ အလုပ်ပုံမှန်တက်ရ၏။

ဆရာတော်က "အသေမဦးမီ ဉာဏ်ဦးရေး" တရားပေးသည်။

သေခြင်းတရားကိုကြောက်သော စိတ်ကြောင့်လား မသိ။ ကျွန်တော်သည် အခါတိုင်း ဘုရားရှိခိုး ပုတီးစိပ်လျှင် အိပ်ငိုက်တတ်။ စိတ်ပျံ့လွင့်တတ်သော်လည်း ယခုအခါ သမာဓိရလာသည်။ တရားသဘောလေး ရေးရေးမျှ မြင်လာသည်။

ဖေဖေဆိုလျှင် ဆိုဖွယ်ရာမရှိ။

ကြီးကြီးဒေါ်သူဇာနှင့် မေမေတို့လည်း စိတ်ငြိမ်းချမ်းမှု အတန်ငယ်ရကြသည်။

"သေမယ်ဆိုလည်းမကြောက်တော့ပါဘူး"

ကြီးကြီးဒေါ်သူဇာ၏ စကားမှာ အပြောသာမဟုတ်။ တကယ်နှစ်နှစ်ကာကာ ပြောခြင်းဖြစ်ကြောင်း ကျွန်တော် သဘော်ပြုံ ပြုံခဲ့၏။ ကြီးကြီး၏ မျက်နှာက ကြည်လင်နေသည်လေ။

မေမေက ..

"–ငင်း .. ခုဘာလော ကျန်းမာရေး ပိုကောင်းလာတယ်။ ဒါ .. တိမ်ပြာ အိပ်မက်ကပေးတဲ့ အကျိုးပဲ"

ဟု ရယ်ရယ်မောမော ရှိလာနိုင်၏။

မည်သို့ဆိုစေ ..

မမတိမ်ပြာ၏ အိပ်မက်ဆိုးအရိပ်ကြီးကမူ လုံးဝပျောက်ကင်းမသွားသေးပါ။

"ဒီနေ့ ၂၇ ရက်နေ့ရှိနေပြီ။ မနက်ဖြန် ၂၈ ပဲ"

ကြီးကြီးဒေါ်သူဇာ၏စကား ..။

ထို ၂၈ ရက် ကြာသပတေးနေ့တွင် သေခြင်းတရားနှင့် မည်သူ စစ်ခင်းရမည်နည်း။



အမှန်တော့ သူမှာ ဘာရောဂါမှမရှိဘူး။ ဘာကြောင့် ဆုံးသွားရတယ် ဆိုတာလည်း ကျွန်တော် ခုထိတွေးမရခဲ့ဘူး။ စောစောက ဆရာမှိုင်းပြောသလို သူ့အိပ်မက်ကို သူ့ဥပါဒန် ဖြစ်ခဲ့တာကြောင့်လို့ ပြောရမလားတော့ မသိပါဘူးဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



မမတိမ်ပြာ၏အိပ်မက် မမှန်ပါစေနဲ့ဟု ဆုတောင်းမိ၏။

မမတိမ်ပြာ၏ အိပ်မက်မှန်ခဲ့ လျှင် ..

ကြီးကြီးဒေါ်သူဇာလား ..၊ ဖေဖေလား ..၊ မေမေလား ..၊ ယွန်းမြမှီလား ..၊ ကျွန်တော်လား ..။

+++

၂၈ ရက်၊ ကြာသပတေးနေ့သည် နေ့တာအလွန်ရှည်သောနေ့ဖြစ်သည်ဟု ကျွန်တော်ထင်သည်။

ထိုနေ့တစ်နေ့လုံး ကျွန်တော်တို့အားလုံး ဘုန်းကြီးကျောင်းမှာပင် ရှိနေခဲ့ကြ၏။ ကြီးကြီးဒေါ်သူဇာ၊ ဖေဖေ၊ မေမေ၊ ယွန်းမြမှီ၊ ကျွန်တော် ..။

မမတိမ်ပြာက ကျွန်တော်တို့ကို ဆွမ်းလာကပ်သည်။ ကြီးကြီးတို့ မေမေတို့အတွက် စားစရာများ ယူလာပေးသည်။ သူမပင်လျှင် ထိုနေ့က အလုပ်မသွား။

ကျွန်တော်တို့သည်လည်း တရားများရှုမှတ်ရင်း တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ကြည့်နေမိကြ၏။

ကြီးကြီးဒေါ်သူဇာ ကျန်းမာရေးလုံးဝကောင်းနေ၏။ ဖေဖေက ဒေါင်ဒေါင်မြည်။ မေမေကလည်း လန်းလန်းဆန်းဆန်း။ ယွန်းမြမှီကလည်း ပေါ့ပေါ့ပါးပါး။ ကျွန်တော်ကလည်း ဘာမျှမဖြစ်။

သို့သော် စိတ်နှလုံးဒုံးဒုံးချ၍ 'ငါမသေ' ဟု မပြောနိုင်။

အကောင်းကြီးမှနေ၍ ရုတ်တရက် ခေါက်ခနဲ ဖြစ်သွားသူတွေ လောကမှာ ဒုနဲ့ဒေး။

စက္ကန့်တွေမှ မိနစ်သို့ ..

မိနစ်မှသည် နာရီသို့ ..

နာရီမှသည် နေ့ရက်သို့ ..

ညနေပိုင်းမှာ မမတိမ်ပြာက ကျွန်တော်နှင့်ဖေဖေ ရဟန်းနှစ်ပါးကို အအေးလာ၍ကပ်သည်။

ကျွန်တော်တို့မိသားစု စုံစုံညီညီ။ အားလုံး သတိကိုယ်စီနှင့်။

နေ့က ညသို့ ကူးသွားသည်။

ဖေဖေက ..

"တို့ ကပ်ကျော်သွားပါပြီ"

ဟု ကျေနပ်စွာ ကြေညာလိုက်သည်။

အားလုံး၏ရင်မှာ တဒုန်းဒုန်းမြည်ဟည်းနေသော ရင်ခုန်သံ ပြန်၍ ကြွေရရဖြစ်သွားသည်ဟု ဆိုရမည်။ ပူလောင်နေသောရင်များ အေးငြိမ်းမှုဘက်သို့ ပြန်လည်ကူးပြောင်းသွားသည်ဟု ဆိုရမည်။

+++

"ဒါဆိုရင် ကိုစောတို့မိသားစုက ဘုရား၊ တရားနဲ့ သေခြင်းတရားကို ရှောင်လွှဲနိုင်ခဲ့ကြတယ်ပေါ့ .. ဟုတ်လား။ တိမ်ပြာရဲ့အိပ်မက်က ဒီတစ်ကြိမ်မှာ လွဲချော်သွားပြီပေါ့ ဟုတ်လား"

ပြောပြနေသော ကျွန်တော့်ငယ်ဇာတ်လမ်း ရပ်နားချိန်မှာ နားထောင်နေသူများထဲမှ ကျွန်တော့်ထုတ်ဝေသူ ကိုတင်ထွန်းက မေးခွန်းထုတ်သည်။

"တိမ်ပြာရဲ့ အိပ်မက်ကို ဥပါဒန်ဖြစ်နေကြတာပါ။ အိပ်မက်တိုင်း ဘယ်မှန်ပါ့မလဲ"

ဆရာမောင်ညိုမှိုင်း(သန်လျင်)က မှတ်ချက်ပြု၏။ ဆရာ နေစိုးသော်ကမူ ဘာမျှမပြော။ ညီငယ်လို ချစ်ခင်ရသော မင်းအောင်ကျော်က ..

"ဂမ္ဘီရတော့ ဂမ္ဘီရပဲ"

ဟု ဝေဖန်သည်။

ထောင်မှူးကြီးသိန်းဝင်းက မေးစေ့ကိုပွတ်၍ စဉ်းစားပြီး မေးသည်။

"တိမ်ပြာက နောက်ထပ် အိပ်မက်မက်သေးလား"

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။

"မမက်တော့ဘူး .. လုံးဝမမက်တော့ဘူး။ အဲ .. မက်လည်း မမက်နိုင်တော့ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ ဆရာနေရဲ"

ကျွန်တော် ပင့်သက်ရှိုက်၍ ဝိုင်းထိုင်နေရာလက်ဖက်ရည်ဆိုင်ထဲမှ အပြင်သို့ ငေးသွားမိသည်။ အပြင်တွင် မိုးက ဖွဲဖွဲရွာနေသည်။ ကျွန်တော့်ရင်ထဲမှာလည်း အလွမ်းဖွဲဖွဲရွာလာသည်။ ကျွန်တော့်အဖြေစကားသံများမှာ ကြေကွဲနေလေသည်။

"မမတိမ်ပြာ အဲဒီ ၂၈ ရက်နေ့ ကြာသပတေးနေ့ ည သန်းခေါင်မတိုင်မီကလေးမှာ အိပ်ရာကနေ အိမ်သာသွားဖို့အထ လဲကျပြီး ဆုံးသွားခဲ့တယ်လေ။ အမှန်တော့ သူ့မှာ ဘာရောဂါမှမရှိဘူး။ ဘာကြောင့် ဆုံးသွားရတယ်ဆိုတာလည်း ကျွန်တော်ခုထိ တွေးမရခဲ့ဘူး။ စောစောက ဆရာမှိုင်းပြောသလို သူ့အိပ်မက်ကို သူဥပါဒန်ဖြစ်ခဲ့တာကြောင့်လို့ ပြောရမလားတော့မသိပါဘူးဗျာ"

နေရဲသော်



www.burmeseclassic.com

www.burmeseclassic.com


## မသိကိန်း

တိတ်တိတ်စိုးရွံ့
နောက်တွန့်စိတ်တွေ
တွေဝေမိန်းမော
အပြောခက်၏ ..
ဖြေပြေရာမှန်း
သည်ပုံသည်ပန်းနဲ့
အကြွင်နာပန်းကတော့
လက်လှမ်းဖို့ ခက်နေပြီ ..
တုံးတိုက်တိုက်
ကျားကိုက်ကိုက်
မိုက်ရူးရဲဖို့ဆိုတာလည်း
ဆင်ခြင်မဲ့ရာ ကျမယ်လေ ..
ဘာလုပ်ရမလဲ
တစ်ယောက်ထဲတွက်
အဖြေခက်တဲ့
အချစ်ပုစ္ဆာ ..
သီအိုရီဘာလဲ
ညီမျှခြင်းတွဲဖို့
လျှို့ဝှက်ထားတဲ့ ကိန်းဂဏန်း
မင်းနှုတ်ခမ်းမှာ ရှိတယ် ..။။

ကိုစွာ(ဗန်းခါးမြေ)





www.burmeseclassic.com

www.burmeseclassic.com



## ခရီးသွားနိဒါန်း

ဆက်လျှောက်
သဲပင်လယ်ထဲ လက်ပစ်ကူးခတ်
ကျွန်းစုတို့ရဲ့ စကားသံသဲ့သဲ့
မြိုင်ရိပ်ရဲ့ အပြုံးကြားက သင်းရနံ့
ကြားယောင်မိခဲ့။

ဆက်လျှောက်
မုန်တိုင်းနဲ့မြွေဟောက်
ကကြိုးညီညီ ရောက်ရှိလာပုံများ
လှလှပပမို့ ငေးမောမိတယ်။


ဆက်လျှောက်
မြက်နုနဲ့ ရေတစ်ပေါက်
ကုန်းရုန်းစားသောက်ရင်း။

ဆက်လျှောက်
နောက်က လင်းတအတောင်ပံနဲ့ ဝံပုလွေရဲ့ဂီတသံ
ရှေ့က မရဏခံတွင်းဝရဲ့ သင်းရနံ့။

ဆက်လျှောက်
ပန်းတိုင်ရောက်တော့မယ်လေ ..
ဆက်လျှောက် .. ဆက်လျှောက် ..။ ။

ဝေတ်ဆန်းကို




## ဘဝကောက်ကြောင်း

နင်းလျှောက်ခဲ့တဲ့ ခြေလှမ်းတွေကို
ငုံ့ကြည့်ရင်း ဘဝကို
အဟုတ်ကြီးထင်ပေမယ့်
ကောင်းကင်အပေါ် မော်ကြည့်တော့
အောက်ခြေမလွတ်ရပါဘဲ
ဘဝက မကျဘဲ နာတယ် ..
မာယာများတဲ့ မျက်နှာထားကို
အလှတရားနဲ့ ပဏာစား
အမှန်အမှားမခွဲခြား
မောက်မာဆဲဆိုသူတွေလည်း
တောက်ကြွားနေတာပဲ ..
တိုးတက်မှုမှာ
တိုးလာတဲ့ ဒုက္ခတွေနဲ့
တက်နေတဲ့ ပြဿနာတွေကို မြင်ကြရဲ့လား ..
ဆန်းပြားမှု ခမ်းနားမယ်မထင်နဲ့
ဘဝသမားအတွက်
အလှတရားက ခါးတယ် ...
အလှသမားအတွက်
ကြမ္မာမခါးရအောင်
ကမ္ဘာကြီးလုံးနေဖို့နဲ့
ဘဝလေး ရိုးရှင်းဖို့လိုတယ် ..။ ။

ခက်ဆစ်လင်း(ပြည်)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်းသည် ကိုယ်ကျင့်တရားကို ပျက်ယွင်းစေ၏။ မကောင်းမှု ဒုစရိုက်တို့ကို ပေါ်ပေါက်စေ၏တဲ့။

ဘုတ်အုပ်တစ်အုပ်ထဲမှာ ဆိုထားတာ။ သို့ကလို ဆိုးကျိုးရလဒ်တွေ ပေါ်ပေါက်လာအောင် ဘယ်သူတွေက ဖန်တီးခဲ့ကြတာလဲ။

အရောက်ပို့တဲ့လူတွေရှိမှာပါ။

+ + +

စရိုက်စုံလင်လှသော ဆင်းရဲသားရပ်ကွက်ကလေးမှာ ကိုပေစိရဲ့အိမ်ရှိပါတယ်။ အိမ်ဆိုပြီး စွတ်စက် အထင်မကြီးလိုက်ကြနဲ့ဦး။ တဲသာသာကလေး။ လမ်းဆိုပြီး သတ်သတ်မှတ်မှတ်မရှိဘူး။ ကားမပြောနဲ့။ ဆိုက်ကားတောင်ဝင်လို့မရဘူး။

မီးလောင်လို့ကတော့ မီးသတ်ကားဥသြသံကို သောတဆင်ပြီး တစ်ရပ်ကွက်လုံး ထမင်းထုပ်စားပေတော့။ သူများအိမ်သာက ကိုယ့်ခေါင်းရင်း။ ကိုယ့်အိမ်သာက သူများခေါင်းရင်း ဖြစ်ချင်တိုင်းကို ဖြစ်နေကြတာ။

လေဝင်လေထွက်ဝန်ဆောင်မှု ညံ့ဖျင်းတာကြောင့် အော်ဂလီဆန်အနံ့အသက်တွေ၊ မမြင်ရတဲ့ရောဂါပိုးမွှားတွေဟာ ခုထက်ထိ လွတ်ရက်မသိကြသေးဘူး။ မြောင်းပုတ်တွေ၊ အိမ်သာတွေ၊ တဲအကြိုအကြားတွေကြားထဲမှာ ကြံ့သလို ပတ်ခွေနေကြတာ ကြာပေါ့။

ရောဂါပေါင်းစုံကို လက်လီလက်ကား ဖြန့်နေတာဆိုပါတော့။

ကိုပေစိဟာ မချမ်းသာပေမဲ့ ကလေးတော့ ချမ်းသာတယ်။ ၆ ယောက်ကြီးများတောင်ရှိတာ။ ဒါတောင် မိန်းမက ကျန်းမာရေးသိပ်ကောင်းတာ မဟုတ်ဘူး။ စာတတ်မှာစိုးလို့လားမသိဘူး။ ကလေးတွေကို ကျောင်းမထားဘူး။ (အမှန်တော့ ကျောင်းမထားနိုင်တာပါ)

ရောဂါပေါင်းစုံနဲ့ မဟာမိတ်ဖွဲ့ထားတဲ့မိန်းမဟာ အိပ်ရာပေါ်လဲနေတာ ကြာပြီ။ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းစတိုင်ကို ကြည့်ချင်သပဆိုလျှင် ကိုပေစိမိန်းမကို လာထိုင်ကြည့်။ ချွတ်စွပ်ကိုတူတာ။

ဒါကြောင့် ကိုပေစိရဲ့သားသမီးတွေဟာ စာမတတ်တာ။ အာဟာရချို့တဲ့တာ။ ရောဂါထူတာ။ ဆန်းမှမဆန်းတာ။ ကိုပေစိရဲ့အလုပ်အကိုင်က စက်ရုံမှာဂိတ်စောင့်။

+ + +

ရွှေမိရဲ့အသက်က ၁၆ နှစ်တောင်မပြည့်သေးဘူး။ ဘယ်သူက ယုံမှာတဲ့လဲ။ ဆင်းရဲခြင်းကို အရှဲ့တိုက်ဆန္ဒပြတာလားမပြောတတ်။ ဖွံ့ထွားစွင့်ကားသော ရွှေမိရဲ့ ခန္ဓာကိုယ်ကောက်ကြောင်း အချိုးအဆက်သည် အပြစ်ပြောစရာတစ်စက်ကလေးမရှိ။

မှည့်ဝင်းပြီး လက်ကုန်လှနေတာ။ လှရှာလွန်းသောရွှေမိသည် ဆင်းရဲငတ်မွတ်ခြင်းကို ကြောက်သထက်ကြောက်လာသည်။ မွန်းကျပ်သောဘဝမှာ နေမပျော်တော့။ ကြံ့သလို ရုန်းကန်နေရသော ဖခင်ရဲ့ဒုက္ခကို တတ်နိုင်သမျှ ဖေးကူချင်သည်။

အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ခက်တာက ရွှေမိမှာ မှတ်ပုံတင်မရှိ။ လွယ်လွယ်လေး။ အိမ်နီးချင်းတစ်ယောက်ရဲ့ မှတ်ပုံတင်ကိုငှားလိုက်တယ်။ စက်မှုဇုန်မှာ အလုပ်သွားလျှောက်တယ်။ အင်တာဗျူးတောင်မဖြေလိုက်ရဘူး။ အလုပ်က အော်တိုကိုတန်းရတာ။ ပြောပြီးပြီလေ။

ရွှေမိက အရမ်းလှတာပါဆို။

+ + +

အဘမြအေးက ဂိတ်တံခါးကို သွားဖွင့်ပေးသည်။ စက်ရုံထဲမှ ကားနှစ်စီးမောင်းထွက်သွားသည်။ ဘာအကြောင်းရှိလို့လည်းမသိ။ ဦးကျော်ဝင်းမောင်သည် ဘောက်ဆတ် ဘောက်ဆတ်နှင့်လျှောက်လာသည်။ ကားအဝင်အထွက် စာရင်းမှတ်နေသော ကိုပေစိက တုံးအောက်ကဖားသံလေးဖြင့်–

"ဘာခိုင်းမလို့လဲဆရာ"

ဦးကျော်ဝင်းမောင်က ချက်ချင်းပြန်မဖြေဘူး။ ဆိုက်ပိကြီးအထာဖြင့် စီးကရက်ကိုဖွာပြီး–

"ပေစိ"

"ဟုတ်ကဲ့"

"ဖုန်းရပြီလားကွ"

ကိုပေစိ ကြောက်တောက်တောက် အပြင် ကြောင်တောင်တောင်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားတာ။ မကြောက်လို့မှမရတာ။ သူတို့ဘဝတွေက ဦးကျော်ဝင်းမောင်ရဲ့ ပါးစပ်ထဲမှာရှိတာလေ။ အခန့်မသင့် သွားကြားညှပ်လို့ကတော့ ဂျောင်းရောပဲ။ စက်ရုံမှာ ဦးကျော်ဝင်းမောင်က ဘာဆိုလားပဲ။ ပါဝါအပြည့်ရှိတဲ့ အကောင်ဗလောင်ကြီး။

ဦးကျော်ဝင်းမောင်က ဟဂုာကို အောင်နက်တို့နိုင်နည်းကား စိတ်မရှည်သံကြီးဖြင့်–

"၁၅၀၀ တန်ဖုန်းကို ပြောတာဟ"

ကိုပေစိက တော်တော်လေးကို ပိန်းတာ။ ဒဲ့ပြောမှသိတာ။

"မရသေးဘူးဆရာရဲ့ … မနေ့ညကတော့ လော်နဲ့လိုက်အော်တယ်၊ မဲနှိုက်ပေးမယ်ဆိုလားပဲ"

ကိုပေစိရဲ့အဖြေကို စိတ်ဝင်စားဟန် မပြ။ ဦးကျော်ဝင်းမောင်သည် စက်ရုံဘက်သို့ငေးကာ–

"ရောင်းမဲ့သူရှိရင် ပြောစမ်းကွာ၊ ဈေးကောင်းပေးမယ်လို့"

BURMESE CLASSIC .com

"ဗျာ"

"ဟာကွာ … ဒီကောင် ကြောင်တောင်တောင်နဲ့ တောမှာရှိတဲ့အမျိုးတွေကို လက်ဆောင်ပေးမလို့ဟာ ခွီးမှပဲ"

အဲဒီမှာပဲပေါ့။ ခါးမှာကပ်ပါလာတဲ့ ဖုန်းကထတွန်ပါလေရော၊ ဦးကျော်ဝင်းမောင် စကားပြောတယ်။ ပြီးတော့ ဖုန်းကိုပိတ်ကာ–

"မင်းလည်း … ရောင်းချင်ရင် လာခဲ့ဟုတ်လား"

"ဟုတ် … ဟုတ်ကဲ့ဆရာ"

ဦးကျော်ဝင်းမောင်သည် စက်ရုံဘက်ဆီသို့ ကော့ပက် ကော့ပက်နှင့် ထွက်သွားလေတော့၏။ မြင်ကွင်းမှ ဦးကျော်ဝင်းမောင်ပျောက်သွားသည်နှင့် ပေစိ၏လုပ်ဖော်ကိုင်ဖက်ဖြစ်သော အဘမြအေး ဟားတိုက်ရယ်မောလေတော့၏။

အဘမြအေးက ဒီစက်ရုံမှာ ဂိတ်စောင့်လုပ်တာ ၁၀ နှစ်ကျော်ပြီ။ ကိုပေစိထက် စောတယ်။

"ဘာရယ်တာလဲ အဘရဲ့"

"ဒီလူမှာ … အထင်ကြီးစရာဆိုလို့ သူ့အသက်နဲ့ သူ့ရာထူးပဲရှိတာကွ၊ အကျင့်ကတော့ ဆိုက်ကားသမားလောက်တောင် အရောင်မထွက်ဘူး"

အဘမြအေးက ကွမ်းတံတွေးကို မြောင်းထဲသို့ ပစ်ခနဲထွေးထုတ်သည်။

"အဲဒါနဲ့ … အဘရယ်တာ ဘာဆိုင်လို့လဲ"

"၁၅၀၀ တန်ဖုန်းတွေကို အမျိုးတွေ လက်ဆောင်ပေးမယ်ဆိုတဲ့စကားဟာ ငတုံးတွေပဲ ယုံမှာပေါ့ ပေစိရဲ့"

"ဒါဆိုရင် ဘာအတွက်လဲ"

"သူ့မှာ … တိတ်တိတ်ပုန်း မယားတွေ ဇယားတွေ အများကြီးဟ၊ ကိုယ့်ခန္ဓာကိုယ်ကို တန်ဖိုးမထား၊ စိတ်ဓာတ်အောက်တန်းကျတဲ့ဟာမတွေက ဖုန်းလိုချင်တယ်လို့ ပူဆာကြမှာပေါ့၊ နောက်ပြီး … ဒီလူက ဘီးစိပ်။ ၅ သိန်း ၂ သိန်းဖုန်းတောင် စေတနာမရှိတော့ဘူးထင်ပါရဲ့၊ ကြည့်လေကွာ … ၁၅၀၀တန်ဖုန်းဘက်လှည့်လာပြီ"

ဦးကျော်ဝင်းမောင်မှာ မယားကြီး ငုတ်တုတ်ရှိတယ်။ သားသမီးတွေတောင် အိမ်ထောင်ကျကုန်ပါပြီ။ အသက်က ရပ်ကွက်မွှာရုံမှာ ဥက္ကဋ္ဌလုပ်ရမဲ့အရွယ်။ ဒါပေမဲ့ မိန်းမနဲ့ပတ်သက်လာရင် တဏှာစိတ်က ခြံခုန်ချင်တုန်း။ မဟုတ်ကဟုတ်ကဘက်တွေ အားသန်တုန်း။

အပျို အအိုဆိုပြီး ဇီဇာမကြောင်ဘူး။ ချောပြီးငယ်ရင် အဘကြိုက်ကြိုက်ဆိုပဲ။ ကိလေသာဗို့အားက ဝပ်မသွားဘူး။ ဖိလေကန်လေစပရိန်လို မာန်တက်နေတော့တာ။

"ဟိုးတစ်ပတ်ကတောင် … မြို့ထဲမှာ တွေ့လိုက်သေးတယ်၊ ကောင်မလေးက သူ့မြေးလောက် ငယ်ငယ်ချောချောလေးဟ၊ တည်းခိုခန်းထဲဝင်သွားကြတာ"

ဘာပဲပြောပြောပေါ့။ ကိုပေစိအနေနဲ့ ဦးကျော်ဝင်းမောင်ကို အပြစ်မမြင်သလို မနာလိုလည်း မဖြစ်ပါ။ ယောက်ျားကောင်းမောင်းမတစ်ထောင်ဆိုတဲ့ စကားပုံက အလကားထားခဲ့တာမှ မဟုတ်တာ။

သူတွေးနေတာက ဇာတာတက်လို့ ၁၅၀၀ ဖုန်း မဲပေါက်ခဲ့ရင် ဂိုက်ပေးကြမ်းလိုက်ဦးမယ်ပေါ့။

\+ + +

"………"

"…………"

"………"

လူတစ်ယောက်ရဲ့ဇာတာဟာ အမြဲတမ်း မြောင်းထဲရောက်မနေပါဘူးဆိုတာပါပဲ။ ဓာတ်တိုင်ထိပ်ဖျားလည်း ခွထိုင်မိတတ်တာပါပဲ။ ကိုပေစိတစ်ယောက် ၁၅၀၀ တန် ဆင်းကတ်မဲပေါက်တယ်လေ။

ဖုန်းနံပါတ်ကို ဂါထာရွတ်သလို ရွတ်နေတာ။ အလွတ်တောင်ရနေပြီ။ ဂီလာနမယားက လင်တော်မောင်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်လေချင်းများစွာဖြင့်ကြည့်ကာ–

"အဲဒီဖုန်းကို ဘာလုပ်မှာလဲ"

ကိုပေစိက အူမြူးသံကြီးဖြင့်–

"ငါကိုင်မှာပေါ့"

ဂီလာနမယားပိန်ကြီးက ရုံးမှ ပေးလိုက်သော စာရွက်နှစ်ရွက်ကို ဖြန့်ကြည့်သည်။ စိတ်ပိန်သံလေးဖြင့်–

"စည်းကမ်းချက်တွေ ဖတ်ပြီးပြီလား"

"ပြီးပြီလေဟာ"

"ကိုယ့်ဘဝကိုယ်သိစမ်းပါတော်၊ ဖုန်းအခွဲဝယ်ရမယ်၊ ကိစ္စရှိရှိ မရှိရှိ တစ်လကို ၂၅၀၀ ဖိုး အာချောင်ရမယ်တဲ့၊ အဲဒီ ... ၂၅၀၀ က ဆန်လေးပြည်လောက်ရတယ်တော့်"

ကိုပေစိ ဆေးလိပ်ကို အငြိုးဖြင့် ဖွာသည်။ စိတ်ထဲမှာတော့ ဖုန်းနံပါတ်ကို အလွတ်မပေး။ အာဂုံဆောင်ဖို့ လှုံ့လပြုနေ၏။

"ကျုပ်တို့ ... အသိတွေမှာ ဖုန်းကိုင်နိုင်တဲ့လူရှိလို့လား၊ ဘယ်သူက တော့်ကို ဆက်မှာလဲ၊ တော်ကြီးကရော ဘယ်သူ့ကို ဆက်မှာတဲ့လဲ"

မယားပြောတာ မမှား။ ဒါပေမဲ့ မှန်တာတွေပြောတော့ နားထဲမှာ ခါးတားတားကြီး။ ၁၅ သိန်းတန်တုန်းကလည်း စိတ်ကူးမယဉ်ရဲ။ ၅ သိန်း။ ၂ သိန်း ဖုန်းတွေကျပြန်တော့လည်း အနားမကပ်နိုင်။

နောက်ဆုံးဂိတ် ၁၅၀၀ တန်က လေးတောင် ထောင်ထောင် ထောင်ထောင်နဲ့ မကိုင်နိုင်ဘူးဆိုရင်တော့ ဒီဘဝ ဖုန်းကိုင်နိုင်ပါ့မလား။ တွေးရင်းတွေးရင်း ကိုယ့်ဘဝကိုယ် အလိုလို သနားလာမိသည်။ တော်တော်ဆိုးတဲ့ဘဝပါတကား။

"အိမ်လခမပေးနိုင်တာ ကြာပြီ၊ နေ့ပြန်တိုးလည်း သွင်းရဦးမယ်တော့၊ မိုးကကျတော့မှာ ... နောက်"

ဂီလာနမယားပိန်သည် သောကဒုက္ခတွေကို နန်းစတော့ပ်ပုတ်ပြ၏။ ကိုပေစိ ခေါင်းတွေနောက်လာသည်။

သောက၊ ဒုက္ခတွေက တစ်ဟုန်ထိုးစစ်ဆင်လာသည်။ ကိုပေစိ နောက်ဆုံးခံတပ်မှာ မခွာလိုသေး။ ရောက်လာမည့်စစ်ကူကို မျှော်ချင်သေးသည်။

"သမီးလေးရဲ့လစာနဲ့ ... ဖဲ့ဆပ်လို့ရတာပဲကွာ"

မယားပိန်က ပင့်သက်ကို အနေတော်ချသည်။ ပွက်ပွက်ဆူနေသော ထမင်းအိုးနားငေးကာ–

"ရှင့်သမီးအကြောင်း ... ရှင်မသိဘဲကိုး၊ ကိုယ့်ဘဝကိုယ်မသိဘူး၊ အရမ်းကိုလှချင်နေတာ .. ဆံပင်ကောက်တယ်၊ အရောင်အမျိုးမျိုးဆိုးတယ်၊ မျက်နှာပေါင်းတင်တယ်ဆိုလားပဲ၊ အဝတ်အစားတွေ အကြွေးဝယ်တယ်လေ၊ လခမပေးတာကြာပြီ ... တော့်သမီး လင်လိုချင်နေပြီတူပါရဲ့တော်"

သွားပြီ။ နောက်ဆုံး ခံစစ်စည်းရိုးက ကျိုးလေပြီ။ စစ်ကူလည်း မျှော်လို့မရတော့။ ကိုပေစိ ဖုတ်ဖက်ခါထသည်။ ပုဆိုးပြင်ဝတ်သည်။ အပြင်ထွက်ရန် ခြေလှမ်းပြင်သည်။

စက်ရုံမှ အကောင်ဗလောင်ကြီး ဦးကျော်ဝင်းမောင်ရဲ့မျက်နှာကို မြင်ယောင်မိသည်။

\+ + +

ကြိုက်တဲ့ဆိုင်မှာ ရွှေမိရဲ့အလှကို မိတ္တူဆွဲကြည့်လိုက်ပါ။ မူရင်းကောင်းပြီးသားဆိုတော့ စွတ်ရွတ်ကိုလှနေတော့တာ။ ရှော့တော့ရှိတာပေါ့။ စာမတတ်၊ အတတ်ပညာကျွမ်းကျင်မှုမရှိတဲ့ ရွှေမိဟာ သူလို ငါလို အလုပ်လုပ်ရတာ။

ဒါကြောင့် ရတဲ့လစာဟာ ရွှေမိရဲ့ ဆန္ဒတွေကို အရောင်မတောက်စေခဲ့ပါဘူး။ လှတဲ့ရွှေမိဟာ သူများတွေဝတ်တာ စားတာမြင်တော့ အားကျတာ သဘာဝကျပါတယ်။

ရွှေမိ အလုပ်မှာ ပျော်ပါတယ်။ လွတ်လပ်တာကိုး။ နေ့ညဆိုတာ မရှိတော့ဘူး။ ဆန့်ကျင်ဘက် ဖိုနဲ့မ ဒိုးတူဘောင်ဘက် အတူတူ အလုပ်လုပ်ရတာဆိုတော့ ရှက်ကြောက်ဖို့ အချိန်မရှိတော့ဘူး။

မိဘအုပ်ထိန်းမှုနဲ့ ဝေးသထက်ဝေးလာတယ်။ အိုတီ(အချိန်ပို)နဲ့ ကိုင်ပေါက်လိုက်ရင် ပွဲကပြီးပြီ။ စာမသင်ခဲ့ရ၍ စဉ်းစားတွေးခေါ်မှု အားနည်းခဲ့ရသော ရွှေမိ။ အလှအပမက်လွန်းသော ရွှေမိ။

"ကိုယ်ကျင့်တရား"ဆိုသော စာသားကို စာမတတ်သူပီပီ ဖတ်မှ မဖတ်တတ်တာ။

\+ + +

တနင်္ဂနွေနေ့။

အလုပ်ပိတ်ရက်။ ရွှေမိအတွက်တော့ ပိတ်ရက်မဟုတ်ဘူး။ ပိတ်ရက်မှာ အလုပ်ဆင်းရလို့ စိတ်ပျက်နေမယ်ထင်လား။ အဝေးကြီး။ တစ်ယောက်သောသူနဲ့ အိုတီ(အချိန်ပို)ရှိတယ်လေ။

ရင်ခုန်သံတွေ ဖိုးသိုးဖတ်သတ်နဲ့ လွှတ်ပြီး ပျော်နေတာ။ မနက်ချမ်းချမ်းကြီးမှာ ရေထချိုး။ ခါးခါးလူးပြီး ရုပ်ကို ကျည်ထိုးမောင်းတင်ပြီးသွားပြီ။ တိုက်ပွဲ



www.burmeseclassic.com

ဝင်ရန်အသင့်။

"ဘယ်လဲသမီးလေး"

အလုပ်မှပြန်လာသော ဖခင်နှင့် ပက်ပင်းတိုးတာ။ ရွှေမိရဲ့ခန္ဓာကိုယ်လေး ဆတ်ကနဲတုန်သွားတယ်။ ဖခင်ရဲ့ မျက်နှာကို မကြည့်ရဲ။ မျက်လွှာလေးကို ချကာ–

"အို ... အိုတီ"

အသံတွေတုန်လို့၊

"သမီးတို့စက်ရုံက ... လွန်တာပေါ့ကွယ်၊ သူများစက်ရုံတွေပိတ်တယ်"



"ဩော် .. အော်ဒါရှိလို့ အဖေရဲ့"

အော်ဒါဆိုပဲ။ ပြတ်ကရော။

"သမီးလေးပင်ပန်းတာ ... မကြည့်ရက်လို့ပါကွယ်"

မိဘမေတ္တာဆိုတာ ကားမှတ်တိုင် မဟုတ်ပါဘူး။ သားသမီးတွေအပေါ် ထားတဲ့ ချစ်ခြင်းတရားပါ။ ဆင်းရဲ ချမ်းသာပဲကွာမယ်။ အလုံးအရပ်ကတော့ တစ်မတ်သားတောင် မကွာပါဘူး။ ဒါပေမဲ့–

အဲဒီမှာပဲပေါ့။

"ကျလိ ... ကျလိ .. ကျလိ"

ငှက်ကလေးတွေက တီတီတာတာ အော်တယ်။ ရွှေမိရဲ့အိတ်ထဲက ပေါက်ပေါက်ရှာရှာ ဘယ်သူက ငှက်မွေးမှာလဲ။ ဖုန်းတွန်သံပါ။ ရွှေမိ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတယ်။ ဖုန်းကို ဖွင့်ကြည့်တယ်။

"ဟင်"

ရွှေမိရဲ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားတယ်။ ဘတ်ကနဲပြန်ပိတ်ကာ အိတ်ထဲကို ထည့်သည်။ ဖခင် ကိုပေစိက–

"ဖုန်း .."

"သ .. သမီး ကောက် ကောက်ရတာ"

မလိမ်တတ်ဘဲ ညာတတ်လေပြီ။ ဖုန်းပျောက်တဲ့ပိုင်ရှင်က သက်ဆိုင်ရာကို အကြောင်းကြားပြီး ပိတ်လို့ရတယ်ဆိုတာကို ရွှေမိ မသိဘူး။ ဖခင်ကိုပေစိကလည်း ယုံဖြစ်အောင်ယုံတာ။ သူမှ ဖုန်းမကိုင်ဘူးတာ။

"ဖုန်းနံပါတ် ဘယ်လောက်လဲ သမီး"

ရွှေမိရဲ့ပါးစပ်ကို ဘယ်သူသော့ခတ်သွားတာလဲ။ အသံမထွက်။

"အရေးအကြောင်းဆိုဆက်လို့ရတာပေါ့ ... ပြောလေ"

ရွှေမိ မျက်လုံးကို စုံမှိတ်လိုက်ပြီး–

"............"

"ဘာ"

အလွတ်ရနေသော ဖုန်းနံပါတ်။ သူရောင်းလိုက်တဲ့ ဖုန်းနံပါတ်။ ကိုပေစိ ခါထွက်သွားတယ်။ ဘာမှမမြင်တော့–

"ခွေးမ"

"ကဲဟာ"

"ဖြောင်း"

"အမလေး"

အားပါသောရိုက်ချက်ကြောင့် ရွှေမိ ခွေကျသွားသည်။ ထရံတွင် ထိုးထားသော ဓားမြှောင်ကိုဆွဲယူကာ ကိုပေစိသည် သွေးရူးသွေးတန်းဖြင့်–

"လူယုတ်မာ အရှင်မထားဘူး"

ဟု ကြိမ်းဝါးရင်း ပြေးထွက်သွားလေတော့၏။ ရွှေမိသည် လဲကျနေရာမှ လူးလဲထကာ အလွတ်ရနေသောဖုန်းနံပါတ်တစ်ခုကို အားကိုးတကြီးကောက်နှိပ်သည်။

သို့သော်

"လူကြီးမင်းခေါ်ဆိုသော ဖုန်းသည် ဆက်သွယ်မှုဧရိယာပြင်ပရောက်ရှိနေပါသဖြင့် ..."

လူရှိန်အောင်



www.burmeseclassic.com